www.burmeseclassic.com



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၁၂၃၉/၂၀၀၄(၁၀)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၁၂၂၆၀၅၁၀]
*
ပုံနှိပ်ခြင်း
ပထမအကြိမ် – ချင်းတွင်းစာအုပ်တိုက် [၁၉၈၄၊ မတ်လ]
ဒုတိယအကြိမ် – ဖူးပွင့်ဝေဝေစာအုပ်တိုက် [၂၀၀၅၊ စက်တင်ဘာ]
•
အုပ်ရေ
(၁၀၀၀)
•
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ
ဒေါ်ခင်အေးမြင့်(၀၅၉၀၁)၊ရာပြည့်အော့ဖ်စက်
၁၉၉၊ လမ်း၅၀ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
•
ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ (၀၃၈၁၁)
အမှတ် ၃၈၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
•
အတွင်းဖလင်
အေဇက်
•
မျက်နှာဖုံးပန်းချီ
လင်းဝဏ္ဏ
•
တန်ဖိုး
၁၂၀၀ ကျပ်

# မာတိကာ

– မြန်မာပြန်သူ၏ အမှာ ၁၅
၁။ လက်နှစ်ဖက်ပြတ် အလွတ်စုံထောက် ၂၀
၂။ မာလွန်ဘရန်ဒို၏သား ပြန်ပေးဆွဲမှု ၅၀
၃။ ဂျေအားမီးက ရဲရဲကြီး အာမခံတယ် ၈၁
၄။ လည်လိမ်အချိုးခံခဲ့ရသော အမျိုးသမီးဟာစ်ဦး ၉၉
၅။ လက်ကောက်ဝတ်ထဲက လျှို့ဝှက်လက်နက် ၁၃၃
၆။ အိမ်ပြေးမကလေး ကေသီ ၁၅၆
၇။ သေနတ်တစ်လက်၊ ဓာတ်လမ်းတစ်ပုဒ် ၁၈၁
၈။ အိမ်နောက်ဖေးမှ တိရစ္ဆာန်ဥယျာဉ် ၂၀၉
၉။ တရုတ်မလေး လင်ဒါနှင့် ချက်လက်မှတ်ဖူးစာ ၂၂၉
၁၀။ သူတို့ ကျွန်တော့်ကို အခုပဲ သတ်ကြတော့မယ် ၂၅၀
၁၁။ သေဘေးမှ တစ်လက်မ၏ ၄ပုံ ၃ပုံ ကပ်လွဲခဲ့ရသူ ၂၆၇
၁၂။ ပြိုင်ကားတစ်စီးနှင့် လူငယ်တစ်ယောက် ၂၈၅
၁၃။ "စိန်ကုန်သည်"ဘဝ ရောက်ခဲ့စဉ်က ၂၉၈

www.burmeseclassic.com


www.burmeseclassic.com



ဂျေအားမီးကိုယ်တိုင် ပုံစံ ရေးဆွဲ ဆောက်လုပ်ထားသော
အိမ်နောက်ဖေးမှ ရေတံခွန်။



ကမ္ဘာကျော် ရုပ်ရှင်မင်းသား မာလွန်ဘရန်ဒို၏သားပြန်ပေးဆွဲမှုတွင် တရားခံများကို
လက်ရဖမ်းဆီးခဲ့သော ဂျေအားမီးအား မင်းသားကြီးက လက်ဆွဲနှုတ်ဆက်နေစဉ်။



လက်နှစ်ဖက်ပြတ် အလွှတ်စုံထောက် ဂျေအားမီး၏
ခမ်းနားကြီးကျယ်သော နေအိမ်။



သံအိတ်ကြီးကို သံကြိုးမဲကြိုး ထိုး၍ လေ့ကျင့်နေသော လက်နှစ်ဖက်ပြတ်
အလွှတ်စုံထောက် ဂျေအားမီး။

www.burmeseclassic.com


www.burmeseclassic.com



ဂျေအားမီးသည် လက်နှစ်ဖက်စလုံး ပြတ်နေသော်လည်း သံချိတ်ကြီးများ
တပ်ထားသည့် လက်အတုများဖြင့် မော်တော်ကားများကို
ကျင်လည်စွာ မောင်းနှင်နိုင်၏။



ဂျေအားမီး၏ အိမ်နောက်ဖေးမှ တိရစ္ဆာန်ဥယျာဉ်တွင် တွေ့မြင်ကြရသော
မြင်းကျားတစ်ကောင်။




သံနှိပ်ကြီးများ တပ်ထားသည့် လက်ကောက်ဝတ်တွင် လျှို့ဝှက်
တပ်ဆင်ထားသည့် ဒသမ ၂၂ သေနတ်ကလေး
(ပြောင်းဝ အပေါက်ကလေးကို မြင်နိုင်သည်)။



တစ်ရပ်တစ်ကျေး ခရီးဝေးမှ မှခင်းများကို လိုက်လံ စုံစမ်းရာ၌
ဂျေအားမီးကိုယ်တိုင် မောင်းနှင် အသုံးပြုသည့် ရဟတ်ယာဉ်ကို
ဤသို့ တွေ့ရစဉ်။

www.burmeseclassic.com

www.burmeseclassic.com




လက်နှစ်ဖက်ပြတ် အလှတ်စုံထောက် ဂျေအားမီးသည် နေ့စဉ်
တစ်နေ့လျှင် တစ်နာရီတိတိ ဤသို့ သေနတ်ပစ် လေ့ကျင့်ခဲ့၏။



သေနတ်ပစ် လေ့ကျင့်သည့် ခန်းမကြီးထဲတွင် ချိန်သား
ကိုက် မကိုက် ပစ်ကွင်းများကို စစ်ဆေး ကြည့်ရှုနေသော ဂျေအားမီး။

BURMESE CLASSIC .com



ကရာတေးဝတ်စုံဖြင့် နေ့စဉ် အကြိမ်ပေါင်း ၁၀၀၀ တိတိ
နိုင်ဗင်ထိုး လေ့ကျင့်နေသော လက်နှစ်ဖက်ပြတ် အလှတ်စုံထောက်။



ဂျေအားမီး၏ ဇနီးချောကလေး လင်ဒါနှင့် သူတို့အိမ်တွင် မွေးထားသော
အမေရိကန် ခြသေ့်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



" လက်နှစ်ဖက်ပြတ် အလွှတ်ရုံတော် " ဂျေအားမီးသည်
သူ့ စုစည်း တောက်လှမ်းခဲ့သည့် အမှုများနှင့် ပတ်သက်သော လက်နက်များကို
ကြည့်ရှု လေ့လာနေစဉ်။



ကိုယ်ပိုင်ဝတ်စုံပေါင်း ခုနှစ်ရာကျော် အနက်မှ တစ်နေ့တာ ဝတ်ဆင်ရန် စိတ်ကြိုက်
ရွေးချယ်နေသော အလွှတ်ရုံတော် ဂျေအားမီး။

www.burmeseclassic.com

www.burmeseclassic.com



မှုခင်းများကို ထောက်လှမ်းရာ၌ ဂျေအားမီးသည် သူ၏ ဗီမ်ခံကားကြီး နောက်ပိုင်းမှနေ၍ အဖွဲ့ဝင် စုံထောက်များအား လိုအပ်သည်များကို ဤသို့ ညွှန်ကြားလေ့ရှိ၏။



ဟိုတယ် ဧည့်ခန်းဆောင် တစ်ခု ပမာ ပြင်ဆင် မွမ်းမံထားသော ဂျေအားမီး၏ အိမ်မှ ဧည့်ခန်းဆောင်။

## မြန်မာပြန်သူ၏အမှာ

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီးများတွင် ရုံတင်ပြသသွားခဲ့သော The New One armed Sword man အမည်ရှိ "လက်တစ်ဖက်ပြတ် ဓားသမား" ရုပ်ရှင်ဇာတ်ကားကို ကောင်းစွာ မှတ်မိကြပါလိမ့်မည်။ ယင်းဇာတ်ကားမှာ ဇာတ်လမ်းဇာတ်ကွက် အချိတ်အဆက်ကောင်းမွန်၍၊ ရိုက်ကွင်းရိုက်ကွက် ခမ်းနားဆန်းပြားလှသည့်ပြင် Action ခေါ် လှုပ်ရှားမှုကို အထူးအသားပေး ရိုက်ကူးထားသည့်အလျောက် ရုပ်ရှင်ဝါသနာအိုးများ၏ ကျိတ်ကျိတ်တိုး အားပေးခြင်းခံရ၍ ဝင်ငွေ သောက်သောက်လဲ ရရှိသည့်မှာ လူတိုင်းအသိပင် ဖြစ်ပါသည်။

သို့သော် ထိုဇာတ်ကားမှာ ထိုမျှလောက် အောင်မြင်ကျော်ကြား၍ ဝင်ငွေအမြောက်အမြား ရရှိခဲ့သော်လည်း ဂန္ထဝင်မြောက် ရုပ်ရှင်ကားတစ်ကား မဟုတ်ဘဲ၊ ယုတ်မာ့ တန် ဒုဋ္ဌာရီဆန်သည့် အများကြိုက် ရုပ်ရှင်ကားတစ်ကားသာ ဖြစ်သည်ဟူ၍ ရုပ်ရှင်အကဲဖြတ်သမားများနှင့် အဆင့်အတန်းမြင့်သော ရုပ်ရှင်ကြည့်ပရိသတ်များက ဝေဖန်ခဲ့ကြပါသည်။ အထူးသဖြင့် ရဒ္ဒရသခေါ် ရက်စက်ကြမ်းကြုတ်မှုများနှင့် ယုတ္တိမဲ့၍ မဖြစ်နိုင်သည့် ပြကွက်များကို အသားပေးကာ ကင်မရာလှည့်စားမှုများဖြင့် ပရိသတ်အား ဖမ်းစားဆွဲဆောင်သည့် ဇာတ်ကားဟူ၍ ဆိုကြပါသည်။ သို့ဆိုရလောက်အောင်လည်း ယင်းဇာတ်ကားထဲတွင် လူ့ခန္ဓာကိုယ်ကို အပိုင်းပိုင်းပြတ်အောင် ခုတ်ထစ်သတ်ဖြတ်သည့် ရက်စက်လွန်းလှသော ပြကွင်း ပြကွက်များ၊ လက်တစ်ဖက်ပြတ်နေသည့် ဇာတ်လိုက်က ရန်သူတပ်သား တစ်ရာနှစ်ရာခန့်ကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲတစ်ပွဲတည်း တစ်နေရာတည်းတွင် မားတစ်လက်တည်းဖြင့် တစ်ယောက်မကျန် အတုံးအရုံး ကျဆုံးအောင် ထိုးခုတ်သုတ်သင်သည့် မားရေးပြခန်းများမှာ လုံးဝယုတ္တိမရှိဘဲ ဖြစ်နေပါသည်။

မှန်ပါသည်။ အဆိုပါ ရုပ်ရှင်ကားထဲမှ "လက်တစ်ဖက်ပြတ် မားသမား"မှာ အမှန်တကယ် ရှိခဲ့သည်မဟုတ်ဘဲ၊ ယောင်ကောင် "ရှောဘရားသား"ကုမ္ပဏီမှ ဇာတ်ညွှန်းရေးဆရာများနှင့် ဒါရိုက်တာများက ဖန်တီးရိုက်ကူးတင်ဆက်လိုက်သည့် တရုတ်ရှေးဟောင်းဒဏ္ဍာရီပုံပြင်ထဲမှ သူရဲကောင်းတစ်ဦး၏ စိတ်ကူးယဉ် ဇာတ်လမ်းဇာတ်ကွက်များသာ ဖြစ်ပါသည်။

သို့သော် ယခု ချစ်စွာသော စာဖတ်သူ၏လက်ထဲသို့ ရောက်ရှိနေသည့် "လက်နှစ်ဖက်ပြတ် အလွှတ်စုံထောက်"မှာ ဒဏ္ဍာရီပုံပြင်ထဲမှ ဇာတ်လိုက် ဇာတ်ကောင်တစ်ဦး မဟုတ်ဘဲ၊ ယခု မျက်မှောက်ခေတ် ၂၀ ရာစုတွင် ယနေ့တိုင်အောင် အသက်ထင်ရှား ရှိနေသေးသော Jay J. Armes အမည်ရှိ အလွှတ်စုံထောက် (Investigator) တစ်ဦး၏ တကယ့်ဖြစ်ရပ်၊ တကယ့်ထုပ္ပတ်၊ တကယ့်ဇာတ်လမ်းပင် ဖြစ်ပါသည်။

ဤတွင် "လက်နှစ်ဖက်ပြတ် အလွှတ်စုံထောက်"အမည်ရှိသော ဤမြန်မာပြန်စာအုပ် ဖြစ်ပေါ်လာပုံကို အကျဉ်းချုပ်ရှင်းလင်း၍ ဖော်ပြပါရစေ။

ကျွန်တော်သည် ၁၉၈၂ ခုနှင့် ၈၃ ခုနှစ်ဆန်းစက ယာယီခရီး အလွန်များခဲ့ပါသည်။ ထိုရက်ပိုင်း လပိုင်းများအတွင်းက "စုံထောက်ဆရာဝန်(၁) နှင့် (၂)" စာအုပ်များ ရေးသားပြုစုရန် (သိန္နီ၊ ကွတ်ခိုင်မြို့များအပါအဝင်) လားရှိုးမြို့သို့လည်း သွားရောက်ခဲ့ပါသည်။ တစ်ဖန် ၈၂ ခု စာဆိုတော်အထိမ်းအမှတ် စာပေဟောပြောပွဲများအတွက် မြန်မာနိုင်ငံမြောက်ပိုင်း၊ ကသာ၊ အင်းတော်၊ ကောလင်း၊ ပင်လည်ဘူး စသော မြို့များနှင့် မြန်မာနိုင်ငံတောင်ဘက် အစွန်အဖျားမှ ကော့သောင်းမြို့သို့လည်း ကြွတောင့်ကြွခဲ ရောက်ခဲ့ပါသေးသည်။ ဤမျှ ခရီးယာယီများလှသည့်အကြားမှ ၈၂ ခု၊ ဩဂုတ်





အတွင်းက မန္တလေးသို့ တကူးတကန့် သွားရောက်၍ ခင်မင်လေးစားအပ်သော လူထုဦးလှ၏ ဈာပနကို လိုက်ပါ ပို့ဆောင်ခဲ့သည့်ပြင် မရောက်တာကြာပြီဖြစ်သော ကျိုက်ထီးရိုးဘုရားရင်ပြင်ပေါ်သို့ ဒီဇင်ဘာလအတွင်း အပြေးအလွှားတက်ဖြစ်အောင် တက်လိုက်ပါသေးသည်။

မြန်မာနိုင်ငံတနံတလျား ထိုရွေ့ထိုမျှ ခရီးယာယီများခဲ့သော ကျွန်တော်သည် မှတ်မှတ်ရရ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ရုတ်တရက် မမျှော်လင့်ဘဲ အိပ်ရာထဲတွင် ဘုံးဘုံးလဲပါလေတော့သည်။ ထိုစဉ်က ကျွန်တော့်တွင် စွဲကပ်ခဲ့သောဝေဒနာမှာ နှလုံးရောဂါ၊ အသည်းရောင်ရောဂါစသော ဝေဒနာများလည်းမဟုတ်၊ ကိုယ်ပူရှိန်တက်သည့် ငှက်ဖျားရောဂါ၊ အူရောင်ငန်းဖျားရောဂါများလည်းမဟုတ်ဘဲ ခြေဆစ်လက်ဆစ်များ ကိုက်ခဲနာကျင်သည့် Gout ရောဂါ(လေးဘက်နာ)ပင် ဖြစ်ပါသည်။ ဤရောဂါကြောင့် ကျွန်တော့်မှာ အစားမပျက်၊ အအိပ်မပျက်သော်လည်း၊ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်၊ တံတောင်ဆစ်များ ကိုက်ခဲနာကျင်ကာ အိပ်ရာထဲမှ နှစ်လကျော် သုံးလနီးပါးမျှ မထနိုင်ဘဲ ဖြစ်ခဲ့ရပါသည်။

ထိုသို့အိပ်ရာထဲတွင် လဲလျောင်းကာ ရက်ပေါင်း ၉၀ နီးပါးမျှ မထနိုင်ဘဲ အလူးအလဲ ဝေဒနာခံစားနေရခိုက် "အဆိုးထဲမှအကောင်း" "အရှုံးထဲမှ အမြတ်" ဆိုသည့် စကားပမာ ကျွန်တော်သည် အိပ်ချိန်စားချိန် မှအပ ကျန်အချိန်အားလုံးတွင် နေ့ရောညပါ စာအုပ်နှင့်မျက်နှာမပြတ်ဘဲ လက်လှမ်းမီသမျှ စာအုပ်သစ် စာအုပ်ဟောင်းများကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေခဲ့ရပါသည်။ ဤတွင် ကျွန်တော့်အတွက် အရှည်လျားဆုံးဖြစ်သော ထိုရက်များ (Those Longest Days) အတွင်းက မြန်မာစာအုပ်ပေါင်း ၄၀ ခန့်နှင့် အင်္ဂလိပ်စာအုပ်ပေါင်း ၁၅ အုပ်ခန့်မျှ ဖတ်ခဲ့ရသည့်အနက် Jay J. Armes, Investigator အမည်ရှိ "လက်နှစ်ဖက်ပြတ် အလွှတ်စုံထောက် ဂျေအားမ်း"၏ အတ္ထုပ္ပတ္တိစာအုပ်သည် အခြေအနေအရ ကျွန်တော့်အတွက် စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဖွယ်ရာ အကောင်းဆုံးစာအုပ် ဖြစ်ခဲ့ပါသည်။ အခြေအနေအရ ဆိုရာ၌ အထူးသဖြင့် ခြေထောက်နှစ်ဖက်စလုံး ရှိနေပါလျက် မတ်တတ်မရပ်နိုင်၊ လမ်းမလျှောက်နိုင်၊ လက်နှစ်ဖက်စလုံး ရှိနေပါလျက် မကွေးနိုင် မဆန့်နိုင်၊ ကိုယ့်မျက်နှာကိုပင် ကိုယ်'မသစ်'နိုင်လောက်အောင် ဆိုးဝါးပြင်း ထန်လှသည့် လေးဘက်နာ Goutရောဂါဒဏ်ကို အလူးအလဲ ခံစားနေရသော "နာတာ ရှည်လူမမာ" ကျွန်တော့်အတွက် လက်နှစ်ဖက်စလုံး လက်ကောက်ဝတ် မှစ၍ တုံးတိကြီး ပြတ်နေပါလျက် ဂျူဒို၊ ကာရာတေးကစား၊ သေနတ်ပစ်ပြီး ရဟတ်ယာဉ်နှင့် မော်တော်ကားများကို မောင်းကာ သွားလာလှုပ်ရှား၍ လူဆိုးသူခိုးများကို စုံစမ်းထောက်လှမ်း ဖမ်းဆီးခဲ့သော အလွှတ်စုံထောက် ဂျေအားမီး၏ ဘဝအတ္ထုပ္ပတ္တိစာအုပ်မှာ တကယ့်အား ဆေးကြီးတစ်ခွက်ပင် ဖြစ်ခဲ့ရပါသည်။

သို့ဖြင့် ၈၃ ခု ဧပြီလကုန် မေလဆန်းတွင် ရောဂါသက်သာစ ပြုလာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် တောင်ကြီး၊ ရွှေညောင်၊ အင်းလေး ဒေသတစ်ဝိုက်သို့ တစ်လခွဲခန့် သွားရောက်၍ အနားယူ၊ အားယူရင်း ဤစာအုပ်ကို အချိန်ယူ၍ အေးအေးဆေးဆေး မြန်မာပြန်ခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်နှင့်ပတ်သက်၍ အစီရင်ခံလိုသည့် အချက်တစ်ချက်မှာ မူရင်းစာအုပ်ကို "ဖရက်ဒ်ရစ်နိုလန်"ဆိုသူက ရေးသားပြုစုခဲ့ခြင်းဖြစ်ရာ၊ အခန်းတိုင်း အခန်းတိုင်းတွင် 'စကားပြေ'ဖြင့် ပဏာမသဖွယ် နိဒါန်းသွယ် ထားသော စာပိုဒ်များမှာ မူရင်းစာရေးဆရာ နိုလန်က ရေးသားခြင်းဖြစ်၍ 'စကားပြော'ဖြင့် ရေးသားထားသည့် စာပိုဒ်များမှာ ကာယကံရှင် လက်နှစ်ဖက်ပြတ် အလွှတ်စုံထောက် ဂျေအားမီး၏ အာဘော်များဖြစ်ကြောင်း ချစ်ခင်သော စာဖတ်သူများအား ကြိုတင်အသိပေးထားလိုပါသည်။ သို့မှသာ စကားပြေနှင့် စကားပြော နှစ်ထွေရောနေသော ဤစာအုပ်၏ ထူးခြားသောရေးဟန်ကို သဘောပေါက်မည် ဖြစ်ပါသည်။





နိဂုံးချုပ်အားဖြင့် ဤစာအုပ်ကို ရှမ်းပြည်တောင်ပိုင်းသို့ သွားရောက် ရေးသားခဲ့စဉ်က အဘက်ဘက်မှ အစစအရာရာ လိုအပ်သမျှ ကူညီစောင့် ရှောက်ခဲ့ကြသော ရွှေညောင် အောင်သပြေစခန်း၊ ၂၅၂ လျှပ်စစ်တပ်ဖွဲ့အလုပ် ရုံမှ ဗိုလ်မှူးကျော်ဝင်း၊ ဒေါ်စမ်းစမ်းမြင့်နှင့် အရာရှိအရာခံ အကြပ်တပ်သား အားလုံးကို လည်းကောင်း၊ တောင်ကြီးမြို့မှ ဆရာဝွေဥဒေါင်းနှင့်ဇနီး နန်းရွှေ ခင်တို့အား လည်းကောင်း၊ ညောင်ရွှေမှ ဦးအောင်မောင် (ရွှေအင်းလေး)အား လည်းကောင်း၊ အင်းလေး ဟဲယာရွာမမှ ဆရာဦးကံပေါ်နှင့် ဒေါ်သိန်းတင်တို့ အမှူးပြုသော ရွာသူရွာသားများအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

**လင်းယုန်မောင်မောင်**

**၁၄–၈–၈၃**

www.burmeseclassic.com

www.burmeseclassic.com

# လက်နှစ်ဖက်ပြတ် အလွတ်စုံထောက်

အကယ်၍ သင်သည် ကမ္ဘာပေါ်တွင် အတော်ဆုံး အလွတ်စုံထောက် တစ်ဦးကို ရှာရမ်းမည်ဆိုပါက ရှေးဦးစွာ သင်၏စိတ်ထဲတွင်ရှိပြီးဖြစ်သော အလွတ်စုံထောက်များနှင့် ပတ်သက်သည့် အစွဲအလန်းများကို ဖျောက်ဖျက်ပစ်ရမည် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ယခု ကျွန်ုပ်ရေးသားဖော်ပြမည့် ကမ္ဘာကျော် အလွတ်စုံထောက် "ဂျေ၊ ဂျေ အားမီး"သည် ရုပ်မြင်သံကြား ဇာတ်လမ်းများထဲတွင် မိန်းမချော မိန်းမလှကလေးများကို 'တရှုတ်ရှုတ်' နမ်း၍ လူဆိုးများအား သေနတ်ဖြင့် 'တဒိုင်းဒိုင်း' ပစ်ခတ်ဖမ်းဆီးခဲ့ကြသည့် "လောင်းစထရီ၊ မန်းနစ်၊ ကယ်နွန်နှင့် ဟယ်ရီအို"စသော အလွတ်စုံထောက်များနှင့် လုံးဝမတူသောကြောင့်ပင် ဖြစ်သည်။

ထို့ပြင် သင်သည် နိုင်ငံတကာ ဂျက်လေယာဉ် လေကြောင်းကုမ္ပဏီများမှ မကြာခဏ ကြော်ငြာနေကြသည့် ရွှေရောင်တလက်လက် တောက်ပနေသော နေရာဌာနများထဲတွင်လည်း ကျွန်ုပ်တို့ အလွတ်စုံထောက် ဂျေအားမီး၏ ရုံးခန်းဓာတ်ပုံများကို တွေ့ရလိမ့်မည် မဟုတ်ပေ။ ထိုမှတစ်ပါး သူ၏ ရုံးခန်းများသည် နယူးယော့၊ လော့စ်အိန်းဂျလိစ်၊ လန်ဒန်၊ ပါရီနှင့် ရောမ စသော မြို့တော်ကြီးများမှ ရောမထုထည်ကြီးမားသည့် မိုးပျံတိုက်ကြီးများပေါ်တွင် ရောင်ပြန်ဟပ်နေသည့် ပြတင်းပေါက်များ တပ်ဆင်ကာ ထည်ဝါ ခန့်ညားလှသည့် ပရိဘောဂများ ခင်းကျင်းထားပြီး၊ နောက်ဆုံးပေါ် ဖက်ရှင်များနှင့် နောက်ဆုံး ပေါ်ဆင်ယင်ထုံးဖွဲ့မှုများဖြင့် လှချင်တိုင်း လှနေသော အတွင်းရေးမှူးမကလေးများ ဥဒဟိုဝင်ထွက် သွားလာနေကြသည့် ရုံးခန်းများကဲ့သို့ မဟုတ်သည်ကို တွေ့ကြရမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်





ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးဖြစ်သော အလွတ်စုံထောက် ဂျေအားမီးသည် တက္ကဆပ်ပြည်နယ် အယ်လ်ပါဆိုမြို့ကလေးတွင် နေထိုင်၍ အလုပ်လုပ်ကိုင်နေသောကြောင့်ပင်တည်း။

အယ်လ်ပါဆို။ မှန်ပါသည်။ အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ်မှ အယ်လ်ပါဆိုမြို့ကလေးပင် ဖြစ်သည်။ ဤမြို့ကလေးသို့ သင်ကိုယ်တိုင် သွားရောက်၍ ကြည့်စရာ ရှု့စရာကလေးများကို ကြည့်ရှုလေ့လာနိုင်ပါသည်။

၁၈၄၈ ခုနှစ် ပတ်ဝန်းကျင်တစ်ဝိုက်ကမူ ဤမြို့ကလေးသည် "ဖရန်ကလင်"ဟူသော အမည်ဖြင့် ကုန်သည်ရောင်းဝယ်ရေး စခန်းထောက်မြို့ကလေးတစ်မြို့အဖြစ် စတင်ထင်ရှား၍ လူသိများခဲ့သည်။ သို့သော် နောင်အခါ၌ ၎င်းနှင့် အိမ်နီးချင်းဖြစ်သော မက္ကဆီကိုနိုင်ငံ နယ်စပ်ဒေသမှ "အယ်ပါဆိုဒလ်နော်တီ" မြို့၏အမည်ကို အကြောင်းပြု၍၊ ခပ်လွယ်လွယ် အတိုကောက် ခေါ်တတ်ကြသော အမေရိကန်တို့၏ ပါးစပ်ဖျားတွင် ဤမြို့ကလေးကို "အယ်လ်ပါဆို"ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

နယ်စပ်ဒေသဖြစ်သည့်အလျောက် ထိုစဉ်က ဤမြို့ကလေးသည်၊ စီးပွားလမ်းဖြောင့်သလောက် စရိုက်ကြမ်း၍ ဆိုးသွမ်းသည့် မြို့ကလေးဖြစ်ခဲ့သည်။ ၁၈၈၁ ခုနှစ်တွင် မီးရထားလမ်း ပေါက်သွားသောအခါ အယ်လ်ပါဆိုမြို့မှာ လူဆိုး၊ လူမိုက်များကျက်စားသည့် မြို့တစ်မြို့အဖြစ် နာမည်ကြီးနေပြီဖြစ်သည်။ ၁၈၈၂ ခုနှစ်က ဘွက်ပရီဇာတ်ရုံဆောင်မှ လူသွားလမ်းကလေးပေါ်တွင် ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ထားသော မြို့နယ်လုံခြုံရေးမှူး "ဒါးလက်စတောက်ဒင်းဗား" အသတ်ခံခဲ့ရသည်မှာ ဤမြို့ကလေးတွင်ပင်ဖြစ်သည်။ တစ်ဖန် ဤဇာတ်ရုံကလေးနှင့် လမ်းတစ်ဖက် မျက်နှာချင်းဆိုင်နေရာသည် ၁၈၉၅ ခုနှစ်က ဝွန်ဟာဒင်ဆိုသူအား ဂျော်နီဆဲလ်မင်းဆိုသူက လူအများရှေ့တွင် အတိအလင်း ပစ်သတ်ခဲ့သည့် စားသောက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဖြစ်သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စုမှ နာမည်ကျော် ရာဇဝင်လူဆိုးကြီး "ဘစ်လီသည်ကစ်ဒ်" အား သုတ်သင်ခဲ့သည့် "ဘတ်ဂါရက်" သည် ဤအယ်လ်ပါဆိုမြို့တွင် အကောက်ခွန်အရာရှိအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

အယ်လ်ပါဆိုမြို့ကလေးသည် တက္ကဆပ်ပြည်နယ်၏ အနောက်ထောင့်စွန်း၊ နယူးမက္ကဆီကိုပြည်နယ်၊ နယ်နိမိတ်မျဉ်းကြောင်း၏ အလယ်ဗဟိုတွင် တည်ရှိသည်။

ယနေ့ဆိုလျှင် ဤမြို့ကလေးသည် သာမန်နယ်ခြားမြို့တစ်မြို့ဖြစ်ရုံမျှမက တစ်ဖက်နိုင်ငံသို့ အလစ်တွင် ခုန်ကူးရန် အရိုက်ယူသည့် ကွန်းခိုစခန်းတစ်ခု ဖြစ်နေပေသည်။ နာမည်ကျော် ရီအိုဂရန်ဒီမြစ်ကို ဖြတ်ကူးလိုက်သည်နှင့် တစ်ပြိုင်နက် ဂျူအာရက်ဇ်မြို့သို့ ရောက်ရှိသွားမည်ဖြစ်ပြီး၊ ထိုမှလွန်သော် မျက်စိတစ်ဆုံး ကျယ်ပြန့်ရှုမောဖွယ်ကောင်းလှသည့် မက္ကဆီကိုနိုင်ငံကြီးကို တမျှော်တခေါ်ကြီး တွေ့ကြရမည်ဖြစ်သည်။ လွန်ခဲ့သည့် ၁၉၇၄ ခုနှစ် တစ်နှစ်တည်းတွင် အဆိုပါ အယ်လ်ပါဆိုနှင့် ဂျူအာရက်ဇ်မြို့များကို ဖြတ်ကျော်၍ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံများသို့ ဝင်ထွက် ကူးသန်းသွားလာကြသည့် လူပေါင်း ၃၆,၀၀၀,၀၀၀ (သုံးဆယ့်ခြောက်သန်း)ကျော်မျှ ရှိခဲ့သည်ဟု သိရသည်။ သို့ဖြင့် အယ်လ်ပါဆိုမြို့မှ အကောက် ခွန်ဌာနသည် တရားဝင် သွင်းကုန်ထုတ်ကုန်များပေါ်မှ အကောက်ခွန်အဖြစ် ဒေါ်လာသန်းပေါင်း ၅၁၀ (သွင်းကုန်အတွက်)နှင့် ဒေါ်လာသန်းပေါင်း ၄၄၈သန်း (ထုတ်ကုန်အတွက်) စုစုပေါင်း ဒေါ်လာသန်း တစ်ထောင်နီးပါးမျှ အကောက်ခွန် ရရှိခဲ့သည်။

တစ်နှစ်အတွင်း ထိုသို့ လူပေါင်း ၃၆ သန်းကျော်မျှ ဖြတ်သန်းသွားလာနေကြသော အယ်လ်ပါဆိုမြို့ကလေး၏ လူဦးရေမှာ ယခင်က ၃သိန်း ၆သောင်းကျော်မျှသာရှိခဲ့၍ ၁၉၆၀ ပြည့်နှစ်တွင်မှ ၁၆ ဒသမ ၅ ရာခိုင်နှုန်းခန့်





တိုးပွားလာခဲ့သည်ဟု သိရသည်။ သူတို့သည် များသောအားဖြင့် အင်္ဂလိပ်ဘာသာနှင့် စပိန်ဘာသာစကားများကို အသုံးပြုကြသည်။

အမှန်စင်စစ် အယ်လ်ပါဆိုမြို့ကလေးသည် နာမည်ကျော် "ရော့ကီး" တောင်တန်းများအကြား ပင်လယ်ရေပြင်အထက် ပေ ၃၇၀၀ တစ်ဝိုက်တွင် တည်ရှိနေ၍ နေရောင်ခြည် အမြဲရရှိကာ မပူလွန်း မအေးလွန်းဘဲ ရာသီဥတု ကောင်းသာယာ ရှိလှသည်။ မြို့သူမြို့သားများမှာလည်း လွန်စွာ ဧည့်ဝတ်ကျေပွန်ကာ ဖော်ရွေလှသည်။ သို့ပါလျက် များသောအားဖြင့် အမေရိကန်လူမျိုးများသည် နယ်ခြားမြို့ဖြစ်သော ဂျူအာရက်ဇ်မြို့သို့ အကောက်ခွန်မဲ့ပစ္စည်းများ သွားရောက်ဝယ်ယူရန်နှင့် မြင်းပွဲများ၊ နွားရိုင်းသတ်ပွဲများ သွားရောက်ကြည့်ရှုရန်အတွက် အယ်လ်ပါဆိုမြို့ကလေးအား ဖြတ်သွားဖြတ်လာ လုပ်ရုံမျှသာ သဘောထားခဲ့ကြသည်။

သို့သော် ဤမြို့ကလေး၏ ထူးခြားထင်ရှားသည့် အချက်များကို ဖော်ပြရပါမူ ကမ္ဘာကျော် "ဟာစ်လ်တန်ဟိုတယ်" များကို စတင်တည်ထောင်ခဲ့သည့် "ကွန်းရက်ဟာစ်လ်တန်" သည် ဤမြို့တွင် မွေးဖွားခဲ့၍ နာမည်ကျော် "ဖို့တ်ဘလစ်" ခံတပ်သည် ဤမြို့နှင့် မလှမ်းမကမ်းတွင် ရှိနေသည်။ ထို့ပြင် စီးပွားရေးအရ ပြောမည်ဆိုပါက ဤမြို့မှ တစ်နေ့လျှင် ဘိလပ်မြေပေါင်ချိန် ၅ သန်းမျှ ထုတ်လုပ်ခဲ့၍ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀ အတွင်း ထွက်ရှိခဲ့သမျှ ငွေ (သတ္တု)အားလုံး၏ သုံးပုံတစ်ပုံမှာ ဤဒေသမှ တူးဖော်ရရှိခဲ့ခြင်း ဖြစ်သည်။ မြို့နေလူထု၏ အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် လူနေမှုအဆင့်အတန်းများကို ပြောရလျှင် ဤမြို့၌ စပိန်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာတစ်စောင် အပါအဝင် နေ့စဉ်သတင်းစာသုံးစောင် ပုံမှန်ထုတ်ဝေလျက်ရှိပြီး၊ လူသုံးယောက်လျှင် မော်တော်ကားနှစ်စီးနှင့် တယ်လီဖုန်းနှစ်လုံးကျစီ သုံးစွဲတပ်ဆင်နိုင်ကြသည်ကို တွေ့ရသည်။

ထိုထိုသော ထူးခြားထင်ရှားသည့် အချက်အလက်များထက် ပိုမို၍



www.burmeseclassic.com

www.burmeseclassic.com



ဤမြို့ကလေးအတွက် ကမ္ဘာတွင် ထင်ပေါ်ကျော်ကြား လူသိများစရာ ဖြစ်လာခဲ့ရသည်မှာ အခြားကြောင့်မဟုတ်။ အလွတ်စုံထောက် "ဂျေ ဂျေအားမိး" ကြောင့်ပင် ဖြစ်သည်။

ဂျေအားမီးသည် နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်များ၊ သန်းပေါင်းများစွာ ချမ်းသာကြွယ်ဝသည့် သူဌေးကြီးများနှင့် ရောမစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အမှုများကိုလိုက်၍ စုံထောက်ခဲ့ရာ၌ အချို့သော ခက်ခဲနက်နဲသည့် အမှုများအတွက် အမှုလိုက်ခ ဒေါ်လာ ၁၀၀,၀၀၀ (တစ်သိန်း)အထိ တောင်းခဲ့သည်။ ဤသည်ကိုပင် ကာယကံရှင်အမှုသည်များက လိုလိုလားလားဖြင့် ရောရောရှရှပေးခဲ့ရုံမျှမက သည့်ထက်ပို၍ပင်ပေးရန် ဆန္ဒရှိခဲ့ကြသည်။

သူသည် အလွတ်စုံထောက်အဖြစ် လုပ်ကိုင်ရာ၌ အခြားအခြားသော စုံထောက်များနှင့် လုံးဝမတူသည့် အခြေခံမူတစ်ခု ထားရှိခဲ့သည်။ ၎င်းမှာ အခြားမဟုတ်၊ သူလိုက်သည့်အမှု (ဝါ) သူ တာဝန်ယူထားသည့် အလုပ်ကိစ္စကို အဖြူအမည်း ကွဲပြားသည်အထိ ပြီးစီးအောင် အာမခံဖြင့် ဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။

ဂျေအားမီးသည် ထိုသို့အလုပ်လုပ်ရာတွင်သာ အခြားသော စုံထောက်များနှင့် မတူသည် မဟုတ်။ သူ့ နေပုံထိုင်ပုံမှာလည်း အများနှင့်မတူ တစ်မူထူးခြားလျက် ရှိသည်။ သူသည် ယခုအခါ ယာစလက်တာ ဆင်ခြေဖုံးရပ်ကွက်ရှိ သူ မွေးဖွားခဲ့သည့် "နော့သ်လု"လမ်းပေါ်မှ မြေကွက်ကြီးတစ်ခုလုံးတွင် အဆောင်တွဲများပါရှိသည့် တိုက်ကြီးတစ်လုံး ဆောက်လုပ်နေထိုင်လျက် ရှိသည်။ သို့တိုင်အောင် သူသည် အခြားအခြားသော သန်းကြွယ်သူဌေးကြီးများကဲ့သို့ ဤမြေကွက်ကြီးကို "သီးခြားရပ်ကွက်"တစ်ခု ဖြစ်မသွားအောင် လုပ်ဆောင်ထားခဲ့သည်။ ဤမြေကွက်ပေါ်မှာပင် အမြင့်ပေ ၂၀၀ ခန့်ရှိသည့် ရေတံခွန်ကြီးတစ်ခု ဖန်တီးထားခဲ့သည်။ တစ်ဖန် ဤရေ





တံခွန်ကြီးနှင့် လိုက်ဖက်စေရန် သူကိုယ်တိုင် ရှာဖွေစုဆောင်း မွေးမြူထားသည့် တောတွင်းတိရစ္ဆာန်များနှင့်အတူ အာဖရိက ရွာကလေးတစ်ရွာကို တည်ဆောက်ထားခဲ့သည်။

ထို့ပြင် ဂျေအားမီးကိုယ်နှိုက်ကလည်း အဘက်ဘက်မှ ကျွမ်းကျင်တတ်မြောက်၍ စွယ်စုံရပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ သူသည် လက်ဖြောင့်သေနတ်သမားတစ်ဦးဖြစ်၍ ကာရာတေးဆရာတစ်ဦးလည်း ဖြစ်သည်။ ထို့ပြင် ကျွမ်းကျင်သော ရေငုပ်သမားတစ်ယောက်ဖြစ်သလို အလွန်တော်သည့် လေယာဉ်မောင်းသမား တစ်ယောက်လည်း ဖြစ်သည်။ ထို့မျှမက ကားမောင်းရာတွင်လည်း အထူးကျင်လည်၍ လိုသလို မောင်းနိုင်သူတစ်ဦးလည်း ဖြစ်သည်။

ဂျေအားမီးတွင် အလုပ်နှင့်ပတ်သက်၍ အရေးကြီးလျှင် ကြီးသလို အသုံးပြုရန်အတွက် ကိုယ်ပိုင်လေယာဉ် အများအပြားရှိသည့်ပြင်၊ ရှေ့ရောနောက်ပါ ပန်ကာနှစ်ခု တပ်ဆင်ထားသည့် ရဟတ်ယာဉ်တစ်စီးလည်း ရှိသည်။ ထိုရဟတ်ယာဉ်မှာ သူ့အလုပ်နှင့်ကိုက်ညီအောင် သူကိုယ်တိုင် စိတ်တိုင်းကျ ပုံစံရေးဆွဲကာ ဆောက်လုပ်ထားခဲ့သည့် ရဟတ်ယာဉ်ဖြစ်သည်။ ထို့ပြင် အကြောင်းကိစ္စအမျိုးမျိုးဖြင့် လိုလျှင်လိုသလို သုံးနိုင်ရန် မော်တော်ကားများလည်း ဝယ်ယူထားခဲ့ရာ ဒေါ်လာ၃၇,၀၀၀တန် "ရိုးစ်ရွိုက်စ်" ကားကြီးတစ်စီးနှင့် ကျည်ဆံမဖောက်ထွင်းနိုင်သည့် "ကာဒီလက်" ကားနှစ်စီးအပြင် ဂျိမ်းစ်ဘွန်းရုပ်ရှင်ထဲမှ ကားများကဲ့သို့ အီလက်ထရွန်းနစ်ကိရိယာများနှင့် လျှို့ဝှက်ခလုတ်များ အဆန်းတကြယ် တပ်ဆင်ပြုလုပ်ထားသည့် "ကော်ဗက်"အမျိုးအစား ကားတစ်စီးလည်း ပါဝင်သည်။

ဂျေအားမီးသည် သူသွားလေရာသို့ ကာဘိုင်သေနတ် ကိုင်ဆောင်ထားသည့် အိန္ဒိယလူနီကပြား သက်တော်စောင့်တစ်ဦးကို အမြဲခေါ်သွားလေ့ရှိသည်။ သူ့အား ရန်သူလူဆိုးများက အကြိမ်ကြိမ် လုပ်ကြံသတ်ဖြတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခဲ့ကြသော်လည်း ယနေ့အထိမသေဘဲ အသက်ရှင်လျက် ရှိနေခဲ့သည်။ သူကိုယ်တိုင်လည်း သွားလေရာရာတွင် ဒသမ ၃၈ စပယ်ရှယ် ပစ္စတိုသေနတ်အတိုကလေး တစ်လက်ကို ပခုံးစလွယ်သိုင်းဖြင့် ထည့်၍ ယူဆောင်သွားလေ့ ရှိသည်။

နေ့စဉ်နှင့်အမျှ အမြဲတစေ သူ၏နေထိုင်သွားလာ လှုပ်ရှားမှုများမှာ အံ့ဩစရာပင် ဖြစ်သည်။ သူသည် သူကိုယ်တိုင် စိတ်တိုင်းကျ ပုံစံရေးဆွဲ၍ ဆောက်လုပ်ထားသည့် သူ၏ကိုယ်ပိုင်အားကစားရုံထဲတွင် တစ်နေ့လျှင် အနည်းဆုံး တစ်နာရီ ကြာမျှ ကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများ ပြုလုပ်လေ့ရှိသည်။ ထို့နောက် သူနေထိုင်ရာ အဆောက်အအုံ၏အောက်၌ ကွန်ကရစ်များဖြင့် သေသပ်စွာ ဆောက်လုပ်၍ အအေးဓာတ် အမြဲပေးထားသော မြေအောက်သေနတ်ပစ်ကွင်းကြီးထဲတွင် တစ်နာရီတိတိ သေနတ်ပစ်လေ့ကျင့်သည်။ ဤမြေအောက် သေနတ်ပစ်ကွင်းကိုလည်း သူကိုယ်တိုင် စိတ်တိုင်းကျ ပုံစံရေးဆွဲ၍ ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ထို့နောက် သူသည် သူကိုယ်တိုင် ရှာဖွေဝယ်ယူ၍ မွေးမြူစောင့်ရှောက်ထားသော တောရိုင်းတိရစ္ဆာန်များထားရာ လှောင်အိမ်များကို လမ်းလျှောက်ရင်း တစ်ပတ်လှည့်၍ ကြည့်ရှုလေ့ရှိသည်။ ဤတိရစ္ဆာန်များထဲတွင် အာဖရိက ကျားသစ်နက်နှစ်ကောင်နှင့် ဗေ့ာမဆိုက်ဗေးရီးယား ကျားကြီးတစ်ကောင် အပါအဝင် ဖြစ်သည်။

သူ၏အိပ်ချိန်မှာ တစ်နေ့လျှင် အများဆုံး ၄ နာရီသာလျှင် ရှိသည်။ သို့တိုင်အောင် ရံဖန်ရံခါ အလုပ်တာဝန် အရေးတကြီး အပူတပြင်း ဆောင်ရွက်စရာရှိသည့်နေ့များတွင် တစ်နေ့လုံး တစ်မှေးမျှမအိပ်ဘဲ နေလေ့ရှိသည်။ အစားအသောက်တွင်လည်း ဇီဇာမကြောင်ဘဲ အဆင်ပြေသလို စားသောက်တတ်သည်။ သို့သော် အရက်နှင့်ဆေးလိပ်ကိုမူ လုံးဝမသောက်ဟု သိရသည်။ (ကော်ဖီ၊ လက်ဖက်ရည်များပင် သောက်လေ့မရှိ)။ သို့သော် အခြားသူများ





ဆေးလိပ်နှင့် အရက်သောက်သည်ကိုမူ တစ်စုံတစ်ရာ ဝေဖန်ကန့်ကွက်ခြင်း မရှိဘဲ နေခဲ့သည်။

ဂျေအားမီးသည် အလွှတ်စုံထောက်အဖြစ် နိုင်ငံတကာသို့ မကြာခဏ လှည့်လည် သွားလာနေရသော်လည်း၊ ဤမျှ မအားမလပ်သည့်ကြားထဲမှာပင် "အလွှတ်စုံထောက်ပညာ စာပေးစာယူသင်တန်း"ကို ဖွင့်ဖြစ်အောင် ဖွင့်လိုက်သေးသည်။ အဆိုပါ အလွှတ်စုံထောက်ပညာ စာပေးစာယူသင်တန်းတွင် ကျောင်းသားအမြောက်အမြား သင်ကြားလျက်ရှိရာ၊ သင်ခန်းစာပို့ချချက်များကို သူကိုယ်တိုင်ပင် ဂရုတစိုက် ရေးသားပို့ချလေ့ ရှိသည်။

ဘာသာရေးနှင့်စပ်လျဉ်း၍လည်း ဂျေအားမီးသည် အယ်လ်ပါဆိုမြို့မှ "နှစ်ခြင်းခရစ်ယာန်"ဘုရားရှိခိုးကျောင်းသို့ ပုံမှန်သွားရောက် ဝတ်ပြုလေ့ရှိသည့်ပြင်၊ အရေအတွက်အားဖြင့် မည်၍ မည်မျှဟု အတိအကျ မသိနိုင်သော သူ၏ ဝင်ငွေထဲမှ ဆယ်ပုံတစ်ပုံကို ဘုရားရှိခိုးကျောင်းအတွက် အမြဲတမ်း လှူဒါန်းလျက် ရှိသည်။ ဤမျှလောက် ကိုယ်ရေးကိုယ်တာနှင့် အလုပ်တာဝန်များ ပိနေသည့်ထဲမှ သူသည် သူ့ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိကို ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ခဲ့သည့်ပြင် အချို့သော ရုပ်မြင်သံကြား မှုခင်းဓာတ်လမ်းများတွင် သူကိုယ်တိုင် ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သေးသည်။

ဂျေအားမီးသည် ပြောပလောက်အောင် အရုပ်ရှည်သူတစ်ဦး မဟုတ်သော်လည်း ပခုံးကျယ်ကျယ်ဖြင့် ခန္ဓာကိုယ် တုတ်ခိုင်ကြီးမားသူတစ်ဦးဖြစ်၍ လမ်းလျှောက်ရာတွင်လည်း အလယ်တန်း လက်ဝှေ့သမားတစ်ယောက်ပမာ ပေါ့ပါးဖျတ်လတ်သူ ဖြစ်သည်။ သူ့မျက်နှာမှာ အမြဲလိုလို ပြုံးနေတတ်ပြီး၊ သူ့အသံမှာလည်း အများနှင့်မတူ တစ်မူထူးခြား၍ သိမ်မွေ့ပျော့ပျောင်းလှသည်။ အမူအရာအားဖြင့်လည်း ယဉ်ကျေးသိမ်မွေ့သူတစ်ဦးဖြစ်၍ ပုံကျတျဖြင့် နက်မှောင်ရှည် လျားလှသော သူ့ဆံပင်များသည် နားရွက် နှစ်ဖက်စလုံးကို ဖုံးအုပ်လျက် ရှိသည်။ သို့သော် အပြင်ပန်းအားဖြင့်ဆိုလျှင် သူ၏



www.burmeseclassic.com

www.burmeseclassic.com



ပုံပန်းသဏ္ဌာန်သည် လောလောဆယ် သူ့ရုံးခန်းထဲတွင် ချိတ်ဆွဲထားသည့် ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင် မင်းသားကြီး မာလွန်ဘရန်ဒိုနှင့် တွဲရိုက်ထားသော ဓာတ်ပုံထဲမှ ရုပ်လက္ခဏာနှင့်မတူဘဲ ဖြစ်နေသည်ကို တွေ့ကြရသည်။ တစ်ဖန် သူ့ရုံးခန်းများ၏ အပြင်ဘက်တွင် ထုလုပ်ထားရှိသည့် သူ၏ပုံတူရုပ်တုနှင့်လည်း သိပ်မတူဘဲ ဖြစ်နေသည်။ သို့သော် သူတို့ "သုံးဦးစလုံး" မှာ ဂျေအားမီးအစစ်များပင် ဖြစ်ကြသည်။ ယင်းသို့ ကာလဒေသအလိုက် ရုပ်ရည်သွင်ပြင်လက္ခဏာများ ပြောင်းလဲနေသည်မှာ သူ၏ဆန္ဒပင်းယှာဂကြောင့်သာလျှင် ဖြစ်သည်။

သူသည် ပခုံးချုပ်ရိုးကျကျဖြင့် လက်ခေါက်ထားသော ပေါ့ပေါ့ပါးပါး အဝတ်အစားများကို ဝတ်လေ့ရှိသည်။ ကုတ်အင်္ကျီနှင့် ဘောင်းဘီဝတ်စုံများမှာ များသောအားဖြင့် ကာကီရောင် ခပ်ဖျော့ဖျော့များသာဖြစ်၍ အကွက်အဆင် အမျိုးမျိုးကို တစ်ပုံစံတည်း တစ်တိုင်းတည်း ချုပ်ထားခြင်းဖြစ်သည်။ ဂျေအားမီးတွင် ထိုသို့သော ဝတ်စုံများ စုစုပေါင်း အရေအတွက်အားဖြင့် အထည် ၇၅၀ ခန့်ရှိသည်ဟု သိရသည်။ ထိုမျှလောက် များပြားလှသော ဝတ်စုံအားလုံးတို့တွင် တူညီသော အချက်တစ်ချက် ရှိသည်။ ၎င်းမှာ အခြားမဟုတ်၊ ထိုကုတ်အင်္ကျီများ၏အတွင်း ဘက်တွင် ဒသမ ၃၈ ပစ္စတိုသေနတ်ထည့်သည့် စလွယ်ပခုံးသိုင်းကို လူမသိ သူမသိ ပိပိရိရိ ဖိဖုံးထားနိုင်အောင် ချုပ်လုပ်ထားခြင်းပင် ဖြစ်သည်။

အေးအေးဆေးဆေးဖြင့် သိမ်သိမ်မွေ့မွေ့ပြောတတ်သော ဂျေအားမီးသည် စကားပြောရာ၌ တက္ကဆပ်လေသံ အနည်းငယ် ဝဲနေသည်။ သို့သော် သိမ်မွေ့အေးဆေးသော သူ့အသံ၏ နောက်ကွယ်မှ ပြတ်သားခိုင်မာသော သံမဏိစိတ်ဓာတ်ကိုမူ တော်ရုံတန်ရုံ တစ်ဘက်လူအဖို့ တွေ့မြင်နိုင်ရန် ခဲယဉ်းလှသည်။

မည်သို့ပင်ဖြစ်စေ၊ ကမ္ဘာပေါ်တွင် အကျော်ကြားဆုံးသော အလွတ်





စုံထောက်တစ်ဦးဖြစ်လာရန်အတွက် သူသည် သူ၏စည်းစိမ်ဥစ္စာ မှန်သမျှနှင့် အရည်အချင်း အစွမ်းအစအားလုံးကို စုပြုံ ပုံအောခဲ့ရပြီး၊ အလုပ်နှင့်အပြောကို လိုက်လျောညီထွေအောင် နေထိုင်ကျင့်ကြံခဲ့ရသည်။ သူ့တွင် ရုပ်ရည်လှပသည့် တရုတ်အမျိုးသမီး ဇနီးချောကလေးနှင့်အတူ ကျန်းမာသန်စွမ်း၍ ချစ်စရာကောင်းလှသည့် သားသမီးများ ရှိသည်။ ထို့ပြင် သူ့အား လိုလိုလားလား ကျေကျေနပ်နပ်ဖြင့် အမှုအပ်လိုကြသည့် အမှုသည်များ ကမ္ဘာ့နေရာအနှံ့အပြားတွင် ရှိနေကြသလို သူ့အတွက် သူကိုယ်တိုင် နှစ်သက်မြတ်နိုးလှသည့် အလွတ်စုံထောက်အလုပ်လည်း ရှိပြီးဖြစ်သည်။

သို့သော် ဂျေအားမီးအတွက် ဤဘဝ ဤအခြေအနေမျိုးသို့ ရောက်အောင် မည်သူတစ်ဦးတစ်ယောက်ကမျှ အဆင်သင့် အပြီးအစီး 'ချူးပြီးခပ်ပြီး' လုပ်ပေးလိုက်သည်မဟုတ်။ သူကိုယ်တိုင် အောက်ခြေမှစ၍ ကိုယ့်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး ကြိုးစားလာခဲ့ခြင်း ဖြစ်သည်။ ဤအခြေအနေ ဤဘဝသို့ ရောက်အောင် အခြားအခြားသော သူများထက် အဆပေါင်းများစွာ ပို၍ ပြင်းပြင်းထန်ထန် ရုန်းကန်ကာ ကြမ်းကြမ်းတမ်းတမ်း တက်လှမ်းခဲ့ရခြင်း ဖြစ်သည်။ တစ်နည်းပြောရလျှင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး၍ ကိုယ့်ဘဝကိုယ်တည်ဆောက်ခဲ့ရပြီး အင်္ဂါမစုံသည့် လူတစ်ယောက်အဖြစ်မှ ယခုကဲ့သို့ ထူးချွန်ပေါက်မြောက်သည့် အလွတ်စုံထောက်တစ်ဦး ဖြစ်လာသည်အထိ သူ၏ကြိုးပမ်းမှု အဝဝ၊ စွမ်းဆောင်မှု အဖြာဖြာတို့မှာ တကယ်ပင် ရင်သပ်ရှုမော အံ့သြကုန်နိုင်ဖွယ်ရာပင် ဖြစ်သည်။

***

'ဟုတ်ပါတယ်၊ ကျွန်တော့်မှာ လက်နှစ်ဖက်စလုံး ပြတ်နေပါတယ်။ အဲဒီလို လက်နှစ်ဖက်စလုံးမရှိတော့လို့ "လက်တု" တပ်ထားရတဲ့ သံမဏိချိတ်ကြီးတွေကို ကြည့်ပြီး၊ ကျွန်တော်ဟာ တခြားလူတွေထက် နေရာတကာမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပန်းရှုံးနေ တယ်လို့ ထင်ကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဒီလိုဘယ်တော့မှ မယူဆပါဘူး။ နောင်လည်း ဒီလိုယူဆစရာအကြောင်း မရှိပါဘူး။ ကျွန်တော့်အတွက်တော့ ဒီသံမဏိချိတ်ကြီးတွေဟာ အားသစ်လောင်းပေးတဲ့ အရာဝတ္ထုတွေပဲလို့တောင် ဆိုနိုင်ပါတယ်။

ဒါပေမဲ့ မှန်တဲ့အတိုင်း ဝန်ခံရရင် ကျွန်တော်ဟာ ဟိုတုန်းကတည်းက ဒီလိုအမြဲတမ်း ယူဆခဲ့တယ်လို့တော့ ဟန်ဆောင်ပြီး မပြောချင်ပါဘူး။ ရုတ်တရက် မမျှော်လင့်ဘဲ လက်နှစ်ဖက်စလုံး ပြတ်သွားခဲ့ရတဲ့ ဆယ်ကျော်သက်ရွယ် လူငယ်တစ်ယောက်ရဲ့စိတ်ထဲမှာ ဘယ်လို ခံစားခဲ့ရတယ်၊ ဘယ်လောက် ခံစားခဲ့ရတယ်ဆိုတာ စဉ်းစားရုံ စဉ်းစားကြည့်လို့ မသိနိုင်ပါဘူး။ တကယ်ပါ၊ လက်နှစ်ဖက်စလုံးပြတ်ပြီး ဒီလို လူစဉ်မမီအောင် ဖြစ်ခဲ့ရတာဟာ ကျွန်တော့်အတွက် အကြီးအကျယ် ကံဆိုးမိုးမှောင်ကျသလို ခံစားခဲ့ရပါတယ်။

ကျွန်တော့်လက်နှစ်ဖက်စလုံးကို ဒီသံမဏိချိတ်ကြီးတွေနဲ့ လက်အတုစပြီး တပ်တဲ့နေ့ကဆိုရင် ကျွန်တော်ဟာ စိတ်ဓာတ် အကြီးအကျယ်ကျခဲ့ရပါတယ်။ 'ငါ့ကို လူထူးလူဆန်းတစ်ယောက်အနေနဲ့ သွားလေရာရာမှာ လူတိုင်းက စိုက်ကြည့်နေကြတော့မှာပဲဆိုတဲ့ စိုးရိမ်စိတ်တွေ ဘယ်လိုမှ တားမရဆီးမရအောင် အဲဒီနေ့က တဖွားဖွား ပေါ်ပေါက်ခဲ့တာကို ကောင်းကောင်းကြီး မှတ်မိနေပါသေးတယ်။ ဒီလိုနဲ့ လူမြင်သူမြင် မခံရဲတဲ့ဘဝမှာ အချိန်တော်တော်ကြီးကြာအောင် နေလာခဲ့ရပြီး နောက်တော့မှ တဖြည်းဖြည်း ကျင့်သားရလာပြီး လူတွေ သူတွေကြားထဲ သွားရဲလာရဲ နေရဲထိုင်ရဲ ဖြစ်လာခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ဒီလိုစိတ်ဓာတ်ကျတဲ့ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစားရတာ လွယ်တော့ သိပ်မလွယ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ ကျော်လွှားနိုင်ခဲ့ပါတယ်။ ခင်ဗျားသာဆိုရင်လည်း ဒီလိုကျော်လွှားနိုင်အောင် ကြိုးစားမှာပါပဲ။





အဲဒီအချိန်က ကျွန်တော့်နာမည်ဟာ အခုလို "ဂျေ၊ ဂျေအားမီ" မဟုတ်သေးပါဘူး။ ကျွန်တော့်ငယ်နာမည်က "ဂျူလီယန်အားမား"ပါ။ ကျွန်တော့်မှာ ညီအစ်ကိုနှစ်ယောက်နဲ့ ညီအစ်မနှစ်ယောက်ရှိပြီး ကျွန်တော့်အဖေဟာ အဲဒီတုန်းက ကုန်စိမ်းရောင်းတဲ့ စတိုးဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ပါတယ်။ ကျွန်တော်တို့မိသားစုဟာ "ယာစလက်တာ"ရပ်ကွက်က "ဒစ်ကဆွန်"လမ်းမှာနေကြပါတယ်။ စီးပွားရေးအရ ချမ်းသာတယ်လို့ မဆိုနိုင်ပေမယ့် ဆင်းဆင်းရဲရဲလည်း မဟုတ်ပါဘူး။ စားနိုင်သောက်နိုင် ချောင်ချောင်လည်လည် ရှိပါတယ်။

ကျွန်တော်ဟာ ငယ်ငယ်ကတည်းက ရည်ရွယ်ချက် ကြီးကြီးမားမားနဲ့ ဘဝဇာတ်လမ်းကို မျှော်မှန်းခဲ့ပါတယ်။ ဒီလို တိုးတက်ကြီးပွားဖို့ဆိုတာလည်း ကိုယ်ကိုယ်တိုင်က ကြိုးကြိုးစားစားလုပ်မှ ဖြစ်မယ်ဆိုတာ ကျွန်တော် အဲဒီကတည်းက နားလည်သဘောပေါက်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ ဆယ့်တစ်နှစ်သား အရွယ်ရောက်တော့ တစ်နေ့ တစ်နေ့မှာ အလုပ်လေးခု လုပ်ခဲ့ပါတယ်။ အဲဒီအလုပ်တွေကတော့ ပထမဆုံး မနက်ပိုင်း ဆိုင်ကယ်တစ်စင်းနဲ့ သတင်းစာပို့တဲ့အလုပ်ကို စလုပ်ရပါတယ်။ အဲဒီလို မနက်စောစောထွက်တဲ့ သတင်းစာတွေကို အချိန်မီ ပို့နိုင်အောင် မနက် ၄ နာရီခွဲမှာ အမြဲအိပ်ရာက ထရပါတယ်။ သတင်းစာပို့ပြီးတဲ့နောက်တော့ ကျောင်းမသွားခင် ကျွန်တော်တို့အိမ်နားက လယ်သမားတစ်ယောက်ရဲ့ခြံထဲက နွားပေါက်စကလေးတွေ အကောင် ၆၀ ကို အစာကျွေးရပါတယ်။ တစ်ခါ ညနေကျောင်းက ပြန်ရောက်တော့ ညနေထုတ် သတင်းစာတွေကို ဆိုင်ကယ်နဲ့ လိုက်ပို့ပြီး၊ အဲဒီနောက် နွားပေါက်စကလေးတွေကို ညနေစာ ကျွေးရပြန်ပါတယ်။ ဒါတင်မကသေးပါဘူး။ ညစာစားပြီးတဲ့နောက် မြို့ထဲက ရုပ်ရှင်ရုံကိုသွားပြီး လက်မှတ်ရောင်းတဲ့အလုပ်နဲ့ ရုံပေါက်စောင့်တဲ့အလုပ်ကို ပြေးပြီး လုပ်လိုက်ပါသေးတယ်။ အဲဒီတုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ကြီးလာရင် ဘာလုပ်မယ်ဆိုတာ သတ်သတ်မှတ်မှတ် မရှိသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်မလုပ်ချင်တဲ့ အလုပ်တွေတော့ စိတ်ထဲမှာ မှတ်မှတ်ရရ ရှိနေခဲ့ပါတယ်။ အဲဒါတွေကတော့ လယ်ထဲ ယာထဲမှာ အလုပ်ကြမ်းသမား၊ သူရင်းငှားဘဝမျိုးတော့ တစ်သက်လုံး မလုပ်ဘူးလို့ စိတ်ပိုင်းဖြတ်ထားပါတယ်။ ပြီးတော့ အခုလို သတင်းစာတွေ အိမ်ပေါက်စေ့ လိုက်ပို့ရတဲ့ အလုပ်ကိုလည်း အသက်ကြီးလို့ အရွယ်ရောက်တဲ့အထိ လုပ်ဖို့ ဘယ်တော့မှ စိတ်မကူးပါဘူး။ တကယ်တော့ ကျွန်တော်ဟာ "ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ်၊ ကြယ်ကို ဆွတ်လော့"ဆိုတဲ့ စကားထဲကလို အထက်ကို တက်လှမ်းဖို့ အမြဲတမ်း ရည်ရွယ်ချက်ထားခဲ့ပါတယ်။

နောက်တစ်ခုက ကျွန်တော်ဟာ ငယ်ငယ်ရွယ်ရွယ်ကတည်းက ကိုယ့်ကိုယ်ကို အမြဲတမ်း သန့်သန့်ရှင်းရှင်းနဲ့ သပ်သပ်ယပ်ယပ်ဖြစ်အောင် နေခဲ့တဲ့ အကျင့် ရှိပါတယ်။ ပြီးတော့ ကျောင်းသားဘဝနဲ့ ကျောင်းနေတုန်းမှာပဲ ဆောင်းက ဘိက ပိုက်ဆံရပေါက်ရလမ်းကို တစ်ဖက်တစ်လမ်းက လုပ်ခဲ့ပါသေးတယ်။ အဲဒီလိုအပိုဝင်ငွေရအောင် ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်ကတော့ တစ်ခြားမဟုတ်ပါဘူး။ ကျောင်းမှာပဲ အတိုးနဲ့ ပိုက်ဆံချေးတဲ့ အလုပ်ပါပဲ။ တစ်ပတ်မှာ ကျောင်းစဖွင့်တဲ့ တနင်္လာနေ့တိုင်း၊ ကျွန်တော်ဟာ ကျောင်းသားတွေကို မုန့်ဖိုးအနေနဲ့ ပိုက်ဆံချေးပါတယ်။ နောက်ဆုံးတစ်ပတ်ကုန်လို့ ကျောင်းပိတ်တော့မယ့် စနေနေ့ကျတော့ ချေးထားတဲ့ ပိုက်ဆံတွေကို အတိုးနဲ့ ပေါင်းပြီး တောင်းပါတယ်။ အဲဒီအလုပ်က တစ်ပတ်တစ်ပတ်မှာကျောင်းသားတစ်ယောက် တစ်ယောက်ဆီက ဆင့် ၅၀ လောက် အတိုးရပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ အသက် ၁၂ နှစ်အရွယ်ကျတော့ ရည်ရွယ်ချက်တစ်ခု ခိုင်ခိုင်မာမာ ချလိုက်မိပါတယ်။ အဲဒီရည်ရွယ်ချက်ကတော့ တခြားမဟုတ်ပါဘူး။ ငါကြီးလာရင် ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။ ကျွန်တော်တို့နေတဲ့ အရပ်ထဲမှာ ကျွန်တော်တို့မိသားစုနဲ့





ရင်းနှီးတဲ့ ဆရာဝန်တစ်ယောက် ရှိပါတယ်။ အဲဒီဆရာဝန်ဟာ ကျွန်တော်မေးသမျှ ဆေးပညာနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို စိတ်ရှည်လက်ရှည် ဖြေတတ်တဲ့အပြင် ဆေးစာအုပ်တွေလည်း ဖတ်ဖို့ ငှားတတ်ပါတယ်။ အဲဒါတွေဟာ ကျွန်တော့်ရည်ရွယ်ချက်ကို အားပေးသလို ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့ ကျွန်တော်ရဲ့ စိတ်ကူးယဉ်အိပ်မက်တွေဟာ အစိတ်စိတ် အမွှာမွှာ ပြိုကွဲပျက်စီးခဲ့ရတာပါပဲ။

အဲဒီနေ့ကို ကျွန်တော် ကောင်းကောင်း မှတ်မိနေပါတယ်။ မေလရဲ့ ညနေခင်းတစ်ခုမှာ ကျွန်တော်ဟာ အိမ်နောက်ဘေးက ခြံထဲမှာ "ဒစ်ကီ" ဆိုတဲ့ ကျွန်တော့်သူငယ်ချင်း အဖော်တစ်ယောက်နဲ့ ကစားနေပါတယ်။ ဒစ်ကီဟာ ကျွန်တော့်ထက် အသက်ကြီးပါတယ်။ ၁၈ နှစ်လောက် ရှိပါပြီ။ သူ့မိဘတွေဟာ အယ်လ်ပါဆိုမြို့မှာ အတော်ကလေး ချမ်းသာတဲ့အတွက် ဒစ်ကီမှာ ကိုယ်ပိုင်ကားတစ်စီးတောင် ရှိနေပါတယ်။ ကျွန်တော်တို့ အပေါင်းအသင်း သူငယ်ချင်းတွေဟာ ကိုယ်ပိုင်ကားစီးနိုင်တဲ့ ဒစ်ကီရဲ့ဘဝကို အတော်ကလေးပဲ အားကျခဲ့ကြပါတယ်။ ဒါပေမဲ့ တကယ့် တကယ်ကျတော့ အဲဒီဒစ်ကီရဲ့ကားဟာ အဲဒီနေ့က ကျွန်တော့် အသက်ကို ကယ်လိုက်တာပါပဲ။

အဲဒီနေ့ညနေက ဒစ်ကီဟာ မီးရထားလမ်းဖောက်ရာမှာ အသုံးပြုတဲ့ ဒိုင်းနမိုက် ယမ်းဘီလူးတွေ ထည့်ထားတဲ့ သေတ္တာတစ်လုံးကို သူ့ကားနဲ့ တင်ပြီး၊ ကျွန်တော်တို့အိမ် ရောက်လာပါတယ်။ သူနဲ့ကျွန်တော်ဟာ အဲဒီ ဒိုင်းနမိုက်သေတ္တာကို နှစ်ယောက်သား အိမ်နောက်ဖေး သယ်လာခဲ့ကြပါတယ်။ အိမ်နောက်ဖေးကျတော့ အဲဒီသေတ္တာကို သံတူရွင်းတစ်ခုနဲ့ ကလန့်ပြီး ဖွင့်ကြပါတယ်။ သေတ္တာပွင့်သွားတော့ အထဲမှာ ဒိုင်းနမိုက်တွေ တစ်ခုစီတစ်ခုစီ သေသေသပ်သပ်နဲ့ ထုပ်ထားတာ တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ဘုမသိဘမသိနဲ့ ဒိုင်းနမိုက်တစ်ခုကို နှိုက်ယူပြီး အပေါ်က ပတ်ထားတဲ့ အထုပ်ကိုလည်း ဖြေလိုက်ရော၊ အဲဒီဒိုင်းနမိုက် ယမ်းဘီလူးဟာ ကျွန်တော့် လက်ထဲမှာတင် "အုန်း"ခနဲ ပေါက်ကွဲသွားတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သတိရလို့ ကြည့်လိုက်တော့ ကျွန်တော်ဟာ ပေါက်ကွဲသွားတဲ့ ယမ်းဘီလူးအရှိန်နဲ့ ပေ ၂၀ လောက် လွင့်သွားပြီး၊ သစ်ပင်တစ်ပင်ရဲ့ခြေရင်းမှာ မှောက်လျက်သား လဲကျနေတာကို သတိပြုလိုက်မိပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့ သွေးရူးသွေးတန်းဖြစ်ပြီး လဲနေရာကထဖို့ သစ်ပင်ခြေရင်းကို လက်နဲ့လှမ်းကိုင်ပြီး အားယူလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်လက်တွေဟာ သစ်ပင်ကို လှမ်းကိုင်လို့မရဘဲ ဖြစ်နေတဲ့အတွက် အံ့သြပြီး ကိုယ့်ဟာကိုယ် ရုတ်တရက် ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်သွားမိပါတယ်။ ဒါနဲ့ သေသေချာချာ သတိထားပြီး ကြည့်လိုက်တော့မှ လား…လား ကျွန်တော့်မှာ လက်ဝါးနှစ်ဖက်စလုံး ကြေမွပြီး လက်ချောင်းတွေ အားလုံးမရှိတော့ဘဲ ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။

ကျွန်တော်လည်း အဲဒီတော့မှ လဲနေရာက ဒူးထောက်ပြီး အားယူရင်း မတ်တတ်ရပ်လိုက်ရပါတယ်။ အဲဒီအချိန်မှာမှ ကျွန်တော့်တစ်ကိုယ်လုံး သွေးရဲရဲ သံရဲရဲနဲ့ မြင်မကောင်း ရှုမကောင်းဖြစ်နေတာကို သတိထားလိုက်မိပါတယ်။ အထူးသဖြင့် လက်နှစ်ဖက်စလုံး ပြတ်သွားတဲ့ လက်ကောက်ဝတ်နှစ်ဖက်အောက်နားက သွေးတွေဟာ ရေဘုံဘိုင်က ရေတွေ ဒလဟောကျသလို အဆက်မပြတ် ပန်းထွက်ပြီး စီးကျနေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ဘေးကို လှမ်းကြည့်လိုက်တော့ ခြံပြင်ဘက်ကို တအားစွတ်ပြေးနေတဲ့ ဒစ်ကီကို လှမ်းမြင်ရပါတယ်။ ရုတ်တရက် ကျွန်တော့်စိတ်ထဲမှာ ဒစ်ကီဟာ တစ်ယောက်ယောက်ဆီက အကူအညီတောင်းဖို့ အပြင်ဘက်ကို ပြေးသွားတာပဲလို့ ထင်လိုက်ပြီး ကျွန်တော်လည်း သူ့နောက်ကို တအားပြေးလိုက်ခဲ့ပါတယ်၊ တကယ်ကတော့ ကျွန်တော်ထင်သလို မဟုတ်ပါဘူး။ ဒစ်ကီဟာ ယမ်းဘီလူး ပေါက်ကွဲသွားတဲ့အတွက် ကြောက်အားလန့်အားနဲ့ ခြေဦးတည့်ရာ ထွက်ပြေးတာပဲဆိုတာ နောက်မှ သိရပါတယ်။

'ဒစ်ကီ… ဒစ်ကီ'





ကျွန်တော်ဟာ သူ့နောက်က ပြေးလိုက်ရင်း သူ့ကို မမီနိုင်ဘဲ ဖြစ်နေတဲ့အတွက် အထိတ်ထိတ် အလန့်လန့်နဲ့ လှမ်းအော်ပြီး ခေါ်လိုက်မိပါတယ်။

'ဒစ်ကီ … မင့်ကားကို မောင်းခဲ့လေ၊ ဒီကို မြန်မြန် မောင်းခဲ့ပါ'

ဒစ်ကီဟာ ကျွန်တော့်အသံကို ကြားလိုက်ရတဲ့အတွက် ရုတ်တရက် ပြေးနေရာကရပ်ပြီး နောက်ပြန် လှည့်ကြည့်လိုက်ပါတယ်။ တစ်ကိုယ်လုံး သွေးချင်းချင်းနီနေတဲ့ ကျွန်တော်ဟာ အဲဒီအချိန်က သူ့မျက်စိထဲမှာ ငရဲပြည်က ဖြုန်းခနဲ ပေါ်လာတဲ့ ငရဲသားတစ်ယောက်လို ထင်လိုက်မှာ အမှန်ပါပဲ။

'ဟော့ကောင်… ဘာပြောတယ်'

အထိတ်တလန့်နဲ့ မျက်လုံးပြူးပြီး သူက ပြန်မေးလိုက်ပါတယ်။

'မင်းကားကို မောင်းခဲ့ပါ၊ မင့်ကားနဲ့ငါ့ကို ဆေးရုံပို့မှ ဖြစ်မယ်။ မြန်မြန်လုပ်ကွာ၊ မြန်မြန်'

အဲဒီတော့မှ ဒစ်ကီဟာ သတိရပြီး၊ သူ့ကားဆီ ပြေးသွားပါတယ်။ အဲဒီနောက် ကားကို ကျွန်တော်ရှိရာ လှည့်မောင်းလာပြီး အနားရောက်တော့ ကျွန်တော်တက်ဖို့ တံခါးကို ဖွင့်ပေးပါတယ်။ အဲဒီအချိန်မှာ သူဟာ ကျွန်တော့်လက်တွေကို မကြည့်ရဲပါဘူး။ ကျွန်တော်ကလည်း ဘာမှမပြောဘဲ ပြတ်နေတဲ့ လက်နှစ်ဖက်ကိုပိုက်ပြီး ကားပေါ်တက်လိုက်ပါတယ်။ ဒါပေမဲ့ ဘယ်လိုက ဘယ်လိုဖြစ်မှန်း မသိပါဘူး။ ကျွန်တော့် လက်ကောက်ဝတ်နှစ်ဖက်အောက်နားက အဆက်မပြတ် ပန်းထွက်နေတဲ့ သွေးတွေဟာ ကားရှေ့က ကာထားတဲ့ မှန်ပေါ်မှာ အစွန်းအထင်းတွေ အစက်ပြောက်တွေဖြစ်ပြီး၊ မှန်တစ်ခုလုံး သွေးစက်သွေးကွက်တွေနဲ့ မြင်မကောင်းအောင် ဖြစ်သွားပါတယ်။ တကယ်ကလည်း ဒစ်ကီဟာ အဲဒီမှန်ပေါ်က သွေးစက်သွေးကွက်တွေကြောင့် ရှေ့ကို လှမ်းမမြင်ရဘဲ ကားမောင်းလို့တောင် မရအောင် ဖြစ်နေပါတယ်။ ဒါနဲ့ သူလည်း မှန်ပေါ်မှာ ပေကျံနေတဲ့ သွေးတွေကို သူ့လက်နှစ်ဖက်နဲ့ပဲ ဖြစ်သလို သုတ်ပစ်ပြီး ကြိုးစားပမ်းစားနဲ့ ကားကို မောင်းထွက်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ရဲ့ဆေးခန်းကို ရောက်တော့ ဒစ်ကီရဲ့ လက်နှစ်ဖက်စလုံးဟာ ကျွန်တော့်သွေးတွေနဲ့ နစ်နေတာ တွေ့ရပါတယ်။

အဲဒီအချိန်က ဆရာဝန် ဒေါက်တာဒေးဗစ်ကင်မရွန်ရဲ့ ဆေးခန်းမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် ဆရာဝန်ကိုပြဖို့ စောင့်ရင်း နံရံနဲ့ကပ်နေတဲ့ ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်နေတာ တွေ့ရပါတယ်။ အဲဒီအမျိုးသမီးဟာ ဆေးခန်းထဲကို မမျှော်လင့်ဘဲ ဝုန်းခနဲ သုတ်သီးသုတ်ပျာဝင်လာကြတဲ့ ကျွန်တော်တို့နှစ်ယောက်ကို အလန့်တကြားနဲ့ မော့ကြည့်ရာက သွေးချင်းချင်းနီနေတဲ့ ကျွန်တော့်လက်ကိုလည်း မြင်လိုက်ရော တစ်ခါတည်း မျက်လုံးတွေပြူးပြီး မျက်ဖြူဆိုက်သလို ဖြစ်သွားပါတယ်။

ကျွန်တော်လည်း ကိုယ့်ကိစ္စနှင့်ကိုယ်ဖြစ်နေတော့ အဲဒီအမျိုးသမီးကို ဂရုစိုက်မနေနိုင်ဘဲ သူ့ရှေ့က ရှောင်ကွင်းပြီး ဆရာဝန်ရဲ့ရုံးခန်းတံခါးဝကို ခြေထောက်နဲ့ တအားကန်ရင်း 'ဒေါက်တာ တံခါးဖွင့်စမ်းပါ၊ တံခါးမြန်မြန်ဖွင့်ပေးစမ်းပါ' လို့ လှမ်းအော်လိုက်မိပါတယ်။ တစ်ခဏအတွင်းမှာပဲ ရုံးခန်းထဲက ဆရာဝန်ဟာ တံခါးကို ပျာယီးပျာယာဖွင့်ပြီး ဒေါသအကြီးအကျယ်ထွက်နေတဲ့မျက်နှာနဲ့ အပြင်ကို ထွက်ကြည့်လိုက်ပါတယ်။ သူ့ကြည့်ရတာက ရိုင်းရိုင်းပျပျနဲ့ အပြင်ကနေပြီး တံခါးကို ခြေထောက်နဲ့ လာကန်နေတဲ့လူကို အော်ငေါက်ပြီး မောင်းထုတ်မယ့် ပုံသဏ္ဍာန်မျိုးပါပဲ။ ဒါပေမဲ့ သွေးရဲသံရဲဖြစ်နေတဲ့ ကျွန်တော့်ကိုလည်း မြင်လိုက်ရော ဖြုန်းခနဲ အလန့်တကြားနဲ့ အံ့အားသင့်သွားပြီး ကျွန်တော့်ကို သူ့ဆေးခန်းထဲ ဆွဲသွင်းတော့တာပါပဲ။

ချက်ချင်းပါပဲ၊ ဆရာဝန်ဟာ ကျွန်တော့်ကို ဆေးပြားတစ်ပြားတိုက်၊ လက်မောင်းမှာလည်း ဆေးတစ်လုံးထိုးပေးပြီး မြင်မကောင်းဖြစ်နေတဲ့ ကျွန်တော့်ဒဏ်ရာတွေကို သုတ်သင် ဆေးကြောပေးပါတယ်။ နောက် ပြတ်သွားတဲ့ လက်ကောက်ဝတ်နှစ်ဖက်ကို ဆေးထည့်ပြီး ပတ်တီးတွေ စည်းပေးပါတယ်။ အဲဒီ ဆရာဝန်ဟာ တကယ့်လူတော်တစ်ယောက်လို့ ဆိုရပါမယ်။





သူဟာ ကျွန်တော် ဒဏ်ရာတွေကို လိုအပ်သလို သုတ်သင်ပြီး ဆေးထည့်ရာမှာ စကားတစ်လုံးမှ မပြောပါဘူး။ သူ လုပ်စရာရှိတာသာ မြန်မြန်ထက်ထက်နဲ့ သွက်သွက်လက်လက် လုပ်သွားတာပါပဲ။ အဲဒီအချိန်မှာ ကျွန်တော်ဟာ ဒဏ်ရာက သွေးထွက်လွန်ပြီး ဆေးထိုးဆေးသောက်တဲ့အရှိန်နဲ့ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေပါတယ်။

ကျွန်တော့်လက်က ဒဏ်ရာကို ဆေးထည့် ပတ်တီးစည်းပေးပြီးတဲ့နောက် ဆရာဝန်ဟာ မြို့ထဲက ဆေးရုံကိုလှမ်းပြီး ဖုန်းဆက်ပါတယ်။ အဲဒီအချိန်မှာ ဆေးခန်းထဲကို လူတွေ ပျာယီးပျာယာ ဝင်လိုက်ထွက်လိုက် လုပ်နေကြတာကို မျက်စိထဲမှာ မှုန်မှုန်ဝါးဝါးနဲ့မြင်နေရပြီး သတိမရတာရ ဖြစ်နေတဲ့အထဲက ကျွန်တော်ဟာ လူတစ်ယောက်ကမေးတဲ့ မေးခွန်းတွေကို ဖြေခဲ့ရပါသေးတယ်။ ခဏကြာတော့ ကျွန်တော်ဟာ လမ်းရှင်းဥသြသံ တအားပေးပြီး မောင်းလာတဲ့ အရေးပေါ် လူနာတင်ကားနဲ့ မြို့ထဲက ဆေးရုံကို ရောက်လာပါတယ်။

ဆေးရုံရောက်တော့ ဒေါက်တာကင်မရွန်ဟာ ဆရာဝန်ကြီးနဲ့ တိုင်ပင်ဆွေးနွေးပြီး ပြတ်သွားတဲ့ ကျွန်တော့်လက်နှစ်ဖက်ဟာ ဘယ်လိုမှ အကောင်းပကတိ ပြန်မဖြစ်နိုင်တော့တဲ့အကြောင်း သူကပဲ ကျွန်တော့်အဖေကို ပြောပြပါတယ်။ နောက်ဆုံးတော့ ဆရာဝန်ကြီးတွေဟာ ကျွန်တော့်လက်က ဒဏ်ရာကို စမ်းသပ်စစ်ဆေးကြပြီး၊ ကျွန်တော့်လက်နှစ်ဖက်စလုံးကို လက်ကောက်ဝတ်အထက်နားကနေပြီး ဖြတ်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဘယ်လိုမှမတတ်နိုင်တဲ့အဆုံး၊ ကျွန်တော့်အဖေလည်း ဆရာဝန်ကြီးတွေ ဆုံးဖြတ်တဲ့အတိုင်း သဘောတူလိုက်ရပါတယ်။ ကျွန်တော်ဟာ အဲဒီအချိန်က သတိရလိုက်မရလိုက်နဲ့ အိပ်မက်မက်သလိုဖြစ်ပြီး ကြောင်တက်တက်နဲ့ ကျွန်တော့်လက်နှစ်ဖက်စလုံးကို ဖြတ်ပစ်ရမယ်ဆိုတာတောင် ရုတ်တရက် ဝမ်းနည်းပြီးငိုရမှန်းမသိအောင် ဖြစ်ခဲ့ပါတယ်။ အဖေကတော့ ကျွန်တော့်ကို အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာသနားတဲ့ မျက်နှာအမူအရာနဲ့ ကြည့်နေပါတယ်။ သူ့မျက်လုံးထဲမှာလည်း မျက်ရည်တွေ ဝဲနေပါတယ်။

ဆရာဝန်တွေက သူတို့လုပ်စရာရှိတာ ဆက်လုပ်ကြပါတယ်။ ကျွန်တော်ဟာ အဲဒီကျမှ ကောင်းကောင်း သတိရပြီး တကယ့်အဖြစ်ကို သိလိုက်ရပါတယ်၊ အဲဒီကျမှ ကိုယ့်ဘဝကိုယ် ယူကြုံးမရဖြစ်ပြီး သေချင်အောင် ခံစားခဲ့ရပါတယ်။ ဆေးရုံပေါ်မှာ လက်နှစ်ဖက်စလုံး တုံးတိကြီးပြတ်ပြီး ရုတ်တရက် လူစဉ်မမီတဲ့ ဒုက္ခိတဘဝနဲ့ ကိုယ့်ကိုယ်ကို ပြန်တွေးမိတိုင်း ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးဆိတ်သုဉ်းသွားသလို ထင်နေမိပါတယ်။ ဘယ်သူနဲ့မှလည်း စကားမပြောချင်တော့ပါဘူး။ ကျွန်တော့်မိဘနှစ်ပါး ညီအစ်ကိုမောင်နှမတွေနဲ့တောင် စကားမပြောနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဆေးရုံကလူနာခုတင်ပေါ်မှာ လှဲနေပြီး အုတ်နံရံနဲ့မျက်နှာကျက်ကိုပဲ အချိန်ရှိသရွေ့ စိုက်ကြည့်ရင်း လောကကြီးတစ်ခုလုံး မှောင်အတိကျနေသလို ခံစားမိပါတယ်။

'ဘာကြောင့် ငါ့ကိုမှ ဒီလိုလာဖြစ်ရတာလဲ၊ ငါ့ကိုမှ ရွေးပြီး ဖြစ်ရတာလဲ'

ကျွန်တော်ဟာ တစ်ချိန်လုံး ဒီအတွေးကိုပဲ တဝဲလည်လည်နဲ့ တွေးပြီးရင်း တွေးနေမိပါတယ်။ ကိုယ့်ကိုယ်ကို ယူကြုံးမရဖြစ်လွန်းလှပြီး၊ မျက်ရည်တွေ မထိန်းနိုင်အောင် ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်ရဲ့အောက်မှာ ရေမဘုတုံးကြီးလို ဝါဂွမ်းတွေ တစ်ထပ်ကြီးစည်းနှောင်ထားတဲ့ ပတ်တီးအထုပ်ကြီးကိုကြည့်ရင်း ဒါကြီးတွေကို အမုန်းကြီးမုန်းနေမိပါတယ်။ အဲဒီပတ်တီးထုပ်ကြီးရဲ့အောက်မှာ ကျွန်တော့်လက်ဟာ ဘယ်လိုဖြစ်နေမယ်ဆိုတာ ကြည့်ဖို့မပြောနဲ့ တွေးတောင် မတွေးရဲပါဘူး။ အင်္ဂါမစုံ လူစဉ်မမီဖြစ်သွားရတဲ့ ကျွန်တော့်ခန္ဓာကိုယ်ကြီး တစ်ခုလုံးကို စက်ဆုပ်ရွံရှာနေမိပါတယ်။





ဒီလိုဖြစ်နေခဲ့ရာက တစ်နေ့တော့ ကျွန်တော့်အတွေးအခေါ်ဟာ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ပြောင်းလဲသွားတယ် မပြောတတ်ပါဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် အင်မတန် တစ်ကိုယ်ကောင်းဆန်တဲ့ လူတစ်ယောက်ပဲဆိုတာ ဖြုန်းခနဲ ရုတ်တရက် တွေးလိုက်မိပါတယ်။ ဟုတ်ပါတယ်။ ကိုယ့်ဘဝကိုယ် စိတ်အနာကြီးနာပြီး၊ ကိုယ့်ကိုယ်ကို ဒီလောက်ထိအောင် ရွံရှာစက်ဆုပ်နေမိတာဟာ တကယ်တော့ ကျွန်တော့်မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်း၊ သူငယ်ချင်းတွေနဲ့ ဆရာဝန်တွေ သူနာပြုတွေရဲ့ စေတနာမေတ္တာကရုဏာတွေ၊ အားထုတ်ကြိုးပမ်းမှုတွေ လုပ်ကိုင် ဆောင်ရွက်ခဲ့ကြတာတွေ အားလုံးကို လျစ်လျူရှုပြီး အသိအမှတ်မပြုရာ ရောက်သလို ဖြစ်နေပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်း 'ငါ့ကိုမှ ဘာကြောင့် ဒီလိုလာဖြစ်ရတာလဲ' ဆိုတဲ့ အတွေးဟာ တကယ်တော့ 'ဘာ့ကြောင့် တခြားလူတွေမှာ ဒီလိုမဖြစ်ရတာလဲ' ဆိုတဲ့စိတ်နဲ့ အခြားလူတစ်ယောက်ယောက် ဒီလိုဒုက္ခရောက်စေချင်တဲ့ ဆန္ဒမျိုးဖြစ်နေတယ်ဆိုတာ ဖျတ်ခနဲ အမှတ်မထင် သတိရလိုက်မိပါတယ်။ တကယ်တော့ ဒီအတွေးအခေါ်မျိုး ရုတ်တရက် အမှတ်မထင် ကျွန်တော့်ခေါင်းထဲ ဝင်လာတာဟာ တစ်စုံတစ်ရာ အံ့ဖွယ်သရဲ ထူးကဲတဲ့ နိမိတ်လက္ခဏာတစ်ခုရယ်လို့တော့ မဆိုနိုင်ပါဘူး။ ဒါမျိုးလည်း လုံးဝမဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအတွေးအခေါ် ခေါင်းထဲမှာ ဖျတ်ခနဲ ဝင်လာခဲ့တာဟာ အံ့သြစရာကောင်းပြီး အင်မတန် ထူးဆန်းတယ်လို့တော့ ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ အဲဒီအချိန်ကစပြီး အတော်ကလေး နေသာထိုင်သာရှိပြီး စိတ်ချမ်းသာမှု ရလာခဲ့ပါတယ်။ စောစောက အကြီးအကျယ် ခံစားနေရတဲ့ ယူကြုံးမရဖြစ်မှုတွေနဲ့ ဝမ်းနည်းတဲ့ စိတ်တွေဟာလည်း တစ်စတစ်စ ပျောက်ကွယ်လာခဲ့ပါတယ်။

အဲဒီနောက်တော့ ကျွန်တော်ဟာ ဒီနေ့အထိ မသေဘဲ အသက်ရှင်နေရတာဟာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးပေပဲလို့ ယူဆအောက်မေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် လက်ကောက်ဝတ်က ပြတ်နေတဲ့ လက်နှစ်ဖက်စလုံးကို လက်အတုတပ်ပေးလို့ ဖြစ်နိုင် မဖြစ်နိုင် ဆရာဝန်တွေနဲ့ ဆွေးနွေးမေးမြန်းကြည့်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ ကိုယ့်ဘဝကိုယ် အားမလိုအားမရဖြစ်မိတဲ့ စိတ်တွေ လုံးဝ ပပျောက်သွားခဲ့ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် အရင်ဘဝနဲ့မတူအောင် ဖြစ်လာတဲ့ ဘဝသစ်မှာ လူသစ်စိတ်သစ်နဲ့ အဆင်ပြေပြေ လိုက်လျောညီထွေအောင် နေသွားဖို့ အခိုင်အမာ ဆုံးဖြတ်လိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ လက်နှစ်ဖက်ပြတ်ခဲ့ရတဲ့ ကျွန်တော့်ဘဝဟာ ဘုရားသခင်ရဲ့ အလိုတော်ကျပဲဆိုပြီး လက်နှစ်ဖက်မရှိတဲ့ လူတစ်ယောက်အနေနဲ့ပဲ ကျွန်တော့်ဘဝကို ဖန်တီးရတော့မယ်ဆိုတာ တထစ်ချ နားလည် သဘောပေါက်လာခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဒီဆုံးဖြတ်ချက်နဲ့ နားလည်သဘောပေါက်မှုတွေကို အကြောင်းပြုပြီး ကျွန်တော့်ကိုယ်ကျွန်တော် လက်နှစ်ဖက်စလုံး ကောင်းနေတုန်းကထက်ပိုပြီး လက်နှစ်ဖက်ပြတ်ဘဝနဲ့ ထူးချွန်အောင် ကြိုးစားမယ်လို့ အခိုင်အမာ သန္နိဋ္ဌာန်ချလိုက်မိပါတယ်။

ကျွန်တော့်ကြိုးစားမှုဟာ ဘယ်လောက်အထိ အရာရောက်ခဲ့တယ်ဆိုတာ ပထမဆုံးအောက်မှာ ဖော်ပြလိုက်တဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို ကြည့်ရင် သိနိုင်ပါတယ်။

*၁၂ နှစ်သားအရွယ်က မတော်တဆ ထိခိုက်ဒဏ်ရာရခဲ့ရာမှ လက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့ရသော "ဂျူလီယန်အားမား"သည် လက်နှစ်ဖက်ပြတ်နေသော သတင်းစာပို့သမားကလေးတစ်ယောက်အဖြစ် သံချိတ်များ တပ်ဆင်ထားသည့် လက်တုများအသုံးပြု၍ ကျွန်ုပ်တို့ "တိုင်း"သတင်းစာများကို ကျွမ်းကျင်စွာ ပို့ပေးလျက်ရှိ၏။ ဂျူလီယန်သည် မည်သူ့ကိုမှ အကူအညီမတောင်းဘဲ သတင်းစာများကို သူကိုယ်တိုင်ခေါက်၍ သူကိုယ်တိုင် လိုက်လံပို့ဆောင်ပေးခဲ့၏။*





*ကျွန်ုပ်တို့ "တိုင်း"သတင်းစာမှ သတင်းစာပို့သမားကလေးဖြစ်သော ဂျူလီယန်အားမားသည် လွန်ခဲ့သော နှစ်နှစ်ခန့်က (၁၂) နှစ်သားအရွယ်တွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး၊ လက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့ရလေသည်။ သို့သော် ထိုသို့သော ကိုယ်အင်္ဂါချွတ်ယွင်းမှုသည် သူ၏လောလောဆယ် ပုံမှန်လုပ်ငန်းများနှင့် အနာဂတ်ကာလအတွက် ရည်မှန်းချက်များကို အဟန့်အတား မဖြစ်ခဲ့ပေ။*

*သူ၏လက်နှစ်ဖက်စလုံးသည် ဒိုင်းနမိုက်ယမ်းဘီလူး ပေါက်ကွဲ၍ ဒဏ်ရာရခဲ့စဉ်က အလွန်ပြင်းထန် ဆိုးဝါးလှသည် ဖြစ်ရာ လက်ကောက်ဝတ်နေရာမှ လက်နှစ်ဖက်စလုံးကို ဖြတ်ပစ်ခဲ့ရပေသည်။ သို့သော် ဂျူလီယန်သည် လက်အတုတပ်ထားသော သံချိတ်များကို ကျင်လည်စွာ အသုံးပြုနိုင်ရန် တစ်စတစ်စ လေ့ကျင့်လာခဲ့ရာ ယခုအခါ သူသည် သာမန်လက် နှစ်ဖက်ရှိနေသည့် ရိုးရိုးလူများကဲ့သို့ ဘာမဆို လုပ်နိုင်စွမ်းရှိလာခဲ့ပြီ ဖြစ်ပေသည်။ သို့ဖြင့် သူသည် သစ်ပင်တက်ခြင်း၊ ကိုယ့်ဆံပင် ကိုယ်ဖြီးခြင်း၊ သေနတ်ပစ်ခြင်းစသည့် အလုပ်များကို ကျွမ်းကျင်စွာ လုပ်ကိုင် နိုင်ပြီ ဖြစ်လေသည်။ သတင်းစာပို့သည့် အလုပ်ကိုလည်း နေ့စဉ်ပုံမှန် လုပ်ကိုင်လျက်ရှိရာ သတင်းစာမပို့မီ သူကိုယ်တိုင် သတင်းစာများကို ကျွမ်းကျင်စွာ ခေါက်ခဲ့ပေသည်။*

*'သံချိတ်ကြီးတွေနဲ့ လက်အတုစပြီး တပ်ခဲ့တုန်းကဆိုရင် လူတွေဟာ ကျွန်တော့်ကို ဝိုင်းကြည့်ကြမှာ သိပ်စိုးရိမ်မိပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အကျင့်ရလာပြီး၊ အခုတော့ ကျွန်တော်ဟာ လူတွေ ဝိုင်းကြည့်ကြမှာကို လုံးဝ ဂရုမစိုက်တော့ပါဘူး' ဟူ၍ ဂျူလီယန်က ပြောပြခဲ့လေသည်။*



www.burmeseclassic.com

www.burmeseclassic.com



ဤလူငယ်ကလေးသည် ထိုသို့ လက်တုများ တပ်ထားရသည့်တိုင်အောင် သူ ပညာသင်ကြားလျက်ရှိသော ကျောင်းတွင် အားကစားများကို လေ့လာလိုက်စား၍ ပါဝင်ကစားနေသည်ကို တွေ့ရလေသည်။ သူသည် ကျောင်းဘောလုံးအသင်းတွင် "နောက်ခံလူ"အဖြစ် လည်းကောင်း၊ ကိုက် ၂၂၀ လက်ဆင့်ကမ်းပြေးပွဲတွင် အပြေးသမားတစ်ယောက်အဖြစ် လည်းကောင်း ပါဝင်ခဲ့လေသည်။ သူသည် ပညာသင်ကြားရာ၌ ဓာတုဗေဒဘာသာနှင့် သိပ္ပံပညာများကို အထူးစိတ်ပါဝင်စားသည့်ပြင် ကြေးပြားဒင်္ဂါးများနှင့် စစ်ပစ္စည်းအသုံးအဆောင်များ စုဆောင်းခြင်းနှင့် စုံထောက်ဝတ္ထုစာအုပ်များ ဖတ်ခြင်းကို ဝါသနာပါသည်ဟု သိရပေသည်။

ယခုအခါ ထိုသို့ လက်နှစ်ဖက်ပြတ်နေသော ဂျူလီယန်အားမား၏ လုံ့လဝီရိယဖြင့် ကြိုးစားဖြန့်ချိမှုကြောင့် ကျွန်ုပ်တို့ "တိုင်း"သတင်းစာစောင်ရေမှာ ယခင်ကထက် တိုးတက်လာသည်ကို တွေ့ရပေသည်။

အဲဒီ "တိုင်း"သတင်းစာထဲက သတင်းဆောင်းပါး ကောက်နုတ်ချက်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်ရဲ့ ကြိုးစားမှုတွေ ဘယ်လောက်အောင်မြင်ခဲ့တယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီသတင်းဆောင်းပါးထဲမှာ ကျွန်တော်ဟာ ဒီလိုဖြစ်လာအောင် ဘယ်လောက် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတယ်။ ဘယ်လိုခွဲရှိရှိနဲ့ ကြိတ်မှိတ်ပြီး ခံစားခဲ့ရတယ်ဆိုတာတော့ တွေ့ရမှာ မဟုတ်ပါဘူး။

ပထမဆုံး ကျွန်တော်ဟာ ဘယ်သူမှ မတွေ့ဖူးမကြုံဖူးတဲ့ ခွဲစိတ်မှုကို ခံခဲ့ရပါတယ်။ ကျွန်တော့်လက်မှာ အခုလို သံမဏိချိတ်ကြီးတွေနဲ့ လက်အတုတပ်ဖို့အတွက် ကျွန်တော့်လက်မောင်းကြွက်သားတွေထဲကို အပေါက်ဖောက်ပြီး ပင်အပ်သံချောင်း ခပ်ကြီးကြီး ခပ်ရှည်ရှည်တစ်ချောင်းကို သွင်းပေး





ရပါတယ်။ အဲဒီပင်အပ်ကြီးကတစ်ဆင့် လက်အတုတပ်ထားတဲ့ သံချိတ်ကြီးတွေကို လိုသလို လှုပ်ရှားနိုင်အောင် ကြွက်သားတွေကို တင်းချေ လျှော့ချေ လုပ်ပြီး လေ့ကျင့်ပေးရပါတယ်၊ သံချိတ်ကြီးတွေကို လိုသလို အသုံးပြုနိုင်ဖို့ ကြွက်သားတွေကို အဲဒီလိုလေ့ကျင့်ပေးရာမှာ ရိုးရိုးသာမန်လူတွေထက် နှစ်ဆသုံးဆလောက် အပင်ပန်းခံပြီး အားစိုက်ရပါတယ်။ အဲဒီလိုလုပ်ရတာ လွယ်လွယ်ကလေးပါလို့ ထင်ရင်တော့ ခင်ဗျား အိပ်မက်မက်နေတာပဲ ဖြစ်ပါလိမ့်မယ်။ အပြောလွယ်သလောက် တကယ်လုပ်တော့ အဟုတ်ခက်ပါတယ်။

အဲဒီနောက် ကျွန်တော်ဟာ သံချိတ်ကြီးတွေ တပ်ထားတဲ့ လက်အတုတွေနဲ့ အားလုံး အစကစပြီး ပြန်သင်ရပါတယ်။ အသေးအဖွဲ့ကလေးကစပြီး ကျင့်ယူရပါတယ်။ အဲဒီအခါမှာ သာမန်အလုပ်ကလေးဖြစ်တဲ့ ရှူးဖိနပ်ကြိုးတပ်တာကအစ အင်မတန်ပညာပါတဲ့ ရောမအလုပ်ကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ ပြတင်းပေါက်တွေ တံခါးတွေ ဂျက်ဖွင့်တာတို့၊ အင်္ကျီကြယ်သီးတပ်တာ ဖြုတ်တာတို့၊ ကိုယ့်နှာမည် ကိုယ်ရေးတာတို့ဆိုတဲ့ အလုပ်တွေကို သူငယ်တန်းက ကလေးလေးတစ်ယောက်ကို သင်သလို သင်ယူရပါတယ်။

အဲဒီနောက် ကျွန်တော့်အတွက် အရေးတကြီးထားပြီး သင်ရတာကတော့ စက္ကူတာမော်တော်ဆိုင်ကယ်ကလေးကို စီးတတ်အောင် ပြန်ပြီးလေ့ကျင့်တဲ့ အလုပ်ပါပဲ။ ဒီလိုလေ့ကျင့်ရာမှာ အဓိက ဂရုစိုက်ရတာကတော့ လက်ကိုင်ကို မြဲမြဲနဲ့ ငြိမ်ငြိမ်ကိုင်ဖို့ပါပဲ။ ဒါကလည်း လက်အတုတပ်ထားတဲ့ သံချိတ်နဲ့ လက်ကိုင်ကို မလှုပ်နိုင်အောင်၊ ချော်မသွားအောင်ကိုင်ဖို့ အရေးကြီးပါတယ်။ အဲဒီမှာ မာဆယ်ကြွက်သားတွေကို အားစိုက်ပြီး အသုံးပြုရပါတယ်။ ဒီလိုနဲ့ အတော်ကလေး အပင်ပန်းခံ၊ အနာခံပြီး ကြိုးစားလို့ ဆိုင်ကယ်ကို အရင်တုန်းကလို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်တာနဲ့ တစ်ပြိုင်နက် သတင်းစာပို့တဲ့အလုပ်ကို ပြန်လုပ်တော့တာပါပဲ။ ဆိုင်ကယ်နဲ့သတင်းစာမပို့ခင် သတင်းစာတွေကို တစ်စောင်ချင်း ခေါက် နိုင် လိပ်နိုင်အောင် အတော်ကလေး



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ရပါသေးတယ်။ ဒီထက်ပိုပြီး အခက်အခဲတွေ့ရတာကတော့ ဆိုင်ကယ်စီးသွားရင်းနဲ့ အဲဒီလိပ်ထား ခေါက်ထားတဲ့ သတင်းစာတွေကို အိမ်ဝင်းထဲရောက်အောင် တစ်ခါတလေ ပြတင်းပေါက်ထဲ တန်းခနဲဝင်အောင် လမ်းပေါ်က လှမ်းပစ်နိုင်ဖို့ပါပဲ။ အဲဒီအလုပ်ဟာ ရိုးရိုးသာမန် လက်နှစ်ဖက်နဲ့လူတွေတောင် အတော်လေ့ကျင့်ရတဲ့ အလုပ်ဆိုတော့ လက်နှစ်ဖက်စလုံးပြတ်နေပြီး သံချိတ်ကြီးတွေ တပ်ထားရတဲ့ ကျွန်တော့်အတွက် ဘယ်လောက် ခွဲကောင်းကောင်းနဲ့ စိတ်ရှည်ရှည်ထားပြီး ကြိုးစားရတယ်ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ အဲဒီလို ဆိုင်ကယ်စီးသွားရင်း သတင်းစာတွေ အိမ်ထဲရောက်အောင် အိမ်ပေါ်ရောက်အောင်၊ ပြတင်းပေါက်ထဲ ဝင်အောင် လှမ်းပစ်တဲ့အလုပ်ကို လေ့ကျင့်ရင်းနဲ့ ခဏခဏ ဆိုင်ကယ်လဲကျပြီး ဒူးပြဲခဲ့ရတဲ့ ဒဏ်ရာတွေ အမာရွတ်တွေဟာ အခုထက်ထိ ရှိနေပါသေးတယ်။

ဒါပေမဲ့ သတင်းစာကို အခုလို ဆိုင်ကယ်နဲ့ လိုက်ပို့ရာမှာ ကျွန်တော့်အတွက် အဆိုးထဲက အကောင်းတစ်ခု တွေ့လာရပါတယ်။ အဲဒါက ဘာလဲဆိုတော့ အရင်တုန်းကဆိုရင် ဆိုင်ကယ်နဲ့ သတင်းစာလိုက်ပို့ရင်း လမ်းမှာ ဆိုင်ကယ်ဖျက်သွားတဲ့အခါ ဆိုင်ကယ်ကို ဟိုနှိုက်သည်နှိုက်လုပ်ပြီး၊ တတ်သလောက် မှတ်သလောက် ပြင်ရတာနဲ့ လက်မှာ စက်ဆီတွေ အမဲဆီတွေ ပေကျံလာတတ်ပါတယ်။ အဲဒီလို လက်တွေပေကျံလာတဲ့အတွက် အိမ်ရောက်ရင် ကျွန်တော့်အမေက အမြဲဆူပူကြိမ်းမောင်းလေ့ ရှိပါတယ်။ အခုတော့ အဲဒီလိုအဆူခံရတာမျိုး လုံးဝမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ လက်နှစ်ဖက်စလုံး မရှိတော့ဘဲ သံချိတ်တွေပဲ ရှိတော့တာမို့ အရင်ကလို လက်မှာ စက်ဆီ အမဲဆီတွေ ပေစရာ မလိုတော့ဘူးပေါ့။ ဒါဟာ အဆိုးထဲကအကောင်းလို့ ဆိုရမှာပါပဲ။

တစ်ခုပြောရဦးမယ်၊ အဲဒီတုန်းက တစ်ခြားသာမန်လူတွေအတွက် အင်မတန်လွယ်တဲ့ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုကို ကျွန်တော်ဟာ တော်





တော် ခဲခဲယဉ်းယဉ်း ကြိုးကြိုးစားစား လုပ်ခဲ့ရပါတယ်။ အဲဒါက ဘာလဲဆိုတော့ တခြားမဟုတ်ပါဘူး။ ဝက်အူရစ်နဲ့ပိတ်ထားတဲ့ ပုလင်းအပိတ်တွေ အဖုံးတွေကို လှည့်ဖွင့်တဲ့ အလုပ်ပါပဲ။ ကျွန်တော်ဟာ အဲဒီအလုပ်ကို နာရီပေါင်းများစွာ ညဘက်ထိအောင် တစ်နေကုန် တစ်နေခန်း ကြိုးစားလေ့ကျင့်ခဲ့ရပါတယ်။ တစ်ခါတစ်ခါများ အရင်တုန်းက လွယ်လွယ်ကူကူနဲ့ လုပ်လို့ရခဲ့တဲ့ ဘာမဟုတ်တဲ့ အသေးအဖွဲ အလုပ်ကလေးကိုများ ဒါလောက် အပင်ပန်းခံပြီး ကြိုးစားပမ်းစား လုပ်နေရသလား ဆိုပြီး၊ အဖွင့်အပိတ်လေ့ကျင့်နေတဲ့ ပုလင်းကို ဒေါသနဲ့ တအားရိုက်ခွဲမိတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ တကယ်တော့ အဲဒီပုလင်းအဖုံးတွေကို ဝက်အူရစ်အတိုင်း ဖွင့်နိုင်ပိတ်နိုင်အောင် ဘယ်လောက်ကြာကြာ ကြိုးစားလေ့ကျင့်ခဲ့ရတယ်ဆိုတာ ပြောပြရင် ခင်ဗျား အနေနဲ့ ယုံမှာတောင် မဟုတ်ပါဘူး။ အဲသည်လောက်အထိပါပဲ။

စောစောက ကျွန်တော်ပြောခဲ့သလို အခု ကျွန်တော့်မှာ လက်နှစ်ဖက်စလုံး မရှိတော့ဘဲ အဲဒီလက်တွေနေရာမှာ သံချိတ်ကြီးတွေနဲ့ လက်အတုတပ်ထားတဲ့အတွက် ခင်ဗျားစိတ်ထဲက ကျွန်တော်ဟာ ခင်ဗျားနဲ့စာလိုက်ရင် တပန်းရှုံးနေပြီလို့ မှချထင်မှာပါပဲ။ ဒါပေမဲ့ တကယ့်တကယ် ပြောကြစတမ်းဆိုရင် တစ်ပန်းရှုံးနေတာက ကျွန်တော်မဟုတ်ဘဲ၊ ခင်ဗျားဖြစ်နေပါတယ်။ တကယ်တော့ ကျွန်တော့်တစ်သက်မှာ လူ့ဘဝကို လေ့လာမိသလောက် လူတွေဟာ သူ့အတိုင်းအတာနဲ့သူ၊ သူ့ကန့်သတ်ချက်နဲ့သူ၊ အတန်းအစားတွေ ရှိနေကြပါတယ်။ ဒါပေမဲ့ လူတိုင်း လူတိုင်းမှာ တကယ်ပြင်းပြတဲ့ဆန္ဒနဲ့ မလျှော့တဲ့ ခွဲလုံ့လသာရှိမယ်ဆိုရင် သူဖြစ်ချင်တာ ဘာမဆိုဖြစ်နိုင်ပါတယ်။ 'တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်'ဆိုတဲ့သဘောပါပဲ။

ဥပမာ ယခု ကျွန်တော်လုပ်နေတဲ့ အလွှတ်စုံထောက်အလုပ်ဆိုပါတော့။ ဒီအလုပ်ကို တကယ်ဖြစ်ချင်တဲ့စိတ်နဲ့ တကယ်လုပ်ခဲ့လို့ အခုလို အောင်မြင်လာတာပါပဲ။ တကယ်ဖြစ်ချင်တဲ့ စိတ်တွေက ဘယ်လောက်များ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြသလဲဆိုတော့ အခုလိုဖြစ်လာအောင် နှစ်ပေါင်းများစွာ ကြိုးစားလာခဲ့ရပေမယ့် အချိန်တွေဟာ အင်မတန် မြန်လွန်းတယ်လို့ စိတ်ထဲကထင်ပြီး ကိုယ်ကိုယ်ကိုယ်တောင် မယုံနိုင်လောက်အောင် ဖြစ်မိပါတယ်။ ကျွန်တော် အလွတ်စုံထောက်အလုပ်ကို စလုပ်တဲ့အချိန်က ဟောဒီ အယ်လ်ပါဆိုမြို့ ပတ်ဝန်းကျင်မှာ အလွတ်စုံထောက်အဖွဲ့တွေ ၁၈ခုတောင် ရှိပြီးသား ဖြစ်နေပါတယ်။ အဲဒီတုန်းက အလွတ်စုံထောက် အလုပ်လုပ်ဖို့ မြို့နယ်လုံခြုံရေးမှူးကြီး "ဘော့ဘောလီ"ဆီသွားပြီး၊ ထောက်ခံစာတောင်းတော့ သူက အံ့သြတဲ့မျက်နှာနဲ့ ကျွန်တော့်ကို မျက်လုံးကြီး ပြူးကြည့်လိုက်ပါတယ်။

'မင်းက အလွတ်စုံထောက် လုပ်ချင်တယ်ဟုတ်လား။ မဟုတ်သေးပါဘူးကွာ။ ဒီအလုပ်ကို မလုပ်ချင်စမ်းပါနဲ့'လို့ လုံခြုံရေးမှူးကြီးက ပြန်ပြောပါတယ်'

'ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမှာလဲကွ၊ အခု လောလောဆယ်မှာကို တို့ဆီမှာ အလွတ်စုံထောက်အဖွဲ့ ၁၈ ဖွဲ့တောင် ရှိနေပြီပဲ။ ဒီအယ်လ်ပါဆိုလို မြို့ပေါက်စကလေးမှာ အလွတ်စုံထောက်အဖွဲ့တွေဟာ လိုတာထက်တောင် များလွန်းနေပြီ။ အဲဒီတော့ ဒီအလုပ်လုပ်မယ့်အစား တစ်ခြားအလုပ်တစ်ခုခုလုပ်ဖို့ စိတ်ကူးစမ်းပါကွာ'

ဒါပေမဲ့ ကျွန်တော်က ဒီအလွတ်စုံထောက်အလုပ်ကို လုပ်သင့် မလုပ်သင့် အဘက်ဘက်က အမျိုးမျိုး စဉ်းစားပြီးမှလုပ်ဖို့ ယတိပြတ် ဆုံးဖြတ်ခဲ့တဲ့အကြောင်း လုံခြုံရေးမှူးကြီးကို ပြောပြပါတယ်။ ဒါကြောင့် သူ့ဆီက ထောက်ခံချက်မရသည်ဖြစ်စေ၊ ရသည်ဖြစ်စေ၊ ဒီအလုပ်ကိုတော့ လုပ်ဖြစ်အောင်လုပ်ဖို့ သန္နိဋ္ဌာန်ချထားတဲ့အကြောင်း၊ ဒါပေမဲ့ ထောက်ခံချက်ရမယ်ဆိုရင်တော့ ကျွန်တော့် အတွက်ပိုပြီး အဆင်ပြေမယ့်အကြောင်း ပြောပြပါတယ်။ ပြီးတော့ ကျွန်တော်ဟာ အလွတ်စုံထောက်တွေကို လူတွေက အခုထက်ပိုပြီး





တန်ဖိုးထားလာအောင်၊ လေးစားလာအောင်လုပ်ပြဖို့ ရည်ရွယ်ချက်ရှိတဲ့ အကြောင်းကိုလည်း ပြောပြလိုက်ပါတယ်။

'ဒါကတော့ ငါ့အနေနဲ့ ကိုယ်တွေ့ကြုံမှ ယုံရမှာပဲကွ'လို့ လုံခြုံရေးမှူးကြီးက ခနဲ့လိုက်ပြီး 'ကဲ... ကဲ၊ မင်းအနေနဲ့ ဒါလောက်တောင် ဖြစ်နေမှတော့ ငါအတတ်နိုင်ဆုံး ကူညီပါ့မယ်ကွာ'လို့ သူကပြောလိုက်ပါတယ်။ ကျွန်တော်လိုချင်တာကလည်း ဒါပဲမဟုတ်လား။

ဒါနဲ့ ကျွန်တော်တို့နှစ်ယောက်သား မြို့နယ်ရဲမှူးကြီးဆီ သွားကြပါတယ်။ ပထမတော့ ရဲမှူးကြီး "ရိုက်ဆင်ဂျာ"ကလည်း လုံခြုံရေးမှူးကြီးလိုပါပဲ၊ ကျွန်တော့်ကို ဒီအလုပ်မလုပ်ဖို့ ကန့်ကွက်ပါသေးတယ်။ ဒါပေမဲ့ နောက်ဆုံး ကျွန်တော်ရဲ့ စိတ်အားထက်သန်မှုကို နားလည်သဘောပေါက်သွားပြီး၊ လိုင်စင်ထုတ်ပေးလိုက်ပါတယ်။ ကျွန်တော်ရဲ့ အလွတ်စုံထောက်လိုင်စင်နံပါတ်က 'စီ၊ ၀၀၁၀၇၀-၃'ဖြစ်ပြီး၊ 'အယ်လ်ပါဆိုမြို့မှ ဂျေ၊ ဂျေအားမီးအား ဤလိုင်စင်ကို ထုတ်ပေးလိုက်သည်' လို့ ရေးထားပါတယ်။

ကျွန်တော်ဟာ လိုင်စင်စာရွက်ကို ကိုင်ပြီး၊ 'ငါ ဒီအလုပ်ကို အောင်မြင်အောင် ကြိုးစားလုပ်မယ်။ သူတို့တစ်တွေ ငါ့အပေါ်မှာ ယုံကြည်စိတ်ချလာအောင် လုပ်ပြမယ်'ဆိုတဲ့စိတ်နဲ့ ရဲမှူးကြီးရုံးခန်းက ပြန်ထွက်လာခဲ့ပါတယ်။

ဟုတ်ပါတယ်။ အဲဒီအချိန်က လူတွေဟာ အလွတ်စုံထောက်တွေအပေါ်မှာ ဘယ်လိုသဘောထားနေကြတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်။ အလွတ်စုံထောက်တွေဟာ နေရာတကာမှာရှုပ်ပြီး ဘရုတ်ကျနေတဲ့ လူတွေ၊ သေနတ်တကားကားနဲ့ ရှိုးပြပြီး လမ်းသလားနေတဲ့ လူတွေ၊ ယုံလောက်အောင် ဖြီးနေကြတဲ့ 'ငဖြီး'တွေ၊ အပေါက်ရှာပြီး ချောင်းကြည့်ဖို့သာတတ်တဲ့ လူတွေဆိုပြီး လူတွေက နာမည်အမျိုးမျိုးနဲ့ သိက္ခာချနေကြရပါတယ်။ သူတို့ဆီမှာ အမှုအပ်ဖို့ဆိုတာ ရှက်စရာ အလုပ်တစ်ခုလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်နေကြတဲ့ အချိန်အခါမျိုး ဖြစ်နေပါတယ်။ အကြောင်းမသိလို့ အမှုအပ်မိပြီးမှ ကိုးရိုးကားရား ကမောက်ကမဖြစ်ခဲ့ရတဲ့ လူတွေအနေနဲ့ကလည်း အလွတ်စုံထောက်တွေအပေါ် အပုပ်ချလို့ မဆုံးတော့ပါဘူး။ 'ကလေးတွေရဲ့ စုဘူးထဲက အကြွေတွေကို ဖောက်ပြီး ခိုးသွားတဲ့ သူခိုးကိုတောင် မိအောင် ဖမ်းနိုင်တဲ့လူတွေ မဟုတ်ပါဘူးကွာ' ဆိုပြီး အလွတ်စုံထောက်တွေ အကြီးအကျယ် နာမည်ပျက်နေခဲ့ကြပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအဖြစ်မျိုး၊ ဒီအခြေအနေမျိုးကို အားလုံးပြောင်းပစ်ချင်ပါတယ်။ ဆရာဝန်တွေဆီ သွားတဲ့အခါ၊ ရှေ့နေတွေ ငှားတဲ့အခါမျိုးမှာ လူတွေဟာ ဂရုတစိုက်နဲ့ စဉ်းစားပြီးမှ သွားကြ ငှားကြသလို အလွတ်စုံထောက်တွေ ငှားရာမှာလည်း အဲဒီလို အံဝင်ခွင်ကျအောင် တန်ရာတန်ရာ ရွေးချယ်စဉ်းစားကြစေချင်ပါတယ်။ အပြန်အလှန်အားဖြင့် အလွတ်စုံထောက်တွေ ကိုယ်တိုင်ကလည်း ဆရာဝန်တွေ၊ ရှေ့နေတွေလို ဣန္ဒြေရရ၊ သိက္ခာရှိရှိနဲ့ လေးစားလောက်အောင် နေထိုင်ပြုမူကြဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်အဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ရင်းနဲ့ အလွတ်စုံထောက်ဘဝနဲ့လုပ်ဖို့ လိုင်စင်ထုတ်ပေးတဲ့နေရာမှာရော၊ အလွတ်စုံထောက်ဘဝနဲ့ လှုပ်ရှားလုပ်ကိုင်ကြရာမှာရော တင်းကျပ်တဲ့စည်းကမ်းတွေ သတ်မှတ်ချက်တွေ၊ လုံလောက်တဲ့ အရည်အချင်းတွေ ပြဋ္ဌာန်းပေးဖို့ အမြဲတမ်း ကြိုးပမ်းနိုးဆော်ခဲ့ပါတယ်။ အခု ကျွန်တော်ဖွင့်ထားတဲ့ အလွတ်စုံထောက်ပညာ စာပေးစာယူသင်တန်းဟာ ဒီရည်ရွယ်ချက်ကို အဓိကထားပြီး အလွတ်စုံထောက်တစ်ယောက် ဖြစ်ဖို့အတွက် အခြေခံ လိုအပ်ချက်တွေနဲ့ လုပ်နည်းလုပ်ဟန်တွေကို သင်ကြားပေးနေတာပါပဲ။

မှန်တဲ့အတိုင်း ဝန်ခံရရင် ဒီရည်ရွယ်ချက်အတိုင်း လုံးဝအောင်မြင်ပြီးမြောက်ဖို့ ဆိုတာကတော့ တော်တော်ကြာအောင် အချိန်ယူ ကြိုးစားရပါ





လိမ့်ဦးမယ်။ ဒါပေမဲ့ ဒီအလုပ်ကို ကျွန်တော်စပြီး လုပ်ခဲ့တဲ့အချိန်တုန်းကနဲ့စာရင် အခု တော်တော်လေး အခြေအနေ ကောင်းလာပါပြီ။ တော်တော်လေးလည်း သန့်သန့်ရှင်းရှင်း ဖြစ်လာပါတယ်။ တကယ်တော့လည်း ကျွန်တော် စောစောကပြောခဲ့တဲ့ အလွတ်စုံထောက် အေဂျင်စီအဖွဲ့ ၁၈ခုရှိတဲ့အထဲက အယ်လ်ပါဆိုမြို့မှာ လောလောဆယ် အခုအချိန်အထိ ဆက်ပြီး အလုပ်လုပ်နေတဲ့ အလွတ်စုံထောက်အဖွဲ့ဆိုလို့ တစ်ဖွဲ့ပဲ ရှိပါတော့တယ်။ အဲဒီလို ရှားရှားပါးပါးနဲ့ ထူးထူးခြားခြား ကျန်ရှိနေတဲ့ နာမည်ကျော် အလွတ်စုံထောက်အဖွဲ့ကတော့ ဝီလျံကျေဘန်းရဲ့ အဖွဲ့အစည်းပါပဲ။ ဒါတောင် ဒီအဖွဲ့ဟာ ကျွန်တော် မျှော်မှန်းရည်ရွယ်ထားတဲ့ အလွတ်စုံထောက်မျိုး မဟုတ်သေးပါဘူး။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်ရည်မှန်းချက်က တချို့တစ်ဝက် တစ်စိတ်တစ်ဒေသအားဖြင့်တော့ အောင်မြင်ခဲ့တယ်ဆိုရင် မမှားဘူးပေါ့ဗျာ။

■

www.burmeseclassic.com

www.burmeseclassic.com

## မာလွန်ဘရန်ဒိုဓါသား ပြန်ပေးဆွဲမှု

ဂျေအားမီးက သူသည် လက်နှစ်ဖက်မရှိသော်လည်း 'လက်နှစ်ဘက် ရှိနေသူများထက် နေရာအတော်များများတွင် ပို၍ လုပ်နိုင်ကိုင်နိုင်ပါသည်'ဟု ပြောကြားခဲ့သည်မှာ အပိုချဲ့ထွင်၍ ပြောဆိုခဲ့ခြင်း မဟုတ်ပေ။ စင်စစ်အားဖြင့်လည်း သူသည် လက်နှစ်ဖက်စလုံးရှိနေသူများ မလုပ်နိုင် မကိုင်နိုင်သည့် အလုပ်များကို အမှန်တကယ်ပင် လုပ်နိုင်ကိုင်နိုင်ခဲ့သည်။ ရုပ်ရှင်များနှင့် ရုပ်မြင်သံကြားဇာတ်လမ်းများထဲတွင် လူဆိုးများနှင့် ဇာတ်လိုက်များ အပြန်အလှန် လက်သီးများဖြင့် အချက်ပေါင်းများစွာ တအားကြုံး၍ တခွပ်ခွပ် ထိုးကြ ကြိတ်ကြသည်များကို အမြဲလိုလို တွေ့ကြရသည်။ တကယ်တန်း အပြင်မှာသာ ထိုကဲ့သို့ ထိုးနေ ကြိတ်နေကြမည်ဆိုပါက သူတို့လက်ဆစ်များ လက်ချောင်းများမှာ အရိုးများ ကျိုးပဲ့ ကြေမွကုန်ကြမည် ဖြစ်သည်။ သို့သော် ရိုးရိုးလက်မဟုတ်ဘဲ သံမဏိချိတ်ကြီးများဖြင့် လက်အတုတပ်ထားသော ဂျေအားမီးအတွက်မူ ဤပြဿနာမျိုး လုံးဝပေါ်ပေါက်စရာ မရှိပေ။

တကယ်အစွမ်းထက်လှသော ထိပ်တန်းနာမည်ကျော် ကာရာတေး ဆရာကြီးများ၏ လက်များကိုပင် ကြေမွကျိုးပဲ့သွားစေနိုင်သည့် အရာဝတ္ထုများကို ဂျေအားမီးသည် သံချိတ်ကြီးများတပ်ထားသော သူ၏လက်အတုဖြင့် အစိတ်စိတ် အမြွာမြွာ ကွဲအက်လွင့်စင်သွားအောင် ထိုးကြိတ် ရိုက်နှက်ပစ်နိုင်ခဲ့သည်။ သူသည် အထပ်ထပ် ရစ်ပတ် လိမ်ကျစ်ထားသော သံမဏိကြိုးများကို အလွယ်တကူပင် ဖြေနိုင်ခဲ့သလို၊ တငြိးငြိး တောက်လောင်နေသော မီးကျီ မီးခဲများထဲမှ အရာဝတ္ထုပစ္စည်းများကိုလည်း ကောက်ယူနိုင်ခဲ့သည်။ တအားဆောင့်ပိတ်လိုက်သော တံခါးကြားထဲသို့ 'လက်'ကို လျှိုသွင်းနိုင်





သည့်နည်းတူ၊ ပူလွန်းလှ၍ ရဲရဲနီနေသော သံပြားသံချောင်းများကိုလည်း အလွယ်တကူပင် ဆွဲကိုင်ကောက်ယူနိုင်ခဲ့သည်။ အခြားသာမန် လူတစ်ယောက်သာဆိုပါက ဤအလုပ်များသည် အနီးဆုံး ဆေးရုံသို့ အရေးပေါ် ကုသရန် အမြန်ဆုံး ပို့ကြရမည့် အလုပ်များပင် ဖြစ်သည်။

အမှန်စင်စစ် ဂျေအားမီး၏လက်မှ သံချိတ်ကြီးများသည် ပြတ်သွားသော လက်နှစ်ဖက်နေရာတွင် အစားထိုးတပ်ဆင်ထားသည့် လက်အတုများသာလျှင် မဟုတ်ဘဲ၊ သူ့အတွက် လက်နက်ကိရိယာ တန်ဆာပလာများလည်း ဖြစ်နေသည်။ သူ၏ ကိုယ်ပိုင်အားကစားရုံထဲတွင် ဂျူဒို၊ ကာရာတေးသို့မဟုတ် လက်နက်မဲ့ ကိုယ်ခံပညာများကို နေ့စဉ် အချိန်မှန်မှန် လေ့ကျင့်နေသည့် ဂျေအားမီးကို မြင်ရပါမူ သာမန်အားဖြင့် အန္တရာယ်မရှိဟု ထင်မှတ်ရသော သူ့လက်မှ သံချိတ်ကြီးများသည် တစ်ဖက်သားအား သေရွာသို့ ရောက်အောင် ပို့ဆောင်ပေးမည့် ကြောက်စရာလက်နက်ကြီးများ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ သာမန်လူတစ်ယောက်ထက် သုံးဆမျှ ပို၍ အင်အားကြီးမားသော လက်မောင်းအားနှင့် ပခုံးအားများကို အသုံးပြုကာ သူ၏ သံချိတ်ကြီးများဖြင့် လက်ဗွေ့အထိုးကျင့်သည့် အိတ်ကြီးများကို အဆက်မပြတ် တဘုံးဘုံး ထိုးသတ်နေသည်မှာ အကယ်၍သာ ထိုအိတ်ကြီးများသည် သက်မဲ့မဟုတ်ဘဲ အသွေးအသား အရိုးများဖြင့် ဖွဲ့စည်းတည် ဆောက်ထားသည့် သက်ရှိသတ္တဝါတစ်ဦးဖြစ်နေပါက မည်သို့မျှ မစဉ်းစားရဲလောက်အောင်ပင် ဖြစ်မိသည်။

ဂျေအားမီး၏လက်မှ သံချိတ်ကြီးများသည် သာမန်လူများ မလုပ်နိုင်သည့် အလုပ်များကို အတော်များများ လုပ်နိုင်စွမ်းရှိသည်ဖြစ်ရာ ထိုအလုပ်များကို စာရင်းချ၍ ရေးပြရမည်ဆိုပါက ဘယ်အလုပ်ကစ၍ ရေးရမှန်း မသိအောင်ပင် များပြားလှသည်။ အကယ်၍ လူတစ်ယောက်က ဂျေအားမီးအား အလစ်တွင် ဓားမြောင်ဖြင့် ထိုးလိုက်ပါက (ထိုသို့ မကြာခဏလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ဖူးသည်) လျင်မြန် ဖျတ်လတ်လှသော ဂျေအားမီးသည် သူ၏သံချိတ်ကြီးဖြင့် တစ်ဘက်ရန်သူ၏ ဓားမြောင်ကို ရုတ်တရက် ကျင်လည်စွာ ဖမ်း၍ ညှပ်ထားလိုက်မည် ဖြစ်သည်။ ရံဖန်ရံခါ ထိုသို့သံချိတ်ကြီးဖြင့် စိတ်ရှိလက်ရှိ အစွမ်းကုန် တအားညှပ်လိုက်သဖြင့် ဓားမြောင်အသွား ကျိုးပဲ့သွားသည်အထိ ပင် ဖြစ်ခဲ့ဖူးသည်။

အကယ်၍ တစ်စုံတစ်ယောက်က ဂေါ်ပြား၊ သံပိုက်လုံးသို့မဟုတ် ချိန်းကြိုးကိုကိုင်ကာ တအားလွဲ၍ ရိုက်လိုက်မည်ဆိုပါက သာမန်လူတစ်ယောက်အဖို့ အနည်းဆုံး လက်မောင်းများ၊ ပခုံးများ စုတ်ပြတ်ပြီး အဆိုးဆုံး အားဖြင့် ခေါင်းပေါက်၍ ဦးခွံများပင် ကွဲသွားနိုင်သည်။ သို့သော် ဂျေအားမီးမှာမူ သူ၏သံချိတ်ကြီးများကို ကျွမ်းကျင်စွာ အသုံးပြု၍ တုံ့ပြန်တိုက်ခိုက်ခဲ့ရာ တစ်ဖက်ရန်သူမှာ ကိုယ့်လက်နက်ဖြင့်ကိုယ် မရှုမလှ ခံသွားကြရမည်ဖြစ်သည်။

သာမန်လူတစ်ယောက်အဖို့ လက်များ တိခနဲ ပြတ်သွားနိုင်လောက်အောင် "မြ"နေပြီး၊ အသွားထက်လှသည့် လေးလံကြီးမားသော သတ္တုတုံးကြီးများကို ဂျေအားမီးက အလွယ်တကူပင် မယူနိုင်ခဲ့သည်။ ထို့ပြင် သူသည် ကြိုးတစ်ချောင်းတွင်ဖြစ်စေ၊ သစ်ကိုင်းတစ်ကိုင်းတွင်ဖြစ်စေ၊ သို့မဟုတ် အုတ်နံရံတစ်ခုတွင်ဖြစ်စေ၊ အချိန်အကန့်အသတ်မရှိ၊ မညောင်းမညာ မနာမကျင် သက်သက်သာသာဖြင့် တွဲလွဲခို၍ နေနိုင်စွမ်းရှိသူ ဖြစ်သည်။ တစ်ဖန် သူသည် အစများ ဖွာလံကြဲနေသည့် သံမဏိကြိုးကြီးများကို ဆုပ်ကိုင်ကာ တက်ချေဆင်းချေ ပြုလုပ်နိုင်၍ တစ်ခါကဆိုလျှင် အရှိန်ပြင်းစွာဖြင့် ကြောက်စရာကောင်းလောက်အောင် လည်ပတ်နေသော စက်ကြီးတစ်ခုအတွင်းသို့ သူ၏သံချိတ်ကြီးများကို ထိုးသွင်းကာ စက်ကို ရပ်သွားအောင် လုပ်ခဲ့ဖူးသည်။

လက်နှစ်ဖက်ပြတ် အလွှတ်စုံထောက် ဂျေအားမီးသည် ထိုသို့သော အစွမ်းအစများအပြင် အခြားလျှို့ဝှက်သော လုပ်ဆောင်နိုင်ချက်များလည်း





ရှိနေသေး သည်။ ဤလျှို့ဝှက်ချက်များထဲတွင် သတ္တုပြားများကို အပိုင်းပိုင်း အစစဖြစ်အောင် ဖြတ်တောက်နိုင်ကြောင်းနှင့် မည်သည့်သော့ခလောက် အမျိုးအစားကိုမဆို အလွယ်တကူ ဖွင့်နိုင်ကြောင်း သူကိုယ်တိုင်က ပြောပြသဖြင့် သိရှိကြရသည်။ ထို့ပြင် သူ၏သံချိတ်ထိပ်ဖျားများတွင် စိန်သွားများကို လျှို့ဝှက်တပ်ဆင်ထားသဖြင့် မှန်များကို အလွယ်တကူ ဖြတ်တောက်နိုင်ပြီး လိုအပ်သည့်အခါများတွင် ဝိုင်ယာကြိုးများကိုပါ ဖြတ်တောက်နိုင်အောင် လျှို့ဝှက်ကိရိယာများ တပ်ဆင်ထား သည်ဟု သိရသည်။ လက်နက်များကို အသုံးပြုရာ၌လည်း ဂျေအားမီးသည် ပစ်စတို၊ ခြောက်လုံးပြူး စသည်တို့ သာမက စက်သေနတ်ကိုပင် ပစ်ကွင်းမလွဲ အောင် ကိုင်ဆောင်ပစ်ခတ်နိုင်သူ ဖြစ်သည်။

သို့သော် သူ့တွင် သံချိတ်ကြီးများဖြင့် လက်အတု တပ်ထားရသည့် အတွက် တစ်ခုတည်းသော ပျော့ကွက် ဟာကွက်မှာ သွားလေရာရာတွင် "ပေါ်တင်ကြီး" ဖြစ်နေခြင်းပင် ဖြစ်သည်။ အထူးသဖြင့် သူလို အလွှတ်စုံထောက်တစ်ယောက်အဖို့ လက်နှစ်ဖက်ပြတ်နေသည်မှာ အခြားရိုးရိုး သာမန်လူများထက် ပို၍ သိသာထင်ရှားပြီး အန္တရာယ်များလှသည်ဟု ဆိုရမည် ဖြစ်သည်။ သို့ဖြစ်ရာ နောက်ပိုင်း၌ သူသည် ထိုအန္တရာယ်ကို ကာကွယ်ရှောင်ရှားနိုင်ရန်အတွက် ဟောလိဝုဒ်ရုပ်ရှင်မြို့တော်သို့ သွားရောက်၍ နာမည်ကျော် "မိတ်ကပ်"အတုလုပ်သည့် ပညာရှင်တစ်ဦးအား တကယ့်လက်အစစ်နှင့် ခွဲခြားမရအောင်တူသည့် ကော့စ်မက်တစ်လက်အတုများကို အလုပ်ခိုင်းခဲ့သည်။ ထိုသို့ပုံလောင်းထားသည့် လက်အတုကို တကယ် တကယ် အရေးကြီးသည့်အခါမျိုး၌ တပ်ဆင်အသုံးပြုလေ့ရှိရာ ထိုအခါမျိုး၌ သူ့ဘေးမှကပ်၍ ထိုင်နေသူများပင်လျှင် ထိုလက်တုများကို တကယ့် လက်အစစ်ဟု ထင်မှတ်ခဲ့ကြသည်။ ရံဖန်ရံခါ ထိုသို့လက်တုတပ်ထားသော ဂျေအားမီးအား အချို့သောသူများက ဂျေအားမီးဟူ၍ လုံးဝမထင်မှတ်ကြဘဲ သူ့အစ်ကိုနှင့် မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏ လှုမှားလေ့ရှိကြသည်။ လက်တုများပြုလုပ်ရာ၌ ငွေ တော်တော်များများ ကုန်ခဲ့သော်လည်း ကုန်သလောက် ခရီးရောက်လှသည်ဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ သူသည် အဆိုပါ ကော့စ်မက်တစ် လက်အတု ကို မလွှဲမရှောင်သာမှ တပ်ဆင်လေ့ရှိပြီး၊ နေ့စဉ်ပုံမှန်အားဖြင့် သံချိတ်ကြီးများ ကိုသာ အသုံးပြုခဲ့သည်။ ဤသံချိတ်ကြီးများ၏ အစွမ်းအစကို သူအသိဆုံးပင် မဟုတ်ပါလော။

အချို့သောသူများကမူ ဂျေအားမီးသည် သံချိတ်ကြီးများနှင့်အတူ သူ၏ လက်ကောက်ဝတ်၌ အသံဖမ်းနိုင်လွှင့်နိုင်သည့် ကိရိယာများပင် လျှို့ဝှက်တပ်ဆင်ထားသည်ဟု ထင်ကြေးပေးကာ ပြောဆိုခဲ့ကြသည်။ ဤအချက်နှင့်ပတ်သက်၍ သူကိုယ်တိုင် တစ်စုံတစ်ရာဝန်ခံခြင်း၊ ငြင်းဆိုခြင်း များ မပြုဘဲရှိနေခဲ့ရာ မည်သူတစ်ဦးတစ်ယောက်မျှ အမှန်အတိုင်းမသိရဘဲ ဖြစ်နေခဲ့သည်။ သို့သော် ဂျေအားမီးသည် သူ၏ အင်္ကျီလက်များအောက်၌ မည်သို့သော လျှို့ဝှက်ဆန်းကျယ်သည့် လက်နက်ကိရိယာများ ရှိနေသေး ကြောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတိအကျ ဖွင့်ဟပြောကြားခြင်း မရှိခဲ့သော်လည်း၊ သူကိုယ်တိုင် သက်စွန့်ဆံဖျား လိုက်လံ စုံစမ်းထောက် လှမ်းခဲ့သည့် အမှုများအကြောင်းကိုမူ သူ့ထံ လာရောက်တွေ့ဆုံ မေးမြန်းသူ များအား ခရေစေ့တွင်းကျ ပြောပြလေ့ ရှိသည်။

ထိုသို့သော အမှုများအနက်မှ စိတ်ဝင်စားဖွယ် ကောင်းလှသည့် တစ်ခုသော အမှုကို သူပြောပြသည့်အတိုင်း ပြန်လည်ဖောက်သည်ချရမည် ဆိုပါက–

***

ကျွန်တော့်ဆီကို ဒီအမှုစပြီး ရောက်လာပုံကတော့ တစ်ခြားအမှုတွေလို တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး ရောက်လာတာပါပဲ။





ဒါပေမဲ့ ဒီအမှုဟာ တစ်ခြားအမှုတွေထက် ပိုပြီးထူးခြားဆန်းကြယ် တယ်လို့ ဆိုရပါလိမ့်မယ်။ ဒီအမှုကြောင့် ကျွန်တော်ဟာ အင်မတန်ချောင်ကျ တဲ့ မက္ကဆီကိုရွာကလေး တစ်ရွာနားမှာ ရဟတ်ယာဉ်ပျက်ကျတော့မလို့ သေတော့မလို ဖြစ်ခဲ့ရပါတယ်။ ဒီအမှုကို အကြောင်းပြုပြီး ကျွန်တော့်နာမည်နဲ့ ကျွန်တော့်သတင်းဟာ ကမ္ဘာ့စာနယ်ဇင်းတွေမှာ စာလုံးမည်းကြီးတွေနဲ့ ပါလာခဲ့ပါတယ်။ ဒီအမှုကြောင့် တရားရုံးတော်မှာ ၁၀ နှစ် ကျော်ကြာပြီး၊ လိပ်ခဲတည်းလည်းဖြစ်နေခဲ့တဲ့ အရေးအခင်းတစ်ခုဟာ ပြီးပြတ်သွားခဲ့ပါ တယ်။ ဒါပေမဲ့ ကျွန်တော့်ဆီကို ပထမဆုံး တယ်လီဖုန်းနဲ့ဆက်ပြီး အကြောင်း ကြားတုန်းကတော့ ကျွန်တော်ဟာ ဒီအဖြစ်အပျက်တွေ ဖြစ်ပျက်လာလိမ့် မယ်လို့ လုံးဝမထင်ခဲ့ပါဘူး။

နိုင်ငံတကာ တယ်လီဖုန်းဆက်သွယ်ရေးဌာနက ကျွန်တော့်ကို လှမ်း ခေါ်ပြီး ပါရီမြို့က ဖုန်းလာနေတယ်လို့ ပြောပါတယ်။ ကျွန်တော့်ဆီ လှမ်း ဆက်တဲ့လူကတော့ တစ်ခြားလူ မဟုတ်ပါဘူး။ ကမ္ဘာကျော် ရုပ်ရှင်သရုပ် ဆောင် မင်းသားကြီး "မာလွန်ဘရန်ဒို"ပါပဲ။ ကျွန်တော်ဟာ မာလွန်ဘရန်ဒို နဲ့ အရင်ကတည်းက ရင်းနှီးခဲ့ပါတယ်။ ကျွန်တော် ပထမဆုံး ရုပ်ရှင်နယ်ထဲ ရောက်စတုန်းက ကာလီဖိုးနီးယားမှာ သူ ပါဝင်သရုပ်ဆောင်တဲ့ ရုပ်ရှင်ဇာတ် ကားတစ်ကားထဲမှာ မထင်ရှားတဲ့နေရာက ပါခဲ့ဖူးပါတယ်။

'ဒီမယ် ဂျေ၊ ကျွန်တော့် သားကလေး ပြန်ပေးဆွဲခံရလို့၊ အဲဒါ ခင်ဗျား သူ့ကို တွေ့အောင် ရှာပေးစေချင်တယ်' အရင်တုန်းက အတိုင်းပါပဲ၊ ဘရန်ဒိုက တိုတိုရှင်းရှင်းနဲ့ လိုရင်းကို ပြောပါတယ်။

ကျွန်တော်ကလည်း အဲဒီသတင်းကို အခုပဲ ရုပ်မြင်သံကြားထဲမှာ ကြားလိုက်ရတဲ့အကြောင်း သူ့ကို ပြန်ပြောလိုက်ပါတယ်။ ဒါပေမဲ့ ရုပ်မြင်သံ ကြားထဲမှာတော့ မာလွန်ဘရန်ဒိုရဲ့သားကလေး ပျောက်ဆုံးနေတဲ့ အကြောင်း လောက်ပဲပါပြီး တခြားအသေးစိတ် ဘာမှပြောမသွားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်တော်က ပြန်ပေးဆွဲခံရတဲ့ အမှုတွေရဲ့ ထုံးစံလုပ်နေကျ အတိုင်း ဒီကလေးကို ပြန်ရွေးဖို့ ပြန်ပေးသမားတွေက ငွေတောင်းကြသလား လို့ မေးကြည့်လိုက်တော့ 'အခုအထိတော့ ငွေမတောင်းသေးဘူး' လို့ ဘရန်ဒီ က ပြန်ပြောပါတယ်။

'ဒီလိုဆိုရင် ကျွန်တော့်ကို အဖြစ်အပျက် အစကအဆုံး ပြောပြပါဦး'

ဒီနေရာမှာ ဘရန်ဒီရဲ့သားနဲ့ပတ်သက်လို့ ကျွန်တော် နည်းနည်းပါး ပါး သိထားတာ ရှိပါတယ်။ ဒါကလည်း တစ်ကမ္ဘာလုံး မကြားချင်အဆုံး လူတိုင်း သိနေကြတဲ့ကိစ္စပါ။ ဘာလဲဆိုတော့ ဘရန်ဒီနဲ့ဇနီးဟောင်း "အင်နာ ကာကျ်ရှိဖီ" တို့ဟာ အခု ပြန်ပေးဆွဲခံရတဲ့ သူတို့သားကလေးကို သူ ရသင့် တယ်၊ ငါ ရသင့်တယ်ဆိုပြီး တရားရုံးမှာ တစ်ဖက်နဲ့တစ်ဖက် အမှုဖြစ်နေ ကြတာ ဆယ့်တစ်နှစ်လောက် ရှိနေပြီဆိုတဲ့သတင်းပါပဲ။ အဲဒီကလေးက အခု အသက် ၁၃ နှစ်ရှိနေပါပြီ။ သူ့နာမည်ကတော့ "ဒီဗီ ခရစ္စယန်"လို့ ခေါ်ပါတယ်။

အခု ဘရန်ဒီပြောပြသလောက် သိရတာကတော့ သူ့သားကလေး ကို သူနဲ့အတူ နေခွင့်ရအောင် တရားရုံးမှာ အမှုဆိုင်ရင်းနဲ့ အမှုမပြီးနိုင်ဘဲ ရှေ့နေတွေ တစ်ယောက်ပြီးတစ်ယောက် ငှားနေရတာနဲ့ ဒေါ်လာတွေ ထောင်နဲ့ချီပြီး ကုန်နေရတယ်လို့ ဆိုပါတယ်။ နောက်တစ်ခုက သူ့ဇနီး ဟောင်း အင်နာရဲ့ လက်ရှိအပေါင်းအသင်းတွေဟာ လူကောင်းသူကောင်း တွေ မဟုတ်တဲ့အကြောင်းနဲ့ ဒီကလေးရလိုမှုကို အကြောင်းပြုပြီး၊ အမြတ် ထုတ်နေကြတယ်လို့ ဘရန်ဒီက ပြောပြပါတယ်။ နောက်တစ်ခု သူ့စိတ်မှာ သံသယဖြစ်ပြီး၊ စိုးရိမ်မိတာက မကြာခင်က ရုံတင်ပြသသွားခဲ့တဲ့ "ဂေါ့ဒ်ဖား သား" ဇာတ်ကားထဲမှာ သူဟာ မာဖီးယားဂိုဏ်း ခေါင်းဆောင်ကြီး "ဒွန်၊ ဗစ်တိုကော်လီယိုနီ"အဖြစ် သရုပ်ဆောင်ခဲ့တဲ့အတွက် မာဖီးယားဂိုဏ်းသား တွေက ဒေါပွပြီး လက်စားချေတဲ့သဘောနဲ့ သူ့သားကလေး ခရစ္စယန်ကို





အခုလို ပြန်ပေးဆွဲသွားလေသလားလို့ ယူဆမိတဲ့အကြောင်းလည်း ပြောပြ ပါတယ်။

ကျွန်တော်က ဒီလိုတော့ မထင်ဘူးလို့ ဘရန်ဒီကို ပြန်ပြောလိုက်ပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ မာဖီးယားလို ကြီးကျယ်တဲ့ မြေအောက်ဂိုဏ်း ကြီးတွေဟာ ဒီလိုလုပ်လေ့လုပ်ထမရှိဘဲ၊ သူတို့အနေနဲ့ တစ်ခုခု မကျေနပ်လို့ လက်စားချေမယ်ဆိုရင် ကာယကံရှင်ကိုသာ တိုက်ရိုက်တုံ့ပြန်ပြီး အပြစ်ပေး လေ့ရှိကြလို့ပါပဲ။ ဒါကြောင့် အခုပြန်ပေးဆွဲမှုဟာ သာမန်တစ်ပွဲတိုး အပျော် တမ်း ကျူးလွန်နေကြတဲ့ ပြန်ပေးသမား အပေါစားတွေရဲ့လက်ချက် ဖြစ်ဟန် တူတယ်လို့ ပြောလိုက်ပါတယ်။ ဒါတောင်မှ ဒီအပေါစား ပြန်ပေးသမားတွေ ဟာ နာမည်ကြီးပြီး ထင်ရှားကျော်ကြားနေတဲ့ မိဘတွေရဲ့ သားသမီးတွေကို ပြန်ပေးဆွဲတဲ့အမျိုး သိပ်လုပ်လေ့ လုပ်ထ မရှိကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုကလေးမျိုးကို ပြန်ပေးဆွဲမိရင် သတင်းစာတွေထဲမှာ ပြူးတူးပြဲတဲနဲ့ သတင်းတွေ ပါလာပြီး အုတ်အော်သောင်းတင်း ဖြစ်တတ်လို့ပါပဲ။ ပြီးတော့ ဒီလိုကလေးမျိုးကို လူတွေ အတော် များများက မြင်ဖူး တွေ့ဖူးနေကြပြီး၊ မျက်မှန်းတန်းမိနေကြတော့ လူမသိအောင် မမြင်အောင် ကြာကြာဝှက်ထား ဖို့ဆိုတာလည်း အတော်ခဲယဉ်းပါတယ်။ ဒါကြောင့် သူတို့တစ်တွေဟာ ပိုက်ဆံချမ်းသာပြီး နာမည်မကျော်ကြား မထင်ရှားတဲ့ စီးပွားရေးလုပ်ငန်းရှင် ကြီးတွေရဲ့ သားသမီးတွေကိုသာ ရွေးပြီး ပြန်ပေးဆွဲလေ့ရှိတဲ့အကြောင်း ဘရန်ဒီကို အသေးစိတ် ရှင်းပြရပါတယ်။

ဘရန်ဒီပြောပြချက်အရ ပြန်ပေးဆွဲခံရတဲ့ကလေးနဲ့ ပတ်သက်လို့ နောက်ထပ်သိရတာကတော့ ကလေးဟာ ကာလီဖိုးနီးယားပြည်နယ်၊ အိုဂျေ ဆိုတဲ့မြို့က အလွှတ်ပညာသင်ကျောင်းမှာ ကျောင်းအိပ် ကျောင်းစား တက်နေ ပါတယ်။ အဲဒီမှာ ဘရန်ဒီရဲ့ရှေ့နေကိုယ်တိုင် မကြာခင်က ကလေးရဲ့အခြေ အနေကို စိတ်မချလို့ သွားပြီး စုံစမ်းလိုက်တော့ အဲဒီခရစ္စယန်ကလေးဟာ

www.burmeseclassic.com



လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ နောက်ပိုင်းကတည်းက ကျောင်းမတက်ဘဲနေတာ တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါနဲ့ဆက်ပြီး စုံစမ်းကြည့်လိုက်တော့ ခရစ္စယန် ကလေးမှာ လျှာခင်ရောင်တဲ့ ရောဂါဖြစ်လို့ သူ့အမေက လာခေါ်သွားတယ် လို့ သိရပါတယ်။ အဲဒီအချိန်ကစပြီး ကလေးဟာ ကျောင်းကို ပြန်မရောက် တော့ဘဲ သူ့အမေဆီမှာ အဲဒီလို ခဏသွားနေတုန်း ပြန်ပေးဆွဲခံရတာပဲလို့ ဘရန်ဒိုက ပြောပြပါတယ်။ ကျွန်တော်က ခရစ္စယန်နေတဲ့ကျောင်းကို သွား စုံစမ်းခဲ့တဲ့ ဘရန်ဒိုရဲ့ ရှေ့နေနာမည်နဲ့ တခြားဒီအမှုအတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေ အမြန်ဆုံးပေးပို့ဖို့ ဘရန်ဒိုကို ပြောလိုက်ပြီး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ အင်နာကကျ်ရှိဖီးဟာ တစ်နည်းနည်းနဲ့ ပတ်သက်နေတယ်လို့ ယူဆရကြောင်း လောလောဆယ် ကျွန်တော်စဉ်းစားမိသလောက် ဖွင့်ပြော လိုက်ပါတယ်။

'ဖြစ်မယ်ဆိုရင် ဖြစ်နိုင်စရာတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ နိုင်လုံတဲ့ အထောက်အထားတွေ ပြနိုင်ဖို့ လိုတယ်လေ၊ အဲဒီတော့ အခု ကျွန်တော် နောက်ထပ် တစ်ရက်နှစ်ရက်လောက် ပါရီမှာ ရပ်ရှင်ရိုက်စရာ ရှိနေသေးတယ်။ ဒီက ပြီးပြီးချင်း ကျွန်တော် ခင်ဗျားနဲ့လာတွေ့ပြီး ဆွေးနွေး စရာရှိတာတွေ ဆက်ဆွေးနွေးပါမယ်။ ဘာပဲဖြစ်ဖြစ် ဒီအမှုနဲ့ပတ်သက်လို့ လုပ်စရာရှိတာကတော့ အခုကတည်းကစပြီး လုပ်စေချင်ပါတယ်' လို့ ဘရန်ဒို က နောက်ဆုံး မှာသွားပါတယ်။

တကယ်တော့လည်း ကျွန်တော်ဟာ ဒီအမှုနဲ့ပတ်သက်လို့ လုပ်စရာ ရှိတာတွေ စပြီးလုပ်နေပြီလို့ ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု မှာလွန်ဘရန်ဒိုကို တယ်လီဖုန်းထဲမှာ ဒီအမှုနဲ့ပတ်သက်လို့ မေးသင့်မေးထိုက် တာတွေ စုံစမ်း မေးမြန်းခဲ့တာဟာ ဒီအမှုကို စကိုင်လိုက်တာပါပဲ။

ဒါပေမဲ့ ကျွန်တော့်အတွက် အရေးကြီးတဲ့ အချက်အလက်ကို လုံးဝ မသိလိုက်ရဘဲ ဖြစ်ခဲ့ပါတယ်။ အဲဒါကတော့ အဲဒီကလေးဟာ ပြန်ပေးဆွဲခံရ





တဲ့နေ့က ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လိုအဝတ်အစားတွေ ဝတ်ထားသလဲဆိုတာ ပါပဲ။ ဒါကိုတော့ ဘရန်ဒိုကိုယ်တိုင်လည်း ဘယ်လိုမှ ဂဃနဏ ပြောမပြနိုင်ခဲ့ ပါဘူး။ နောက်ပြီးတော့ ဒီကလေးဟာ တကယ်ပဲ ပြန်ပေးဆွဲခံရတာမှ ဟုတ်ရဲ့လားဆိုတာလည်း တိတိကျကျ ဆုံးဖြတ်လို့ မရသေးပါဘူး။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်က ဒီကိစ္စနဲ့ပတ်သက်လို့ အခြေအနေ အရပ်ရပ်ကို အသေး စိတ် စုံစမ်းလေ့လာဖို့ ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ကို အမြန်ဆုံး လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

မကြာခင် အဲဒီမြို့ကို ရောက်သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ ပထမဆုံး ဘရန်ဒိုရဲ့ ဇနီးဟောင်း အင်နာကကျ်ရှီ နေတဲ့အိမ်ကို နေ့ရောညပါ ၂၄ နာရီ မပြတ်စောင့်ကြည့်ဖို့ စီစဉ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီ ပတ်ဝန်းကျင်တစ်ဝိုက်က အိမ်နားနီးချင်းတွေကို စုံစမ်းကြည့်ခဲ့ပါတယ်။ တကယ်တော့ ဒီလိုစုံစမ်းရတာ သိပ်မလွယ်လှပါဘူး။ တစ်အိမ်တက်ဆင်း အိမ်ပေါက်စေ့ တံခါးတွေခေါက်ပြီး မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးရတဲ့ အလုပ်ဟာ အတော်ကလေး 'ကြောင်' ပါတယ်။ ဒီကြားထဲမှာ တချို့အိမ်တွေ က ဒီလိုမေးတာမြန်းတာကို သိပ်မကြည်ကြပါဘူး။ တချို့ဆိုရင် ဒီလိုမေးတာ ကို လုံးဝမကျေနပ်လို့ ဘုမှတ်ပြီး ပြန်ချဲတတ်ကြပါတယ်။ ဒါပေမဲ့ တကယ့် တကယ်ပြောရမယ်ဆိုရင် ဒီလိုအိမ်နားနီးချင်း ပတ်ဝန်းကျင်ကို စနစ်တကျ အသေးစိတ် စုံစမ်းလေ့လာနိုင်တာနဲ့ အမျှ အမှုတစ်ခုမှာ သက်သေခံ အထောက်အထား စာရွက်စာတမ်းတွေထက် ပိုပြီးခိုင်လုံ တိကျတဲ့ အချက် အလက်တွေ ရနိုင်ပါတယ်။

ဒီလိုပတ်ဝန်းကျင် အိမ်နားနီးချင်းတွေကို လေ့လာတဲ့အခါမှာ အမှုနဲ့ ပတ်သက်တဲ့ ကာယကံရှင် အိမ်သူအိမ်သားတွေနဲ့ အကျွမ်းတဝင် ခင်မင် ရင်းနှီးပြီး မကြာခဏ ဒီအိမ်ကို ဝင်ထွက်သွားလာတတ်ကြတဲ့ အိမ်နားနီးချင်း တွေ မှန်သမျှကို တစ်ယောက်မကျန် မေးမြန်းစုံစမ်းဖို့ လိုပါတယ်။ အဲဒီအိမ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေတဲ့ ဟိုဘက် သည်ဘက်က အိမ်တွေရော၊ နှစ်အိမ် သုံးအိမ်ခြားနေတဲ့ အိမ်တွေရော၊ မျက်နှာချင်းဆိုင်နဲ့ မျက်စောင်းထိုးအိမ်တွေပါ ကျွန်တော် မေးမြန်းစုံစမ်း ရပါတယ်။ အဲဒီအိမ်မှာ အခုရှိနေကြတဲ့ လူတွေဟာ ဘယ်တုန်းက ဒီအိမ်ကို ပြောင်းလာကြတာလဲ၊ အမှုနဲ့ပတ်သက်နေတဲ့အိမ်ကို ဘယ်သူတွေ ဝင်ထွက်သွားလာလေ့ ရှိကြသလဲ။ အဲဒီအိမ်နဲ့ မလှမ်းမကမ်းမှာ မကြာခဏ ဘယ်လိုကားမျိုးတွေ ရပ်ထားတာ တွေ့ရသလဲဆိုတာတွေကို အဲဒီအိမ်နဲ့ ပုံမှန်ဆက်သွယ်နေကြရတဲ့ သတင်းစာပို့သမားတွေ၊ စာပို့သမားတွေနဲ့ ဈေးသည်ကိုပါမကျန် မေးမြန်းစုံစမ်း ကြည့်ရပါတယ်။

ဒီလိုနဲ့ ကျွန်တော်တာဝန်ပေးထားတဲ့ စုံထောက်တွေနဲ့ ကျွန်တော်ကိုယ်တိုင် အဲဒီပတ်ဝန်းကျင်တစ်ဝိုက်ကို နေ့ရောညပါ လှေ့လာစောင့်ကြပ်ပြီး စုံစမ်းမေးမြန်းကြည့်ရာက ဘရန်ဒီရဲ့ဇနီးဟောင်းနေတဲ့အိမ်ဟာ ဒီအရပ်ဒီလမ်းထဲမှာ တော်တော် ကလေးနာမည်ကြီးနေတယ်ဆိုတာ သိလာရပါတယ်။ နာမည်ကြီးနေတယ်ဆိုတာကတော့ တခြားမဟုတ်ပါဘူး။ အဲဒီအိမ်ကို လူပေါင်းစုံ ဝင်ထွက်နေကြပြီး၊ အိမ်နားနီးချင်းတွေ သည်းမခံနိုင်အောင် အမြဲတမ်း ဆူဆူညံညံနဲ့ အော်ကြဟစ်ကြ ဆူကြ ပူကြပြီး၊ တစ်ခါတစ်ခါ သူတို့အချင်းချင်း ထိုးကြ ကြိတ်ကြ ရန်တွေဖြစ်ကြလို့ မကြာခဏ ရဲကလာပြီး ထိန်းရ သိမ်းရတဲ့အထိ ဖြစ်ရတယ်လို့ သိရပါတယ်။

အဲဒါအပြင် နောက်တစ်ခု တိတိကျကျ စုံစမ်းလို့ရခဲ့တဲ့ အချက်တစ်ချက်က အင်နာဟာ သူ့မိတ်ဆွေ "ရှာလီဟော့မန်း"ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ အစုရှယ်ယာစပ်တူလုပ်ပြီး "ကမ္ဘာ့ခရီးသွားလာရေးကုမ္ပဏီ" တစ်ခုတည်ထောင်ထားတယ်လို့ သိခဲ့ရပါတယ်။ ပြီးတော့ အဲဒီကုမ္ပဏီဟာ မက္ကဆီကိုနိုင်ငံ နယ်စပ်ဒေသရဲ့ တောင်ဘက်နားမှာ ကပ်နေတဲ့ "မက္ကဆီကာလီ" မြို့ကလေးမှာ ရုံးခန်းဖွင့်ထားတယ်လို့ အတိအကျ သိခဲ့ရပါတယ်။ ဒီသတင်းဟာ ကျွန်တော့်အတွက် အရေးကြီးတဲ့သတင်းလို့ ဆိုရပါမယ်။





ဘာဖြစ်လို့လဲဆိုတော့ သူတို့သား ခရစ္စယန် ပြန်ပေးဆွဲခံရတဲ့ အမှုကို အင်နာဟာ အဲဒီမြို့က ရဲစခန်းမှာ ပထမဆုံးစပြီး တိုင်ချက်ဖွင့်ခဲ့လို့ပါပဲ။

ဒီသတင်းကို ကြားရတဲ့အချိန်မှာပဲ ကျွန်တော်တို့ဟာ တခြားအရေးကြီးတဲ့ အမျိုးသမီးတစ်ယောက်နဲ့ တွေ့ခဲ့ရပါတယ်။ မာရီယန်ဆိုတဲ့ အဲဒီအမျိုးသမီးဟာ တခြားသူမဟုတ်ပါဘူး။ အင်နာနဲ့ တစ်လမ်းတည်းမှာ နေပြီး၊ အင်နာရဲ့အိမ်မှာ လူတွေ ဥဒဟို ဝင်ထွက်နေကြရာက ဆူဆူညံညံနဲ့ အိမ်နားနီးချင်းတွေ အနှောင့်အယှက်ဖြစ်အောင် အော်ကြ ဟစ်ကြ ရန်ဖြစ်ကြတာတွေကို သည်းမခံနိုင်လို့ ရဲစခန်းကို တိုင်ခဲ့တဲ့ အမျိုးသမီးပါ။ ဒီအမျိုးသမီးနဲ့ တွေ့လိုက်ရတာဟာ စောစောက ကျွန်တော်ပြောခဲ့သလို အရေးကြီးတဲ့ သက်သေခံ စာရွက်စာတမ်း အထောက်အထားတွေထက် ပိုပြီး ခိုင်လုံတဲ့ အချက်အလက်တွေကို မမျှော်လင့်ဘဲ ရှာတွေ့လိုက်ရတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအိမ်နီးနားချင်းတွေကို အမြဲအနှောင့်အယှက် ပေးနေတဲ့ အင်နာကို ဒေါ်အပွကြီး ပွပြီး၊ အဲဒီအိမ်ကို ဝင်ထွက်နေကြတဲ့ လူတွေရဲ့ကား နံပါတ်တွေကို မာရီယန်က တစ်ခုမကျန် စိတ်ရှည်လက်ရှည် စောင့်ပြီး မှတ်ထားလို့ပါပဲ။

မာရီယန်က စာရွက်အသေးလေးတစ်ရွက်နဲ့ သူမှတ်ထားတဲ့ မော်တော်ကားနံပါတ်စာရင်းတွေကို ဝမ်းသာအားရ လိုလိုလားလားနဲ့ ကျွန်တော့်ကို ထုတ်ပြပါတယ်။ ပိုပြီးစေ့စပ်သေချာတာက သူဟာ ကားနံပါတ်တွေနဲ့အတူ ဒီကားတွေ ဘယ်နေ့က ဒီအိမ်ကို လာတယ်ဆိုတဲ့ နေ့စွဲတွေပါ ကျကျနန အသေးစိတ် မှတ်ထားတာ တွေ့ရပါတယ်။ အဲဒီစာရင်းထဲမှာ နောက်ဆုံး တွေ့ရတာကတော့ ၁၉၇၂ ခုနှစ် မတ်လ ၅ ရက် နေ့စွဲနဲ့ ရောက်လာခဲ့တဲ့ ကားတစ်စီးပါပဲ။ ဒါနဲ့ ကျွန်တော်က အဲဒီကားဟာ ဘယ်လိုအမျိုးအစားလဲလို့ မာရီယန်ကို မေးကြည့်လိုက်ပါတယ်။

'အဲဒီကားဟာ ရိုးရိုးလူစီးကားမျိုး မဟုတ်ဘူး၊ မိသားစု ညအိပ်ညနေခရီးသွားရာမှာစီးတဲ့ ဗောက်စ်ဝက်ဂွန် အမျိုးအစား ဘတ်စ်ကားပါပဲ၊ အရောင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အနီရောင်ပဲ။ ပြီးတော့ ကားဘောဒီမှာလည်း စာတွေ ရေးထားတာ တွေ့ရတယ်။ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ပတ်သက်တဲ့ စာတမ်းမျိုးပါပဲ'

'ကမ္ဘာ့ခရီးသွားလာရေးကုမ္ပဏီဆိုတဲ့ စာတန်းမျိုးများလား'

'အဲ၊ ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီအတိုင်းပဲ'

မာရီယန်ရဲ့စကားကြောင့် ကျွန်တော်တို့ အလုပ်ဖြစ်သွားကြပါပြီ။

အဲဒီနောက်တော့ ကျွန်တော်ဟာ ကျွန်တော့်လူသုံးယောက်ကို တီဂျူအာနာ၊ တီကာတီနဲ့ မက္ကဆီကာလီဆိုတဲ့ နယ်ခြားမြို့ကလေး သုံးမြို့ကို လွှတ်လိုက်ပါတယ်။ အဲဒီနယ်ခြားမြို့ကလေးတွေမှာ မာရီယန်ပြောတဲ့ ဖောက်စ်ဝက်ဂွန် အနီရောင်ကားတစ်စီး နယ်ခြားကိုဖြတ်ပြီး မက္ကဆီကိုနိုင်ငံထဲ ဝင်သွားမသွား သိရအောင် စုံစမ်းကြည့်ဖို့ မှာလိုက်ပါတယ်။ တကယ်လို့ မက္ကဆီကိုနိုင်ငံဘက်ကို အဲဒီကားဝင်သွားတယ်ဆိုရင် နယ်ခြားကူးသန်းသွားလာရေးဌာနမှာ မှတ်တမ်းတွေ့ရမှာပါပဲ။

နယ်စပ်က သတင်းကို စောင့်ရင်းနဲ့ ကျွန်တော်ဟာ ရဟတ်ယာဉ် တစ်စီးကို စင်းလုံးငှားဖို့ စီစဉ်ရပါတယ်။ ကျွန်တော်လိုချင်တဲ့ ရဟတ်ယာဉ် အမျိုးအစားက စက်အားကောင်းပြီး၊ ခရီးကို အနိမ့်အမြင့် လိုသလို ပျံသန်း နိုင်တာမျိုးပဲ ဖြစ်ပါတယ်။ နောက်ဆုံးတော့ လူ ၅ ယောက် စီးနိုင်ပြီး၊ တစ်နာရီ မိုင်၁၄၀ နှုန်းနဲ့ အမြင့်ပေ ၅၀၀၀ ကနေ မိုင် ၄၀၀ အကွာအဝေး အထိ ပျံသန်းနိုင်တဲ့ "ဟယု ၅၀၀"အမျိုးအစား ရဟတ်ယာဉ်တစ်စီး ရလာ ခဲ့ပါတယ်။ အဲဒီအတွက် ကုန်ကျတဲ့ငွေကတော့ မနည်းလှပါဘူး။

အဲဒီညမှာပဲ မက္ကဆီကာလီရောက်နေတဲ့ ကျွန်တော့်လူဆီက ဖုန်းလာ ပါတယ်။

'မစ္စတာ အားမီး၊ ကျွန်တော်တို့အတွက် ကံကောင်းတယ်လို့ ဆိုရ မှာပဲ၊ အနီရောင် ဖောက်စ်ဝက်ဂွန်တစ်စီး တနင်္လာနေ့ကပဲ နယ်စပ်ကို ဖြတ် သွားတယ်လို့ သိရတယ်'





သူ ပြောတဲ့အတိုင်းဆိုရင် လွန်ခဲ့တဲ့ ၄ ရက်ကပါပဲ။ ၄ ရက်ဆိုတော့ အဲဒီကားဟာ အတော်ကလေး ခရီးပေါက်သွားပြီလို့ ယူဆရပါတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ဒီအတွက် ကျွန်တော်တို့မှာ ခြေရာခံလို့ ရနိုင်မယ့် လမ်းနှစ် သွယ် ရှိပါတယ်။ တစ်ခုက နယ်ခြားရုံး နိုင်ငံကူးခွင့်ပြုချက် လျှောက်လွှာကို ကြည့်လိုက်ရင် သူတို့မက္ကဆီကိုနိုင်ငံထဲမှာ ဘယ်မြို့ဘယ်နေရာအထိ သွား မယ်ဆိုတာရယ်၊ ဘယ်လောက်ကြာကြာ နေမယ်ဆိုတာရယ် တန်းခနဲ သိနိုင် ပါတယ်။ နောက်တစ်ခုကတော့ သူတို့ကားဘောဒီမှာ ရေးထားတဲ့စာတန်းအရ "ကမ္ဘာလှည့်ခရီးသွား ကုမ္ပဏီ" ကား ဖြစ်နေတဲ့အတွက် သူတို့ဟာ မက္ကဆီကို နိုင်ငံက အပြန်ကျရင် သူတို့ပထမဝင်သွားတဲ့ မက္ကဆီကာလီမြို့ နယ်ခြားရုံး ကပဲ ပြန်လာရပါမယ်။ ဒါကြောင့် သူတို့နောက်ကို ကျွန်တော်တို့ အမြင်း အထန် လိုက်လာမှန်းသိလို့ အမေရိကန်ပြည်ထောင်စုထဲ အလစ်ပြန်ဝင် သွားမယ်ဆိုရင် စောင့်ဖမ်းရအောင် မက္ကဆီကာလီ နယ်ခြားရုံးမှာ ကျွန်တော့် လူတစ်ယောက် အဆင်သင့် ထားခဲ့ပါတယ်။

စီစဉ်ထားတဲ့အတိုင်း နယ်ခြားရုံးကိုလှမ်းပြီး စုံစမ်းလိုက်တော့ ကျွန်တော်တို့ နောက်ယောင်ခံလိုက်နေတဲ့ အနီရောင်ကားရဲ့ ပိုင်ရှင်ဟာ "ဂျိမ်းတယ်ရီ"လို့ သိရပြီး၊ အဲဒီကားဟာ မက္ကဆီကိုနိုင်ငံ "ဘာဂျာကာလီ ဖိုးနီးယား"ဆိုတဲ့ ပြည်နယ်အထိ သွားမယ်လို့ ဆိုပါတယ်။ သူတို့ဟာ မက္ကဆီ ကိုနိုင်ငံမှာ တနင်္ဂနွေသုံးပတ် လေးပတ်လောက်နေဖို့ စီစဉ်သတ်မှတ်ထား တယ်ဆိုတာလည်း သိရပါတယ်။

လိုအပ်တာတွေ စုံစမ်းပြီးတဲ့နောက် ကျွန်တော်ဟာ စန်ဒီဂိုနိုင်ငံ တကာလေဆိပ်ကို လှမ်းဖုန်းဆက်ပြီး၊ ကျွန်တော်ငှားထားတဲ့ ရဟတ်ယာဉ်ကို အဆင်သင့် လုပ်ထားဖို့ ပြောလိုက်ပါတယ်။ နောက်နာရီဝက်အကြာမှာတော့ ကျွန်တော်ဟာ စန်ဒီဂိုမြို့ကို ဦးတည်ပျံသန်းနေတဲ့ အမေရိကန်လေကြောင်း ကုမ္ပဏီပိုင် ဂျက်လေယာဉ်တစ်စင်းပေါ်မှာ အငြိမ့်သားထိုင်ပြီး ကိုကာကိုလာ



www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်း ကျွန်တော့်ရှေ့က ဘာဂျာကာလီဖိုးနီးယားပြည်နယ်ရဲ့ မြေပုံကြီးကို ဖြန့်ကြည့်ပြီး လိုက်ပါလာခဲ့ပါတယ်။

ဘာဂျာကာလီဖိုးနီးယားပြည်နယ်ဟာ မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်း ကာလီဖိုးနီးယားကျွန်းဆွယ်နဲ့ ပစိဖိတ်သမုဒ္ဒရာအကြားမှာ အလျားမိုင် ၆၀၀၊ အနံမိုင် အများဆုံး ၁၃၀ သာရှိပြီး အင်မတန်ခေါင်တဲ့ အရပ်ဒေသဆိုတာ တွေ့ရပါတယ်။ ရှည်မျောမျောကြီးဖြစ်နေတဲ့ အဲဒီပြည်နယ်ရဲ့မြေအနေအထားကတော့ အလယ်တည့်တည့်တစ်လျှောက်မှာ ဆီးယားရားတောင်တန်းကြီးဟာ ကျောကုန်းကြီးလို ဖြစ်နေပြီး၊ အနောက်ဘက်မှာ အမှတ် (၁)အဝေးပြေးလမ်းမကြီးနဲ့ အရှေ့ဘက်မှာ အမှတ် (၅)အဝေးပြေးလမ်းမကြီးတွေ ရှိနေပါတယ်။ အမှတ် (၅)လမ်းမကြီးဟာ မက္ကဆီကာလီမြို့က စထွက်လာပြီး၊ အမှတ် (၁)လမ်းမကြီးနဲ့ "လဂူနာချက်ပလာမြို့"မှာ လာဆုံပါတယ်။ နယ်စပ်နဲ့ မိုင် ၅၅၀ လောက်ဝေးတဲ့ နေရာမှာတော့ "စန်တာရိုစာလီယာ"ဆိုတဲ့ မြို့ကလေး ရှိပါတယ်။ ပြန်ပေးသမားတွေဟာ ၄ ရက်အတွင်း အများဆုံး သွားနိုင်ရင် အဲဒီရိုစာလီယာမြို့လောက်ပဲ ရောက်နိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ကျန်တဲ့ ကမ်းရိုးတန်းတစ်လျှောက်မှာတော့ သစ်တောတွေ၊ သဲကန္တာရတွေနဲ့ ချောက်ကမ်းပါးတွေပဲ ရှိပြီး၊ တစ်ခါတစ်ရံ ကမ်းစပ်ကကျွန်းကလေးတွေပေါ်မှာ တံငါရွာကလေးတွေ ရှိတတ်တယ်လို့ သိရပါတယ်။

မက္ကဆီကာလီမြို့ကို ကျွန်တော်ရောက်သွားတော့ ကျွန်တော့်လက်ထောက်ဖြစ်တဲ့ အလွတ်စုံထောက် ဂျိမ်းကာရိုးက အဆင်သင့် စောင့်ကြိုနေပါတယ်။ ကျွန်တော်မှာထားတဲ့အတိုင်း ကျွန်တော့်ကို ကူညီဖို့ မက္ကဆီကိုရဲအဖွဲ့ဝင် ၅ ယောက်ကိုလည်း သူက အဆင်သင့် စီစဉ်ထားပါတယ်။ ကျွန်တော်က သူတို့ကို 'ဆယ့်သုံးနှစ်သားကလေး ပြန်ပေးဆွဲခံရလို့ ပြန်ပေးသမားတွေ စီးသွားတဲ့ အနီရောင်ကားအနောက်ကို လိုက်ပြီး ဖမ်းဖို့' လာခဲ့တဲ့





အကြောင်း အတိုချုပ်ပြောပြပြီး ကျွန်တော်နဲ့လိုက်ဖို့အတွက် သူတို့တောင်းတဲ့အတိုင်း စရန်ငွေပေးလိုက်ပါတယ်။

အဲဒီနောက် သူတို့က ပြန်ပေးသမားတွေကို ဘယ်အထိ လိုက်ရှာမှာလဲလို့ မေးတာနဲ့ ကျွန်တော်ကလည်း အဝေးပြေး လမ်းမကြီးနှစ်ခုဆုံတဲ့ လဂူနာချက်ပလာမြို့အထိ လိုက်ကြည့်ဖို့ ရည်ရွယ်ထားကြောင်းနဲ့ လိုအပ်ရင် ဘာဂျာကာလီဖိုးနီးယားပြည်နယ်ရဲ့ တောင်ဘက်အစွန်အဖျားထိအောင် သွားမယ်လို့ ပြောပြီး၊ သူတို့ကို ရဟတ်ယာဉ်ပေါ် တက်ခိုင်းလိုက်ပါတယ်။ အဲဒီမှာတင် ပြဿနာတက်တော့တာပါပဲ။

ပထမဆုံး မက္ကဆီကို ရဲအဖွဲ့ဝင်တစ်ယောက်က သူ့အနေနဲ့ အမြင့်ကိုတက်ရင် ခေါင်းမူးတတ်လို့ ဓာတ်လှေကားတောင် မစီးရဲပါဘူးလို့ ပြောလာပါတယ်။ နောက်တစ်ယောက်ကလည်း သူဟာ ကလေး ၉ ယောက်ရဲ့အဖေဖြစ်နေလို့ သူ့သားသမီးတွေ အဖေမရှိဘဲ မျက်နှာငယ်ရမယ့် ဘဝမျိုးရောက်မှာစိုးလို့ 'အခုလို ပန်ကာနှစ်ခုအပေါ်က တပ်ထားတဲ့ဟာကြီး'နဲ့ မလိုက်ရဲဘူးလို့ ဆိုပါတယ်။ ကျန်တဲ့ ရဲသုံးယောက်ကလည်း တစ်ယောက်တစ်မျိုးစီအကြောင်းပြပြီး၊ ရဟတ်ယာဉ်နဲ့တော့ မလိုက်ပါရဲစနဲ့လို့ အကြောက်အကန်ပြောနေကြပါတယ်။ ပထမတော့ ကျွန်တော်က သူတို့အားလုံး တမင်သက်သက် 'ကြေး(ကျိုး)'များ နေကြတာပဲ ဆိုပြီး၊ ချော့လိုက် ခြောက်လိုက်နဲ့ အမျိုးမျိုး ကြိုးစားကြည့်ပါသေးတယ်။ နောက်တော့မှ အဖြစ်မှန်ကို ကျွန်တော် ရိပ်မိသွားပါတယ်။ ဖြစ်ပုံက သူတို့တစ်တွေဟာ ကျွန်တော့်လက်က သံချိတ်ကြီးတွေကို မြင်သွားပြီး၊ ဒီလိုလက်နှစ်ဖက်စလုံးမရှိတဲ့ လူတစ်ယောက်မောင်းတဲ့ ရဟတ်ယာဉ်နဲ့လိုက်ဖို့ အကြီးအကျယ် ကြောက်နေတာကိုး။

ဒီလိုနဲ့ နောက်ဆုံးကျတော့ သူတို့နဲ့ ဈေးစပ်ပြီး အပေးအယူ လုပ်လိုက်ရပါတယ်။ ဘယ်လိုလဲဆိုတော့ ကျွန်တော်က ကျွန်တော်တစ်ယောက်တည်း ရဟတ်ယာဉ်မောင်းပြီး ဒီနယ်မြေတစ်ဝိုက်ကို ကောင်းကင်က လိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ အဲဒီအချိန်မှာ သူတို့က မော်တော်ကားတစ်စီးနဲ့ မြေပြင်က လိုက်လာရင်း ကျွန်တော်နဲ့ အပြန်အလှန် ရေဒီယိုနဲ့ လိုအပ်သလို အဆက်အသွယ် လုပ်ကြဖို့ပါပဲ။ တကယ်လို့ ရဟတ်ယာဉ်ပေါ်ကနေပြီး မြေပြင်တစ်နေရာရာမှာ တစ်ခုခု ထူးထူးခြားခြား တွေ့ရ မြင်ရရင် သူတို့ကို ကျွန်တော်က ရေဒီယိုနဲ့အကြောင်းကြားပြီး ညွှန်ကြားမယ်။ သူတို့က မြေပြင်ကနေပြီး ကျွန်တော့် ညွှန်ကြားချက်အတိုင်း လိုအပ်သလို ကူညီကြမယ်၊ ဒီသဘောပါပဲ။ အဲဒီလို သဘောတူ စီစဉ်ကြပြီး ကျွန်တော်ဟာ ရဟတ်ယာဉ်ကို တစ်ယောက်တည်း မောင်းထွက်လာခဲ့ပါတယ်။ သူတို့ကတော့ ရဟတ်ယာဉ်ပေါ် တက်သွားတဲ့ ကျွန်တော့်ကို "ဂိုးလ်ဒင်းဂိတ်" တံတားကြီးပေါ်က ခုန်ချမယ့် လူတစ်ယောက်လို သဘောထားပြီး စိုက်ကြည့်နေကြပါတယ်။ သူတို့တစ်သက်မှာ ကျွန်တော့်ကို ပြန်မတွေ့ရတော့ဘူးလို့ ယူဆနေကြပုံပါပဲ။

ကျွန်တော်ဟာ ရဟတ်ယာဉ်မောင်းရင်းနဲ့ မြေပြင်ကို ဂရုတစိုက် ကြည့်လာခဲ့ပါရတယ်။ ဒီအချိန်မှာ ပြန်ပေးသမားတွေလည်း တစ်နေရာက တစ်နေရာကို ကားမောင်းသွားနေမှာပဲဆိုပြီး မြေပြင်ပေါ်က ကားလမ်းမကြီး တစ်လျှောက်ကိုရော၊ လမ်းမကြီးက ဘေးကို ခွဲထွက်သွားတဲ့ လမ်းငယ် လမ်းသွယ်တွေကိုပါ မျက်တောင်မခတ်ဘဲ ကြည့်လာခဲ့ပါတယ်။ အထူးသဖြင့် အောက်ခြေမြေပြင်ပေါ်မှာ တွေ့သမျှ မြင်သမျှ အနီရောင် အစက်အပျောက်ကလေးတွေကို ဂရုစိုက်လာခဲ့ပါတယ်။ ပြီးတော့ ပြန်ပေးသမားတွေဟာ နယ်စပ်ဘက်ကိုများ ပြန်လှည့်လာလေမလားလို့ နောက်ကြောင်းပြန်လာမယ့် မော်တော်ကားတွေလည်း သတိထားကြည့်ရပါသေးတယ်။

သူတို့တစ်တွေဟာ ခြေဦးတည့်ရာ လျှောက်သွားကောင်း သွားနေကြမှာပဲဆိုတဲ့ အတွေးနဲ့ ကျွန်တော်ဟာ ရဟတ်ယာဉ်ပေါ်မှာ အချိန်ကြာနိုင်သမျှ ကြာအောင် နေခဲ့ပါတယ်။ မရှောင်မလွှဲသာလို့ လောင်စာဆီ ထပ်ဖြည့်တဲ့ အခါမျိုးနဲ့ ပင်လယ်ကမ်းခြေတစ်လျှောက်က တံငါရွာကလေးတွေမှာ





မေးမြန်းစုံစမ်းတဲ့အခါမျိုးမှာသာ မြေပေါ်ပြန်ဆင်းခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီရွာတွေက တံငါသည်တွေဟာ ၁၀ မိုင် ပတ်ဝန်းကျင်မှာရှိတဲ့ ရေထဲက သတ္တဝါတွေ လန့်ပြေးလောက်အောင် ဆူညံပြည်ဟည်းတဲ့ အသံဗလံတွေနဲ့ ကောင်းကင်က ဆင်းလာတဲ့ ကျွန်တော့်ကို ထူးဆန်းတဲ့ သတ္တဝါတစ်ယောက်လို သဘောထားပြီး မလိုလားတဲ့ မျက်နှာထားတွေနဲ့ ကြည့်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ဒါတွေကို ဂရုမစိုက်နိုင်ပါဘူး။ ဖြစ်တဲ့နည်းနဲ့ ရအောင် စုံစမ်းပြီး တစ်စုံတစ်ရာ ထူးထူးခြားခြား မရှိဘူးဆိုတာနဲ့ ရဟတ်ယာဉ်ပေါ် ပြန်တက်ပြီး ဆက်မောင်းလာခဲ့တာပါပဲ။

ဒီလိုနဲ့ သုံးရက်လုံးလုံး ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်ပြီး ခွဲကောင်းကောင်းနဲ့ ခရီးဆက်ခဲ့ရာက သုံးရက်မြောက်တဲ့ နေ့လယ်ဘက်မှာ ကျွန်တော့်ရဲ့ ကြိုးစားမှုဟာ အကောင်အထည် ပေါ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အပူတပြင်း လိုက်ရှာနေတဲ့ အနီရောင်ကားကလေးကို မြေပြင်ပေါ်က ချုံပုတ်တွေ သစ်ပင်တွေနဲ့ ချောက်ကမ်းပါးတွေကြားထဲက ကားလမ်းပေါ် အတိုင်း ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားနေတာကို ထင်ထင်ရှားရှားကြီး မြင်လိုက်ရလို့ပါပဲ။ ကျွန်တော်လည်း ရဟတ်ယာဉ်ကို အတော်ကလေး ခပ်နိမ့်နိမ့် နိုက်ချလိုက်ပြီး၊ ပင်လယ်ကမ်းခြေနဲ့ တစ်ပြေးတည်းဖြစ်အောင် ပျံသန်းရင်း မြေပြင်ပေါ်က ကားအနီကလေးကို မျက်ခြည်မပြတ်အောင် နောက်ယောင်ခံ လိုက်လာခဲ့ပါတယ်။

အဲဒီအချိန်အထိ ကျွန်တော်နဲ့ ရေဒီယိုအဆက်အသွယ် လုပ်ပြီး၊ ကားတစ်စင်းနဲ့ လိုက်လာကြတဲ့ မက္ကဆီကိုရဲကြီးတွေကတော့ ဟိုနေရာ သည်နေရာမှာ ခဏတစ်ဖြုတ်ရပ်ပြီး၊ လမ်းဘေးက တဲကလေးတွေမှာ ဝင်မေးလိုက်၊ တစ်ခါတစ်ခါတော့လည်း ခရီးသည်တွေအတွက် ဖွင့်ထားတဲ့ အအေးဆိုင်ကလေးတွေမှာ ရေခဲစိမ်ဘီယာ ဝင်စုပ်လိုက်နဲ့ အပျော်ခရီးထွက်လာတဲ့ အတိုင်းပါပဲ။ ကျွန်တော့်မှာသာ ကောင်းကောင်း မအိပ်ရ မစားရနဲ့ လူလဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါ ပင်ပန်းလာခဲ့ရပါတယ်။ အခုဆိုရင် ကျွန်တော်ဝတ်ထားတဲ့ ရုပ်အင်္ကျီနဲ့ ဘောင်းဘီဟာ တွန့်လိမ်ကြေမွပြီး ဖုံတွေ ကြေး(ချီး)တွေနဲ့ မြင်မကောင်းအောင် ဖြစ်နေပါပြီ။ လူတစ်ကိုယ်လုံးလည်း ဆိတ်တစ်ကောင်လို မခံမရပ်နိုင်လောက်အောင် နံစော်နေခဲ့ပါတယ်။ ကျွန်တော့်ပါးတစ်ဘက်မှာလည်း ရဟတ်ယာဉ်အစွန်းနဲ့ မတော်တဆခိုက်မိလို့ ညိုမည်းနေတဲ့ အစင်းကြီး ဖြစ်နေပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် ဒါတွေကို ဂရုမစိုက်နိုင်ပါဘူး။ ရှေ့သို့ပါပဲ။

ဒီလိုနဲ့ အဲဒီညက အချိန်ကုန်သွားတဲ့အတွက် ကျွန်တော်ဟာ ရဟတ်ယာဉ်ကို တစ်နေရာမှာ အသာကလေးဆင်းပြီး တစ်ရေးအိပ်ခဲ့ရပါတယ်။ နောက်တစ်နေ့မနက် အရုဏ်တက်အချိန်လောက်ကျမှ ထပြီးမောင်းလာခဲ့ပါတယ်။ အခု ကျွန်တော် ရောက်နေတဲ့ဒေသဟာ မြို့ကြီးပြကြီးနဲ့ အင်မတန်ဝေးရံသာမကပါဘူး၊ လူသူအရောက်အပေါက် အင်မတန်နည်းပါးပြီး တကယ့်ခေါင်တဲ့အရပ်ပါ။ ပြီးတော့ ခရီးလမ်းပန်းဆက်သွယ်ရေးကလည်း ဒီအဝေးပြေး လမ်းမကြီးတစ်ခုပဲ ရှိတာမို့ ပြန်ပေးသမားတွေကို ဘယ်လိုမှ မျက်ခြည်ပြတ်သွားစရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ အဲဒီနေ့မနက်ကတော့ မြူငွေ့တွေဟာ ပင်လယ်ဘက်ကနေပြီး ကုန်းပိုင်းကို တရွေ့ရွေ့ လွင့်မြောလာနေတာမို့ ပတ်ဝန်းကျင်တစ်ခုလုံးဟာ မြူတွေ ဖုံးနေတာ တွေ့ရပါတယ်။ အရှေ့ဘက်က ရောင်နီလာစပြုနေတဲ့ အရုဏ်တက်ချိန်မို့ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရသေးတဲ့အပြင် မြူတွေ ဆိုင်းနေတဲ့အတွက် အောက်ခြေတစ်ခုလုံးဟာ မှုန်တိမှုန်မွား ဝိုးတဝါးဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်လည်း ရဟတ်ယာဉ်ကို နိမ့်နိုင်သမျှ နိမ့်အောင် စိုက်ချလိုက်ပြီး မြူတွေ ခပ်ဝါးဝါးရှိတဲ့ ပင်လယ်ရေပြင်ဘက်က သတိထားပြီး မောင်းလာခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ ရုတ်တရက် မျက်တောင်တစ်ချက်အခတ်လိုက်မှာ ဧရာမကျောက်ဆောင်ကြီးတစ်ခုဟာ ကျွန်တော့်ရှေ့မှာ ဘွားခနဲ ပေါ်လာပါ





တယ်။ ကျောက်ဆောင်ကြီးဟာ သမ္မတဝါရှင်တန် ကျောက်ရုပ်ထုထားတဲ့ ကျောက်တောင်ကြီးလောက်ကို ကြီးပါတယ်။ ကျွန်တော်လည်း ဖြုန်းခနဲ အထိတ်တလန့်နဲ့ ကျောက်ဆောင်ကြီးကို ဝင်မတိုက်မိခင်ကလေးမှာပဲ ပျာယီးပျာယာ ခလုတ်တစ်ခုကို တအားဆောင့်နှိပ်လိုက်ပါတယ်။ ရုတ်တရက် ချက်ချင်း စက္ကန့်ပိုင်းကလေးအတွင်းမှာ ကျွန်တော့်ရဟတ်ယာဉ်ဟာ အပေါ်ကို တည့်တည့်ကြီးထောင်ပြီး တက်သွားလိုက်တာ တကယ့်ကို အက်တလပ်စ် ဒုံးပျံကြီးအတိုင်းပါပဲ။ မြင်းကောင်ရေ ၃၁၇ ကောင်အားရှိတဲ့ အင်ဂျင်စက်သံဟာလည်း တစ်ခါတည်း နားကွဲမတတ် ဆူညံသွားပါတယ်။ ကျောက်ဆောင်ကြီးနဲ့ တည့်တည့်ကြီး တိုက်မိပြီး ရဟတ်ယာဉ်တစ်ခုလုံး အစိတ်စိတ် အမွှာမွှာ လွင့်စင်ပျက်စီးသွားမယ့်ဘေးက သီသီကလေး လွတ်လာခဲ့ပေမယ့် ဖြုန်းခနဲ အကြီးအကျယ် အထိတ်တလန့်ဖြစ် သွားခဲ့ရတဲ့အတွက် မနက်စောစော မိုးမလင်းတလင်းအချိန် ရဟတ်ယာဉ်ပေါ်မှာတောင် ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေတာကို သတိထားလိုက်မိပါတယ်။ အခုတော့ ရဟတ်ယာဉ်ဟာ တစ်စက္ကန့်ကို ပေ ၂၀ နှုန်းနဲ့ အပေါ်ကို ထောင်တက်နေပါတယ်။ ဒီအချိန်ကျမှ ကျွန်တော်လည်း မက္ကဆီကိုရဲအဖွဲ့ဝင် ၅ ယောက်ကို ပထမဆုံးအကြိမ် ကြံကြံဖန်ဖန် ကျေးဇူးတင်လိုက်မိပါတယ်။ တကယ်လို့ သူတို့တစ်တွေအားလုံးသာ ရဟတ်ယာဉ်ပေါ်မှာ ပါလာခဲ့ရင် သူတို့ရဲ့ ခန္ဓာကိုယ် အလေးချိန်တွေကြောင့် အခုလို အရေးပေါ်ကိစ္စမျိုးမှာ ရဟတ်ယာဉ်ကို ကျောက်ဆောင်နဲ့ မတိုက်မိအောင် ရုတ်တရက် ရှောင်လို့ တိမ်းလို့မရမှာ သေချာပါတယ်။ အခုတော့ သူတို့တစ်တွေ ပါမလာတာကိုပဲ ကျွန်တော် ကုသိုလ်ကောင်းလို့ပဲလို့ အောက်မေ့မိ ပါတယ်။

ကျွန်တော်ဟာ ရဟတ်ယာဉ်ကို အပေါ်ထောင်တက်ခဲ့ရာက အမြင့်ပေ ၁၀၀၀လောက်အရောက်မှာ ပုံမှန်အနေအထားအတိုင်းဖြစ်အောင် တည့်မတ်လိုက်ပြီး မြေပြင်က မက္ကဆီကိုရဲကြီးတွေနဲ့ ဆက်သွယ်ဖို့ စီစဉ်ရပါ



www.burmeseclassic.com

www.burmeseclassic.com



မနေ့က တွေ့ရတဲ့ ကားအနီကလေး ဘယ်နေရာရောက်နေပြီလဲဆိုတာ ငုံ့ကြည့်လိုက်ပါတယ်။ မှတ်မှတ်ရရ အဲဒီအချိန်မှာပဲ တဲကလေးတွေတချို့ကို ရုတ်တရက် အောက်မှာ လှမ်းမြင်လိုက်မိပါတယ်။

ကျွန်တော့်အောက်တည့်တည့်မှာ ခပ်စောစောက ကျွန်တော်ဝင်တိုက်မိတော့မလိုဖြစ်ခဲ့ရတဲ့ ကျောက်ဆောင်ကြီးရဲ့အရိပ်ကြီး ထိုးကျနေပြီး၊ အဲဒီ အရိပ်ကြီးအောက်ဘက်မှာ ပင်လယ်ထဲထွက်နေတဲ့ အငူကလေးတစ်ခု ရှိပါတယ်။ အဲဒီအငူကလေးပေါ်က ကမ်းစပ်မှာပဲ လိမ္မော်ရောင်နဲ့ အနီရောင် ရွက်ထည်တဲကလေးတွေကို ထင်ထင်ရှားရှား လှမ်းမြင်နေရပါတယ်။ နောက်ထပ် သေသေချာချာ ဂရုစိုက်ပြီး ကြည့်လိုက်တော့ အဲဒီရွက်ထည်တဲကလေးတွေရဲ့ ဘေးနားတစ်ဝိုက်မှာ ရေနံဆီမီးဖိုနဲ့ အိုးခွက်ပန်းကန်တွေလို့ ထင်ရတဲ့ ပစ္စည်းတွေ ပြန့်ကြဲနေတာ တွေ့ရ ပါတယ်။ အဲဒီကတစ်ဆင့် ရဟတ်ယာဥ်ကို အောက်ဘက် နည်းနည်းနှိမ့်ဆင်းပြီး ပျံကြည့်လိုက်တော့ သစ်ကိုင်းတွေ သစ်ရွက်တွေ ဖုံးအုပ်ထားတဲ့အောက်က အနီရောင် ပြောက်တိပြောက်ကျားဖြစ်နေတဲ့ ဗောက်စ်ဝက်ဂွန်ကားကလေးကို တွေ့လိုက်ရတာပါပဲ။

အဲဒီနောက်တော့ ကျွန်တော်ဟာ ရဟတ်ယာဥ်ကို ငါးမိုင်အချင်းဝက်လောက် တစ်ပတ်ပျံဝဲကြည့်လိုက်ပြီး တဲကလေးတွေရှိတဲ့ ပင်လယ်အငူနဲ့ တစ်မိုင် သာသာလောက်ဝေးတဲ့နေရာမှာ အသာကလေး ဆင်းလိုက်ပါတယ်။ စက်ရပ်သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ ရဟတ်ယာဥ်ပေါ်က ခုန်ဆင်းလိုက်ပြီး၊ ရွက်ထည်တဲကလေးတွေ ရှိတဲ့ဘက်ကို ခြေကျင်လျှောက်လာခဲ့ပါတယ်။ တဲကလေးတွေရှိတဲ့နေရာ မရောက်ခင် ခပ်လှမ်းလှမ်း ကျောက်နံရံတစ်ခုပေါ်ကနေပြီး ကျွန်တော့်မှာ အသင့်ပါတဲ့ မှန်ပြောင်းနဲ့ လှမ်းကြည့်လိုက်ပါတယ်။ ပင်လယ်ကမ်းစပ်က သောင်ပြင်မှာ ရှိနေကြတဲ့ ရောင်စုံတဲကလေးသုံးလုံးဟာ မလှုပ်မယှက် ငြိမ်သက်ပြီး၊ လူတစ်ယောက်မှလည်း မတွေ့ရပါဘူး။ ကေ့န္တ ရှိသမျှလူတွေအားလုံးဟာ တဲတွေထဲမှာ မနက်စောစော အိပ်





ကောင်းကောင်းနဲ့ အိပ်မောကျနေပုံရပါတယ်။ ဒါပေမဲ့ သစ်ခက်သစ်ကိုင်းတွေ ဖုံးအုပ်ထားတဲ့ ဗောက်စ်ဝက်ဂွန်ကားကလေးရဲ့ နံပါတ်ပြားကတော့ မှန်ပြောင်းထဲမှာ ထင်းခနဲ မြင်နေရပါတယ်။ ကျွန်တော့် မျက်စိအောက် ရှေ့တည့်တည့်မှာ ကားလာရပ်ထားတဲ့ အတိုင်းပါပဲ။

ကျွန်တော်တို့ လိုက်ရှာနေတဲ့ကားနဲ့ ကျွန်တော်တို့ တွေ့ချင်နေတဲ့ လူတွေပဲဆိုတာ သေချာနေပြီမို့ ကျွန်တော်လည်း ရဟတ်ယာဥ်ရှိရာကို အသာပြန်လှည့်လာခဲ့တယ်။ လောလောဆယ် အရေးကြီးတာက ကျွန်တော့်နောက်က ကားတစ်စီးနဲ့ လိုက်လာကြမယ့် မက္ကဆီကိုရဲကြီးတွေကို ကျွန်တော် အခုရောက်နေတဲ့ နေရာပြောပြပြီး အမြန်ဆုံး လှမ်းခေါ်ဖို့ပါပဲ။ သူတို့ရောက်လာတာနဲ့ တစ်ပြိုင်နက် ပင်လယ်ကမ်းစပ်က တဲတွေကို ဝိုင်းကြဖို့ပဲ ရှိပါတော့တယ်။

ရေဒီယိုနဲ့ဆက်သွယ်ကြည့်လိုက်တော့ မက္ကဆီကိုရဲကြီးတွေဟာ ကျွန်တော်နဲ့ မိုင် ၁၅၀ လောက်အကွာမှာ ရောက်နေကြတယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ်၊ သူတို့ဟာ ကျွန်တော်ရှိရာကို အမြန်ဆုံးရောက်အောင် လာကြမယ်ဆိုတာ သေချာပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ရဟတ်ယာဥ်ဘေးမှာပဲ ထိုင်ပြီး စောင့်ရင်းနဲ့ တဖြည်းဖြည်း နေထွက်လာတာကို ကြည့်နေမိပါတယ်။ လောလောဆယ်တော့ ကျွန်တော့်အနေနဲ့ မက္ကဆီကို ရဲတွေလာအောင် ထိုင်စောင့်ရုံကလွဲလို့ တခြားဘာမှလုပ်လို့ မဖြစ်သေးဘူး မဟုတ်လား။

သုံးနာရီကျော်ကျော် လေးနာရီလောက်ကြာတော့ သူတို့စီးလာတဲ့ကားဟာ ဖုံတထောင်းထောင်းနဲ့ လာနေပါတယ်။ လေမှုတ်တူရိယာတွေ၊ ဘင်တွေ တီးမှုတ်ပြီး တောင်ပေါ်ခြေလျင်တပ်ဖွဲ့တစ်ဖွဲ့ ချီတက်လာသလား အောက်မေ့ရ တယ်၊ ဝုန်းဝုန်းဒိုင်းဒိုင်းသံတွေ ဆူညံပြီး ရောက်လာကြတော့ဘာပါပဲ။ ကျွန်တော်လည်း သူတို့လာရာဘက်ကို အပြေးအလွှား ဆီးကြိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လိုက်ရှာနေတဲ့ ကားနဲ့ ပြန်ပေးသမားတွေကို အောက်ခြေ ပင်လယ်ကမ်းစပ်မှာ တွေ့ရပြီဆိုတာ ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီကို သွားပြီး စုံစမ်းမေးမြန်းဖို့နဲ့ လိုအပ်ရင် သူတို့ကို ဖမ်းဆီးဖို့ကျတော့ အသာ တကြည်နဲ့ အဖမ်းခံမလား၊ ပြန်ပြီး ခုခံကြမလား မသိရကြောင်းကိုလည်း ပြောပြလိုက်ပါတယ်။ နောက်ပြီးတော့ သူတို့မှာပါလာတဲ့ အိုးခွက်ပန်းကန် တွေနဲ့ မီးဖိုတွေ၊ ရိက္ခာပစ္စည်းတွေ ကြည့်ရခြင်းအားဖြင့် သူတို့တစ်တွေ ဒီနေရာက ရုတ်တရက် ထွက်ခွာသွားမယ်လို့ မထင်ရဘူး။ ဒါကြောင့် အချိန် ကြာကြာဆိုင်းမနေဘဲ အခုချက်ချင်း သွားဖမ်းဖို့ လိုအပ်ကြောင်း ရှင်းပြပါ တယ်။ အထူးသဖြင့် အဲဒီလူစုထဲမှာ ပြန်ပေးဆွဲခံရတဲ့ ခရစ္စယန်ပါမပါ သိရဖို့ အရေးကြီးတယ်လို့ ပြောပြီး မက္ကဆီကိုရဲကြီးတွေကို ပြန်ပေးတွေ စခန်းချနေကြတဲ့ ပင်လယ်ကမ်းစပ်ကို ချက်ချင်းသွားကြဖို့ ကျွန်တော်က ညွှန်ကြားလိုက်ပါတယ်။ အဲဒီမှာတစ်ခါ ပြဿနာ အကြီးအကျယ် တက်တော့ တာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ ပြန်ပေးတွေရှိရာသွားပြီး ဖမ်းဖို့ ဆီးဖို့က သူတို့ အလုပ်မဟုတ်ဘူး၊ ဒီလိုဖမ်းတဲ့ ဆီးတဲ့နေရာမှာ ကျွန်တော်ကိုယ်တိုင် ခေါင်း ဆောင်ပြီး သွားမှဖြစ်မယ်လို့ ရဲကြီးတွေက ပြောလာကြလို့ပါပဲ။

'ဒီလိုမဟုတ်သေးဘူးလေ။ ဒီနယ်မြေမှာ ကျွန်တော် ဒီလိုလုပ်ပိုင်ခွင့် ဥပဒေ မရှိဘူးထင်တယ်' မတတ်သာတဲ့အဆုံး ကျွန်တော်က သူတို့ကို တရား ဥပဒေနဲ့ ကိုင်ပေါက်လိုက်ပါတယ်။

'ခင်ဗျားတို့က ဒီနိုင်ငံက ရဲအဖွဲ့ဝင်တွေဆိုတော့ ဒါ ခင်ဗျားတို့ ပိုင်နက်ထဲမှာ ရှိနေတာပဲ။ အဲဒီတော့ ဒီလူတွေကို ခင်ဗျားတို့ကိုယ်တိုင် ဖမ်းမှဖြစ်မှာပေါ့'

'မဟုတ်သေးဘူး ဆရာ'

ဟာမန်းဒက်ဆိုတဲ့ ရဲကြီးက ပြန်ပြောပါတယ်။





'ဆရာက အဖွဲ့ခေါင်းဆောင်ပဲ၊ အဲဒီတော့ ဒီနေရာမှာ ဆရာကိုယ် တိုင် ဦးစီးမှဖြစ်မှာပေါ့။ ကျွန်တော်တို့က ဆရာ့နောက်ကလိုက်ပြီး လိုအပ် သလို ကူညီကြဖို့ ရှိတာပဲ'

ဘယ်လိုမှ ပြောလို့ စည်းရုံးလို့ မရတဲ့အဆုံး ကျွန်တော်လည်း သူတို့ ကို ပခုံးနှစ်ဖက်တွန့်ပြပြီး ခါးထဲက ဒသမ ၃၈ ပစ္စတိုသေနတ်ကို အဆင် သင့်ကိုင်ရင်းနဲ့ ကျောက်ဆောင် ကျောက်တုံးတွေပေါ်က ပင်လယ်ကမ်းစပ် ထိအောင် ခပ်သုတ်သုတ် ဆင်းလာခဲ့ပါတယ်။ ရွက်ထည်တဲကလေးတွေ ရှိနေတဲ့ ပင်လယ်ကမ်းစပ်မှာ လူတစ်ယောက်မှ မမြင်ရ မတွေ့ရဘဲ အားလုံး ငြိမ်သက် တိတ်ဆိတ်နေပါတယ်။

'ကဲ... ကိုယ့်လူတို့ တဲထဲက အားလုံးထွက်ခဲ့ကြ။ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ထားပြီး အပြင်ဘက်ကို ထွက်ခဲ့ကြပါ'

ကျွန်တော်ဟာ အနီးဆုံးတဲရှိရာကို ပြေးသွားပြီး ပိတ်နေတဲ့ ရွက် ထည်စကို ဆွဲဖွင့်လိုက်ရင်း အသံကုန်အော်ဟစ်ပြီး အမိန့်ပေးလိုက်ပါတယ်။ ချက်ချင်းဆိုသလို အဲဒီတဲထဲက ဆံရှည်ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ် ယောက် ရုန်းကုန်းကွကွ အပြင်ထွက်လာတာ တွေ့လိုက်ရပါတယ်။ သူတို့ နှစ်ယောက်စလုံး အောက်ပိုင်းမှာပဲ အတွင်းခံဘောင်းဘီတိုကလေးတွေ ဝတ် ထားကြပြီး အပေါ်ပိုင်းက ဗလာကျင်းနေကြပါတယ်။ မနေ့ညက အရက်တွေ အလွန်အကျွံ သောက်ထားကြလို့လား၊ ဒါမှမဟုတ် ဆေးခြောက်ပဲ ရှူထား ကြလို့လားတော့ မသိဘူး။ သူတို့ နှစ်ယောက်စလုံးရဲ့ မျက်လုံးတွေဟာ အလင်းရောင်ကို ကောင်းကောင်း မကြည့်နိုင်ဘဲ မျက်ခွံတွေလည်း မို့နေတာ တွေ့ရပါတယ်။

ကျွန်တော်က သူတို့ကို သေနတ်နဲ့ ချိန်ထားရင်း ကျောက်ဆောင် အစွန်းဘက်ကို မျက်နှာမူပြီး၊ လက်နှစ်ဖက်ထောက်ထားဖို့နဲ့ ခြေထောက် နှစ်ဖက်ကိုလည်း ကားထားပြီး ငြိမ်ငြိမ်ရပ်နေကြဖို့ အမိန့်ပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ ကျွန်တော်ပြောတဲ့အတိုင်း ကျွန်တော့်ကို ကျောပေးပြီး မလှုပ်မရှားဘဲ ရပ်နေကြပါတယ်။ သူတို့နှစ်ယောက်စလုံးမှာ ဘာလက်နက်မှ ကိုင်ထားတာ မတွေ့ရပါဘူး။ ဒါနဲ့ ကျွန်တော်လည်း သူတို့ကို ဒီအတိုင်း ငြိမ်ငြိမ်ရပ်နေဖို့ အမိန့်ပေးခဲ့ပြီး၊ တခြားရွက်ထည်တဲ တစ်ခုရှိတဲ့ ဆီကို သွားပြီး စောစောကလို တဲထဲကလူတွေ အပြင်ထွက်ခဲ့ဖို့ အော်ပြောလိုက်ပါတယ်။ ဒီလိုနည်းနဲ့ ဒုတိယတဲထဲက ဆံရှည်ယောကျ်ားနှစ်ယောက်နဲ့ တတိယတဲထဲက ဆံရှည် ယောကျ်ားနှစ်ယောက် အပြင်ကို ထွက်လာကြပါတယ်။

ဒီအချိန်မှာပဲ တဲတစ်ခုရဲ့နောက်နားမှာ အထဲကို လူဝင်အိပ်လို့ရတဲ့ အိတ်ကြီးတစ်ခုကို လှမ်းမြင်လိုက်ရပါတယ်။ အထဲမှာ လူတစ်ယောက် အိပ်နေတယ်ဆိုတာ ကြည့်လိုက်ရုံနဲ့ သိနေတာမို့ တခြားတဲတွေထဲက လူတွေလို ဆံပင်ရှည်နဲ့လူတစ်ယောက်ဖြစ်မှာပဲဆိုပြီး၊ ပိတ်ထားတဲ့ဇစ်ကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်ပါတယ်။ အဲဒီကျမှ ကျွန်တော် မှားသွားပြီဆိုတာ ချက်ချင်းပဲ သိလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအိတ်ကြီးထဲ ဝင်အိပ်နေတာက ခပ်ရွယ်ရွယ် မိန်းမပျိုကလေးတစ်ယောက်ဖြစ်နေပြီး သူ့မှာ ဘာအဝတ်အစားမှ ဝတ်မထားဘဲ ကိုယ်လုံးတီးဖြစ်နေတာ တွေ့လိုက်ရလို့ပါ။

'ဟိတ်..အပြင်ထွက်ခဲ့၊ လက်နှစ်ဖက် ခေါင်းပေါ်တင်ပြီး ထွက်ခဲ့စမ်း'

ကျွန်တော်လည်း အလန့်တကြားနဲ့ တအားအော်ပြောလိုက်မိပါတယ်။

အဲဒီအမျိုးသမီးကိုလည်း စောစောက လူတွေနဲ့ရောပြီး တန်းစီရပ်ခိုင်းပါတယ်။ သူတို့တစ်တွေဟာ အကြီးအကျယ် ကြောက်နေကြလို့ပဲလား၊ ဒါမှမဟုတ် မနက်စောစောစီးစီး ပင်လယ်ကမ်းခြေက သောင်ပြင်ပေါ်မှာ ချမ်းလွန်းလို့ပဲလား မသိ။ အားလုံး တဆတ်ဆတ် တုန်နေကြတာ တွေ့ရပါ





တယ်။ ဒါနဲ့ ကျွန်တော်လည်း နောက်ဆုံးကျန်နေသေးတဲ့ တဲရှေ့ကိုသွားပြီး ရွက်ထည်ကို ဆွဲဖွင့်လိုက်ပါတယ်။ တဲထဲမှာ လူတစ်ယောက် ခြေထောက်နှစ်ဖက်ဆင်းပြီး ထိုင်နေတာကို တွေ့လိုက်ရလို့ ဘာလုပ်နေတာလဲဆိုပြီး သတိထားကြည့်လိုက်မိပါတယ်။ အဲဒီကျမှ သူ့လက်ထဲမှာ ငါးမန်းလို ရေအောက်သတ္တဝါကြီးတွေကိုပစ်တဲ့ မှိန်းသေနတ်ကြီးတစ်လက် ကိုင်ထားတာကို ရုတ်တရက် လှမ်းမြင်လိုက်ရပါတယ်။

'ဟေ့ကောင်... အဲဒါကို မင်းလက်ထဲက အမြန်ဆုံး ချလိုက်စမ်း၊ မချရင် မင်းကို ငါပစ်လိုက်မယ်'

ပြောပြောဆိုဆို ကျွန်တော်ဟာ လက်ထဲက ပစ္စတိုသေနတ်နဲ့ ချိန်ရင်း တဲထဲကို ဖြုန်းခနဲ လှမ်းဝင်လိုက်ပါတယ်။ အဲဒီအချိန်မှာ သူဟာ မှိန်းသေနတ်ကိုပစ်ဖို့ အဆင်သင့် ဖြစ်နေပြီဆိုတာ ကျွန်တော်နောက်မှ သိရပါတယ်။ အဲဒီနောက် သူတို့အားလုံးကို စောစောကအတိုင်း ကျောက်ဆောင်ဘက် မျက်နှာလှည့်ပြီး တန်းစီ ရပ်ခိုင်းထားပါတယ်။ အဲဒီနောက် မက္ကဆီကိုရဲကြီးတွေကို အကူအညီတောင်းဖို့ လှည့်ကြည့်လိုက်ပါတယ်။ ကျွန်တော်လည်း အဲဒီကျမှ ရင်ထဲက ထိတ်ခနဲ ဖြစ်သွားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်မတန် ယုံကြည်စိတ်ချရတဲ့ မောင်မင်းကြီးသားတွေဟာ ကျွန်တော့်နောက်က တစ်ယောက်မှပါမလာဘဲ ဖြစ်နေလို့ပါပဲ။ ဟုတ်ပါတယ် သူတို့အားလုံးကို အရိပ်အယောင်တောင် မမြင်ရပါဘူး။

တကယ်တော့ စောစောက ရွက်ထည်တဲတွေထဲက လူတွေကို တစ်ယောက်ပြီးတစ်ယောက် ကျွန်တော် သေနတ်နဲ့ချိန်ပြီး အပြင်ကို ခေါ်ထုတ်နေတဲ့အချိန်မှာ မက္ကဆီကိုရဲကြီးတွေ ကျွန်တော့်နောက်က ထက်ကြပ်မကွာ လိုက်ပါလာတယ်လို့ တထစ်ချ ယူဆထားခဲ့ပါတယ်။ အမှန်ပြောရရင် ကျွန်တော်ဟာ လောလောဆယ် ကျည်ဆံ ၅ တောင့်ပါတဲ့ ပစ္စတိုသေနတ်ကလေးနဲ့ ယောကျ်ား ၆ ယောက်၊ မိန်းမနှစ်ယောက် ပေါင်း လူ ၈ ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းထားရတာဆိုတော့ တကယ်လို့ သူတို့ကသာ ပြန်ပြီး ခုခံနေကြရင် ကျွန်တော့်နောက်က ကပ်ပြီးပါလာတဲ့ ရဲကြီးတွေက ကျွန်တော့်ကို ဝင်ကူကြမှာပဲလို့ ယုံကြည်စိတ်ချခဲ့ပါတယ်။ အခုတော့ဗျာ၊ မောင်မင်းကြီးသားတွေက ကျွန်တော့်နောက်မှာ တစ်ယောက်မှပါမလာဘဲ ကိုက် ၅၀ ကျော် ဖဝလောက်ဝေးတဲ့ ကျောက်ဆောင် ကမူကလေးပေါ်ကနေပြီး ကုန်းကုန်းကွကွနဲ့ လှမ်းကြည့်နေကြပါတယ်။ တကယ့်ပုဂ္ဂိုလ်တွေပါပဲ။ တကယ်လို့သာ တစ်ခုခုဝရုန်းသုန်းကားဖြစ်လို့ ရဲကြီးတွေက ကျွန်တော့်ကို ဝင်ကူတဲ့အနေနဲ့ အဲဒီကျောက်ဆောင်ပေါ်က သေနတ်နဲ့လှမ်းပစ်ရင် ကျွန်တော့်ကိုတောင် ထိနိုင်ပါတယ်။

'ကဲ... ကိုယ့်လူတို့ ဆင်းခဲ့ကြတော့လေ'

ကျွန်တော်လည်း ကျွန်တော့်အခြေအနေကို ဟိုလူတွေ မရိပ်မိအောင် မနည်းထိန်းပြီး၊ ရဲကြီးတွေကို ခပ်တည်တည်နဲ့ လှမ်းခေါ်လိုက်ရပါတယ်။ သူတို့ကို တမင်နောက်ချန်ထားခဲ့တဲ့ သဘောမျိုးနဲ့ 'ချော်လဲရောထိုင်' လုပ်လိုက်တာပါပဲ။ တကယ်လို့သာ ဟိုလူတစ်ယောက်ယောက်က သူတို့ကို သေနတ်နဲ့ ချိန်ဖမ်းတာဟာ ကျွန်တော်တစ်ယောက်တည်းပဲဆိုတာ စောစောကသာ သိရရင် ဘယ်လိုများနေမလဲ မသိဘူးပေါ့ဗျာ။

ဒါနဲ့ ရဲကြီးတွေအားလုံး သောင်ပြင်ပေါ် ရောက်လာကြတာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ ပြန်ပေးဆွဲခံရတဲ့ ခရစ္စယန်ကို တဲတွေထဲမှာရော၊ အနီးအနားတစ်ဝိုက်မှာရော လိုက်ရှာကြည့်ပါတယ်။ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ၊ ရေစပ်နားက ခပ်ငယ်ငယ် တဲကလေးထဲမှာ ဆယ်ကျော်သက်ရွယ် ကောင်ကလေးတစ်ယောက်ကို သွားတွေ့ပါတယ်။ အပေါ်ပိုင်းမှာ ကိုယ်တုံးလုံးနဲ့ ညစ်ပတ်ပေရေနေတဲ့ ဘောင်းဘီတိုကလေးပဲ ဝတ်ထားတဲ့ အဲဒီကောင်ကလေးဟာ ကျွန်တော့်ကိုလည်း မြင်လိုက်ရော ကြောက်ကြောက်လန့်လန့်နဲ့ သူ့တစ်ကိုယ်လုံးကို ဆားနားက စောင်တွေနဲ့ဖုံးပြီး ပုန်းနေရှာပါ





တယ်။ စောင်တွေကို အတင်းဆွဲပြီး ခွာလိုက်တဲ့အထိ ကလေးဟာ မျက်လုံးကလေး ကလယ်ကလယ်နဲ့ အကြီးအကျယ် ကြောက်နေတာမို့ ကျွန်တော်က သူ နားလည်သဘောပေါက်အောင် မနည်းရှင်းပြရပါတယ်။ နောက်မှ ကျွန်တော်သိရတာက လက်နှစ်ဖက်မှာ သံချိတ်ကြီးတွေ တပ်ထားပြီး သေနတ်တကားကားနဲ့ တစ်ကိုယ်လုံး ပေရေညစ်ပတ် နံစော်နေတဲ့ ကျွန်တော့်ကို သူက ပင်လယ်ဓားပြကြီးတစ်ယောက်လို့ ထင်နေတာကိုး။ ကျွန်တော့်ပုံသဏ္ဌာန်ကလည်း အဲဒီလို ထင်မယ်ဆို ထင်စရာပါပဲ။

ဒါပေမဲ့ ခရစ္စယန်ဟာ အဲဒီအချိန်မှာ အကြီးအကျယ် ကိုယ်တွေပူပြီး ချောင်းတဟွတ်ဟွတ် ဆိုးနေတာ တွေ့ရပါတယ်။ အဲဒါအပြင် အသက်လည်း ကောင်းကောင်း မရှူနိုင်ဘဲ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်ပြီး အခြေအနေအတော်ဆိုးနေပါတယ်။ ကြည့်ရပုံကတော့ နမိုးနီးယားဆိုတဲ့ အဆုတ်အအေးပတ်တဲ့ ရောဂါလက္ခဏာမျိုးပါပဲ။ ဘာပဲဖြစ်ဖြစ်၊ လောလောဆယ် ဒီကလေးဟာ ဆရာဝန်တစ်ယောက်နဲ့ အမြန်ဆုံးတွေ့မှ ဖြစ်မယ်ဆိုတာ ကျွန်တော်သိလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ဖမ်းမိထားတဲ့ ပြန်ပေးသမားတွေကို မက္ကဆီကို ရဲကြီးတွေ လက်ထဲအပ်ပြီး သူတို့နဲ့ပတ်သက်လို့ ဘာတွေလုပ်ရမယ်၊ ဘယ်လိုလုပ်မယ်ဆိုတာတွေ လိုအပ်သမျှ အထပ်ထပ် မှာခဲ့ရပါတယ်။

အဲဒီနောက် ကျွန်တော်ဟာ ခရစ္စယန်ကို ရဟတ်ယာဉ်နဲ့တင်ပြီး၊ စန်ဒီယာဂိုမြို့ကို တိုက်ရိုက်ခေါ်လာခဲ့ပါတယ်။ အဲဒီရောက်မှ ဆရာဝန်တစ်ယောက်နဲ့ ချက်ချင်းတွေ့ပြီး လိုအပ်သလို ဆေးထိုးဆေးတိုက်တာတွေ လုပ်ရပါတယ်။ ခရစ္စယန်နဲ့ပတ်သက်လို့ အားလုံး စိတ်ချလက်ချဖြစ်ပြီဆိုတော့မှ ကျွန်တော်ဟာ မာလွန်ဘရန်ဒိုရဲ့ ရှေ့နေကြီးတွေ ဖြစ်ကြတဲ့ လော့စ်အိန်ဂျလိစ်မြို့က ဆတ်စမန်နဲ့ နော်မန်တို့ဆီကို ဖုန်းလှမ်းဆက်ရပါတယ်။ အံအားလျော်စွာ သူတို့နဲ့အတူ မာလွန်ဘရန်ဒို ရှိနေပါတယ်ဆိုလို့ ဘရန်ဒိုနဲ့ပဲ တိုက်ရိုက် စကားပြောရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဂျေအားမီးလား...'ဘရန်ဒိုက စပြောပါတယ်၊ 'ကျွန်တော် ခင်ဗျာ့ဆီက သတင်းစောင့်နေတာနဲ့ အတော်ပဲ။ ခရစ္စယန်နဲ့ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးဖို့ ဘယ်တော့လောက် တွေ့ကြမလဲ။ လောလောဆယ် ဒီအမှုနဲ့ ပတ်သက်လို့ ခင်ဗျာ့အတွက် အသုံးကျမယ့်သတင်းတွေ နောက်ထပ် ကျွန်တော်ရထားတာ ရှိတယ်'

'အဲဒါတွေအတွက် ဘာမှစိတ်မပူပါနဲ့။ ကျွန်တော် အခုပဲ ခင်ဗျားနဲ့ တွေ့ရအောင် လော့စ်အိန်ဂျလိစ်ကို လာမလို့ လုပ်နေတာ' ကျွန်တော်က ဆက်ပြောလိုက်ပါတယ်၊ 'အခု ခရစ္စယန်လည်း ကျွန်တော့်ဆီ ရောက်နေပါပြီ'

'ဘာပြောတယ်၊ ခရစ္စယန် ဟုတ်လား'

ကျွန်တော်က နောက်တစ်ကြိမ် ထပ်ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူက အဲဒီအထိ မယုံနိုင်သေးဘဲ ဖြစ်နေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ခရစ္စယန်ကို တယ်လီဖုန်း စကားပြောခွက် လှမ်းပေးလိုက်ပါတယ်။

ခရစ္စယန်ကလေးဟာ တယ်လီဖုန်းထဲက သူ့အဖေ အသံကြားလိုက်ရတော့ ဝမ်းနည်းဝမ်းသာဖြစ်ပြီး ငိုရှာပါတယ်။ 'ဟုတ်ပါတယ်၊ အခု သားသား ဒီမှာ ရှိနေပါတယ်။ ဟုတ်ကဲ့ ဖေဖေ့ဆီ အခုပဲ လာဖို့ စီစဉ်နေပါတယ်။ ဟုတ်ကဲ့၊ သား နေကောင်းပါပြီ'လို့ ပြောရှာပါတယ်။ ဆရာဝန်ကလည်း ခရစ္စယန်ကို ခရီးသွားနိုင်ပါပြီလို့ ခွင့်ပြုလိုက်တဲ့အတွက် ကျွန်တော်တို့ဟာ မီရာလေယာဉ်နဲ့ လော့စ်အိန်ဂျလိစ်ကို လိုက်လာခဲ့ကြပါတယ်။ နောက်ဆုံး ဘရန်ဒိုနဲ့ ခရစ္စယန်တို့သားအဖ ပြန်တွေ့ကြတာပါပဲ။

သူတို့သားအဖ ပြန်ပေါင်းထုတ်တဲ့ နေရာမှာတော့ မျက်ရည်တွေ အပြုံးတွေ ဖက်ရမ်း နမ်းရှုပ်တာတွေအပြင် လျှပ်တစ်ပြက် မီးတွေ တဖျတ်ဖျတ်နဲ့ ဓာတ်ပုံသတင်းထောက်တွေလည်း ပါလာကြပါတယ်။ သူတို့သားအဖ အခုလို ပြန်တွေ့ကြပြီး လှိုက်လှိုက်လှဲလှဲ ဝမ်းအသာကြီး သာနေကြ





တာကို မြင်လိုက်ရတော့ ကျွန်တော် ပင်ပန်းခဲ့သမျှ၊ ဆင်းရဲဒုက္ခ ရောက်ခဲ့ရသမျှတွေဟာ တစ်ခါတည်း လွင့်စင်ပျောက်ကွယ်သွားပါတယ်။ အတော်ကြာတော့မှ မာလွန်ဘရန်ဒိုဟာ ကျွန်တော့်ဘက်ကိုလှည့်ပြီး စကားပြောပါတယ်။

'ဂျေ၊ ခင်ဗျာ့ကို ကျေးဇူးတင်တဲ့အကြောင်း ဘယ်ကစပြီး ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ'

'ဒီလိုဆိုရင်လည်း မပြောနဲ့ပေါ့ဗျာ' ကျွန်တော်က ရင်းရင်းနှီးနှီး ပြန်ပြောလိုက်ပါတယ်။

'တကယ်ပါ၊ ခင်ဗျားတို့သားအဖနှစ်ယောက် အခုလို ပြန်တွေ့ပြီး ဝမ်းသာအားရ ဖြစ်နေကြတာဟာ ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း ပြနေတာနဲ့ အတူတူပါပဲ'

'ဒီလိုလည်း မဟုတ်သေးပါဘူးလေ၊ ခင်ဗျားအတွက် ကျွန်တော် တစ်ခုခု လုပ်ပေးဖို့ ရှိပါသေးတယ်'

ကျွန်တော်ဟာ ဘရန်ဒိုရဲ့စကားကို နားထောင်ရင်း အလိုလို ပြုံးမိသွားပါတယ်။ အဲဒီအချိန်မှာ သူဟာ အင်မတန်လှတဲ့ ကက်ရှ်မီးယား စပို့ရှပ်အင်္ကျီနဲ့ ပထမတန်း အကောင်းစားဘောင်းဘီရှည် ဝတ်ထားပါတယ်။ သူ့ရုပ်ရည်ဟာလည်း အင်မတန်ခန့်ညားပြီး၊ ယောကျ်ားပီသတဲ့ အမူအရာနဲ့ ကိုယ့်ကိုကိုယ် ယုံကြည်မှု အပြည့်အဝရှိနေတဲ့ ဟန်ပန်မျိုး ရှိနေပါတယ်။ ပြီးတော့ သူဟာ ဟောလိဝုဒ်မှာ ဝင်ငွေအများဆုံးရနေတဲ့ သရုပ်ဆောင် ဇာတ်လိုက်တစ်ဦးလည်း ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူနဲ့အတူ ထိုင်နေတဲ့ ကျွန်တော့်မှာတော့ ပြန်ပေးသမားတွေနောက်ကို ရဟတ်ယာဉ်နဲ့စပြီး လိုက်တဲ့နေ့ကအတိုင်း အင်္ကျီရော၊ ဘောင်းဘီအဝတ်အစားတွေဟာ ပေရေပြီး ချေးအထပ်ထပ်နဲ့ ညစ်ပတ်နံစော်နေပါတယ်။

အဲဒီလို ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ ပုံပန်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်နဲ့ အဝတ်အစားတွေကိုကြည့်ပြီး စောစောက ကျွန်တော့်အတွက် 'တစ်ခုခုလုပ်ပေးဖို့ ရှိပါသေးတယ်'ဆိုတဲ့ သူ့စကားကို ကျွန်တော်က ပြန်ကောက်လိုက်ပါတယ်။

'ဒီလိုဆိုရင် ခင်ဗျားကျွန်တော့်ကို တစ်ခုလုပ်ပေးစေချင်တယ်'

'ဘာလုပ်ပေးရမလဲ ပြောလေ'သူက ပျာပျာသလဲ ပြန်မေးလိုက်ပါတယ်။

'တခြားတော့ မဟုတ်ပါဘူး။ လောလောဆယ် ကျွန်တော့်ကို အင်္ကျီတစ်ထည် ခဏငှားဗျာ'

■

## ဂျေအားမီးက ရဲရဲကြီး အာမခံတယ်

ခရစ္စယန်ဘရန်ဒီကို ကယ်ဆယ်ခဲ့ရတဲ့ အမှုဟာ ၁၉၇၂ ခု မတ်လထဲမှာ ဖြစ်ခဲ့တာပါ။ အဲဒီသတင်းဟာ ကမ္ဘာ့သတင်းစာကြီးတွေမှာ မျက်နှာဖုံးသတင်းဖြစ်ခဲ့ပြီး၊ သတင်းထောက်တွေဟာ ကျွန်တော်သွားလေရာ တကောက်ကောက်လိုက်ရင်းနဲ့ မာလွန်ဘရန်ဒီတို့ သားအဖသတင်းကို အသေးစိတ်မေးမြန်းကြ စုံစမ်းကြပါတယ်။

ဒီကိစ္စဟာ ကျွန်တော့်အတွက်တော့ အကြီးကျယ်ဆုံး ပြဿနာတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်အနေနဲ့ ဒီအမှုမှာ ကာယကံရှင်အမှုသည်ရဲ့ ကိုယ်ရေးကိုယ်တာဖြစ်ရပ်ကိုအတတ်နိုင်ဆုံး လျှို့ဝှက်ထိန်းသိမ်းရမယ့် တာဝန်ရှိနေလို့ပါပဲ။ ဒါဟာကျွန်တော့်ရဲ့ ယုံကြည်ချက်နဲ့ ခံယူချက်ပါ။ (ဒါကြောင့်မို့လို့လည်း ဒီစာအုပ်ထဲမှာ ဖော်ပြလိုက်တဲ့ အမှုတွေနဲ့ ပတ်သက်လို့ အားလုံးလိုလို ကာယကံရှင်တွေရဲ့ နာမည်တွေကို ပြောင်းလဲထားခဲ့ပါတယ်။)

တကယ့် တကယ်အားဖြင့်လည်း အမှုသည်နဲ့ စုံထောက်ဟာ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ယုံကြည်မှု ရှိရပါမယ်။ ကျွန်တော့်အနေနဲ့တော့ ဒီယုံကြည်ချက်ကို ဘယ်တော့မှ သစ္စာမဖောက်ခဲ့ပါဘူး။ ဒီနေရာမှာ စပ်မိလို့ ပြောရမယ်ဆိုရင် ကျွန်တော်ဟာ (ဆော်ဒီအာရေးဗီးယားဘုရင်) ဘုရင်ဖေဆယ်နဲ့ (ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင် မင်းသားကြီးတွေဖြစ်ကြတဲ့) ရစ်ချတ်ဘာတန်၊ ရစ်ချတ်ဝစ်မတ်တို့၊ (ကမ္ဘာကျော်သူဌေးကြီး)



www.burmeseclassic.com

www.burmeseclassic.com



ယောင်းဝပ်ဟယူးစ်တို့ရဲ့အမှုတွေကို လိုက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီအမှုတွေနဲ့ ပတ်သက်လို့ လူသိရှင်ကြား ထုတ်ဖော်ပြောကြားလို့ မဖြစ်ပါဘူး။ အဲဒီ အမှုတွေနဲ့ အခု မာလွန်ဘရန်ဒိုတို့ သားအဖအမှုဟာ တစ်ခုနဲ့တစ်ခု သဘာဝ အားဖြင့် မတူကြပါဘူး။

ဟုတ်ပါတယ်။ အခု ဒီအမှုမှာ အဓိကဖြစ်တဲ့ ခရစ္စယန်နဲ့ ပတ်သက်ပြီး သူ့မိဘနှစ်ပါးဖြစ်ကြတဲ့ ဘရန်ဒိုနဲ့ သူ့ဇနီးဟောင်း အင်နာတို့ဟာ ဒီကလေးကို ရဖို့အတွက် ရုံးတော်မှာ အမှုဆိုင်နေခဲ့ကြတာဟာ ၁၁ နှစ်တောင် ကြာသွားပါပြီ။ ဒီဆယ့်တစ်နှစ်အတောအတွင်း သူတို့မိသားစုအကြောင်းကို သတင်းစာတွေက အူမချေးခါးမကျန်အောင် အသေးစိတ်ရေးခဲ့ကြလို့ တစ်ကမ္ဘာလုံးက သိပြီးဖြစ်နေကြပါပြီ။ ဒါကြောင့် ဒီအမှုမှာ လျှို့ဝှက်နေစရာ မလိုတော့ဘဲ နာမည်နာမတွေ နဲ့အတိအလင်း ရေးလိုက်ရတာပါပဲ။ ဒါကို ကာယကံရှင် မာလွန်ဘရန်ဒိုကိုယ်တိုင်ကလည်း ခွင့်ပြုပါတယ်။

ဒီအမှုနဲ့ပတ်သက်လို့ ကျွန်တော်ဟာ နောက်ပိုင်းမှာ တရားရုံးကို အကြိမ်ကြိမ်သွားပြီး အစစ်ခံခဲ့ရပါတယ်။ ရုံးတော်မှာ ဘရန်ဒိုရဲ့ဇနီးဟောင်း အင်နာကက်ရှ်ဖီရဲ့ ထွက်ချက်တွေဟာ သိပ်ပြီး ယုတ္တိမရှိလှပါဘူး။ သူပြောပြ တာက သူ့သားကလေး ခရစ္စယန်မှာ ပန်းနာချောင်းခြောက်ရောဂါ စွဲကပ်နေလို့ ရောဂါသက်သာအောင် မက္ကဆီကာလီမြို့ကို ခေတ္တခဏသွားပြီး အနားယူဖို့ စီစဉ်ခဲ့ပါတယ်တဲ့။ ဒီအစီအစဉ်အရ သူနဲ့အတူ စီးပွားရေးလုပ်ကြတဲ့ "ကမ္ဘာ့ခရီးသွားလာရေးကုမ္ပဏီ"က သူ့မိတ်ဆွေတွေနဲ့ သူတို့သားအမိ နှစ်ယောက်စလုံး အတူသွားကြဖို့ ချိန်းထားပါတယ်။ ဒါပေမဲ့ အဲဒီချိန်းထား တဲ့နေ့ကျတော့ သူ့မိတ်ဆွေတွေ လာခေါ်တဲ့အချိန်မှာ သူခရီးလွန်နေတာနဲ့ လူချင်းကွဲသွားပါတယ်။ ဒါနဲ့ သူ့မိတ်ဆွေတွေက ခရစ္စယန်တစ်ယောက် တည်းကိုပဲ ခေါ်သွားပြီး၊ မက္ကဆီကာလီကျမှ လူချင်းဆုံကြမယ်လို့ မှာထားခဲ့ ပါတယ်။ သူ ပြန်ရောက်လာတော့ သူ့မိတ်ဆွေကို မီလိုမီပြား နယ်ခြားအထိ





လိုက်သွားပါတယ်။ ဒါပေမဲ့ နယ်ခြားမှာ သူတို့ကို မတွေ့ရတဲ့အတွက် မက္ကဆီ ကာလီအထိ လိုက်သွားခဲ့ပါတယ်။ ဟိုရောက်တော့လည်း သူ့မိတ်ဆွေ တွေရော၊ သူ့သားကလေးကိုပါ မတွေ့ရတဲ့အတွက် စိတ်ပူပြီး ကလေး ပျောက်သွားတဲ့အကြောင်း ရဲကို တိုင်ချက်ဖွင့်ခဲ့တာ ဖြစ်ပါတယ်လို့ အင်နာက ရုံးမှာ အစစ်ခံပါတယ်။

တကယ်တော့ သူ့ထွက်ချက်တွေဟာ ယုတ္တိမရှိပါဘူး။ သဘာဝ လည်း မကျပါဘူး။ ပိုပြီး သဘာဝမကျတဲ့အချက်က သူဟာ သူ့သားလေး ခရစ္စယန် ပျောက်ဆုံးနေတဲ့အကြောင်း ရဲကို တိုင်ချက်ဖွင့်ပြီး လော့စ်အိန် ဂျလိစ်မြို့ကို ပြန်အလာ သူနဲ့ သူ့မိတ်ဆွေ ရှာလီဟော့မန်ဟာ ဆဲလ်တန်မြို့မှာ အရက်တွေမူးပြီး ဆူဆူပူပူလုပ်ခဲ့ကြလို့ နှစ်ယောက်စလုံး အချုပ်ထဲမှာ တစ်ည အိပ်ခဲ့ရတယ်လို့ သိရပါတယ်။ သားတစ်ယောက်လုံး ပျောက်ဆုံးနေတဲ့ အချိန်မှာ အမေလုပ်တဲ့သူက အခုလို အရက်တွေ မူးပြီးတော့ ဟော့ဟော့ ရမ်းရမ်း ဖြစ်နေတယ်ဆိုတော့ ဘယ်လိုလုပ်ပြီး ဘယ်သူက ယုံတော့မှာလဲ။

ကျွန်တော်လည်း ဒီအမှုမှာ အရေးကြီးတဲ့ သက်သေတစ်ယောက် အနေနဲ့ အစစ်ခံရင်း အမှုကို စစ်ဆေးတဲ့ အထက်တန်းတရားသူကြီး လော ရင့်စ်ရစ်တန်ဘန်ရဲ့ မေးမြန်းချက်အရ ပြန်ပေးဆွဲခံရတဲ့ ခရစ္စယန်ကို ကျွန်တော်ဘယ်လို တွေ့အောင် ရှာခဲ့ရတယ်ဆိုတာ အစအဆုံး ပြောပြခဲ့ရပါ တယ်။ အဲဒါအပြင် ပြန်ပေးသမားတွေကို လက်ပူးလက်ကြပ် ဖမ်းဆီးတဲ့ အချိန်မှာ ပြန်ပေးသမားတစ်ယောက်က ခရစ္စယန်ကို ဒီနိုင်ငံထဲက ခေါ်ထုတ် သွားဖို့အတွက် အင်နာက ဒေါ်လာတစ်သောင်း ပေးပါတယ်လို့ ဝန်ခံပြော ဆိုခဲ့ကြောင်းကိုပါ ရုံးတော်မှာ ကျွန်တော် အစစ်ခံခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ဒီအမှုမှာ မာလွန်ဘရန်ဒိုကို ကျွန်တော် အသနားဆုံး ပါပဲ။ ရုံးတော်မှာ သူ့ကိုမြင်ရတွေ့ရတာဟာ စိတ်မချမ်းသာစရာပါပဲ။ လူရော စိတ်ပါ ပင်ပန်းပြီး နွမ်းနယ်နေပုံရပါတယ်။ ဒီအတောအတွင်း သူ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါရီမှာ ရိုက်လက်စ ရုပ်ရှင်ကားက မပြီးသေးဘဲ တစ်ပိုင်းတစ်စဖြစ်နေလို့ အမှုတန်းလန်းနဲ့ ပါရီကို ပြန်ပြေးရရှာပါသေးတယ်။ အဲဒီအတွက် တရားသူကြီးက အမှုကို ရုပ်ရှင် ရိုက်ပြီးလို့ ဘရန်ဒိုပြန်ရောက်မှ ဆက်ပြီးစစ်ဆေးမယ်လို့ ရက်ချိန်းပေးလိုက်ပါတယ်။

နောက်တစ်ကြိမ် ရုံးချိန်းကျတော့ လောလောဆယ် စစ်ဆေးနေတဲ့ အမှုမပြီးခင်မှာပဲ ခရစ္စယန်ကို မာလွန်ဘရန်ဒိုက အပြီးအပိုင် ထိန်းသိမ်းစောင့်ရှောက်သွားဖို့ ရုံးတော်က အမိန့်ချမှတ်လိုက်ပါတယ်။ ၁၂ နှစ်နီးပါးကြာခဲ့တဲ့ ဘရန်ဒိုနဲ့ သူ့ဇနီးဟောင်း အင်နာတို့ရဲ့ "ကလေးရလိုမှု" ဟာ ဒီလိုနဲ့ပဲ နိဂုံးချုပ်ပြီး အဆုံးသတ်သွားခဲ့ရပါတော့တယ်။

ဒီအတောအတွင်း ခရစ္စယန် ပြန်ပေးဆွဲခံရတဲ့အမှုကို စစ်ဆေးရာမှာ ကျွန်တော် မြင်တွေ့ရသလောက် ကမ္ဘာပေါ်မှာ ရှိသမျှ သတင်းစာတိုက်တွေ အားလုံးက အနည်းဆုံး သတင်းထောက်တစ်ယောက်ကျစီ လွှတ်ပြီး သတင်းလာ ယူနေကြတယ်လို့ ထင်ရပါတယ်။ တစ်ရုံးလုံး သတင်းထောက်တွေ ပြည့်ကြပ်နေတာပါပဲ။ ယူပီအိုင်တို့၊ အေပီတို့ဆိုတဲ့ ကြေးနန်းသတင်းဌာနတွေကလည်း အားလုံး လာကြပါတယ်။

ဒီအမှုကို အကြောင်းပြုပြီး ကျွန်တော်လည်း နေ့ချင်းညချင်း ကမ္ဘာကျော်သွားတာပါပဲ။ ဒါပေမဲ့ သတင်းစာတွေက 'ကမ္ဘာပေါ်မှာ အတော်ဆုံး အလွှတ်စုံထောက်' ဆိုပြီး ဖော်ပြကြတဲ့ "ဂျေအားမီး" ဆိုတဲ့လူဟာ အယ်လ်ပါဆိုမြို့မှာ လူတိုင်းသိနေကြတဲ့ ဂျေအားမီးနဲ့အတူတူ တစ်ယောက်တည်းပါပဲဆိုတာကို ကျွန်တော်နေတဲ့ အယ်လ်ပါဆိုမြို့သားတွေက လက်မခံနိုင် မယုံနိုင်ဘဲ ဖြစ်နေကြပါတယ်။ တခြားမြို့တွေမှာ ပညာရှိ ပရောဟိတ်ကြီးတစ်ယောက်အဖြစ်နဲ့ ဘယ်လောက်ပဲ ကျော်ကြားထင်ရှားနေပေမယ့် ကိုယ်နေတဲ့မြို့မှာတော့ ဘယ်သူကမှ ကိုယ့်ကို အထင်မကြီးဘူးဆိုတာမျိုးပါပဲ။ "ရွာဘုရား ရွာသား မရိုသေ" ဆိုတဲ့ သဘောပေါ့ဗျာ။





'ကမ္ဘာမှာ အတော်ဆုံး အလွှတ်စုံထောက် ဂျေအားမီးဆိုတာ တို့မြို့က ဆိုကွ၊ ဟုတ်လား။ ဒါတော့ လုံးဝမဖြစ်နိုင်ပါဘူးကွာ၊ ဒီကောင်ဟာ ဒီအယ်လ်ပါဆိုမြို့မှာ တို့မျက်စိအောက်တွင် ကြီးလာတဲ့ကောင်ပဲ။ အဲဒါဘယ်လိုက ဘယ်လို ကမ္ဘာကျော် အလွှတ်စုံထောက်ကြီးဆိုပြီး ဖြစ်လာရတာလဲ' အဲဒီလိုပဲ ကျွန်တော့်ကို အယ်လ်ပါဆိုမြို့က မေးလာကြပါတယ်။

ကျွန်တော်ကလည်း အဲဒီမေးခွန်းတွေကို အားရပါးရ ဖြေချင်ပါတယ်။ တကယ်တော့ ဒီအခြေအနေ ဒီဘဝမျိုး ဖြစ်လာဖို့ဟာ တယ်မလွယ်ပါဘူး။ ဒီအခြေအနေ ဒီဘဝရောက်အောင် ဘယ်လိုကြိုးပမ်းခဲ့ရတယ်ဆိုတာ ပြောချင်ပါသေးတယ်။

ပထမတော့ ကျွန်တော်ဟာ အထက်တန်းကျောင်းက အောင်ပြီးတဲ့နောက် ရုပ်ရှင်သရုပ်ဆောင်လုပ်မယ်ဆိုတဲ့ ရောမရည်ရွယ်ချက်ကြီးနဲ့ ကာလီဖိုးနီးယားပြည်နယ်ကို ထွက်လာခဲ့ပါတယ်။ ကျွန်တော်ဟာ ငယ်ငယ်ကလေးတည်းက တစ်ခုခုလုပ်တော့မယ်ဆိုရင် မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့စွဲမျိုးပါလာပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဒါလုပ်တော့မယ်လို့ စိတ်ပိုင်းဖြတ်လိုက်မိပြီဆိုရင်ဖြစ်အောင် လုပ်ခဲ့တာချည်းပါပဲ။

အခုလည်း ကျွန်တော် ရုပ်ရှင်သရုပ်ဆောင်ဖြစ်အောင် လုပ်မယ်လို့ သန္နိဋ္ဌာန်ချခဲ့တဲ့အတိုင်း ကာလီဖိုးနီးယားရောက်တော့ မဖြစ်ဖြစ်အောင် လုပ်ခဲ့တာပါပဲ။ ဖြစ်လည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ တကယ့်ခေါင်းဆောင်မင်းသား "စတား" တစ်ယောက်တော့ မဖြစ်ခဲ့ဘူးပေါ့ဗျာ။ ရိုးရိုးသာမန် အရံဇာတ်ဆောင်ထဲကပါပဲ။ အဲဒီလိုဇာတ်ရံတစ်ယောက်အနေနဲ့ ကျွန်တော် ပါဝင်သရုပ်ဆောင်ခဲ့ရတဲ့ ဇာတ်ကားတွေကတော့ တော်တော်များတယ်လို့ ဆိုရပါမယ်။ ဒါပေမဲ့ အသေးအဖွဲ့ အရေးမကြီးတဲ့ အခန်းကလေးတွေက ပါခဲ့ရတာဆိုတော့ ဘယ်သူမှ ကောင်းကောင်း မှတ်မိမယ် မထင်ပါဘူး။ နောက်ပြီးတော့ အဲဒီအချိန် ၁၉၅၀ ပတ်ဝန်းကျင်တစ်ဝိုက်တုန်းက ဟောလီဝုဒ် ရုပ်ရှင်လောကတစ်ခုလုံးဟာ ရောမရန်သူကြီးနဲ့ စတင်ပြီး ရင်ဆိုင်နေရတဲ့ ကာလလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ပါတယ်။ အဲဒီရန်သူကတော့ တခြားမဟုတ်ပါဘူး၊ "တယ်လီဗေးရှင်း"ဆိုတဲ့ ရုပ်မြင်သံကြား ဘီဗွီတွေပါပဲ။

အဲဒီလို ဘီဗွီတွေကြောင့် ရုပ်ရှင်လုပ်ငန်းကြီး ထိခိုက်ကျဆင်းပြီး ရုပ်ရှင်ကားတွေ တဖြည်းဖြည်း အရိုက်ကျဲလာခဲ့ပေမယ့် ကျွန်တော်ကတော့ စိတ်မပျက်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်ဟာ ရုပ်ရှင်စတူဒီယိုတွေမှာ ကျွန်တော့်အတွက် ကားရိုက်စရာမရှိဘူး၊ အလုပ်မရှိဘူးဆိုတဲ့နေ့ကျရင် နိုင်ငံခြားဘာသာ စကားသင်ကျောင်းတွေ သွားတက်ပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ဘာသာစကားမျိုးစုံကို အင်မတန် တတ်ချင်ပါတယ်။ ပြီးတော့ ကျွန်တော့် ပါးစပ်ဟာ နိုင်ငံခြားဘာသာ စကားပြောတဲ့နေရာမှာ ဘယ်ဘာသာမဆို လေယူလေသိမ်း အတော်ကလေးမှန်အောင် ပြောတတ်တယ်၊ ပြောနိုင်တယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် သိနေပါတယ်။

ဒါကြောင့်လည်း ကျွန်တော်ဟာ ဟောလီဝုဒ်မှာ အလုပ်လုပ်ရင်းနဲ့ ဘာသာ စကားမျိုးစုံ ကြိုးစားပြီး သင်ခဲ့ပါတယ်။ သင်သလောက် တတ်လည်း တတ်ခဲ့ပါတယ်။ မူလက ကျွန်တော်တတ်ထားပြီးသား၊ အင်္ဂလိပ်နဲ့ စပိန်ဘာသာအပြင် အဲဒီမှာ ဂျာမန်၊ ပြင်သစ်၊ အီတလီနဲ့ တရုတ်လိုပါ ပြောတတ်ရေးတတ်ခဲ့ပါတယ်။ အဲဒါအပြင် အထက်တန်းကျောင်းမှာတုန်းက ကျွန်တော် တစ်ပိုင်းတစ်စ သင်ခဲ့ဖူးတဲ့ ဥပဒေပညာကိုလည်း အချိန်ရသလောက် ကြိုးစားသင်ခဲ့ပါသေးတယ်။ အဲဒီကြားထဲက အချိန်ရရင် ရသလောက် အချိန်လုပြီး လက်နှိပ်စက် အရိုက်သင်ခဲ့ပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက ကျွန်တော့်လို လက်နှစ်ဖက်ပြတ်ပြီး လက်ဆယ်ချောင်းစလုံး မရှိတော့တဲ့ လူတစ်ယောက်အနေနဲ့ "လက်တု"တပ်ထားတဲ့ သံချိတ်ကြီးတွေနဲ့ပဲ မဖြစ်ဖြစ်အောင် ကြိုးစားပြီး သင်ခဲ့ရပါတယ်။ တချို့လူတွေ သင်ရိုးညွှန်းတမ်းအတိုင်း လက်ဆယ်ချောင်းစလုံးမသုံးဘဲ လက်ညှိုးနှစ်ချောင်းတည်းနဲ့ တချောက်ချောက် ရိုက်နေကြသလိုပေါ့။ ကျွန်တော်လည်း အဲဒီသံချိတ်ကြီး





နဲ့ပဲ လက်နှိပ်စက် အရိုက်ကျင့်လာခဲ့တာ တစ်မိနစ်ကို စာလုံးရေ ၆၀ အထိ ရိုက်နိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ ကာလီဖိုးနီးယားမှာ ၆ နှစ်တိတိ ကြာခဲ့ပါတယ်။ အဲဒီ ၆ နှစ်အတွင်း စောစောက ပြောခဲ့သလို ဘာသာစကားမျိုးစုံနဲ့ ပညာရပ်မျိုးစုံ အချိန်ရသလောက် ကြိုးစားသင်ခဲ့ တတ်ခဲ့တဲ့အပြင် အဲဒီအချိန်ကာလအတွင်း ရုပ်ရှင်ဇာတ်ကားပေါင်း ၃၆ ကားနဲ့ ရုပ်မြင်သံကြားဇာတ်ကားပေါင်း ၂၈ ခုမှာ ကျွန်တော် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ စောစောက ပြောခဲ့သလို အဲဒီရုပ်ရှင်နဲ့ ဇာတ်လမ်းတွေမှာ ကျွန်တော် သရုပ်ဆောင်ခဲ့ရတာတွေက လူအုပ်ကြီးထဲမှာရောပြီး ပြေးရလွှားရတာတို့၊ ဖြတ်သွား ဖြတ်လာလမ်းလျှောက်ရတာတို့၊ လုံကြီးတွေ ကိုင်ပြီး ချိတက်ရတာတို့ ဆိုတာမျိုးတွေပဲများပါတယ်။ တစ်ခါတစ်ခါတော့ စွန့်စွန့်စားစားနဲ့ စတန့်ခန်းတွေမှာ ပါခဲ့ရပါတယ်။

အဲဒီလို နေလာရင်းက ကျွန်တော့်ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေမှ ဖြစ်တော့မယ်လို့ ကျွန်တော် စဉ်းစားလိုက်မိပါတယ်။ ဒီအချိန်မှာ ကျွန်တော်ဟာ ဆင်းဆင်းရဲရဲနဲ့ ငတ်တစ်လှည့် ပြတ်တစ်လှည့် နေရတာမျိုးတော့ မဟုတ်ပါဘူး။ မတောင့်မတာ မကြောင့်မကျ နေနိုင်ခဲ့တဲ့ဘဝမျိုးပါပဲ။ ဒါပေမဲ့ အခုလို ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားလောကမှာ အရန်သရုပ်ဆောင်ဘဝလောက်နဲ့ ကိုယ့်ကိုယ်ကို အားရကျေနပ်နေလို့ မဖြစ်ဘူးဆိုတာ တွေးမိလာပါတယ်။ အထူးသဖြင့် ကျွန်တော်တက်နေတဲ့ ဥပဒေသင်တန်းမှာ ရာဇဝတ်မှုခင်းဘက်ဆိုင်ရာ ဘာသာရပ်နဲ့အောင်ပြီး ဘွဲ့ရလိုက်တာဟာ ကျွန်တော့်အတွက် ဘဝတစ်ကွေ့ပြောင်းလဲဖို့ ဖြစ်လာတာပါပဲ။ ဒါကြောင့် အဲဒီဘွဲ့လည်း ရလိုက်ရော ကျွန်တော်ဟာ အလုပ်တစ်ခုကို ဇောက်ချပြီးလုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီအလုပ်ကတော့ တခြားမဟုတ်ပါဘူး၊ အလွတ်စုံထောက်အလုပ်ပါပဲ။ ဒီဆုံးဖြတ်ချက်နဲ့ပဲ ကျွန်တော်ဟာ ကိုယ့်ဇာတိဖြစ်တဲ့ အယ်လ်ပါဆိုမြို့ကို ပြန်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လို လက်နှစ်ဘက်ပြတ်ပြီး လူစဉ်မမီတဲ့ လူတစ်ယောက်အတွက် အလွှတ်စုံထောက်အလုပ်ဟာ မလွယ်ဘူးဆိုတာတော့ မှန်ပါတယ်။ ဒါ့ကြောင့်လည်း အယ်လ်ပါဆိုက လုံခြုံရေးမှူး ဘော့ဘောလီနဲ့ ရဲမှူးကြီး ရိုက်ဆင်ဂျာတို့က ကျွန်တော့်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြတာပါပဲ။ ဒါပေမဲ့ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဒါဆို ဒါမှဆိုတဲ့ကောင်မျိုး မဟုတ်လား။ အဲဒီတော့ သူတို့နှစ်ယောက်စလုံး ကန့်ကွက်နေတဲ့ကြားထဲက စိတ်မပျက် လက်မလျှော့ဘဲ ဒီအလုပ်ကိုဖြစ်အောင် ကြိုးစားခဲ့ပါတယ်။

စောစောက ကျွန်တော် ပြောခဲ့သလိုပါပဲ။ ကျွန်တော် ဒီအလုပ်ကိုမှ ဆောက်ချပြီး လုပ်တော့မယ်လို့ ရွေးလိုက်တာဟာ "အလွှတ်စုံထောက်"ဆိုတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ လူတွေအားလုံးက လောလောဆယ် ထားကြတဲ့ သဘောထားကို ပြောင်းပြန်လှန်ပစ်ချင်လို့ပါ။ ဒါ့ကြောင့်မို့လည်း ကျွန်တော်ဟာ အလွှတ်စုံထောက်လုပ်မယ်ဆိုကတည်းက ဘယ်လိုပုံစံမျိုးနဲ့ လုပ်မယ်ဆိုတာ ခေါင်းထဲမှာ ရုပ်လုံးဖော်ပြီးသား ရှိနေပါတယ်။ ကျွန်တော်ရဲ့ အလွှတ်စုံထောက်လုပ်ငန်းဟာ တခြားလူတွေရဲ့လုပ်ငန်းတွေနဲ့ လုံးဝမတူရုံတင် မဟုတ်ဘူး၊ သိသိသာသာကြီးကို ထူးခြားနေရမယ်၊ တသီးတခြား ဖြစ်နေစေရမယ်လို့ ဆုံးဖြတ်ထားပါတယ်။

တကယ်တော့ အလွှတ်စုံထောက်အလုပ်ကို စလုပ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ ဘယ်အလွှတ်စုံထောက်နဲ့မှ မတူဘဲ တစ်မူထူးခြားနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ တခြားအလွှတ်စုံထောက်တွေလို လက်နှစ်ဖက်မပါပဲ သံချိတ်ကြီးတွေ တပ်ထားတဲ့ လက်အတုကြီးနှစ်ဖက်နဲ့ ဖြစ်နေလို့ပါပဲ။ ကျွန်တော်ထင်ပါတယ်၊ အမေရိကန်ပြည်ထောင်စုမှာသာ မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာတောင် "လက်နှစ်ဖက်ပြတ်အလွှတ်စုံထောက်"ရယ်လို့ ကျွန်တော်တစ်ယောက်ပဲ ရှိပါလိမ့်မယ်။ နောက်တစ်ချက် ကျွန်တော့်စိတ်ထဲမှာ အခိုင်အမာ ယုံကြည်ထားတာက ကျွန်တော်





ဟာ အလွှတ်စုံထောက်အလုပ်ကို တခြားအလွှတ်စုံထောက်တွေထက် ၄ဆလောက်ပိုပြီး လုပ်နိုင်မယ်၊ သူတို့ထက် ၄ဆလောက်ပိုပြီး မြန်မြန်ဆန်ဆန် လုပ်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ပါပဲ။ လောကကြီးမှာ ပင်ကိုဉာဏ်နဲ့ ပင်ကိုအရည်အချင်းရှိပြီး ခိုင်မာမြဲမြံတဲ့ သန္နိဋ္ဌာန်ချမှတ်နိုင်တဲ့ လူတွေဟာ ဘယ်အလုပ်မျိုးမဆို အောင်မြင်အောင် လုပ်နိုင်ကြတာချည်းပါပဲ။ အဲ...တစ်ခုတော့ ရှိတယ် ကျွန်တော့်အနေနဲ့ ဒီအချက်ကို လက်တွေ့သာဓက ပြနိုင်ဖို့ပဲ လိုပါတယ်။

ပထမဆုံးနဲ့ အခက်ခဲဆုံး အလုပ်ကတော့ ကျွန်တော်ဟာ အလွှတ်စုံထောက်လုပ်နေပါပြီဆိုတာကို လူတွေသိအောင် လုပ်ဖို့နဲ့ တခြားအလွှတ်စုံထောက်တွေထက်ပိုပြီး တက်တက်ကြွကြွနဲ့ တကယ်စိတ်ပါလက်ပါ လုပ်မယ့် လူပဲဆိုတာ ယုံကြည်သဘောပေါက်လာအောင် လုပ်ဖို့ပါပဲ။ ဒီလိုနဲ့ ကျွန်တော့် လုပ်ငန်းစစချင်း ကျွန်တော်ဟာ တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ တစ်အိမ်တက်ဆင်း လျှောက်သွားပြီး ရုပ်ရှင်ကြော်ငြာကမ်းသလို ကျွန်တော့်အလုပ်နဲ့ပတ်သက်တဲ့ လက်ကမ်းကြော်ငြာတွေကို အိမ်ပေါက်စေ့ လျှောက်ကမ်းခဲ့ပါတယ်။ ဒီအလုပ်ဟာ အတော်ကလေး ပင်ပန်းပေမယ့် အဲဒီတုန်းက ကျွန်တော့်အနေနဲ့ ဒီလိုလုပ်မှ ဖြစ်မယ်ဆိုပြီး အပင်ပန်းခံ လုပ်ခဲ့တာပါပဲ။ အဲဒီနောက် ရုံးခန်းတစ်ခန်းနဲ့ အတွင်းရေးမှူး တစ်ယောက်ငှားပြီး ကျွန်တော်တို့ အယ်လ်ပါဆိုမြို့နဲ့ မိုင်တစ်ရာပတ်ဝန်းကျင်မှာ ရှိရှိသမျှ ရှေ့နေတွေအားလုံးဆီကို တစ်ယောက်မကျန် အကြောင်းကြားစာတွေ ပို့ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ရဲအမှုထမ်းဟောင်း ၁၀ ယောက်ကို ကျွန်တော့် လုပ်ငန်းမှာ ကူညီဖို့ ငှားလိုက်ပြီး၊ ရုံးခန်းမှာ ခပ်တည်တည်ထိုင်ရင်းနဲ့ လူတွေ စုပြုံပြီး လာအပ်ကြမယ့် အမှုတွေကို စောင့်နေခဲ့ပါတယ်။

ဒါပေမဲ့ ဘယ်သူမှလည်း မလာ၊ ဘာအမှုမှလည်း မအပ်ကြပါဘူး။

ဟုတ်ပါတယ်။ ကျွန်တော်ဟာ ဘယ်လိုအမှုတွေလာရင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းလိုက်မယ်၊ ဘယ်လိုထောက်လှမ်းလိုက်မယ်ဆိုတဲ့ တွေးလုံးတွေနဲ့ စိတ်ကူးယဉ်ပြီး ကျွန်တော်ငှားထားတဲ့ ကျွန်တော့်လက်ထောက် ၁၀ ယောက်က ကျွန်တော်ပေးထားတဲ့ လခနဲ့ စားလားသောက်လား လုပ်နေကြရင်း အချိန်နဲ့ငွေသာ တဖြည်းဖြည်း ကုန်လာခဲ့တယ်၊ ကျွန်တော့်မှာတော့ ခွေးပျောက်တဲ့အမှုတောင် လာအပ်မယ့် လူမရှိဘဲ ဖြစ်နေပါတယ်။ ဒီတိုင်းသာဆိုရင်တော့ လုံးပါးပါးရချေရဲ့ဆိုပြီး ကျွန်တော်ဟာ တစ်မျိုးတစ်ဖုံကြံပြီး တစ်နည်းတစ်လမ်း ထွင်ခဲ့ရပါတယ်။

အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ကျွန်တော်ဟာ မနက်စောစောနဲ့ ညဦးပိုင်းအချိန်တွေမှာ မြို့ထဲသွားပြီး ထွက်သမျှ သတင်းစာတွေအားလုံးကို ဝယ်ခဲ့ပါတယ်။ ပြီးတော့မှ အဲဒီသတင်းစာတွေထဲမှာ ပါသမျှရာဇဝတ်မှုနဲ့ ပတ်သက်တဲ့ သတင်းတွေအားလုံးကို ကပ်ကြေးနဲ့ညှပ်ပြီး စနစ်တကျ ဖိုင်တွဲလိုက်ပါတယ်။ ရာဇဝတ်မှုသတင်းဆိုတဲ့နေရာမှာ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ လူပျောက်မှုတွေကအစ ကားတိုက်မှု၊ ရန်ဖြစ်မှုတွေပါမကျန် ရဲနဲ့ပတ်သက်တဲ့ မှုခင်းတွေအားလုံးပါ ပါတယ်။ နောက်ပိုင်းကျတော့ ဒီမှုခင်းသတင်း ဖြတ်ပိုင်းတွေဟာ ကျွန်တော့်အတွက် အထောက်အကူအများကြီးရပြီး တန်ဖိုးမဖြတ်နိုင်လောက်အောင် အသုံးဝင်ခဲ့ပါတယ်။

တကယ်တော့ အယ်လ်ပါဆိုမြို့ဟာ နယ်ခြားမြို့ကလေးတစ်မြို့ ဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ လူတွေ ဥဒဟို ဝင်ထွက်ဖြတ်သန်း သွားလာကြရာမှာ တချို့ဆိုရင် အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ "သေမြေကြီး ရှင်ရွှေထီး" ဆိုပြီး သူဌေးဖြစ်အောင် အပွကြံဖို့ ဒီမြို့ကိုရောက်လာကြတာ ဖြစ်ပါတယ်။ သူဌေးဖြစ်တဲ့လူလည်း ဖြစ်၊ ပွတဲ့လူလည်း ပွကြတာပါပဲ။ တစ်ခါတုန်းက အင်မတန် နာမည်ကျော်တဲ့ တောပုန်းဓားပြလူဆိုး ဝါးရမ်းပြေးကြီး "ဂျက်စီဂျိမ်း"ကို သတင်းစာဆရာ တစ်ယောက်က 'ခင်ဗျားဘာဖြစ်လို့ ဘဏ်တိုက်တွေကိုချည်း ဝင်စီးရတာလဲ'လို့ မေးပါတယ်။ အဲဒီတော့ ဂျက်စီဂျိမ်းက





'ကျုပ်ဘဏ်တိုက်တွေကိုချည်း ဝင်စီးရတာက ဘဏ်တိုက်မှာ ငွေတွေ ရှိလို့ပေါ့' လို့ ပြန်ဖြေဖူးပါတယ်။ အဲဒီစကားအတိုင်းပါပဲ၊ တစ်ပွဲတိုး တစ်နပ်စားတစ်ချီတည်းနဲ့ ပွပေါက်ကြံတဲ့ လူဆိုးတွေအတွက် အယ်လ်ပါဆိုဟာ "ငွေတွေရှိတဲ့"နေရာပါပဲ။

ဒါကြောင့်လည်း ကျွန်တော်ဟာ အဲဒီအချိန်က ရာဇဝတ်မှုတွေပေါ်ချင်တိုင်း ပေါ်နေတဲ့ အယ်လ်ပါဆိုမြို့မှာ ရာဇဝတ်မှု တစ်ခုခုဖြစ်ပြီဆိုရင် 'ဒီအမှုအတွက် ခင်ဗျားကို ကူညီဖို့ အလွတ်စုံထောက် ဂျေအားမီးဆိုတဲ့လူရှိနေပါတယ်'လို့ ကာယကံရှင် အမှုသည်ဆီ စာရေးပြီး အကြောင်းကြားခဲ့ပါတယ်။ (ကျွန်တော့်မူလ နာမည်ရင်းက "ဂျူလီယန်အားမား"ပါ၊ ဒါပေမဲ့ ဒီနာမည်ကြီးက ခေါ်မ ရောမခေတ် လက်တင်အမျိုးသမီးနာမည်နဲ့ တူနေတယ်။ အဲဒီတော့ လူတိုင်းလည်း ခေါ်လို့လွယ်အောင် "ဂျေအားမီး"လို့ နာမည်ပြောင်းလိုက်ပါပြီ၊ ကျွန်တော်ရုပ်ရှင် သရုပ်ဆောင်ဘဝတုန်းက ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ ဒါရိုက်တာတစ်ယောက်က ပြောင်းပေးလိုက်တဲ့ နာမည်ပါ။ ရုပ်ရှင်ထဲက နာမည်ပဲဆိုပါတော့)။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ အမှုတွေကိုလက်ခံ စုံစမ်းခဲ့ရပါတယ်။

ဒီကြားထဲက ပြောရရင် ယုံနိုင်စရာတောင် မရှိဘူး။ တချို့လူတွေဟာ ကျွန်တော့်မှာ လက်မရှိဘဲ သံချိတ်ကြီးတွေ တပ်ထားတာကို မြင်တာနဲ့ ကျွန်တော့်ကို အမှုတစ်ခုအပ်ပြီး နောက်အမှုတစ်ခု ထပ်ဖြစ်လာတော့လည်း ကျွန်တော့်ကိုပဲ လာအပ်ကြတာ တွေ့ရပါတယ်။ တချို့အကြောင်း မသိသေးတဲ့သူတွေအနေနဲ့ ပထမတော့ ကျွန်တော့်လက်က သံချိတ်ကြီးတွေကို ကြည့်ပြီး၊ 'ဒီလက်နှစ်ဖက်ပြတ်နေတဲ့ အလွတ်စုံထောက်ဟာ ငါ့အမှုကို ဘယ်လိုလုပ်ပြီးတော့များ စုံစမ်းထောက်လှမ်းမှာပါလိမ့်'လို့ သံသယစိတ်နဲ့ စိုးရိမ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆိုတဲ့ ကျွန်တော်ကလည်း အမှုတစ်ခုကို လက်ခံလိုက်ပြီဆိုရင် ကာယကံရှင်အမှုသည် ကျေနပ်ရပါစေမယ်လို့ ရဲရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



အာမခံချက်ပေးလေ့ ရှိပါတယ်။ ဒီနေ့အထိလည်း ဒီအတိုင်းပဲ အာမခံချက်ပေးပါတယ်။ အမှုတစ်ခု ကျွန်တော့်လက်ထဲ ရောက်လာတာနဲ့ တစ်ပြိုင်နက် ဒီအမှုကို ရေဆုံးမြေဆုံးအထိ ကျွန်တော်လိုက်ပါတယ်။ ဒါ့ကြောင့်မို့လည်း ကျွန်တော့်အနေနဲ့ မဖြေရှင်းနိုင်တဲ့အမှု၊ မပြေလည်တဲ့အမှုရယ်လို့ ဒီနေ့အထိ တစ်မှုမှ မရှိခဲ့ပါဘူး။

နောက်တစ်ခု ကျွန်တော့်အတွက်ပိုပြီး အခွင့်အလမ်းသာတဲ့ အချက်တစ်ချက် ရှိပါသေးတယ်။ အဲဒါကဘာလဲဆိုတော့ သွေးထွက်သံယို အကြမ်းဖက်မှုမပါတဲ့ မှုခင်းတွေကို ရဲဘက်က သိပ်ပြီး ဂရုမစိုက်ဘဲ ပေါ့ပေါ့တန်တန် သဘောထားနေတတ်ကြတာပါပဲ။ ဥပမာ– အိမ်တစ်အိမ်မှာ ဖောက်ထွင်းခိုးယူမှုဖြစ်တယ် ဆိုပါတော့။ ဒီအမှုမျိုးမှာ ခံရတဲ့ ကာယကံရှင်ဟာ တစ်ခါတစ်ခါ အကြီးအကျယ် ဆုံးရှုံးနစ်နာတတ်ပါတယ်။ တချို့ဆိုရင် နေ့စဉ်စားဝတ်နေရေးသာမက စီးပွားရေးနဲ့ ဘဝနောင်ရေးပါ ထိခိုက်ပျက်ပြားသွားတတ်ကြပါတယ်။ ဒါပေမဲ့ ရဲအရာရှိတွေ အတွက်ကတော့ ဒါမျိုးဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပဲလို့ သာမန်ပေါ့ပေါ့တန်တန် သဘောထားတတ်ကြပါတယ်၊ အဲဒီအတွက် သူတို့ကို အပြစ်ပြောလို့လည်း မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့မှာက နေ့စဉ်နဲ့အမျှ လူသတ်မှု၊ လုယက်မှု၊ ဓားပြမှု၊ ကားတိုက်မှု၊ ရထားတိုက်မှု၊ ပြန်ပေးဆွဲမှုဆိုတဲ့ အမှုမျိုးစုံကို ကြုံတွေ့နေရတော့ မှုခင်းမှန်သမျှ ရိုးနေပြီး သူတို့အတွက် ဖြစ်ရိုးဖြစ်စဉ်လို့ပဲ သဘောထားနေကြတတ်ပါတယ်။ အဲဒီတော့ ရာဇဝတ်မှုပေါင်း သောင်းခြောက်ထောင်ကို အမြဲတမ်းကိုင်တွယ်နေကြရတဲ့ ရဲအမှုထမ်း အရာထမ်းတွေအတွက် ခင်ဗျား အမှုတစ်ခုတည်းကို ဘယ်လိုလုပ်ပြီး အရေးတကြီး ဦးစားပေးနိုင်တော့မှာလဲ။

အဲ၊ ဒါပေမဲ့ "ချေအားမီး"ဆီ ရောက်လာရင်တော့ ဒီလိုမဟုတ်ဘူး။ ရောက်လာတဲ့အမှုတိုင်းကို ၁၀၀ ရာနှုန်းပြည့် တာဝန်ယူပြီး ဆောင်ရွက်ပေးတာ တွေ့ရပါလိမ့်မယ်။ ဘယ်အမှုမျိုးမဆို အမြန်ဆုံးနဲ့ အကောင်းဆုံးဖြစ်





အောင် လုပ်ပေးခြင်းအားဖြင့် အမှုသည်အတွက်ရော၊ ကျွန်တော့်အတွက်ပါ နှစ်ဦးနှစ်ဝ အကျိုးရှိမယ်မဟုတ်လား။ ဒါဟာ ကျွန်တော့်ရဲ့မူဝါဒပါပဲ။ အမှုတစ်ခုကို မြန်မြန်ပြီးအောင် မြန်မြန် ပြေလည်အောင် ဆောင်ရွက်ပြီးသွားတယ်ဆိုရင် ကျွန်တော့်အတွက် ကိစ္စပြတ်သွားတာပါပဲ။ အလုပ်တစ်ခုကို အကြွေးမထားဘဲ လက်ငင်း ချက်ချင်းလုပ်တတ်တဲ့ ဝါသနာဟာ ငယ်ငယ်ကလေးကတည်းက ပါလာတဲ့ ကျွန်တော့်စရိုက် ကျွန်တော့်ဝါသနာပါ။

ကျွန်တော့်အလုပ်နဲ့ ပတ်သက်ပြီး နောက်တစ်ခု ကျွန်တော်ထွင်လိုက်တာကတော့ ရေဒီယိုကနေ ကြော်ငြာတဲ့နည်းပါပဲ။ တချို့လူတွေဟာ အခုထက်ထိ ရေဒီယိုက ကြော်ငြာဖို့ ရုပ်မြင်သံကြားကနေ ကြော်ငြာဖို့ လုံးဝ စိတ်မကူးမိကြသေးပါဘူး။ ဒီလိုကြော်ငြာခြင်းအားဖြင့် ဘယ်လောက်ထိရောက် အောင်မြင်နိုင်တယ်ဆိုတာ ခုထက်ထိ မသိကြသေးပါဘူး။ ကျွန်တော်ကတော့ ဒီနည်းကို သုံးလာတာ ကြာပါပြီ။

ကျွန်တော်ရဲ့ အလွတ်စုံထောက်လုပ်ငန်းကို လူတွေ စိတ်ဝင်စားလာအောင် ရေဒီယိုက ကြော်ငြာတဲ့နေရာမှာ ကျွန်တော် ဘယ်လိုထွင်လိုက်သလဲဆိုတော့ ပထမဆုံး 'ဒါဒီးဒါဒါ၊ ဒါဒီး ဒါဒါ'ဆိုတဲ့ တီးလုံးသံကလေးကို လွှင့်ပေးလိုက်ပါတယ်။ အဲဒီတီးလုံးသံလေးလည်း ဆုံးသွားရော စက္ကန့် ၃၀ လောက်တိတ်ပြီး ငြိမ်ကျသွားတဲ့အချိန်မှာပဲ၊ 'အမယ်လေး'ဆိုတဲ့ အသံကို ကြားရပါလိမ့်မယ်။ တစ်ဆက်တည်းမှာပဲ 'ရှင်… ဘယ်သူလဲ… ဟင်၊ ရှင်… ဘယ်သူလဲ'လို့ အထိတ်တလန့် ပျာပျာသလဲ မေးလိုက်တဲ့ အဲဒီအမျိုးသမီးအသံကို ကြားလိုက်ရပြီးတဲ့နောက် ရုတ်တရက် ခြေသံတွေ ရုတ်ရုတ်သဲသဲနဲ့ တစ်ဆက်တည်း 'ဂွမ်း'ခနဲ မှန် တစ်ချပ်ကွဲပြီး မှန်စတွေ လွင့်စင်သွားတဲ့အသံနဲ့အတူ နောက်ထပ် ငယ်သံပါအောင် အော်လိုက်တဲ့ အသံတစ်သံကို ကြားရပါလိမ့်မယ်။ နောက် အဲဒီအသံတွေအားလုံး ငြိမ်ကျသွားတော့မှ အောင်မြင်ခန့်ညားတဲ့ ယောက်ျားတစ်ယောက်ရဲ့အသံနဲ့ ကြေညာချက် ပေါ်ထွက်လာပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။ အဲဒီကြေညာချက်ကတော့ 'တကယ်လို့သာ ခင်ဗျားမှာ ခုလို ပြဿနာမျိုး ကြုံတွေ့လာရပြီ ဆိုပါတော့၊ တကယ်လို့သာ ခင်ဗျားရဲ့ပိုင်နက်ကို တစ်ယောက်ယောက်က အဲသည်လို အဓမ္မကျူးကျော်ပြီး ခင်ဗျားရဲ့ လုံခြုံမှုနဲ့ ခင်ဗျားတို့မိသားစုရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာပြီ ဆိုပါတော့၊ အလွတ်စုံထောက် ဂျေအားမီးနဲ့အဖွဲ့ကို အမြန်ဆုံး အကြောင်းကြားလိုက်ပါ ခင်ဗျာ၊ နေ့ခင်းဖြစ်စေ၊ ညဘက်ဖြစ်စေ အချိန်မရွေး အကြောင်းကြားပါ။ ခင်ဗျား လောလောဆယ် ရင်ဆိုင်နေရတဲ့ပြဿနာကို အလွတ်စုံထောက် ဂျေအားမီးလက်ထဲ ယုံယုံကြည်ကြည်နဲ့ လွှဲအပ်လိုက်ပါ ခင်ဗျား'

ကျွန်တော်ထွင်လိုက်တဲ့ အဲဒီရေဒီယိုကြော်ငြာဟာ သောမတ်စ် အက်ဒီဆင် ပထမဆုံးစပြီး တီထွင်လိုက်တဲ့ လျှပ်စစ်မီးလုံးလို အင်မတန် ထင်ရှားကျော်ကြားပြီး အင်မတန် အောင်မြင်ထိရောက်ခဲ့ပါတယ်။ အောင်မြင်တာကတော့ အံ့သြလောက်အောင်ပါပဲ။ တစ်လအတွင်း တယ်လီဖုန်းအကြိမ် ၂၀၀ ကျော်လောက်ဆက်ပြီး စုံစမ်းမေးမြန်းတဲ့လူတွေနဲ့၊ အမှုအပ်တဲ့လူတွေနဲ့ လက်မလည်အောင် ဖြစ်ခဲ့ရပါတယ်။ အဲဒီလိုအလုပ်တွေ မနိုင်မနင်းဖြစ်လာခဲ့လို့ နောက်ထပ်အကူ စုံထောက်တွေ ထပ်ငှားပြီး လုပ်ငန်းကို တိုးချဲ့ခဲ့ရပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်း နောက်ထပ် ရေဒီယိုကြော်ငြာအသစ်တွေ ထပ်လွှင့်ဖို့ စီစဉ်ခဲ့ကြပါတယ်။ လူတွေ ပိုပြီး စိတ်ဝင်စားသည်ထက် ဝင်စားအောင် တစ်ခန်းရပ် ဇာတ်လမ်းတိုကလေးတွေပါ တီထွင်ထုတ်လွှင့်ခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီရေဒီယိုကြော်ငြာ အစီအစဉ်တွေအားလုံးရဲ့ နောက်ဆုံးမှာတော့ ကြေညာချက်နဲ့အမြဲတမ်း နိဂုံးချုပ်ခဲ့ပါတယ်။ 'ကျွန်တော်တို့အဖွဲ့ဟာ နေ့ရောညပါ အလုပ်လုပ်နေကြပါတယ်။ တယ်လီဖုန်း နံပါတ် ၅၃၂၊ ၅၇၃၉ ကို အချိန်မရွေး ခေါ်နိုင်ပါတယ်။ ဂျေအားမီးရဲ့ အလွတ်စုံထောက်အဖွဲ့နဲ့ အမြန်ဆုံး ဆက်သွယ်ပါ ခင်ဗျား'

နောက် သုံးလေးလလောက်ကြာတော့ ကျွန်တော်တို့အဖွဲ့ဟာ အမှု





တော်တော်များများကို လက်ခံပြီး၊ လုပ်နေကြရပါပြီ။ အမှုတွေ များသလောက် အမှုအမျိုးအစားကလည်း စုံပါတယ်။ ကျွန်တော်တို့အဖွဲ့ မလိုက်ဖူးတဲ့ အမှုမျိုးရယ်လို့ မရှိသလောက်ပါပဲ။

အဲဒီကြားထဲက ကျွန်တော်ဟာ အသစ်အဆန်းတစ်ခုကို တီထွင်လိုက်ပါတယ်။ အဲဒါကတော့ ချက်လက်မှတ် အတုအလိမ်တွေနဲ့ပတ်သက်တဲ့ အမှုတွေကို ထောက်လှမ်းတဲ့အလုပ်ပါပဲ။ အဲဒီအလုပ်ကို HCD (Hot Cheek Detail "ချက် လက်မှတ်အတုအလိမ်များ အသေးစိတ် မှတ်တမ်းလုပ်ငန်း" လို့ အမည်ပေးလိုက်ပါတယ်။ ငွေသားနဲ့ ငွေစက္ကူကိုမသုံးဘဲ ချက်လက်မှတ်ကိုသာ အသုံးပြုပြီး အရောင်းအဝယ်လုပ်လေ့ရှိကြတဲ့ အမေရိကန်ပြည်ထောင်စုမှာ ချက်လက်မှတ် အတုအလိမ်တွေနဲ့ ဈေးဝယ်ခဲ့ကြတဲ့ အမှုတွေဟာ ကျွန်တော်တို့ အယ်လ်ပါဆိုမြို့ တစ်မြို့တည်းမှာတင် တစ်နှစ်ကို ဒေါ်လာ သန်းပေါင်း ထောင်ချီပြီး ရှိနေပါတယ်။ အဲဒီချက်လက်မှတ် အတုအလိမ်တွေကြောင့် အများဆုံး ထိခိုက်နစ်နာခဲ့ကြသူတွေကတော့ "ရှုပါမားကက်"လို့ခေါ်တဲ့ ကုန်တိုက်ကြီးတွေနဲ့ လုပ်ငန်းရှင်ကြီးတွေပါပဲ။ ဒီချက်လက်မှတ် အတုအလိမ်တွေအတွက် သီးခြားစုံစမ်းထောက်လှမ်းတဲ့ လုပ်ငန်းကို ကျွန်တော်ရဲ့ အလွတ်စုံထောက်အဖွဲ့က စနစ်တကျ လုပ်တော့မယ်ဆိုတော့ အဲဒီလုပ်ငန်းရှင်ကြီးတွေနဲ့ ကုန်တိုက်ကြီးတွေကရော၊ အယ်လ်ပါဆို ရဲအဖွဲ့ကပါ လိုအပ်တဲ့ အကူအညီကို ရာနှုန်းပြည့်ပေးပါမယ်လို့ ဝမ်းသာအားရ ကတိပေးလာကြပါတယ်။

အယ်လ်ပါဆိုမြို့ ပတ်ဝန်းကျင် ပိုင်နက်ထဲကို ဒီလိုချက်လက်မှတ် အတုအလိမ်တွေဟာ တစ်နှစ် တစ်နှစ်အတွင်း ထောင်ပေါင်းများစွာ ဝင်လာနေပါတယ်။ တကယ်ကတော့ အချို့လက်မှတ် အတုအလိမ်တွေဟာ တန်ဖိုးအားဖြင့် မများလှပါဘူး။ ဒေါ်လာ ၅၀ လောက်ပဲ ရှိပါတယ်။ ချက်လက်မှတ်အတုနဲ့ ဝယ်သွားတဲ့ ပစ္စည်းကလည်း ဟင်းသီးဟင်းရွက်နဲ့ စည်သွတ်ဗူးတော့



www.burmeseclassic.com

www.burmeseclassic.com



စားကုန်သောက်ကုန်တွေပါပဲ။ ဒါပေမဲ့ ခေါ်လာ ၅၀ လောက်သာ တန်ဖိုးရှိတဲ့ ချက်လက်မှတ်အတု တစ်စောင်အတွက် ရဲအဖွဲ့မှာ တိုင်ချက်ဖွင့်ပြီး ရုံးပြင်ကနားမှာ တရားစွဲဖို့ ဘယ်သူကမှ အချိန်ကုန် လူပင်ပန်း မခံချင်ကြပါဘူး။ ပြီးတော့ ရဲအဖွဲ့ဝင်တွေ ကိုယ်တိုင်ကလည်း ဒါလောက် ငွေကလေးနဲ့ အလုပ်ရှုပ် မခံချင်ကြပါဘူး။ ဒီလိုနဲ့ အယ်လ်ပါဆို ရဲအဖွဲ့မှာ တရားခံမပေါ်ဘဲ သိမ်းဆည်းထားခဲ့ရတဲ့ ချက်လက်မှတ် အတုအလိမ်တွေဟာ ဘီရိုတွေ၊ အံဆွဲတွေနဲ့ တစ်ထပ်ကြီး ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ အရင့်အရင်က ဘယ်သူမှ ဂရုမစိုက် စိတ်မကူးမိသေးတဲ့ ချက်လက်မှတ်အတု စုံစမ်းထောက်လှမ်းရေးလုပ်ငန်းကို တီထွင်လုပ်ကိုင်လာခဲ့တာပါပဲ။

ကျွန်တော့်ရဲ့ လုပ်နည်းလုပ်ဟန်က ကုန်တိုက်ကြီးတွေ၊ လုပ်ငန်းရှင်ကုန်သည်ကြီးတွေနဲ့ ကုန်စုံဆိုင်ကလေးတွေအပါအဝင် အရောင်းအဝယ်သမားတွေနဲ့ အားလုံးဆက်သွယ်ပြီး ချက်လက်မှတ်အတုတစ်စောင်နဲ့ ပစ္စည်းတစ်ခုခုဝယ်တဲ့ အမှုတွေ့ပြီဆိုတာနဲ့ ဒီချက်လက်မှတ်အတုပိုင်ရှင်ဟာ ဘယ်သူလဲဆိုတာ မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း ပူပူနွေးနွေး အမြန်ဆုံး စုံစမ်းပြီး ဖမ်းဆီး အရေးယူတဲ့နည်းပါပဲ။ ဒီနေရာမှာ အရင့်အရင် နှစ်ပေါင်းများစွာက ဖမ်းဆီးရမိထားတဲ့ ချက်လက်မှတ်တွေဟာ အများကြီး အသုံးဝင်ပါတယ်။ ဒီချက်လက်မှတ်အတုတွေကို အသေးစိတ် ဂရုတစိုက် လေ့လာပြီး လောလောဆယ် အသုံးပြုသွားတဲ့ ချက်လက်မှတ်အတုတွေနဲ့ နှိုင်းယှဉ်စစ်ဆေးကြည့်ရပါတယ်။ ဒီလိုနဲ့ ချက်လက်မှတ်အတု စုံစမ်းထောက်လှမ်းတဲ့ ကျွန်တော့်ရဲ့ HCD လုပ်ငန်းဟာ အကြီးအကျယ် အောင်မြင်ပြီး ကုန်တိုက်ကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေနဲ့ စီးပွားရေးသမားတွေ အားလုံး အသက်ရှူချောင်သွားကြသလို ကျွန်တော်တို့ အလွတ်စုံထောက်အဖွဲ့လည်း ဒီလုပ်ငန်းတစ်ခုတည်းကပဲ ဝင်ငွေသောက်သောက်လဲအောင် ရခဲ့ပါတယ်။ လူသာခုခေါ်၊ နတ်သာခုခေါ်တဲ့ အလုပ်လို့ဆိုရမှာပါပဲ။





ကျွန်တော့်ရဲ့ အလွတ်စုံထောက်အဖွဲ့က နောက်တစ်ခု ခေါက်ချပြီး လုပ်ခဲ့ရတဲ့ အလုပ်တစ်ခုကတော့ စီးပွားရေးလုပ်ငန်းတွေကို စုံစမ်းထောက်လှမ်းတဲ့ အလုပ်ပါပဲ။ အင်မတန် အရောင်းအဝယ်ဖွံ့ဖြိုးပြီး စီးပွားရေးလုပ်ငန်းတွေ ပေါလှတဲ့ အယ်လ်ပါဆိုမြို့မှာ စီးပွားရေးသမားတွေ၊ လုပ်ငန်းရှင်ကြီးတွေဟာ တစ်ခုနဲ့တစ်ခု၊ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်းအပြိုင်အဆိုင်ရှိနေကြတာချည်းပါပဲ။ ကိုယ်လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းကို တခြားလူတွေရဲ့ စီးပွားရေးလုပ်ငန်းတွေထက် မသာသာအောင် နေ့ရှိသရွေ့၊ အချိန်ရှိသရွေ့ ကြိုးစားနေကြရပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော့်ရဲ့ အလွတ်စုံထောက်အဖွဲ့ဟာ ဒီအလုပ်ကို ခေါင်းပေး ပြီး လုပ်ခဲ့ကြရတာပါပဲ။

ကျွန်တော်တို့ စုံစမ်းထောက်လှမ်း ပေးခဲ့ရတာကတော့ တစ်ဖက်လူရဲ့ စီးပွားရေးလုပ်ငန်းဟာ ဘယ်အခြေအနေရှိသလဲ၊ သူတို့ကုမ္ပဏီက ဒီနှစ်မှာ အသားတင် အမြတ်ငွေ ဘယ်လောက်ရလိုက်သလဲ၊ ဒါမှမဟုတ် ဘာ့ကြောင့် အရှုံးပေါ်ပြီး ငွေကြေးကျပ်တည်းနေရတာလဲ၊ သူတို့ကုမ္ပဏီက ၅၀ ရာခိုင်နှုန်း လျှော့ဈေးနဲ့ ပုံအောပြီး ရောင်းနေတဲ့ပစ္စည်းတွေဟာ အမျိုးအစားမမှန်တဲ့ ပစ္စည်းအတုတွေများ ဖြစ်နေသလား၊ ဒီကုမ္ပဏီကို မကြာခင် ဖျက်သိမ်းတော့မယ်ဆိုတာ ဘယ်လို ဘယ်လောက်ထိအောင် မှန်သလဲဆိုတဲ့ အချက်အလက်တွေပါပဲ။ ဒါဟာ စီးပွားရေးလုပ်ငန်းဆိုင်ရာ စုံစမ်းထောက်လှမ်းမှုပါပဲ။ ဒါပေမဲ့ ဒီအလုပ်ဟာ သိပ်တော့ မလွယ်လှပါဘူး။ အချိန်ယူရပါတယ်။ တိကျခိုင်လုံဖို့လည်း လိုပါတယ်။

ဒါပေမဲ့ တစ်ခုတော့ရှိပါတယ်။ ဒီလိုစီးပွားရေး စုံစမ်းထောက်လှမ်းမှု လုပ်တဲ့နေရာမှာ တစ်ဖက်သားကို မတော်မတရားတဲ့နည်းနဲ့ ဖျက်ဆီးပေးရမယ့် အလုပ်မျိုးကိုတော့ ကျွန်တော်တို့ လုံးဝလက်မခံပါဘူး။ ဥပမာ– တစ်ဖက်ကုမ္ပဏီကပိုင်တဲ့ စက်ရုံအလုပ်ရုံတွေမှာ စက်ကိရိယာတွေ ပျက်စီး ချွတ်ယွင်းသွားအောင် ကုန်ပစ္စည်းတွေ အရည်အသွေး အဆင့်အတန်း နှိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားအောင်လုပ်တဲ့ အဖျက်လုပ်ငန်းမျိုးတွေတော့ ကျွန်တော်တို့ အလွတ်စုံထောက်အဖွဲ့က လုံးဝမလုပ်ဘူး။ အလုပ် အလုပ်ချင်း၊ ပစ္စည်း ပစ္စည်းချင်း လမ်းမှန် ကမ်းမှန် တရားမျှတတဲ့နည်းနဲ့ တစ်ဖက်လူကို သွေးရိုးသားရိုး ယှဉ်ပြိုင်တယ်ဆိုရင်တော့ ကျွန်တော့်ဆီ အချိန်မရွေး လာခဲ့ပါ။

အလုပ်အပ်တဲ့ ကာယကံရှင် ကျေနပ်ရပါစေမယ်ဆိုတာ ဂျေအားမီးက ရဲရဲကြီး အာမခံပါတယ်။

■

## လည်လိမ်အချိုးခံခဲ့ရသော အမျိုးသမီးတစ်ဦး

အယ်လ်ပါဆိုမြို့၊ ပွန်တာနာရိပ်သာလမ်း၊ အမှတ် ၁၇၁၇ ရှိ အလွတ်စုံထောက် ဂျေအားမီး၏ ရုံးခန်းသည် အများတကာက ကြိုတင် ယူဆထားခဲ့ကြသည်ထက် အစစအရာရာ ပိုမိုသေသပ်ခမ်းနားစွာ လှို့ဝှက်ဆန်းပြားသည်ဟု သိရသည်ဖြစ်ရာ ရှေးဦးစွာ အဆောက်အအုံ၏ ရှေ့မျက်နှာမှ စင်္ကြံလမ်းအတိုင်း ဝင်လာခဲ့ပါက အခန်းကျယ်ကြီးတစ်ခုကို တွေ့ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အတွင်းဘက်သို့ ဆက်လက် လျှောက်လှမ်းခဲ့ပါမှ ဂျေအားမီး၏ရုံးခန်းနှင့်အတူ ဘေးချင်းယှဉ်နေသော သီးသန့်ဆွေးနွေးခန်းသို့ ရောက်သွားမည် ဖြစ်သည်။

ပထမဆုံးတွေ့ရသည့် အခန်းကျယ်ကြီး၏ တစ်ခုသောနံရံတွင် မမြင်ရသော သားကောင်ကို ခုန်အုပ်တော့မည့်ဟန်ဖြင့် မာန်ပါပါ သက်ပင်လှုပ်ရှားလှသော ရောမကျားကြီးတစ်ကောင်၏ ပန်းချီကားချပ်ကြီးသည် ခန်းမကြီးတစ်ခုလုံးကို လွှမ်းမိုးထားသကဲ့သို့ ရှိနေသည်။ အမှန်စင်စစ်အားဖြင့်လည်း ဤပန်းချီ ကားချပ်ထဲမှ ကျားကြီးသည် ရန်သူကို အလစ်ချောင်းနေသကဲ့သို့ ဤကျားကြီး၏ခန္ဓာကိုယ်ပေါ်ရှိ အနက်နှင့် အဝါအစင်း အစင်းများထဲက တစ်နေရာတွင် လှို့ဝှက်စွာ ဖောက်ထားသော အပေါက်ကလေး တစ်ခုမှတစ်ဆင့် ရုပ်မြင်သံကြား ကင်မရာ မှန်ဘီလူးသည် ဤအခန်းကြီးထဲသို့ ရောက်လာသူမှန်သမျှကို အလိုအလျောက် အနီးကပ် အနေအထားဖြင့်

www.burmeseclassic.com



ရိုက်ကူး၍ အတွင်းဘက်ရှိ ဂျေအားမီး၏ ရုံးခန်းစားပွဲပေါ်မှ ရုပ်မြင်သံကြားပိတ်ကားတွင် အထင်းသား ပေါ်လာမည်သာ ဖြစ်သည်။

သို့သော် ဤသည်မှာ လက်နှစ်ဖက်ပြတ် အလွတ်စုံထောက် ဂျေအားမီး၏ ဒုတိယအဆင့် လျှို့ဝှက်သည့် လုံခြုံရေးအစီအစဉ် ဖြစ်သည်။ ပထမအဆင့်အားဖြင့် ဤအဆောက်အအုံကို မြေကြီးထဲသို့ ရောက်နေသည့် ဧည့်သည်မှန်သမျှသည် ခြံအဝင်အဝမှာပင် လျှို့ဝှက်သည့်နေရာများတွင် လျှို့ဝှက်စွာ တပ်ဆင်ထားသည့် ကင်မရာများဖြင့် ဓာတ်ပုံရိုက်ယူခြင်း ခံခဲ့ကြရပြီး ဖြစ်သည်။ ထိုမှတစ်ပါး ခြံတံခါးဝတွင် ၂၄ နာရီစလုံး နေ့ညမပြတ် စောင့်ကြပ်နေကြသော ဂျေအားမီး၏ သက်တော်စောင့်များကလည်း လာသမျှ ဧည့်သည်အားလုံးကို လိုအပ်သော စစ်ဆေး မေးမြန်းမှုများ ပြုလုပ်ခဲ့ကြပြီး ဖြစ်သည်။

အလစ်တွင် ခုန်အုပ်တော့မည့် ရောမကျားကြီး၏ ပန်းချီကားချပ်ကြီးဖြင့် မွမ်းမံပြင်ဆင်ထားသော အလယ်ခန်းမကြီး၏ တစ်နေရာတွင် မြေဖြူခဲဖြင့် ရေးဆွဲထားမည့် ပုံစံဇယားများ ဖော်ပြပါရှိသော အနက်ရောင် သင်ပုန်းတစ်ခုကို တွေ့ကြရပြီး၊ ထိုသင်ပုန်းကြီးနှင့်ယှဉ်လျက် နံရံတွင် အက်ဖ်ဘီအိုင်မှ အပူတပြင်း အလိုရှိနေသည့် လူဆိုးများ၏ ပိုစတာရုပ်ပုံများကို တွေ့မြင်ကြရမည် ဖြစ်သည်။ မလှမ်းမကမ်းတစ်နေရာတွင်မူ ကုတ်အင်္ကျီနှင့် ဦးထုပ်များချိတ်သည့် မတ်တတ်ချိတ်တိုင်တစ်ခု ရှိနေပြီး ထိုချိတ်တိုင်တွင် ဒသမ၃၀ ပစ္စတို သေနတ်ကလေးတစ်လက် အသင့်ထည့်ထားသည့် ပခုံးစလွယ်သိုင်းတစ်ခုကိုပါ တွေ့မြင်နိုင်ကြသည်။ ခန်းမကြီး၏ အလယ်ဗဟိုတွင် စားပွဲကြီးတစ်လုံးရှိနေပြီး ထိုစားပွဲပေါ်တွင် ကမ္ဘာလုံးပုံသဏ္ဌာန် ကမ္ဘာ့မြေပုံများပါရှိပြီး အတွင်းမှ အားကောင်းလှသည့် မီးလုံးတစ်လုံး ထွန်းထားသော စားပွဲတင်မီးအုပ်ဆောင်းတစ်ခုကို မြင်တွေ့ကြရမည် ဖြစ်သည်။

ဤခန်းမကြီးထဲရှိ ကုလားထိုင်များမှာ မိုးမခသားဖြင့် ပြုလုပ်ထားပြီး လေးဘက်လေးတန် နံရံအားလုံးတွင်လည်း ကြိမ်များကို ဇလီသတ်၍ ကာရံထားသည်။ ထိုသို့ ကြိမ်များဖြင့် ကာရံထားသည့် နံရံတွင် ချိတ်ဆွဲထားသော ကျားသစ်ရေများ၊ အာဖရိကတောတွင်း လူရိုင်းမျက်နှာဖုံးများအပြင် တံခါးမကြီး၏ပတ်ပတ်လည် အနားလေးဘက်ကို ဝါးများဖြင့် ဘောင်ခတ်ထားသည်ကို မြင်တွေ့ရခြင်း အားဖြင့် ရုတ်တရက် တောနက်ကြီးထဲသို့ ရောက်နေသည်ဟု ထင်မှတ်မှားစရာပင် ဖြစ်သည်။





အခန်းထောင့်တစ်နေရာတွင် စက်ခလုတ်ခုံတစ်ခု ရှိသည်။ ထိုခုံပေါ်တွင် တပ်ဆင်ထားသည့် စက်ခလုတ်များမှာ လူချမ်းသာများ၏ သားသမီးများ ကစားကြသည့် ကစားခန်းထဲမှ ကလေးကစားစရာ အရုပ်များပမာ မျက်စိနောက်စရာ ကောင်းလောက်အောင် ရှုပ်ပွနေသည်။ အဆင့်ဆင့် အတွဲလိုက် တပ်ဆင်ထားသော ရောင်စုံလျှပ်စစ်ခလုတ်များ၊ တယ်လီဖုန်းခလုတ်များ၊ အသံဖမ်းခလုတ်များ၊ အသံဖမ်းကက်ဆက်များ၊ အသံလွှင့်ကိရိယာများ၊ ဂဏန်းတွက်စက်များ၊ ရေဒီယိုတယ်လီဖုန်းများ စသည်ဖြင့် မျိုးစုံအောင် တပ်ဆင်ထားသည်။

တံခါးမကြီးနှင့် မျက်နှာတူရှုမှ နံရံတွင် ဓာတ်ပုံနှစ်ပုံ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ တစ်ပုံမှာ ဂျေအားမီး၏ဇနီး "လင်ဒါအားမီး"နှင့် သားငယ်၊ သမီးငယ်တို့၏ပုံဖြစ်၍ အခြားပုံမှာ ဂျေအားမီး၏ ၇ နှစ်သားအရွယ် သားကလေး၏ပုံ ဖြစ်သည်။ ဤဓာတ်ပုံနှစ်ပုံမှလွဲ၍ ဤခန်းမကြီးထဲတွင် အခြားဓာတ်ပုံများ လုံးဝချိတ်ဆွဲထားခြင်း မရှိသည်ကို တွေ့ရသည်။

ဧည့်သည်များနှင့် မျက်နှာချင်းဆိုင် နံရံတွင်မူ ကြေးဆိုင်းဘုတ်အပြားတစ်ခု ချိတ်ဆွဲထားပြီး ထိုဆိုင်းဘုတ်တွင် "ဂျေ၊ ဂျေအားမီး၊ အလွတ်စုံထောက်"ဟူသော အထက်အောက် စာတမ်းနှစ်ခုကို ရောမအက္ခရာများဖြင့် ကမ္ဘည်းထိုးထားသည်ကို တွေ့နိုင်ကြသည်။ ထိုဆိုင်းဘုတ်၏အောက်တွင်မူ လုံခြုံရေးအရာရှိများ တပ်ဆင်ကြရသည့် ရင်ထိုးတံဆိပ်တစ်ခု၊ အမှတ်တရ လက်ဆောင် ရရှိထားသော အလွန်လှပသည့် ပြာခွက်ကလေးတစ်ခုနှင့် ရုပ်မြင်သံကြားဓာတ်လမ်းများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဂျေအားမီးအား ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည့် တံဆိပ်တစ်ခုတို့ အစီအရီ ချိတ်ဆွဲထားလျက် ရှိသည်။

ဧည့်သည်၏ဝဲဘက်ရှိ စက်ခလုတ်ခုံ၏နောက်တွင် ဝါးဖြင့် ပြုလုပ်ထားသော စာအုပ်စင်တစ်ခု ရှိသည်။ ထိုစာအုပ်စင်အောက်မှ စားပွဲငယ်ကလေးတစ်လုံးပေါ်တွင် ဖြူဖွေးသည့် အစွယ်နှစ်ချောင်းဖြင့် ထိုးတော့မည့်ဟန် ပြင်နေသော အာဖရိကဆင်ရုပ်တစ်ရုပ် တင်ထားသည်။

စာအုပ်စင်နှင့် မျက်နှာချင်းဆိုင် နံရံတွင်မူ မှန်ဘောင်သွင်းထားသော ကတ်ပြား အများအပြား ချိတ်ဆွဲထားသည်ကို တွေ့ကြရသည်။ ဤကတ်ပြားများထဲတွင် ဂျေအားမီးအား "အင်တာပိုးလ်"ခေါ် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ကြီးမှ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုသည့်ကတ်ပြား၊ ဟောလီဝုဒ်နယ်မြေမှ ဇာတ်ထောက်လှမ်းရေးအဖွဲ့ဝင်ကတ်ပြား၊ တက္ကဆပ်ပြည်နယ်မှ အလွတ်စုံထောက်အဖြစ် ခွင့်ပြုသည့် လိုင်စင်ကတ်ပြား၊ တက္ကဆပ်ပြည်နယ်လုံးဆိုင်ရာ အလွတ်စုံထောက်များ အဖွဲ့ဝင်ကတ်ပြားနှင့် အယ်လ်ပါဆို ရဲအတတ်သင်သိပ္ပံမှ ဂုဏ်ပြုလွှာကတ်ပြားများအပါအဝင် ကတ်ပြားမျိုးစုံ တွေ့မြင်ကြရမည် ဖြစ်သည်။

ဧည့်သည်များထိုင်သည့် ကုလားထိုင်များ၏ နောက်ဘက်နံရံ အထက်ပိုင်း ထောင့်တစ်နေရာတွင် ဧည့်သည်များပင် မြင်နိုင်စွမ်းမရှိသော ရုပ်မြင်သံကြား ကင်မရာတစ်ခု တပ်ဆင်ထားသည်။ ဂျေအားမီးသည် ဤရုပ်မြင်သံကြား ကင်မရာမှတစ်ဆင့် ဤအဆောက်အအုံရှေ့သို့ ရောက်လာသူများကို မိမိရုံးခန်းထဲမှပင် တွေ့မြင်နိုင်သည့်ပြင် အကယ်၍ လိုအပ်ပါက အဆောက်အအုံ၏ ဘေးနှစ်ဖက်နှင့် နောက်ဘက်မှ လူများကိုပါ မြင်နိုင်သည့် ရုပ်မြင်သံကြား ကင်မရာခလုတ်များပါ တပ်ဆင်ထားသည်။ (ထိုသို့ မိမိအဆောက်အအုံအနီးသို့ ချဉ်းကပ်လာသူများအား လေးဘက်လေးတန် စလုံး မြင်နိုင်ကြည့်နိုင်သည့် ရုပ်မြင်သံကြား ကင်မရာများ တပ်ဆင်ထားရခြင်းမှာ တစ်ခါက ညဘက် ညဉ့်နက်အချိန်အထိ အလုပ်လုပ်နေသော





ဂျေအားမီးအား တစ်စုံတစ်ယောက်သောသူက အပြင်မှနေ၍ စက်သေနတ်ဖြင့် တရစပ် ပစ်ခတ်သွားခဲ့ဖူးသောကြောင့် ဖြစ်သည်ဟု သိရသည်။)

ဤအဆောက်အအုံကြီး၏ ရှေ့မျက်နှာစာ ဆင်ဝင်အောက်မှ ထုထည် ကြီးမားသလောက် သေသပ်ခန့်ညားလှသော တိုင်ကြီးလေးတိုင်မှာ လာသမျှ ဧည့်သည်တိုင်းအတွက် ရုတ်တရက်အားဖြင့် သမ္မတကြီး၏ အိမ်တော်နှင့် ထင်ယောင်ထင်မှား ဖြစ်စေသည်။ တစ်ချိန်တည်းတွင် ဆင်ဝင်ရှေ့၌ အမြဲတစေ အဆင်သင့် ရှိနေသော ဇရာမ ကာဒီလက်အမျိုးအစား ကားကြီးတစ်စီးအပါအဝင် ခြောက်မြားလှစွာသော ကားကြီးကားငယ် အသွယ်သွယ်တို့သည် ဂျေအားမီးနှင့် သူ့လက်ထောက်များ နေ့စဉ်အသုံးပြုနေကြသည့် မော်တော်ယာဉ်များပင် ဖြစ်သည်။

ဂျေအားမီး ဦးစီးသော အလွတ်စုံထောက်အဖွဲ့ဝင်များသည် ဤကားကြီးများကို အသုံးပြုကာ အမှုသည်များ နေ့စဉ်နှင့်အမျှ လာရောက် အပ်နှံကြသည့် အမှုများကို လိုက်လံ စုံစမ်းထောက်လှမ်းခဲ့ကြသည်။ ယနေ့အထိ သူတို့စုံစမ်း ထောက်လှမ်းခဲ့ကြရသော အမှုများမှာ အရေအတွက်အားဖြင့် များပြားသလောက် အမျိုးအစားအားဖြင့်လည်း စုံလှသည်။ ဤနေရာတွင် အံ့သြစရာကောင်းသည်မှာ လက်နှစ်ဖက်ပြတ်နေသော အလွတ်စုံထောက် ဂျေအားမီးသည် လက်နှစ်ဖက်စလုံး အကောင်းပကတိ ရှိနေသည့် အခြားသော အလွတ်စုံထောက်များထက် ပို၍ အမှုမျိုး စုံလိုက်ခဲ့ရခြင်းပင် ဖြစ်သည်။

ထိုသို့အမှုမျိုးစုံ လိုက်ခဲ့ရသည့်အတွက် ဂျေအားမီးမှာ အကျိုးသက်ရောက် မှုနှစ်ခုကို တစ်ပြိုင်တည်း ရရှိခဲ့သည်။ ပထမအကျိုးသက်ရောက်မှုမှာ နာမည် ကျော်ကြား၍ လူသိများလာခြင်း ဖြစ်သည်။ ဒုတိယအကျိုးသက်ရောက်မှုမှာ ယင်းသို့ နာမည်ကျော်ကြား လူသိများလာသလို၊ မလိုမုန်းထားသည့် ရန်သူများ ပေါ်များလာခြင်းပင် ဖြစ်သည်။

***

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ကျွန်တော့်ဆီရောက်လာတဲ့ အမှုသည်တိုင်းကို ကျေနပ်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအတွက်လည်း အာမခံချက် အပြည့်ပေးလေ့ရှိပါတယ်။ အမှုတစ်ခု ပြီးပြတ်သွားပြီဆိုတာနဲ့ ကာယကံရှင်အမှုသည် စိတ်ထဲမှာ အားရကျေနပ်သွားခဲ့သလို ဒီအမှုကို လိုက်လံစုံစမ်း ထောက်လှမ်းပေးခဲ့ရတဲ့ ကျွန်တော်ကိုယ်တိုင်လည်း အားရကျေနပ်မိပါတယ်။

ဒါပေမဲ့ မကျေနပ်တဲ့သူလည်း ရှိပါသေးတယ်။ အဲဒီလူက ဘယ်သူလဲဆိုတော့ အမှုကျူးလွန်ခဲ့တဲ့သူပါပဲ။ ကျွန်တော့်ရဲ့ အစွမ်းအစနဲ့ ကြိုးပမ်းမှုကြောင့် အမှုမှန်ပေါ်ပြီး အမှုကျူးလွန်သူ တရားခံအစစ်ကို ဖော်ထုတ်နိုင်ခဲ့တဲ့အတွက် အဲဒီတရားခံဟာ ကျွန်တော့်အပေါ်မှာ အကြီးအကျယ် မကျေမနပ်ဖြစ်ခဲ့ပါတယ်။ တစ်နည်းပြောရရင် အဲဒီတရားခံဟာ ကျွန်တော့်ကို "ကမ္ဘာမကြေ"ဖြစ်ပြီး ရန်သူလို့ သတ်မှတ်လိုက်တော့တာပါပဲ။ ဒီလိုနဲ့ ကျွန်တော်ဟာ အမှုတွေ များများလိုက်ရတာနဲ့အမျှ ရန်သူတွေ တစ်နေ့တစ်ခြား ပိုပြီးများလာပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်ကို အချိန်မရွေး အန္တရာယ်ပေးနိုင်တဲ့သူတွေရဲ့ ရန်က ကာကွယ်ဖို့ ကျွန်တော့်မှာ မရှောင်မလွှဲသာဘဲ သက်တော်စောင့် "ဘော်ဒီဂတ်"တွေ ထားခဲ့ရပါတယ်။

စကားစပ်မိလို့ ပြောရမယ်ဆိုရင် ကျွန်တော်တာဝန်ယူပြီး စုံစမ်းထောက်လှမ်းခဲ့ရတဲ့ အမှုတိုင်းမှာ ကာယကံရှင် အမှုသည်ရော စုံစမ်းထောက်လှမ်းခဲ့ရတဲ့ ကျွန်တော်ပါ နှစ်ဦးနှစ်ဝ နှစ်ဖက်စလုံး အားရကျေနပ်ခဲ့ကြတယ်ဆိုပေမယ့် တစ်ခါတုန်းက အမှုသည်ရော ကျွန်တော်ပါ နှစ်ယောက်စလုံး မကျေမနပ်နဲ့ အားမလို အားမရဖြစ်ခဲ့ရတဲ့ အမှုတစ်ခု ကြုံခဲ့ရဖူးပါတယ်။ အဲဒီအမှုဟာ ကြာတော့ ကြာခဲ့ပါပြီ။ ကျွန်တော် အလွတ်စုံထောက်အလုပ်ကို လုပ်ကာစက စုံထောက်ပါး မဝသေးတဲ့ အချိန်ကလို့ပဲ ဆိုပါတော့။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အလွတ်စုံထောက်ဘဝမှာ မှတ်မှတ်ရရ ဖြစ်ခဲ့တဲ့အမှုမို့ ကောင်းကောင်း မှတ်မိနေပါသေးတယ်။





အဲဒီအမှုကတော့ ဒီလိုပါ။

ဂျူလီယာဒေါ်နယ်ဆင်ဟာ အင်မတန် သဘောကောင်းပြီး လှချစ်လှခင်ပေါ်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်။ သူ့မှာ သားကလေးနှစ်ယောက်၊ သမီးကလေးတစ်ယောက်ရှိပြီး သူ့ယောကျ်ား "အားနက်စ်ဒေါ်နယ်ဆင်"နဲ့အတူ သူတို့မိသားစုဟာ ကော်ရိုနာဒိုမြို့မှာ သပ်သပ်ယပ်ယပ် အိမ်ကလေးတစ်လုံးနဲ့ နေကြပါတယ်။ သူတို့အိမ်မှာ အင်မတန်လှပြီး ချစ်စရာကောင်းတဲ့ ဖီဖီဆိုတဲ့ ခွေးပုကလေးတစ်ကောင်လည်း ရှိပါတယ်။

ရာသီဥတုသာယာတဲ့ ညနေခင်းတစ်ခုမှာ ဂျူလီယာဟာ အိမ်ရှေ့သစ်ပင် ပန်းပင်ကလေးတွေကို အေးအေးဆေးဆေး ရေလောင်းနေပါတယ်။ အဲဒီအချိန်က သူ့ယောကျ်ား အားနက်စ်ဟာ ကလေးသုံးယောက်စလုံးကို ခေါ်ပြီး မြို့ထဲက ဘောလုံးပစ်ပွဲကို သွားနေပါတယ်။ ပထမတော့ သူ့သမီးကလေး "ကက်တီ"ဟာ သူ့အဖေနဲ့ ဘောလုံးပစ်ပွဲကို မလိုက်ချင်ဘူးလို့ ပြောပါသေးတယ်။ ဒါပေမဲ့ သူ့အဖေက အတင်းချော့မော့ခေါ်တာနဲ့ ပါသွားတာပါပဲ၊ ဘောလုံးပစ်ပွဲက ည၇ နာရီ စပြီး ၈ နာရီခွဲလောက် ပြီးမယ်လို့ သိရပါတယ်။

ဂျူလီယာဟာ ပန်းပင်တွေ ရေလောင်းပြီး ၇ နာရီခွဲလောက်ကျတော့ ညစာစားပါတယ်။ ညစာစားပြီး မီးဖိုချောင်ထဲမှာ သိမ်းရင်းဆည်းရင်းနဲ့ ၈ နာရီသာသာလောက်ကျတော့ သူ့ယောကျ်ားနဲ့ ကလေးတွေ ပြန်လာရင် စားဖို့၊ သောက်ဖို့ ကော်ဖီနဲ့မုန့် အဆင်သင့် လုပ်ထားပါတယ်။ ဘောလုံးပစ်ပွဲကျင်းပတဲ့နေရာဟာ သူတို့အိမ်နဲ့ လေးမိုင်လောက်ပဲ ဝေးတာမို့ သူတို့သားအဖတစ်တွေ ၈ နာရီခွဲသာသာ ၈ နာရီ ၄၅ မိနစ်လောက်ဆိုရင် ပြန်ရောက်ကြလိမ့်မယ်လို့ သူ တွက်ထားပါတယ်။

ဒါပေမဲ့ ကော်ဖီနဲ့မုန့်တွေအားလုံး ပြင်ဆင်ပြီးလို့ စောင့်နေရင်းက နာရီကို ကြည့်လိုက်တော့ ၉ နာရီထိုးခါနီးနေပါပြီ။ ၅ မိနစ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုပါတော့တယ်။ ဒါပေမဲ့ အားနက်စ်တို့ သားအဖတွေ ပြန်ရောက်မလာကြသေးပါဘူး။ ဒါနဲ့ သူလည်း ရာသီဥတုက နည်းနည်းအေးလာလို့ အခန်းထဲဝင်ပြီး ဆွယ်တာအကျႌတစ်ထည် ကောက်ဝတ်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ အိမ်ရှေ့က လူခေါ်ခေါင်းလောင်းသံ ကြားလိုက်ရပါတယ်။ သူတို့လင်မယားနှစ်ယောက်မှာ အိမ်ရှေ့တံခါးသော့ တစ်ယောက်တစ်ချောင်းစီ ရှိနေကြတာမို့ ခါတိုင်း သူ့ယောက်ျား အပြင်ကပြန်လာရင် လူခေါ်ခေါင်းလောင်းကို နှိပ်စရာမလိုပါဘူး။ အသင့်ပါလာတဲ့ သူ့ဆီကသော့နဲ့ တံခါးဖွင့်ပြီး ဝင်လာတာပါပဲ။ အခုဒီအချိန်မှာ ရုတ်တရက် ခေါင်းလောင်းသံ ကြားလိုက်ရတော့ ကေ့န္တ သူ့ယောက်ျား ပြန်ရောက်လာပြီး အသွားတုန်းက အိမ်ရှေ့တံခါးသော့ကို အိမ်မှာ မေ့ထားခဲ့လို့ လူခေါ်ခေါင်းလောင်းနှိပ်တာဖြစ်မှာပဲလို့ ဂျူလီယာက တွေးလိုက်မိပါတယ်။

ဒါနဲ့ ဂျူလီယာဟာ အိမ်ရှေ့သွားပြီး တံခါးကို ဖွင့်မလို့ အပြင်ကိုကြည့်လိုက်တော့ သူ့ယောက်ျားကို မတွေ့ရဘဲ တံခါးဝမှာ အမျိုးသမီးတစ်ယောက် ရပ်နေတာ တွေ့လိုက်ရပါတယ်။ အဲဒီအမျိုးသမီးဟာ အရပ်ခပ်ပုပု ဆံပင်တိုနဲ့နဲ့ အဝတ်အစားတွေကလည်း ခပ်ပေပေ ခပ်နွမ်းနွမ်းပါပဲ။ ဒါပေမဲ့ စကားပြောရမှာတော့ တော်တော်လေး သိမ်သိမ်မွေ့မွေ့ ရှိပါတယ်။ ဂျူလီယာဟာ အဲဒီအမျိုးသမီးကို အရင်က တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ အဲဒီအမျိုးသမီးက ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာနဲ့ပဲ 'တယ်လီဖုန်း ခဏလောက်ပြောပါရစေ' လို့ ခွင့် တောင်းပါတယ်။

'တစ်ခုခု မတော်တဆ ထိခိုက်မှုဖြစ်လာလို့လား' ဂျူလီယာက အမျိုးသမီး ကြည့်ရတာ သိပ်အကဲမရလို့ ရုတ်တရက် တံခါးဖွင့်မပေးဘဲ အထဲကလှမ်းမေးလိုက်ပါတယ်။

အမျိုးသမီးက 'ကားတိုက်မှုတို့၊ ဘာတို့ဖြစ်လို့ မဟုတ်ပါဘူး။ သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ တယ်လီဖုန်း ပြောချင်လို့ပါ' ဆိုပြီး ထပ်ပြော





တယ်။ သူ့ ကြည့်ရတာလည်း ပျာယီးပျာယာနဲ့ အတော်ကလေး အရေးကြီးလာပုံရတယ်။ ဒါပေမဲ့ အချိန်ကလည်း အတော်ကလေး ညဉ့်နက်နေပြီး အိမ်မှာကလည်း မိန်းမသားတစ်ယောက်တည်း ဖြစ်နေတော့ တံခါးကို ဖွင့်မပေးရဲအောင် ဖြစ်နေပါတယ်။ ဒီကြားထဲက ခုထက်ထိ ပြန်ရောက်မလာသေးတဲ့ သူ့ယောက်ျားကိုပြေးပြီး ဒေါသဖြစ်မိတယ်။

'တံခါးတော့ ဖွင့်မပေးပါရစေနဲ့ရှင်၊ ဝမ်းနည်းပါတယ်'

အဲဒီလိုပြောပြီး အိမ်ထဲကို ပြန်လှည့်မယ်အလုပ်မှာ ရုတ်တရက် သူ့နောက်က ကုပ်ပေါ်ကို အေးစက်စက် အရာဝတ္ထုတစ်ခု လာပြီးထိတာကို ခံစားလိုက်ရပါတယ်။ အဲဒီအရာဝတ္ထုဟာ သေနတ်ပြောင်းဝတစ်ခုပဲဆိုတာ ဂျူလီယာ အလိုလို သိလိုက်ပါတယ်။

'တံခါးဖွင့်လိုက်စမ်း'

ဂုတ်ပေါ်က သေနတ်ပြောင်းဝကို နည်းနည်း ခွာပေးလိုက်လို့ ဂျူလီယာဟာ အဲဒီကျမှ မသိမသာ နောက်လှည့်ကြည့်လိုက်မိပါတယ်။

ဟုတ်ပါတယ်၊ သူ့နောက်မှာ သေနတ်တစ်လက်နဲ့ လူတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ အဲဒီလူဟာ ဂျင်းဘောင်းဘီဝတ်ထားပြီး အသက်ကတော့ ၃၀ လောက်ရှိပြီလို့ ထင်ရပါတယ်။ ဒါပေမဲ့ သေချာပေါက် မပြောနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ရှင်ကားတွေထဲက လူဆိုးတွေလို သူ့ခေါင်းနဲ့ မျက်နှာတစ်ခုလုံးကို နိုင်လွန်ခြေအိတ်ရှည်ကြီး စွပ်ထားလို့ပါပဲ။ ဂျူလီယာဟာ အခုမှပဲ "ကျော့ချမှ စားပြမှန်းသိ" လိုက်ရပါတယ်။ တကယ်တော့ ခပ်စောစောက ဆံပင်တိုနဲ့နဲ့ အမျိုးသမီး ရောက်လာပြီး တယ်လီဖုန်းပြောချင်လို့ တံခါးကို မရမက အဖွင့်ခိုင်းနေတာဟာ လက်စသတ်တော့ သေနတ်ကိုင်ထားတဲ့လူဆိုးကို နောက်က အလစ်ဝင်လာနိုင်အောင် တမင်သက်သက် တံခါးဆရဲ့ရှေ့မှာ အချိန်ဆွဲထားတာပဲဆိုတာ ခုမှပဲ ရိပ်မိပါတယ်။

'အော်မယ်တော့ မကြံနဲ့နော်၊ တစ်ခါတည်း အသက်ပါသွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ဆံပင်တိုနံ့နံ့နဲ့ အမျိုးသမီးဟာ ဂျူလီယာက တံခါးဖွင့်ပေးလိုက်ရလို့ အိမ်ထဲရောက်လာပါပြီ။ သူဟာ သူ့နောက်က တံခါးကို ပြန်ပိတ်လိုက်ပြီး တံခါးကိုပဲ ကျောမှီပြီး ရပ်နေပါတယ်။

'ရှင်တို့ ဘာလိုချင်လို့လဲ'

ဂျူလီယာက ကြောက်ပေမယ့် ကြောက်မှန်းမသိအောင် သူ့အသံကို ထိန်းပြီး မေးလိုက်ပါတယ်။ သူ့ယောကျ်ားလည်း ခုပဲ ပြန်ရောက်လာတော့မယ် မဟုတ်လား။

'မင့်ဆီမှာ ဒေါ်လာတစ်သောင်းတန် ဆွဲကြိုးရှိတယ် မဟုတ်လား။ အဲဒါဘယ်မှာလဲ၊ အခုသွားယူစမ်း'

'ကျွန်မမှာ ဒါလောက်အဖိုးတန်တဲ့ ဆွဲကြိုးရယ်လို့ မရှိပါဘူးရှင်'

ဂျူလီယာက အမှန်အတိုင်းပဲ ပြန်ပြောလိုက်ပါတယ်။

'မင်း ငါ့ကိုညာမလို့လား၊ ညာမနေနဲ့။ ငါ သေသေချာချာ သိပြီးသား။ ရွှေကွပ်ထားတဲ့ ကျောက်စိမ်းကလေးနဲ့ လုပ်ထားတာလေ။ ကဲ၊ ဘာမှ လျှာရှည်မနေနဲ့၊ ဆယ်စက္ကန့်အတွင်း ထုတ်ပေးရင်ပေး၊ မပေးရင် မင်းသေပြီသာ မှတ်ပေတော့'

ဂျူလီယာဟာ အတော်ကလေး အံ့သြသွားပါတယ်။ အဲဒီဆွဲကြိုးဟာ သူပြောသလောက် တန်ဖိုးမရှိပေမယ့် စိမ်းပြာရောင် ကျောက်ကလေးတစ်လုံးနဲ့ လုပ်ထားတယ်ဆိုတာ တိတိကျကျ ပြောနိုင်တဲ့အတွက် စဉ်းစားမရအောင် ဖြစ်မိ ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ဒါလောက် သေသေချာချာ ပြောနေမှတော့ ဆက်ပြီး လျှာရှည်နေလို့ မဖြစ်တော့ဘူးဆိုပြီး မျက်နှာဖုံးစွပ်လူဆိုးနဲ့ အမျိုးသမီးကို အဲဒီဆွဲကြိုးကလေး ဝှက်ထားတဲ့ မီးဖိုခန်းဘက် ခေါ်လာခဲ့ပါတယ်။ လူဆိုးဟာ ဆွဲကြိုးကို ယူပေးပါမယ်ဆိုပြီး မီးဖိုခန်းဘက် ခေါ်လာတဲ့အတွက် သိပ်ပြီး ယုံချင်ပုံ မရပါဘူး။ ဒါပေမဲ့ တကယ်တော့ ဂျူလီယာဟာ အိမ်ကို သူခိုးဝင်ခိုးရင် ရုတ်တရက် ရှာမတွေ့နိုင်အောင် အဲဒီဆွဲကြိုးကလေးကို





မီးဖိုထဲက အံဆွဲတစ်ခုထဲမှာ စာအိတ်ကလေးနဲ့ တမင်ထည့်ပြီး ဝှက်ထားတာပါ။

ဒါနဲ့ အံဆွဲကိုဖွင့်ပြီး စာအိတ်ထဲက ကြိုးကလေးကို ထုတ်ပေးလိုက်တော့ လူဆိုးဟာ ဆွဲကြိုးကလေးကို အတုလား အစစ်လား၊ သူတောင်းတဲ့ ဆွဲကြိုးမှဟုတ်ရဲ့လားဆိုတာတောင် စိတ်ဝင်တစားကြည့်မနေဘဲ၊ ဂျူလီယာ လက်ထဲက လှမ်းယူပြီး သူ့အင်္ကျီအိတ်ထဲ တန်းထည့်လိုက်ပါတယ်။ အဲဒီအတောအတွင်း အိမ်မှာမွေးထားတဲ့ ခွေးကလေး "ဖီဖီ"ဟာ မျက်နှာဖုံး စွပ်ထားတဲ့လူဆိုးကို တဝုတ်ဝုတ်နဲ့ လှမ်းဟောင်နေပါတယ်။

'မင်းကားသော့ ဘယ်မှာထားသလဲ'လူဆိုးက မမျှော်လင့်ဘဲ ဒီမေးခွန်းကို မေးလိုက်လို့ ဂျူလီယာဟာ ရုတ်တရက် လန့်သွားပါတယ်။

'ကားသော့က ကျွန်မယောကျ်ား ယူသွားပါတယ်'

ဂျူလီယာဟာ သူ့စိတ်ကူးနဲ့သူ လိမ်ပြောလိုက်ပါတယ်။ သူ့စိတ်ကူးဆိုတာက တခြားမဟုတ်ပါဘူး။ ကားသော့ကို ဘယ်လိုရည်ရွယ်ချက်နဲ့ တောင်းမှန်း မသိတာကတစ်ကြောင်း၊ ပြီးတော့ သူ့ယောကျ်ား အခုမိနစ်ပိုင်း၊ စက္ကန့်ပိုင်းမှာပဲ မုချပြန်ရောက်လာတော့မယ်လို့ တစ်ထစ်ချ ယုံကြည်နေတာကြောင့်တစ်ကြောင်း လူဆိုးတွေကို တတ်နိုင်သလောက် အချိန်ဆွဲနိုင်သလောက် ဆွဲထားမယ်ဆိုတဲ့ စိတ်ကူးနဲ့ လိမ်ပြောလိုက်တာပါပဲ။

'ဒီမယ်၊ မင်း ယီးတီးယားတား လုပ်ပြန်ပလား၊ မင်းယောကျ်ားဆီမှာ ကားသော့ ပါမသွားဘူးဆိုတာ သိပြီးသားမို့ ငါက တောင်းနေတာ။ ငါ စိတ်တိုလာရင် မလွယ်ဘူးနော်။ ကားသော့ ပေးမလား၊ မပေးဘူးလား။ ဒါပဲ ငါသိချင်တယ်။ ပြီးတော့ ဒီခွေးစုတ်ကလေး တဝုတ်ဝုတ်နဲ့ ဟောင်နေတာ ငါမကြားချင်ဘူး ကြာရင် ငါ ခေါင်းကို ပစ်ခွဲလိုက်မိမယ်'

'ဒီခွေးအတွက်တော့ စိုးရိမ်မနေပါနဲ့။ ဒီကောင်လေး မကိုက်တတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို ပြောလိုက်တာကတော့ ဂျူလီယာ မဟုတ်ပါဘူး။ ဆံပင်တိုနံ့နံ့နဲ့ အမျိုးသမီးက ဝင်ပြောလိုက်တာပါ။ ဒါနဲ့ ဂျူလီယာက 'သူ့ကို ကျွန်မအိပ်ခန်းထဲ ခေါ်သွားပါမယ်ရှင်' လို့ ပြောလိုက်ရပါတယ်။

'အိပ်ခန်းထဲကို မြန်မြန်သွားပို့စမ်း၊ ကားသော့လည်း ယူခဲ့၊ ပြီးတော့ မင်းလည်း တစ်ခါတည်း ဖိနပ်စီးလာခဲ့။ တို့နဲ့မင်း အပြင်လိုက်ခဲ့ရမယ်'

လူဆိုးတွေရဲ့စကားကြောင့် ဂျူလီယာဟာ အံ့သြပြီးရင်း အံ့သြရင်း ဖြစ်လာမိပါတယ်။ သူ့ယောကျ်ားဆီမှာ ကားသော့ပါမသွားဘူးဆိုတာရယ်၊ ပြီးတော့ သူ့အိမ်က ခွေးဟာ မကိုက်တတ်ဘူးဆိုတာရယ် ဒါတွေကို ဘယ်လိုလုပ်ပြီး သူတို့သိနေကြတယ်ဆိုတာ တအံ့တသြ ဖြစ်နေမိပါတယ်။ ဒါနဲ့ပဲ သူဟာ သူတို့လင်မယားအိပ်တဲ့ အခန်းထဲက ကားသော့ကို သွားယူပြီး ခွေးကလေး ဖီဖီကိုလည်း အိပ်ခန်းထဲသွင်းပြီး ပိတ်ထားလိုက်ရပါတယ်။

'ကျွန်မကို ဘယ်ခေါ်သွားမလို့လဲရှင်၊ ရှင်တို့ တောင်းတဲ့ ဆွဲကြိုးလည်း ရနေပြီပဲ။ တခြားဘာများလိုချင်သေးလို့လဲ' ဂျူလီယာဟာ စောစောက ထက် ပိုကြောက်လာပြီး တုန်တုန်ယင်ယင်နဲ့ မေးလိုက်ပါတယ်။

'ဒါတွေ မင်း ဘာမှမေးနေစရာ မလိုဘူး၊ လိုက်မှာသာ လိုက်ခဲ့'

ဘယ်လိုမှ မတတ်နိုင်တော့တဲ့အဆုံး ဂျူလီယာဟာ သူ့ယောကျ်ားများ ရုတ်တရက် ပြန်ရောက်လာမလားလို့ အားကိုးတကြီးနဲ့ တိုင်ကပ်နာရီကို လှမ်း ကြည့်မိလိုက်ပါတယ်။ ၉ နာရီ ၄၅ မိနစ်တောင် ရှိနေပါပြီ။ ဘာပဲဖြစ်ဖြစ်၊ အားနက်စ်တို့သားအဖ ပြန်ရောက်ဖို့ ကောင်းတာတော့ ကြာပါပြီ။

'ကဲ၊ သွားကြမယ်' လူဆိုးဟာ သူနဲ့ပါလာတဲ့ အမျိုးသမီးကို လှမ်း ပြောလိုက်ပါတယ်။ 'မင်း ရှေ့ကသွား၊ ပြီးတော့ ကားကို အဆင်သင့် စက်နှိုးထား'

သူ အမိန့်ပေးတဲ့အတိုင်း အဲဒီအမျိုးသမီးက ခေါင်းဆောင်ပြီး ရှေ့က ထွက်သွားတော့ သူလည်း နောက်က လိုက်သွားပါတယ်။ အဲဒီမှာလည်း





ဂျူလီယာဟာ တစ်ခါထပ်ပြီး အံ့သြသွားပြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဂျူလီယာကို သူနဲ့လိုက်ခဲ့ရမယ်လို့ အမိန့်ပေးပြီး နောက်ထပ် ဘာ တစ်ခွန်းမှ ထပ်မပြောတော့ဘဲ ရှေ့က ခပ်တည်တည် ထွက်သွားလို့ပါပဲ။ သူ့စိတ်ထဲမှာ ဂျူလီယာဟာ ခွေးကလေး၊ ကြောင်ကလေးတစ်ကောင် သူ့သခင်သွားတဲ့နောက်ကို လိုက်သလို သူ့နောက်က လိုက်လာလိမ့်မယ် ဆိုတဲ့ သဘောမျိုး သေချာပေါက် ယူဆထားသလိုပါပဲ။

ဒါပေမဲ့ ဂျူလီယာကလည်း အလစ်ချောင်းနေတာဆိုတော့ အဲဒီ လူဆိုးလည်း တံခါးပေါက်ကထွက်လို့ အိမ်အပြင်ဘက်လည်း ရောက်သွားရော တံခါးရွက်နှစ်ခုကို ဖြန်းခနဲပိတ်လိုက်ပြီး၊ တံခါးသော့ကို အထဲကနေပြီး ခတ်မလို လုပ်လိုက်ပါတယ်။ ဒါပေမဲ့ မရပါဘူး။ သူ့ရှေ့က လူဆိုးဟာ နောက်ကို ရုတ်တရက် ပြန်လှည့်လိုက်ပြီး တံခါးရွက်အပေါ်ပိုင်းမှာ တပ်ထားတဲ့မှန်ကို သူ့လက်ထဲက သေနတ်နဲ့ 'ခွမ်' ခနဲ ရိုက်လိုက်ပြီး ပါးစပ်ကလည်း ကျားဟိန်းသလို တစ်ချက်အော် လိုက်ပါတယ်။ ပြီးမှ ကွဲနေတဲ့မှန်ပေါက် ထဲကနေ သေနတ်ကြီး တရမ်းရမ်းနဲ့ ဂျူလီယာကို ချိန်ထားရင်းက–

'သောက်ကမြင်းမ၊ နင်က သေချင်လို့ပေါ့လေ ဟုတ်လား၊ ဖွင့်စမ်း၊ တံခါးကို ခုချက်ချင်း ပြန်ဖွင့်စမ်း' လို့ အသံနက်ကြီးနဲ့ လှမ်းအော်ပြောလိုက်ပါတယ်။

ဂျူလီယာကလည်း အဲဒီကျမှ ကြောက်အားလန့်အားနဲ့ တံခါးကို မှာပျာသလဲ ပြန်ဖွင့်လိုက်ပြီး–

'မတော်လို့ပါရှင်၊ မတော်တဆ ဖြစ်သွားတာပါ။ ကျွန်မ တောင်းပန်ပါတယ်။ မတော်လို့ ဖြစ်တာပါ' လို့ တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ရပါတယ်။

အဲဒီအချိန်မှာ စောစောက တံခါးမှန်ကို သေနတ်နဲ့ ရိုက်ခွဲလိုက်ရာက မှန်ကွဲတွေ ရှသွားလို့ လူဆိုးရဲ့လက်က သွေးတွေ စီးကျလာတာကို ဂျူလီယာ မြင်လိုက်ရပြီး ထိတ်ခနဲ ဖြစ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင့်ကိုတော့ ငါ ဒီနေရာတင် သတ်ပစ်ဖို့ ကောင်းနေပြီ။ ခွေးမသောက်ကမြင်းမ၊ သွားစမ်း၊ အဝတ်စ တစ်ခုခုယူပြီး ငါ့လက်ကို စည်းပေးစမ်း'

လူဆိုးက အော်ပြောရင်းနဲ့ သူ့လက်က သွေးစက်တွေဟာ ကြမ်းပြင်သမံတလင်းပေါ်ကို တစ်စက်တစ်စက် ကျနေပါတယ်။ ဂျူလီယာလည်း ကြောက်အားလန့်အားနဲ့ ပိတ်စတစ်ခုကို ဆွဲဆုတ်ပြီး ဒဏ်ရာရနေတဲ့ လူဆိုးရဲ့လက်ကို စည်းပေး လိုက်ပါတယ်။ လူဆိုးဟာ လက်မှာ ဒဏ်ရာရသွားတဲ့အတွက် သေနတ်ကို ဆံပင်တိုတိုနဲ့ အမျိုးသမီးလက်ထဲ လှမ်းပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ ဂျူလီယာဟာ ဘာလုပ်လို့ လုပ်နေမိမှန်း မသိဘဲ အိပ်မက်ထဲမှာ ဖြစ်ပျက်နေသလို ခံစားနေမိပါတယ်။

အဲဒီအချိန်မှာပဲ "ဒိုင်း"ခနဲ သေနတ်သံတစ်ချက် ဟိန်းပြီး ထွက်လာလို့ လူဆိုးနဲ့ ဂျူလီယာဟာ နှစ်ယောက်သား အလန့်တကြား လှည့်ကြည့်လိုက်တော့ ဆံပင်တိုနဲ့နဲ့နဲ့ အမျိုးသမီးလက်ထဲက သေနတ်ပြောင်းဝမှာ ယမ်းခိုးယမ်းငွေ့တွေ အူပြီး ထွက်နေတာ တွေ့လိုက်ရပါတယ်။

'မတော်လို့ ဖြစ်သွားတာပါ။ သေနတ်ကို ဟိုဘက်လက်နဲ့ ဒီဘက်လက် ပြောင်းကိုင်ရာက ခလုတ်နဲ့ငြိပြီး အမှတ်တမဲ့ ကျည်ဆံထွက်သွားတာပါ'ဆံပင်တိုနဲ့နဲ့နဲ့ အမျိုးသမီးဟာ ရှက်ကြောက်တဲ့အမူအရာနဲ့ လူဆိုးကို မရဲတရဲပြုံးပြရင်း လှမ်းပြောလိုက်ပါတယ်။

ဂျူလီယာဟာ သေနတ်သံကြောင့် အကြီးအကျယ် လန့်သွားခဲ့ရာက အဖြစ်မှန်ကို သိလိုက်ရလို့ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ ဒါပေမဲ့ ဆံပင်တိုနဲ့ အမျိုးသမီးလက်ထဲက မတော်တဆ ထွက်သွားတဲ့ သေနတ်ကျည်ဆံဟာ ဆောင်းနားက ရေခဲသေတ္တာကို မှန်သွားပြီး အဲဒီကတစ်ဆင့် အုတ်နံရံကို ထိသွားတဲ့အတွက် ရေခဲသေတ္တာတံခါးမှာ အခွက်ကြီးဖြစ်သွားပြီး အုတ်နံရံက အင်္ဂတေတွေလည်း ကွာကျကုန်တာ တွေ့လိုက်ရလို့ အတော်





ကလေး စိတ်ညစ်သွားပါတယ်။ အခန်းထဲမှာ ယမ်းနံ့တွေဖုံးပြီး ကြမ်းပေါ်မှာလည်း မှန်ကွဲမှန်စတွေ သွေးစက်တွေ အင်္ဂတေအပုံအရွဲ့တွေနဲ့ ပြန့်ကျဲနေပါတယ်။

အဲဒီအချိန်မှာ အိပ်ခန်းထဲက ခွေးကလေးရဲ့ ကြောက်အားလန့်အားနဲ့ အဆက်မပြတ်ဟောင်နေတဲ့ အသံဟာလည်း တစ်အိမ်လုံး ဆူညံနေပါတယ်။

'ကဲ...ဟေ့၊ မဖြစ်ဘူး။ ဒီအိမ်ထဲမှာ ကြာကြာနေရင် ငါ လူသတ်မိလိမ့်မယ်။ မြန်မြန်ထွက်၊ မြန်မြန်ထွက်ကြ။ အဲဒီသေနတ် ငါ့ပြန်ပေးစမ်း'

ပြောပြောဆိုဆိုနဲ့ လူဆိုးဟာ အမျိုးသမီးလက်ထဲက သေနတ်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး ဂျူလီယာရဲ့ကျောကို သေနတ်ပြောင်းနဲ့ တွန်းထိုးရင်း အိမ်အပြင်ကို ခေါ်ထုတ်သွားပါတယ်။ အပြင်ရောက်တော့ အသင့်ရှိနေတဲ့ ဂျူလီယာရဲ့ကားနောက်ခန်းမှာ ဂျူလီယာကို အဝင်ခိုင်းပြီး ကြမ်းပြင်မှာ အဝပ်ခိုင်းထားပါတယ်။ ပြီးမှ မျက်နှာဖုံးစွပ် လူဆိုးကိုယ်တိုင် ကားနောက်ခန်းက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး သူ့ရှေ့မှာ ကုန်းကုန်းကွကွနဲ့ ဝပ်နေရရှာတဲ့ ဂျူလီယာရဲ့နားထင်ကို သေနတ်ပြောင်းဝနဲ့ တေ့ထားလိုက်ပါတယ်။ ဆံပင်တိုနဲ့ အမျိုးသမီးကတော့ ကားရှေ့ခန်းက ကားမောင်းတဲ့နေရာမှာ ဝင်ထိုင်လိုက်ပါတယ်။ ခဏကြာတော့ အမျိုးသမီးက ကားကို စက်နှိုးပြီး အိမ်ရှေ့လမ်းမကြီးအတိုင်း အရှိန်ခပ်ပြင်းပြင်းနဲ့ မောင်းထွက်လာခဲ့ပါတယ်။

'ကျွန်မကို ဘယ်ခေါ်သွားကြမလို့လဲရှင်၊ ကျွန်မကို ဘာလုပ်မလို့လဲ'

ကားထွက်လာပြီး ခဏနေတော့ ဂျူလီယာဟာ ကားနောက်ပိုင်းမှာ ဝပ်နေရာက ကြောက်ကြောက်လန့်လန့်နဲ့ မေးလိုက်ရှာပါတယ်။

'ကိစ္စတစ်ခုရှိလို့ပေါ့ကွ၊ တခြားအလုပ်တစ်ခုရှိလို့ ခေါ်လာတာ၊ မင်း နောက်ထပ် ဘာမှမမေးနဲ့'

လူဆိုးက ဂျူလီယာရဲ့နားထင်ကို သေနတ်ပြောင်းဝနဲ့ ခပ်နာနာကလေး ဖိလိုက်ပြီး လှမ်းငေါက်လိုက်ပါတယ်။ ဒါနဲ့ တော်တော်လေးကြာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှေ့ခန်းက ကားမောင်းနေတဲ့ အမျိုးသမီးကို 'ဟိုအမျိုးသမီးနဲ့ ဘယ်နေရာမှာတွေ့ဖို့ ချိန်းထားတာလဲ'လို့ လူဆိုးက လှမ်းမေးလိုက်ပါတယ်။

'သူပြောတော့ ဟိုတိုက်ခန်းရဲ့နောက်ဘက်မှာ တွေ့မယ်လို့ ပြောလိုက်တာပဲ'

သူတို့နှစ်ယောက်ပြောတဲ့ စကားတွေကြောင့် ဂျူလီယာ အံ့သြပြီး စဉ်းစားမရအောင် ဖြစ်နေမိပါတယ်။ 'ဟိုအမျိုးသမီး'ဆိုတာ ဘယ်သူ့ကို ပြောတာလဲ။ သူနဲ့ ဘာကိစ္စ ဘယ်နေရာမှာ ချိန်းထားကြတာလဲ။

နောက်ထပ် မိနစ် ၂၀ လောက်ကြာတော့ သူတို့စီးလာကြတဲ့ကားဟာ တိုက်ခန်းတွေရှိတဲ့ အနီးအနား ရောက်လာတယ်လို့ ဂျူလီယာ သိလိုက်ရပါတယ်။ ကားနောက်ပိုင်းမှာ ဝပ်နေရာက မသိမသာ မျက်လုံးဝင့်ပြီး ကြည့်လိုက်တော့ အတော်ကလေးမြင့်တဲ့ တိုက်တန်းကြီးတွေကို တွေ့လိုက်ရပါတယ်။ ပြီးတော့ ဒီလိုညကြီးမင်းကြီး အချိန်မတော်မှာ အဲဒီတိုက်ခန်းက ပြတင်းပေါက်တွေက မီးရောင်တွေ ထိန်လင်းနေတာ တွေ့လိုက်ရလို့လည်း အံ့သြနေမိပါတယ်။

အဲဒီနေရာရောက်တော့ ကားမောင်းလာတဲ့ အမျိုးသမီးဟာ ကားကို ရပ်လိုက်ပြီး ကားပေါ်က ဆင်းသွားပါတယ်။ ပြီးတော့ ခပ်လှမ်းလှမ်းမှာ တစ်ယောက်ယောက်နဲ့ စကားပြောနေတဲ့ အသံကို ခပ်သဲ့သဲ့ ကြားရပါတယ်။ ခဏနေတော့ အဲဒီအမျိုးသမီးဟာ ကားဆီကို ပြန်လှည့်လာပါတယ်။

'သူက ကျွန်မတို့ကို သူ့နောက်လိုက်ခဲ့လို့ ပြောလိုက်တယ်' ပြောပြောဆိုဆိုနဲ့ ဆံပင်တိုနံ့နံ့ အမျိုးသမီးဟာ ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်ပြီး ကားကို မောင်းထွက်လာခဲ့ပါတယ်။ ဒီတစ်ခါတော့ ကားဟာ စောစောက ထက် ပိုပြီး အတော်ကလေး မြန်လာတာ တွေ့ရပါတယ်။ ကားဘီးနဲ့ ကျောက်စရစ်ခဲလေးတွေ ကြိတ်မိတဲ့အသံဟာ တကျွိကျွိနဲ့ အတိုင်းသား ကြားနေရပါတယ်။

'ဟော့...ရှေ့ကကားကို ခပ်ဖြည်းဖြည်း မောင်းအောင် ကြည့်လုပ်ဦး၊





တော်တော်ကြာ ပတ္တရောင် မော်တော်ပီကယ်တွေနဲ့ တွေ့နေလို့ ကွိခနဲ အဖမ်းခံနေရဦးမယ်'

'ခရစ်ကတ်အကြောင်း ရှင်လည်း သိသားပဲ၊ သူ ကားမောင်းလိုက်ရင် ဒီလိုချည်းပဲ'ရှေ့ခန်းက အမျိုးသမီးဟာ နောက်ကိုလှည့်ပြီး လူဆိုးကို လှမ်းပြောလိုက်ပါတယ်။

ဂျူလီယာကတော့ ဒီလူဆိုးတွေနဲ့ တွေ့တဲ့အချိန်ကစပြီး ပထမဆုံးကြား လိုက်ရတဲ့ "ခရစ်ကက်"ဆိုတဲ့ နာမည်ကို ဘယ်သူဘယ်ဝါဆိုတာ ခေါင်းထဲမှာ ဦးနှောက်ခြောက်အောင် စဉ်းစားနေမိပါတယ်။ အဲဒီလို စဉ်းစားနေတုန်းမှာ ကားဟာ အဝေးပြေးလမ်းမကြီးကနေ လမ်းခွဲတစ်ခုကို ချိုးလိုက်ပြီး တအောင့်လောက်ကြာတော့ တစ်နေရာမှာ ထိုးရပ်လိုက်ပါတယ်။

'ကဲ ...ရောက်ပြီ၊ မင်း ဒီမှာပဲဆင်း' လူဆိုးက ဂျူလီယာကို အမိန့်ပေးလိုက်ပါတယ်။

ဂျူလီယာဟာ ကားနောက်ပိုင်းမှာ ဝပ်နေရာက ထလိုက်ပြီး ကားအပြင်ထွက်ဖို့လုပ်ရင်း 'ကျွန်မ ဒီနေရာက ဆင်းပြီး ဘယ်သွားရမှာလဲရှင်၊ ကျွန်မကို ဘာလုပ်ဖို့ ခေါ်လာကြတာလဲဆိုတာ တဆိတ်ပြောပြကြပါဦး'

'မင်းကို ဘာမှပြောနေစရာ မလိုဘူး။ မင်း သိထားဖို့က လောကမှာ ဒုစရိုက်အလုပ်ဆိုတာ ငွေကနေ မြစ်ဖျားခံတာချည်းပဲကွ၊ ကဲ...အဲဒီတော့ ငွေရထားတဲ့ တို့ဟာ မင်းကို ဟောဒီလို လုပ်ရလိမ့်မယ်'

ပြောပြောဆိုဆိုနဲ့ လူဆိုးဟာ ကားပေါ်က ဆင်းဖို့ လုပ်နေတဲ့ ဂျူလီယာရဲ့ ခေါင်းကို ရုတ်တရက် သူ့လက်ထဲက သေနတ်ဒင်နဲ့ တအားရိုက်ချလိုက်ပါတယ်။ 'ခွပ်ခနဲ' မြည်သံနဲ့အတူ ဂျူလီယာဟာ ခေါင်းက သွေးတွေဗြာခနဲကျသွားပြီး ကားအောက်ကိုတောင် မရောက်တော့ဘဲ ကားနောက်ခန်းက ထိုင်ခုံပေါ်မှာ ပုံကျသွားပါတယ်။ သူ့ခေါင်းက သွေးတွေဟာလည်း ထိုင်ခုံပေါ်မှာရော၊ ဘေးက ကားတံခါးမှာရော စင်သွားပြီး ဂျူလီယာဟာ ဒဏ်ရာကြောင့် သတိရတစ်ချက် မရတစ်ချက် ဖြစ်သွားပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကားရှေ့ခန်းမှာရှိနေတဲ့ အမျိုးသမီးက လူဆိုးကို 'ရှင် ဒီလို အရမ်းမလုပ်ပါနဲ့၊ ရှင်လုပ်တာနဲ့ ကားပေါ်မှာ သွေးတွေ ပေကုန်ပြီ။ အဲဒါနဲ့ ပြဿနာတက်ပြီး လူတွေ သိကုန်တော့မှာပဲ' လို့ လှမ်းပြောလိုက်တဲ့အသံကို ဂျူလီယာ့နားထဲမှာ ဝိုးတိုးဝါးတား ကြားလိုက်ရပါတယ်။

'သွားစမ်းပါ။ ဒါတွေ သောက်ဂရုစိုက်နေစရာ မလိုပါဘူး' လူဆိုးက ဒေါနဲ့မောနဲ့ ပြန်ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူကိုယ်တိုင်က အထိတ်ထိတ် အလန့်လန့် ဖြစ်သွားတဲ့ပုံစံနဲ့ သူ့အသံဟာ မှုမမှန်ဘဲ ဖြစ်နေပါတယ်။

'ဘာပဲဖြစ်ဖြစ်၊ တို့ သူ့ကို ကားပေါ်မှာ ဒီအတိုင်း ပစ်ထားခဲ့ရုံရှိတာပဲ၊ နောက်ထပ် လမ်းဆောမှာ လူသတ်မှုတစ်ခု ထပ်တိုးရုံအပြင် ပိုမရှိပါဘူး'

ပြောရင်း ပြောရင်း လူဆိုးဟာ သရဲမင်းရဲစီးသလို ဖြစ်လာပြီး သတိမရ တရဖြစ်နေတဲ့ ဂျူလီယာရဲ့ဆံပင်ကိုဆွဲပြီး ကားနံရံနဲ့ တစ်ချက်ဆောင့်လိုက်ပါတယ်။ ဒါတင်မကသေးပါဘူး၊ သူဟာ ဂျူလီယာရဲ့ခေါင်းကို သူ့လက်ကြမ်းကြီးနှစ်ဖက်နဲ့ တအားကိုင်ပြီး ကြက်ကို လည်လိမ်ချိုးသလို လည်ပင်းလိမ်ချိုးလိုက်ပါတယ်။ ဂျူလီယာဟာ မချိမဆန့်နဲ့ လုံးဝသတိမေ့သွားပါတယ်၊ ဒါပေမဲ့ အံ့သြစရာကောင်းတာက သူဟာ အသက်မသေသေးဘဲ ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ စက္ကန့်ပိုင်း၊ မိနစ်ပိုင်း အတွင်း သတိပြန်လည်လာရာက မျက်လုံးမဖွင့်နိုင်ပေမယ့် သူ့လက်ကောက်ဝတ်ကို လူဆိုးက သွေးတိုးစမ်းနေတယ်ဆိုတာ သိလိုက်ရပါတယ်။ ပြီးတော့ လူဆိုးဟာ သူ့အကြံအောင်ပြီဆိုတဲ့ သဘောမျိုးနဲ့ 'ဟဲ...ဟဲ' ဆိုပြီး တစ်ချက်ရယ်လိုက်ရင်း ဂျူလီယာရဲ့လက်ကို လွှတ်ချလိုက်ပါတယ်။

'ဒီကောင်မတော့ တစ်ခါတည်း ကိစ္စချောသွားပြီ' လူဆိုးဟာ သူ့အဖော်အမျိုးသမီးကို လှမ်းပြောလိုက်ပြီး မလှုပ်မယှက် ပျော့ခွေနေတဲ့ ဂျူလီယာရဲ့ခန္ဓာကိုယ်ကို မေးငေါ့ပြလိုက်ပါတယ်။ အင်မတန် အသက်ပြင်းတဲ့ ဂျူလီယာဟာ ဇက်ကြီးလိမ်ပြီး တစ်ခေါင်းလုံး သွေးတွေ ရွှဲနစ်နေပေမယ့်





မသေသေးတဲ့အပြင် တစ်ချက်တစ်ချက် အိပ်မက်မက်သလို ဝိုးတဝါး သတိရနေပါသေးတယ်။ ဒါကြောင့် နောက်ထပ် သူ့နားထဲမှာ ကားစက်နှိုးသံကို ခပ်ဝါးဝါး ကြားလိုက်ရပြီး ကားထွက်လာတာကို သိလိုက်ရသလို ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကားဆောင့်တဲ့ အရှိန်ကြောင့် သူ့ဒဏ်ရာတွေဟာ မခံမရပ်နိုင်အောင်ဖြစ်လာပြီး ရုတ်တရက် သတိလစ်သွားပြန်ပါတယ်။

နောက်တစ်ခါ ဖြုန်းခနဲ သတိပြန်ရလာတော့ ကားရပ်သွားတာကို သိလိုက်ရပြန်ပါတယ်။ အဲဒီနောက် ကားပေါ်က လူဆိုးဆင်းသွားပြီး၊ ကားတံခါးကို ပိတ်လိုက်တဲ့အသံနဲ့အတူ သူ ထွက်သွားတဲ့ခြေသံကို တစ်လှမ်းချင်း မပီမသ ကြားလိုက်ရပါတယ်။ တစ်ချိန်တည်းမှာပဲ ခပ်လှမ်းလှမ်း ရှေ့နားဆီက ကားတစ်စီး စက်နှိုးသံနဲ့ ကားမောင်းထွက်သွားတဲ့ အသံကိုပါ သူ့နားထဲမှာ ကြားလိုက်ရသလို ဖြစ်ခဲ့ပါတယ်။ ခဏနေတော့ နောက်ထပ် ဘာသံမှ မကြားရတော့ဘဲ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်သွားပါတော့တယ်။

ဂျူလီယာဟာ အဲဒီနေရာမှာ ဘယ်လောက်ကြာသွားတယ်ဆိုတာ ခန့်မှန်းလို့ မရအောင် ဖြစ်ခဲ့ပါတယ်။ ဆယ့်မိနစ်ကြာသလား၊ နာရီဝက်ကြာသလား၊ တစ်နာရီ ဒါမှမဟုတ် နာရီပေါင်း ဘယ်လောက်ကြာသွားတယ်ဆိုတာ မသိလိုက်ပါဘူး။ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေတဲ့ သူ့စိတ်ဟာ မှောင်ကြီးမည်းကြီးထဲ အသံဆိုလို့ ဘာသံမှမကြားရအောင် တိတ်ဆိတ်နေလို့ အကြောက်ကြီး ကြောက်မိရင်းက တစ်ကိုယ်လုံး မလှုပ်နိုင် မရှားနိုင်အောင်ဖြစ်နေတဲ့ ဒဏ်ရာတွေကို မချိမဆန့် အပြင်းအထန် ခံစားနေရပါတယ်။

တဖြည်းဖြည်း သတိရသည်ထက် ရလာလို့ ကြောက်တဲ့စိတ်နဲ့ နာတဲ့ဝေဒနာကို တော်တော်လေး ထိန်းနိုင်လာတော့ သူ့ခေါင်းထဲမှာ တစ်နည်းနည်းနဲ့ တစ်ယောက်ယောက်ရဲ့ အကူအညီရဖို့အတွက် ဒီကားထဲက အပြင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ကြိုးစားမှဖြစ်မယ်ဆိုတဲ့ အသိဝင်လာခဲ့ပါတယ်။ ဒါပေမဲ့ တစ်ကိုယ်လုံး ပျော့ဖတ်ပြီး မလှုပ်မယှက်နိုင်အောင် ဖြစ်နေပါတယ်။ အထူးသဖြင့် နောက်ပြန်ပြီး လိမ်နေတဲ့ သူ့ခေါင်းဟာ နည်းနည်းကလေး လှုပ်မယ်လို့ ဟန်ပြင်လိုက်တာနဲ့ တစ်ပြိုင်နက် မခံမရပ်နိုင်လောက်အောင် နာပြီး သတိလစ်မတတ် ဖြစ်ဖြစ်သွားပါတယ်။ နောက်ဆုံးတော့ ဂျူလီယာဟာ ဖန်ပေါင်းချောင်တစ်ခုကို ကိုင်သလို သူ့ခေါင်းကို လက်နှစ်ဖက်နဲ့ အသာခပ်ဖွဖွကလေး ကိုင်ပြီး နောက်ကနေ ရှေ့ကို ဖြည်းဖြည်းချင်း လှည့်လိုက်ပါတယ်။ နာလိုက်ပုံကတော့ အသည်းခိုက်ပြီး ကိုင်ထားတဲ့ လက်တွေတောင် တဆတ်ဆတ် တုန်နေပါတယ်။ ဒါပေမဲ့ အသက်ပြင်းသလောက် စိတ်ဓာတ်ပြင်းထန်လှတဲ့ ဂျူလီယာဟာ အသက်ကို အောင့်နိုင်သမျှ အောင့်ထားပြီး ရှိရှိသမျှ ခွန်အားတွေနဲ့ ကြိုးစားရင်း နောက်ဆုံးကျတော့ လိမ်ဖည်ကြီးဖြစ်နေတဲ့ သူ့ခေါင်းဟာ ရှေ့ဘက်ကို ပြန်တည့်သွားပြီး စောစောက အလျားမှောက်ကြီးဖြစ် နေတဲ့ သူ့ကိုယ်ဟာလည်း ကားထိုင်ခုံကို သက်သက်သာသာ မှီနိုင်ထိုင်နိုင်တဲ့ အနေအထားမျိုး ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုအနေအထားမျိုးရောက်အောင် မနည်းကြီး ကျိတ်မှိတ်အောင့်အည်းပြီး ကြိုးစားခဲ့ရတဲ့ဒဏ်က ပြင်းလွန်းမက ပြင်းထန်လှတော့ ကားထိုင်ခုံကို မှီလည်း မှီနိုင်ရော သူ့စိတ်သူ လျှော့ပစ်လိုက်တဲ့အတွက် ဂျူလီယာဟာ နောက်တစ်ကြိမ် လုံးဝသတိလစ်ပြီး မေ့သွားခဲ့ပါတယ်။

အချိန်ဘယ်လောက် ကြာသွားမှန်း မသိအောင် မေ့မြောသွားခဲ့ရာက သတိပြန်လည်လာတော့ မျက်လုံးတွေကို ကြိုးစားပြီး ဖွင့်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ပိတ်ထားတဲ့ ကားမှန်တံခါးရဲ့အပြင်ဘက်မှာ အမှောင်ထုဟာ ပိန်းပိတ်နေပြီး ဘာမှမမြင်ရဘဲ ဖြစ်နေပါတယ်။ ဂျူလီယာဟာ ကိုယ်ကို ရွေ့တယ်ဆိုရုံလောက် ရွေ့လိုက်ပြီး မှန်တံခါးကို သူ့ပါးတစ်ဖက်နဲ့ ကပ်ထားရင်း မှိန်းနေလိုက်မိပါတယ်။ သူ့စိတ်ထဲမှာ သူဟာ မိုင်ပေါင်းတစ်ထောင်





ကျော် ခရီးကို လျှောက်လာခဲ့ရသလို နုံးခွေပြီး လုံးဝအားပြတ်သလို ခံစားနေရပါတယ်။

အဲဒီအချိန်ကလေးမှာပဲ ရှေ့ခပ်လှမ်းလှမ်းဆီက မီးလုံးနှစ်လုံး ဝင်းခနဲပေါ်လာပြီး စက်သံတစ်ခုကို သိသိသာသာကြီး ကြားလိုက်ရပါတယ်။ ဂျူလီယာဟာ ပထမတော့ စူးရှတဲ့ မီးရောင်ကို ရုတ်တရက် မြင်လိုက်ရလို့ ထိတ်ခနဲ လန့်သွားမိရာက သူ ရှိရာကို ကားတစ်စီး မောင်းလာနေမှန်း သိလိုက်ရတဲ့အတွက် အကူအညီရတော့မှာပဲဆိုပြီး အကြီးအကျယ် ဝမ်းသာသွားပါတယ်။ တစ်ချိန်တည်းမှာပဲ ဆိုးဝါးလှတဲ့ သူ့အဖြစ်ကို ပထမဆုံးအကြိမ် စဉ်းစားမိပြီး ရှိုက်ကြီးတငင် ငိုလိုက်မိပါတယ်။ အဲဒီနောက် သူဟာ ရှေ့တည့်တည့်က လာနေတဲ့ ကားကိုလှမ်းပြီး အကူအညီတောင်းနိုင်အောင် ပိတ်ထားတဲ့ ကားမှန်တံခါးကို အောက်ချဖို့ စိတ်ကူးလိုက်မိပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကလေးမှာပဲ သူ့ခေါင်းထဲမှာ ဖြုန်းခနဲ တစ်ခု စဉ်းစားလိုက်မိပါတယ်။

ဂျူလီယာ ရုတ်တရက် စဉ်းစားလိုက်မိတာကတော့ တခြားမဟုတ်ပါဘူး။ အခုလို အဝေးပြေးလမ်းမကြီးမဟုတ်ဘဲ သူရောက်နေတဲ့ တောလမ်းအတိုင်း ညကြီးမင်းကြီး မှောင်ထဲမည်းထဲမှာ မောင်းလာတဲ့ ရှေ့ကကားဟာ ဘယ်နည်းနဲ့မှ လူကောင်းသူကောင်းတွေရဲ့ကား မဖြစ်နိုင်ဘူး။ လူဆိုးသူဆိုး ဒုစရိုက်သမားတွေရဲ့ကား ဖြစ်မှာပဲ၊ တကယ်လို့ ခပ်စောစောက ထွက်သွားကြတဲ့ လူဆိုးတွေ ဒီကားပေါ်မှာ ပစ္စည်းတစ်ခုခု မေ့ကျန်ရစ်ခဲ့လို့ ပြန်လာယူတာဆိုရင် ဒုက္ခပဲဆိုပြီး ဂျူလီယာဟာ ကားမှန်ကို မဖွင့်ရဲတော့ဘဲ ခပ်စောစောက ထိုင်ခုံပေါ်မှာ လဲကျနေတဲ့အတိုင်း ခွေခွေကလေး ပုံလျက်သား လှဲနေလိုက်ပါတယ်။

သူ ထင်တဲ့အတိုင်းပါပဲ။ ရှေ့က မီးဖွင့်ပြီး လာနေတဲ့ကားက ခပ်စောစောက လူဆိုးတွေ စီးသွားကြတဲ့ကားပဲ ဖြစ်နေပါတယ်။ အဲဒီကားဟာ ဂျူလီယာရှိတဲ့ကားနဲ့ မလှမ်းမကမ်းမှာ ရပ်လိုက်ပြီး စောစောက လူဆိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်က ဆင်းလာပါတယ်။ သူဟာ ဂျူလီယာရဲ့ကားဆီ ရောက်တော့ ကားတံခါးကိုဖွင့်ပြီး ကားနောက်ပိုင်း ထိုင်ခုံထောင့်က ပစ္စည်းတစ်ခုကို ကောက်ယူလိုက်ပါတယ်။ ဟုတ်ပါတယ်၊ ဂျူလီယာရဲ့အတွေးဟာ သွေးထွက်အောင် မှန်နေပါတယ်။ လူဆိုးဟာ ကားပေါ်မှာ သူ့သေနတ်ကျန်ခဲ့လို့ လာယူတာ ဖြစ်နေပါတယ်။ အဲဒီကြားထဲက အသက်အောင့်ပြီး လုံးဝမလှုပ်ရဲဘဲ သေချင်ယောင်ဆောင်နေတဲ့ ဂျူလီယာကို လူဆိုးက သူ့လက်ကြီးနဲ့ ခွေးကလေး၊ ကြောင်ကလေးတစ်ကောင်ကို ပွတ်သပ်သလို ကျောကို သပ်လိုက်တဲ့အတွက် ဂျူလီယာဟာ တကယ်ပဲ အသက်ထွက်သွားတော့မလောက် ကြောက်သွားမိပါတယ်။

'ကဲ... ကဲ၊ မင်းတော့ ကောင်းကောင်း အိပ်နေရစ်ပေတော့'

လူဆိုးဟာ ဂျူလီယာကို တိုးတိုးကလေး ပြောလိုက်ပြီး ကားတံခါးကို ပြန်ပိတ်လိုက်ပါတယ်။ ပြီးတော့ ခပ်စောစောက ကားဆီကို ပြန်သွားပြီး မောင်းထွက်သွားပါတယ်။ ခဏကြာတော့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နဲ့မည်းမည်း ဖြစ်သွားပြီး တိတ်ဆိတ် ငြိမ်သက်သွားပြန်ပါတယ်။

ဂျူလီယာက အချိန်အတော်ကြာအောင် ငြိမ်နေပြီး ပတ်ဝန်းကျင်ကို နားစွင့်ရင်းနဲ့ မှိန်းနေမိပါတယ်။ အတော်ကလေးကြာတော့မှ လူရော စိတ်ပါ အားနည်းနည်း ပြန်ပြည့်လာပြီး သူ့အတွက် ရှေ့ဘာလုပ်ရမလဲဆိုတာ ခေါင်းအေးအေးနဲ့ စဉ်းစားနိုင်ခဲ့ပါတယ်။ နောက်ဆုံးတော့ ဒီနေရာမှာ ဒီတိုင်းသာ နေသွားရင် ဘယ်သူမှလာပြီး မကူညီနိုင်ဘဲ တဖြည်းဖြည်း ဒီဒဏ်ရာတွေနဲ့ သေသွားနိုင်တယ်လို့ တွက်လိုက်မိပါတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ဒီနေရာက တစ်နည်းနည်းနဲ့ ကြိုးစားပြီးသွားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီနောက် သူ့ကိုယ်ကို တစ်လက်မချင်း၊ တစ်လက်မချင်း ထိုင်ခုံပေါ်မှာ ထိုင်နိုင်အောင် ခဲခဲယဉ်းယဉ်းနဲ့ အားတင်းပြီး ပြန်ကြိုးစားခဲ့ပါတယ်။ အဲဒီကမှ တစ်ဆင့် ခေါင်းနဲ့လည်ပင်းမှာ ရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့်





တစ်ကိုယ်လုံး မလှုပ်နိုင် မရှားနိုင်အောင် ဖြစ်နေတဲ့အထဲက အားခဲပြီး ကားတံခါးကို ရအောင် ဖွင့်ခဲ့ပါတယ်။

တကယ်တော့ ဂျူလီယာဟာ ကားထဲက ကားအပြင်ရောက်အောင် ဖြည်းဖြည်းချင်း တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ကြိမ်ပြီးတစ်ကြိမ် အားတင်းပြီး ကျိတ်မှိတ်ကြိုးစားခဲ့တာဟာ သူ့စိတ်ထဲမှာ နှစ်နဲ့ချီပြီး အချိန်ကြာခဲ့သလို ခံစားမိပါတယ်။ လည်ပင်းကိုလိမ်ပြီး အချုံးခံထားရတဲ့အတွက် သူ့ခေါင်းကိုသူ တွဲလောင်းကြီးကျမနေအောင် ထိန်းထားရင်း ကားတံခါးကို ခက်ခက်ခဲခဲနဲ့ ရအောင်ဖွင့်ပြီး အပြင်ဘက်ကို ခဲခဲယဉ်းယဉ်း ထွက်ခဲ့ရပါတယ်။

အပြင်ဘက်မှာတော့ မှောင်လိုက်တာမှ ပိန်းပိတ်နေတာပါပဲ။ ဘာကိုမှ မမြင်ရတဲ့အတွက် ဂျူလီယာဟာ သူ ဘယ်ရောက်နေတယ်ဆိုတာ လုံးဝ မသိပါဘူး။ ဘယ်အချိန် ဘယ်နှစ်နာရီရှိနေပြီဆိုတာလည်း ခန့်မှန်းလို့ မရပါဘူး။ ညဦးပိုင်းကစပြီး ဖြစ်ခဲ့တာဟာ အခုအချိန်အထိ မိုးမလင်းသေးဘူးဆိုတော့ အခု သူကြုံခဲ့ တွေ့ခဲ့ရသမျှဟာ နာရီပိုင်းပဲ ရှိသေးပေမယ့် သူ့စိတ်ထဲမှာတော့ ကမ္ဘာနဲ့ချီပြီး ကြာခဲ့တယ်လို့ပဲ ထင်နေမိပါတယ်။

ဂျူလီယာဟာ သူ လာခဲ့တဲ့လမ်းအတိုင်း နောက်ပြန်လျှောက်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီတောလမ်းအတိုင်း ရှေ့ဆက်သွားတာထက် နောက်ကြောင်းပြန်ပြီး အဝေးပြေးလမ်းမကြီးဘက် လျှောက်တာက သူ့အတွက် ကူညီမယ့်လူ တစ်ယောက်ယောက်နဲ့တွေ့ဖို့ သေချာတယ်လို့ ယူဆမိပါတယ်။ ဒါပေမဲ့ လည်ပင်းကျိုးနေပုံရတဲ့ သူ့ခေါင်းကို မေးရိုးကနေပြီး လက်နှစ်ဖက်နဲ့ အသာမထားရင်း ကြိုးကြိုးစားစား ခက်ခက်ခဲခဲ လျှောက်လာခဲ့ရတာမို့ ဂျူလီယာဟာ အချိန်ဘယ်လောက်ကြာအောင် လျှောက်ခဲ့ရပြီး ချိုင့်တွေ၊ ကျင်းတွေ အင်မတန်ပေါတဲ့ အဲဒီတောလမ်းတစ်လျှောက်မှာ ဘယ်နှစ်ခါ ဘယ်နှစ်ကြိမ် လဲကျသွားခဲ့တယ်ဆိုတာတောင် မသိအောင် ဖြစ်ခဲ့ရပါတယ်။ တစ်ခါတစ်ခါ အဲဒီလို လဲကျသွားရာက ပြန်မထတော့ဘဲ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ဖြစ်ပစေတော့ဆိုပြီး အဲဒီနေရာမှာပဲ အိပ်ပစ်လိုက်တော့မယ်လို့ စိတ်ထဲက ကူးလိုက်မိပါတယ်။ ဒါပေမဲ့ ဒါလောက် ကြိုးစားပမ်းစား ကျားကုပ်ကျားခဲ လာခဲ့ရပြီးမှတော့ အကူအညီရနိုင်တဲ့ နေရာကို မရောက်ရောက်အောင် သွားမယ်ဆိုတဲ့စိတ်က ပြန်ဝင်လာတာနဲ့ တစ်ပြိုင်နက် လဲနေရာက ကုန်းရုန်းထပြီး တစ်လှမ်းချင်း ခြေတရွတ်ဆွဲ လျှောက်လာခဲ့ပြန်ပါတယ်။

နောက်ဆုံးတော့ ဂျူလီယာရဲ့ မလျှော့တဲ့ဇွဲလုံ့လဟာ သူ့အသက်ကို ကယ်လိုက်သလို ဖြစ်ခဲ့ရပါတယ်။ သူဟာ အရဏ်တက်သာသာကလေးမှာပဲ ပီတာအိန်ဂျလာဆိုတဲ့ လူတစ်ယောက်အိမ်ကို ရောက်လာခဲ့ပါတယ်။ သူဟာ မစ္စတာပီတာရဲ့ အိမ်ရှေ့တံခါးကို တဘုံးဘုံးပုတ်ရင်း ပါးစပ်က ရှိသမျှအသံနဲ့ ဖျစ်ညှစ်ပြီး အော်ခေါ်လိုက်ပါတယ်။ အတော်ကလေးကြာတော့ အိမ်ရှင်ကိုယ်တိုင် တံခါးလာဖွင့်ပါတယ်။ ဂျူလီယာအတွက် ပိုပြီး ကံကောင်းတယ်လို့ ဆိုရမှာက အိမ်ရှင်ပီတာဟာ ရှေးဦးသူနာပြုတတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေလို့ပါပဲ။ ဂျူလီယာကို ပီတာက ဒဏ်ရာတွေ ဆေးကြောသုတ်သင်ပြီး ဆေးထည့်ပေးနေတုန်းမှာပဲ သူ့ဇနီးက ရဲအဖွဲ့နဲ့ လူနာတင်ကားကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်ပါတယ်။

ခဏနေတော့ ရဲအရာရှိနဲ့ ရဲသားတွေရော လူနာတင်ကားပါ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြပါတယ်။ ရဲအရာရှိဟာ ပထမဆုံး ဂျူလီယာကို စစ်ဆေးမေးမြန်းပါတယ်။ အဖြစ်အပျက်အားလုံးကို သိရပြီးတဲ့နောက် ရဲအရာရှိက ဂျူလီယာရဲ့ ပြင်းထန်လှတဲ့ ဒဏ်ရာတွေကြောင့် လူနာတင်ကားနဲ့ ဆေးရုံကို ပို့လိုက်ပြီး သူတို့ရဲအဖွဲ့ဝင်တွေအားလုံးကတော့ ဂျူလီယာရဲ့ ယောက်ျား အားနက်စ် ခေါ်နယ်လ်ဆင်နေတဲ့အိမ်ကို ချက်ချင်း ထွက်လာခဲ့ကြပါတယ်။ အားနက်စ်အိမ်ရောက်တော့ မိုးမလင်းသေးဘဲ မှောင်နေဆဲပဲ ရှိပါသေးတယ်။ ရဲအဖွဲ့ဝင်တွေဟာ အိမ်ရှေ့မှာ အဆင်သင့်တွေ့ရတဲ့ လူခေါ်ခေါင်းလောင်းကို အကြိမ်ကြိမ် နှိပ်ပြီး ခေါ်ကြည့်ကြပါတယ်။ ငါးမိနစ်





လောက်ကြာတော့မှ အားနက်စ်ဟာ အိပ်ရာက နိုးလာပြီး တံခါးလာဖွင့်ပေးပါတယ်။

ညဝတ်အင်္ကျီကြီးကို ပိုသိပတ်သိဝတ်ထားတဲ့ အားနက်စ်ဟာ အိပ်မှုန်စုံမွှားနဲ့ တံခါးဖွင့်ပေးရင်း သူ့အိမ်မှာ ဘာမှမဖြစ်သလို မနက်လင်းအားကြီး အခုလို ဆူဆူညံညံနဲ့ လာနှိုးကြတာ 'ဘာကိစ္စရှိလို့လဲ' လို့ သူကပဲ တအံ့တသြ ပြန်မေးနေပါတယ်။ ဒါနဲ့ ရဲအရာရှိက ဂျူလီယာရဲ့အဖြစ်အပျက်ကို ပြောပြတော့ အဲဒီမှာလည်း အားနက်စ်ဟာ ဘာမှအရေးမကြီးသလို ခပ်အေးအေးပဲ နားထောင်နေခဲ့တာကို ရဲအရာရှိက သတိထားလိုက်မိပါတယ်။ နောက်ဆုံးတော့ ရဲအရာရှိက ဂျူလီယာရဲ့ ပြောပြချက်အရ အဲဒီအဖြစ်အပျက်တွေ မှန်၊ မမှန်သိရအောင် အိမ်ထဲကို ဝင်ကြည့်ပါရစေဆိုတော့ အားနက်စ်က ဝင်ကြည့်ဖို့ သဘောတူလိုက်ပါတယ်။

အိမ်ထဲရောက်တဲ့အခါကျတော့ ရဲအရာရှိဟာ ဂျူလီယာပြောတဲ့အတိုင်း အမှန်ပဲလို့ ယုံကြည်စရာအချက်တွေ တွေ့ခဲ့ရပါတယ်။ အဲဒါဟာ ဘာတွေလဲဆိုတော့ အိမ်နောက်ဖေးတံခါးက မှန်ဟာ ကွဲနေပြီး၊ အဲဒီတံခါးနားက ရေခဲသေတ္တာလည်း သေနတ်ကျည်ဆံရာကြီး ခွက်နေတာ တွေ့ရပါတယ်။ နောက်ပြီးတော့ အုတ်နံရံမှာလည်း အင်္ဂတေတွေ ကွာကျနေပါတယ်။ ဒါပေမဲ့ တစ်ခုထူးဆန်းတာကတော့ ကြမ်းပေါ်မှာ အင်္ဂတေစတွေ မှန်ကွဲတွေရော သွေးစက် သွေးကွက်တွေပါ ဘာတစ်ခုမှ မတွေ့ရဘဲ ရှင်းလင်းနေတာ တွေ့လိုက်ရပါတယ်။

'ဒီကြမ်းပေါ်က မှန်ကွဲတွေ၊ အင်္ဂတေစတွေ ဘယ်သူလှဲကျင်းပစ်လိုက်တာလဲ'

ရဲအရာရှိက မေးလိုက်ပါတယ်။

'ကျွန်တော်ပဲ လှဲပစ်လိုက်တာပါ။ ဒီတိုင်းထားရင် ခြေထောက်မှာ မှန်ကွဲတွေ ရှကုန်မှာစိုးလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



အားနက်စ်က ခပ်အေးအေးပဲ ပြန်ဖြေလိုက်ပါတယ်။

'ဒါဖြင့် သွေးစက် သွေးကွက်တွေလည်း ခင်ဗျား ရှင်းပစ်လိုက်တာပဲပေါ့'

'ဟုတ်ပါတယ်'

'ဒါဖြင့် ခင်ဗျား အိမ်နောက်ဖေးတံခါးမှာ မှန်တွေ ကွဲနေတယ်၊ ကြမ်းပေါ်မှာ သွေးစက်တွေလည်း တွေ့ရတယ်၊ ပြီးတော့ ရေခဲသေတ္တာတံခါးမှာလည်း သေနတ်မှန်ထားတဲ့အရာကြီး တွေ့ရပြီး တစ်ချိန်တည်းမှာ ခင်ဗျားမိန်းမ အိမ်မှာမရှိတော့ဘဲ ပျောက်နေတယ်၊ ဒါတောင် ခင်ဗျား ရဲကို အကြောင်းမကြားခဲ့ဘူး ဟုတ်လား'

'ဟုတ်ပါတယ်။ အကြောင်းမကြားခဲ့ပါဘူး။ ဘာအတွက် အကြောင်းကြားရမှာလဲ'

'ခင်ဗျားစိတ်ထဲမှာ ဒါတွေဟာ တစ်ခုခု စိုးရိမ်စရာပဲလို့ မထင်မိဘူးလား'

'မထင်မိပါဘူး'

'အိမ်ထဲမှာ အဲဒီလိုဖြစ်နေတာကို ခင်ဗျားစိတ်ထဲက ဘယ်လိုမှ သံသယ မဖြစ်မိဘူးလား'

'ကျွန်တော့စိတ်ထဲမှာ ဘာတစ်ခုမှ သံသယမဖြစ်မိပါဘူး'

အားနက်စ်က ခပ်အေးအေးပဲ ပြန်ပြောလိုက်ပါတယ်။

'ကျွန်တော်တို့သားအဖတွေ ဘောလုံးပစ်ပွဲက ပြန်လာပြီး အိမ်ရောက်တော့ အိပ်ရာဝင်ခဲ့ကြတာပဲ'

'ဒါဖြင့် ကြမ်းပေါ်က သွေးစသွေးနတွေနဲ့ ရှုပ်ပွပေရေနေတာတွေကို မအိပ်ခင် ရှင်းပစ်တာလား၊ အိပ်ရာက နိုးမှ ရှင်းပစ်တာလား'

'ဒီမေးခွန်းက ကျွန်တော့်ကို တမင်ချောက်ချတဲ့မေးခွန်းပဲ'

'ဒီလိုလည်း မဟုတ်သေးဘူးလေ'





အားနက်စ်က ကြမ်းပေါ်မှ မှန်ကွဲစတွေ၊ အင်္ဂတေအပဲ့တွေနဲ့ သွေးကွက် သွေးစက်တွေကို တွေ့နေပါလျက်နဲ့ အိမ်က ညကြီးမင်းကြီး ပျောက်သွားတဲ့ သူ့မိန်းမအတွက် ဘယ်လိုမှ စိုးရိမ်စိတ်မရှိဘဲ မှန်ကွဲတွေ၊ အင်္ဂတေပဲ့တွေနဲ့ သွေးကွက်တွေကို ဘာရည်ရွယ်ချက်နဲ့ ဖျောက်ဖျက် ရှင်းလင်းပစ်ခဲ့တယ်ဆိုတာကို ကျေနပ်လောက်အောင်မဖြေဘဲ ပထမပိုင်းမှာ ဝေ့လည်ကြောင်ပတ် လုပ်နေပါတယ်။ သူ့အကြောင်းပြချက်ကတော့ သူဟာ ဘောလုံးပစ်ပွဲက ပြန်ရောက်လာတော့ အိမ်နောက်ဖေး ကြမ်းပြင်ပေါ်မှာ မှန်ကွဲတွေ အင်္ဂတေစတွေနဲ့ သွေးစက်တွေ ဖရိုဖရဲ ပြန့်ကျဲပေပွနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဒါတွေဟာ မတော်တဆ မှန်တံခါးကွဲသွားပြီး သူ့မိန်းမလက်မှာ ဒဏ်ရာရသွားလို့ ဖြစ်ရတာပဲ။ သူ့မိန်းမဟာ အဲဒီဒဏ်ရာကြောင့် ကားနဲ့ ဆေးရုံကို ထွက်သွားတာပဲဆိုပြီး စိတ်အေးလက်အေးနဲ့ အိပ်ရာထဲ ဝင်အိပ်လိုက်ရာ အိပ်ပျော်သွားတယ်လို့ပဲ ပြောပါတယ်။ ဒါပေမဲ့ ရဲအရာရှိက သူ့မိန်းမနဲ့ပတ်သက်လို့ ဆေးရုံကို ဖုန်းဆက်မေးကြည့်သေးသလားလို့ မေးတော့လည်း ဒဏ်ရာက သိပ်စိုးရိမ်လောက်အောင် မဟုတ်ဘူးထင်ပြီး ဖုန်းမဆက်ဘဲ နေခဲ့တယ်လို့ ပြန်ဖြေပါတယ်။ အဲဒါအပြင် သူ့မိန်းမဟာ ဒဏ်ရာကို ဆေးထည့်ပြီး သူအိပ်မပျော်ခင် ပြန်ရောက်လာမယ်လို့ ထင်မိတဲ့အကြောင်းလည်း ပြောပါတယ်။

'ဒါဖြင့် ရေခဲသေတ္တာအဖုံးမှာ ကျည်ဆံရာကြီး ဖြစ်နေတာကရော ဘယ်လိုလဲ'

အဲဒီကျတော့လည်း အားနက်စ်က ဒီကျည်ဆံရာကို သူပြန်ရောက်လာတဲ့ အချိန်က လုံးဝသတိမထားမိတဲ့အကြောင်း၊ ဒါဟာလည်း အိမ်မှာ သေနတ်တစ်လက် ရှိနေတော့ သူ့မိန်းမဟာ အိမ်နောက်ဖေးက အသံကြားလို့ သူခိုးဝင်နေတယ် ထင်ပြီး သေနတ်ကိုင်သွားရာက မကိုင်တတ်ကိုင်တတ်နဲ့မို့ ကျည်ဆံထွက်သွားပုံရပါတယ်လို့ပဲ ခပ်ပေါ့ပေါ့ ပြန်ပြောပါတယ်။ တစ်ခုခက်နေတာက ဂျူလီယာ အခုလို ဖြစ်ခဲ့တာနဲ့ ပတ်သက်လို့ သူ့ကို မသင်္ကာဖို့



www.burmeseclassic.com

www.burmeseclassic.com



တာလည်း သူဟာ ကလေးသုံးယောက်နဲ့အတူ ဘောလုံးပွဲမှာ တစ်ချိန်လုံး ရှိနေတယ်ဆိုတာ ထင်ရှားနေတော့ ဘယ်လိုမှ စွပ်စွဲလို့ မရအောင် ဖြစ်နေပါတယ်။

ဒါနဲ့ ရဲအရာရှိဟာ ဒီအမှုမှာ လောလောဆယ် ဒါလောက်ပဲ စုံစမ်းနိုင်ဦးမယ်ဆိုပြီး ရဲစခန်းမှာ လိုအပ်တာတွေ ဆောင်ရွက်ဖို့ ပြန်လာခဲ့ပါတယ်။

အဲဒီနောက် မနက်မိုးလင်းတော့ အားနက်စ်ဟာ သူ့ဇနီး ဂျူလီယာ ရှိတဲ့ ဆေးရုံကို သွားကြည့်ပါတယ်။ ဆေးရုံမှာ သူ့ဇနီးနဲ့တွေ့တော့လည်း အားနက်စ်ဟာ ရဲတွေကို အစစ်ခံခဲ့တဲ့အတိုင်းပဲ ပြောပြန်ပါတယ်။ ဒါပေမဲ့ သူ့ဇနီးကလည်း သူ့ယောကျ်ား အားနက်စ်ရဲ့စကားကို လုံးဝမယုံပါဘူး။ ဒီကိစ္စမှာ အားနက်စ်ဟာ သူကိုယ်တိုင် ကာယကံမြောက် ကျူးလွန်တဲ့နေရာမှာ မပါပေမယ့် ဘောလုံးပစ်ပွဲထဲမှာ သူရှိနေတုန်း သူ့အိမ်မှာ သူ့မိန်းမ တစ်ယောက်တည်း ရှိနေတဲ့အချိန် လူဆိုးတွေလွှတ်ပြီး သူ့မိန်းမကို အပျောက် ရှင်းခိုင်းတာ မဖြစ်နိုင်ဘူးလားလို့ တွေးစရာ ရှိနေပါတယ်။ ဒါပေမဲ့ အဲဒါကို အတိအကျခိုင်လုံတဲ့ သက်သေပြဖို့ မလွယ်ဘဲ ဖြစ်နေပါတယ်။

နောက်ပြီးတော့ ဂျူလီယာကို မသေရုံတမယ် နှိပ်စက်သွားတဲ့ လူဆိုးနဲ့ ဆံပင်တိုနံ့နံ့ အမျိုးသမီးဟာ ဘယ်သူဘယ်ဝါလဲဆိုတာ လုံးဝစုံစမ်းလို့ မရဘဲ ဖြစ်နေပါတယ်။ အဲဒါ့အပြင် လူဆိုးနဲ့ အဲဒီအမျိုးသမီးနဲ့ ပြောတဲ့စကားထဲက "ခရစ်ကက်"ဆိုတဲ့ အမျိုးသမီးဟာလည်း ဘယ်သူမှန်း မသိရပါဘူး။ အယ်လ်ပါခိုအပါအဝင် တက္ကဆပ်ပြည်နယ်တစ်ခုလုံးမှာ အဲဒီ "ခရစ်ကက်" ဆိုတဲ့ နာမည်နဲ့ မိန်းမတွေ ကြီးကြီးငယ်ငယ် အတော်များများ ရှိနေကြတော့ ဘယ်မှ ခြေရာခံလို့ မရဘဲ လမ်းစပျောက်နေပါတယ်။

အဲဒီအတောအတွင်း ဆေးရုံမှာ လည်ပင်းကို ကျောက်ပတ်တီးစည်းထားပြီး ခေါင်းမှာလည်း ရိုးရိုးပတ်တီးနဲ့ ဒဏ်ရာတွေ ကုနေရရှာတဲ့ ဂျူလီယာရဲ့ ရင်းနှီးတဲ့ အမျိုးသမီးမိတ်ဆွေတွေက အင်မတန် သဘောကောင်းပြီး





လူချစ်လူခင်ပေါလှတဲ့ ဂျူလီယာကိုမှ ဒီလိုရက်ရက်စက်စက် သေလုမြောပါး လုပ်ရပါ့မလားလို့ မခံမရပ်နိုင်ဖြစ်ပြီး ဒီအမှုကို ရဲအရာရှိတွေနဲ့ အစိုးရ စုံထောက်တွေ ပေါ်အောင် မစုံစမ်းနိုင်ရင် အလွတ်စုံထောက်တစ်ယောက် ကိုငှားပြီး စုံစမ်းခိုင်းမယ်လို့ စီစဉ်ဆုံးဖြတ်ကြပါတယ်။

ဒီလိုနဲ့ အမှုဖြစ်လို့ နောက်တစ်လခွဲ နှစ်လလောက်အကြာမှာ ဒီအမှု ဟာ ကျွန်တော့်ဆီ ရောက်လာတာပါပဲ။

ကျွန်တော်ဟာ ဆေးရုံမှာ ရှိနေတဲ့ ဂျူလီယာနဲ့ ပထမဆုံးသွားပြီး အဖြစ်အပျက်ကို စုံစမ်းမေးမြန်းပါတယ်။ အဲဒီမှာတင် ကျွန်တော် စောစောက ပြောခဲ့တဲ့ ထိုညက ဂျူလီယာ ဘယ်လိုကြုံခဲ့တွေ့ခဲ့ရပြီး ဘယ်လောက် မရှု မလှုခံခဲ့ရတယ်ဆိုတာ အသေးစိတ် အဖြစ်အပျက်တွေကို အစအဆုံး သိခဲ့ရ ပါတယ်။ အဲဒီမှာ ဂျူလီယာက ပြောပါတယ်။ ဒီအမှုမှာ အတွင်းလူ ပါနေ ပုံရတဲ့အတွက် စုံစမ်းရတာ လွယ်မယ်မထင်ဘူးလို့ ပြောပါတယ်။

ဒါပေမဲ့ ကျွန်တော်ဟာ သုံးရက်အတွင်းမှာပဲ ဒီအမှုကို ရုပ်လုံးပေါ် အောင် ဖော်နိုင်ခဲ့ပါတယ်။

တကယ်တော့ ကျွန်တော် လေ့လာစုံစမ်းလို့ ရသလောက် ဂျူလီယာ ဟာ လူတိုင်းနဲ့ ခင်မင်ပြီး သူ့အပေါ်မှာ မလိုလားတဲ့စိတ်နဲ့ ရန်ငြိုးထားမယ့်သူ တစ်ယောက်မှမရှိဘူးဆိုတာ သေချာပါတယ်။ ဒါ့အပြင် အခုလို သူ့အသက် ကို ရန်ရှာရလောက်အောင် သူသေသွားရင် တစ်စုံတစ်ရာ အကျိုးခံစားခွင့် ရနိုင်တဲ့ အသက်အာမခံတို့၊ ဘာတို့လည်း လုံးဝမရှိဘူးလို့ သိရပါတယ်။ အဲဒီတော့ ဂျူလီယာကို သေစေချင်တာဟာ ငွေရေးကြေးရေးပြဿနာ ကြောင့် မဟုတ်ဘူးဆိုရင် သူ့ ယောကျ်ား အားနက်စ်ရဲ့ 'အငယ်အနှောင်း' ပြဿနာပဲ ဖြစ်နိုင်စရာရှိပါတယ်။ အဲဒီအယူအဆကို ထောက်ခံနေတဲ့ အချက် ကတော့ ဂျူလီယာကို ဖမ်းသွားကြတုန်းက လူဆိုးနှစ်ယောက် ပြောကြတဲ့ စကားထဲက "ခရစ်ကက်"ဆိုတဲ့ အမျိုးသမီး နာမည်ပါပဲ။ ဒါပေမဲ့ ဒီပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးမှာ "ခရစ်ကက်"ဆိုတဲ့ နာမည်တွေဟာ ဘယ်လောက် ပေါတယ် ဆိုတာ အခု ကိုယ်တိုင်စုံစမ်းကြည့်မှပဲ သိရပါတယ်။

ဒါနဲ့ နောက်တစ်နည်း ကျွန်တော် ကြိုးစားကြည့်ပါတယ်။ ဒီနေရာမှာ ဂျူလီယာရဲ့ ပြောပြချက်အရ အခင်းဖြစ်ပွားတဲ့ညက သူ့ကို လူဆိုးတွေ ကားနဲ့ တင်ခေါ်သွားရာမှာ ကားနောက်ခန်းက ကြမ်းပေါ်ဝပ်ပြီး လိုက်သွားရလို့ ဘယ်နေရာရောက်မှန်းမသိပေမယ့် "ခရစ်ကက်"ဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ရတဲ့ တိုက်ခန်းတွေနားအထိ ရောက်အောင် မိနစ် ၂၀ လောက် မောင်းရတယ်လို့ ဆိုပါတယ်။

အဲဒီတော့ ကျွန်တော်ဟာ အယ်လ်ပါဆိုမြို့ ပတ်ဝန်းကျင်အနေအထားကို အသေးစိတ် စကေးကြီးကြီးနဲ့ ဖော်ပြထားတဲ့ မြေပုံတစ်ခုကို ရှာခဲ့ပါတယ်။ ပြီးမှ အဲဒီမြေပုံထဲက ဂျူလီယာရဲ့အိမ်ကို ဗဟိုထားပြီး ကားနဲ့ အနည်းဆုံး မိနစ် ၂၀၊ အများဆုံး ၃၀ ကြာအောင် မောင်းရမယ့်နေရာကို အမှတ်အသားနဲ့ စက်ဝိုင်းသုံးခု ဝိုင်းလိုက်ပါတယ်။ ပြီးတော့မှ အဲဒီစက်ဝိုင်း တစ်လျှောက်မှာရှိတဲ့ တိုက်ခန်းတွေကို မှတ်ထားပါတယ်။ နောက်ဆုံး အဲဒီ တိုက်ခန်းတွေမှာ နေကြတဲ့အထဲက "ခရစ်ကက်" ဆိုတဲ့ နာမည်ရှိတဲ့ အမျိုးသမီးတွေကို စာရင်းကောက်လိုက်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဂျူလီယာရဲ့ယောကျ်ား အားနက်စ်ရဲ့ အသွားအလာ အဆက်အသွယ်တွေကို နည်းမျိုးစုံနဲ့ ခြေရာခံကြည့်ပါတယ်။ အဲဒီထဲမှာ အထိရောက်ဆုံးကတော့ တယ်လီဖုန်းအဆက်အသွယ်ပါပဲ။ ကျွန်တော်ဟာ ဂျူလီယာဆီမှာ ရှိနေတဲ့သော့ကို အသုံးပြုပြီး သူတို့အိမ်က တယ်လီဖုန်း စကားပြောတာ ခိုးနားထောင်လို့ရတဲ့ ကိရိယာတစ်ခုကို ကျွန်တော့်လူတစ်ယောက်ရဲ့ အကူအညီနဲ့ အလစ်မှာ တပ်ထားခဲ့ပါတယ်။ အလားတူ ကိရိယာတစ်ခုကို အားနက်စ် အလုပ်လုပ်တဲ့ရုံးခန်းက တယ်လီဖုန်းမှာလည်း တပ်ထားခဲ့ပါတယ်။ မကြာခင် အားနက်စ်ရဲ့ရုံးခန်းမှာရှိတဲ့ တယ်လီဖုန်းက တစ်ဆင့်





အားနက်စ်နဲ့ "ခရစ်ကက်"တို့ စကားပြောတာကို ဖမ်းမိခဲ့ပါတယ်။ တယ်လီဖုန်းအဆက်အသွယ်ကို အကြောင်းပြုပြီး ခြေရာခံကြည့်လိုက်တော့ ခရစ်ကက် နေတဲ့ တိုက်ခန်းဟာ စောစောက ကျွန်တော် မြေပုံထဲမှာ စက်ဝိုင်း ဝိုင်းထားတဲ့နေရာ တစ်နေရာမှာပဲ ရှိနေတာကို ဒက်ထိသွား တွေ့လိုက်ရပါတယ်။

တကယ်တော့ အားနက်စ်နဲ့ တိတ်တိတ်ပုန်းဖြစ်နေတဲ့ "ခရစ်ကက်" ဆိုတာဟာ အမျိုးသမီးရဲ့ နာမည်ရင်း မဟုတ်ပါဘူး။ ရင်းနှီးတဲ့လူတွေက နောက်ပြောင်ခေါ်ကြတဲ့နာမည်ပါ။ သူ့နာမည်ရင်းက "ကဲလာတန်းနား"လို့ ခေါ်ပါတယ်။ သူနေတဲ့ တိုက်ခန်းဟာ အယ်လ်ပါဆိုမြို့ရဲ့ အရှေ့ပိုင်းရပ်ကွက်ထဲမှာ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ဒီအမျိုးသမီးဟာ လူဆိုးတွေ လူမိုက်တွေကို ငွေပေးပြီး ဂျူလီယာကို အပျောက်ရှင်းခိုင်းတယ်ဆိုတာ သေချာနေပါပြီ။

• ကျွန်တော်စုံစမ်းလို့ သိခဲ့ရသမျှ ကျွန်တော်ဟာ ဂျူလီယာကို ပြောပြပါတယ်။ ဒါပေမဲ့ ဂျူလီယာဟာ သိပ်ပြီး အံ့ဩပုံမရပါဘူး။ 'ဒီကိစ္စကို ဘယ်လိုလုပ်ရင် ကောင်းမလဲ'လို့ ကျွန်တော့်ကိုပဲ ပြန်မေးပါတယ်။ ကျွန်တော်ကလည်း အဲဒီအချိန်က အလွတ်စုံထောက်ဖြစ်ခါစဆိုတော့ အမှုတစ်ခုရဲ့ အတိမ်အနက် အကျယ်အဝန်းကို သိပ်ပြီး မတွက်တတ်သေးပါဘူး။ ပြီးတော့ ရဲအဖွဲ့နဲ့ တရားရုံးတွေရဲ့ ရှုပ်ထွေးမြားမြောင်လှတဲ့ ထုံးတမ်းစဉ်လာ လုပ်ထုံးလုပ်နည်း ဥပဒေတွေကိုလည်း သိပ်မကျွမ်းကျင်သေးပါဘူး။ ဒါကြောင့် ဂျူလီယာကို ဒီအမှုနဲ့ ပတ်သက်လို့ ပြတ်ပြတ်သားသားလုပ်မယ်ဆိုရင် "ခရစ်ကက်"ကိုရော၊ သူ့ယောကျ်ား အားနက်စ်ကိုပါ နှစ်ယောက်စလုံးကို တရားစွဲရလိမ့်မယ်လို့ ပြောလိုက်ပါတယ်။ ဒီနေရာမှာ လူဆိုးလူမိုက်တွေငှားပြီး ဂျူလီယာရဲ့အသက်ကို ရန်ရှာခဲ့တဲ့ ခရစ်ကက်ကို အဓိက ပထမ တရားခံထားပြီး အားနက်စ်ကိုတော့ ဒုတိယတရားခံအဖြစ် တရားစွဲရလိမ့်မယ်လို့ အကြံပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာကလည်း သူ့မိတ်ဆွေအမျိုးသမီးတွေရဲ့ တိုက်တွန်းအားပေးမှုကြောင့် ကျွန်တော့်အကြံကို လက်ခံလိုက်ပါတယ်။ ဒါနဲ့ ဒီကိစ္စအတွက် ကျွန်တော် နဲ့ ခင်မင်ရင်းနှီးတဲ့ မြို့နယ် ဒု–လုံခြုံရေးမှူး ဖရင့်မန်းနင်းနဲ့ ပထမဆုံး သွားတွေ့ပါတယ်။ မန်းနင်းကလည်း တက်တက်ကြွကြွ စိတ်ပါလက်ပါနဲ့ အမြန်ဆုံး အရေး ယူပါတယ်။ မန်းနင်းဟာ သူ့လက်အောက်က အဝေးပြေးလမ်း ပတ္တရောင်ရဲမှူး ရေမွန်တက်ကို ချက်ချင်းခေါ်ပြီး ဒီအမှုကို လိုအပ်သလို ဆောင်ရွက်ဖို့ လွှဲလိုက်ပါတယ်။ အဲဒီနောက် ဒုလုံခြုံရေးမှူးနဲ့ ပတ္တရောင်ရဲမှူးတို့ဟာ ဂျူလီယာနဲ့တွေ့ဆုံပြီး ပထမဆုံးအကြိမ် တရားဝင် ထွက်ချက်ယူခဲ့ကြပါတယ်။ တကယ်တော့ ဂျူလီယာဟာ သတ္တိကောင်းသလောက် မှတ်ဉာဏ်လည်း အင်မတန်ကောင်းပါတယ်။ ဒုလုံခြုံရေးမှူးနဲ့ ပတ္တရောင်ရဲမှူးတို့ စစ်ချက်ယူတဲ့အချိန်က ကျွန်တော်လည်း သူတို့နဲ့ အတူ ရှိနေပါတယ်။ အဲဒီမှာ ဂျူလီယာဟာ ဟိုညက ဖြစ်ခဲ့ပျက်ခဲ့သမျှ သူ တွေ့ကြုံ ခံစားခဲ့ရသမျှတွေကို လေးနာရီခွဲလောက်ကြာအောင် အသေးစိတ် ပြောပြခဲ့ပါတယ်။ ဒီလိုပြောပြရာမှာ ခပ်စောစောက ကျွန်တော့်ကို ပြောပြတဲ့အတိုင်း တစ်သဝေမတိမ်း တစ်လုံးမကျန် ထပ်တူထပ်မျှ ပြန်ပြောနိုင်တာ တွေ့ရပါတယ်။

ထုံးတမ်းစဉ်လာအရ ပတ္တရောင်ရဲမှူးဟာ ဂျူလီယာရဲ့ထွက်ချက်ကို ယူပြီး ခရိုင်တရားသူကြီးဆီ အမှုတင်ရပါတယ်။ အဲဒီကျမှ တရားသူကြီးက အမှုကို လက်ခံပြီး “ခရစ်ကက်”ခေါ်“ကဲလာတန်းနား”နဲ့ အားနက်စ်တို့ကို ဖမ်းဖို့ အမိန့်ထုတ်ပေးရပါမယ်။ ဒါပေမဲ့တကယ်လက်တွေ့က ဒီလိုဖြစ်မလာခဲ့ပါဘူး။ ဖြစ်လာခဲ့တာကတော့ ပတ္တရောင်ရဲမှူးက ဂျူလီယာရဲ့ထွက်ချက်ကို ကျွန်တော်ရဲ့ စုံစမ်းထောက်လှမ်းတွေ့ရှိချက် အစီရင်ခံစာနဲ့အတူ တွဲပြီး တရားသူကြီးဆီ တင်လိုက်ရာမှာ တရားသူကြီးရုံးက ဒီထွက်ချက်နဲ့ ဒီအစီရင်ခံစာဟာ အချက်အလက် မပြည့်စုံဘူးလို့ မှတ်ချက်ချပြီး လိုအပ်တဲ့ အချက်





အလက်တွေကို တရားခံအဖြစ်နဲ့ စွပ်စွဲခံထားရတဲ့ ခရစ်ကက်အိမ်ကို သူတို့ကိုယ်တိုင် သွားစုံစမ်းပါတယ်။

အဲဒီမှာတင် အမှုဟာ ရေစုံမြောတော့တာပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဒီအမှုနဲ့ပတ်သက်လို့ အဲဒီလိုလာပြီး စုံစမ်းတဲ့လူတွေလည်း ပြန်သွားရော “ခရစ်ကက်”ဆိုတဲ့ “ကဲလာတန်းနား”ဟာ မိနစ် ၂၀ အတွင်း အဲဒီအိမ်က ခြေရာလက်ရာတွေအားလုံး ဖျောက်ပြီး တစ်ချိုးတည်း လစ်ပြေးတော့တာပါပဲ။

ကျွန်တော်ဟာ ကျွန်တော်ကိုယ်တိုင် ခဲလေသမျှ သဲရေကျဖြစ်ရတာကြောင့်တစ်ကြောင်း၊ ဂျူလီယာအတွက် စိတ်ထဲက မခံချိမခံသာ ဖြစ်ရတာကြောင့်တစ်ကြောင်း၊ ဒီအမှုနဲ့ပတ်သက်လို့ ခရိုင်တရားသူကြီးရုံးက ကိုယ်တွယ်ပုံမမှန်လို့ ခုလိုဖြစ်ရပါတယ်ဆိုပြီး ပြည်နယ်တရားရုံးကို တိုင်စာတစ်စောင် ပို့လိုက်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်တိုင်စာဟာ တိုင်စာသက်သက်ပဲ ဖြစ်ခဲ့ရပြီး ဘယ်သူကမှ ဘယ်လိုမှ နောက်ထပ် အရေးယူတာ မတွေ့ရတော့ပါဘူး။ ဒီလိုနဲ့ လူပါးမဝသေးတဲ့ အလွတ်စုံထောက်ပေါက်စ “ဂျေအားမီး”ဆိုတဲ့ကောင်ဟာ ဒီအမှုမှာ ပွဲဦးထွက် နှပ်ပစ်ခံလိုက်ရတာပါပဲ။

ပိုပြီးဆိုးတာက အဓိကတရားခံဖြစ်တဲ့ “ခရစ်ကက်”ကိုတောင် လက်ပူးလက်ကြပ်မိနေတဲ့အထဲက လွတ်ထွက်သွားခဲ့ရသေးတော့ ဒုတိယ တရားခံ အားနက်စ်ကိုလည်း ဘယ်လိုမှ အရေးမယူနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။ ဒါတင်မဟုတ် သေးပါဘူး။ ခရစ်ကက်နဲ့ အားနက်စ်တို့ကို အရေးမယူနိုင်အောင် ဖြစ်ခဲ့ရသလို ဒီအမှုမှာ ကာယကံမြောက် ပါဝင်ကျူးလွန်ပြီး ဂျူလီယာကို ရက်ရက်စက်စက် သေလုမြောပါးဖြစ်အောင် လည်လိမ်ချိုးခဲ့တဲ့ မျက်နှာဖုံးစွပ်လူဆိုးနဲ့ ဆံပင်တိုနံ့နံ့ အမျိုးသမီးကိုလည်း ဘယ်မြို့ဘယ်ရွာက ဘယ်သူတွေပါဆိုတာ ဒီနေ့အထိ မသိရဘဲ ဖြစ်ခဲ့ပါတယ်။ သူတို့ဘယ်သူဆိုတာ ကျွန်တော်မသိခဲ့ရပေမယ့် သူတို့ကတော့ ကျွန်တော့်ကို ကောင်းကောင်းကြီး သိနေကြမယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ အမှုဖြစ်ပြီး တစ်နှစ်လောက်အကြာမှာ ဂျူလီယာနဲ့ အားနက်စ်တို့လင်မယား ကွာရှင်းပြတ်စဲပြီး ဂျူလီယာဟာ အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်းကို တစ်ခါတည်း အပြီးအပိုင် ပြောင်းသွားခဲ့ပါတယ်။ အဲဒီတော့ ဘယ်သူဘယ်ဝါမှန်း မသိရတဲ့ မျက်နှာဖုံးစွပ်လူဆိုးဟာ ဂျူလီယာကို နောက်ထပ် ရန်မရှာနိုင်တော့ပေမယ့် ဒီအမှုကို အလွတ်စုံထောက်တစ်ယောက်အနေနဲ့ စုံစမ်းထောက်လှမ်းပြီး ရုံးမှာအမှုတင် တရားစွဲနိုင်ဖို့ ကြိုးစားခဲ့တဲ့ ကျွန်တော့်ကို ရန်ရှာမယ်ဆိုရင် အချိန်မရွေး အလွယ်တကူရှာနိုင်ပါတယ်။

အဲ၊ အားလုံး နိဂုံးချုပ်လိုက်တော့ ကျွန်တော်ဟာ အလွတ်စုံထောက်ပေါက်စတစ်ယောက်အနေနဲ့ ဒီအမှုမှာ မအူမလည်ခံခဲ့ရသလို ဒီအမှုကိုအကြောင်းပြုပြီး အမည်မသိ မျက်နှာဖုံးစွပ်လူဆိုးရဲ့ရန်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကျွန်တော့်အတွက်ရော ကျွန်တော့်ဇနီးနဲ့ ကျွန်တော့် သားသမီးတွေအတွက်ပါ "ဘော်ဒီဂတ်"ဆိုတဲ့ သက်တော်စောင့်တွေကို အဲဒီအချိန်ကစပြီး ထားခဲ့ရတာပါပဲ။

■

## လက်ကောက်ဝတ်ထဲက လျို့ဝှက်လက်နက်

ဂျေအားမီးသည် နေ့စဉ်နေ့တိုင်း တစ်နေ့လျှင် တစ်နာရီအချိန်ယူ၍ သေနတ်ပစ်လေ့ကျင့်သူ ဖြစ်သည်။ သေနတ်ပစ်လေ့ကျင့်ရာ၌ သူ့ခန္ဓာကိုယ်နှင့်တိုင်း၍ ချပ်ချပ်ရပ်ရပ် ချုပ်ထားသော အဝတ်အစားများကို ဝတ်ဆင်ကာ မတ်တတ်ရပ်၍ လည်းကောင်း၊ ထိုင်၍ လည်းကောင်း၊ ဒူးထောက်၍ လည်းကောင်း၊ ပြေး၍ လည်းကောင်း၊ ရံဖန်ရံခါ ကြမ်းပြင်ပေါ်၌ ရုတ်တရက် လှဲချ၍ လည်းကောင်း၊ အနေအထားအမျိုးမျိုးဖြင့် ပစ်ခတ်လေ့ကျင့်ခဲ့သည်။ ထိုစဉ်တွင် သူအသုံးပြုသည့် သေနတ်များမှာ ၁သသမ ၃၈ ပစ္စတိုသေနတ်အသေးစားကလေးနှင့် အလွန်ယမ်းအားကောင်းလှသည့် "ဘရောင်နင်" သေနတ်များပင်ဖြစ်သည်။

ထို့ပြင် သူသည် သေနတ်ပစ်လေ့ကျင့်ရာ၌ သူ့ကိုယ်သူ တကယ့်ရန်သူနှင့် ရင်ဆိုင်ကြုံတွေ့နေရသကဲ့သို့ သဘောထားကာ ပစ်ခတ်နေသည်ဖြစ်ရာ အခြား အခြားသော သေနတ်ပစ်လေ့ကျင့်သူများလို ဦးခေါင်းတွင် နားရွက်နှစ်ဖက်ကို ဖုံးအုပ်ထားသည့် "နားချပ်များ"၊ အလင်းရောင်နှင့် နေရောင်များကို ကာကွယ်သည့် "နေကာများ" စသည့် ပစ္စည်းကိရိယာများကို တပ်ဆင်ခြင်းမပြုဘဲ ပစ်ခတ်လေ့ကျင့်ခဲ့သည်။

ဂျေအားမီးသည် သေနတ်ပစ် လက်ဖြောင့်သူတစ်ဦးဖြစ်၍ မည်သည့်သေနတ် အမျိုးအစားကိုမဆို ကျွမ်းကျင်စွာ ပစ်နိုင်သူဖြစ်ရာ သူ၏လက်ထောက် အလွတ်စုံထောက်အဖွဲ့ဝင်များနှင့် သင်တန်းသားများအား သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပုံပစ်နည်းများကို မကြာခဏ သင်ကြားပေးခဲ့သည်။ ကိုယ်ခန္ဓာအနေအထားတစ်မျိုးနှင့် တစ်မျိုးမတူ ကွဲပြားသလို ပစ်ပုံပစ်နည်း ခြားနားသည့်အချက်များကို လက်တွေ့ပြသခဲ့သည်။ အထူးသဖြင့် အလျင်အမြန် ပြေးရင်းလွှားရင်း ပစ်ခတ်နည်းများနှင့် သေနတ်ကို ခါးထိုးထားရာမှ ရုတ်တရက်ဆွဲ၍ လျှပ်တစ်ပြက် ပစ်ပုံပစ်နည်းများကို အထူးလေ့ကျင့်ပေးခဲ့သည်။ ရိုးရိုးသာမန်အားဖြင့် လက်ဖြောင့်အောင် လေ့ကျင့်ရာ၌ ခြေထောက်ကို စုံရပ်ကာ သေနတ်ကို အောက်သို့စိုက်၍ ကိုင်ထားရာမှ တဖြည်းဖြည်း လက်ကို အပေါ်သို့မကာ ဆန့်တန်းလိုက်ပြီး၊ ပစ်ကွင်းနှင့် ချိန်သီးတဖြောင့်တည်း တည့်မတ်သည်နှင့် တစ်ပြိုင်နက် အသက်အောင့်၍ ပစ်သည့်နည်းကို အကြိမ်ပေါင်းများစွာ လေ့ကျင့်သင်ကြားပေးခဲ့သည်။

နောက်တစ်နည်း ရှိသေးသည်။ ထိုနည်းမှာ ပခုံးစလွယ်သိုင်းဖြင့် လက်ဝဲဘက်ပခုံးတွင် လွယ်ထားသော သေနတ်ကို လျှပ်တစ်ပြက် ဆွဲထုတ်၍ ပစ်သည့်နည်းပင် ဖြစ်သည်။ ရံဖန်ရံခါ ရန်သူအဖြစ် သတ်မှတ်ထားသော လူရုပ်ကို ငြိမ်မနေဘဲ လှုပ်ရှားနေစေပြီးမှ ထိုလှုပ်ရှားမှုများအတွင်း ချက်ကောင်းကိုမှန်အောင် လေးငါးချက် အဆက်မပြတ် တရစပ်ပစ်ခတ်ကြရသည်။ ဂျေအားမီးသည် ထိုသို့သော ပစ်နည်းကို လက်တွေ့ပစ်ပြရာ၌ ပစ်မှတ်အရုပ်တွင် ကျည်ဆန်အပေါက်ကလေးများမှာ လက်တစ်ဝါးစာအတွင်း၌သာ ထိမှန်ထားသည်ကို တွေ့ကြရသည်။

ဂျေအားမီ၏ မြေအောက် သေနတ်ပစ်လေ့ကျင့်သည့် တိုက်ခန်းမှာ သူ ကိုယ်တိုင် ပုံစံဒီဇိုင်းရေးဆွဲ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ကွန်ပျူတာများပင် တပ်ဆင်ထားခဲ့သည်။ ပစ်မှတ်အဖြစ် ပြုလုပ်ထားသော လူရုပ်များမှာ ကွန်ပျူတာခလုတ်များကို နှိပ်လိုက်ခြင်းဖြင့် လိုအပ်သလို အမျိုးမျိုး လှုပ်ရှားနေကြပြီး ထိုလှုပ်ရှားမှုများအတိုင်း ပစ်မှတ်ကို ထိအောင် ပစ်ခတ်လေ့ကျင့်ကြရသည်။ လမ်းလျှောက်နေသော သို့မဟုတ် ပြေးနေသော အရုပ်သုံးခုနှင့်





မမျှော်လင့်သည့်နေရာမှ ရုတ်တရက်အလစ်တွင် ပေါ်လာတတ်သော အရုပ်ခြောက်ခု တပ်ဆင်ထားသည်ကို တွေ့ရသည်။

ကွန်ပျူတာဖြင့် လိုအပ်သလို လှုပ်ရှားရန် တပ်ဆင်ထားသည့် အရုပ်များအနက် ပထမ အရုပ်သုံးရုပ်မှာ ရှေ့တည့်တည့်သို့ သွားနေရာမှ ရုတ်တရက် နောက်ပြန်လှည့်လာသူများ၊ ရပ်လိုက် သွားလိုက်လုပ်နေသူများ၊ မျက်နှာချင်းဆိုင် ရပ်နေသူများ၊ ကျောပေးနေသူများ၊ ကိုယ်တစောင်း ပေးနေသူများ စသည်ဖြင့် အနေအထားအမျိုးမျိုးဖြင့် လှုပ်ရှားနေသူများ ဖြစ်ကြသည်။ ကျန်အရုပ်ခြောက်ရုပ်မှာလည်း တစ်ယောက်ချင်းသော်လည်းကောင်း၊ နှစ်ယောက်တွဲသုံးယောက်တွဲသော်လည်းကောင်း၊ ပထမတစ်ယောက် ထိမှန်ရာမှ ရုတ်တရက် ဒုတိယတစ်ယောက် ပေါ်လာပုံမျိုးသော်လည်းကောင်း၊ တစ်ယောက်ပြီးတစ်ယောက် ခုန်ပျံ ကျော်လွှား၍ ထွက်ပြေးသွားကြပုံ စသည်ဖြင့် အမျိုးမျိုး လှုပ်ရှားနိုင်အောင် ကွန်ပျူတာများဖြင့် တပ်ဆင့်ထားခြင်းဖြစ်သည်။

ဤသေနတ်ပစ်လေ့ကျင့်ခန်း၏ အကျယ်အဝန်းမှာ အလျားပေ ၁၀၀ နှင့် အနံ ၄၅ ပေ ရှိသည်။ တစ်ချိန်တည်းတွင် လူသုံးယောက် တစ်ပြိုင်နက်တည်း ပစ်နိုင်သည့် နေရာများထားရှိပြီး ပစ်မှတ်အရုပ်များကို ထိန်းသည့် ခက်ခလုတ်များလည်း တပ်ဆင်ပေးထားသည်။ ထို့ပြင် တံတောင်ဆစ်ကို ထောက်၍ ပုံသေအနေအထားဖြင့် ပစ်နိုင်ရန် ခုံတစ်ခုစီ တပ်ဆင်ပေးထားသည်။

သေနတ်ပစ်လေ့ကျင့်ခန်း၏ လက်ယာဘက်ထောင့်စွန်းတွင်မူ ဤအခန်းကြီးတစ်ခုလုံးမှ ကွန်ပျူတာခလုတ်များကို ထိန်းသည့် လူတစ်ယောက်ရှိနေသည်။ ထိုလူသည် ကွန်ပျူတာခလုတ်များကိုသာမက လျှပ်စစ်မီးခလုတ်များကိုလည်း လိုသလို ထိန်းပေးရသည်။ အထူးသဖြင့် ထိုလျှပ်စစ်မီးခလုတ်များသည် တစ်ခန်းလုံးနေ့ခင်းပမာ ထိန်ထိန်လင်းနေစေရန်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အရိပ်များ ပြောက်တိပြောက်ကျား ထိုးကျနေစေရန်လည်းကောင်း၊ လမ်းမီးတိုင်မှ အလင်းရောင်များ ဖြာကျနေစေရန်လည်းကောင်း၊ ညအချိန် ကြယ်ရောင်ကလေးများဖြင့် ဝိုးတဝါးနေစေရန်လည်းကောင်း၊ ဘာကိုမျှ မသဲကွဲဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေစေရန်လည်းကောင်း၊ အလင်းရောင် များကို လိုသလို ဖန်တီးပေးနိုင်အောင် စီစဉ်တပ်ဆင်ထားသည်။

သေနတ်ပစ်လေ့ကျင့်သူများ၏ အခန်း (၃)ခန်းစလုံးတွင် သံမဏိ တံခါးအရှင်များ တပ်ဆင်ထားသည်။ ထိုသံမဏိတံခါးများသည်လည်း တစ် ဝက်ပွင့်နေသည့် အနေအထားမှအစ သုံးပုံတစ်ပုံခန့် သို့မဟုတ်၊ ဟရုံသာ ဟနေသည့် အနေအထားမျိုးအထိ လိုအပ်သလို ဖွင့်နိုင်ပိတ်နိုင်အောင် တပ် ဆင်ထားသည်။

ဤသေနတ်ပစ်လေ့ကျင့်သည့် အခန်းကြီးကို ကွန်ကရစ်များဖြင့် အခိုင်အမာ ဆောက်လုပ်ထားခြင်းဖြစ်ပြီး နံရံလေးဘက်စလုံးတွင် သုံးလက်မ ခန့် ထူသည့် ဖော့ပြားကြီးများ ကာရံကာ အသံလုံအောင် စီစဉ်ထားသည်။ ပစ်မှတ်ပြုလုပ်ထားသည့် အရုပ်များ၏နောက်တွင်မူ မည်သည့်ကျည်ဆံမျိုးမှ မဖောက်ထွင်းနိုင်သည့် သံမဏိပြားကြီး ကာရံထားသည့်အပြင် ကြမ်းပြင် ပေါ်သို့ ကျလာသည့် ကျည်ဆန်အားလုံးကို တစ်နေရာသို့ သယ်ဆောင်သွား သော ခါးပတ်မြောင်းအရှင်တစ်ခု တပ်ဆင်ထားခဲ့သည်။ ဤသို့ဖြင့် ပစ်ပြီး သား ကျည်ဆန်များမှာ အောက်တွင် ပုံမနေတော့ဘဲ အလိုအလျောက် ရှင်း လင်းပြီး ဖြစ်ခဲ့သည်။

မတော်တဆထိခိုက်မှုများ လုံးဝမဖြစ်စေရဘဲ အန္တရာယ်ကင်းသည် ထက် ကင်းအောင် အထူးစိတ်ချရသည့် မျက်နှာကြက်ကိုလည်း တပ်ဆင် ထားခဲ့သည်။ ဤမျက်နှာကြက်မှာ အတွင်းမှ သစ်သားတစ်ထပ်၊ ဖော့တစ် ထပ်ထည့်၍ အပြင်မှ သံမဏိပြားဖြင့် ဖုံးအုပ်ကာ တပ်ဆင်ထားသည်ဖြစ်ရာ အကယ်၍ ကျည်ဆန်ထည့်နေစဉ် မတော်တဆ မောင်းပြုတ်၍ ကျည်ဆန် ထွက်သွားပါက မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထိခိုက်ဒဏ်ရာ ရနိုင်ဖွယ်





ရာမရှိဟု သိရသည်။ ထိုမှတစ်ပါး သေနတ်ပစ်ရာမှ ထွက်လာသော ယမ်းခိုး ယမ်းငွေ့များကို အလွန်အကျူး အဆက်မပြတ် ရှူမိရှိုက်မိပါက အန္တရာယ် ဖြစ်နိုင်သည့်အတွက် ဤသေနတ်ပစ်လေ့ကျင့်ခန်းထဲမှ ယမ်းခိုးယမ်းငွေ့များ ကို အမြဲတမ်း မှုတ်ထုတ်ရန် လေမှုတ်စက်များလည်း တပ်ဆင်ထားလိုက် သေးသည်။

အားလုံးခြုံကြည့်လိုက်မည်ဆိုပါက ဂျေအားမီး၏ မြေအောက် သေနတ်ပစ်လေ့ကျင့်ခန်း အဆောက်အအုံသည် သေနတ်ပစ်လေ့ကျင့်သူများ အတွက် လုံးဝအန္တရာယ်မရှိအောင် စီစဉ်ထားသည့်အပြင် သေနတ်ပစ်လေ့ ကျင့်ရာ၌ အကျွမ်း ကျင်ဆုံးဖြစ်အောင် လိုအပ်သမျှ ကိရိယာတန်ဆာပလာ ပစ္စည်းများ အပြည့်အစုံ တပ်ဆင်ထားသည်ဖြစ်ရာ ကမ္ဘာကျော် စကော့ တလန်ယာ့ဒ်နှင့် အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီးများမှ သေနတ်ပစ် လေ့ကျင့်ခန်းများထက် အဆပေါင်းများစွာ ခေတ်မီနေသည်ဟုပင် ဆိုနိုင် သည်။

ဤသို့ အဘက်ဘက်မှ ပြည့်စုံနေသော သေနတ်ပစ်လေ့ကျင့်ခန်းတွင် နေ့စဉ် တစ်နေ့လျှင် တစ်နာရီကျ အမြဲမပြတ် လပေါင်းနှစ်ပေါင်းများစွာ လေ့ကျင့်လာခဲ့သော အလွတ်စုံထောက် ဂျေအားမီးသည် လက်နှစ်ဖက်ပြတ် နေပါလျက် ယှဉ်နိုင်စရာမရှိလောက်အောင် သေနတ်ပစ် ကျွမ်းကျင် ဖျတ်လတ် သူတစ်ယောက် ဖြစ်လာခဲ့သည်။ သို့ဖြစ်၍လည်း ၁၉ ရာစုနှစ်အတွင်း ၁၈၉၅ ခု ဩဂုတ်လ ၁၅ ရက်နေ့ညက ဤအယ်လ်ပါဆိုမြို့တွင် အက္ကမီပျော်ပွဲစားရုံ အတွင်း နာမည်ကျော် လူဆိုးကြီး ဂျွန်ဝက်စလေအား သေနတ်နှစ်လက်ကိုင်၍ နှိမ်နင်းကာ အပြတ်ရှင်းခဲ့သော လုံခြုံရေးမှူး ဂျွန်ဆဲလ်မင်း ကျော်ကြားခဲ့ သည့်နည်းတူ ယခု ဂျေအားမီးမှာလည်း ၂၀ ရာစုနှစ်များတွင် "လက်နှစ်ဖက် ပြတ် အလွတ်စုံထောက်" သေနတ်သမားအဖြစ် ထင်ရှားနေခဲ့ခြင်း ဖြစ်သည်။

'တကယ်တော့ လူတစ်ယောက်ဟာ သေနတ်ကို ဆွဲထုတ်လိုက်ပြီးတဲ့ နောက် သူ့အတွက် အရေးအကြီးဆုံး အချက်တစ်ချက်ပဲ ရှိပါတယ်။ အဲဒါက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဆိုတော့ ပစ်မှတ်ကို မလွဲအောင် တည့်တည့်ကြီး ပစ်နိုင်ဖို့ပါပဲ'။ ဂျေအားမီး၏ သေနတ်နှင့် ပတ်သက်သည့်မူဝါဒပင် ဖြစ်သည်။ 'ကျွန်တော်ဟာ ပစ်ကွင်းအမှတ် ၇၅ ကို ပစ်တော့မယ် ဆိုပါတော့၊ တစ်ချက်မလွဲစေရဘူး။ စိတ်ချ၊ ဘယ်လက်နဲ့ပစ်ပစ်၊ ညာလက်နဲ့ပစ်ပစ်၊ ထိုင်နေရင်းပဲပစ်ပစ်၊ မတ်တတ်ရပ်ပြီး ပစ်ပစ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ဗျာ၊ ဦးခေါင်းဖောက်ထိုးနဲ့ အုန်းပင်စိုက်ပြီးတော့ပဲ ပစ်ရမလား ပစ်မလွဲပါပဲ။ ကျွန်တော်ဟာ အမှုတစ်ခုကို စုံစမ်းထောက်လှမ်းရာမှာ 'ဒက်ထိ' သေချာပေါက် အာမခံချက်နဲ့ အလုပ်လုပ်သလို သေနတ်ပစ်ရာမှာလည်း ပစ်မှတ်ကို တန်းခနဲ ထိအောင်မှန်အောင် ပစ်နိုင်ပါတယ်' ဤသို့လျှင် ဂျေအားမီးက သူ့လုပ်ရည်ကိုင်ရည်နှင့် ကျွမ်းကျင်လိမ္မာမှုကို ရိုးသားပွင့်လင်းစွာ ဖွင့်ဟပြောကြားခဲ့သည်။

သေနတ်ပစ်လေ့ကျင့်ရာ၌ ဂျေအားမီးသည် ရံဖန်ရံခါ သေနတ်အမျိုးအစား တစ်ဒါဇင်ခန့်ကို အသုံးပြုလေ့ ရှိသည်။ လက်ချောင်းဆယ်ချောင်းစလုံး မရှိတော့ဘဲ သံချိတ်ကြီးနှစ်ခု တပ်ထားရသော်လည်း သူသည် သေနတ်ကျည်ဆန်များထည့်ရာ၌ ခက်ခဲတုန့်နှေးမှု လုံးဝမရှိစေရဘဲ စနစ်တကျပင် တစ်တောင့်ပြီးတစ်တောင့် ထည့်နိုင် ထုတ်နိုင်ခဲ့သည်။ လက်အတုတပ်ထားသည့် သံချိတ်ကြီးများဖြင့် သေနတ်ကိုညှပ်၍ ကိုင်ပစ်ရာတွင်လည်း တုန်တုန်ယင်ယင် လှုပ်ခြင်းခါခြင်း လုံးဝမရှိဘဲ လူကောင်းပကတိများနှင့်မခြား တည်တည်ငြိမ်ငြိမ်ဖြင့် ချိန်သားကိုက်အောင် ပစ်နိုင်စွမ်းရှိခဲ့သည်။ နောက်တစ်ခု သူ့အတွက် လက်နှစ်ဖက်စလုံး ရှိနေကြသည့် လူကောင်းများထက်ပို၍ အခွင့်အလမ်းသာသည့် အချက်တစ်ချက် ရှိနေခဲ့သည်။ ၎င်းမှာ အခြားမဟုတ် 'လက်များသည် ဘယ်တော့မှ ချွေးမထွက်ခြင်းပေတည်း'။ သို့ဖြစ်၍လည်း သူသည် မည်သည့် ရာသီဥတုမျိုးတွင်မဆို သေနတ်အချက်ပေါင်း မည်မျှပင် ပစ်ခဲ့ရသည်ဖြစ်စေ၊ သူ့လက်များမှာ ချွေးထွက်ပြီး ပစ်မှတ်ကို အလွဲလွဲအချော်ချော်ဖြစ်ခြင်း လုံးဝမရှိ'ဟု သိရသည်။





ဤလက်နှစ်ဖက်ပြတ် အလွတ်စုံထောက် ဂျေအားမီးအား သူ၏ သေနတ်ပစ်လေ့ကျင့်ခန်းသို့ သွားရောက် ကြည့်ရှုလေ့လာမည်ဆိုပါက ဤသို့ တွေ့ကြရမည် ဖြစ်သည်။

ရှေးဦးစွာ သူသည် သေနတ်ပစ်သမားများ၏ အခန်းထဲမှနေ၍ ပစ်မှတ်အရုပ်များကို ကျော့ပေးနေလိုက်သည်။ သူ့ခါးတွင် ပခုံးစလွယ်သိုင်း ပစ္စတို သေနတ်တစ်လက် အဆင်သင့် ရှိနေသည်။ ကွန်ပျူတာခလုတ်များလည်း အသင့်ဖြစ်နေကြသည်။ တစ်ခဏချင်းမှာပင် ခေါင်းလောင်းသံတစ်ခု စူးရှစွာ ထွက်ပေါ်လာပြီး တစ်ဆက်တည်းမှာပင် လူတစ်ရပ်ခန့် ရှိသည့် ပစ်မှတ်အရုပ်တစ်ရုပ်သည် ပစ်ကွင်းတစ်နေရာတွင် ဖြုတ်ခနဲ ပေါ်လာသည်။ ကျောခိုင်းနေသော ဂျေအားမီးသည် ဒီဂရီ ၁၈၀ ပြည့်အောင် တစ်ပတ်လှည့်လိုက်ပြီး 'ဒိုင်း'ခနဲ ပစ်ချလိုက်သည်။ အရှိန်ဖြင့် ရွေ့လျားနေသော အရုပ်၏ ရင်ပတ်တွင် အပေါက်တစ်ပေါက် ပေါ်လာပြီး လဲကျပျောက်ကွယ်သွားသည်။ သူသည် နောက်သို့တစ်ဖန် ပြန်လှည့်လိုက်သည်။ နောက်တစ်ကြိမ် ခေါင်းလောင်းသံတစ်ခု စူးစူးဝါးဝါး ထွက်ပေါ်လာပြန်ပြီး အရုပ်တစ်ရုပ် ပေါ်လာပြန်သည်။ သည်တစ်ကြိမ် ပေါ်လာသောအရုပ်မှာ အခြား တစ်ဘက်မှ အခြားပုံစံတစ်မျိုးဖြင့် ပေါ်လာခြင်းဖြစ်သည်။ သို့သော် စက္ကန့်ပိုင်းအတွင်း ဗျတ်ခနဲလှည့်၍ ဒိုင်းခနဲပစ်လိုက်သော ဂျေအားမီး၏ သေနတ်သံမဆုံးမီ အခြားတစ်ဘက်မှ ခပ်သုတ်သုတ် လျှောက်လာနေသော ထိုအရုပ်မှာ အပေါက်တစ်ပေါက်နှင့်အတူ လဲကျ ပျောက်ကွယ်သွားပြန်သည်။

ဤသို့ဖြင့် ဂျေအားမီးသည် ပုံစံအမျိုးမျိုး၊ နေရာအမျိုးမျိုးတို့မှ ပေါ်လာသော အရုပ်များကို တစ်ရုပ်ပြီး တစ်ရုပ်၊ တစ်ချက်ပြီးတစ်ချက် အဆက်မပြတ် ပစ်ခတ်နေခဲ့သည်။ သတ်မှတ်ထားသည့်အချိန် ပြည့်သွားသောအခါတွင်မှ လေ့ကျင့်မှုကို ရပ်လိုက်ပြီး အရုပ်များတွင် ရရှိသွားခဲ့သော ဒဏ်ရာအပေါက်များကို ကျေနပ်ဖွယ်ရှိ မရှိ၊ ချက်ကောင်းမှန်မမှန် ပြန်၍ စစ်ဆေးကြည့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကား လက်နှစ်ဖက်ပြတ် အလွတ်စုံထောက် ဂျေအားမီး၏ သေနတ်ကို အသုံးပြုပုံ ပြုနည်းများပင်တည်း။

***

ဒါပေမဲ့ သေနတ်ကိုအသုံးပြုတဲ့နေရာမှာ အရေးအကြီးဆုံးထားရမယ့် သဘောထားက သေနတ်ဟာ တူရွင်းပေါက်ပြားတို့၊ ပေါက်ချွန်းတို့ဆိုတဲ့ ပစ္စည်းတွေလို လက်နက်ကိရိယာတစ်ခုပဲဆိုတာ နားလည်သဘောပေါက်ထားဖို့ လိုပါတယ်။ ဒီပစ္စည်းတွေကို ဘယ်လိုအသုံးချရမယ်ဆိုတာ နားလည်ကျွမ်းကျင်ထားတဲ့ လူတစ်ယောက်ရဲ့ လက်ထဲထည့်ပေးလိုက်မယ်ဆိုရင် သူ့ဟာနဲ့သူ အံ့ဝင်ခွင်ကျ အသုံးတည့်သွားတာပါပဲ။ ဘယ်လိုအသုံးချရမှန်းမသိတဲ့ လူတွေရဲ့လက်ထဲ ဒီပစ္စည်းတွေရောက်သွားရင်တော့ ကိုရိုးကားရားနဲ့ ကမောက်ကမဖြစ်ကုန်မှာ သေချာပါတယ်။ သေနတ်ဆိုတဲ့ လက်နက်ကိရိယာဟာလည်း ဒီသဘောပါပဲ။

ဒီနေရာမှာ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ သေနတ်ကို ကိုင်ရုံသာ ကိုင်ထားပြီး ဦးနှောက်ကို အသုံးပြုတတ်တဲ့လူကို ကျွန်တော်ပိုပြီး ချီးကျူးမိပါတယ်။ တကယ့် တကယ်အားဖြင့် ကျဉ်းထဲကျပ်ထဲကို ရောက်ပြီး ချောင်ပိတ်မိနေတဲ့အခါမျိုးမှာ သေနတ်ကို အသုံးပြုတာထက် ဦးနှောက်ကို အသုံးပြုတာက ပိုပြီး ထိရောက်နိုင်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော့်ကိုယ်တွေ့တစ်ခုကို ပြောချင်ပါသေးတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ နယူးယောက်ကို အမှုကိစ္စတစ်ခုနဲ့ ရောက်နေပါတယ်။ တစ်နေ့တော့ အပြင်ကိစ္စပြီးလို့ ကျွန်တော်တည်းတဲ့ ပလာဇာဟိုတယ်ကို ပြန်ရောက်တော့ ကျွန်တော်မရှိတုန်းမှာ လူတစ်ယောက်က တယ်လီဖုန်းဆက်တယ်လို့ ဟိုတယ်စောင့်က ပြောပါတယ်။ ဆက်တဲ့ လူရဲ့နာမည်က သောမတ်ပောင်းဝဲ့ဖြစ်ပြီး၊ သူ့ဆီကို ပြန်ဆက်ဖို့ ဖုန်းနံပါတ်





တစ်ခုလည်း ပေးထားပါတယ်။ ရောက်ရောက်ချင်း ပြန်ဆက်ပါလို့လည်း မှာပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဒီ "သော့မတ်ပောင်းဝဲ့" ဆိုတဲ့လူကို မသိပါဘူး။ ဒီနာမည်လည်း မကြားဖူးပါဘူး။

ဘာပဲဖြစ်ဖြစ်၊ အရေးကြီးတဲ့ အလုပ်ကိစ္စတစ်ခု ရှိလို့ပဲဆိုပြီး သူပေးထားတဲ့ နံပါတ်အတိုင်း ချက်ချင်း ပြန်ဆက်လိုက်ပါတယ်။ သောမတ်ပောင်းဝဲ့ဆိုတဲ့လူနဲ့ တန်းတွေ့တော့တာပါပဲ။ သူက 'အခု စကားပြောနေတာ သောမတ်ပောင်းဝဲ့ပဲ၊ ဒါထက် ခင်ဗျားအနေနဲ့ မကြာခင်က "လာဂါဒီယာ" သတင်းစာတိုက်ကို ဗုံးဖောက်ခွဲသွားတဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာ မသိချင်ဘူးလား' လို့ ဖြုန်းစားကြီး မေးလိုက်ပါတယ်။ ကျွန်တော်လည်း ရုတ်တရက် ကြောင်သွားပြီးမှ 'ဟုတ်ကဲ့ သိချင်ပါတယ်' လို့ ပြောလိုက်တော့ 'ဒါဖြင့် အဲဒီလူဟာ ဘယ်သူဆိုတာ ကျုပ် သတင်းပေးမယ်။ ဒါပေမဲ့ အဲဒီအတွက် ခင်ဗျား ကျုပ်ကို ဒေါ်လာ ၅၀၀ ပေးရမယ်' လို့ ပြောလာပါတယ်။ အဲဒီတော့ ကျွန်တော်က 'ခင်ဗျားပေးမယ့် သတင်းဟာ ဘယ်လောက် တိကျမှန်ကန်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပထမဆုံး လေ့လာဦးမှ ဖြစ်မှာပေါ့' ဆိုတော့ သူက 'ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျား ကျွန်တော်နဲ့ အမြန်ဆုံး လာတွေ့ပါ။ ကျွန်တော် အနောက်ပိုင်း ၄၄ လမ်းထောင့်က ဟိုတယ်အခန်း ၁၀၀၈မှာ ရှိနေပါတယ်' လို့ ပြန်ပြောပါတယ်။

ဒါနဲ့ နောက်နာရီဝက်အတွင်း ကျွန်တော်နဲ့ သူနဲ့ တွေ့ကြဖို့ ချိန်းလိုက်ကြပါတယ်။ တယ်လီဖုန်းလည်းချပြီးရော ကျွန်တော်လည်း ကမန်းကတန်း မုတ်ဆိတ်ရိတ်၊ ရေချိုး၊ အဝတ်အစားလဲပြီး အငှားကားတစ်စီးနဲ့ ထွက်လာခဲ့ပါတယ်။

သူပြောတဲ့ ၄၄ လမ်းထိပ်က ဟိုတယ်ရောက်တော့ အခန်းနံပါတ် ၁၀၀၈ရှိတဲ့ ဆယ်ထပ်ကို တက်သွားပါတယ်။ ရှစ်မြောင့်ချိုးထားတဲ့ စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ပြီး အခန်း ၁၀၀၈ ရှေ့ရောက်တော့ တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



အသာခေါက်လိုက်ပါတယ်။ 'ဝင်ခဲ့ပါ'ဆိုတဲ့ အခန်းထဲက လူတစ်ယောက် အသံကို ကြားလိုက်ရပြီး တံခါးပွင့်သွားတဲ့အတွက် ကျွန်တော်လည်း အထဲဝင် လာခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်ဟာ အခန်းထဲကို ခြေတစ်လှမ်းပဲ လှမ်းလိုက်ရပြီး ရှေ့ဆက်မလှမ်းနိုင်တော့ဘဲ တုန့်ခနဲ ရပ်လိုက်ရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်ရှေ့က "ရှုဂါဆူပါ"ဆိုတဲ့ ပစ္စတိုသေနတ်ပြောင်းဝဟာ ကျွန်တော့် ရင်ဘတ်ကို တည့်တည့်ကြီး လာပြီး ထောက်နေလို့ပါပဲ။

ကျွန်တော်လည်း ပထမတော့ ရုတ်တရက် ထိတ်ခနဲဖြစ်သွားမိပါ တယ်။ အထူးသဖြင့် ကျွန်တော့်ရင်ဘတ်ကို တည့်တည့်ကြီး ချိန်ထားတဲ့ "ရှုဂါဆူပါ"ဆိုတဲ့ သေနတ်ဟာ ရိုးရိုးသာမန်သေနတ်မျိုး မဟုတ်ပါဘူး။ ဟိုတုန်းက နယ်ခြားဒေသမှာ အင်မတန်ဆိုးသွမ်းရက်စက်တဲ့ တောပုန်းဓားပြ ကြီးတွေ ကိုင်ခဲ့တဲ့ သေနတ်ကြီးမျိုးပါ။ ဒီသေနတ်ကို "သိန်းနက်"လို့လည်း ခေါ်ကြပါတယ်။ ကမ္ဘာပေါ်မှာ ယမ်းအား အပြင်းဆုံး လက်နက်ကိုင်သေနတ် ပါပဲ။ ဒီ "ရှုဂါဆူပါ သိန်းနက်" သေနတ်ဟာ ဟိုတုန်းက မီးရထားတွေကို ဓားပြတိုက်တဲ့ နေရာမျိုးမှာ အသုံးများခဲ့တယ်လို့ ကျွန်တော့်မိတ်ဆွေတစ် ယောက် ပြောဖူးပါတယ်။ ဒီသေနတ်မျိုးနဲ့ မီးရထားစက်ခေါင်းကို တစ်ချက် ပစ်လိုက်ရုံနဲ့ ရထားတစ်စီးလုံး ရပ်သွားလောက်အောင် ယမ်းအားပြင်းထန် တယ်လို့ သိခဲ့ရပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ လုံးဝမလှုပ်ရဲဘဲ သေနတ်ကိုင်ထားတဲ့လူကို ကြည့်လိုက်မိပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်သူ့ကို လုံးဝမသိပါဘူး။ တစ်ခါမှလည်း မမြင်ဖူးပါဘူး။ သူ့မုတ်ဆိတ်မွေးနဲ့ ပါးသိုင်းမွေးတွေဟာ သုံးရက်လောက် မရိတ်ဘဲ ထားခဲ့ပုံရပါတယ်။ မျက်ထောက်နီနီနဲ့ မျက်နှာ ပေါက်ကလည်း ခပ်ဆိုးဆိုးပါပဲ။ သူ့အရပ်အမောင်းဟာ သိပ်မြင့်မြင့်မား မားကြီး မဟုတ်ပေမယ့် ၅ပေ ၇ လက်မ၊ ၈ လက်မလောက်တော့ ရှိပုံရ





ပါတယ်။ ကိုယ်အလေးချိန်ကတော့ ပေါင် ၁၅၀ လောက် ရှိပါလိမ့်မယ်။ အခန်းထဲမှာ ခြင်းတစ်ခုနဲ့ထည့်ထားတဲ့ အရက်ပုလင်းနှစ်လုံး သုံးလုံးကိုလည်း လှစ်ခနဲ ကျွန်တော်မြင်လိုက်ပါတယ်။ သူ့မျက်လုံးကြီးတွေ နီရဲနေပုံ ထောက် တော့ သောက်ထားပုံရပါတယ်။ ဟုတ်ပါတယ်။ အရက်နံ့ကလည်း ထောင်း နေတာပါပဲ။ တစ်ခန်းလုံးလည်း ကြမ်းပြင်ပေါ်မှာ စီးကရက်အတိုအစတွေ ပြာတွေနဲ့ ရှုပ်ပွပေရေနေတာပါပဲ။

'တံခါးနားကို ကပ်လိုက်စမ်း'

ကျွန်တော်လည်း သူ့အမိန့်ပေးတဲ့အတိုင်း တံခါးရွက်ကို ကျောပေး ပြီး ကပ်လိုက်ရပါတယ်။ မကပ်လည်း မဖြစ်ဘူး။ ရောမသေနတ်ကြီးကို အာခံပြီး ကလန်ကဆန်လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ တစ်ခါတည်း ဓိဝိန်ပြွတ် သွားမှာပေါ့။

'ဂျေအားမီးဆိုတာ မင်းမဟုတ်လား'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါတယ်။

'ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ'

သူ့ပါးစပ်ပြဲသွားပြီး ပြုံးဖြီးဖြီးကြီး ဖြစ်သွားပါတယ်။ သူထင်တဲ့ အတိုင်း ဟုတ်နေလို့ သဘောအကျကြီး ကျသွားတဲ့ပုံပါပဲ။

'မင်းနဲ့တွေ့ချင်နေတာ ကြာပြီကွ။ ဒီအခွင့်အရေးကို ရဖို့ ငါစောင့် လာခဲ့ရတာ အတော်ကြာပြီ'

သူက ဆက်ပြောလိုက်ပြန်ပါတယ်။

'မင်းကို တွေ့တဲ့နေ့၊ တွေ့တဲ့နေရာမှာ သတ်ဖို့ ငါဆုံးဖြတ်ထားပြီး သား။ ငါလိုချင်တာဒါပဲ၊တခြားဘာမှမလိုချင်ဘူး။ ကြားလား ကမြင်းမသား'

ဒီနေရာမှာ ကျွန်တော် တစ်ခုပြောချင်ပါတယ်။ လူတစ်ယောက် ဟာ အခု ကျွန်တော်ကြုံတွေ့နေရတဲ့ အခြေအနေမျိုး၊ ကျွန်တော် ရင်ဆိုင်နေ ရတဲ့အဖြစ်မျိုးနဲ့ ကြုံရ တွေ့ရ ရင်ဆိုင်ရမယ်ဆိုရင်၊ အဲဒီလူရဲ့စိတ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စက္ကန့်အတွင်းမှာ မိုင်ပေါင်းရာထောင်မကတဲ့ အမြန်နှုန်းနဲ့ အပြေးအလွှား လှုပ်ရှားနေပါလိမ့်မယ်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပဲ ဖဲထုတ်တစ်ထုပ်ကို ကုလားဖန်ထိုးသလို စိတ်ထဲက အကြံအစည်တွေဟာ တစ်မျိုးပြီး တစ်မျိုး၊ တစ်ခုပြီးတစ်ခု ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာပါလိမ့်မယ်။

အခု ကျွန်တော့်အဖြစ်ကလည်း ဒီလိုပါပဲ။ ရောမသေနတ်ကြီးနဲ့ ရင်ဘတ်ကို တည့်တည့်ကြီး အချိန်ခံထားရတဲ့ အချိန်ကလေးမှာပဲ ငါဘာလုပ်ရမလဲ၊ ဘာလုပ်လို့ဖြစ်မလဲဆိုပြီး လစ်ရင် လစ်သလို တစ်ခုခုလုပ်ဖို့ ချက်ကောင်းကို ချောင်းရင်း အမျိုးမျိုး အကြံထုတ်နေမိပါတယ်။

အခုကျွန်တော်ရောက်နေတဲ့ အခန်းဟာ လေးထောင့်စပ်စပ်ပါ။ ကျွန်တော့်ယာဘက်မှာ ရုပ်မြင်သံကြားစက်တစ်လုံး ရှိပါတယ်။ ဝဲဘက်မှာတော့ ဆိုဖာတစ်ခု ရှိနေပါတယ်။ အဲဒီဆိုဖာရဲ့ ဟိုဘက်ကပ်လျက်မှာ စားပွဲတစ်လုံးနဲ့ စားပွဲတင် မီးတိုင်တစ်တိုင်ရှိနေပြီး အခန်းထောင့်မှာတော့ ပက်လက်ကုလားထိုင်တစ်လုံး ရှိပါတယ်။ တစ်ခါ အဲဒီပက်လက်ကုလားထိုင်ရဲ့ရှေ့ သေနတ်ကိုင်ထားတဲ့လူရဲ့ နောက်ဘက်မှာ ကော်ဖီပန်းကန်တင်တဲ့ စားပွဲအပုကလေးတစ်လုံးကို တွေ့နေရပါတယ်။ ခပ်လှမ်းလှမ်းက အခန်းနံရံမှာလည်း ဆိုဖာတစ်လုံး ရှိနေပြီး အဲဒီဆိုဖာဘေးမှာ အတွင်းဘက်က အခန်းထဲကိုဝင်တဲ့ တံခါးပေါက်တစ်ခု ပွင့်လျက်သား ရှိနေတာ တွေ့ရပါတယ်။

ဒါတွေဒါတွေဟာ စက္ကန့်ပိုင်းအတွင်း မျက်စိတစ်မှိတ် မျက်တောင်တစ်ခတ်အတွင်း ကျွန်တော် ကြည့်လိုက် မြင်လိုက် တွေ့လိုက်ရတာတွေပါပဲ။

'ကျွန်တော် တစ်ခုပြောပါရစေ'

ကျွန်တော်က စကားစလိုက်ပါတယ်။ တစ်ချိန်တည်းမှာ သူ့လက်ထဲက သေနတ်မောင်းခလုတ်ကိုလည်း ဂရုစိုက်ပြီး ကြည့်နေရပါသေးတယ်။ ပြီးမှ ဆက်ပြောလိုက်ပါတယ်။

'ခင်ဗျား ကျွန်တော့်ကို သတ်တာကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ဘာကြောင့် သတ်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ သိပါရစေ'





'ငါ ဘယ်သူဆိုတာ မင်း မသိသေးဘူးလား... ဟုတ်လား'

'ဟုတ်ကဲ့၊ မသိပါဘူးခင်ဗျာ၊ စဉ်းစားလို့လည်း မရပါဘူး'

တကယ်ပါ။ သူ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်လုံးဝ မသိပါဘူး။ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်။ တကယ်လို့ သူ့ကို ကျွန်တော် သိနေတယ်ဆိုရင်လည်း ကျွန်တော်ဟာ ဒီလိုပဲ တစ်နည်းနည်းနဲ့ အကြောင်းမရှိ အကြောင်းရှာပြီး စကားပြောနေမှာပါပဲ။ အချိန်ဆွဲထားတဲ့ သဘောပဲဆိုပါတော့။ ဒါပေမဲ့ ဒီလိုအချိန်ဆွဲပြီး စကားပြောနေရင်းက သူ့လက်ထဲက သေနတ်မောင်းကိုတော့ မျက်ခြည်ပြတ်မခံရဲပါဘူး။ တကယ်လို့ ခလုတ်ကို ကိုင်ထားတဲ့ သူ့လက်ညှိုး နည်းနည်းကလေး လှုပ်တာ မမြင်လိုက်နဲ့၊ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် နောက်မှ ဖြစ်ချင်ရာဖြစ် လောလောဆယ် တစ်ခုခုတော့ ကျွန်တော်လုပ်မယ်လို့ စိတ်ပိုင်းဖြတ်ထားပြီးသားပါ။

'ငါဟာ မင်းကြောင့် ငါ့မိသားစုနဲ့ ကွဲခဲ့ရတယ်ကွ၊ သိလား'

သူက ကြောက်စရာ ကျားဟိန်းတဲ့အသံမျိုးနဲ့ အော်ပြောလိုက်ပါတယ်။

'ငါ့မိန်းမနဲ့ရော၊ ငါ့ကလေးတွေနဲ့ရော အားလုံးနဲ့ ရှင်ကွဲ ကွဲခဲ့ရတယ်။ ဒါ မင့်လက်ချက်၊ မင့်လက်ရာ၊ ဒါ့ကြောင့် ငါ မင်းကို သတ်ချင်တာ'

'ဒါပေမဲ့ ကျွန်တော်ဆိုတဲ့အကောင်ဟာ ခင်ဗျားကို သိတောင် မသိပါဘူး။ ဒီလိုမသိဘဲနဲ့ ခင်ဗျားကို ကျွန်တော်က ဘယ်လို ဘယ်လိုလုပ်ပြီး ဒီဘဝမျိုးရောက်အောင် လုပ်လို့ဖြစ်မှာလဲဗျာ'

ကျွန်တော်ဟာ ပြောရင်းက သေနတ်ခလုတ်ကိုင်ထားတဲ့ သူ့လက်ညှိုးကို ကြည့်နေရပါတယ်။

အခုအထိတော့ အခြေအနေ မဆိုးသေးပါဘူး။ သူ့ကို အချိန်ဆွဲနိုင်သမျှ ဆွဲပြီး စကားပြောနိုင်လေလေ၊ ကျွန်တော့်အတွက် တစ်ခုခုလုပ်ဖို့ အခွင့်အလမ်း သာလေလေ ဖြစ်လာမှာပါပဲ။

'မင်း ငါ့အကြောင်း မဟုတ်တာတွေ ရုံးမှာ ထွက်ခဲ့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူက ကျားဟိန်းသလို ထပ်ဟိန်းလိုက်ပြန်ပါတယ်။

'အဲဒီတုန်းက မင်း ထွက်ချက်ကြောင့် ငါ့မိန်းမက ငါ့ကို ကွာရှင်းခွင့် ရသွားတယ်ကွ၊ ဟိုလွန်ခဲ့တဲ့ တစ်နှစ်လောက်ကလေ'

ကျွန်တော်ဟာ ကျွန်တော့်ရုံးခန်းမှာ ရှိနေတဲ့ အမှုဖိုင်တွဲတွေထဲက လင်မယားကွာရှင်းမှုအတွက် ကျွန်တော်လိုက်ခဲ့ဖူးတဲ့အမှုတွေနဲ့ လူနာမည်တွေကို တစ်ခုချင်း ခေါင်းထဲသွင်းပြီး အပြေးအလွှား စဉ်းစားလိုက်မိပါတယ်။ အက္ခရာစဉ်အတိုင်း အေ၊ ဘီ၊ စီ ဟာ...ဟုတ်တာပေါ့။ ကျွန်တော်စဉ်းစားလို့ ရပြီ၊ မှတ်မိပြီ။ သူ့နာမည် ရောဘတ်ကွန်နယ်လီပဲ။ ဟုတ်တာပေါ့၊ အဲဒီတုန်းက လင်မယားကွာရှင်းမှုအတွက် ကျွန်တော့်ကို ငှားတာက သူ့မိန်းမပဲ။ ဒါ့ကြောင့် ရုတ်တရက် သူ့ကို မမှတ်မိတာပေါ့။ ဟုတ်ပါတယ် အခုတော့ ကောင်းကောင်း မှတ်မိပါပြီ။ အဲဒီအမှုမှာ သူ့မိန်းမက သူ့ကို ကွာရှင်းခွင့်ရအောင် သူဆိုးခဲ့သမျှ သူယုတ်မာခဲ့သမျှ၊ သူ ရက်စက်ခဲ့သမျှ ကျွန်တော်စုံစမ်းလို့ ရသမျှ အချက်တွေကို ရုံးမှာ ဖွင့်ချခဲ့ပါတယ်။ ဒါ့ကြောင့် သူ့မိန်းမဟာ သူနဲ့ကွာရှင်းခွင့်ရရုံသာမကဘူး ကလေးနှစ်ယောက်ကိုပါ ထိန်းသိမ်းခွင့် ရသွားခဲ့ပါတယ်။

'ခင်ဗျား မစ္စတာကွန်နယ်လီ မဟုတ်လား'ခုမှပဲ ကျွန်တော် သူ့နာမည်ကို မေးလိုက်ရပါတယ်။

'ဒီလိုတော့လည်း မှတ်မိသားပဲ'

သူက မဲ့ရွဲ့ပြီး ပြန်ပြောလိုက်ပါတယ်။

'ဒါဖြင့် ခင်ဗျားပြောတာ မှန်ပါတယ်။ ကျွန်တော်ဟာ ရုံးမှာ ခင်ဗျားကို ထိခိုက်အောင် အစစ်ခံခဲ့တယ်ဆိုတာ ဟုတ်ပါတယ်'

ကျွန်တော်က စကားကို အတော်ကလေး သတိထားပြီး ပြောလိုက်ပါတယ်။

'ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော် ပြောခဲ့တာတွေဟာ အမှန်တွေချည်းပါပဲ'





'အမှန်တွေ ဟုတ်လား'

သူ့မျက်နှာကြီးတစ်ခုလုံး ရှုံ့တွသွားပါတယ်။

'ဟုတ်ပါတယ် မစ္စတာကွန်နယ်လီ။ ကျွန်တော်မှန်တာတွေ ပြောခဲ့တာပဲ။ ကျမ်းကျိန်ပြီး အစစ်ခံရတာဆိုတော့ ကျွန်တော်အမှန်တွေပဲ ပြောခဲ့ရတာပေါ့'

'ဘာပဲဖြစ်ဖြစ်၊ ငါ့မိသားစုနဲ့ကွဲခဲ့ရတာ မင့်ကြောင့်ပဲ'

သူက ဒါကိုပဲ ပြန်ကိုင်နေပါတယ်။

'ဒါတော့ မဟုတ်သေးဘူးထင်တယ်။ ခင်ဗျားနဲ့ပတ်သက်လို့ မှန်တဲ့အတိုင်း ပြောခဲ့မိတာနဲ့ ကျွန်တော့်ကို သတ်ပစ်မယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး ထင်တယ်။ တကယ်လို့ ကျွန်တော်ပြောခဲ့တာတွေဟာ အမှန်အတိုင်း မဟုတ်ဘဲ လိမ်ညာပြောခဲ့တယ်ဆိုရင်တော့ ထားပါတော့။ ဒါပေမဲ့ ကျွန်တော်က လိမ်ညာပြီး ပြောခဲ့တာမှ မဟုတ်ဘဲ။ ဟုတ်တယ် မဟုတ်လား'

'ဒါတော့ ဟုတ်ပါတယ်။ မင်းပြောခဲ့တာတွေဟာ လိမ်တာညာတာတွေတော့ မဟုတ်ပါဘူး။ အမှန်တွေပါပဲ'

သူ့လေသံဟာ စောစောကထက် တော်တော်ကလေး ပျော့လာပါတယ်။

'ကျွန်တော်အစစ်ခံခဲ့ရတဲ့အထဲမှာ တမင်သက်သက် လုပ်ကြံပြီး ပြောခဲ့တာတွေ ပါလို့လားဗျာ၊ ပြီးတော့ ခင်ဗျားအပေါ်မှာ အာဃာတနဲ့ ပြောခဲ့တာများ ပါလို့လား။ ခင်ဗျား ပြန်စဉ်းစားကြည့်ပါဦး'

ကျွန်တော့်စကားအဆုံးမှာ သူဟာ သူ့ခေါင်းကြီးကို ခပ်လေးလေး ခပ်ဖြည်းဖြည်း တစ်ချက်ခါလိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ နီရဲနေတဲ့ သူ့မျက်လုံးတွေရဲ့ မျက်ဝန်းထဲမှာ ဇဝေဇဝါဖြစ်သွားတဲ့ အရိပ်အရောင်ကို ပထမဆုံး တွေ့လိုက်ရပါတယ်။ ရှေ့ဆက်ပြီး ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်နိုင်တဲ့ အမူအရာမျိုး တစ်စွန်းတစ်စ ပေါ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အခြေအနေက ကျွန်တော့်ဘက် ယိမ်းယိုင်လာပြီဆိုတာ သိလိုက်ရလို့ ဆက်ပြီး ရှေ့တစ်လှမ်း တိုးလိုက်ပါတယ်။

'ဒီလိုဆိုရင် ခင်ဗျား ကျွန်တော့်ကိုသတ်ဖို့ လိုသေးသလား၊ မလိုတော့ပါဘူးဗျာ၊ အဲဒီတော့ ခင်ဗျားသေနတ် ကျွန်တော့်ကိုသာ ပေးလိုက်ပါ'

ကျွန်တော်က ဒီတစ်ခါတော့ ယုံကြည်ချက်အပြည့်အဝနဲ့ ကျွန်တော့်လက်ကို ဖကမ်းလိုက်ပါတယ်။

'ဘာပဲဖြစ်ဖြစ်၊ မင်းကို သတ်ပစ်လိုက်တာ အကောင်းဆုံးနေမှာပါပဲ'

သူဟာ သူ့ဆီကို ကမ်းလိုက်တဲ့ ကျွန်တော့်လက်ကို ကြည့်လိုက်၊ သူ့လက်ထဲက သေနတ်ကို ကြည့်လိုက်နဲ့ လုပ်နေပါတယ်။ ပြီးမှ ကျွန်တော့်မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ပြီး လေသံပျော့ပျော့နဲ့ ပြောလိုက်ပါတယ်။

'တကယ်လို့ မင်းကို အခု ငါမသတ်ဘဲ ထားလိုက်ရင် မင်း ငါ့ကို ထောင်ထဲပို့မလို့ မဟုတ်လား'

'ဘာဖြစ်လို့ ပို့ရမှာလဲဗျ။ ဘာလို့ ပို့ရမှာလဲ'

'မဟုတ်သေးဘူးလေ၊ ဗျာအားမီးရဲ့။ အခုဆိုရင် ငါက မင့်ကို သေစေလောက်တဲ့ လက်နက်နဲ့ ခြိမ်းခြောက်နေတယ် မဟုတ်လား။ အဲဒါ အမှုလုပ်လို့ ရတာပေါ့၊ ဒါတော့ မင်းလည်း သိသားပဲ'

ကျွန်တော်က သူ့ကို တစ်ချက်ပြုံးပြလိုက်ပါတယ်။ ပြီးတော့မှ ကျွန်တော့်မှာ ဒီလိုခြိမ်းခြောက်ခံရတာမျိုး၊ သေနတ်နဲ့ အချိန်ခံရတာမျိုးဆိုတာတွေဟာ ရိုးနေပြီဆိုတဲ့အကြောင်း၊ ဒါပေမဲ့ ဒီလိုအမှုမျိုးကို တစ်ခါမှ အရေးတယူလုပ်ပြီး တိုင်တာတောတာ မလုပ်ခဲ့ဖူးကြောင်း သူ့ကို ယုံကြည်လောက်တဲ့ လေသံနဲ့ ရှင်းပြလိုက်ပါတယ်။ အဲဒီအချိန်မှာ သူဟာ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေရင်း သူ့မျက်နှာအမူအရာဟာ အဖေလုပ်တဲ့လူက အရုပ်တစ်ရုပ် ဝယ်ပေးမယ်လို့ ပြောလိုက်တဲ့စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ယုံရခက်နေတဲ့ ကလေးတစ်ယောက်လို ဖြစ်နေပါတယ်။





'မင်း တကယ်ပြောနေတာလား'

ချောက်ကပ်ကပ်အသံနဲ့ သူက ကျွန်တော့်ကို ပြန်မေးလိုက်ပါတယ်။

'တကယ်ပေါ့ဗျ'

ကျွန်တော်ကလည်း အလေးအနက် ပြန်ပြောလိုက်ပါတယ်။

တကယ့် တကယ်အားဖြင့် ကျွန်တော့်အခြေအနေဟာ ဒီအချိန်ထိ စိတ်မချရသေးပါဘူး၊ ကျွန်တော့်လက်ထဲကို သူကိုင်ထားတဲ့သေနတ် ရောက်မလာမချင်း ကျွန်တော့်အတွက် အန္တရာယ်ရှိနေပါသေးတယ်။ ဒီလိုကျွန်တော့်လက်ထဲကို သူ့သေနတ်ရောက်လာဖို့ ဆိုတာကလည်း စောစောက သူပြောခဲ့သလို သူက ကျွန်တော့်ကို မသတ်တော့ဘဲ ချမ်းသာပေးလိုက်တဲ့အချိန်မှာ သူ့ကို လက်နက်ကိုင် ခြိမ်းခြောက်မှုနဲ့ ကျွန်တော်က ပြန်တရားမစွဲပါဘူးဆိုတာ သူ့အနေနဲ့ လုံးဝယုံကြည်စိတ်ချရမှ ဖြစ်ပါလိမ့်မယ်။ သူ့စိတ်ထဲ ဒီလိုယုံကြည်စိတ်ချမှု ရှိလာအောင် ကျွန်တော်က သူ့ကို အမှန်အတိုင်း ပြောပြဖို့နဲ့ အလေးအနက် ကတိပေးဖို့လည်းပဲ လိုပါတယ်။ တကယ်လည်း ကျွန်တော့်စိတ်ထဲမှာ သူ့ကိုပြန်ပြီး တရားစွဲဖို့ လုံးဝစိတ်မကူးပါဘူး၊ မကျေနပ်လို့ သူ့ခေါင်းကို ရိုက်ခွဲချင်ရင် ရိုက်ခွဲပစ်ရုံပဲ ရှိတယ်။ တရားစွဲဖို့ အမှုလုပ်ဖို့တော့ အကျဲသားပဲ။ ဒါဟာ ကျွန်တော့်စိတ်ရင်း အမှန်အတိုင်း ပြောတာပါ။

ဒါကြောင့်မို့ မစ္စတာကွန်နယ်လီက 'ဒီလိုဆိုလည်း ပြီးတာပါပဲ'ဆိုပြီး သေနတ်ကို ကျွန်တော့်ဆီလည်း လှမ်းပေးလိုက်ရော၊ ကျွန်တော့်လက်ထဲ သေနတ်ရောက်တာနဲ့ တစ်ပြိုင်နက် မစ္စတာကွန်နယ်လီရဲ့ခေါင်းကို ရှတ်တရက် သေနတ်ဒင်နဲ့ တအားလွှဲပြီး အားရပါးရတစ်ချက်တည်း ရိုက်ချလိုက်ပါတယ်။ ဘာပြောကောင်းမလဲ 'ဒုတ်ခနဲ'ဆိုတဲ့အသံနဲ့အတူ မစ္စတာကွန်နယ်လီရဲ့ ခန္ဓာကိုယ်ကြီးဟာ ဖွဲ့အိတ်ကို ပစ်ချလိုက်သလို ပုံကျသွားတာပါပဲ။ သူ့ချိုစောင်းမှာ သွေးတွေ ရဲနေပြီး ကြမ်းပေါ်မှာ ခွေခွေကြီး ပုံလျက်သား သတိမေ့နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ကပျာကယာနဲ့ ကျွန်တော့်လက်ထဲ ရောက်နေတဲ့ ရှူဂ သေနတ်ထဲက ကျည်ဆန်တွေအားလုံး ထုတ်ပစ်လိုက်ပြီး သေနတ်ကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ပါတယ်။ ပြီးမှ အခန်းထဲမှာ ရှိနေတဲ့ ရေခဲသေတ္တာကိုဖွင့်ပြီး အထဲက ရေခဲထည့်သည့်ဘူးကို ထုတ်ယူလိုက်ပါတယ်။ အဲဒီနောက် အဲဒီရေခဲဘူးကို နောက်ဖေးခန်းထဲ ယူသွားပြီး အထဲက ရေခဲတုံးတွေကို ရေပုံးတစ်ပုံးထဲမှာ ထည့်လိုက်ပါတယ်။ ပြီးမှ အဲဒီရေပုံးထဲကို ရေအပြည့် ထည့်ယူလာခဲ့ပြီး၊ အိမ်ရှေ့ခန်းက ကြမ်းပြင်ပေါ်မှာ ပုံလျက်သား လဲကျနေတဲ့ ကွန်နယ်လီကို ရေခဲရေတွေနဲ့ တအားကြဲ့ပြီး ပက်ချလိုက်ပါတယ်။

အဲဒီကျမှ ကွန်နယ်လီဟာ သတိပြန်လည်လာပြီး ခြေကားယားလက်ကားယားနဲ့ လဲနေရာက ကြိုးစားထရင်း ပါးစပ်က မအေ နှစ်မချင်းမိုးမွှန်အောင် ဆဲတော့တာပါပဲ။ တစ်ခေါင်းလုံး သွေးသံရဲရဲနဲ့ ရေတွေ စိုရွှဲနေရာက ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့ သေနတ်ကိုလည်း မြင်လိုက်ရော ကွန်နယ်လီဟာ အသံတိတ်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။

'အား...နေ...နေပါဦး၊ ဂျေအားမီး၊ အခုမင်း...မင်း၊ ငါ့ကို ဘာ... ဘာလုပ်မလို့လဲ'

ထိတ်ထိတ်ပျာပျာ ထစ်ထစ်ငေါ့ငေါ့နဲ့ သူက မေးလိုက်ပါတယ်။

'ခင်ဗျားကို ဘာမှမလုပ်ပါဘူး၊ စိတ်ချ'

ဟုတ်ပါတယ်။ ကျွန်တော် သူ့ကို ဘာမှမလုပ်ပါဘူး။ လုပ်စရာလည်း မလိုတော့ပါဘူး၊ ဒါ့ကြောင့် သူ့ကို ဒီတိုင်းထားခဲ့ပြီး ကျွန်တော် ဒီအခန်းထဲက ပြန်ထွက်သွားဖို့ပါပဲ။ သူ့ကိုလည်း ရှေ့လျှောက် ကောင်းကောင်းမွန်မွန် လိမ်လိမ်မာမာနဲ့ နေပါလို့ နောက်ဆုံးမှာခဲ့ပါတယ်။ ပြီးမှ–

'ဒါပေမဲ့ ခင်ဗျားအတွက် တစ်ခုတော့ ထိခိုက်သွားမှာပဲ'

ကျွန်တော်က ပြောလိုက်ပါတယ်။

'ဘာထိခိုက်မှာလဲ၊ ဘယ်လို ထိခိုက်ဦးမှာလဲ'





သူက အကြောက်မပြေသေးတဲ့ မျက်နှာနဲ့ ပြန်မေးလိုက်ပါတယ်။

'တခြားမဟုတ်ပါဘူး။ ဒီသေနတ်ကိစ္စပါ'

ကျွန်တော်က လက်ထဲမှ ကိုင်ထားတဲ့ "ရှူဂါသိန်းနက်" သေနတ်ကြီးကို မသိမသာ မြှောက်ပြလိုက်ပါတယ်။

'ဒီသေနတ်ကို ကျွန်တော် ယူသွားတော့မယ်။ ပြန်မပေးတော့ဘူး။ ခင်ဗျားအနေနဲ့ ရှေ့လျှောက် ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်တော့မယ်ဆိုတော့ ဒီသေနတ်ဟာ မလိုတော့ပါဘူး'

ကျွန်တော်ဟာ ကျွန်တော့်စကားဆုံးတာနဲ့ တစ်ပြိုင်နက် အခန်းထဲက ချာခနဲ လှည့်ထွက်လာခဲ့ပြီး တံခါးကို ဂျိုင်းခနဲ နောက်ပြန်ပိတ်ထားခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး သူနဲ့ နောက်ထပ် တစ်ခါမှ မတွေ့ရတော့ပါဘူး။

ကျွန်တော်ဟာ အဲဒီညက ကွန်နယ်လီရဲ့အခန်းထဲက ထွက်လာပြီး၊ ဟိုတယ်အောက်ဆုံးထပ်ရောက်တော့ ဆဋ္ဌမရိပ်သာလမ်းမကြီးအတိုင်း တစ်ခေါ်သာသာလောက် လမ်းလျှောက်လာခဲ့ပါတယ်။ ပြီးမှ ပထမဆုံးတွေ့တဲ့ အငှားကားတစ်စီးကို လက်ပြတားပြီး မြို့ထဲကို ပြန်လာခဲ့ပါတယ်။

အပြန်ကျတော့ အငှားကားပေါ်မှာ တစ်လမ်းလုံး စောစောက ဖြစ်ခဲ့တဲ့ ကိစ္စကို ကျွန်တော်ပြန်ပြီး စဉ်းစားလာခဲ့ပါတယ်။ အထူးသဖြင့် နောက်တစ်ကြိမ် ဒီလိုအဖြစ်မျိုးနဲ့ထပ်ပြီး မကြုံရ မတွေ့ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို အလေးအနက် စဉ်းစားလာခဲ့မိပါတယ်။ တကယ်တော့ ကျွန်တော့်မှာ သွားလေရာရာ ပခုံးစလွယ်သိုင်းအိတ်နဲ့ ပစ္စတိုသေနတ်တစ်လက် အမြဲတမ်း ပါပါတယ်။ အခုလည်း ပါလာတာပါပဲ။ ဒါပေမဲ့ ဒီသေနတ်ဟာ ကျွန်တော့်အတွက် ဘာမှအရာမရောက်ဘဲ ဖြစ်ခဲ့ရပါတယ်။ မီးအာမခံသေတ္တာကြီးကိုတောင် ဖောက်ထွင်းသွားနိုင်တဲ့ ရောမသေနတ်ကြီးနဲ့ အခုလို နှင်ဘတ်ကို အနီးကပ် ချိန်ထားခံရမှတော့ ပခုံးသိုင်းစလွယ်က သေနတ်ကို ဆွဲထုတ်ပြီး ပစ်ဖို့ ကြိုးစားတဲ့လူဟာ ရူးနေလို့ပဲ ဖြစ်ရမှာပေါ့။

အဲဒီအချိန်က ကျွန်တော်ဟာ ကျွန်တော့်သေနတ်ကို မသုံးဘဲ

www.burmeseclassic.com



ဦးနှောက်ကို သုံးခဲ့လို့သာ အသက်ဆောင်ဆောင် လွတ်လာခဲ့တာပါပဲ။ ကျွန်တော့်အတွက် ဒီအဖြစ်အပျက်ဟာ တစ်သက်လုံး အမှတ်တရဖြစ်နေအောင် ပေးလိုက်တဲ့ သင်ခန်းစာတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဒီလိုနဲ့ ဒီကိစ္စကို အလေးအနက်ထားပြီး အနှလုံ ပင်ရင်လုံ စဉ်းစားလာခဲ့ရာက ကျွန်တော်စီးလာတဲ့ ကားဟာ ဗဟိုပန်းခြံရဲ့ တောင်ဘက်လမ်းထဲကို ကွေ့ပြီး ချိုးဝင်လိုက်တဲ့အချိန်မှာပဲ ကျွန်တော့်ခေါင်းထဲ လျှပ်စီးလက်သလို ဝင်းခနဲလက်သွားပြီး အတွေးတစ်ခု ဝင်လာခဲ့ပါတယ်။ အဲဒီအတွေးက ဘာလဲဆိုတော့ အခုလို ကျဉ်းထဲကျပ်ထဲရောက်နေပြီး ချောင်ပိတ်အမိခံရတဲ့အခါမျိုးမှာ တစ်ဘက်ကရန်သူကို ပြန်ပြီး ခုခံဖို့ ကျွန်တော့်လက်မှာ "လျှို့ဝှက်လက်နက်"တစ်ခု တပ်ထားရရင် ကောင်းမှာပဲဆိုတဲ့ အတွေးပါပဲ။ အတိအကျပြောရရင် ကျွန်တော့် ညာဘက်လက်မှာ တပ်ထားတဲ့ သံမဏိချိတ်ကြီးရဲ့ အောက်ခြေအတွင်းသားထဲမှာ သေနတ်အသေးစားကလေး တစ်လက်မြှုပ်ပြီး ထည့်ဖို့ စိတ်ကူးမိတာပါပဲ။ ဒါပေမဲ့ အဲဒီလို သံချိတ်ရဲ့အောက်ခြေကိုယ်ထည်ထဲမှာ ထည့်ထားတဲ့ သေနတ်ကို လိုသလို ပစ်နိုင်ခတ်နိုင်ဖို့အတွက် ကျွန်တော့်လက်မောင်းကို ခွဲစိတ်ပြီး ကြွက်သားကြောတွေနဲ့ သေနတ်မောင်းကို ခန္ဓာဗေဒနည်းအရ ဆက်ပေးထားနိုင်မှ ဖြစ်ပါလိမ့်မယ်။

ဒါနဲ့ ကျွန်တော်လည်း ကျွန်တော်တည်းတဲ့ ပလာဇာဟိုတယ်ကို ပြန်ရောက်ရောက်ချင်း ကျွန်တော့်လက်က သံချိတ်အောက် လက်ကောက်ဝတ်မှာ အဲဒီလျှို့ဝှက်တဲ့ လက်နက်တပ်ဖို့ ပုံစံဒီဇိုင်းအကြမ်း ဆွဲကြည့်ခဲ့ပါတယ်။ ကျွန်တော် စဉ်းစားလို့ ရသလောက်ကတော့ စောစောက ကျွန်တော်ပြောခဲ့သလို ကျွန်တော့် ညာဘက်လက်က သံချိတ်နဲ့ လက်ကောက်ဝတ်ကြားမှာရှိတဲ့ အောက်ခြေကိုယ်ထည်ထဲကို ကာလီဘာပစ္စတိုသေနတ် အသေးစားကလေးတစ်လက်မြှုပ်ပြီး ထည့်ထားဖို့ပါပဲ။ ဒီလိုမြှုပ်တဲ့နေရာမှာ သေနတ်ပြောင်းဝ အပေါက်ကလေးသာ ဖောက်ထားပြီး အရေးအကြောင်းရှိရင် "လျှို့ဝှက်လက်နက်"ဖြစ်တဲ့ ဒီသေနတ်ကလေးနဲ့ ပစ်နိုင်ခတ်နိုင်အောင်





လက်မောင်းကြွက်သားတွေကို လိုအပ်သလို ခွဲစိတ်ပြီး ဆက်စပ်ပေးရမှာပါပဲ။ အခု ကျွန်တော့်လက်က သံချိတ်တွေကို ကျွန်တော်လိုသလို အသုံးပြုနိုင်တဲ့သဘောမျိုးပါပဲ။

မကြာခင်မှာပဲ ကျွန်တော်ဟာ ဒီစီမံကိန်းအတွက် ပထမဆုံး ကျွန်တော့် မိတ်ဆွေ သေနတ်ပြင်ဆရာတစ်ယောက်ကို သွားတွေ့ပါတယ်။ သူ့ကို ကျွန်တော့်အကြံအစည်နဲ့ ပတ်သက်လို့ အသေးစိတ်ပြောပြပြီး တိုင်ပင်ကြည့်တော့ ဒီကိစ္စဟာ ဖြစ်နိုင်စရာရှိတဲ့အကြောင်းနဲ့ အဲဒီအတွက် ဒဿမ ၂၂ မဂ္ဂနမ်သေနတ် အသေးစားကလေးတစ်လက်ကို အသုံးပြုဖို့ သူက အကြံပေးပါတယ်။ နောက်ပြီးတော့ အဲဒီလျှို့ဝှက်ထားတဲ့ သေနတ်ကို ပစ်နိုင် ခတ်နိုင်အောင် လက်မောင်းကြွက်သားတွေကို အထူးခွဲစိတ်ကုသဖို့နဲ့ ဒီကြွက်သားတွေကို လိုသလို အလျော့အတင်းလေ့ကျင့်ပေးဖို့ အရေးကြီးဆုံးပဲလို့ ကျွန်တော်မိတ်ဆွေက ပြောပါတယ်။

အဲဒီနောက် သူပြောသလို ဒီကိစ္စမှာ အရေးအပါဆုံးဖြစ်တဲ့ နယူးယောက်က နာမည်ကျော် ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက်နဲ့ သွားတွေ့ပြီး အသေးစိပ် ဆွေးနွေးကြည့်ပါတယ်။ ဆရာဝန်ကြီးဟာ ကျွန်တော်ပြောတာတွေကို ဂရုတစိုက်နဲ့ နားထောင်ပြီး ချက်ချင်းဆိုသလိုပဲ 'ဒီကိစ္စ မဖြစ်နိုင်ဘူး'လို့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့စကားကို လက်မခံပါဘူး။ ဒီကိစ္စကို ကျွန်တော် ဘာ့ကြောင့်လုပ်ဖို့ စီစဉ်ရတယ်ဆိုတဲ့ အကြောင်းနဲ့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြစ်အောင် လုပ်ချင်ပါတယ်ဆိုတာကို အလေးအနက်ရှင်းပြရပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ အတော်ကလေးကြာအောင် အပြန်အလှန် ငြင်းကြခုံကြ ဆွေးနွေးကြပါတယ်။ နောက်ဆုံး ကျွန်တော်ရဲ့ စိတ်ဓာတ်ပြင်းပြမှုကို သူ နားလည် သဘောပေါက်သွားပြီး ဒီကိစ္စအတွက် စဉ်းစားဖို့ သူ့ကို ဆယ်ရက် အချိန်ပေးပါလို့ ဆရာဝန်ကြီးက ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက်မြောက်တဲ့နေ့ကျတော့ 'ဖြစ်အောင် လုပ်ပေးပါမယ်၊ ဖြစ်နိုင်ပါတယ်'ဆိုပြီး အဲဒီဆရာဝန်ကြီးဟာ ကျွန်တော့်လက်မောင်းကို ခွဲတော့တာပါပဲ။ ဒီခွဲစိတ်မှုနဲ့ ပတ်သက်လို့ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက် မဟုတ်လို့ အသေးစိတ် ပြောမပြနိုင်ပေမယ့် လက်မောင်းကြွက်သားကြောတွေကို အလျှော့အတင်း လိုသလိုလုပ်ပြီး လက် ကောက်ဝတ်ထဲမှာ မြှုပ်ထားတဲ့ သေနတ်ကို ပစ်နိုင်အောင် ခွဲစိတ်ဖြတ်တောက် ဆက်စပ်ပေးရတာ အင်မတန် ခက်ခဲသလောက် အင်မတန်သိမ်မွေ့တယ်ဆိုတာဟာ ကာယကံမြောက် ခွဲစိတ်ခံခဲ့ရတဲ့ လူတစ်ယောက်အနေနဲ့ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ်၊ အခုဆိုရင် ကျွန်တော်ဟာ ကျွန်တော်ရဲ့ လျှို့ဝှက်လက်နက်ဖြစ်တဲ့ လက်ကောက်ဝတ်ထဲက သေနတ်ကို ကောင်းကောင်းကြီး ပစ်နိုင်ခတ်နိုင်ပါပြီ။ ပြီးတော့ တစ်ခုစိတ်ချရတာက ဒီသေနတ်ဟာ မလိုအပ်ဘဲနဲ့ မတော်တဆ ကျည်ဆန်ထွက်သွားတာမျိုး လုံးဝမရှိပါဘူး။ ကျွန်တော့်လက်မောင်းက ကြွက်သားကြောတွေကို လိုအပ်တဲ့ အတိုင်းအတာအထိ ညှစ်ပေးမှသာ ကျည်ဆန်ထွက်တဲ့ သေနတ်မျိုးဆိုတော့ မတော်တဆ ထိခိုက်မှုဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။

ဒါနဲ့ ပတ်သက်လို့ တစ်ဆက်တည်း ပြောလိုက်ရဦးမယ်။

မကြာခင်က ကျွန်တော့်ကို ရုပ်မြင်သံကြား တွေ့ဆုံခန်းတစ်ခုမှာ ဧည့်သည်တစ်ယောက်က ဒီလျှို့ဝှက်တဲ့ လက်နက်အကြောင်းကို မေးလာလို့ ကျွန်တော်က ကျွန်တော့်လက်ကောက်ဝတ်မှာ ရှိနေတဲ့ ပြောင်းဝအပေါက်ကလေးကို ပြပြီး အဲဒီသေနတ်အကြောင်းကို အကျဉ်းချုံးပြီး ရှင်းပြခဲ့ပါတယ်။

'ကဲ…ခင်ဗျားရဲ့ လျှို့ဝှက်တဲ့လက်နက်ဟာ အခုတော့ လျှို့ဝှက်တဲ့လက်နက် မဟုတ်တော့ဘူးပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ အခု ခင်ဗျားကိုယ်တိုင်က ရှင်းပြ ထုတ်ပြလို့ ရုပ်မြင်သံကြား ပရိသတ် သန်းပေါင်း ၅၀ လောက်





ဒီလက်နက်ကို မြင်တွေ့သွားကြရပြီပဲ' အဲဒီဧည့်သည်က ရုပ်မြင်သံကြား တွေ့ဆုံခန်းထဲမှာ ဒီလိုပဲ ပြောခဲ့ပါတယ်။

ကျွန်တော်ကတော့ သူပြောတာကို နားထောင်ပြီး ပြုံးရုံပဲ ပြုံးနေလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ အဲဒီတုန်းက ကျွန်တော့်ရဲ့ ဘယ်ဘက်လက်ကောက်ဝတ်ထဲမှာရှိနေတဲ့ တခြားလျှို့ဝှက်ပစ္စည်းကိရိယာတစ်ခုအကြောင်းကိုတော့ ပြောမပြခဲ့ပါဘူး။ ဒီပစ္စည်းကိရိယာအကြောင်းကို ကျွန်တော်နဲ့ ကျွန်တော့် လက်မှာ တပ်ပေးတဲ့ လူကလွဲလို့ ဘယ်သူမှ မသိကြပါဘူး။ ဒါပေမဲ့ ခင်ဗျား တစ်ခုသိထားဖို့ကတော့ အဲဒီပစ္စည်းကိရိယာအတွက်ငွေကတော့ သောက်သောက်လဲ ကုန်ကျခဲ့ရတယ်ဆိုတာပါပဲ။

ဒါပေမဲ့ ကုန်ရကျိုးနပ်တယ်လို့ ဆိုနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ဟာ အခု ဘယ်နေရာကိုမဆို ယုံယုံကြည်ကြည်နဲ့ စိတ်ချ လက်ချ သွားနိုင်လို့ပါပဲ။ တကယ်လို့ မတော်တဆ တစ်နေရာရာမှာ တစ်ခုခု အကျပ်အတည်းနဲ့ ကြုံလို့ ပြေးပေါက်မရှိဘဲ ချောင်ပိတ်မိနေတဲ့ အခါမျိုးမှာဆိုရင်လည်း ကျွန်တော်ဟာ ဘာလက်နက်မှမပါတဲ့ ဗလာသက်သက် လူတစ်ယောက် မဟုတ်တော့ဘူးဆိုတာ ကိုယ့်ကိုယ်ကို သိနေရလို့ပါပဲ။

တကယ်ပါ။ အခုဆိုရင် ကျွန်တော့်မှာ သံမဏိလက်သီးတစ်ဖက်နဲ့ သံလက်သီးတစ်ဖက် ရှိနေပါတယ်။ အဲဒါအပြင် ညာဘက်က လျှို့ဝှက်လက်နက်နဲ့ မလုံလောက်သေးဘူးဆိုရင် ဘယ်ဘက်က ရှိပါသေးတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

# အိမ်ပြေးမလေး ကေသီ

BURMESE CLASSIC .com

ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်အဖြစ်နဲ့ အလုပ်စလုပ်ခဲ့ရင်း အိမ်က ပျောက်သွားတဲ့လူတွေ၊ ပြန်ပေးဆွဲခံရတဲ့ လူတွေကို လိုက်ပြီး ရှာဖွေ စုံစမ်းထောက်လှမ်းပေးရတဲ့ အမှုတွေမှာ တဖြည်းဖြည်း တစ်စတစ်စနဲ့ အတော်ကလေး နာမည်ရလာခဲ့ပါတယ်။ တစ်နည်းပြောရရင် လူပျောက်ရှာ တဲ့ဘက်မှာ ကျွမ်းကျင်တဲ့ ပါရဂူတစ်ယောက် ဖြစ်လာတယ် ဆိုပါတော့။ ပြီး ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ကျွန်တော်ကိုယ်တိုင်ကလည်း ဒီလိုလူ ပျောက်ရှာတဲ့ဘက်မှာ အထူးပဲ စိတ်ဝင်စားခဲ့ပါတယ်။

အဲဒီထဲမှာ အိမ်က ထွက်ပြေးကြတဲ့ လူငယ်လူရွယ်တွေနဲ့ ပတ်သက်လို့ ကျွန်တော်ဟာ သူတို့စိတ်ဓာတ် အခြေအနေတွေကို အတော်များများ လေ့လာ စူးစမ်းခဲ့ဖူးပါတယ်။ ဒီလိုလေ့လာရာမှာ ကျွန်တော်ဟာ ပုံသေ နည်းတစ်နည်းကို သုံးခဲ့ပါတယ်။ အဲဒီနည်းကတော့ တခြားမဟုတ်ပါဘူး လူတစ်ယောက်အကြောင်းကို သိချင်ရင် အဲဒီလူရဲ့နေရာမှာ ကိုယ်ကိုယ်တိုင် ဝင်ပြီး ခံစားကြည့်တဲ့နည်းပါပဲ။ 'သူ့နေရာမှာ ငါသာဆိုရင် ဘယ်လိုလုပ်မလဲ၊ ဘာလုပ်မလဲ' ဆိုတာ စဉ်းစား ကြည့်တာပါပဲ။

ဥပမာဆိုပါတော့၊ ဂျွန်ဒိုးဆိုတဲ့လူဟာ အင်္ဂါနေ့တစ်နေ့မှာ ဘာကိုမှ မှမရှိဘဲ အိမ်က လမ်းလျှောက်ထွက်သွားရင်း ဘာကြောင့် အိမ်ပြန်မရောက် လာတော့ဘဲ ပျောက်ဆုံးသွားခဲ့ရတာလဲ။ အပြင်ကို သွားလေ့သွားထမရှိတဲ့ အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်ဟာ ဆရာမိဘအသင်း အစည်းအဝေး





တစ်ခု သွားတက်ရာက ဘာ့ကြောင့် ပြန်မလာတော့ဘဲ ပျောက်ချက်သား ကောင်းခဲ့ရတာလဲ။ ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက် ဒါမှ မဟုတ် ယောက်ျားလေးတစ်ယောက်ဟာ သူ့မိဘနဲ့အတူ မတောင့်မတ မကြောင့်မကြနေရာက ဘာ့ကြောင့် အိမ်က ထွက်ပြေးရတာလဲ။ လင်မယား နှစ်ယောက်ဟာ ဘာရယ်လို့မဟုတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် အသေး အဖွဲကိစ္စကလေးတွေမှာ တစ်စတစ်စ သဘောထားကွဲလာခဲ့ရာက တစ်နေ့မှာ မမျှော်လင့်ဘဲ မရှုနိုင် မကယ်နိုင် အဖြစ်မျိုးရောက်ခဲ့ကြရတာ ဘာဖြစ်လို့လဲ။ ဒီကိစ္စမျိုးမှာ အမှိုက်ကစ ပြဿဒ်မီးလောင်အောင် ဘယ်သူက လေပင့်ပေး လိုက်တာလဲ။ ဘယ်အိမ်နားနီးချင်း မိတ်ဆွေ အပေါင်းအသင်းက ဝင်နှောက် လိုက်တာလဲ။

ကျွန်တော်ဟာ ဒီလိုအိမ်ထောင်ရေး၊ လူမှုရေး၊ သားရေး သမီးရေး ပြဿနာတွေက အရင်းခံပြီး တစ်စတစ်စ ကြီးထွားလာခဲ့တဲ့ အမှုတွေကို အတော်များများ ကိုင်တွယ် ဖြေရှင်းခဲ့ရဖူးပါတယ်။ ဒါပေမဲ့ ဒီပြဿနာမျိုး၊ အမှုမျိုးဟာ ဒီနေ့အထိ မကုန်နိုင် မဆုံးနိုင်သေးပါဘူး။ အုံသြစရာကောင်း လောက်အောင် မြို့တိုင်း၊ နယ်တိုင်း၊ နေရာတိုင်းမှာ နေ့စဉ်နဲ့အမျှ အတော မသတ် ဖြစ်နေကြတုန်းပါပဲ။

အထူးသဖြင့် လူပျိုပေါက်၊ အပျိုပေါက် အရွယ်မရောက်တရောက် လူငယ် ကလေးတွေနဲ့ ပတ်သက်တဲ့ အမှုတွေဟာ စိတ်ထိခိုက်စရာ၊ ရင်နာ စရာကောင်းလှပါတယ်။ ကျွန်တော့်ဆီကို မိဘတွေ အတော်များများ၊ သူတို့ သားသမီး 'ဂျွန်တို့ ဂျိန်းတို့' အိမ်က ထွက်ပြေးလို့ လိုက်ရှာပေးပါဦး၊ လိုက်စုံ စမ်းပေးပါဦးဆိုပြီး လာကြတာ မကြာခဏပါပဲ။ များသောအားဖြင့် အဲဒီမိဘ တွေဟာ သူတို့သားသမီးတွေ ဘာကြောင့် ဒီလိုအိမ်က ထွက်ပြေးကြတယ် ဆိုတာ အကြောင်းမှန်ကို မသိကြ မစဉ်းစားမိကြဘဲ ပျောက်သွားတဲ့ သူတို့ သားသမီးတွေအတွက် စိုးရိမ်ဖို့၊ ပူပန် သောကရောက်ဖို့ပဲ နားလည်တတ်



www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်။ ဒီကြားထဲ သူတို့က ပြောကြပါသေးတယ်။ သူတို့သားသမီးတွေကို အိမ်မှာ ဘာမှလိုလေသေးမရှိအောင် ထားခဲ့ပါတယ်။ အဝတ်အစား၊ မုန့်ဖိုး၊ အသုံးစရိတ်ကအစ အိမ်မှာ ကိုယ်ပိုင်ကားနဲ့ သူတို့အတွက် သီးခြားဝယ်ပေးထားတဲ့ ရုပ်မြင်သံကြားစက်နဲ့ ဘာ့ကြောင့်များ အိမ်က ထွက်ပြေးကြတယ်ဆိုတာ စဉ်းစားလို့ မရပါဘူးဆိုပြီး တအံ့တဩ ပြောလာကြပါတယ်။ ဒါပေမဲ့ အဲဒီလိုပြောတဲ့ မိဘတွေဟာ အစစ အရာရာ လိုလေသေးမရှိ ပြည့်စုံနေပါတယ်ဆိုတဲ့ သူတို့သားသမီးတွေမှာ တစ်ခုလိုနေသေးတယ်ဆိုတာ လုံးဝမစဉ်းစားမိကြပါဘူး။ အဲဒါက ဘာလဲဆိုတော့ 'မေတ္တာ'ပါပဲ။ ဒါ့ကြောင့်လည်း ကျွန်တော်ဟာ အိမ်ပြေးကလေးတွေကို ကြိုးစားပမ်းစား ထောက်လှမ်းရှာဖွေပြီး သူတို့မိဘတွေဆီ ပြန်အပ်တဲ့အခါတိုင်း နောက်နောင်ကို ဒီကလေးတွေ ဒီလိုမဖြစ်စေချင်ရင် သူတို့အတွက် အထူးလိုအပ်နေတဲ့ 'မိဘမေတ္တာ'ကို အစွမ်းကုန်ပေးကြပါလို့ တရားဟောခဲ့ပါတယ်။

အဲဒီထဲမှာ အဆိုးဆုံးကတော့ တချို့ကလေးတွေဟာ အိမ်က ထွက်ပြေးခဲ့ကြရာက မကောင်းတဲ့ အပေါင်းအသင်း၊ မကောင်းတဲ့လောကထဲ ရောက်သွားကြတဲ့ အဖြစ်မျိုးတွေပါပဲ။ ယောကျ်ားကလေးဆိုရင်လည်း မူးယစ်ဆေးဝါး ဒုစရိုက်သမားတွေနဲ့ တွေ့ပြီး ရာဇဝတ်မှုကျူးလွန်တဲ့ အဖြစ်မျိုး ရောက်သွားခဲ့ကြသလို မိန်းကလေးဆိုရင်လည်း လမ်းပေါ်မှာ လေလွင့်ပျက်စီးကုန်တာတို့၊ အသတ်ခံရတာတို့အထိ ဖြစ်သွားတတ်ကြပါတယ်။

တချို့ လူငယ်လူရွယ်တွေကျတော့လည်း မိဘရဲ့ အလွန်အကျွံ အလိုလိုက်မှုတွေကြောင့် အရာရာကို စူးစမ်းလေ့လာချင်တဲ့ သူတို့စိတ်ဓာတ်နဲ့ အကောင်းအဆိုး အကြောင်းအကျိုးကို ပြတ်ပြတ်သားသား မခွဲခြားနိုင်သေးတဲ့ သူတို့ရဲ့နုနယ်ပျော့ညံ့မှုတွေဟာ အကျင့်စာရိတ္တပျက်ပြားမှုနဲ့ လေလွင့်ပျက်စီးမှု လမ်းကြောင်းကို ပို့ပေးသလို ဖြစ်ခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ဒီနေ့ မျက်မှောက်ခေတ်မှာ ဒီလိုမိဘတွေရဲ့ အားနည်း





မှု၊ ကလေးတွေရဲ့ ပျော့ညံ့မှုနဲ့ ပတ်ဝန်းကျင်ရဲ့ ဆွဲဆောင်မှုတွေကြောင့် အိမ်က ထွက်ပြေးကြတဲ့ မြီးကောင်ပေါက်အရွယ် ဆယ်ကျော်သက်ကလေးတွေဟာ အမေရိကန် ပြည်ထောင်စုမှာ အရေအတွက်အားဖြင့် သန်းနဲ့ချီပြီး ရှိနေပါတယ်။ အဲဒီထဲက စိတ်ဝင်စားစရာကောင်းတဲ့ ဓာတ်လမ်းတစ်ခုကို ပြောပြပါမယ်။

အဲဒီနေ့က ကျွန်တော့်ဆီ ရောက်လာတဲ့ပုဂ္ဂိုလ်ဟာ အသက် ၆၀ လောက် ရှိပါပြီ။ ဥပမိရုပ်ကောင်းကောင်းနဲ့ ဥရောပတိုက်သားဆန်ဆန် အဝတ်အစားကို သေသေသပ်သပ် ဝတ်ထားပါတယ်။ ကြည့်ရတာ လူကြီးလူကောင်းတစ်ယောက် ပုံမျိုးပါပဲ။ ကျွန်တော့်ကို အန္တရာယ်ပေးမယ့်သူ မဟုတ်ဘူးဆိုတာတော့ သေချာ ပါတယ်။

'အန္တရာယ်ပေးမယ့်လူ' ဆိုလို့ ပြောရဦးမယ်။

တကယ်တော့ သူဟာ ကျွန်တော့်ရုံးခန်းထဲ ရောက်မလာခင်ကတည်းက အဆင့်ဆင့် 'လေ့လာစစ်ဆေးမှု'တွေကို ဖြတ်သန်းလာခဲ့ရပြီးပါပြီ။ ပထမဆုံး ကျွန်တော့်ခြံဝင်းထဲကို မဝင်ခင် ဂိတ်ဝမှာပဲ ကျွန်တော့်ရဲ့ လက်နက်ကိုင်ဂိတ်စောင့်တွေက သူ့ကို လက်နက်ပါမပါ သေချာအောင် စစ်ဆေးပြီးကြပါပြီ။ ပြီးတော့ ကျွန်တော့်ခြံဝင်းထဲ ဝင်လာတာနဲ့ တစ်ပြိုင်နက် တစ်နေရာမှာ တပ်ဆင်ထားတဲ့ လျှို့ဝှက်ကင်မရာနဲ့ သူ့ဓာတ်ပုံကို ရိုက်ပြီးခဲ့သလို ရုပ်မြင်သံကြားကင်မရာနဲ့ သူဝင်လာတာကို ကျွန်တော့်အခန်းထဲက ကျွန်တော်မြင်ခဲ့ရပါပြီ။ အဲဒီနောက် ကျွန်တော်နဲ့ မတွေ့ရခင် ကျွန်တော့် အတွင်းရေးမှူးမကလေး "ဂျိုက်စ်ပက်တာဆင်"က သူ့ကို မေးခဲ့၊ မြန်းခဲ့ စုံစမ်းခဲ့တာတွေလည်း ရုပ်မြင်သံကြားကတစ်ဆင့် ကျွန်တော် မြင်ခဲ့ ကြားခဲ့ရပြီးပါပြီ။ နောက်ပြီးတော့ ကျွန်တော်ရဲ့ လူနီကပြား သက်တော်စောင့်ကြီး "ဂျိုးဘာရိဒ်လမ်"ကိုယ်တိုင်က ဒီဧည့်သည်မှာ ဘာလက်နက်မှ မပါဘူးဆိုတာ လေ့လာစူးစမ်းပြီးပါပြီ။ တကယ်တော့ 'ဂျိုး'ဟာ လူတစ်ယောက်ကို ကိုက် မြ

www.burmeseclassic.com



လောက်က လှမ်းကြည့်လိုက်ရုံနဲ့ အဲဒီလူရဲ့ ကိုယ်ခန္ဓာပေါ်မှ သေနတ်ပါလာတယ်၊ မပါလာဘူးဆိုတာ 'လောင်းကြေးစားကြေး' အတတ်ပြောနိုင်လောက်အောင် မျက်စိ'စူး'တဲ့ သက်တော်စောင့်တစ်ယောက်ဆိုတာ ကျွန်တော် သိနေပါတယ်။ နောက်ဆုံး ကုန်ကုန်ပြောရမယ်ဆိုရင် အခုလာတဲ့ ညွှဲ့သည်ဟာ အတွင်းရေးမှူးဂျိုက်စ်ရဲ့ အခန်းထဲမှာ စကားပြောရင်း သူကိုယ်တိုင်တောင် မသိလိုက်ရဘဲ တစ်နည်းတစ်ဖုံနဲ့ သူ့လက်ဗွေပုံစံကို ဂျိုက်စ်က အမှတ်တမဲ့ ယူခဲ့ပြီးပါပြီ။

အဲဒီတော့ ကျွန်တော့်အခန်းထဲကို အဲဒီညွှဲ့သည် "တွမ်ရိုင်ယန်" ဆိုတဲ့လူ ရောက်လာတော့ ကျွန်တော်ဟာ စိတ်ချလက်ချနဲ့ လက်ခံတွေ့ဆုံနိုင်ပြီပေါ့။

ဒါပေမဲ့ သူကတော့ ကျွန်တော့်ကို တွေ့တွေ့ချင်း ခေါင်းကို မသိမသာ ရမ်းလိုက်ပြီး 'ကျုပ်က မောင်ရင့်အဖေနဲ့ တွေ့ချင်တာပါ'လို့ တုံးတိတိကြီး ပြောလိုက်ပါတယ်။

ကျွန်တော်လည်း သူပြောတဲ့စကားကို ရုတ်တရက် အဓိပ္ပာယ် နားမလည်လိုက်ဘဲ ဖြစ်သွားပါတယ်။ ဒါနဲ့ကျွန်တော့်အဖေ ဆုံးသွားတာ လေးငါးနှစ်ရှိသွားပြီဆိုတဲ့ အကြောင်းနဲ့ အခုလာတဲ့ကိစ္စဟာ ကျွန်တော်တို့ မိသားစုနဲ့များ ပတ်သက်နေသလားလို့ မေးလိုက်မိပါတယ်။

ဒါပေမဲ့ သူကတော့ ကျွန်တော့်စကားကို သိပ်ဘဝင်မကျသေးတဲ့ မျက်နှာနဲ့ ကျွန်တော့်မှာ အစ်ကိုကြီးတစ်ယောက် ရှိသေးသလားလို့ ထပ်မေးလိုက်ပြန်ပါတယ်။ ကျွန်တော်လည်း ခေါင်းထဲမှာ ပိုရှုပ်သွားပြီး ကျွန်တော့်မှာ အစ်ကိုကြီး နှစ်ယောက်ရှိတဲ့အကြောင်း၊ ကွန်စတင်တီနီဆိုတဲ့ အစ်ကိုတစ်ယောက်က အင်ဂျင်နီယာ အလုပ်လုပ်နေပြီး၊ ပီတီဆိုတဲ့ အစ်ကိုတစ်ယောက်ကတော့ ကာလီဖိုးနီးယားမှာ အလုပ်သွားလုပ်နေတဲ့အကြောင်း အတိအကျ ပြန်ပြောပြလိုက်ပါတယ်။

အဲဒီကျတော့ တွမ်ရိုင်ယန်ဟာ ကျွန်တော့်ကို ချိုပေါက်ပြီး အမြီးတန်း





လန်းနဲ့ လူတစ်ယောက်လို ရုတ်တရက် တအံ့တသြနဲ့ မျက်လုံးပြူး မျက်ဆန်ပြူး စိုက်ကြည့်လိုက်ပြီး 'နေပါဦး၊ မောင်ရင်က အလွတ်စုံထောက်လား၊ ဂျေအားမီးဆိုတာ မောင်ရင်ပေါ့၊ ဟုတ်လား'လို့ ပျာပျာသလဲ မေးလိုက်ပါတယ်။

ကျွန်တော်ကလည်း 'ဟုတ်ပါတယ်'လို့ ခပ်ကြောင်ကြောင် ပြန်ဖြေလိုက်ရပါတယ်။

'ဟာ...အကြီးအကျယ် မှားကုန်ပြီပဲ၊ ကျုပ် မစ္စတာအားမီးကို တောင်းပန်ပါတယ်။ မော်ဂန်အာမခံကုမ္ပဏီက လူတွေ ကျုပ်ကို ပြောလိုက်တဲ့ စကားအရ ကျုပ်စိတ်ထဲမှာ ဂျေအားမီးဆိုတာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက် ရှိပြီလို့ သေချာပေါက် တွက်ထားတာကိုး'

'ဒါဆိုရင်လည်း မဆိုးပါဘူး မစ္စတာရိုင်ယန်၊ ဘာလို့လဲဆိုတော့ ကျွန်တော်ဟာ လူ့ပြည်မှာ အချိန်တိုတိုကလေးနဲ့ အကြာကြီး နေခဲ့ရလို့ပါပဲ။ ကဲ... အဲဒီတော့ အခုလာတဲ့ကိစ္စကို ပြောပြပါဦး'

ကျွန်တော်လည်း အခုမှပဲ သဘောပေါက်သွားပါတယ်။ ဖြစ်ပုံက မစ္စတာ ရိုင်ယန်ဟာ အခု ဒီအမှုအတွက် ကျွန်တော့်ဆီ မလာခင် မော်ဂန်အာမခံကုမ္ပဏီ တာဝန်ခံတွေက ကျွန်တော်နဲ့ ပတ်သက်ပြီး ကျွန်တော်ဟာ သိပ်တော်တဲ့အကြောင်း၊ အရည်အချင်း ပြည့်ဝတဲ့အကြောင်း၊ လူကြီးပီသတဲ့အကြောင်းတွေ အားရပါးရ ပြောလွှတ်လိုက်ကြတော့ သူ့စိတ်ထဲမှာ ကျွန်တော်ဟာ အနည်းဆုံး အသက် ၅၀ ကျော် ၆၀ လောက်ရှိပြီလို့ ထင်သွားတာကိုး။ ကျွန်တော့်ကို ကျွန်တော့်အဖေနဲ့ မှားလိုမှား၊ အစ်ကိုတွေနဲ့ မှားလိုမှား ကိုရိုးကားရား ဖြစ်သွားခဲ့တာပါပဲ။ မှားတဲ့အခါလည်း မှားပေမပေါ့လေ။

ဒီလိုနဲ့ အထင်မှား အမြင်မှားတွေ ရှင်းလင်းသွားပြီးတဲ့နောက် မစ္စတာ ရိုင်ယန်က သူလာတဲ့ကိစ္စကို စပြောပါတယ်။ သူပြောတာက 'သူ့မှာ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်။ ဒါပေမဲ့ နာမည်တော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြောပါရစေနဲ့ သူ့နာမည် "ချန်ဒလာ"လို့ပဲ ဆိုပါတော့။ မစ္စတာချန်ဒလာဟာ သူ့ဇနီးနဲ့ ကွဲနေပြီး အခု ကာလီဖိုးနီးယားပြည်နယ်၊ လာဂျိုလာမြို့မှာ ရောက်နေတဲ့ ဇနီးဟောင်းကို လစဉ် စရိတ်ထောက်ပံ့နေရတယ်။ အဲဒါအပြင် သူ့မှာ ဆယ်ကျော်သက်ရွယ် သမီးကလေးနှစ်ယောက် ရှိတယ်။ အဲဒီသမီးနှစ်ယောက်အတွက်လည်း သူ စာရင်းဖွင့်ထားတဲ့ ဘဏ်ကတစ်ဆင့် လစဉ်ထောက်ပံ့ငွေကို သူ့ဇနီးဟောင်း လိပ်စာနဲ့ ပုံမှန်ပို့ပေးခဲ့တယ်။ သမီးတွေကလည်း သူ့အဖေဆီကို မကြာမကြာ လာလည်တတ်ကြတယ်။ ဒါပေမဲ့ အခု သူတို့မလာတာ လေးလကျော် ငါးလလောက် ရှိသွားပြီ။ စာအဆက်အသွယ်လည်း မရ၊ အကျိုးအကြောင်း စုံစမ်းကြည့်တော့လည်း ဘာမှမသိရဘူး။ အဲဒီတော့ ဒီသမီးနှစ်ယောက်အတွက် သူတို့အဖေ မစ္စတာချန်ဒလာဟာ အတော်ကလေး စိုးရိမ်ပြီး စိတ်ပူနေတယ်။ သူတို့နှစ်ယောက် ဘယ်ရောက်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာ အမြန်ဆုံး သိချင်နေတယ်'ဆိုတာတွေကို ရိုင်ယန်က အကျယ်တဝင့် ကျွန်တော့်ကို ပြောပြပါတယ်။

'ချန်ဒလာရော၊ ကျုပ်ရော ဒီကိစ္စအတွက် အတော်ကလေး ဗျာများနေတယ်။ အဲဒီတော့ မောင်ရင် တတ်နိုင်သလောက် ကြိုးစားပြီး ဒီကောင်မလေး နှစ်ယောက် ဘယ်ရောက်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာ အမြန်ဆုံး သိချင်နေ တယ်'ဆိုပြီး ရိုင်ယန်က အကျယ်တဝင့် ကျွန်တော့်ကို ပြောပြပါတယ်။

'ချန်ဒလာရော၊ ကျုပ်ရော ဒီကိစ္စအတွက် အတော်ကလေး ဗျာများနေ ကြတယ်။ အဲဒီတော့ မောင်ရင် တတ်နိုင်သလောက် ကြိုးစားပြီး ဒီကောင်မလေးနှစ်ယောက် ဘယ်မှာရှိနေတယ်ဆိုတာ အမြန်ဆုံး စုံစမ်းပေးစေချင်တယ်'

မစ္စတာရိုင်ယန်က မျက်စိမျက်နှာမကောင်းဘဲ တကယ်လေးနက်တဲ့ အသံနဲ့ ထပ်ပြောလိုက်ပါတယ်။





ဒါနဲ့ ကျွန်တော်လည်း ဒီကိစ္စကို ပြေလည်အောင် အမြန်ဆုံး စုံစမ်းပေးပါမယ်လို့ ပြောလိုက်ပြီး ဒီကောင်မလေးနှစ်ယောက်ရဲ့နာမည်၊ နေရပ်လိပ်စာတွေနဲ့ ဖြစ်နိုင်ရင် သူတို့ဓာတ်ပုံတွေပါ ရချင်ပါတယ်လို့ တောင်းလိုက်ပါတယ်။ ပြီးမှ–

'ဒီကိစ္စအတွက် ကျွန်တော့်ကို အမှုလိုက်ခ ပေးရပါလိမ့်မယ်'လို့ ပြောရင်း တစ်ဆက်တည်း ငွေဘယ်လောက်ဆိုတာပါ ပြောပြလိုက်ပါတယ်။

'အား...ရပါတယ်။ ဒီအတွက် မပူပါနဲ့လေ၊ အမှုပြီးတော့ ကျုပ်ဆီကို ကျသင့်လောက် ငွေတောင်းခံလွှာပို့လိုက်ပေါ့'

အဲဒီတော့ ကျွန်တော်က ကျွန်တော့်ရဲ့ အလုပ်သဘောအရ သတ်မှတ်ထားတဲ့ စည်းကမ်းချက်ကို ပြောပြရပါတယ်။ ကျွန်တော်ဟာ အမှုတစ်ခုကို လက်ခံပြီဆိုရင် ဒီအမှုအတွက် အခကြေးငွေကို အရင်ယူပြီး ငွေရမှ အလုပ်ကို စလုပ်ပါတယ်လို့ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတယ်။ ကျွန်တော့်စကားကြောင့် သူလည်း အတော်အံ့အားသင့်သွားပုံ ရပါတယ်။ အံ့အားသင့်တယ်ဆိုတာထက် စိတ်ထဲက အောင့်သက်သက် ဖြစ်သွားတယ် ဆိုရင် ပိုမှန်ပါလိမ့်မယ်။

'ထားပါလေ... မောင်ရင် တောင်းသလောက် ကျုပ် ဆက်ဆက်ပေးမှာပါ။ အခုပေးတာနဲ့ နောက်မှ ပေးတာပဲ ကွာမှာပါ။ ကျုပ်ကို ငွေရေးကြေးရေး မယုံလို့လား'

ကျွန်တော်ကလည်း မယုံလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အလုပ်သဘောအရ ဒီအတိုင်း စည်းကမ်းလုပ်ထားလို့ပါဆိုတာ ပြောပြရပါတယ်။ ရှင်ဘုရင်ပဲဖြစ်ဖြစ်၊ အနိမ့်ဆုံး လက်လုပ်လက်စား၊ ကုန်သည်ပွဲစားပဲဖြစ်ဖြစ် ဘယ်သူလာလာ ဒီစည်းကမ်းအတိုင်းပါပဲလို့ ရှင်းပြတော့မှ ဘရိုင်ယန်ဟာ ကသိကအောက် မကျေမနပ်တဲ့ပုံစံနဲ့ သူ့အိတ်ထဲက ချက်စာအုပ်ကို ဆွဲထုတ်လိုက်ပါတယ်။ ဒါထက် ပြောရဦးမယ်၊ သူ့ချက်စာအုပ်ကို ကျွန်တော် သတိ



www.burmeseclassic.com

www.burmeseclassic.com



ထားကြည့်လိုက်တော့ ခေါက်ထားချိုးထားလိုက်တာ ဆယ်ချိုးဆယ်ခေါက်လောက် ရှိမလားတောင် မပြောတတ်ပါဘူး။ ပြီးတော့ ဒီချက်စာအုပ်ကို သူကိုင်လာတာ ၂၀ ရာစုနှစ်ရဲ့ ပထမနှစ်ကတည်းကများလားလို့ ထင်မိပါတယ်။ ဟောင်းလှနွမ်းလှပါပြီ။

ရိုင်ယန်ဟာ အဲသလို ချက်စာအုပ်ကို အိတ်ထဲက ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်မှာ သူ့လက်ဖဝါးစောင်းကြီးနဲ့ ဖြန့်လိုက် ဖိလိုက် သုံးလေးခါလောက် လုပ်ပြီးတော့မှ ချက်စာရွက်ပေါ်မှာ သူ့လက်မှတ်ကို ကောက်ထိုးလိုက်ပါတယ်။ ပြီးအဲဒီချက်လက်မှတ်ကို စာအုပ်ထဲက ဆုတ်ယူပြီး ကျွန်တော့်ဆီကို ပစ်ပေးလိုက်ပါတယ်။

'ကဲ...ဟောဒီမှာ ရော့၊ ငွေအရေအတွက်တော့ မောင်ရင် ကြိုက်သလောက် ရေး၊ ထုတ်ချင်သလောက် ထုတ်ပေတော့'

အဲဒီတော့ ကျွန်တော်ကလည်း ထပ်ပြောရပြန်ပါတယ်။ ဒီအမှုမှာ ကျွန်တော် ဘယ်လောက်ယူမယ်ဆိုတာ ပြောထားပြီးသားမို့ ကျွန်တော် တောင်းထားသလောက် လိုချင်ပါတယ်။ ဒီထက်ပိုလည်း မယူချင်ပါဘူး။ လျှော့လည်း မယူချင်ပါဘူးလို့ ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။ ကျွန်တော့်စကားကြောင့် သူက နောက်တစ်ကြိမ် ခိုးလို့ခုလုဖြစ်သွားပုံနဲ့ မေးတဆတ်ဆတ် လှုပ်နေပြီး–

'ကိစ္စမရှိပါဘူး။ ဒီလိုဆိုလည်း မောင်ရင်ပြောတာထက် ဒေါ်လာတစ်ထောင်နှစ်ထောင်လောက် ကျုပ် ပိုရေးပေးခဲ့မယ်။ တကယ်လို့ လိုလာရင် လိုသလို သုံးရတာပေါ့'

ကျွန်တော်လည်း ပထမဆုံးအကြိမ် စိတ်ထဲမှာ ကျွဲမြီးတိုသလို ဖြစ်လာမိပါတယ်။ ဒါနဲ့ ဒီလိုလည်း ကျွန်တော် လက်မခံနိုင်ပါဘူး။ စောစောက ပြောတဲ့အတိုင်း ကျွန်တော့်အတွက် အမှုလိုက်ခ ပေးရမယ့်ငွေကိုသာ ချက်စာရွက်ပေါ်မှာ အတိအကျ ရေးပေးပါ။ ဒါမှ ကျွန်တော် လက်ခံနိုင်ပါ





မယ်လို့ အပြတ်ပြောလိုက် ရပါတယ်။ အဲဒီကျမှပဲ မစ္စတာရိုင်ယန်ဟာ ကျွန်တော့်စိတ်ဓာတ်နဲ့ အလုပ်သဘောကို နားလည်သွားပြီး ချက်စာရွက်ကို ကျွန်တော်တောင်းထားတဲ့အတိုင်း ရေးပေးလိုက်ပါတယ်။ ဒါတောင် သူ့ပါးစပ်က စပိန်လို တစ်ခွန်းပြောလိုက်သေးတယ်။ ကျွန်တော်ကလည်း သူ စပိန်လို ပြောလိုက်တဲ့စကားကို နားလည်နေတော့ အနီးကပ်ဆုံး ဘာသာပြန်ရမယ်ဆိုရင် 'အတော်လက်ပေါက်ကပ်တဲ့ ကောင်ပဲ'တဲ့။ ထားပါတော့ ...ထားလိုက်ပါတော့။

ဒီလိုနဲ့ အမှုအတွက် လိုအပ်တဲ့ အချက်အလက်တွေ ပြောဆိုဆွေးနွေးပြီးကြလို့ မစ္စတာရိုင်ယန် ပြန်သွားတဲ့အခါ ကျွန်တော်လည်း သူနဲ့ ပတ်သက်လို့ သိသင့်သိထိုက်တာတွေကို ချက်ချင်းပဲ စုံစမ်းကြည့်ပါတယ်။ ဒါကတော့ လုပ်ရိုးလုပ်စဉ်ပါပဲ။ ကျွန်တော့်ဆီကို တစ်ခါမှ မလာဖူးဘဲနဲ့ ကြိုတင် အကြောင်းမကြားဘဲ ရုတ်တရက် ရောက်လာတဲ့ ဧည့်သည်တွေကို ဒီလိုပဲ "ပြန်လှန်စုံစမ်းမှု"တွေ အမြဲလုပ်လေ့လုပ်ထ ရှိပါတယ်။ ဒီလူတွေဟာ ကျွန်တော့်အတွက် လောလောဆယ် အန္တရာယ်ပေးလာမယ့် အလားအလာ ရှိမရှိ သိထားဖို့ လိုတယ်မဟုတ်လား။ ပြီးတော့ ဒီ မစ္စတာတွမ်ရိုင်ယန်ဆိုတဲ့ လူကြီးကို ကျွန်တော့်စိတ်ထဲမှာ တယ်ပြီး ဘဝင်မကျချင်ဘူး။ သူပြောသွားပုံတွေနဲ့ သူလုပ်သွားပုံတွေဟာ ခပ်ကြောင်ကြောင်နဲ့ ခပ်ဆန်းဆန်း ဖြစ်နေသလားလို့ပါ။

ဒါနဲ့ ကျွန်တော်တို့အတွက် ဒီလိုမမျှော်လင့်ဘဲ ရောက်လာတဲ့ ဧည့်သည်တွေ၊ အမှုသည်တွေကို ပြန်လှန်စစ်ဆေးတဲ့ အလုပ်ဟာ ဘာမှမခဲယဉ်းပါဘူး။ လုပ်နေကျအလုပ်လည်း ဖြစ်ပြန်၊ လိုအပ်တဲ့ အချက်အလက်တွေကလည်း ရှိပြီးသားဆိုတော့ နာရီပိုင်းအတွင်း ကျွန်တော်တို့ သိချင်တာတွေ သိခဲ့ရတာပါပဲ။ အခုလည်း မစ္စတာရိုင်ယန်နဲ့ ပတ်သက်လို့ သူ့နောက်ကြောင်းရာဇဝင်နဲ့ သူဟာ ဘယ်လိုလူစားမျိုးဆိုတာ ကျွန်တော်တို့ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ စုံစမ်းလို့ ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ ပတ်သက်တဲ့ အခြေခံအချက်အလက်တွေ ကျွန်တော်တို့ဆီမှာ ရှိနေပြီးသားမို့လို့ပါပဲ။

အခုကြည့်လေ...။ ကျွန်တော်နဲ့တွေ့ပြီး မစ္စတာရိုင်ယန် ပြန်ထွက်သွားတဲ့အချိန်မှာ ကျွန်တော်တို့ဟာ သူ့ဓာတ်ပုံလည်း ရလိုက်ပြီ၊ သူ့ရုပ်လက္ခဏာ ပုံပန်းသဏ္ဌာန်နဲ့ သူ့အသက် (ခန့်မှန်းချေ)၊ သူ့နေရပ်လိပ်စာ (သူပြောသွားတဲ အတိုင်း အမှန်ဆိုရင်ပေါ့လေ) ပြီးတော့ သူစီးလာတဲ့ ကားနံပါတ်၊ ဒါတွေ၊ ဒါတွေကို ကျွန်တော်တို့ သိလိုက်ရပြီဆိုတော့ ကျန်တဲ့ အချက်အလက်တွေကို စုံစမ်းလို့ လွယ်သွားပါပြီ။ ဥပမာ– သူ့ရဲ့ မွေးစာရင်းမှတ်တမ်း၊ အိမ်ထောင်ရှိမရှိ၊ လင်မယားကွဲနေရင် ကွဲနေတဲ့အကြောင်း၊ သူလုပ်နေတဲ့ အလုပ်အကိုင်၊ သူနဲ့ပတ်သက်လို့ ရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့ မှတ်တမ်းရဲအဖွဲ့မှာ ရှိမရှိ စတဲ့ သူ့နောက်ကြောင်းရာဇဝင်ကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေကို ဖုန်းဆက်ပြီး မေးလိုက်ရုံနဲ့ အတော်ကလေး ပြည့်ပြည့်စုံစုံ သိနိုင်ပါတယ်။ ဒီနေရာမှာ တကယ်လို့ လိုအပ်လာရင် "အင်တာပိုလ်"ဆိုတဲ့ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ဝင်တစ်ဦးဖြစ်နေတဲ့ ကျွန်တော်ဟာ ကျွန်တော်သိချင်တဲ့ ရဲအဖွဲ့တွေကတစ်ဆင့် စုံစမ်းကြည့်နိုင်ပါသေးတယ်။ ဒီလိုစုံစမ်းခဲ့ရတာတွေလည်း ရှိခဲ့ဖူးပါတယ်။

ကျွန်တော်ဟာ မစ္စတာရိုင်ယန်နဲ့ ပတ်သက်လို့ သိသင့်သိထိုက်တာတွေကို စုံစမ်းပြီးတဲ့နောက် ကျေနပ်လောက်တဲ့ အဖြေရခဲ့တဲ့အတွက် သူလာအပ်တဲ့ အမှုကို စပြီးစုံစမ်းဖို့ ခရီးထွက်လာခဲ့ပါတယ်။

ပထမဆုံး ကျွန်တော် ရောက်လာခဲ့တာက စန်ဒီဂိုမြို့ပါပဲ။ အဲဒီကမှ တစ်ဆင့်ကားငှားပြီး အမှတ် ၅၊ အဝေးပြေး လမ်းမကြီးအတိုင်း "လာဂျိုလာ" မြို့ဘက်ကို မောင်းထွက်လာခဲ့ပါတယ်။ မစ်ရှင်ဘေးလို့ခေါ်တဲ့ ပင်လယ်အော်ထဲမှ ပင်လယ်ရေပြင်ကြီးဟာ ပြန့်ပြူးငြိမ်သက်ပြီး စိမ်းပြာရောင် သင်ဖြူးကြီး တစ်ချပ် ခင်းထားသလို ဖြစ်နေပါတယ်။ တစ်ချက်တစ်ချက် ဝေ့ဝိုက်ပြီး





တိုက်လိုက်တဲ့ ကမ်းရိုးတန်းလေပွေကလေးဟာ တစ်ချီတစ်ချီမှာ အရှိန်ခပ်ပြင်းပြင်းကလေး ကားမောင်းနေတဲ့ ကျွန်တော့်မျက်နှာကို လာမှန်ပြီး စပ်ဖျဉ်းဖျဉ်းကလေး ဖြစ်သွားပါတယ်။ တစ်နေရာရောက်တော့ ကျွန်တော်ဟာ လမ်းဘေး ဓာတ်ဆီဆိုင်ကလေးတစ်ခုမှာ ဓာတ်ဆီဝင်ဖြည့်ရင်း အဲဒီ ဓာတ်ဆီဆိုင်နဲ့ ကပ်နေတဲ့ ကက်ဆက်ခွေဆိုင်ကလေးက ကက်ဆက်နှစ်ခွေ သုံးခွေ ဝယ်လာခဲ့ပါတယ်။ အဲဒီနောက် ကျွန်တော်ဟာ တစ်လမ်းလုံး သီချင်းသံ၊ ဂီတသံကလေး တအေးအေးနဲ့ ငြိမ့်လာပြီး ကျွန်တော်ရထားတဲ့ သီချင်းပါလာရင် ကိုယ်တိုင် ဝင်ဆိုမိအောင် ဆိုလိုက်ပါသေးတယ်။ မှန်တာပြောရရင် ကျွန်တော့်အတွက် ဒီလိုကားပေါ်မှာသာ သီချင်းဆိုခွင့် ရှိပါတယ်။ အိမ်မှာ တစ်ခါတလေ သတိမေ့ပြီး သီချင်းဆိုမိရင် ကျွန်တော့်ဇနီး လင်ဒါက ကျွန်တော့်အသံဟာ 'ငှက်ဆိုးထိုးတဲ့အတိုင်းပဲ' ဆိုပြီး ဩဘာပေးလေ့ ရှိပါတယ်။

ဒီလိုနဲ့ "လာဂျိုလာ"မြို့ရောက်တော့ ကျွန်တော့်ဆီမှာ ပါလာတဲ့ လိပ်စာအတိုင်း မစ္စတာချန်ဒလာရဲ့ ဇနီးဟောင်းနေတဲ့အိမ်ကို ဆိုးလ်ဒက်ပန်းခြံရပ်ကွက်မှာ လိုက်ရှာပါတယ်။ အရင်က မစ္စက်ချန်ဒလာဟာ အခုတော့ နောက်အိမ်ထောင်ကျပြီး မစ္စက်ဝီလ်ဆင်ဘဝ ရောက်နေပြီလို့ သိရပါတယ်။ သူနေတဲ့အိမ်ကို ရှာတွေ့တာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ ထုံးစံအတိုင်း ဒီအိမ်ပတ်ဝန်းကျင်တစ်ဝိုက်မှာ စုံစမ်းလေ့လာပြီး စနည်းနာတော့တာပါပဲ။

အဲဒီမှာ ကျွန်တော် သေသေချာချာ သိခဲ့ရတာက မစ္စက်ဝီလ်ဆင်ရဲ့ အခြေအနေဟာ သိပ်မကောင်းဘဲ၊ သူရော သူ့သမီးနှစ်ယောက်စလုံး အတော်ကလေး ပျက်စီးနေကြတယ်လို့ ဆိုပါတယ်။ အခြေအနေ မကောင်းဘူး၊ ပျက်စီးနေကြတယ်ဆိုတာက ဒီလိုပါ။ မစ္စတာချန်ဒလာဟာ သူတို့သားအမိကို လစဉ် ငွေအတော်များများ ထောက်ပံ့ခဲ့ပါတယ်။ ကျွန်တော် လေ့လာစုံစမ်းသိရသလောက် မစ္စတာချန်ဒလာဟာ သူ့သမီးနှစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လစဉ် ဒေါ်လာ ၂၆၀၀ဝစီ မှန်မှန် ပို့ပေးခဲ့တယ်လို့ အတွင်းသိလူတစ်ယောက်က ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီကြားထဲကပဲ သူတို့သားအမိ သုံးယောက်စလုံးဟာ စည်းမရှိ ကမ်းမရှိ သုံးချင်သလိုသုံး၊ ဖြုန်းချင်သလို ဖြုန်းနေကြလို့ အမြဲတမ်း ငွေရေးကြေးရေး ပြဿနာ တက်နေကြတယ်လို့ သိရပါတယ်။ အဆိုးဆုံးကတော့ အမေဖြစ်တဲ့ မစ္စက်ဇီလ်ဆင်ဟာ အရက်ကို မိုးမလင်းအောင်သောက်ပြီး အမြဲတမ်း မူးနေတယ်ဆိုတဲ့ အကြောင်းပါပဲ။ ဆယ်ကျော်သက်ရွယ် သမီးနှစ်ယောက်ကလည်း အမေကိုယ်တိုင်က အရက်သမားလုံးလုံးကြီး ဖြစ်နေတော့ သူတို့လည်း နေချင်ရာနေ၊ သွားချင်ရာသွား၊ ဖြစ်ချင်ရာဖြစ် နေခဲ့ကြတယ်လို့ ဆိုပါတယ်။

ကျွန်တော်ရောက်သွားတဲ့ အချိန်မှာတော့ အဲဒီသမီးနှစ်ယောက်စလုံးဟာ အိမ်က ထွက်ပြေးသွားကြပြီလို့ အတိအကျ သိရပါတယ်။ တစ်ယောက်က ကနေဒါနိုင်ငံဘက်ကို ထွက်သွားတယ်လို့ သိရပြီး၊ နောက်တစ်ယောက်ကတော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတောင် မသိဘူးလို့ ပြောကြပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ အဲဒီလာဂျိုလာမြို့ကနေပြီး မစ္စတာတွမ်ရိုင်ယန်ရှိနေတဲ့မြို့ကို ဖုန်းလှမ်းဆက်ပြီး အဲဒီကောင်မလေးနှစ်ယောက်အကြောင်း ကျွန်တော် စုံစမ်းသိရသလောက် သတင်းပို့လိုက်ပါတယ်။ အဲဒီတော့ မစ္စတာရိုင်ယန်က 'ဒီလိုဆိုရင် အဲဒီသတင်းအတိုင်း မောင်ရင် ဆက်စုံစမ်းပေးပါ။ ကောင်မလေးတွေကို အမြန်ဆုံးတွေ့အောင် ရှာပေးပါ။ သူတို့ဘယ်ရောက်နေတယ်။ ဘာလုပ်နေတယ်ဆိုတာ ကျုပ်တို့ သိချင်တယ်။ ကျုပ်ပြောတာကြားရဲ့မဟုတ်လား' လို့ တယ်လီဖုန်းထဲက ပြန်ပြောခဲ့ပါတယ်။

ဟုတ်ပါတယ်။ သူပြောတာ ကျွန်တော် ကောင်းကောင်း ကြားပါတယ်။ ကြားရတာမှ တယ်လီဖုန်းထဲမှာ သူ့လေသံဟာ မာရေကျောရေနဲ့ အလောသုံးဆယ် ဖြစ်နေပါတယ်။ အမဲလိုက်ရာမှာ ခလုတ်နှိပ်လိုက်ရုံနဲ့ သားကောင်ကို တွေ့ရမယ့် ပုံစံမျိုးလို ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ ဖြစ်နေပါ





တယ်။ တကယ်တော့ အိမ်ပြေးကလေးတွေကို လိုက်ရှာရတယ်ဆိုတဲ့ အလုပ်ဟာ မလွယ်ကြောပါ။

ဒါ့ကြောင့် ကျွန်တော်က ဒီကောင်မလေး နှစ်ယောက်ကို တွေ့အောင် လိုက်ရှာဖို့ ကျွန်တော်တစ်ယောက်တည်းနဲ့ မဖြစ်ဘူး။ စန်ဒီဂိုမြို့ကို ပြန်ပြီး ကျွန်တော့်လူတွေကို အကူအညီပြန်ခေါ်ရလိမ့်ဦးမယ်လို့ မစ္စတာရိုင်ယန်ကို ပြန်ပြောလိုက်ရပါတယ်။

ဒီလိုနဲ့ ပထမက ရိုးရိုးစင်းစင်းနဲ့ လွယ်လွယ်ပဲလို့ ထင်ရတဲ့ အမှုဟာ အခုတော့ တဖြည်းဖြည်းနဲ့ ကြီးကျယ်မှန်းမသိ ကြီးကျယ်လာနေပါတယ်။ တစ်ခုခက်တာက ဒီအရွယ်ကလေးတွေဟာ လူကြီးတွေလို ရဲအဖွဲ့တွေမှာ ကိုယ်ရေး ရာဇဝင်တွေ မှတ်တမ်းတွေ ရှိသေးတာ မဟုတ်တော့ ခြေရာခံရတာ သိပ်မလွယ်လှပါဘူး။ ပြီးတော့ သူတို့တစ်တွေဟာ အိမ်က ထွက်ပြေးပြီဆိုတာနဲ့ စိတ်သွားတိုင်း ကိုယ်ပါဆိုတဲ့ စကားလို စိတ်လွတ်ကိုယ်လွတ် သွားချင်ရာ သွား၊ လာချင်ရာ လာ၊ ကြုံရာအရပ်မှာ ကြုံသလိုအိပ်၊ ကြုံသလိုစား၊ ကြုံသလိုနေပြီး ကြုံရာလူနဲ့ ပေါင်းဖို့ ဝန်မလေးတော့ဘူး မဟုတ်လား။ အထူးသဖြင့် ဆယ်ကျော်သက်ရွယ် မြီးကောင်ပေါက် ကောင်မလေးတွေဆိုရင် ပိုဆိုးတာပေါ့။ ရုပ်ရည်ကလေး သနားကမားနဲ့ဆိုရင် လမ်းမှာ ဘယ်ကားစီးစီး၊ ကြုံရာကားကို ကြုံသလို စီးသွားလို့ ဖြစ်နေတာပဲ။ သူတို့လိုဟာမျိုးလေးကို ကားကြုံတင်ခေါ်သွားချင်တဲ့ ကားသမားတွေက အပုံ။ တချို့ချိုး ကားကြုံတောင် မဟုတ်ပါဘူး။ ဘယ်လောက်ဝေးဝေး သွားချင်တဲ့ နေရာထိတောင် လိုက်ပို့ပေးပါလိမ့်ဦးမယ်။ အဲ...နောက်မှ အဲဒီကားပေါ် ပါသွားတဲ့ မိန်းကလေးဟာ ဘယ်ရောက်ပြီး ဘာဖြစ်မယ်ဆိုတာတော့ ဘယ်သူမှ မသိနိုင်ဘူးလေ။ ဒါတော့ ဘုရားသခင်မှ သိမှာပေါ့။

ဒါနဲ့ ကျွန်တော်လည်း စန်ဒီဂိုမြို့ကို ချက်ချင်းပြန်လာခဲ့ပြီး အဲဒီမှာရှိတဲ့ ကျွန်တော့်လူတွေရဲ့ အကူအညီနဲ့ 'ကွပ်ကဲရေးစခန်း' တစ်ခုကို အဲဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်ပါတယ်။ အဲဒီကမှတစ်ဆင့် အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးမှာ ရှိနေတဲ့ ကျွန်တော့်ကိုယ်စားလှယ်တွေနဲ့ အဆက်အသွယ် လုပ်ခဲ့ပါတယ်။

တကယ်တော့ ကျွန်တော့်မှာ အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးသာ မကပါဘူး။ ကမ္ဘာတစ်ဝန်းလုံးမှာပါ ကိုယ်စားလှယ်တွေ ရှိနေပါတယ်။ တကယ်လို့ ကိုယ်စားလှယ်မရှိတဲ့ မြို့ဆိုရင် အဆက်အသွယ်တွေ ရှိပါတယ်။ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ စင်ကာပူ အစရှိတဲ့ နိုင်ငံအားလုံးမှာ ကိုယ်စားလှယ်ဖြစ်စေ၊ အဆက်အသွယ်ဖြစ်စေ အနည်းဆုံး တစ်ယောက်တော့ ရှိတာချည်းပါပဲ။ သူတို့ဆီကို တယ်လီဖုန်းတစ်ချက် ကောက်လှည့်လိုက်တာနဲ့ ကျွန်တော်သိချင်တဲ့အကြောင်း ချက်ချင်းသိရပြီး ကျွန်တော် လိုချင်တဲ့ အကူအညီကိုလည်း ချက်ချင်းရနိုင်ပါတယ်။

ဒီမှာ "အေးဂျင့်"ဆိုတဲ့ "ကိုယ်စားလှယ်"နဲ့ "ကွန်တက်"ဆိုတဲ့ "အဆက်အသွယ်"ကို ကျွန်တော် ကွဲပြားအောင် ခွဲခြားပြီး ရှင်းပြချင်ပါသေးတယ်။ ဥပမာဆိုပါတော့၊ ကျွန်တော့်ရဲ့ အလွတ်စုံထောက်အဖွဲ့လုပ်ငန်းအနေနဲ့ အမေရိကန်အပါအဝင် တစ်ကမ္ဘာလုံးမှာ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၄၀၀ ကျော် ရှိပါတယ်။ ဒါပေမဲ့ ဒီကိုယ်စားလှယ်တွေ အားလုံးဟာ အချိန်ပြည့်လစာ အခကြေးငွေနဲ့ လုပ်နေကြတဲ့လူတွေ မဟုတ်ပါဘူး။ အကြောင်းကိစ္စ တစ်ခုခု အမှုတစ်စုံတစ်ရာ ရှိလာမှ ကျွန်တော်လိုတဲ့ အကူအညီ၊လိုတဲ့ အချက်အလက် အကြောင်းအရာတွေကို သူတို့က ရှာဖွေစုံစမ်း ထောက်လှမ်းပေးကြရပါတယ်။ အဲဒီအတွက် အဲဒီကျမှ သင့်တော်တဲ့ အခကြေးငွေကို ပေးရပါတယ်။ သူတို့အတွက် ဒီပုံစံမျိုးနဲ့ လုပ်မှပဲ ကိုက်ပါတယ်။ ဒီလိုမှ မလုပ်ရင် ကျွန်တော့်ဆီက ကျွန်တော် ခိုင်းမယ့်အလုပ်ကို ထိုင်စောင့်နေကြမယ့် တစ်ကမ္ဘာလုံးက ကျွန်တော့် ကိုယ်စားလှယ် ၂၄၆၂ ယောက်စလုံးကို ပုံမှန်လခပေးနေရတာနဲ့ ကျွန်တော့်မှာ တက်တက်ပြောင်အောင် မွဲသွားနိုင်ပါတယ်။

နောက်တစ်ခု "ကွန်တက်"ဆိုတဲ့ "အဆက်အသွယ်"က တစ်မျိုးပါ။





ကိုယ်စားလှယ်နဲ့ မတူပါဘူး။ ဒီလူတွေကတော့ အမှုကိစ္စတစ်ခုခုနဲ့ ပတ်သက်ပြီး ကျွန်တော်လိုအပ်တဲ့ အကြံဉာဏ်တွေ၊ အချက်အလက်တွေ၊ အထောက်အထားတွေကို ရှာဖွေပေးကြတဲ့ လူတွေပါပဲ။ ကျွန်တော်ဟာ နိုင်ငံတကာမှာရှိနေကြတဲ့ ရဲအဖွဲ့တွေ၊ စုံထောက်အဖွဲ့တွေ၊ ထောက်လှမ်းရေးအဖွဲ့တွေနဲ့ တရားဥပဒေအဖွဲ့တွေ အတော်များများကို ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အကူအညီတွေ ပေးခဲ့ဖူးပါတယ်။ အဲဒီအတိုင်း သူတို့ဆီကိုလည်း ကျွန်တော် လိုအပ်တဲ့ အကူအညီတွေတောင်းခဲ့ဖူးပါတယ်။ သူတို့က ပေးလည်း ပေးခဲ့ကြပါတယ်။ ဒီလူတွေ ဒီအဖွဲ့အစည်းတွေဟာ ကျွန်တော့် "အဆက်အသွယ်"တွေပါပဲ။ အပြန်အလှန်အားဖြင့် ကျွန်တော်ဟာလည်း အမေရိကန်ပြည်ထောင်စုမှာ သူတို့ရဲ့ "အဆက်အသွယ်"လို့ ဆိုနိုင်ပါတယ်။ ဒီနည်းနဲ့ အတ္တဟိတ–ပရဟိတ၊ သူ့အကျိုး၊ ကိုယ့်အကျိုးကို ဆောင်ရွက်ပေးနေကြတာပါပဲ။ ဒါလောက် ရှင်းပြရင် နားလည် သဘောပေါက်လောက်ပါပြီ။

ဒီလိုနဲ့ ကျွန်တော် ကျွန်တော့်ကိုယ်စားလှယ်တွေနဲ့ ကျွန်တော့်အဆက်အသွယ်တွေရဲ့ အကူအညီကို ယူပြီး တစ်လနီးပါးလောက် မနားမနေကြိုးကြိုးစားစား စုံစမ်းထောက်လှမ်းပြီးတဲ့နောက် မစ္စတာချန်ဒလာရဲ့ သမီးနှစ်ယောက်ထဲက "ဂျူလီ"ဆိုတဲ့ အငယ်မကို အတိအကျ ခြေရာခံမိပါတယ်။ ဒီလို တစ်မြို့ပြီးတစ်မြို့၊ တစ်နယ်ပြီးတစ်နယ် ခြေရာခံမိရာက ဒီကောင်မလေးဟာ နောက်ဆုံး ကနေဒါနိုင်ငံ ရောက်နေပြီဆိုတာ သေချာပေါက် သိခဲ့ကြရပါတယ်။ ဒါတင်မကပါဘူး၊ အဲဒီဂျူလီဟာ ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်က ဗစ်တိုရီးယားမြို့၊ စီဒါဟစ်လ်ဆိုတဲ့ တောင်ကုန်းရပ်ကွက်မှာ နေတယ်ဆိုတာပါ အတိအကျ သတင်းရခဲ့ပါတယ်။ နောက်တစ်ယောက် "ဆာသီ"ဆိုတဲ့ အကြီးမကိုလည်း မကြာခင် ခြေရာခံလို့ ရခဲ့ပါတယ်။ သူကတော့ ဥရောပတိုက် ဟော်လန်နိုင်ငံ၊ သိဟိတ်မြို့အထိ ရောက်သွားတယ်လို့ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က နောက်ဆုံးရတဲ့ သတင်းတွေကို ထုံးစံအတိုင်း မစ္စတာရိုင်ယန်ဆီ ဖုန်းဆက်အကြောင်းကြားပါတယ်။

'ဒါဆိုရင် ဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ အကြီးမကေသီရဲ့ အမေ့ဘက်က ဆွေမျိုးတွေဟာ သီဟိုတ်မြို့မှာ ရှိတယ်။ ကေသီ့အဘိုးအဘွားတွေ ကိုယ်တိုင်က ဒတ်ချ်လူမျိုးတွေပဲ'လို့ မစ္စတာရိုင်ယန်က ကျွန်တော့်ကို ပြန်ပြောပါတယ်။ ပြီးမှ သူက 'ဒီတိုင်းဆိုရင် မောင်ရင် ဟော်လန်နိုင်ငံကို လိုက်သွားပြီး ဒီကောင်မလေးကို ခေါ်ခဲ့ပါ'လို့ ပြောပြီး၊ တအောင့်လောက်အကြာမှာ 'မောင်ရင့်မှာ နောက်ထပ် ငွေလိုဦးမလား'လို့ မေးလိုက်ပါတယ်။ ကျွန်တော်က သူ ကျွန်တော့်ကို ဒီအမှု လာအပ်တဲ့နေ့က အဖြစ်အပျက်ကို ပြေးသတိရပြီး ပြုံးလိုက်မိပါတယ်။ ပြီးမှ 'ဖြစ်ပါတယ်၊ မလိုပါဘူး'လို့ ပြန်ပြောလိုက်ပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော်တို့ အဓိက အရေးအကြီးဆုံး လိုအပ်နေတာ ကေသီရဲ့အဖေ မစ္စတာချန်ဒလာဆီက ကေသီကို ဟော်လန်နိုင်ငံက အမေရိကကို ခေါ်လာဖို့အတွက် ဥပဒေကြောင်းအရ "ပါဝါလွှဲစာ" ရဖို့ပါ။ ဒါနဲ့ပတ်သက်လို့ မစ္စတာရိုင်ယန်က 'ဘာမှ စိတ်မပူပါနဲ့၊ ချန်ဒလာရဲ့ အဲဒီပါဝါလွှဲစာကို လော့အိန်ဂျလိစ်မြို့မှာ ရှိနေတဲ့ သူ့ရှေ့နေတစ်ယောက်ဆီကတစ်ဆင့် အမြန်ဆုံး ပို့ပေးနိုင်အောင် စီစဉ်ပေးပါမယ်'လို့ ပြောပါတယ်။ သူပြောတဲ့အတိုင်းပါပဲ။ နောက်တစ်နေ့ကျတော့ ဟော်လန်နိုင်ငံကို ကျွန်တော် စီးနင်းလိုက်ပါသွားမယ့် လေယာဉ်မထွက်ခင် တစ်နာရီလောက်အလိုမှာ အဲဒီရှေ့နေဟာ လော့အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကျွန်တော်နဲ့ လာတွေ့ပြီး မစ္စတာချန်ဒလာရဲ့ ကိုယ်စားလှယ် "ပါဝါလွှဲစာ"နဲ့ တခြား လိုအပ်တဲ့ အထောက်အထား စာရွက်စာတမ်းတွေကိုပါ ပေးပါတယ်။ အဲဒီနောက် မကြာခင်မှာပဲ ကျွန်တော်ဟာ ဟော်လန်နိုင်ငံ၊ 'အမ်စတာဒမ်မြို့'ကို လေယာဉ်နဲ့ လိုက်ပါလာခဲ့ပါတယ်။





မှန်တာပြောရရင် ဟော်လန်နိုင်ငံရဲ့မြို့တော် အမ်စတာဒမ်ဟာ ကမ္ဘာပေါ်မှာ ကျွန်တော်သဘောအကျဆုံး၊ အကြိုက်ဆုံးမြို့တွေထဲမှာ တစ်မြို့အပါအဝင် ပါပဲ။ အရောင်အသွေးမျိုးစုံနဲ့ အမြဲတမ်း မွှေးရနံ့ထုံနေတဲ့ အမ်စတာဒမ်မြို့တော်ရဲ့ "ပန်းခင်းဈေး"ဟာ အင်မတန် နာမည်ကြီးပါတယ်။ ဝါတာလူးပလိန်းမြစ်ပေါ်မှာ ဖြတ်ကျော်ပြီး ဆောက်ထားတဲ့ ဖလီးမတ်ကက်ဈေးကြီးကလည်း ဟိန်းနေတာပါပဲ။ မြို့လယ်ကောင်က လမ်းဘေးပလက်ဖောင်းမှာ အစီအရီရှိနေကြတဲ့ စားသောက်ဆိုင်ကလေးတွေကလည်း ခဏတစ်ဖြုတ် အပန်းဖြေနားနေရင်း အစားအသောက်မျိုးစုံကို အရသာရှိရှိနဲ့ အေးအေးဆေးဆေး စားလို့၊ သောက်လို့ အင်မတန်ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီတစ်ခေါက် အမ်စတာဒမ်မှာ ဒါတွေနဲ့ မိမ်မခံနိုင်ခဲ့ပါဘူး။ အိမ်ပြေးမလေး ကေသီကို အချိန်မနှောင်းမီ တွေ့အောင်ရှာရမယ့် တာဝန်ကြီးက ရှိနေသေးတယ် မဟုတ်လား။

ကျွန်တော်ဟာ အမ်စတာဒမ်လေဆိပ်ကို ရောက်ရောက်ချင်း ဖို့ဒ်ကားတစ်စီးကို ငှားပြီး သီဟိုတ်မြို့ကို တောက်လျှောက် မောင်းလာခဲ့ပါတယ်။ သီဟိုတ်မြို့ကို သွားရာမှာ အမ်စတာဒမ်မြို့ထဲကို ဖြတ်ပြီး မောင်းရပါတယ်။ ကျွန်တော်ဟာ ဖြောင့်တန်းနေတဲ့ ဒီလမ်းမကြီးကို အရင်ကလည်း ဖြတ်သွားဖူးနေတော့ အမှတ် အသားမျိုးစုံ၊ သင်္ကေတမျိုးစုံနဲ့ အရောင်မျိုးစုံ ခြယ်ထားတဲ့ လမ်းဘေးတစ်လျှောက်က မော်တော်ယာဉ်အချက်ပြ ဆိုင်းဘုတ်တွေရဲ့ အဓိပ္ပာယ်ကိုလည်း ကောင်းကောင်းကြီး နားလည်နေပါပြီ။

သီဟိုတ်မြို့ကတော့ လှတယ်လို့ မဆိုနိုင်ပါဘူး။ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး အထူးသဖြင့် ရေနံတင်ပို့တဲ့ ဆိပ်ကမ်းမြို့ဆိုတော့ မြို့ရဲ့အလှအပ အင်္ဂါရပ်တွေ ပြည့်ပြည့်စုံစုံ ခမ်းခမ်းနားနား မရှိလှပါဘူး။ ဒါပေမဲ့ အဲဒီမြို့က အိမ်တွေ အတော်များများဟာ ရှေးခေတ်ကာလကတည်းက "ဂေါ်သစ်" လက်ရာဗိသုကာပုံစံမျိုးနဲ့ ဆောက်ထားခဲ့ကြတာမို့ အနုပညာရှင်တွေအတွက် မျက်စိကျစရာတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့မှာ ရောက်နေတဲ့ အိမ်ပြေးမလေးကေသီဟာ ဆိပ်ကမ်းကို သွားတဲ့ လမ်းဘေးက အိမ်တစ်အိမ်မှာ ရှိနေတယ်လို့ အတိအကျ သိရပါတယ်။ ပထမ ဆုံး ကျွန်တော့်အလုပ်က ဒပ်ချ်ရဲအဖွဲ့နဲ့ ဆက်သွယ်တဲ့အလုပ်ပါပဲ။ ဒီနေရာမှာ စကားမစပ်တစ်ခု ပြောလိုက်ရဦးမယ်။ ဟော်လန်ဒပ်ချ်ရဲအဖွဲ့ကို "တော်ဝင်ရဲအဖွဲ့"လို့ ခေါ်ကြပါတယ်။ ဒီနေ့အထိ ဘုရင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ အင်္ဂလန်က ကမ္ဘာကျော် ရဲအဖွဲ့ကြီးကိုတောင် "တော်ဝင်ရဲအဖွဲ့ကြီး"လို့ မခေါ်ဘဲ ဟော်လန်က ဒပ်ချ်ရဲအဖွဲ့ကျမှ ဘယ်လိုလုပ်ပြီး ဒီနာမည်ရနေတယ်ဆိုတာ ကျွန်တော်ဖြင့် လုံးဝ စဉ်းစားလို့ မရပါဘူး။

ဒါနဲ့ အဲဒီဒပ်ချ်ရဲအဖွဲ့က ကျွန်တော်ထုတ်ပြတဲ့ ချန်ဒလာရဲ့ ပါဝါလွှဲစာနဲ့ တရားဝင်အထောက်အထား စာရွက်စာတမ်းတွေကို စစ်ဆေးကြည့်ပြီး ကျွန်တော့်ကို လိုအပ်သမျှ ကူညီဖို့ စုံထောက်တစ်ယောက်ကို ထည့်ပေးလိုက်ပါတယ်။ အဲဒီစုံထောက်နာမည်က "ဂျက်ဆမ်းမားဝစ်လ်"လို့ ခေါ်ပါတယ်။ အိမ်ပြေးမလေး ကေသီကို သွားရှာတဲ့နေရာမှာ သူက မြို့ခံရဲအရာရှိအနေနဲ့ ကူညီဖို့ပါပဲ။

ကျွန်တော် ကြိုတင်စုံစမ်းရရှိထားတဲ့ လိပ်စာအတိုင်း ကေသီကို ဆိုင်ဘ်ဆိုက်မြိုက်မြိုက် တွေ့ခဲ့ပါတယ်။ ကေသီဟာ အသက် ၁၆ နှစ်လောက်ပဲ ရှိပါလိမ့်မယ်။ မျက်နှာကလေးကလည်း ချစ်စရာပါပဲ။ ငွေရောင်တောက်ပြီး ရှည်လျားပျော့ပြောင်းတဲ့ သူ့ဆံပင်ဟာ ခုခေတ်မိန်းကလေးတွေရဲ့ ပုံစံအတိုင်း မျက်နှာတစ်ခြမ်း အုပ်နေပါတယ်။ ပထမတော့ ကေသီက ကျွန်တော်နဲ့ ပြန်မလိုက်နိုင်ဘူးဆိုပြီး အကြောက်အကန် ငြင်းပါသေးတယ်။ ဒါပေမဲ့ သူ့အဖေရဲ့ ပါဝါလွှဲစာကို ပြပြီး ကျွန်တော်က ချော့လိုက်၊ စုံထောက် ဆမ်းမားဝစ်လ်က ခြောက်လိုက်နဲ့ အတော်ကလေးကြာအောင် နှစ်ယောက်ညှပ်ပြီး စိတ်ဓာတ်စစ်ဆင်ရေး လုပ်လိုက်တော့မှ နောက်ဆုံး သူ့အဖေဆီ ပြန်လိုက်ပါတော့မယ်လို့ ကတိပေးပါတယ်။





အားလုံး ကိစ္စပြီးလို့ ချောချောမောမော ဖြစ်သွားတော့ ကျွန်တော်လည်း သိဟိတ်မြို့က အမ်စတာဒမ်ကို လေယာဉ်အချိန်မီအောင် ချက်ချင်း ပြန်ထွက်လာခဲ့ပါတယ်။ အပြန်မှာတော့ ကျွန်တော်ဟာ ကေသီ့လက်ကို ကျွန်တော့်လက်နဲ့ တွဲပြီး လက်ထိပ်ခတ် ခေါ်လာခဲ့ရတာမို့ ဒပ်ချ်ရဲကြပ်ကြီး တစ်ယောက်က ကျွန်တော်ငှားလာတဲ့ ဖို့ဒ်ကားကို မောင်းပို့ပါတယ်။ ကျွန်တော်တို့မှာ အမ်စတာဒမ်လေဆိပ်ကို အချိန်တစ်နာရီနီးပါးလောက် စောပြီး ရောက်သွားကြပါတယ်။

လိုက်ပို့တဲ့ ရဲကြပ်ကြီးက ကျွန်တော်ငှားလာတဲ့ ကားကို သူပဲ ပြန်အပ်ပေးပါမယ်ဆိုပြီး မောင်းထွက်သွားတော့ လေဆိပ်မှာ ကျွန်တော်နဲ့ ကေသီဟာ တခြားခရီးသည်တွေနဲ့ ကျန်ရစ်ခဲ့ကြပါတယ်။ လက်ထိပ်ကတော့ တွဲခတ်ထားရတုန်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ပြေးကလေးတွေဟာ သိပ်စိတ်မချရဘူး မဟုတ်လား။

ဒီလိုနဲ့ လေယာဉ်ထွက်မယ့်အချိန်ကို စောင့်နေကြရင်း နာရီဝက်လောက်ကြာတော့ ကေသီဟာ သူနဲ့ လက်ထိပ်တွဲခတ်ထားတဲ့ ကျွန်တော့်ပခုံးကို သူ့ပခုံးနဲ့ တစ်ချက်မသိမသာ တွန်းလိုက်ပါတယ်။ ကျွန်တော်ကလည်း သူ တစ်ခုခု ပြောစရာရှိလို့ပဲဆိုပြီး သူ့မျက်နှာကို ကြည့်လိုက်တော့ သူက အင်မတန် ချစ်စရာကောင်းတဲ့ အပြုံးကလေးနဲ့ ကျွန်တော့်ကို ပြုံးပြလိုက်ပြီး–

'မစ္စတာအားမီး ပြောရမှာတော့ အားနာစရာကြီးပါပဲ။ ဒါပေမဲ့ ဖြစ်နိုင်ရင် ကျွန်မမျက်နှာကို နည်းနည်းလောက် အလှပြင်ပါရစေ၊ သိပ်မကြာပါဘူး။ ပေါင်ဒါလေး တစ်ချက်နှစ်ချက်တို့ရုံ ရိုက်ရုံပါပဲ။ ကျွန်မမျက်နှာ သိပ်ပြီး အဆီတွေ ပြန်နေသလားလို့ပါ'

ကေသီက ချစ်စရာအပြုံးကလေးမှာ ရှက်စနိုး အမူအရာကလေး ဝင့်ပြီး မပွင့်တပွင့် ပြောလိုက်ပါတယ်။

ဟုတ်လည်း ဟုတ်ပါတယ်။ သူ့ခမြာ ကားပေါ်မှာ ကျွန်တော်နဲ့ လက်ထိပ်တန်းလန်းတွဲပြီး တစ်လျှောက်လုံး လိုက်လာခဲ့ရလို့ သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ အဆီပြန်ပြီး ခပ်ပြောင်ပြောင် ဖြစ်နေပါတယ်။ ဒီအရွယ်ဆိုတော့ သိပ်လှချင်ပချင်တဲ့ အရွယ်မဟုတ်လား။ ပြီးတော့ ဧရာမ လေဆိပ်အဆောက်အအုံကြီးထဲမှာ ဥဒဟို ဝင်ထွက်သွားလာနေကြတဲ့ လူတွေကြားထဲ အဆီပြန်နေတဲ့ မျက်နှာကြီးနဲ့ဆိုတော့ သူ့ခမြာ ရှက်ရှာမှာပေါ့။

ဒါနဲ့ ကျွန်တော်လည်း အမျိုးသမီးတွေ အလှပြင်တဲ့ အခန်းဘက်ကို ခေါ်သွားပြီး အဲဒီအခန်းတံခါးနားရောက်တော့ သူ့လက်ထိပ်သော့ကို ဖွင့်ပေးလိုက်ပါတယ်။

'ကဲ...သွားလေ...ငါ အပြင်က စောင့်နေမယ်'

'ကျေးဇူးပါပဲ မစ္စတာအားမီးရယ်'

ကေသီဟာ စောစောကထက် ပိုပြီး ချစ်စရာကောင်းတဲ့ အပြုံးကလေးနဲ့ ကျွန်တော့်ကို နှစ်နှစ်ကာကာ ပြုံးပြပြီး "အမျိုးသမီးများသာ" ဆိုတဲ့ အခန်းထဲ လှစ်ခနဲ ဝင်သွားပါတော့တယ်။

ကျွန်တော်လည်း စိတ်အေးလက်အေးနဲ့ တံခါးဝနားမှာပဲ ရပ်စောင့်နေရာက ငါးမိနစ်လောက်ကြာတော့ အခန်းထဲက အသက် ၄၀ ကျော် ၅၀ နီးပါးလောက်ရှိတဲ့ အမျိုးသမီးကြီးတစ်ယောက် တံခါးဖွင့်ပြီး ထွက်လာတာ တွေ့ရပါတယ်။ ကြည့်ရတာ အမေရိကန်မကြီးနဲ့ပဲ တူပါတယ်။ အဲဒီ အမျိုးသမီးကြီးက သူ့ခေါင်းကို မသိမသာ ခါလိုက်ရင်း မျက်နှာကလည်း ခပ်ပြုံးပြုံး ဖြစ်နေပါတယ်။ ကျွန်တော်လည်း သူ့ကို လှမ်းကြည့်လိုက်ရင်း သူ့လက်ကိုင်အိတ်ထဲက ပန်အိမ် လေယာဉ်ခရီးသွား လက်မှတ်တစ်စောင် ထိုးထိုးထောင်ထောင်နဲ့ အပြင်ထွက်ကျတော့မလို ဖြစ်နေတာ မြင်လိုက်ရပါတယ်။ ဒါနဲ့ ကျွန်တော်က သူ့ကို သတိပေးတဲ့ သဘောမျိုးနဲ့ အဲဒီ လေယာဉ်လက်မှတ်ကို မေးငေါ့ပြလိုက်ပါတယ်။ အဲဒီတော့မှ အမျိုးသမီးကြီးက သူ့လက်ကိုင်အိတ်ကို ငုံ့ကြည့်ပြီး လက်မှတ်ကို အိတ်ထဲရောက်အောင် ပြန်ထည့်ရင်း ကျွန်တော့်ကို ကျေးဇူးတင်စကား ပြောပါတယ်။ ပြီးတော့ သူက သူ့စကားကို ဆက်ပြီး ပြောလိုက်ပါတယ်။





'ခုကာလ မိန်းကလေးတွေဟာ ကျွန်မတို့ ငယ်ငယ်တုန်းကနဲ့ လုံးဝ မတူတော့ဘူး'

ကျွန်တော်ဟာ သူပြောလိုက်တဲ့ စကားကို ရုတ်တရက် အဓိပ္ပာယ် နားမလည်ဘဲ ဖြစ်ပြီး ကြောင်သွားပါတယ်။ ဒါနဲ့ သူ့ကို ပြန်မေးလိုက်ရတယ်။

'အစ်မကြီးက ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ'

'သြော်...ဟိုအခန်းထဲက မိန်းကလေးကို ပြောတာပါ။ ဘာတွေများ အလျင်စလိုနဲ့ ဘယ်လောက်များ အရေးတကြီး ဖြစ်နေလို့လဲ မသိပါဘူး။ လေဆိပ်အပြင်ဘက် ထွက်တာကိုပဲ ဒီဘက်ခန်းမကြီးထဲက မထွက်ဘဲ ပြတင်းပေါက်က ကျော်တက်ရတယ်လို့ ကျွန်မဖြင့် ကြုံမကြုံဖူးပါဘူး'

ကျွန်တော် ချက်ချင်းသိလိုက်ပါပြီ။ ဒီအမျိုးသမီးကြီးရဲ့စကား မဆုံးတဆုံးမှာပဲ ကျွန်တော်ဟာ ရုပ်ရှင်ထဲက လူဆိုးဂိုဏ်းသားတစ်ယောက်လို အမျိုးသမီးအလှပြင်ခန်းထဲ ဝုန်းခနဲ ပြေးဝင်လာခဲ့ပါတယ်။ အထဲရောက်ရောက်ချင်း လူတစ်ရပ် ရင်ခေါင်းလောက်မြင့်တဲ့ ပြတင်းပေါက်ဘောင်ကို ကုတ်ကပ်ပြီး ကျော်တက်နေတဲ့ ကေသီရှိရာ တစ်ဟုန်ထိုး ပြေးသွားပြီး သူ့ခြေထောက်ကို ပျာယီးပျာယာ ဆွဲချရတော့တာပါပဲ။ အဲဒီမှာတင် မမျှော်လင့်ဘဲ အခန်းထဲရောက်လာပြီး သူ့ကို ပြတင်းပေါက်က ဆွဲချတဲ့ ကျွန်တော့်ကို ကေသီဟာ စိတ်ဆိုးမာန်ဆိုးနဲ့ ရှန်းရင်းကန်ရင်း အော်လိုက်ဟစ်လိုက်တာ ဆူညံနေတာပါပဲ။ ကျွန်တော်ကလည်း ဘာရမလဲ၊ ကျွန်တော့်ကို နှစ်ပေါက်တစ်ပေါက် ရိုက်ပြီး လစ်သွားရမလားလို့ စိတ်ထဲက ဒေါပွပွနဲ့ ပြတင်းပေါက်ဘောင်ပေါ် ခြေတစ်ဖက်ရောက်နေတဲ့ သူ့ကို အတင်းဆွဲချပြီး အောက်ရောက်တာနဲ့ တစ်ပြိုင်နက် သူ့လက်ကို တအားဆောင့်ဆွဲရင်း ချောက်ခနဲ လက်ထိပ်ခတ်လိုက်ပါတယ်။

အဲဒီနောက် ကျွန်တော်ဟာ စောစောကလို ကျွန်တော်နဲ့ လက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွဲပြီး လက်ထိပ်ခတ်ထားတဲ့ ကေသီကို ခပ်ကြမ်းကြမ်းကလေး ဆောင့်ရင်း ဆွဲရင်းနဲ့ အပြင်ဘက်ကို တရကြမ်း ဆွဲခေါ်လာပြီး လေယာဉ်ကွင်း အဝင်ပေါက်နားက ခုံတန်းတစ်ခုံပေါ်မှာ နှစ်ယောက်သား ထိုင်ချလိုက်ပါတယ်။ အဲဒီအချိန်မှာ စောစောက အခန်းထဲမှာ ဆူဆူညံညံအသံတွေ ကြားလိုက်ရပြီး အခု အပြင်ဘက်ခုံတန်းပေါ်မှာ လက်ထိပ်တွဲလောင်း ဖြစ်နေကြတဲ့ ကျွန်တော်တို့နှစ်ယောက်ကို လေဆိပ်ခန်းမကြီးထဲက လူတွေ အတော်များများ စိုက်ကြည့်နေတာ တွေ့ရပါတယ်။ ကေသီမျက်နှာတစ်ခုလုံးလည်း နီရဲပြီး တရှုံးရှုံးနဲ့ ဒေါပွနေပါတယ်။

'ရှင် ကျွန်မအသားကို မထိနဲ့၊ ကျွန်မကိုလည်း စကားမပြောနဲ့၊ ကျွန်မ ရှင့်ကို မုန်းတယ် သိလား၊ ရွံလည်း ရွံတယ်'

'အေး...မင်း ပြောချင်တာပြော၊ ငါလည်း မင်းကို လုံးဝအယုံအကြည်မရှိတော့ဘူး။ အမေရိကန် ပြန်မရောက်မချင်း လက်ထိပ်ချွတ်မပေးတော့ဘူး'

ကေသီဟာ ကျွန်တော်ပြောတာကို လုံးဝမကြားသလို နှုတ်ခမ်းစူပြီး မျက်လုံးတွေဟာ မီးဝင်းဝင်းတောက်သလို ဖြစ်နေပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ဒီတစ်ခါတော့ ကျွန်တော်က ခပ်ပြတ်ပြတ်ပဲ လုပ်လာခဲ့ပါတယ်။ ဒါပေမဲ့ အပျိုပေါက်အရွယ် မိန်းကလေးတစ်ယောက်ကို မိုင် ၅၀၀၀ ကျော် ခရီးတစ်လျှောက်လုံး လက်ထိပ်တွဲခတ်ပြီး ခေါ်လာခဲ့ရတာဟာ အင်မတန် မလွယ်တဲ့အလုပ်ပါ။ တစ်လမ်းလုံး ကသိကအောင့် ဖြစ်လာခဲ့ရပါတယ်။ ကိုယ့်အဖြစ် ကိုယ်တွေးပြီး ငိုရမှာလား၊ ရယ်ရမှာလားဆိုတာတောင် မသိတော့ပါဘူး။

နောက်ဆုံး အတိုချုံးပြီး နိဂုံးချုပ်ရမယ်ဆိုရင် ကျွန်တော်ဟာ ကေသီကို လော့စ်အိန်ဂျလိစ်မြို့က မစ္စတာချန်ဒလာရဲ့ ရှေ့နေရုံးခန်းမှာပဲ မစ္စတာတွမ်ရိုင် ယန်လက်ထဲကို ချောချောမောမော ပြန်အပ်ခဲ့ပါတယ်။ မစ္စတာရိုင်





ယန်ဟာ အဲဒီကျမှ အားရပါးရကျေနပ်တဲ့ မျက်နှာကြီးနဲ့ ကျွန်တော့်ကို အတော်ကလေး ယုံကြည်အားကိုးသွားတဲ့ အမူအရာမျိုး ဖြစ်လာပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း သူ့ကို အဲဒီအချိန်ကစပြီး ခင်မင်လေးစားလာခဲ့ပါတယ်။ နောက်ပိုင်းကျတော့ သူနဲ့ ကျွန်တော်ဟာ အပြန်အလှန် ဆက်သွယ်ကူညီမှုတွေ အများကြီး ဖြစ်လာခဲ့ပါတယ်။ သူက နောက်ဆိုရင် ဘာကိစ္စဖြစ်ဖြစ်၊ ဘာအမှုဖြစ်ဖြစ် သူနဲ့ ပတ်သက်သမျှ၊ သူ့မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပတ်သက်သမျှ ကျွန်တော့်ကိုပဲ အကူအညီတောင်းပါတော့တယ်။

ဒါ့ထက် အဲဒီတွမ်ရိုင်ယန်ဆိုတဲ့ အဘိုးကြီးနဲ့ ပတ်သက်လို့ ကျွန်တော် ဖြစ်ခဲ့ပုံကို ပြောလိုက်ရဦးမယ်။

အိမ်ပြေးမလေးကေသီတို့ ညီအစ်မအမှု ပြီးသွားလို့ နောက်တစ်ပတ်လောက်နေတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့ တခြားအလုပ်ကိစ္စတစ်ခုအတွက် တယ်လီဖုန်းပြောရင်း ဒီအမှုနဲ့ ဒီလူကြီးအကြောင်း စကားစပ်ပြီး ဖုန်းထဲမှာ ပြောမိပါတယ်။

'အဲဒီ လူကြီးနာမည်က ဘယ်သူတဲ့တုန်း'

ကျွန်တော့်မိတ်ဆွေက မေးလိုက်ပါတယ်။

'တွမ်ရိုင်ယန်လို့ ပြောတာပဲ'

'ဘာပြောတယ်၊ တွမ်ရိုင်ယန် ဟုတ်လား၊ ဒါဆို သောမတ်စ်ရိုင်ယန်ပဲ ဖြစ်မှာပေါ့၊ နေပါဦး၊ သူ့ ပုံပန်းသဏ္ဌာန်က ဘယ်လိုလဲ'

ကျွန်တော့်မိတ်ဆွေဟာ အလန့်တကြားဖြစ်သွားတဲ့ပုံစံနဲ့ ပျာပျာသလဲ ပြန်မေးလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း အပြည့်အစုံ ပြန်ပြောရတယ်။

'သူ့ပုံပန်းသဏ္ဌာန်ကတော့ အသက်ခြောက်ဆယ် ပတ်ဝန်းကျင်လောက်ပဲ၊ ဆံပင်တော်တော်လေး ဖြူနေပြီ၊ ဝတ်ပုံစားပုံကလည်း ဥရောပတိုက်သားပုံစံအတိုင်း သေသေသပ်သပ် စမတ်ကျကျပဲ'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျွန်တော့်မိတ်ဆွေရဲ့ အားရပါးရ ရယ်လိုက်တဲ့အသံကို တယ်လီဖုန်းထဲမှာ ကြားလိုက်ရပါတယ်။

'ဒါ့ထက် နေပါဦး၊ မစ္စတာ အားမီး၊ ခင်ဗျား ဒီလူကြီး ဘယ်သူ ဘယ်ဝါဆိုတာ လုံးဝမသိဘူးပေါ့ ဟုတ်လား'

'မသိဘူးလေ၊ ဘယ်သိမလဲ'

'ခင်ဗျား တော်တော် တုံးသေးတာပဲ၊ အဲဒါသောမတ်စ်ရိုင်ယန်ဆိုတဲ့ နာမည်ကျော် သူဌေးကြီးဗျ။ ဟို...လေကြောင်းကုမ္ပဏီကြီးရဲ့ ပိုင်ရှင်လေ၊ အမေရိကန်ပြည်ထောင်စုရဲ့ အချမ်းသာဆုံးဆိုတဲ့ထဲမှာ သူလည်း ထိပ်ဆုံးက ပါတာပေါ့'

'သြော်...ဟုတ်လား'

■

# သေနတ်တစ်လက် ဇာတ်လမ်းတစ်ပုဒ်

ဂျေအားမီးသည် လက်နှစ်ဖက်ပြတ်နေသည့် လူတစ်ယောက်ဖြစ်သည်။ သို့ပါလျက် သူသည် ကမ္ဘာပေါ်တွင် အတော်ဆုံး အလွတ်စုံထောက်အဖြစ် အသိအမှတ်ပြုခြင်းခံရသူ ဖြစ်သည်။ ယင်းသို့ အသိအမှတ်ပြုခြင်း ခံရသည့် အကြောင်းရင်းများအနက် သူသည် သူ၏ စုံစမ်းထောက်လှမ်းရေးလုပ်ငန်းတွင် ကောင်းပေ့ ညွှန့်ပေ့ဆိုသော ပစ္စည်းကိရိယာများကို အသုံးပြုခဲ့သည့် အချက်တစ်ချက်လည်း အပါအဝင်ဖြစ်သည်။

ဂျေအားမီး၏ အလွတ်စုံထောက်အဖွဲ့တွင် အသုံးပြုနေသော စုံစမ်းထောက်လှမ်းရေးဆိုင်ရာ ပစ္စည်းကိရိယာအချို့သည် မည်မျှ ကောင်းမွန်ခဲ့ပါသနည်းဟူမူ ပြည်နယ်ရဲအဖွဲ့နှင့် စုံထောက်အဖွဲ့များသာမက ပြည်ထောင်စုရဲအဖွဲ့နှင့် ပြည်ထောင်စု စုံထောက်အဖွဲ့ကြီးများကပါ ရံဖန်ရံခါ သူတို့အနေဖြင့် အစိုးရဘတ်ဂျက်များက ခွင့်မပြုသည့်အတွက် ဝယ်ယူသုံးစွဲခြင်း မပြုနိုင်သော ပစ္စည်းကိရိယာများကို ဂျေအားမီးထံမှ ငှားရမ်းအသုံးပြုခဲ့ကြရသည် အထိ ဖြစ်ခဲ့ရသည်။ ဥပမာ၊ ယခုနောက်ဆုံး ကြားသိရသလောက် ဖောက်သည်ချရမည်ဆိုပါက ဂျေအားမီးသည် လောလောဆယ် "လေဆာသေနတ်" ခေါ် ဓာတ်ရောင်ခြည်သေနတ်ကိုပင် အသုံးပြုရန် တီထွင်ကြံဆ၍ စီစဉ်ပြုလုပ်နေပြီဟု သိရသည်။ အကယ်၍သာ သူ စီစဉ်ကြံဆသည့်အတိုင်း အတိအကျ အပြည့်အဝဖြစ်မြောက် အောင်မြင်ခဲ့ပါက အဆိုပါ "လေဆာ



www.burmeseclassic.com

www.burmeseclassic.com



သေနတ်”သည် အုတ်တံတိုင်းများနှင့်တကွ သံမဏိတံခါးများကိုပါ ဖောက်ထွင်းပစ်ခတ်နိုင်မည် ဖြစ်သည်။

ယခုလောလောဆယ် ဂျေအားမီး၏ အလွတ်စုံထောက်အဖွဲ့တွင် အသုံးပြုနေသော မိုက်ကရိုစကုပ်များအနက် အချို့မှာ အဆပေါင်း ၂၅၀၀ အထိ ပုံကြီးချဲ့၍ကြည့်နိုင်သော အလွန်အင်အားကြီးမားလှသည့် မှန်ဘီလူးများ တပ်ဆင်ထားသည့် မှန်ဘီလူး၊ အရာဝတ္ထုမှန်သမျှကို ခွတ်ခွဲကြည့်နိုင်သည့် ဓာတုဗေဒပစ္စည်းများ ယည့်ထားသော ခရီးဆောင်အိတ်၊ လက်ဗွေပုံစံများကို စစ်ဆေးစမ်းသပ်သည့် ပစ္စည်းကိရိယာများ ထည့်ထားသော ခရီးဆောင်အိတ်၊ ရိုးရိုးအသံဖမ်းတိတ်ခွေများသာမက သာမန်နားဖြင့် လုံးဝမကြားနိုင်သည့် အပ်ကျသံကလေးများကိုပါ အသံသွင်းထားနိုင်သည့် တိတ်ခွေများနှင့် တိတ်ရိကော်ဒါများစသည့် နောက်ဆုံးပေါ် အဆန်းတကြယ် သိပ္ပံပညာများကို ဂျေအားမီး၏ အလွတ်စုံထောက်အဖွဲ့ဝင်များက အသုံးပြုနေကြသည်။

ထိုမှတစ်ပါး တစ်ပြိုင်တည်း အသံလွှင့်နိုင်ဖမ်းနိုင်သည့် စက်ကလေးများ ထည့်ထားသော လက်ဆွဲသားရေအိတ်၊ ကင်မရာနှင့် ရီကော်ဒါနှစ်မျိုးစလုံး တပ်ဆင်၍ လျှို့ဝှက်စွာ ပြုလုပ်ထားသော ထမင်းဗူးကလေး၊ တယ်လီဖုန်းကို ကြားဖြတ်၍ ဖမ်းယူနားထောင်နိုင်သည့် ကိရိယာများ၊ ၅ မိုင်မှ ၁၀ မိုင်အတွင်း အဆက်အသွယ်ပြုလုပ်နိုင်သော လျှို့ဝှက်အချက်ပြ ကိရိယာများ၊ မီနိုလ်တာ၊ မီနော့စ်၊ ကင်နွန်၊ နီကွန်၊ လိုက်ကာစသော ကင်မရာ အကြီးအသေး အရွယ်မျိုးစုံနှင့် နောက်ဆုံးပေါ် အသေးဆုံး မီနီဘိုလော့စ် ကင်မရာကလေးများ၊ ညအချိန် မှောင်ထဲတွင် ထင်ရှားပြတ်သားစွာ ရိုက်ယူနိုင်သည့် ဆန်းကြယ်သော ညရိုက်ကင်မရာများ၊ အပူရှိန်ကြောင့် ဖြစ်စေ၊ အသံနှင့် လှုပ်ရှားမှုကြောင့်ဖြစ်စေ အလိုအလျောက် ရိုက်ယူနိုင်သော လျှို့ဝှက်ကင်မရာများ စသည့် ထူးခြားဆန်းကြယ် အံ့ဖွယ်ကောင်းလှသည့် ပစ္စည်းကိရိယာများလည်း ဂျေအားမီးထံတွင် ရှိနေသည်။





တစ်ဖန် အုတ်နံရံခြားနေသည့် တစ်ဖက်ခန်းမှ အသံကို နားထောင်နိုင်သည့် နားကြပ်များ၊ လက်ပတ်နာရီပုံသဏ္ဌာန် ပြုလုပ်ထားသော အသံလွှင့်စက်ကလေးများ၊ ညအချိန် မှောင်နှင့် မည်းမည်းတွင် အရာဝတ္ထုများကို သဲသဲကွဲကွဲ မြင်နိုင်သည့် ညကြည့်မှန်ပြောင်းများ၊ အဝေးမှ အရာဝတ္ထုများကို အနီးကပ်ကြည့်ရင်း တစ်ပြိုင်နက်တည်း ဓာတ်ပုံရိုက်ယူနိုင်သည့် အင်အားကောင်းလှသော မှန်ပြောင်းကင်မရာ၊ အရာဝတ္ထုတစ်ခု၏ အကွာအဝေးကို လက်မအတိုင်းအတာအထိ အတိအကျ တွက်ချက်နိုင်သော တိုင်းတာရေးကိရိယာများ၊ ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုမှန်သမျှကို ရှာဖွေစုံစမ်းနိုင်သော အီလက်ထရွန်းနစ်ကိရိယာ အသေးစားကလေးများ စသည့် ပစ္စည်းကိရိယာ လက်နက်တန်ဆာပလာများကို လည်း ၎င်းတို့အဖွဲ့က လိုအပ်သလို အသုံးပြုလျက် ရှိကြသည်။

ထူးခြားဆန်းကြယ်၍ သာမန်လူသားများအဖို့ အသုံးပြုရန် ဝေးစွ၊ မြင်ပင် မမြင်ဖူး၊ ကြားပင် မကြားဖူးသော အထက်ပါ ကိရိယာတန်ဆာပလာများအပြင် ဂျေအားမီးထံ၌ ထူးထူးခြားခြား မြင်ရတွေ့ရသည့် အခြားပစ္စည်းများမှာ “သေနတ်များ”ပင် ဖြစ်သည်။ အခြားသော ပစ္စည်းများကို လျှို့ဝှက်သည့် နေရာများ၌ သိမ်းဆည်းထားသော်လည်း လက်နက်များကိုမူ အတိအလင်း ပြသထား၍ အထင်အရှားပင် မြင်တွေ့နိုင်ကြသည်။

ဥပမာ၊ သူ၏အလုပ်စားပွဲ ညာဘက်နံရံတွင် ပစ္စတို၊ ခြောက်လုံးပြူး စသည့် လက်ကိုင်သေနတ်မျိုးစုံ ချိတ်ဆွဲထားသည်ကို တွေ့ကြရမည် ဖြစ်သည်။ ထိုသို့ချိတ်ဆွဲထားသည့် သေနတ်များကို အသေးစိတ် ဖော်ပြရမည်ဆိုပါက ဒသမ ၂၅ ပစ္စတို ၂လက်၊ ဒသမ ၂၂ အော်တိုမက်တစ် ၂လက်၊ ခတားအမျိုးအစား အော်တိုမက်တစ်ပစ္စတို ၂ လက်၊ ဒသမ ၂၂ ခြောက်လုံးပြူး အသေးစားတစ်လက်၊ ဒသမ ၃၈ ခြောက်လုံးပြူးတစ်လက်၊ ဒသမ ၃၈ စပါယ်ရှယ် ၅ လက်မ ပြောင်းရှည် ခြောက်လုံးပြူးတစ်လက်၊ ဒသမ ၃၂ မိန်းမကိုင် သေနတ်တစ်လက်၊ ပီ၃၈နှင့် ဘာရက်တာ ၇ ဒသမ ၆၅



www.burmeseclassic.com

www.burmeseclassic.com



မမ အော်တိုမက်တစ်တစ်လက်၊ ဒသမ ၄၅ ပစ္စတိုအကြီးတစ်လက် စသည်တို့ ဖြစ်သည်။

အထက်ပါ သေနတ်အားလုံးမှာ လက်နှစ်ဖက်ပြတ် အလှတ်စုံထောက် ဂျေအားမီးအသုံးပြုခဲ့သည့် သေနတ်များပင် ဖြစ်သည်။ ဤသေနတ်များအပြင် အထူးသီးသန့် သိမ်းဆည်းစုဆောင်း ပြသထားသည့် သေနတ်များလည်း ရှိသေးသည်။ ယင်းသေနတ်များတွင် လူဂါပီအို ၈ တစ်လက်၊ ဒသမ ၄၅ သေနတ်ဒင် တပ်ထားသော ကိုလ်ထ်ဒသမ ၃၈ ပစ္စတိုတစ်လက်၊ ဆင်စွယ်ရိုးတပ် ဒသမ ၃၈ ခြောက်လုံးပြူးတစ်လက်၊ ဒသမ ၃၈ ကရောင်နှင်အော်တိုမက်တစ်တစ်လက်၊ ရူဂါသိန်းနက် ဒသမ ၄၄ မဂ္ဂနမ်သေနတ်တစ်လက်၊ ကိုလ်ထ်ဒသမ ၃၅၇တစ်လက် စသည့် သေနတ်လက်နက်များပင် ဖြစ်သည်။ ဤလက်နက်များအားလုံးမှာ နောက်ကြောင်းရာဇဝင်များ အသီးသီး ရှိနေကြသည်။ (ဝါ) သေနတ်တစ်လက် ဇာတ်လမ်းတစ်ခု ရှိနေသည်ဟု ဂျေအားမီးက ပြောပြသည်။

***

ကျွန်တော် အမှတ်တရ သီးသန့် စုဆောင်းထားတဲ့ အဲဒီသေနတ်တွေထဲက "ရူဂါသိန်းနက်"သေနတ်ကြီးနဲ့ ပတ်သက်လို့ စောစောက ကျွန်တော် ပြောပြပြီးပါပြီ။ (ကျွန်တော့်ကို တယ်လီဖုန်းနဲ့ ညာခေါ်ပြီး အဲဒီသေနတ်ကြီးနဲ့ ပစ်သတ်ပါမယ် တကဲကဲလုပ်ခဲ့တဲ့ ရောဘတ်ကွန်နယ်လီဆိုတဲ့ လူကြီး အကြောင်းလေ...မှတ်မိတယ် မဟုတ်လား။)

အခု ကျွန်တော် နောက်တစ်ခု ပြောချင်တာကတော့ ဟောဟိုဒသမ ၃၈ အော်တိုမက်တစ်ပစ္စတိုသေနတ်နဲ့ ပတ်သက်လို့ပါပဲ။ ဒီသေနတ်ကို ကျွန်တော် ဘယ်တုန်းက ရခဲ့တယ်၊ ဘယ်လိုရခဲ့တယ်။ ဘယ်သူ့ဆီက ရခဲ့တယ်ဆိုတာ အသေးစိတ် ပြောပြပါမယ်။ ဒီအဖြစ်အပျက်ကတော့ ကျွန်တော်





တစ်သက်မှာ မေ့ရက်နိုင်စရာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဒီအဖြစ်အပျက်ကို အကြောင်းပြုပြီး မိန်းမတွေရဲ့ အင်မတန် ဆန်းကျယ်တဲ့ စိတ်ဓာတ်ကို ကိုယ်တိုင်ကိုယ်တွေ့ ကြုံခဲ့ရလို့ပါပဲ။ တစ်နည်းပြောရရင် 'မြွေသွားခရီး၊ ဆင်စီးတမျှ စိတ်က ဘယ်ခါ မချရာတည့်'ဆိုတဲ့ မ,သဘာဝရဲ့ အန္တရာယ်ကို ပယ်ပယ်နယ်နယ်ကြီး သိခဲ့ရလို့ပါပဲ။

အဲဒီအမျိုးသမီးဟာ နယူးမက္ကဆီကိုပြည်နယ်ကပါ။ ရုပ်ရည်ကလည်း အတော်ကလေး ချောပါတယ်။ ကြောင်မလေးတစ်ကောင်ရဲ့ မျက်လုံးစိမ်းမျိုးနဲ့ ရှည်လျားတဲ့ ရွှေဝါရောင်ဆံပင်ကို ဖားလျားချပြီး ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်တောင့်ဖြောင့်ဖြောင့်ပါပဲ။ ဒါကြောင့်လည်း သူဟာ တစ်ခါတုန်းက နယူးယောက်မြို့တော်မှာ ကိုယ်ဟန်ပြမယ်အဖြစ် အလုပ်လုပ်ခဲ့ဖူးပါသေးတယ်။ ဒါပေမဲ့ အခု ကျွန်တော်ပြောတဲ့ အချိန်မှာတော့ အဲဒီအမျိုးသမီးဟာ အသက် ၂၉နှစ်ရှိပြီး အိမ်ထောင်ကျလို့ ကလေးသုံးယောက် ရနေပါပြီ။ ဒါတောင် သူ့အရွယ်နဲ့ သူ လှတုန်း ပတုန်းပါပဲ။

ဒါပေမဲ့ သူ့ယောကျ်ားကတော့ အသက် ၆၀ လောက် ရှိပါပြီ။ ပြီးတော့ အမေရိကန်လည်း မဟုတ်ပါဘူး။ ဂျပန်လူမျိုးပါ။ နာမည်က ကင်နီချိမတ်ဆူရှိတာလို့ ခေါ်ပါတယ်။ မတ်ဆူရှိတာကို "အမေရိကန် ကြက်သွန်ဘုရင်"လို့လည်း ခေါ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ဂျပန်နိုင်ငံက အမေရိကန်ပြည်ထောင်စုကို ရောက်လာပြီး ကြက်သွန်ခင်းတွေကို ဧကပေါင်း ထောင်နဲ့ချီပြီး စိုက်ပျိုးရာ ကြက်သွန်နဲ့ သန်းကြွယ်သူဌေးဖြစ်လာလို့ပါပဲ။

သူတို့နှစ်ယောက်စလုံးကို ကျွန်တော် ပထမဆုံး တွေ့ဖူးတာကတော့ မတ်ဆူရှိတာ အိမ်က ပျောက်သွားလို့ဆိုပြီး သူ့မိန်းမ မစ္စက်မတ်ဆူရှိတာ ကျွန်တော့်ကို စုံစမ်းခိုင်းတုန်းကပါပဲ။ အဲဒီတုန်းက မတ်ဆူရှိတာဟာ အိမ်က ခဏတစ်ဖြုတ် လမ်းလျှောက်ထွက်သွားရာက ညမိုးချုပ်လို့ အချိန်ကုန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိ ပြန်ရောက်မလာပါဘူး။ ပထမတော့ သူ့မိန်းမက သူ့ယောကျ်ားဟာ အလုပ်ကိစ္စနဲ့ အရေးကြီးလို့ အိမ်ပြန်မအိပ်တာပဲဆိုပြီး ခပ်အေးအေးပဲ နေခဲ့ပါတယ်။ ဒါပေမဲ့ နောက်တစ်နေ့လည်း ပြန်ရောက်မလာဘဲ မတ်ဆူရှိတာဟာ ၇ ရက်လောက် အိမ်က ပျောက်နေတော့ စိုးရိမ်ပြီး ကျွန်တော့်ကို အကူအညီတောင်းခဲ့တာပါပဲ။

ဒါနဲ့ ကျွန်တော်လည်း သူတို့လင်မယားရဲ့ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးနဲ့တခြား မေ့သင့်မေးထိုက်တဲ့ ပြဿနာတွေ မေးကြည့်တော့ တခြား ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်ဘဲ အိမ်က ထွက်မသွားခင် သူတို့လင်မယားနှစ်ယောက် အတော်ကလေး စကားများခဲ့ကြတယ်ဆိုတာပဲ သိရပါတယ်။ နောက်ဆုံး အဖက်ဖက်က စုံစမ်းထောက်လှမ်းကြည့်ရသလောက် တခြားစီးပွား ရေးပြဿနာရယ်လို့ ဘာတစ်ခုမှ ပြောပလောက်အောင်မရှိဘူးဆိုတာ သေချာနေတဲ့အတွက် မတ်ဆူရှိတာဟာ မိတ်ဆွေအပေါင်းအသင်း တစ်ယောက်ယောက်အိမ်မှာ ခေတ္တခဏ သွားနေတာပဲဖြစ်ရမယ်လို့ ကျွန်တော် သေချာပေါက် တွက်လိုက်ပါတယ်။

ကျွန်တော် ထင်တဲ့အတိုင်းပါပဲ။ မတ်ဆူရှိတာကို ဆန်ဖရန်စစ္စကိုမြို့မှာရှိတဲ့ စကရာမန်တိုလမ်းက သူ့နှမအိမ်မှာ ကျွန်တော် သွားတွေ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ပထမတော့ အခုလို အလွတ်စုံထောက်တွေဘာတွေ ငှားပြီး သူ့ကို လိုက်ရှာခိုင်းရမလားလို့ မတ်ဆူရှိတာက သူ့မိန်းမကို စိတ်ဆိုးပါသေးတယ်။ ဒါပေမဲ့ နောက်ပိုင်းတော့ ဒီကိစ္စအတွက် ဘာမှမပြောတော့ဘဲ သူလည်း အေးအေးဆေးဆေးနဲ့ အိမ်ပြန်ရောက်လာပါတယ်။ ကျွန်တော်လည်း ဒီကိစ္စဟာ ဒီမှာတင်ပြီးသွားပြီဆိုပြီး မေ့မေ့လျော့လျော့နေလိုက်ပါတယ်။

ဒါပေမဲ့ မပြီးသေးပါဘူး။

နောက်လေးလလောက်ကြာတော့ တစ်မနက်ခင်း မိုးမလင်းတလင်း ၅နာရီ ၄၅ မိနစ်မှာ ဟယ်လင်က ကျွန်တော့်ဆီ အရေးတကြီးနဲ့ ပျာပျာသလဲ





ဖုန်းလှမ်းဆက်ပါတယ်။ သြော်၊ ဒါထက် စောစောက မေ့သွားလို့ မပြောမိခဲ့ဘူး။ အဲဒီဟယ်လင်ဆိုတာက မစ္စက်မတ်ဆူရှိတာရဲ့ မူလနာမည်ရင်းပါ။

'ဒီမှာ မစ္စတာအားမီး၊ ရှင် ကျွန်မဆီ ခုချက်ချင်းလာမှ ဖြစ်မယ်။ ဒီမှာ ကျွန်မယောကျ်ား အသတ်ခံရလို့'

ဟယ်လင့်ရဲ့စကားအဆုံးမှာ ကျွန်တော်လည်း ဘာတစ်ခွန်းမှ မေးမနေတော့ဘဲ တယ်လီဖုန်းချပြီး ကားနဲ့ ချက်ချင်း မောင်းထွက်လာခဲ့ပါတယ်။ စတင်းဂရေးဆိုတဲ့ ကျွန်တော့် ကားကလေးကို အမှတ် ၁၀ အဝေးပြေးလမ်းမကြီးအတိုင်း အတင်းဒုန်းစိုင်းပြီး မောင်းလာလိုက်တာ အယ်လ်ပါဆိုကမိုင် ၄၀ လောက်ဝေးတဲ့ လပ်စ်ကရုဝက်ဆိုတဲ့မြို့ကို မိနစ် ၃၀ လောက်နဲ့ရောက်ချလာပါတယ်။ မတ်ဆူရှိတာတို့နေတဲ့အိမ်ဟာ ရောမသုံးထပ်တိုက်ကြီးတစ်လုံးဖြစ်ပြီး ဝါခင်းတွေရဲ့အလယ်မှာ ထည်ထည်ဝါဝါနဲ့ အရိပ်ကောင်းကောင်းနဲ့ ရှိနေပါတယ်။ ကာလတန်ဖိုးနဲ့ဆိုရင်တော့ ဒီအိမ်ကြီးဟာ ဒေါ်လာ ၂ သိန်း ၅ သောင်းလောက် တန်ပါလိမ့်မယ်။

ကျွန်တော် ရောက်သွားတဲ့အချိန်မှာ သူနာပြုကားနဲ့ ရဲကားတွေ မရှိတော့ပါဘူး။ ပြန်သွားကြပါပြီ။ မတ်ဆူရှိတာရဲ့ အလောင်းကိုလည်း သယ်သွားကြပါပြီ။ သူ့ဇနီး ဟယ်လင် မတ်ဆူရှိတာကိုတော့ ငိုထားတဲ့ မျက်နှာနဲ့ မျက်လုံးတွေ နီရဲပြီး စိတ်ရှုပ်ညှိုးငယ်နေတာ တွေ့ရပါတယ်။

ဟယ်လင်က ကျွန်တော့်ကို ဖြစ်ခဲ့ပျက်ခဲ့သမျှ ပြန်ပြောပြပါတယ်။

သူပြောပုံအရ သူနဲ့ သူ့ယောကျ်ားနဲ့ မနေ့က ငွေရေးကြေးရေးကိစ္စတစ်ခုအတွက် စကားများပြီး ရန်ဖြစ်ကြတယ်လို့ ဆိုပါတယ်။ ငွေရေးကြေးရေးဆိုတာ ဟယ်လင်ရဲ့ မောင်တစ်ယောက် ဒါးလက်စ်မြို့မှာ မော်တော်ကားအလုပ်ရုံတစ်ခုဖွင့်ဖို့အတွက် ဒေါ်လာ ၂၀၀၀၀ တောင်းရာက ဟယ်လင့်နဲ့ မတ်ဆူရှိတာနဲ့ စကားများကြပါတယ်။ ဒါနဲ့ မတ်ဆူရှိတာဟာ စိတ်ဆိုးပြီး ဒေါ်နဲ့ မောနဲ့ အိမ်က ထွက်သွားပါတယ်။ ညနေ ၆ နာရီ ပြန်လာမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားပေမယ့် ပြန်ရောက်မလာပါဘူး။ ဒါပေမဲ့ ပထမတော့ ဟယ်လင်က စိတ်မပူပါဘူး၊ သူ ဒီလိုပဲ စိတ်ဆိုးပြီး အိမ်က ထွက်သွားတာတွေ များလှပါပြီ။ တစ်ခါတလေများ ညဘယ်အချိန်မှ ပြန်လာမှန်းမသိရဘဲ တခြားအိပ်ခန်း တစ်ခန်း သွားအိပ်နေတတ်တယ်လို့ ဆိုပါတယ်။ ဒါနဲ့ ဟယ်လင်လည်း အိပ်ချိန်ရောက်တဲ့အထိ သူ့ယောက်ျားပြန်မလာတော့ ခါတိုင်းလိုပဲ ယူဆပြီး အိပ်ရာထဲ ဝင်အိပ်ခဲ့ပါတယ်။ အိပ်ရာရောက်ပြီး ရုတ်တရက် အိပ်မပျော်လို့ အိပ်ဆေးနဲ့ စိတ်ငြိမ်ဆေးသောက်လိုက်တော့မှ အိပ် ပျော်သွားတယ်လို့ ဆိုပါတယ်။

ဒီလိုနဲ့ အိပ်မောကျသွားရာက ဘယ်လောက်ကြာသွားမှန်း မသိလိုက်ရဘဲ သူတို့အလုပ်သမားခေါင်း မင်နူယယ်ဆိုတဲ့လူက တံခါးလာခေါက်တော့မှ ဟယ်လင်အိပ်ရာက နိုးလာခဲ့ပါတယ်။ အဲဒီကျမှ မင်နူယယ်ရဲ့ ပြောပြချက်အရ သူ့ယောက်ျား မတ်ဆူရှီတာဟာ ဝါခင်းထဲမှာ သေနတ်ဒဏ်ရာတွေ ဗလပွနဲ့ လဲကျပြီး သေဆုံးနေတာ တွေ့ရကြောင်း ဟယ်လင် သိရပါတယ်။ အဲဒီနောက် တယ်လီဖုန်းဆက်လိုက်လို့ ရဲနဲ့ သူနာပြုကားတွေ ရောက်လာပြီး စစ်ဆေးမေးမြန်းတာတွေ လုပ်သွားကြတယ်လို့ ဟယ်လင်က ကျွန်တော့်ကို အပြည့်အစုံ ပြောပြပါတယ်။ ဒီကိစ္စမှာ မတ်ဆူရှီတာတို့ လင်မယားဟာ မကြာခဏ တကျက်ကျက်နဲ့ စိတ်သဘောချင်း မတိုက်ဆိုင်ဘဲ ဖြစ်နေကြတယ်ဆိုတာတော့ ကျွန်တော် အစကတည်းက သိထားပြီးသားပါ။ ဒါဟာလည်း သိပ်တော့ မဆန်းပါဘူး။ သူတို့လင်မယားဟာ အသက်ချင်းက သားအဖလောက် ခေါက်ချိုးကွာနေကြတဲ့အပြင် ဟယ်လင်က အရွယ်ကောင်းတုန်း သွားသွားလာလာနဲ့ ပျော်ပျော်ပါးပါး သုံးချင် ဖြုန်းချင်သလောက် သူ့ယောက်ျားအဘိုးကြီး မတ်ဆူရှီတာကတော့ ပျော်ဖို့ ပါးဖို့ ဝေးလို့ အလုပ်ကလွဲပြီး တခြားဘာမှစိတ်မဝင်စားဘဲ စီးပွားရှာဖို့ သက်သက်ပဲ အာရုံစိုက်တဲ့ လူစားမျိုးဖြစ်နေတော့ ဒီအိမ်ထောင်ရေးမျိုးဟာ ဘယ်မှာလာပြီး သာယာမှုရှိနိုင်တော့မှာလဲ။





ဘာပဲဖြစ်ဖြစ်၊ ဟယ်လင်ရဲ့ပြောစကားအရ အဲဒီနေ့က သူဟာ သူ့ယောက်ျားနဲ့ ရန်ဖြစ်ပြီးတဲ့ အချိန်ကစပြီး လုံးဝမတွေ့ရတော့ဘဲ နောက်တစ်နေ့မနက်မိုးလင်းမှ သူ့ယောက်ျား သေနတ်ဒဏ်ရာတွေနဲ့ ဝါခင်းထဲမှာ လဲကျသေဆုံးနေတယ်ဆိုတာ သိရပါတယ်လို့ အခိုင်အမာ ဆိုနေပါတယ်။

ဒါနဲ့ ကျွန်တော် ဆက်ပြီး လေ့လာစုံစမ်းကြည့်ရသလောက် မတ်ဆူရှီတာမှာ အလုပ်နဲ့ပတ်သက်လို့ဖြစ်စေ၊ ငွေရေးကြေးရေး စီးပွားရေးနဲ့ ပတ်သက်လို့ဖြစ်စေ ဘယ်သူနဲ့မှ ပြဿနာမရှိခဲ့ဘူးလို့ သိရပါတယ်။ နောက်ပြီးတော့ သူဟာ အိမ်ထဲက အိမ်ပြင်ကို အကြောင်းကိစ္စမရှိဘဲ ထွက်လေ့မရှိတဲ့ အပြင် သူ့ကို သတ်လိမ့်မယ်လို့ထင်ရတဲ့ လူမှန်သမျှကို ဘယ်တော့မှ ရန်သူဖြစ်အောင် လုပ်မယ့်လူစားမျိုး မဟုတ်ဘူးဆိုတာ သေချာပါတယ်။ ဒါပေမဲ့ အဲဒီကြားထဲက သူ့ကို တစ်ယောက်ယောက်က သတ်သွားခဲ့ပါပြီ။ တစ်ယောက်ယောက်က သူ့ခန္ဓာကိုယ်ထဲကို ကျည်ဆန်ငါးတောင့်ကြီးများတောင် ပစ်သွင်းသွားခဲ့ပါပြီ။

ဘာပဲဖြစ်ဖြစ်၊ ဒီအမှုမှာ အဓိကအကျဆုံးက ဟင်လင်ပဲ ဖြစ်နေလေတော့ ကျွန်တော်လည်း သူ့ကိုပဲ ဦးစားပေးပြီး အသေးစိတ် စစ်ဆေးမေးမြန်းကြည့်ရပါတယ်။

ပထမဆုံး ကျွန်တော် ဟယ်လင့်ကို မတ်ဆူရှီတာ အသတ်မခံရခင် တစ်နေ့က ဖြစ်ခဲ့ပျက်ခဲ့တာတွေ၊ အဲဒီနေ့က ဘယ်သွားခဲ့တယ်၊ ဘာလုပ်ခဲ့တယ်ဆိုတာတွေ အားလုံး အသေးစိတ် မေးကြည့်ပါတယ်။ ဟယ်လင်ရဲ့ ပြောပြချက်အရ သူ့ယောက်ျားအိမ်က စိတ်ဆိုးထွက်သွားပြီးတဲ့နောက် နေ့ခင်းကျတော့ ခဏတစ်ဖြုတ် အိပ်ပါတယ်။ အိပ်ရာကနိုးတော့ အလှပြင်ဆိုင်သွားတယ်လို့ ဆိုပါတယ်။ သူ အလှပြင်ဆိုင်က ပြန်ရောက်တော့ သူ့ကလေးသုံးယောက်လည်း ကျောင်းက ပြန်ရောက်လာကြပါတယ်။ အဲဒီနောက် ညစာစားပြီးတဲ့ အချိန်အထိ သူ့ယောက်ျား ပြန်ရောက်မလာပါဘူး။ ဒါနဲ့ သူလည်း ရုပ်မြင်သံကြား ခဏကြည့်ပြီး စောစော အိပ်ရာဝင်ခဲ့တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်။ အိပ်ရာထဲရောက်ပြီး တော်တော်နဲ့ အိပ်မပျော်ဘဲ ဖြစ်နေလို့ အိပ်ဆေးနဲ့ စိတ်ငြိမ်ဆေးသောက်ပြီးမှ အိပ်ပျော်သွားတယ်လို့ ဆိုပါတယ်။

အဲဒီလို ကျွန်တော် သူ့ကို စုံစမ်းပြီးတဲ့နောက် ဒီအိမ်က အိမ်ဖော် အမျိုးသမီးနှစ်ယောက်ကိုလည်း စုံစမ်းမေးမြန်းချင်ပါသေးတယ်ဆိုတော့ ဟယ်လင်က မေးခွင့်ပြုပါတယ်။ ဒါပေမဲ့ သူက အဲဒီအိမ်ဖော်နှစ်ယောက်ကို သူ့ရှေ့မှာပဲ ခေါ်မေးပါလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်က 'ခင်ဗျား ရှေ့မှာဆိုရင် သူတို့ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောရဲမှာ မဟုတ်ဘူး'လို့ ဆိုတော့မှ သူက သိပ်ဘဝင်မကျတဲ့မျက်နှာနဲ့ တခြားကို ရှောင်ပေးပါတယ်။

အိမ်ဖော်မိန်းကလေးနှစ်ယောက်မှာ တစ်ယောက်က အိမ်နဲ့ တစ်ဆက်တည်း မော်တော်ကားထားတဲ့ ဂိုဒေါင်အပေါ်ထပ်မှာ အိပ်တယ်လို့ သိရပါတယ်။ အဲဒီမိန်းကလေးရဲ့ ပြောပြချက်အရ အခင်းဖြစ်တဲ့ညက သူ အိပ်ပျော်နေတုန်း မတ်ဆူရှီတာတို့ လင်မယားရန်ဖြစ်ပြီး အော်ကြ ဟစ်ကြတဲ့ အသံတွေနဲ့ မှန်တွေ ကွဲကျတဲ့အသံတွေ ကြားရပြီး ခဏနေတော့ ကားစက်နှိုးပြီး မောင်းထွက်သွားတဲ့ အသံကြားရပါတယ်။ အဲဒီတော့ ညသန်းခေါင်ကျော် တစ်ချက်တီးလောက် ရှိနေပါပြီ။ နောက် မိနစ် ၂၀ လောက်ကြာတော့ ကားပြန်ရောက်လာတဲ့ အသံကြားရပါတယ်။ ဒါပေမဲ့ ကားစက်သံရပ်မသွားဘဲ ဂိုဒေါင်ထဲမှာ အတော်ကြာတဲ့အထိ စက်နှိုးထားတာ ကြားနေရပါတယ်။ နောက်တစ်နာရီနီးပါးလောက်ကြာတော့မှ စက်သံရပ်သွားတယ်လို့ အိမ်ဖော်မလေးက ပြောပြပါတယ်။ အဲဒီလိုပြောနေတုန်း အိမ်ဖော်မလေးဟာ မျက်နှာတစ်ချက် ပျက်သွားတာနဲ့ ဘာများလဲလို့ ကြည့်လိုက်တော့ အခန်းထဲကို ခြေသံမကြားအောင် အလစ်ဝင်လာတဲ့ ဟယ်လင်ဇ်ကို ရုတ်တရက် မြင်လိုက်ရပါတယ်။ ဟယ်လင်ကလည်း ချက်ချင်းပဲ မျက်နှာပိုးသတ်ပြီး 'မစ္စတာအားမီး ဘာများ ထူးထူးခြားခြား သိရသလဲလို့ ကျွန်မ လာမေးတာပါ'လို့ တုံးတိတိကြီး ပြောလိုက်ပါတယ်။ တကယ်တော့ အိမ်ဖော်မလေးကို ခုလို





မေးမြန်းနေတုန်း သူ အလစ်ဝင်လာတာကို ကျွန်တော့်စိတ်ထဲက သိပ်ဘဝင်မကျပါဘူး။

ဒါနဲ့ ခဏနေတော့ ဟယ်လင်ပြန်ထွက်သွားတာနဲ့ ဒုတိယ အိမ်ဖော်မလေးကို ကျွန်တော်ခေါ်ပြီး မေးမြန်းစုံစမ်းကြည့်ပါတယ်။ အဲဒီအိမ်ဖော်မလေးဟာ ဟယ်လင်ရဲ့ကလေးသုံးယောက်နဲ့အတူ အိမ်ရဲ့ထောင့်စွန်းက အခန်းတစ်ခန်းထဲမှာ အိပ်တယ်လို့ သိရပါတယ်။ သူပြောတာကတော့ အဲဒီညက သူလည်း ဆူဆူညံညံ အသံတွေကြားလို့ အိပ်ရာက နိုးလာပြီး ပြတင်းပေါက်က ကြည့်လိုက်တော့ ကားဂိုဒေါင်ထဲက ကားမီးရောင်ရှေ့မှာ မတ်ဆူရှီတာနဲ့ သူ့မိန်းမ ဟယ်လင်တို့ဟာ တစ်ယောက်ကိုတစ်ယောက် အံပြန် အလှန် လက်သီးလက်မောင်းတန်းပြီး အော်ကြီးဟစ်ကျယ်နဲ့ ရန်ဖြစ်နေကြတာကို မြင်ရပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဘယ်အချိန်ရှိလို့ ရှိမှန်းမသိပါဘူး။ အဲဒီနောက် မတ်ဆူရှီတာတို့ လင်မယားဟာ လုံးထွေး သတ်ပုတ်ကြရာက ဟယ်လင်က လှမ်းဆွဲလိုက်လို့ မတ်ဆူရှီတာရဲ့အင်္ကျီ နောက်ကျောဘက်က စုတ်ပြဲသွားတာ မြင်ရပါတယ်။ ခဏနေတော့ ရန်ပွဲပြီးသွားပြီး မတ်ဆူရှီတာဟာ ကားထဲ ဝင်ထိုင်နေပါတယ်။ အဲဒီနောက် သူ့မိန်းမလည်း ကားပေါ်တက်သွားပြီး ကားမောင်းထွက်သွားကြပါတယ်။ နောက် နာရီဝက်လောက်ကြာတော့ ကားပြန်ရောက်လာတဲ့အသံ ကြားရပါတယ်။ သူ့ စိတ်ထဲက မတ်ဆူရှီတာတို့လင်မယား ပြန်တည့်သွားကြလို့ အိပ်ရာထဲ ဝင်အိပ်ကြပြီလို့ ထင်လိုက်မိပါတယ်။ ဒါပေမဲ့ သူထင်သလို မဟုတ်ဘဲ မနက်မိုးလင်းတော့ မတ်ဆူရှီတာ အသတ်ခံရတယ်လို့ ကြားရတော့တာပါပဲလို့ အဲဒီအိမ်ဖော်မလေးက အစစ်ခံသွားပါတယ်။

ကျွန်တော်လည်း အိမ်ဖော်နှစ်ယောက်ဆီက အတော်ကလေး ပြည့်ပြည့်စုံစုံ သိခဲ့ရတဲ့အတွက် နောက်တစ်ယောက်ဖြစ်တဲ့ အလုပ်သမားခေါင်း မင်နူယယ်ကိုခေါ်ပြီး တွေ့ပါတယ်။ မင်နူယယ်ဟာ မတ်ဆူရှီတာရဲ့ အလောင်းကို ပထမဆုံး တွေ့ရတဲ့လူမို့ အဲဒီအလောင်းတွေ့တဲ့ နေရာကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြဖို့ ပြောတော့ သူက လိုလိုလားလားနဲ့ ချက်ချင်းပဲ ကျွန်တော့်ကို လိုက်ပြပါတယ်။

အပြင်ဘက်မှာတော့ နေက ခြစ်ခြစ်တောက်အောင် ပူနေပါပြီ။ အတော်ကလေး ခပ်လှမ်းလှမ်းက အရှေ့ဘက်တောင်တန်းကြီးတွေဟာ ပူပြင်းခြောက်သွေ့တဲ့ နေရောင်အောက်မှာ ထီးတည်းကြီး ဖြစ်နေပါတယ်။ အချိန်ကလည်း မွန်းတည့်ချိန် ရောက်နေပါပြီ။ ကျွန်တော်ဟာ မင်နူယယ်ပြတဲ့နေရာကို အသေးစိတ်ကြည့်ပြီး ပတ်ဝန်းကျင်တစ်ဝိုက်ကိုပါ ခြေရာချင်းထပ်အောင် လိုက်ကြည့်ခဲ့ပါတယ်။ တစ်နာရီခွဲလောက်ကြာအောင် စေ့စေ့စပ်စပ်ကြည့်ပြီးတဲ့နောက် အလောင်းတွေ့တဲ့နေရာရဲ့ ပတ်ဝန်းကျင်မှာ ထူးခြားတဲ့ အချက်တွေကို တွေ့ခဲ့ရပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုတော့ အလောင်းတွေ့ရတဲ့ နေရာအထိ တစ်ခုခုဒရွတ်တိုက်ပြီး ဆွဲလာပုံရတဲ့ စွပ်ကြောင်းရာကြီးကို ယာခင်းထဲမှာ အတော်ကလေး သိသိသာသာ တွေ့နေရပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်း ဖုံတွေ ထူထပ်နေတဲ့ တောလမ်းပေါ်မှာ မော်တော်ကားဘီးရာတစ်ခုကိုပါ ထင်ထင်ရှားရှားကြီး တွေ့ရပါသေးတယ်။ (နောက်တော့ အဲဒီကားဘီးရာဟာ ကားဂိုဒေါင်ထဲက မတ်ဆူရှီတာရဲ့ စတေရှင်ဝက်ဂွန် ကားဘီးရာနဲ့ တစ်ထပ်တည်း တူနေတာကို တွေ့ရပါတယ်။)

နောက်ဆုံးတော့ ကျွန်တော် အခုအထိ စုံစမ်းမေးမြန်း ထောက်လှမ်းလို့ ရတဲ့အချက်အလက်တွေကို ပိုပြီး ပြည့်စုံအောင် အလုပ်သမားခေါင်း မင်နူယယ်က ဖြည့်စွက်ပေးလိုက်တဲ့အတွက် ဒီအမှုတစ်ခုလုံးရဲ့ ကားချပ်ဟာ ထင်းခနဲ၊ ကွင်းခနဲ ပေါ်လာပါတယ်။ မင်နူယယ်ဖြည့်စွက်ပေးလိုက်တဲ့ အချက်တွေက ဒီလိုပါ။

အဲဒီနေ့က မတ်ဆူရှီတာဟာ အကြီးအကျယ် မျက်နှာပျက်ပြီး စိတ်ထိခိုက်နေပါတယ်။ နောက်ဆုံး သူက မင်နူယယ်ကို ခေါ်ပြီး သူ့ဇနီးဟယ်လင်နဲ့ ပတ်သက်လို့ မြို့ထဲမှာ ဘာတွေပြောသံကြားရသလဲလို့ မေးပါတယ်။ အမှန်





အတိုင်းပြောရရင် မင်နူယယ်ဟာ ဒီသတင်းကို အရင်ကတည်းက ကြားပြီးသားပါ။ ဟယ်လင်က လူတစ်ယောက်နဲ့ နောက်မီးလင်းနေတယ်ဆိုတဲ့ သတင်းကို လပ်စ်ကရုဝက်စ်တစ်မြို့လုံး တီးတိုးပြောနေကြပါတယ်။ ဒါပေမဲ့ ဒီကိစ္စမျိုးဟာ အတော်ကလေး အပြောရခက်တဲ့ ပြဿနာမျိုးဆိုတော့ မင်နူယယ်ဟာ သူ့ဆရာ မတ်ဆူရှီတာကို အမှန်အတိုင်း ဖွင့်ပြောဖို့ ဝန်လေးနေပါတယ်။ သူ သိရသလောက် ဟယ်လင်ဟာ မြို့ထဲမှာ ဟိုလူ ဒီလူနဲ့တွဲတဲ့ သတင်းတွေကတော့ မကြားချင်အဆုံးပါပဲ။ အဲဒီထဲမှာ အတော်ကလေး ထင်ထင်ရှားရှားနဲ့ ဖုံးမရဖိမရဖြစ်နေတဲ့ လူကတော့ နာမည်ကျော် ကြေးစားဘောလုံးသမား ကပ္ပလီအသားမည်းတစ်ယောက်နဲ့ အတွဲဆုံး ဖြစ်နေပါတယ်။ အဲဒီကပ္ပလီက မတ်ဆူရှီတာမရှိတဲ့အခါ ဟယ်လင့်ဆီကို အမြဲဝင်ထွက်နေတဲ့အပြင် တစ်ခါတစ်ခါ ဟယ်လင်နဲ့ အဲဒီကပ္ပလီကို အခုအိမ်ကြီးနဲ့ မိုင်ဝက်လောက်ဝေးတဲ့ ဧည့်ဂေဟာတစ်ခုမှာတောင် မကြာခဏ နှစ်ယောက်တည်းတွေ့တဲ့လူက တွေ့နေကြပါတယ်။

ကျွန်တော်ဟာ မတ်ဆူရှီတာရဲ့ အလောင်းကို တွေ့ရတဲ့ ဝါခင်းထဲမှာ တစ်နာရီလောက် အချိန်ယူပြီး ကျွန်တော်ကိုယ်တိုင် ကြည့်ခဲ့ မြင်ခဲ့ရတဲ့ အထောက်အထားတွေနဲ့ ကျွန်တော်ကိုယ်တိုင် ကြားခဲ့ရတဲ့ မင်နူယယ်ရဲ့ သတင်းတွေအရ ဒီလူသတ်မှုဟာ ရုပ်လုံးပေါ်နေပြီဆိုတာ တစ်ထစ်ချ တွက်လိုက်ပါတယ်။

ဒါနဲ့ မူလ လာခဲ့တဲ့အိမ်ကြီးဆီကို ပြန်လာခဲ့ပါတယ်။ ကျွန်တော် အဲဒီအိမ်ကြီးကို ပြန်ရောက်သွားတော့ ဟယ်လင်ဟာ ဧည့်ခန်းထဲက ပက်လက်ကုလားထိုင်ကြီး တစ်လုံးပေါ်မှာ ခွေခွေကလေး လှဲနေတာ တွေ့ရပါတယ်။ သူက 'အခုပဲ စိတ်ငြိမ်ဆေးနှစ်ပြား သောက်လိုက်ရတယ်'လို့ ကျွန်တော့်ကို ဆီးပြောပါတယ်။



www.burmeseclassic.com

'ဆေးသောက်ထားတဲ့အရှိန်နဲ့ ခေါင်းထဲက အုံတုံတုံဖြစ်နေလို့ ရှင် ကျွန်မကို ဟိုမေးသည်မေး မေးရင် ကောင်းကောင်း ဖြေနိုင်မယ် မထင်ဘူး'

ကျွန်တော်လည်း သူ ဒီအချိုးမျိုး ချိုးလိမ့်မယ်လို့ တွက်ပြီးသားပါ။ ဒါကြောင့် ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ တိုရှင်းလိုရင်းပဲ လုပ်လိုက်ပါတယ်။

'ရပါတယ်၊ ကျွန်တော်ကလည်း မေးစရာ များများစားစား မရှိပါဘူး။ မေးခွန်းတစ်ခုပဲ မေးမှာပါ။ ခင်ဗျားယောကျ်ားကို ခင်ဗျား ဘာလို့ ပစ်သတ်တာလဲ'

'ဘာပြောတယ်၊ ရှင်ရူးနေပြီလား'

စိတ်ငြိမ်ဆေး သောက်ထားပါတယ်ဆိုတဲ့ ဟယ်လင်ဟာ ကျွန်တော့် မေးခွန်းလည်း ကြားလိုက်ရော ငြိမ်မနေနိုင်တော့ဘဲ ဖြုန်းခနဲ မျက်လုံးပြူးပြီး ပါးစပ်အဟောင်းသားနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။ ဒါနဲ့ ကျွန်တော်က နည်းဗျူဟာတစ်မျိုးဆင်ပြီး ကျွန်တော့်မေးခွန်းကို တစ်မျိုးပြန်လှည့်လိုက်ပါတယ်။

'ကျွန်တော် ရူးတယ်၊ မရူးဘူးဆိုတာ ခင်ဗျားအသိဆုံးပါ။ ကဲ၊ ဒါဖြင့် ခင်ဗျားယောကျ်ားကို ခင်ဗျား ပစ်မသတ်ဘူးပဲ ထားပါတော့၊ ဒါပေမဲ့ မနေ့ညက ခင်ဗျားတို့လင်မယား စကားများပြီး ရန်ဖြစ်ကြတယ်ဆိုတာတော့ အမှန်ပဲ မဟုတ်လား'

'ဒါ ရန်ဖြစ်တယ်လို့ မဆိုနိုင်ပါဘူး၊ ငွေရေးကြေးရေးအတွက် နည်းနည်းပါးပါး ကတောက်ကဆ ဖြစ်ကြတာပဲဟာ'

'ခင်ဗျားတို့ လင်မယား သတ်ကြပုတ်ကြသေးတယ် မဟုတ်လား'

'မဟုတ်ပါဘူး'

'ခင်ဗျားက သူ့ကို ထုရိုက်ပြီး အတင်းကုပ်ဆွဲလို့ သူ့ကျောကုန်းက အကျႌတောင် စုတ်သွားသေးတယ် မဟုတ်လား'





'မဟုတ်ပါဘူး၊ ဒါ လုံးဝ မဟုတ်ဘူး၊ ရှင့်ကို ဘယ်သူပြောလို့လဲ'

'ဘယ်သူက ပြောပြောလေ၊ နောက်ဆုံး ခင်ဗျားနဲ့ သူနဲ့ ကားမောင်းပြီး ထွက်သွားကြတယ် မဟုတ်လား၊ ပြောလေ'

'ရှင် ပြောနေတာတွေ ကျွန်မ တစ်ခုမှ မသိဘူး၊ ဟုတ်လည်း မဟုတ်ဘူး'

'တကယ်တော့ ခင်ဗျား ကျွန်တော့်ကို ညာနေတာပါ။ ဒါကို ခင်ဗျားလည်း သိပါတယ်'

ကျွန်တော်လည်း အဲဒီလို ပြောလိုက်ရော ဟယ်လင်ဟာ ပက်လက်ကုလားထိုင်ပေါ်က ဝုန်းခနဲ ထလိုက်ပါတယ်။ ပြီးတော့ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ပြာကျသွားတော့မလောက် စူးစူးရဲရဲကြီး စိုက်ကြည့်ရင်း တံခါးမကြီးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး သံကုန်အော် ပြောလိုက်ပါတယ်။

'ရှင်...ထွက်သွား၊ ခု ထွက်သွား၊ ကျွန်မ ရှင့်ကို မလိုချင်ဘူး'

ဒါပေမဲ့ သူ ဘာပြောပြော၊ ဘယ်လောက် ဒေါသထွက်ထွက် ကျွန်တော်ကတော့ ခပ်အေးအေးပါပဲ။ ဟုတ်ပါတယ်။ ကျွန်တော့်အတွက် ဟယ်လင်ရဲ့ အမူအရာမျိုးတွေဟာ ရိုးနေပါပြီ။ ဘာပဲဖြစ်ဖြစ်၊ ဒီအမူမှာ ဟယ်လင်ဟာ တရားခံပဲဆိုတာ လယ်ပြင်မှာ ဆင်သွားသလိုပါပဲ။ ဒါကို ကျွန်တော် သက်သေအထောက်အထား ကောင်းကောင်း ပြနိုင်ပါတယ်။

'ခင်ဗျား မနက်က ကျွန်တော့်ကို ပြောတဲ့အထဲမှာ မစ္စတာမတ်ဆူရှီတာရဲ့ အလောင်းကို ခင်ဗျား မမြင်လိုက်ရဘူးဆို'

'ဟုတ်တယ်လေ'

'ဒါဖြင့် သူ့မှာ သေနတ်ဒဏ်ရာ ငါးချက်မှန်ထားတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ'

'တစ်ယောက်ယောက်က ပြောလို့ နေမှာပေါ့' ဟယ်လင်က တစ်ချက် စဉ်းစားပြီးမှ မရေမရာ ဖြေလိုက်ပါတယ်။

www.burmeseclassic.com



'ကျွန်မကို မင်နူယယ်က ပြောသလား၊ ရဲအရာရှိတွေကပဲ ပြောသလား မသိဘူး၊ တစ်ယောက်ယောက်က ပြောသွားတာ ဖြစ်မှာပေါ့'

'ခင်ဗျားကို ဘယ်သူကမှ မပြောဘူး' ကျွန်တော်က ခပ်ဆတ်ဆတ်နဲ့ ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပါတယ်။

'မစ္စတာမတ်ဆူရှီတာမှာ သေနတ်ဒဏ်ရာငါးချက် ထိထားတယ်ဆိုတာ ခင်ဗျားကိုယ်တိုင် သူ့ကို သေနတ်ငါးချက် ပစ်ခဲ့တာမို့ သိနေတာပေါ့။ ကဲ၊ အဲဒီတော့ ခင်ဗျား ဘာမှငြင်းမနေနဲ့တော့၊ အခု အဲဒီသေနတ် ဘယ်မှာလဲ'

'ရှင် ကျွန်မကို သက်သက် မတရားလာစွပ်စွဲနေတာ'

ဟယ်လင်ဟာ ပက်လက်ကုလားထိုင်ပေါ် ပစ်လှဲချလိုက်ပြီး ရှိုက်သံပါပါ မူရာမာယာနဲ့ ပြောလိုက်ပါတယ်။

'ဟုတ်ပါတယ်၊ ကျွန်မဆိုရင် ဘယ်သူကမှ အကောင်းမထင်ကြဘူး'

ကျွန်တော်ဟာ ဟယ်လင်ရဲ့စကားကို ပြန်ပြီး ချေပဖို့ အချိန်မရလိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာပဲ တံခါးဖွင့်ပြီး ရဲဝတ်စုံနဲ့ ရဲအရာရှိ နှစ်ယောက်အခန်းထဲ ဝင်လာကြပါတယ်။ သူတို့ဟာ မက်စီလာရုပ်ကွက်ရဲစခန်းကဖြစ်ပြီး မစ္စက်မတ်ဆူရှီတာကို ဖမ်းဖို့ ဝရမ်းပါလာတယ်လို့ ပြောပါတယ်။

- 'ဘာမှုနဲ့လဲ'

ကျွန်တော်က ပိုသေချာအောင် ဝင်မေးလိုက်ပါတယ်။

'အမှုကတော့ မစ္စတာမတ်ဆူရှီတာကို သတ်ဖို့ ကြိုးစားခဲ့တဲ့ အမှုပါ'

ကျွန်တော်လည်း ရုတ်တရက် အံ့အားသင့်သွားပါတယ်။ ရဲအရာရှိရဲ့စကားအရ မတ်ဆူရှီတာဟာ မသေသေးဘူးလို့ နားလည်လိုက်ပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ သူ မသေသေးပါဘူး။ သေနတ်ဒဏ်ရာငါးချက်တိတိ ရခဲ့ပေမယ့် ဆေးရုံမှာ ဆရာဝန်ကြီးတွေရဲ့ ကြိုးစားပမ်းစား ဂရုတစိုက်ခွဲစိတ်ကုသမှုကြောင့် အသက်ချမ်းသာရာ ရခဲ့တယ်လို့ သိရပါတယ်။ ဒါနဲ့





ဆေးရုံရောက်ပြီး လေးနာရီအကြာမှာ မတ်ဆူရှီတာဟာ သတိကောင်းကောင်းပြန်ရလာပြီး စကားလည်း ပြောလာနိုင်ခဲ့ပါတယ်။ အခုဆေးရုံပေါ်မှာ သူ့ရဲ့တရားဝင်ထွက်ဆိုချက်အရ ရဲအရာရှိတွေက မစ္စက်မတ်ဆူရှီတာကို လာဖမ်းကြတာပါပဲ။

နောက်ဆုံးတော့ ဟယ်လင်ဟာ ဘယ်လိုမှ ငြင်းချက်မထုတ်နိုင်တော့ဘဲ ရဲတွေခေါ်ရာကို လိုက်သွားခဲ့ရပါတယ်။ ဒါတောင် ရဲကားပေါ်အတက်မှာ 'ရှင်တို့အားလုံး ကျွန်မကို အမှုဆင်ပြီး ဖမ်းကြတာပါ။ ကျွန်မအပေါ်မှာ လူတကာက မကောင်းကြံနေကြတာ ကျွန်မ သိပါတယ်'လို့ အော်ပြောသွားပါသေးတယ်။

ဟယ်လင်တစ်ယောက် ရဲတွေနောက်ပါသွားပြီး ကျွန်တော်လည်း သူတို့ရဲ့ ကလေးသုံးယောက်ကို မတ်ဆူရှီတာရဲ့အမေ၊ သူတို့အဘွားဆီ ပို့ပေးဖို့ အိမ်ဖော်အမျိုးသမီးနှစ်ယောက်နဲ့ စီစဉ်ခဲ့ပါတယ်။ အဲဒီနောက် မတ်ဆူရှီတာနဲ့ တွေ့ရအောင် ဆေးရုံဘက်ကို ထွက်လာခဲ့ပါတယ်။

ဆေးရုံရောက်တော့ မတ်ဆူရှီတာဟာ လူနာခုတင်ပေါ်မှာ ဒဏ်ရာတွေ ပတ်တီးတွေနဲ့ ပက်လက်ဖြစ်နေတဲ့အထဲက ကျွန်တော့်ကို မြင်တော့ ဝမ်းသာအယ်လဲ နှုတ်ဆက်ရှာပါတယ်။ ကျွန်တော်လည်း သူ အခုလို ကျွန်တော့်အပေါ်မှာ မိတ်ဆွေရင်းချာတစ်ယောက်လို ခင်ခင်မင်မင်နဲ့ ရင်းရင်းနှီးနှီးရှိတာကို ကြည့်ပြီး ရုတ်တရက် အံ့အားတောင် သင့်သွားပါတယ်။ အဲဒီနောက် သူက မေးတာနဲ့ ကျွန်တော်လည်း ကျွန်တော် စုံစမ်းထောက်လှမ်းလို့ ရခဲ့သမျှအားလုံး တစ်ခုမကျန် ပြောပြလိုက်ပါတယ်။ ဟယ်လင်နဲ့ ကပ္ပလီဘောလုံးသမား 'ဖြစ်' နေတဲ့အကြောင်းလည်း ဖြောင့်ပဲ ဖွင့်ပြောလိုက်ပါတယ်။ မပြောလို့ မဖြစ်တော့ဘူးလေ၊ ကာယကံရှင်ကိုယ်တိုင်က အမှန်အတိုင်း အစစ်ခံပြီးလို့ ရဲက ဟယ်လင်ကိုတောင် ဖမ်းသွားပြီပဲ။ ခုမှ ဖုံးလို့ ကွယ်လို့ ဘာထူးတော့မှာလဲ၊ ဖုံးစရာ ကွယ်စရာလည်း မလိုတော့ပါဘူး၊ ဟုတ်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မတ်ဆူရှိတာဟာ ကျွန်တော်ပြောတာတွေကို တစ်လုံးမကျန် ဂရုတစိုက် နားထောင်ရင်း သူ့လက်နှစ်ဖက်နဲ့ လူနာဆောင်အနားစကို မသိမသာ ဆုပ်ကိုင်ထားပါတယ်။ သေနတ်ဒဏ်ရာတွေက သွေးတွေ တအားထွက်ထားလို့လား မသိဘူး၊ တစ်ကိုယ်လုံး အသားအရေတွေ ဖြူဖပ်ဖြူရော် ဖြစ်ပြီး မျက်နှာနဲ့နှုတ်ခမ်းတွေဆိုရင် လုံးဝသွေးမရှိသလောက်ပါပဲ။ နောက်ဆုံးတော့ မတ်ဆူရှိတာဟာ ကျွန်တော့်စကားလည်း ဆုံးသွားရော သူ့ခေါင်းကို ခပ်ဖြည်းဖြည်း မသိမသာရမ်းလိုက်ရင်း အားမရှိတဲ့ အပြုံးကလေးနဲ့ မချိပြုံးပြုံးလိုက်ပါတယ်။

'အခု ခင်ဗျား ပြောသွားတာတွေ အားလုံးတစ်ခုမကျန် မှန်တယ်ဆိုတာ ကျုပ် သိပါတယ်'

သူက လေသံခပ်တိုးတိုးနဲ့ ပြောလိုက်ပါတယ်။

'ဒီတိုင်းဆိုတော့ ဒီအမှုမှာ ခင်ဗျား တာဝန်ကုန်ပြီပေါ့ ဟုတ်လား'

'ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်'

'ဒီလိုဆိုလည်း ကောင်းပါတယ်'

သူက တစ်အောင့်လောက် နားပြီးမှ စကားဆက်လိုက်ပါတယ်။

'အဲဒီတော့ ကျွန်တော်က ခင်ဗျားကို ဆက်ပြီး ငှားချင်ပါတယ်'

'ဘာအတွက်လဲခင်ဗျာ၊ ဘာလုပ်ဖို့လဲ'

'တခြားမဟုတ်ပါဘူး၊ ကျုပ်မိန်းမကို အချုပ်ထဲက လွတ်အောင် လုပ်ပေးဖို့ပါပဲ'

ရုတ်တရက် ကျွန်တော့်နားကိုတောင် ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားပါတယ်။ ငါကြားလိုက်တာ ဟုတ်မှ ဟုတ်ရဲ့လား၊ ဟုတ်ပါတယ် ခင်ဗျား။ ကျွန်တော့်ရှေ့က မတ်ဆူရှိတာဆိုတဲ့ အဘိုးကြီးဟာ သူ့ထက် အသက်ထက်ဝက်လောက်ငယ်တဲ့ သူ့မိန်းမက ရက်ရက်စက်စက် သေနတ်နဲ့ ငါးချက်တိတိပစ်လို့ ဆေးရုံပေါ်ရောက်ပြီး ဒဏ်ရာတွေ သွေးမတိတ်သေးခင်





အဲဒီမိန်းမကို အမှုမလုပ်ဘဲ အချုပ်ထဲက ထုတ်ပေးဖို့ ကျွန်တော့်ကို အမှုအပ်နေပြန်ပါပြီ။

ကျွန်တော်ဟာ ကိုယ့်စိတ်ကိုယ် မနည်းတည်ငြိမ်အောင် ကြိုးစားပြီး ဒီကိစ္စနဲ့ပတ်သက်လို့ မတ်ဆူရှိတာကို အကျိုးအကြောင်း ရှင်းပြလိုက်ပါတယ်။ အခုလတ်တလော ရဲအဖွဲ့ဟာ ဆေးရုံပေါ်က မတ်ဆူရှိတာရဲ့ ထွက်ချက်အရ ဟယ်လင်ကို ဖမ်းသွားကြပါပြီ။ အဖက်ဖက်က အထောက်အထားတွေနဲ့ မျက်မြင်သက်သေတွေ ရှိနေပြီးသားဆိုတော့ ထုံးစံအတိုင်း ရဲကနယူးမက္ကဆီကိုပြည်နယ် တရားရုံးကို အမှုတင်မှာ သေချာနေပါပြီ။ အဲဒီတော့ ဒီအချိန်မှာ ဟယ်လင်ကို လွတ်အောင်လုပ်ဖို့ မလွယ်ဘူးလို့ ကျွန်တော်က မတ်ဆူရှိတာကို ရှင်းပြပါတယ်။

'အဲဒီလိုလည်း မဟုတ်သေးပါဘူး။ ဒီအမှုမှာ ကျုပ်က တိုင်ချက်မဖွင့်ဘူး၊ တရားမစွဲဘူး၊ ရုံးမှာလည်း အစစ်မခံဘူးဆိုရင် သူတို့ဘယ်လိုလုပ်ပြီး ကျုပ် မိန်းမကို အရေးယူရမလဲ၊ ကျုပ်သာ အဓိကမဟုတ်လား'

သူပြောတာ ဟုတ်ပါတယ်။ ဒီအမှုမှာ သူကသာ ပဓာနပါ။ ဟယ်လင်ကို အရေးယူဖို့ ထောင်ချဖို့ဆိုတာ ကာယကံရှင် မတ်ဆူရှိတာကိုယ်တိုင်က တိုင်မှ တောမှ အမှုလုပ်မှပါ။ ဒါနဲ့ နောက်ဆုံးတော့ ကျွန်တော်ဟာ အလွတ်စုံထောက်ပီပီ အမှုသည့် အလိုကျ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါမယ်ဆိုတဲ့ အာမခံချက်နဲ့ ဆေးရုံထဲက ပြန်ထွက်လာခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ လောကကြီးရဲ့ ဆန်းကြယ်မှုကို ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ပါဘူး။

မတ်ဆူရှိတာရဲ့ တာဝန်ပေးချက်အရ ဒီတစ်ခါတော့ ကျွန်တော်ဟာ လပ်စ်ကရုဆက်စ်ရဲအဖွဲ့က မှူးခင်းတာဝန်ခံဆီ သွားတွေ့ရပါတယ်။ တွေ့ပြီး ဒီအမှုမှာ ကာယကံရှင် မတ်ဆူရှိတာကိုယ်တိုင်က အမှုမလုပ်ချင်တဲ့အကြောင်း၊ ဒါကြောင့် ဒီအမှုနဲ့ပတ်သက်လို့ သူ့အနေနဲ့ တိုင်ချက်ဖွင့်တော့



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ တရားစွဲတာတွေ၊ ရုံးမှာ အစစ်ခံတာတွေ ဘာတစ်ခုမှ မလုပ်တော့ဘူး ဆိုတဲ့အကြောင်း မှုခင်းတာဝန်ခံ အမှုလိုက်အရာရှိကို အပြည့်အစုံ ပြောပြရပါတယ်။ ပြီးမှ ကာယကံရှင်ရဲ့ ဆန္ဒအရ အခုအဖမ်းခံနေရတဲ့ ဟယ်လင်ကို အာမခံနဲ့ အချုပ်က လွှတ်ပေးဖို့ ပြောရပါတယ်။ အမှုလိုက်အရာရှိကလည်း ဒီပြည်နယ်ရဲ့ တရားဥပဒေအရ အဖမ်းခံနေရတဲ့ ဟယ်လင်ကို အာမခံနဲ့ ထုတ်ချင်တယ်ဆိုရင် တရားသူကြီးဆီမှာ အာမခံမယ့်လူနဲ့တကွ သတ်မှတ်ထားတဲ့ အာမခံတန်ဖိုးနဲ့ ကိုက်ညီတဲ့ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းတစ်ခုခုကို တင်ပြလက်မှတ်ထိုးရမယ်လို့ ဆိုပါတယ်။

အဲဒီကိစ္စမှာ ကျွန်တော်ဟာ ဆွမ်းခံရင်း ငှက်သင့်ခဲ့ပါသေးတယ်။ ဖြစ်ပုံက တရားသူကြီးဆီရောက်တော့ တရားသူကြီးက ဒေါ်လာတစ်သိန်းခွဲတန် မရွှေ့မပြောင်းနိုင်တဲ့ အာမခံပစ္စည်းတစ်ခုခု တင်ရမယ်ဆိုလို့ ကျွန်တော်ပဲ ကျွန်တော် ပိုင်ပစ္စည်းတစ်ခုကို အာမခံထားပြီး လက်မှတ်ထိုးခဲ့ရပါတယ်။ တကယ်တော့ အမှုသည်တစ်ယောက်အတွက် အရေးတကြီး လိုအပ်လာတဲ့ အခါ ရှေ့နေတွေ စုံထောက်တွေက အာမခံအတွက် ကိုယ်ဖိရင်ဖိ လုပ်ပေးခဲ့ကြရတာ ဆန်းတော့ မဆန်းလှပါဘူး။ ပြီးတော့ မတ်ဆူရှီတာအပေါ်မှာလည်း ကျွန်တော်က အကြွင်းမဲ့ ယုံကြည်ပြီးသား မဟုတ်လား။

အားလုံးကိစ္စဝစ္စတွေပြီးလို့ မစ္စက်မတ်ဆူရှီတာဆိုတဲ့ ဟယ်လင်တစ်ယောက် အချုပ်ခန်းထဲက ထွက်လာတော့ သန်းခေါင်ကျော်ပြီးလို့ ညနာရီပြန်တစ်ချက် ထိုးနေပါပြီ။ ကျွန်တော်ဟာ အချုပ်ခန်းအပြင်ဘက် ရောက်လာတဲ့ ဟယ်လင်ကို သူ့ယောကျ်ား မတ်ဆူရှီတာနဲ့ ကျွန်တော်နဲ့ ဆေးရုံမှာ တွေ့ခဲ့ပုံကအစ သူ အာမခံရဖို့ ကြိုးစားခဲ့ရပုံတွေ အတိုချုပ်ပြောပြပြီး သူ့ကို အိမ်ပြန်ခေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ ရောက်သွားတော့ အဲဒီအိမ်ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းပြီး တိတ်ဆိတ်နေပါတယ်။ ဟယ်လင်က သူတစ်ယောက်တည်း သန်းခေါင်ကျော်အချိန် ညကြီးမင်းကြီးမို့ ကျွန်တော့်ကို





အိမ်ထဲအထိ လိုက်ပို့ပေးပါလို့ဆိုလို့ ကျွန်တော်လည်း သူနဲ့အတူ သူ့အိမ်ထဲကို လိုက်လာခဲ့ပါတယ်။

ဒီနေရာမှာ ကျွန်တော် ရည်ရွယ်ချက်က သူနဲ့ အိမ်ထဲထိ လိုက်သွားပြီး သူ့ယောကျ်ားကို မနေ့ညက ပစ်သတ်ခဲ့တဲ့ သေနတ်ကို ရအောင် တောင်းယူမယ်လို့ စိတ်ကူးထားခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကိုတော့ ဒါကို ကျွန်တော် ဖွင့်မပြောခဲ့ပါဘူး။

အိမ်ထဲရောက်လို့ ဧည့်ခန်းမှာ မီးတွေ ဖွင့်ပြီး ခဏတဖြုတ်ထိုင်ရုံပဲရှိသေးတယ်။ ဟယ်လင်က ဒီညတော့ အချိန်ကလည်း သိပ်ညဉ့်နက်နေပြီ၊ ဒီအိမ်ကြီးမှာလည်း သူတစ်ယောက်တည်း အိပ်ရမှာ ကြောက်လို့ ကျွန်တော့်ကို အိမ်မပြန်တော့ဘဲ ဒီမှာပဲ အိပ်သွားပါတော့လို့ ပြောလာပါတယ်။ အဲဒီအချိန်အထိ ကျွန်တော်ဟာ မရိပ်မိသေးဘဲ ကိုယ့်စိတ်ကူးနဲ့ကိုယ် အိမ်ပြန်ဖို့ပဲ စိတ်စောနေပါတယ်။

'ဒီမယ် မစ္စက်ဟယ်လင်၊ ကျွန်တော် အခု ခင်ဗျားဆီက သေနတ်လိုချင်လို့ လိုက်လာတာပါ။ အဲဒီတော့ မနေ့ညက အမှုဖြစ်ခဲ့တဲ့သေနတ် ကျွန်တော့်ကို ထုတ်ပေးစေချင်တယ်'

ကျွန်တော်က အဲဒီလိုပြောလိုက်တော့ ဟယ်လင်က အဲဒီသေနတ် ဘယ်မှာရှိတယ်ဆိုတာ သူပြောပါမယ်။ ဒါပေမဲ့ ဒီညဒီမှာ အိပ်မယ်ဆိုမှ သေနတ်ကို ထုတ်ပေးမယ်လို့ ဆိုလာပါတယ်။ ကျွန်တော်လည်း တည့်တည့်ပြောမှပဲ ရိပ်မိပါတော့တယ်။ ဟုတ်ပါတယ်။ အခုဆိုရင် ဒီနေ့အဖို့ တစ်နေ့ကုန်၊ တစ်ညလုံး နာရီပေါင်း ၁၉ နာရီလုံးလုံး ဘာတစ်ခုမှ မည်မည်ရရ စားခဲ့၊ မသောက်ခဲ့ရဘဲ နောက်က ခွေးရှူးလိုက်သလို အဆက်မပြတ် အပြေးအလွှား အမောတကော အလုပ်လုပ်ခဲ့ရလို့ အရမ်းပင်ပန်းပြီး မြင်မကောင်း ရှုမကောင်းဖြစ်နေတဲ့ ကျွန်တော်ဟာ အထီးကျန်ဘဝနဲ့ သောကတွေ များနေရှာတဲ့ အသက် ၃၀အရွယ် ချောချောလှလှ အမျိုးသမီးတစ်ယောက်နဲ့ ညသန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ကျော် အိမ်ကြီးတစ်အိမ်မှာ နှစ်ယောက်တည်း ရှိနေကြပါတယ်။ ဒါပေမဲ့ ဒီအမျိုးသမီးဟာ သူနဲ့ ကလေးသုံးယောက်ရတဲ့အထိ ပေါင်းလာခဲ့တဲ့ သူ့ယောကျ်ားကို သေနတ်နဲ့ ငါးချက်တိတိ ရက်ရက်စက်စက်ပစ်ခဲ့တာဟာ ၂၄ နာရီတောင် မရှိသေးပါဘူး။ အဲဒီတော့ ကျွန်တော်က–

'ကျွန်တော် ဒီည ဘယ်နည်းနဲ့မှ ဒီမှာ အိပ်လို့ မဖြစ်ပါဘူး။ ခင်ဗျားဆီက သေနတ်ရရင် အယ်လ်ပါဆိုကို ပြန်အိပ်ဖို့ စီစဉ်ထားပါတယ်'

'ဘာလဲ၊ ကျွန်မကို ရှင် သဘောမကျလို့လား၊ ဟုတ်လား။ ကျွန်မရုပ်က မချောလို့လား'

ပြဿနာကတော့ ရှင်းနေပါပြီ။ သူက ဒီလို ရှင်းရှင်းပြောတော့ ကျွန်တော်ကလည်း ရှင်းရှင်းပဲ ပြန်ပြောလိုက်ရပါတယ်။

'ဟယ်လင်ဟာ တကယ်ချော တကယ်လှပါတယ်။ ဒါကို ကျွန်တော် မငြင်းပါဘူး။ ဒါပေမဲ့ ကျွန်တော့်မှာ ခင်ဗျားနဲ့ မစ္စတာမတ်ဆူရှီတာအတွက် နက်ဖြန်မနက် ဆောင်ရွက်စရာတွေ အများကြီး ရှိနေပါသေးတယ်။ ဒါကြောင့် ကျွန်တော် ဒီည အယ်လ်ပါဆိုမြို့ကို ပြန်အိပ်မှ ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ဒီအမှုနဲ့ ပတ်သက်ပြီး ခင်ဗျားအတွက်ရော၊ မစ္စတာမတ်ဆူရှီတာအတွက်ပါ အင်မတန် အရေးကြီးတဲ့သေနတ်ကို အမြန်ဆုံး ထုတ်ပေးစေချင်ပါတယ်'

ဟယ်လင်ဟာ ကျွန်တော့်စကားဆုံးသွားတဲ့အထိ ငြိမ်ပြီး နားထောင်နေပါတယ်။ ပြီးနောက် အတော်ကလေးကြာအောင် မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လို ကျွန်တော့်ကို တွေတွေကြီး စိုက်ကြည့်နေပြီးမှ နောက်ဆုံး ခေါင်းတစ်ချက် မသိမသာ ညိတ်လိုက်ပါတယ်။

'ကဲ...ဒါဖြင့်လာ'

ဟယ်လင်ဟာ ပြောပြောဆိုဆိုနဲ့ ထိုင်ရာကထပြီး ကျွန်တော့်ကို ကားဂိုဒေါင်ဘက် ခေါ်သွားပါတယ်။ အဲဒီထဲရောက်တော့ နံရံမှာ ကပ်ပြီး





ရိုက်ထားတဲ့ မီတာသေတ္တာလို သေတ္တာကလေးတစ်လုံးကို ဝက်အူကလေးနဲ့ လှည့်ချွတ်ပြီး အဖုံးကို ခွာလိုက်ပါတယ်။ ပြီးတော့မှ သေတ္တာရဲ့ အတွင်းဘက်ထောင့်တစ်နေရာကို လက်နဲ့လှမ်းနှိုက်ပြီး ဆွဲထုတ်လိုက်တော့ ဒသမ ၃၂ ဘရောင်နင် အော်တိုမက်တစ် သေနတ်ကလေးတစ်လက် ထွက်လာပါတယ်။

ဟယ်လင်ဟာ အဲဒီသေနတ်ကလေး လှမ်းပေးလိုက်လို့ ကျွန်တော်ဟာ သေနတ်ကို လှမ်းယူပြီး ပြောင်းဝကို အမှတ်မထင် နမ်းကြည့်လိုက်မိပါတယ်။ အခုထက်ထိ ယမ်းနံ့တွေ ရနေသေးတယ်လို့ ကျွန်တော့်စိတ်ထဲက ထင်မိပါတယ်။

'ကျွန်တော် ဒီသေနတ်ကို ယူသွားမယ်နော်'

ကျွန်တော်က ပြောလိုက်ပါတယ်။

'ရှင် တကယ်သွားတော့မှာလား'

'သွားမယ်လေ၊ ကျွန်တော့်မှာ နက်ဖြန်မနက် အလုပ်တွေ တစ်ပုံကြီး ရှိသေးတယ်'

'ခဏနေပါဦး'

ဟယ်လင်ဟာ ရုတ်တရက် ဘာဆက်ပြောရမှန်း မသိသလို တအောင့်လောက် စကားပြတ်သွားပါတယ်။ ပြီးမှ–

'ကျွန်မကို အကာအကွယ်ပေးဖို့ ကျွန်မ ရှင့်ကို ငှားချင်တယ်။ အဲဒါ ဖြစ်မလား'

'ဘာကို ကာကွယ်ပေးရမှာလဲ၊ လောလောဆယ် ခင်ဗျားမှာ ဘာအန္တရာယ်ရှိနေလို့လဲ'

'ဒါတော့ ကျွန်မလည်း မပြောတတ်ဘူး။ တစ်ယောက်ယောက်က တစ်ခုခု အန္တရာယ်ပေးလာမလားလို့'

'ကိစ္စမရှိပါဘူး၊ ဘယ်သူက အန္တရာယ်ပေးမယ့်လူ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား အိမ်တံခါးတွေသာ အလုံပိတ်ပြီး သော့ခတ်ထားပါ။ ပြီးတော့ အခု မကြာခင် မိုးလင်းတော့မှာပဲ'

ဟယ်လင်ဟာ ရုတ်တရက် တစ်ခုခု ဆုံးဖြတ်လိုက်သလို မျက်နှာထား တစ်ချက်တင်းသွားပြီး အောက်နှုတ်ခမ်းကို ဆတ်ခနဲ ကိုက်လိုက်ပါတယ်။

'ဩော်...ရှင်က ဒါလောက်တောင်ပဲကိုး'

သူ့အသံဟာ တုန်တုန်ယင်ယင်နဲ့ အင်မတန် နာကြည်းနေပုံရပါတယ်။

'ကဲ...ရှင်သွားချင်သပဆိုလည်း သွားပေါ့။ ဒါပေမဲ့ ကျွန်မကတော့ ရှင်ထွက်သွားတာနဲ့ တစ်ပြိုင်နက် ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာပဲ...ဒါပဲ'

'မဟုတ်သေးဘူးလေ၊ ခင်ဗျားသေလို့ မဖြစ်သေးပါဘူး။ ခင်ဗျားမှာ ရှေ့လျှောက် လုပ်စရာ ကိုင်စရာတွေ တစ်ပုံကြီး ရှိပါသေးတယ်'

ကျွန်တော်လည်း အဲသည်လို ပြတ်ပြတ်ပြောပြီး အိမ်ထဲက အမြန်ဆုံး ထွက်လာခဲ့ပါတယ်။ အိမ်ပြင် ရောက်ရောက်ချင်း ကျွန်တော့်ကားကလေးပေါ် ခုန်တက်ပြီး တစ်ချိုးတည်း လစ်လာခဲ့တာပါပဲ။

ဟယ်လင်နဲ့ ဝေးသည်ထက် ဝေးလာခဲ့ပေမယ့် သူ့အကြောင်းကတော့ တစ်လမ်းလုံး ကျွန်တော့်ခေါင်းထဲက မထွက်ပါဘူး။ ဒီအသက်အရွယ်အထိ အပင်ပန်းခံပြီး ကုန်းရုန်းရှာပေးနေတဲ့ သူ့ယောကျ်ားရဲ့ ငွေတွေကိုလည်း သုံးချင်သလို သုံးတယ်၊ ဖြုန်းချင်သလို ဖြုန်းတယ်၊ ပြီးတော့ လူတကာနဲ့ တွဲတယ်။ လူတစ်ယောက်နဲ့ နောက်မီးလင်းတယ်၊ နောက်ဆုံး ဒီယောကျ်ားကိုပဲ သေနတ်နဲ့ငါးချက်တိတိ ပစ်သတ်ပြီး ဝါးခင်းထဲက ဖုတ်တောထဲမှာ ဒီတိုင်းထားပစ်ခဲ့တယ်။ ဒါပေမဲ့ ဒီလောက်ဆိုးပြီး ဒီလောက် ရက်စက်တဲ့ မိန်းမကို ဆေးရုံပေါ်မှာ သေနတ်ဒဏ်ရာတွေ ဗလပွနဲ့ မချိမဆန့် ခံနေရတဲ့ သူ့ယောကျ်ားက ဒေါသမထွက် စိတ်မနာတဲ့ အပြင် လက်စားမချေ





အမှုမလုပ်ဘဲ လုံးဝ ခွင့်လွှတ်ခဲ့တယ်။ သူ့မိန်းမ ထောင်မကျအောင် အစွမ်းကုန် ကြိုးစားပေးဖို့ ကျွန်တော့်ကို ငှားခဲ့တယ်။ အခုတစ်ခါ အဲဒီမိန်းမက ကျွန်တော့်ကို...ကျွန်တော့်ကို။

ကျွန်တော်ဟာ ရှေ့ဆက်ပြီး ဘာမှမစဉ်းစားချင်တော့ပါဘူး။ စဉ်းစားလို့လည်း မရတော့ပါဘူး။ တစ်နေ့နဲ့ တစ်ညလုံး ဆက်တိုက် ပင်ပန်းထားတဲ့ဒဏ်ကြောင့် ကားမောင်းရင်း မျက်ခွံတွေလေးပြီး မျက်လုံးတွေ ဝါးလာပါတယ်။ အရမ်းကို အိပ်ချင်နေပါပြီ။ မကြာခင် အယ်လ်ပါဆို ရောက်တော့မှာမို့ ကားကို အတတ်နိုင်ဆုံး ထိန်းပြီး မောင်းခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်ကားရှေ့ခန်းထဲက တယ်လီဖုန်းသံဟာ စူးစူးဝါးဝါး မြည်လာပါတယ်။ ကျွန်တော့်အိမ်ကဆက်တဲ့ ဖုန်းပဲဆိုတာ ကျွန်တော် ချက်ချင်းသိလိုက်ပါတယ်။ ကျွန်တော် ဘယ်အရပ်ရောက်နေနေ ကျွန်တော့်အိမ်မှာ အရေးတကြီး ကိစ္စရှိရင် အဲဒီ 'ကားဖုန်း'နဲ့ ကျွန်တော့်ကို ဆက်ပြီး အကြောင်းကြားနိုင်အောင် စီစဉ်ထားပါတယ်။

အခုလည်း အရေးတကြီး ကိစ္စပေါ်နေလို့ ကျွန်တော့်အိမ်က ကျွန်တော်ရောက်နေတဲ့ဆီ ဖုန်းလှမ်းဆက်တာပါပဲ။ အဲဒီအရေးတကြီး ကိစ္စက ဘာလဲဆိုတော့ 'မစ္စက်မတ်ဆူရှီတာတစ်ယောက် ခပ်စောစောကပဲ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်ပြီး သေကြောင်းကြံလို့ အခု ဆေးရုံရောက်နေပြီ' ဆိုတဲ့သတင်းပါပဲ။ ဒီသတင်းကို လပ်စ်ကရုဆက်စ် ရဲအဖွဲ့က ကျွန်တော့်အိမ်ကို အကြောင်းကြားလို့ ကျွန်တော့်အိမ်က ကျွန်တော်ရှိရာကို တစ်ဆင့် အကြောင်းကြားတာပါပဲ။

ကျွန်တော်လည်း အကြီးအကျယ် ဦးနှောက်ခြောက်သွားပါတယ်။ စောစောက အရမ်းအိပ်ချင်နေတဲ့ စိတ်တွေလည်း တစ်ခါတည်း ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး။ မျက်လုံးကျယ်ပြီး လူလည်း ရှူးချင်သလို နှမ်းချင်သလို ဖြစ်သွားခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ဟာ ကိုယ့်အတွက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စူးနေပြီဆိုတာ သိလိုက်ပါတယ်။ ဒါနဲ့ ကဲ... ဒါလောက်တောင် ဖြစ်ချင်လှတာ လမ်းဆုံးအထိ လိုက်ကြည့်ဦးမယ်ဆိုတဲ့ စိတ်နဲ့ ကားကို ချာခနဲ ပြန်ကွေ့ပြီး လပ်စ်ကရုဆက်စ်မြို့ဘက်ကို ပြန်မောင်းလာခဲ့ပါတယ်။

မစ္စက်မတ်ဆူရှီတာကို သူ့ယောကျ်ားရှိနေတဲ့ ဆေးရုံမှာပဲ တင်ထားတယ်ဆိုတာ သိရလို့ အဲဒီဆေးရုံကိုပဲ ကျွန်တော် နောက်တစ်ခေါက် ရောက်လာခဲ့ရ ပြန်ပါတယ်။ ကျွန်တော် ရောက်သွားတော့ သူ့ကို ခွဲစိတ်ကုသနေတုန်း ရှိပါသေးတယ်။ ဆရာဝန်တွေရဲ့ ပြောပြချက်အရ သူဟာ ပြောင်းတိုသေနတ်တစ်လက်နဲ့ သူ့ခါး သူထောက်ပြီး မောင်းကို ဖြုတ်ချလိုက်တယ်လို့ ဆိုပါတယ်။ ဒဏ်ရာကလည်း တော်တော်ပြင်းတယ်လို့ သိရပါတယ်။ ဒါပေမဲ့...ဒါပေမဲ့ မသေဘူးတဲ့ ခင်ဗျ။ ဟယ်လင်ဆိုတဲ့ မစ္စက်မတ်ဆူရှီတာ မသေဘူးတဲ့။ တကယ်အသက်ပြင်းတဲ့ မိန်းမပါပဲဗျာ။

ဒီလိုနဲ့ ကျွန်တော်လည်း အဲဒီဆေးရုံမှာပဲ မိုးလင်းခဲ့ရပါတယ်။

နောက်တစ်နေ့မနက်ကျတော့ ဟယ်လင်ဟာ သတိပြန်ရပါတယ်။ အဲဒီမှာတင် သူ့အိမ်မှာ မနေ့ညက ကျွန်တော်နဲ့ နှစ်ယောက်တည်း ရှိနေခဲ့ရာက ကျွန်တော်လည်းပြန်ရော သူလည်း သူ့ကိုယ်သူ သေနတ်နဲ့ပစ်ပြီး သေကြောင်းကြံခဲ့ပါတယ်လို့ အစစ်ခံခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး။ တကယ်လို့ အဲဒီတုန်းက သူ အကြိမ်ကြိမ် အခါခါ တောင်းပန်တဲ့အတိုင်းသာ ကျွန်တော်ပြန်မသွားဘဲ နေခဲ့လို့ရှိရင် သူဟာ သူ့ကိုယ်သူ ဒီလိုသေကြောင်းကြံမိမှာ မဟုတ်ပါဘူးလို့ ထည့်ပြီး အစစ်ခံမိအောင် ခံလိုက်သေးသဗျ။

ဒါပေမဲ့ ဒီကိစ္စမှာ ကျွန်တော် အမိကဦးစားပေးတဲ့ ပုဂ္ဂိုလ်ကတော့ အဘိုးကြီး မတ်ဆူရှီတာပါပဲ။ သူ့ရဲ့စိတ်သဘောထားကိုလည်း သိထားပြီး သူ့ကိုလည်း ယုံကြည်လေးစားတဲ့စိတ် ရှိပြီးသားဆိုတော့ ကျွန်တော်ဟာ အဲဒီညက နောက်ဆက်တွဲဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေအားလုံးကို မတ်ဆူရှီတာနဲ့ တွေ့ပြီး တစ်ခုမကျန် အသေးစိတ် ပြောပြခဲ့ပါတယ်။ ကျွန်တော်ဟာ





ကျွန်တော်ကိုယ်တိုင် ဆွမ်းခံရင်း ငှက်သင်ခဲ့ရတဲ့ အကြောင်းတွေကို ပြန်ပြောပြရင်း အဘိုးကြီးမျက်နှာကြည့်ပြီး အတော်စိတ်ထိခိုက်သွားမိပါတယ်။ အဲဒီအချိန်မှာ အဘိုးကြီးရဲ့မျက်နှာဟာ ဘာတစ်ခုမှ ခံစားချက်မရှိတဲ့ မျက်နှာမျိုးနဲ့ ကျွန်တော် ပြောတာတွေကို ဆွံ့အနားမကြားတဲ့ လူတစ်ယောက်လို မျက်နှာသေကြီးနဲ့ နားထောင်နေရှာပါတယ်။ သူ့မျက်နှာကြည့်ရတာ ရှိရှိသမျှကိုယ်ပိုင်ပစ္စည်းအားလုံး လက်လွတ်ဆုံးရှုံးခဲ့ရပြီး နောက်ထပ် ဘာတစ်ခုမှ ဆုံးရှုံးစရာမရှိတော့တဲ့ လူတစ်ယောက်ရဲ့ အမူအရာမျိုး အထင်းသား ပေါ်နေပါတယ်။

ဒါပေမဲ့ အဲဒီလောက်ဖြစ်နေတဲ့ကြားထဲက နောက်ဆုံးတော့ အဘိုးကြီး မတ်ဆူရှီတာဟာ အင်မတန် သနားစရာကောင်းတဲ့ မျက်နှာကြီးနဲ့ ကျွန်တော့်ကို တစ်ချက်မော့ကြည့်ပြီး ဘာပဲဖြစ်ဖြစ် သူ့မိန်းမကို အမှုမဖြစ်အောင် ထောင်မကျအောင် အစွမ်းကုန် ကြိုးစားပေးပါလို့ ပြောလာပြန်ပါတယ်။ ကျွန်တော်ဖြင့် ဒီအဘိုးကြီးကို ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ပါဘူး။ အံ့ဩစရာ၊ သနားစရာကောင်းသလောက် ဒေါသထွက်စရာတောင် ကောင်းနေပါတယ်။

တခြားလူတစ်ယောက်သာဆိုရင် ဒီအမှုကို လုံးဝ ဆက်မလိုက်တော့ဘဲ ပြန်အပ်လိုက်မိမှာပါပဲ။ ဒီဂျပန်အဘိုးကြီးကိုတော့ အင်မတန်သနားပြီး ဘာပဲဖြစ်ဖြစ် ဒီအသက်အရွယ်ကြီး ရောက်မှတော့ သူ့ဆန္ဒအတိုင်း သူစိတ်ချမ်းသာသလို လုပ်ပေးလိုက်ပါမယ်ဆိုပြီး ကျွန်တော်ဟာ ဒီအမှုနဲ့ ပတ်သက်လို့ ဆောင်ရွက်စရာရှိတာတွေ အစွမ်းကုန် ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက်ဆုံး ကျွန်တော်ရဲ့ ကြိုးစားမှုနဲ့ အဘိုးကြီးရဲ့ ငွေရေးကြေးရေး အရှိန်အဝါနဲ့ ပေါင်းစပ်ပြီး ဒီအမှုဟာ ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်ဘဲ ပြီးသွားခဲ့ပါတယ်။

ဒီအမှုနဲ့ ပတ်သက်လို့ ကျွန်တော် နောက်မှ အဖြစ်မှန်တစ်ခု သိရတာက ဟယ်လင်နဲ့ မတ်ဆူရှီတာနဲ့ ပထမဆုံးစပြီး စကားများခဲ့ကြရတဲ့

www.burmeseclassic.com



ခေါ်လာ ၂၀၀၀၀ (နှစ်သောင်း) ဆိုတာက ဟယ်လင်ပြောသလို ဒါးလက်စ်မြို့က သူ့မောင်တစ်ယောက် မော်တော်ကားအလုပ်ရုံ ဆောက်ဖို့မဟုတ်ဘဲ သူနဲ့ နောက်မီးလင်းနေတဲ့ ကပ္ပလီဘောလုံးသမားကို ပြိုင်မြင်းတစ်ကောင် ဝယ်ပြီး လက်ဆောင်ပေးဖို့လို့ သိရပါတယ်။ ဒါပေမဲ့ ဒီကိစ္စကိုတော့ ကျွန်တော် မတ်ဆူရှီတာကို ပြောမပြတော့ပါဘူး။ ပြောပြလို့လည်း ဘာမှ အကြောင်းထူးတော့မှာမှ မဟုတ်ဘဲ။

ဒါပေမဲ့ တစ်လျှောက်လုံး စိတ်မချမ်းမသာဖြစ်ခဲ့ရတဲ့ ဒီအမှုမှာ နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အတွက် စိတ်ချမ်းသာစရာ တစ်ကွက်တော့ တွေ့ခဲ့ရပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဟယ်လင်အချုပ်ထဲက လွတ်လာပြီးတဲ့နောက်မကြာခင် သူတို့လင်မယားနှစ်ယောက် တရားဝင် ပြတ်ပြတ်စဲစဲ ဖြစ်ပြီး လင်မယားအပြီးအပိုင် ကွဲသွားကြတယ်ဆိုတာ သိလိုက်ရလို့ပါပဲ။

အဲ...နောက်တစ်ခု ဒီအမှုမှာ ကျွန်တော့်အတွက် အမြတ်ထွက်ခဲ့တာကတော့ ရသင့်ရထိုက်တဲ့ အမှုလိုက်ခအပြင် ဒီအမှုနဲ့ ပတ်သက်ပြီး အမှတ်တရ ပစ္စည်းတစ်ခု ရလိုက်လို့ပါပဲ။ အဲ...အဲဒီပစ္စည်းကတော့ တခြားမဟုတ်ပါဘူး။ ဟိုညက ဟယ်လင်ဆီက မရမကတောင်းလာတဲ့ ဒသမ ၃၂ ဘရောင်နင်အော်တိုမက်တစ် သေနတ်ကလေးပါပဲ။

ဟုတ်ပါတယ်။ ဟိုနံရံမှာ ချိတ်ထားတဲ့ ယောဟို သေနတ်ကလေးပါပဲ။

■

# အိမ်နောက်ပေးမှ တိရစ္ဆာန်ဥယျာဉ်

ဂျေအားမီး၏နေအိမ်သည် ရိုးရိုးသာမန်အိမ်မျိုးမဟုတ်ဘဲ အလွန်ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ထားသည့် အဆောက်အအုံကြီးတစ်ခု ဖြစ်၍ အယ်လ်ပါဆိုမြို့ အလယ်ဗဟိုမှ ၁၁ မိုင် ကွာဝေးသည်။ မူလက ဂျေအားမီးသည် ဤမြေကွက်ကို သူ့မိခင်ကြီးအတွက် ဝယ်ပေးခဲ့ခြင်းဖြစ်၍ မိခင်ကြီး ကွယ်လွန်သွားသောအခါ ထိုနေရာ ထိုမြေကွက်ကို မရောင်းရက်ဘဲ အမှတ်တရထားရှိ၍ မူလအိမ်ကို တစ်စတစ်စ တိုးချဲ့ဆောက်လုပ်ခဲ့ရာမှ ဧရာမအဆောက်အအုံကြီး ဖြစ်လာခဲ့သည်။ ယခင်က အခန်းရှစ်ခန်းမျှသာရှိခဲ့သော အိမ်သည် ယခုအခါ အခန်းပေါင်း ၂၆ ခန်းအထိ ကြီးမားကျယ်ဝန်းသည့် တိုက်တာအဆောက်အအုံကြီး ဖြစ်လာခဲ့ပေပြီ။

နောသ်လုလမ်းဘက်သို့ မျက်နှာမူနေသော အိမ်ရှေ့တွင် ဆယ့်ရှစ်ပေမြင့်သော အုတ်တံတိုင်းကြီး ခတ်ထားပြီး "အလွတ်စုံထောက်အဖွဲ့" ဟူသော စာတန်းပါရှိသည့် သံတံခါးနှစ်ပေါက်ဖြင့် အဝင်အထွက် ပြုလုပ်ထားသည်။ အဆိုပါ သံတံခါးများမှာ ဂိတ်ဝမှ ဖွင့်၍ ပိတ်၍ မရဘဲ အိမ်အတွင်းမှသာ ဖွင့်နိုင်ပိတ်နိုင်သည့် အီလက်ထရွန်းနစ်ခလုတ်များ တပ်ဆင်ထားသည့် တံခါးများ ဖြစ်သည်။ ထို့ပြင် ဂျေအားမီးစီးသည့် ကားများပေါ်တွင်လည်း အဆိုပါ သံတံခါးများကို ဖွင့်နိုင်ပိတ်နိုင်သည့် အီလက်ထရွန်းနစ်ကိရိယာများ တပ်ဆင်ထားသည်ဟု သိရသည်။ အကယ်၍ ဂိတ်ဝမှသော်လည်းကောင်း၊ သို့မဟုတ် အုတ်တံတိုင်းပေါ်မှ ကျော်၍သော်လည်းကောင်း၊ ခွင့်ပြုချက်မရဘဲ ဤခြံ



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ဝင်ရောက်လာပါက ဂိတ်ဝနှင့် အိမ်ကြီးအကြားရှိ ကားလမ်းတစ်လျှောက် အိမ်ပတ်ပတ်လည်မှ အချက်ပေးခလုတ်များနှင့် အဟန့်အတားများက ကြိုတင်၍ သတိပေး ဟန့်တားကြမည် ဖြစ်သည်။

အဆောက်အအုံကြီး၏ ရှေ့တည့်တည့် ဆင်ဝင်အောက်တွင် ရောမခေတ် ပုံစံမျိုးဖြင့် ဆောက်လုပ်ထားသော ရောမတိုင်ကြီးလေးလုံးနှင့် ဟိုဘက်သည်ဘက် တိုင်ခြေရင်းများတွင် အဖြူရောင် ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်ကို တွေ့မြင်ကြရမည် ဖြစ်သည်။ အိမ်အောက်ထပ်မှ ပြတင်းပေါက်များအားလုံးမှာလည်း သံတိုင်များ ကာရံထားပြီး ထူထဲသော မှန်တံခါးများ တပ်ဆင်ထားသည်။ ဆင်ဝင်အောက်ဘက်တွင် သဆော်လက်ရမ်းသဖွယ် သံတိုင်များ ကာရံထားသည့် ဝရံတာတစ်ခုရှိနေပြီး ထိုဝရံတာရှေ့မျက်နှာစာ၌မူ အတိတ်ကောင်းနိမိတ်ကောင်းသည့် အဓိပ္ပာယ်များပါရှိသော တရုတ်စာများ ချိတ်ဆွဲထားသည်ကို တွေ့မြင်ဖတ်ရှုနိုင်ကြသည်။

အိမ်တွင်းသို့ ဝင်သွားပါက ရုတ်တရက် ရောမ ဧည့်ခန်းဆောင်ကြီးထဲသို့ ရောက်သွားသည်ဟု ထင်လိုက်ရသည်။ နောက်ဂရုစိုက်၍ ကြည့်လိုက်ပါမှ ဧည့်ခန်းသပ်သပ်မဟုတ်ဘဲ ဟိုနေရာ သည်နေရာများတွင် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စကားပြောနိုင်သည့် စားပွဲကုလားထိုင်များ၊ ဆိုဖာဆက်တီများနှင့်တကွ ရေချိုးခန်း၊ အိမ်သာခန်း၊ မီးဖိုချောင်၊ ကစားခန်းစသည်ဖြင့် အခန်းအမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် ဖွဲ့ထားသည်ကို တွေ့ကြရမည် ဖြစ်သည်။

မြို့ထဲတွင် ဖွင့်လှစ်ထားသည့် ဂျေအားမီး၏ရုံးခန်းကဲ့သို့ပင် ဤဂေဟာကြီး၏ အောက်ထပ်၌ ကြိမ်များကို ဇလီသပ်၍ လိုက်ကာသဖွယ် ခန်းဆီးသဖွယ် ပြုလုပ်ထားသည်ကို တွေ့ကြရသည်။ သို့သော် ဤနေရာကပို၍ သဘာဝနှင့်နီးစပ်သည်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သစ်ပင်ပန်းပင်များနှင့် အုန်းပင်များကို တွေ့ရသည်သာမက ငါးဖမ်းသည့် ပိုက်များကို





ပါ နံရံများတွင် တွဲရရွဲချ၍ သဘာဝကျကျ ချိတ်ဆွဲထားသောကြောင့် ဖြစ်သည်။

ဤအောက်ထပ်အခန်း၏ ထောင့်စွန်းတစ်နေရာတွင်မူ အရက်မျိုးစုံထားရှိသည့် 'ဘား' ခန်းတစ်ခု ပြုလုပ်ထားသည်။ ချိဗားစ်ရီဂဲလ်၊ ဂျက်ဒင်နီယယ်၊ ဂလင်ဖီးဒစ်၊ ရဲမီမာတင်၊ တီးဖီတာစသည့် အကောင်းစား အရက်ပုလင်းများ တန်းစီနေပြီး ရေငတ်တတ်သည့် ဧည့်သည်များအတွက်လည်း ပိုက်ခေါင်းဖွင့်၍ သောက်သုံးနိုင်သော ဘီယာနှစ်မျိုး အသင့်ရှိနေသည်။ သို့သော် အိမ်ရှင်များဖြစ်ကြသော ဂျေအားမီးနှင့် သူ့ဇနီးချောကလေး လင်ဒါတို့သည် အရက်လုံးဝသောက်တတ်သူများ မဟုတ်ကြပါပေ။

အခန်းကျယ်ကြီး၏ အခြားတစ်ဖက်စွန်းတွင် ဂျေအားမီး၏ဇနီး လင်ဒါအားမီး၏အမည်ကို တရုတ်အက္ခရာစာလုံးများဖြင့် ရေးထွင်းထားသော တံတားကလေးတစ်ခုအောက်၌ အိမ်တွင်းရေကူးကန်ကလေး ရှိနေသည်။ ထိုရေကူးကန်ကလေးထဲမှ စိမ်းလဲ့ကြည်လင်၍ အောက်ခြေကြမ်းပြင်ကိုပင် ပကတိအတိုင်းသား မြင်နေရသောရေမှာ အမြဲတမ်း ၆၇ ဒီဂရီ ရှိနေအောင် ဖန်တီးထားသည်ဟု သိရသည်။ ရေကန်၏ ဘောင်တစ်ဖက်တွင် ကန်ထဲသို့ ဆင်းရန် အီတလီကျောက်ပြားများ ခင်းထားသည့် လှေကားထစ်ကလေးများနှင့်တကွ ကလေးများအတွက် ရေနက်ပိုင်းသို့ မဆင်းမိရန် သတိပေး ကန့်သတ်ထားသော မျဉ်းကြောင်းကြီးကြီး တစ်ခုကိုပါ အထင်အရှား တွေ့မြင်နိုင်ကြသည်။

ဤဂေဟာကြီးအတွင်း၌ ယင်းသို့ ပြင်ဆင်မွမ်းမံထားသည်ထက် ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အိမ်နောက်ဘေးမှ ရှုခင်းမြင်ကွင်းများပင် ဖြစ် သည်။ ခေတ်မီမြို့ကြီးတစ်မြို့၌ ၂၀ ရာစု ဗိသုကာလက်ရာအတိုင်း သေသပ်ခန့်ညားစွာ ဆောက်လုပ်ထားသည့် ဂျေအားမီး၏အိမ်ဂေဟာ နောက်ဘက်သို့ ရောက်သွားပါက မိမိကိုယ်မိမိ မယုံနိုင်လောက်အောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ပတ်ဝန်းကျင်တစ်ခုလုံး မြင်မြင်သမျှမှာ တစ်ခေတ်တစ်ခါက ကမ္ဘာကျော်ခဲ့သော "တာဇံ" ဇာတ်ကားမှ တောတွင်းတစ်နေရာသို့ ရောက်နေလေသလားဟု ထင်မှတ်မှားစရာ ဖြစ်နေသောကြောင့်တည်း။

သဘာဝကျနိုင်သမျှ ကျအောင် ပြုပြင်ဖန်တီးထားသော စမ်းချောင်းကလေးသည် တစ်ဖက်တစ်ချက်တွင် သစ်ပင်ဝါးပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများအလယ်မှ တသွင်သွင် စီးကျလျက်ရှိသည်။ ခပ်လှမ်းလှမ်း တစ်နေရာတွင် တောသက်ကယ်ရိုင်းများဖြင့် အောက်ခြေကား၍ အဖျားရှူးသွားသည့် တြိဂံပုံသဏ္ဌာန် ဆောက်လုပ်ထားသော အာဖရိကလူရိုင်းများ၏ တဲကလေးများကို ဟိုတစ်တဲ သည်တစ်တဲ ခပ်ကျဲကျဲ မြင်တွေ့နေရသည်။ ကြည်လင် အေးမြလှသော စမ်းချောင်းကလေး၏ အဆုံးတွင် အုန်းပင်နှင့် တောထန်းပင်များ ပတ်လည်ဝိုင်းနေသော ရေအိုင်ကြီးတစ်ခု ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ စမ်းချောင်းနှင့် ရေအိုင်အနီးတစ်ဝိုက်တွင်ကား လက်နှစ်ဖက်ပြတ် အလွတ်စုံထောက် ဂျေအားမီးကိုယ်တိုင် အနှစ်နှစ် အလလက ရှာဖွေစုဆောင်း ကျွေးမွေးပြုစုလာခဲ့သော တောရိုင်းတိရစ္ဆာန်များ တွေ့မြင်ကြရမည် ဖြစ်သတည်း။

ဂျေအားမီးသည် တိရစ္ဆာန်များ အထူးသဖြင့် တောရိုင်းတိရစ္ဆာန်များကို ချစ်တတ်သူဖြစ်ရာ သူ၏ အိမ်နောက်ဘေးမှ 'တောကြီးမြက်မည်း'ထဲတွင် ကျားသစ်နှစ်ကောင်၊ ဆိုက်ဘေးရီးယန်း ကျားကြီးတစ်ကောင်၊ အမေရိကန် ခြင်္သေ့တစ်ကောင်၊ အာဖရိက လူဝံကလေးတစ်ကောင်နှင့် မြင်းကျားအပါအဝင် တိရစ္ဆာန်မျိုးစုံ မွေးမြူစောင့်ရှောက်ထားခဲ့သည်။ သူသည် ရံဖန်ရံခါ တိရစ္ဆာန်များကို သူကိုယ်တိုင် အစာကျွေးလေ့ရှိ၍ ထိုအခါမျိုးတွင် ကြောက်မက်ဖွယ်ကောင်းလှသည့် ကျားသစ်၊ ခြင်္သေ့နှင့် ကျားစသော လူသားစား တောတွင်းတိရစ္ဆာန်ကြီးများမှာ ဂျေအားမီး၏ လက်ထဲတွင် ချစ်စရာ





ကောင်းသည့် ကြောင်ကလေးများ၊ ခွေးကလေးများသဖွယ် ဖြစ်နေကြသည်။ သူသာလျှင်မဟုတ်၊ သူ့ဇနီး လင်ဒါနှင့် သူ့သားငယ် သမီးငယ်များအဖို့ရာ၌လည်း ဤသားရဲတိရစ္ဆာန်ကြီးများသည် သူတို့အိမ်၌ အလှမွေးထားသည့် 'ဘော်ဘီတို့၊ ပူစီတို့'နှင့်မခြား ဖြစ်နေကြသည်။

အမှန်စင်စစ် ဤတောတွင်းတိရစ္ဆာန်များကို ကျွေးမွေးစောင့်ရှောက်ရသည့် တာဝန်မှာ သေးလှသည်မဟုတ်။ တော်ရုံ တန်ရုံဝါသနာ၊ တော်ရုံတန်ရုံ သံယောဇဉ်ဖြင့် မည်သူမျှ ယခုလောက် အပင်ပန်းခံကြမည် မဟုတ်။ ယခုသော်မူ ဂျေအားမီးသည် သူ၏ အလွတ်စုံထောက်လုပ်ငန်းများဖြင့် ရံဖန်ရံခါ နေ့ရောညပါ မအားအောင် ရှိနေသည့်ကြားထဲမှ ဤသားရဲတိရစ္ဆာန်ကြီးများကို အချိန်ရသလောက် အပြေးအလွှား လာရောက်၍ သူတို့အား အစာကျွေးခြင်း၊ တယုတယ ပြုစုစောင့်ရှောက်ခြင်း၊ သူတို့နှင့် အပျင်းပြေကစားခြင်းစသည့် အလုပ်များကို လုပ်ဖြစ်အောင် လုပ်ခဲ့သည်။ တစ်ခါတစ်ရံ ဤတိရစ္ဆာန်ကြီးများသည် သူ့သားသမီးများသဖွယ် ဖြစ်နေတတ်၍ တစ်ခါတစ်ရံတွင်မူ ဤအကောင် ဘလောင်ကြီးများသည် သူနှင့် ကစားဖော် ကစားဖက်များ ဖြစ်နေပြန်သည်။

မည်သို့ပင်ဖြစ်စေ၊ သာမန်လူများအတွက် အနားပင် မကပ်ဝံ့လောက်အောင် ကြောက်စရာကောင်းလှသည့် ဤသားရဲတိရစ္ဆာန်ကြီးများအပေါ်ထားရှိသော ဂျေအားမီး၏ မေတ္တာနှင့် ကရုဏာတရားမှာ အံ့ဖွယ်တစ်ပါးပင်။

***

ကျွန်တော့်ကို လူတွေ အတော်များများက 'ခင်ဗျား ဘာ့ကြောင့် အလုပ်ကို ဒါလောက် ကြိုးစားပမ်းစား လုပ်ရတာလဲ'လို့ မကြာခဏ မေးတတ်ကြပါတယ်။ အဲဒီအခါမျိုးကျရင် ကျွန်တော်ကလည်း ရယ်သလို မောသလိုနဲ့ 'ကျွေးရ မွေးရမယ့် တိရစ္ဆာန်တွေ ဒါလောက်များနေတဲ့ လူတစ်ယောက်ဟာ ဒါလောက်တော့ လုပ်ရမှာပေါ့ဗျာ'လို့ နောက်ပြောင်ပြီး ပြန်ပြောခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြန်စဉ်းစားကြည့်တော့ ဒီစကားဟာ ရယ်စရာလိုလိုနဲ့ အတည်ပေါက် ဖြစ်နေပါတယ်။ တစ်နေ့တစ်နေ့ ကျွန်တော့် 'အကောင်ကြီးတွေ'ကို မနက်တစ်ကြိမ် ညနေတစ်ကြိမ် အချိန်မှန် ကျွေးနေရတဲ့ အမဲသားတုံးကြီးတွေဟာ အလကားရတာ မဟုတ်ပါဘူး။ တစ်လ တစ်လ ဒီအမဲသားဖိုးတွေကို စာရင်းချုပ်လိုက်ရင် တော်ရုံတန်ရုံ ဝင်ငွေချောင်လည်ပါတယ်ဆိုတဲ့လူတွေတောင် လန့်သွားနိုင်ပါတယ်။

ဒါပေမဲ့ ကျွန်တော်ကတော့ သူတို့အပေါ်မှာ သံယောဇဉ် အင်မတန်ကြီးပါတယ်။ သူတို့ကို ချစ်လည်း ချစ်ပါတယ်။ သူတို့နဲ့ နေရ ထိုင်ရတာ စိတ်ချမ်းသာတယ်။ သူတို့နဲ့ကစားရတာ ပျော်တယ်။

သတိရလို့ ကျွန်တော် ငယ်ငယ်တုန်းက ကျွန်တော်နဲ့အတူ ကစားခဲ့တဲ့ ခွေးလိမ္မာကလေးဘွတ်ချ်အကြောင်း ပြောပြချင်ပါသေးတယ်။ "ဘွတ်ချ်" ဟာ အကောင်ငယ်သလောက် အင်မတန် လိမ္မာပါတယ်။ ကျွန်တော် ပြောသမျှ အကုန်နားလည်ပြီး ကျွန်တော်ခိုင်းသမျှ သင်ပေးသမျှ အကုန် လုပ်တတ်ပါတယ်။ ကျွန်တော်ကလည်း "ဘွတ်ချ်"ကို ခွေးနဲ့ မလိုက်အောင် လိမ္မာလွန်းလို့ သိပ်ချစ်ပါတယ်။ တကယ်တော့ ကျွန်တော် သတိထားမိသလောက် တိရစ္ဆာန်တွေဟာ သူတို့အပေါ်မှာ ရက်ရက်စက်စက်နဲ့ အတင်းအဓမ္မ မလုပ်သမျှ လူတွေ သတ်မှတ်ပေးတဲ့ စည်းကမ်းတွေကို လိုက်နာတတ်ကြပါတယ်။ လူတွေ သင်သမျှ ခိုင်းသမျှ လုပ်တတ်ကြပါတယ်။

တိရစ္ဆာန်တွေရဲ့ အဲဒီအခြေခံ သဘောတရားကို နားလည်ခဲ့တဲ့ အချိန်ကစပြီး ကျွန်တော်ဟာ ဒီခွေးလိမ္မာကလေး "ဘွတ်ချ်"ကို အခုမွေးသလို ငါကြီးလာရင် ကျားတွေ ခြင်္သေ့တွေကို မွေးရရင် ကောင်းမှာပဲလို့ အဲဒီကတည်းက တောင့်တမိပါတယ်။ ဒီတောင့်တချက်ဟာ ကျွန်တော် အသက်ကြီးလာပြီး အလုပ်နဲ့အကိုင်နဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်စပြီး ရပ်နိုင်တဲ့အချိန်မှာ အကောင်အထည် ပေါ်လာခဲ့တာပါပဲ။ ကျွန်တော့်ရဲ့စီးပွားရေး





တစ်နေ့တခြား တိုးတက်လာတာနဲ့အမျှ တိရစ္ဆာန်တွေကို တတ်နိုင်သလောက် ဝယ်မွေးခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် တိရစ္ဆာန်တွေ တဖြည်းဖြည်း များလာတော့ အိမ်နောက်ဘေးမှာ သူတို့အတွက် သဘာဝတိရစ္ဆာန်ဥယျာဉ်တစ်ခု ဆောက်မှဖြစ်မယ်ဆိုပြီး စိတ်ကူးရသလောက် လုပ်ခဲ့ ကိုင်ခဲ့တာပါပဲ။ အဲဒီမှာတော့ ကျွန်တော့်ထုံးစံအတိုင်း ဒီသဘာဝတိရစ္ဆာန် ဥယျာဉ်ကို ကျွန်တော့်သဘာ သာ ပုံစံဒီဇိုင်းဆွဲပြီး ကျွန်တော် စိတ်တိုင်းကျ ဖန်တီးခဲ့ပါတယ်။ တကယ့်တောကြီးမျက်မည်းထဲ ရောက်နေတယ်လို့ ထင်ရအောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။

ဒီလိုနဲ့ အာဖရိက တောတွင်းပုံစံမျိုးဖြစ်အောင် တစ်စတစ်စ ရုပ်လုံးဖော်နေတုန်းမှာပဲ တစ်နေ့တော့ ကျွန်တော်ဟာ ရှားရှားပါးပါး ကြံ့အဖြူကလေးတစ်ကောင်ကို တစ်နေရာက ရလာခဲ့ပါတယ်။ ရလာတယ်ဆိုလို့ အလကားတော့ မဟုတ်ပါဘူး။ တန်ရာတန်ကြေးပေးပြီး ဝယ်လာခဲ့တာပါ။ အဲဒီကြံ့ဖြူကလေးဟာ ကျွန်တော့်ဆီမရောက်ခင် မူလပိုင်ရှင်လက်ထဲမှာကတည်းက အတော်ကလေး သိတတ်နေတော့ ကျွန်တော့်ဆီရောက်ပြီး လပိုင်းအတွင်းမှာပဲ အံ့သြစရာကောင်းလောက်အောင် လိမ္မာလာပါတယ်။ အဲဒီကြံ့ကလေးကို ကျွန်တော်က "ဂပ်(ပ)" လို့ နာမည်ပေးထားပါတယ်၊ သူ့ကျောပေါ်ကို ဝက်မင်ဘီးအကြမ်းကြီးနဲ့ ဖြီးပေးရင် သိပ်သဘောကျပြီး ငြိမ်နေတာပဲ။ ကျွန်တော့်အသံကိုလည်း သူ ကောင်းကောင်း မှတ်မိတယ်။ တစ်နေရာက သူမမြင်အောင်ပုန်းပြီး အသံပေးလိုက်ရင် ကျွန်တော့်ကို မတွေ့တွေ့အောင် ရှာတော့တာပဲ။ တွေ့လိုက်ရင်လည်း ကျွန်တော်ရှိရာ တန်းပြေးလာတာပါပဲ။ 'ဒီကို လာခဲ့၊ သွားတော့၊ ခေါင်းမော့ပေးစမ်း' ဆိုတဲ့ စကားတွေလည်း သူ ကောင်းကောင်း နားလည်ပြီး ခိုင်းသမျှ လုပ်တတ်လာပါတယ်။

တစ်နေ့တော့ ကျွန်တော်ဟာ အဲဒီကြံ့ဖြူကလေး ဂပ်(ပ)နဲ့ ကစားနေရင်း သူ့လည်ပင်းကိုဖက်ပြီး ကျီစယ်နေတုန်း၊ စိတ်ထဲက တစ်ခုခု မှား



www.burmeseclassic.com

www.burmeseclassic.com



မသန့် မလုံမလဲဖြစ်လာတာနဲ့ ရုတ်တရက် နောက်ကို လှည့်ကြည့်လိုက်မိပါတယ်။ အဲဒီတင် မမျှော်လင့်ဘဲ ကျွန်တော့်ခြံထောင့် ခပ်လှမ်းလှမ်းမှာ လူတစ်ယောက် အုတ်တံတိုင်းပေါ် မတ်တတ်ရပ်နေတာကို ဖြုန်းခနဲ မြင်လိုက်ရပါတယ်။ ပထမတော့ ကျွန်တော့် စိတ်ထဲမှာ ဒီလူကို လူဆိုးသူဆိုးတစ်ယောက်လို့ မထင်လိုက်မိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတစ်ခါ လူ့သဘော လူ့သဘာဝက အုတ်တံတိုင်း အမြင့်ကြီးတွေ ကာထားရလောက်အောင် အထဲမှာ ဘာတွေများ ထူးထူးခြားခြား ဆန်းဆန်းပြားပြား ရှိနေလို့လဲ ဆိုပြီး မမြင်စေချင်မှ ပိုပြီး ကြည့်ချင် မြင်ချင်တတ်ကြပါတယ်။ အခုလည်း ကျွန်တော့်အိမ်ဝင်းကို ပတ်ပြီး ကာထားတဲ့ အုတ်တံတိုင်း ပေါ်ရောက် အောင် တက်လာတဲ့လူဟာ ဧကန္တ အထဲမှာ ဘာတွေများ ရှိသလဲဆိုတာ သိချင်လို့ တက်ပြီး ချောင်းကြည့်တာပဲလို့ ထင်လိုက်မိပါတယ်။ ဒီ့အရင်ကလည်း ဒီလိုအုတ်တံတိုင်းပေါ်တက်ပြီး ဝင်းထဲက ကျားတွေ၊ ကျားသစ်တွေ၊ ခြင်္သေ့တွေကို စိမ်ပြေနပြေကြည့်တဲ့ လူတွေကို တွေ့ဖူးကြုံဖူးပါတယ်။ အဲဒီတုန်းကတော့ ဘာမှစိုးရိမ်စရာလည်း မရှိတာနဲ့ ဒီကိစ္စမျိုးကို ခပ်ပေါ့ပေါ့ ခပ်အေးအေးပဲ သဘောထားခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီနေ့ကတော့ ဘယ်သူကမှ သတိပေးလို့လည်း မဟုတ်ဘဲ ကျွန်တော့်စိတ်ထဲက အလိုလို ထင့်ခနဲဖြစ်သွားလို့ နောက်လှည့်ကြည့်လိုက်ရာက ကျွန်တော့်မျက်စိအောက်မှာ ဖြုန်းခနဲ မြင်လိုက်ရတဲ့လူဟာ အုတ်တံတိုင်းပေါ်မှာ တစ်ခုခု လှုပ်လှုပ်ရှားရှား လုပ်နေတယ်ဆိုတာ သိလိုက်ရပါတယ်။ ပြီးတော့ သူ့လက်ထဲမှာလည်း မြားလိုလို အရာဝတ္ထုတစ်ခု ကိုင်ထားတာကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ သေသေချာချာ ကြည့်လိုက်တော့ မြားမဟုတ်ဘဲ ဒူးလေးတစ်လက် ဖြစ်နေတာ တွေ့လိုက်ရပါတယ်။

ကျွန်တော်လည်း အဲဒီတော့မှ သတိရပြီး ဒီလူဟာ အန္တရာယ်ပေးမယ့်လူ တစ်ယောက်ပဲဆိုတာ သိလိုက်တာနဲ့ 'ဟော့…ဟော့'ဆိုပြီး သူ့ကို





လှမ်းအော်လိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် နောက်ကျသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို အဲသည်လို လှမ်းအော်ရင်း ခြောက်တဲ့၊ လှန့်တဲ့ သဘောနဲ့ ကျွန်တော့် လက်ယာဘက်လက်ကို အမြှောက်လိုက်မှာ 'ဗွီ'ခနဲ အသံကြီးကြားလိုက်ရပြီး ဒူးလေးမြားတံတစ်ခုဟာ ကြွဖြူကလေးရဲ့ လည်ပင်းကို 'ဒုတ်'ခနဲ လာမှန်ပြီး စိုက်နေပါတယ်။ ကြွဖြူကလေး "ဂပ်(ပ)" ဟာ ချက်ချင်း ဆန့်ငင်ဆန့်ငင်နဲ့ မျက်လုံးကြီးနှစ်လုံးပြူးပြီး ဘိုင်းခနဲ လဲကျသွားရာက မလှုပ်မယှက်ပဲ အသက်ထွက်သွားပါ တယ်။

နောက်မှ ကျွန်တော် သေသေချာချာ ပြန်စဉ်းစားကြည့်လိုက်တော့ ကျွန်တော်ဟာ အဲဒီဒူးလေးနဲ့လူကို ခြောက်တဲ့ လှန့်တဲ့သဘောနဲ့ လှမ်းအော်လိုက်ရင်း ကျွန်တော့်လက်ယာဘက် လက်ကို မြှောက်လိုက်မိတာဟာ သိပ်ကံကောင်းသွား တယ်လို့ သိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူ ပစ်လိုက်တဲ့ ဒူးလေးမြားတံဟာ ကျွန်တော့်လက်ယာဘက် ချိုင်းအောက်က ဖြတ်ပြီး ကြွဖြူကလေးရဲ့ လည်ပင်းကို မှန်သွားလို့ပါပဲ။ တကယ်လို့သာ အဲဒီအချိန်မှာ ကျွန်တော့်လက်ကို မမြှောက်လိုက်မိရင် ဒူးလေးမြားတံဟာ ကျွန်တော့်လက်မောင်းကို ဖြစ်စေ၊ ဒါမှမဟုတ် ကျွန်တော့်လက်ယာဘက် နံစောင်းကို ဖြစ်စေ တည့်တည့်ကြီးမှန်မှာ သေချာနေပါတယ်။ ကံဖယ်တယ်လို့ပဲ ဆိုရမှာပေါ့။

နောက်ပြီးတော့ ဒူးလေးနဲ့ ပတ်သက်လို့ ပြောရဦးမယ်။ အချို့က ဒီဒူးလေးဆိုတဲ့ လက်နက်ဟာ ဒီခေတ်မှာ ဘယ်သူမှ မသုံးကြတော့ဘူး၊ ပြတိုက်တွေထဲမှာ တွေ့ရတဲ့ လက်နက်ပဲလို့ ထင်နေကြပါတယ်။ တကယ်တော့ ဒါဟာ လုံးဝမဟုတ်ပါဘူး။ ခေတ်နောက်ကျတဲ့ အာဖရိကတိုက်လို နေရာမျိုးမှာတင် မဟုတ်ပါဘူး။ အင်မတန် ခေတ်မီတိုးတက်ပါတယ်ဆိုတဲ့ ကျွန်တော်တို့ အမေရိကတိုက်မှာတောင် တချို့ပြည်နယ် အစွန်အဖျားတွေမှာ ဒူးလေးလက်နက်ကို သုံးနေကြတာ ရှိပါသေးတယ်။ ပြီးတော့ ဒီလက်နက်ဟာ အင်မတန်ကျွမ်းကျင်တဲ့ လူတွေအတွက် အင်မတန်ထိရောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူသတ်လက်နက်ပါပဲ။ ဒူးလေးကို နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့တဲ့ လူတွေဟာ တော်ရုံတန်ရုံ ကာဘိုင်သေနတ်ကျည်ဆန်လောက် ဝေးဝေးဖြေ အောင် ပစ်နိုင်တဲ့အပြင် တကယ်လက်ဖြောင့် သေနတ်သမားတွေလို ပစ်မှတ်ကို မလွဲအောင် ပစ်နိုင်ကြပါတယ်။ ပြီးတော့ ဒူးလေးက သေနတ် ထက်သာတဲ့အချက်က အသံမမြည်ဘဲ တစ်ဖက်ရန်သူကို အလစ်မှာ ချက် ကောင်းထိအောင် ပစ်နိုင်တာပါပဲ။ ဒါ့ကြောင့်မို့လည်း သမင်၊ ဒရယ် စတဲ့ အင်မတန် နားပါးပြီး မျက်စိလျင်တဲ့ တိရစ္ဆာန်တွေကို တချို့မှဆိုး အတော်များများက ဒူးလေးနဲ့ပဲ အမဲလိုက်လေ့ ရှိကြပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ ရုတ်တရက် မမျှော်လင့်ဘဲ ကျွန်တော့်ဘေး တုံးလုံးကြီး လဲကျသွားတဲ့ ကြံ့ဖြူကလေးကိုကြည့်ပြီး အထိတ်တလန့် ဖြ သွားမိပါတယ်။ ပြီးမှ သတိရပြီး ကျွန်တော့်ခါးက ဒသမ ၃၈ ပစ္စတို ဆွဲထုတ်ပြီး ခြံထောင့်ဆီ တအားပြေးသွားပါတယ်။ ဒါပေမဲ့ ကျွန်တော် အိ နေရာရောက်သွားတော့ ဟိုဒူးလေးနဲ့လူဟာ အုတ်တံတိုင်းပေါ်က ခုန်ချပြီး ထွက်ပြေးသွားပါပြီ။ ကျွန်တော်လည်း ခြံထောင့်ကနေပြီး ဂိတ်ဝကို ပြန်လှည့် ပြေးလာခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အုတ်တံတိုင်းက အပြင်ဘက် မော်တော် ဆိုင်ကယ် စက်နှိုးသံတစ်ခုကို ကြားလိုက်ရပါတယ်။ လက်ထဲမှာ သေနတ် ကိုင်လျက်သား ကျွန်တော် ဂိတ်ဝက အပြင် ရောက်သွားလို့ လမ်းမပေါ် လှမ်းကြည့်လိုက်တော့ တော်တော်ခပ်ဝေးဝေးမှာ မိုင်ကုန်မောင်းပြေး ဆိုင်ကယ်တစ်စီးနဲ့ လူတစ်ယောက်ကို မှုန်ဝါးဝါးပဲ မြင်လိုက်ရပါတော့ တယ်။

အဲဒီနောက် ကျွန်တော်ဟာ ဒီလုပ်ကြံမှုနဲ့ ပတ်သက်တဲ့ တရားခံ သုံးရက်လုံးလုံး သဲကြီးမဲကြီး ခြေရာခံပြီး လိုက်ကြည့်ပါတယ်။ တကျွဲ ပြည်နယ်ထဲက မြို့ကြီးငါးမြို့စလုံးမှာရှိတဲ့ အားကစားပစ္စည်းရောင်းတဲ့ ဆိုင် တွေကို အနှံ့သွားပြီး ဘယ်ဆိုင်မှာ ဒူးလေးလက်နက်ရောင်းတယ်၊ ဘယ်





ဆိုင်က ဘယ်နေ့က ဘယ်သူ ဒူးလေးဝယ်သွားတယ်ဆိုတဲ့ အချက်အလက် တွေကို လိုက်ပြီး စုံစမ်းကြည့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကြိုးစားသမျှ အရာမရောက်ပါဘူး။ မသင်္ကာစရာ သဲလွန်စရယ်လို့ ဘာတစ်ခုမျှ ခြေရာခံလို့ မရခဲ့ပါဘူး။ ကြည့်ရတာကတော့ ဒီလူဟာ ဒီပြည်နယ်ကမဟုတ်ဘဲ တခြား ပြည်နယ်ကလာပြီး ကြေးစားလူသတ်သမားတစ်ယောက်အနေနဲ့ ကျွန်တော့် ကို အငှားလာသတ်တဲ့လူနဲ့ တူပါတယ်။

ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလိုလူမိုက်ငှားပြီး ကြေးစားလူသတ်သမား နဲ့ အသတ်ခိုင်းရတာလဲ၊ ဒါကတော့ ရှင်းပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် ဟာ အလွတ်စုံထောက်တစ်ယောက်အနေနဲ့ အမှုပေါင်းစုံ လိုက်နေရပြီး နာမည်တော်တော်ရနေပါပြီ။ ကျွန်တော်လိုက်ခဲ့ရတဲ့ အမှုတွေထဲမှာ ပြန်ပေး ဆွဲမှု၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အနုကြမ်းစီးမှု၊ ဓားပြမှုကစ လူသတ်မှုအထိ အမှုတွေ တော်တော်စုံပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဒီအမှုတွေကို အပေါ်အောက် စုံစမ်းထောက်လှမ်းနိုင်ခဲ့တဲ့ အတွက် ကျွန်တော့်အပေါ်မှာ ကာယကံရှင် အမှုသည်တွေနဲ့ သက်ဆိုင်ရာ အပေါင်းအသင်းတွေက ကျေးဇူးတင်ကြတယ်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ တယ်ဆိုတာလောက်ပဲ နားလည်လက်ခံခဲ့ပါတယ်။ နောက်ပြီးတော့ ဒီအမှု တွေမှာ ကျွန်တော့်ကြောင့် အပြစ်ရပြီး ထောင်ကျသွားခဲ့ရသူတွေ၊ အရှက် တကွဲ အကျိုးနည်း ဖြစ်ခဲ့ရသူတွေအနေနဲ့လည်း ကျွန်တော့်အပေါ် မကျေမနပ် ဖြစ်ကြမယ်၊ ဒေါသထွက်ကြမယ်ဆိုတာ သိရပေမယ့် အသက်နဲ့ ကိုယ်နဲ့ အိုးစားကွဲတဲ့အထိ ကျွန်တော့်ကို ရက်ရက်စက်စက် ဒီလိုချောင်းမြောင်း လုပ်ကြံကြလိမ့်မယ်လို့တော့ ဘယ်တုန်းကမှ မထင်ခဲ့ရိုး အမှန်ပါ။

ဘာပဲဖြစ်ဖြစ်၊ ဒီကိစ္စမှာ ကျွန်တော်ဟာ အင်မတန် ကံကောင်းလွန်း လို့ လက်မတင်ကလေး အသက်ဘေးက လွဲခဲ့ရတယ်ဆိုတာ သဘောပေါက် ပြီးတဲ့နောက် ကျွန်တော့်အိမ် ပတ်ပတ်လည်မှာ လူတစ်ယောက်ကို တုန်းခန့်



www.burmeseclassic.com

www.burmeseclassic.com



လဲသွားနိုင်လောက်တဲ့ လျှပ်စစ်ဓာတ်အားတွေလွှတ်ဖို့ အပူတပြင်း လုပ်ခဲ့ရတဲ့အပြင် ကျွန်တော့်ခြံဝင်းထဲမှာလည်း အိမ်နားကို ဘယ်သူပဲ ကပ်လာကပ်လာ ကြိုတင်သိနိုင်အောင်ဆိုပြီး ရုပ်မြင်သံကြားစက်တွေ၊ အချက်ပေးခလုတ်တွေကို နေရာအနှံ့အပြားမှ လျှို့ဝှက်ပြီးတပ်ဖို့ စီစဉ်ခဲ့ရပါတယ်။

အဲဒီအချိန်တုန်းက ကျွန်တော့် အိမ်ပတ်ဝန်းကျင်ဟာ အခုလို မဟုတ်ဘဲ အိမ်တွေ ပြွတ်သိပ်နေပါတယ်။ ကျွန်တော် အခုဝယ်ထားတဲ့ မြေကွက်ပေါ်မှာ အဲဒီတုန်းက တခြားအိမ်တွေ ရှိနေပါသေးတယ်။ မှန်တာပြောရရင် ကျွန်တော့် အိမ်နီးနားချင်းတွေအနေနဲ့ ကျွန်တော် အခုလို တောရိုင်းတိရစ္ဆာန်တွေ မွေးထားတာကို သိပ်သဘောမကျကြပါဘူး။ ဒါကို ကျွန်တော်က သိပ်ကြီးကျယ်တဲ့ ပြဿနာတစ်ရပ်အနေနဲ့ မယူဆခဲ့မိပါဘူး။ ဒါကိုတော့ ဝန်ခံပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ ကြဲဖြူကလေး သေသွားပြီးနောက် မကြာခင် အိန္ဒိယပြည်ကို ကိစ္စတစ်ခုနဲ့ ရောက်သွားခဲ့ရာက အပြန်ကျတော့ ဆင်ပေါက်ကလေးတစ်ကောင် ဝယ်လာခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော့်သား အကြီးကောင် ၂ နှစ်ပြည့်တဲ့ မွေးနေ့လက်ဆောင်အဖြစ် ရည်ရွယ်ပြီး အဲဒီဆင်ပေါက်ကလေးကို ဝယ်ခဲ့တာပါပဲ။ အဲဒီဆင်ကလေး ရောက်လာတော့ ကျွန်တော့်သား "ဂျေဂျူနီယာ"အတွက် ဆင်စီးတဲ့ 'က' တစ်ခုလုပ်ပေးခဲ့ပါတယ်။ ကျွန်တော့်သားအနေနဲ့ အခေါ်ရလွယ်အောင် ဆင်ပေါက်ကလေးကို "ကဒူးမား"လို့ နာမည်ပေးခဲ့ပါတယ်။

ဆင်ကလေး ကဒူးမားဟာ နေ့တိုင်း ဆန်စေ့တွေ ရောထားတဲ့ နွားနို့ ၃ ဂါလံကုန်အောင် သောက်လေ့ ရှိပါတယ်။ သူ့ကို မနက်အစောကြီး ထထပြီး နွားနို့တိုက်ရပါတယ်။ တကယ်လို့ နွားနို့တိုက်ဖို့ အချိန်နောက်ကျနေရင် ကဒူးမားဟာ ကျွန်တော်တို့အိပ်တဲ့ အခန်းအောက်တည့်တည့်က ပြတင်းပေါက်နားကို မနက်အစောကြီး ရောက်လာပြီး 'ဝူး...ဝူး'နဲ့ အော်တတ်ပါတယ်။ ဒါဟာ အစာတောင်းတာပါပဲ။ အဲဒီလို မနက်မိုး မလင်းတလင်း





ကဒူးမားအော်တဲ့အသံဟာ အိမ်နီးနားချင်းတွေအတွက် ကြောက်စရာမဟုတ်ပေမယ့် နားငြီးစရာကောင်း ပုံရပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ကဒူးမားဟာ အသက်အရွယ် အင်မတန်ငယ်သေးတဲ့ ဆင်ပေါက်ကလေးဆိုတော့ အချိန်ကျရင် နို့မစို့ရလို့ ငိုတတ်တဲ့ ကလေးတစ်ယောက်လိုပဲ ကျွန်တော်တို့က သဘောထားခဲ့ကြပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ သဘောထားသလို အိမ်နီးနားချင်းတွေက သဘောမထားခဲ့ကြပါဘူး။ သဘောမထားနိုင်ကြပါဘူး။ ဒါနဲ့ ပြဿနာက ဘယ်လိုဖြစ်လာသလဲဆိုတော့ ကျွန်တော်မွေးထားတဲ့ တိရစ္ဆာန်တွေရဲ့ အော်သံ ဟစ်သံတွေကြောင့် ရပ်ကွက်ထဲမှာ ဆူဆူညံညံနဲ့ အနှောင့်အယှက်ဖြစ်ရပါတယ်ဆိုပြီး အိမ်နီးနားချင်းတွေက စုပေါင်းလက်မှတ်ထိုးပြီး ရုံးမှာ လျှောက်လွှာတင်ကြတာပါပဲ။ ဆင်အော်တဲ့ အသံ၊ ကျားဟိန်းတဲ့ အသံတွေကြောင့် အရပ်ထဲမှာ အထိတ်တလန့် ဖြစ်ရပါတယ်။ အိပ်ရေးပျက်ရပါတယ်။ ပြီးတော့ ဒီသားရဲတိရစ္ဆာန်တွေ မတော်တဆလွှတ်လာရင် လူတွေရဲ့ အသက်အန္တရာယ်ကို စိုးရိမ်ရပါတယ်ဆိုပြီး ဘာဘာညာညာ အချက်အလက်တွေနဲ့ ရုံးကို ကန့်ကွက်လွှာတွေ တင်ကြပါတယ်။ သူတို့လျှောက်လွှာထဲမှာ တကယ်ဖြစ်နေတာတွေ ပါသလို ပုံကြီးချဲ့ပြီး ကျွန်တော့်ကို တမင်သက်သက် မနာလိုလို့ ရေးထားတဲ့ အချက်တွေလည်း ပါပါတယ်။ ဒါပေမဲ့ တကယ့်တကယ် ရုံးတော်မှာ ကျွန်တော်က အကျိုးနဲ့အကြောင်းနဲ့ ဖြေရှင်းလိုက်တော့ နောက်ဆုံး သူတို့တိုင်ချက်တွေဟာ ဘာမှမထိဘဲ အနိုင်ရခဲ့ပါတယ်။

အဲဒီအချိန်က ကျွန်တော့်အိမ်နောက်ဖေးမှာ တကယ့်တောကြီး မြက်မည်းထဲက ပုံစံအတိုင်း တထေရာတည်းဖြစ်အောင် သစ်ပင် ဝါးပင်တွေ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ စမ်းချောင်းကလေးတစ်ခု၊ ရေအိုင်တစ်အိုင်ဖြစ်အောင် အလုပ်သမားတွေ ငှားပြီး လုပ်ကိုင်ဖန်တီးနေတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီ အလုပ်သမားတွေ အလုပ်လုပ်နေချိန်မှာ ကျွန်တော်ဟာ ကျွန်တော့်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပတ်လည်က သံဆူးကြိုးတွေ၊ ဝိုင်ယာကြိုးတွေကို လျှပ်စစ်ဓာတ်အား မလွှတ်ဘဲ အချိန်ကန့်သတ်ပြီး ပိတ်ပေးထားရပါတယ်။ တစ်နေ့တော့ ကျွန်တော့်အလုပ်သမားတွေထဲက အလုပ်သမားတစ်ယောက်ဟာ အိမ်နီးနားချင်းတစ်ယောက်က လာဘ်ထိုးပြီး ခိုင်းတာနဲ့ လှေကားတစ်ခုကို အုတ်တံတိုင်းအတွင်းဘက်က တစ်နေရာမှာ မသိမသာ အမှတ်တမဲ့ ထောင်ထားခဲ့ပါတယ်။ ညနေဘက် အလုပ်သိမ်းလို့ အလုပ်သမားတွေ ပြန်ခါနီး မှောင်စပျိုးချိန်မှာ စောစောကပြောတဲ့ အိမ်နားနီးချင်းဟာ လျှပ်စစ်ဓာတ်အား ပိတ်ထားတဲ့ အဲဒီအခိုက်အတန့်ကလေးမှာပဲ သူတို့အချင်းချင်း သတ်မှတ်ထားတဲ့နေရာမှာ အပြင်လှေကားတစ်ခုနဲ့ အုတ်တံတိုင်းကို ကျော်တက်ပြီး အထဲမှာ အသင့်ထောင်ပေးထားတဲ့ လှေကားအတိုင်း ကျွန်တော့်ခြံဝင်းထဲ ဆင်းလာခဲ့ပါတယ်။ ပြီး အဲဒီလူဟာ ဘာလုပ်သလဲဆိုတော့ ကျွန်တော်မွေးထားတဲ့ ဆင်ကလေး ကဒူးမားသောက်တဲ့ ရေအိုးထဲကို အင်မတန်ပြင်းတဲ့ ပိုးသတ်ဆေးတွေ ခတ်သွားတော့တာပါပဲ။

ဒါနဲ့ နောက်တစ်နေ့မနက်လည်းကျရော ကဒူးမားကို အစာကျွေးမယ်လုပ်တော့ ကဒူးမားဟာ သောက်ရေအိုးနားမှာ လဲကျပြီး သေနေတာ တွေ့ရပါတယ်။

အဲဒီလို ဆင်ကလေး ကဒူးမား အဆိပ်မိပြီး သေပြီဆိုတာလည်း သိရရော ကျွန်တော့်သား ဂျေဂျူနီယာဟာ ဝမ်းနည်းပက်လက်ဖြစ်ပြီး ရှိုက်ကြီးငင်ကြီး လူးလိမ့်ငိုရာက တက်မတတ် ချက်မတတ် ဖြစ်တော့တာပါပဲ။ ကျွန်တော်လည်း ကျွန်တော့်သားကို ချော့ရင်း လုံးဝအပြစ်မရှိတဲ့ အဟိတ်တိရစ္ဆာန်ကလေးကို ဒါလောက် ရက်ရက်စက်စက် လုပ်ရပါမလားဆိုပြီး အဲဒီလူယုတ်မာကို မတွေ့တွေ့အောင် ရှာမယ်လို့ စိတ်ပိုင်းဖြတ်လိုက်မိပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ သေသွားတဲ့ ဆင်ကလေးရဲ့ သွေးကို ထုတ်ယူပြီး





ဓာတုဗေဒနည်းနဲ့ ဓာတ်ခွဲကြည့်တော့ အင်မတန်ပြင်းတဲ့ ပိုးသတ်ဆေး အဆိပ်တစ်မျိုးပါနေတာ တွေ့ရပါတယ်။ ဒီပိုးသတ်ဆေးဟာ လယ်သမား ယာသမားတွေ လယ်ထဲယာထဲမှာ ပိုးမွှားတိရစ္ဆာန်တွေနဲ့ ကြွက်တို့၊ ဘာတို့ကို သတ်ဖို့ အသုံးပြုတဲ့အဆိပ်ပါပဲ။ ဒီဆေးကို ရောင်းရာမှာ ပိတ်ပင်တားမြစ်ချက်တွေ မရှိပေမယ့် ဝယ်သူရဲ့ နေရပ်လိပ်စာနဲ့ ဘယ်လောက်များများ ဝယ်သွားတယ်ဆိုတာ ရောင်းတဲ့ဆိုင်မှာ မှတ်ပုံတင်ထားရပါတယ်။ အဲဒီမှတ်ပုံတင်စာရင်းအရ ကျွန်တော့် အိမ်နားနီးချင်းတစ်ယောက်ဟာ မကြာခင်က မြင်းတစ်ကောင် ဒါမှမဟုတ် ဆင်တစ်ကောင်လောက်ကို သေစေနိုင်လောက်တဲ့ အဲဒီပိုးသတ်ဆေး အဆိပ်တွေကို အများကြီး ဝယ်သွားတယ်ဆိုတာ ကျွန်တော် အတိအကျ စုံစမ်းသိခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်ဆင်ပေါက်ကလေး ကဒူးမားကို အဆိပ်ခတ်သတ်သွားတဲ့လူဟာ ဒီလူပဲ မုချဖြစ်ရမယ်ဆိုပြီး သူ့ကို တရားစွဲ အမှုလုပ်ဖို့ ကျွန်တော် စီစဉ်ပါတယ်။ ဒါပေမဲ့ ဒီအမှုကို တိုင်ချက်မဖွင့်ခင် သက်ဆိုင်ရာရှေ့နေတွေနဲ့ စီစဉ်တော့ ကျွန်တော့်စွဲချက်ဟာ ခိုင်လုံတဲ့ သက်သေ သက္ခာယမရှိတဲ့အတွက် ရုံးက အမှုကို လက်မခံဘဲ ဖြစ်နေပါတယ်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွန်တော့်ဘက်က ဒီဆင်ပေါက်ကလေးကို အဆိပ်ခတ်သွားတာ ဒီလူပါပဲလို့ မျက်မြင်သက်သေလည်း မရှိ၊ ခိုင်လုံတဲ့ အထောက်အထားလည်း မရှိဘူး။ သူ ပိုးသတ်ဆေးတွေ အတော်များများ ဝယ်သွားတယ်ဆိုတဲ့ အချက်တစ်ချက်ပဲရှိပြီး ကျန်တာတွေက ထင်ကြေးနဲ့ စွပ်စွဲတာပဲ ဖြစ်နေပါတယ်။ အဲဒီတော့ ဒီအမှုကို ရုံးတော်က ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘဲ ဖြစ်နေပါတယ်။ ဒါနဲ့ နောက်ဆုံးကျတော့ ကျွန်တော်ဟာ ဒီလူကို အမှုမလုပ်နိုင်ဘဲ လက်လျှော့ခဲ့ရပါတယ်။

ဒါပေမဲ့ ဒီကိစ္စဟာ မမျှော်လင့်ဘဲ အုတ်အော်သောင်းတင်းတော့ ဖြစ်သွားရပါသေးတယ်။ ဖြစ်ပုံက ကျွန်တော့်ဆင်ပေါက်ကလေး အဆိပ်မိပြီး



www.burmeseclassic.com

www.burmeseclassic.com



သေသွားတဲ့ သတင်းကို "ဟာရဲလ်ပို့စ်"သတင်းစာက အကျယ်တဝင့် စိတ်ဝင်စားစရာကောင်းလောက်အောင် ရေးလိုက်ပါတယ်။ အဲဒီမှာ သေသွားတဲ့ ဆင်ကလေး ကဒူးမားအတွက် စိတ်မကောင်းဖြစ်ပြီး သတင်းစာတိုက်ကို "အယ်ဒီတာ့ထံ ပေးစာတွေ" လာလိုက်ကြတာ အားလုံးပေးစာပေါင်း ခုနစ်ရာကျော်တယ်လို့ သိရပါတယ်။ သတင်းစာတိုက်ကလည်း အဲဒီစာတွေကို အကုန်မဖော်ပြနိုင်ပေမယ့် တတ်နိုင်သလောက် ဖော်ပြလို့ ရသလောက်တော့ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ အဲဒီအထဲမှာ သတင်းစာဖတ် ပရိသတ်အချို့ဟာ ဆင်ပေါက်ကလေးအတွက် အကြီးအကျယ် ဒေါသထွက်ပြီး 'ဒီဆင်ကလေးကို အဆိပ်ကျွေးတဲ့လူကို အဲဒီအဆိပ်နဲ့ပဲ ပြန်ကျွေးပြီး သတ်ပစ်ဖို့ ကောင်းတယ်'လို့ ရေးတဲ့လူက ရေးပါတယ်။ တစ်ယောက်ကဆိုရင် 'အဲဒီသေသွားတဲ့ ဆင်ကလေးရဲ့အသားကို အဲဒီဆင်သတ်တဲ့ လူကို အစိမ်းကျွေးဖို့ ကောင်းတယ်'လို့ ကြိတ်ကြိတ်ဖန်ဖန် ထူးထူးဆန်းဆန်း စာရေးပြီး အကြံပေးခဲ့ပါသေးတယ်။

ဘာပဲဖြစ်ဖြစ်၊ ဆင်ပေါက်ကလေး ကဒူးမား သေသွားရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ လူထုက ဒါလောက် မခံမရပ်နိုင်ဖြစ်လာတဲ့အတွက် ကျွန်တော့်အနေနဲ့ တရားခံကို အပြစ်ရအောင် မလုပ်နိုင်ပေမယ့် တစ်ဖက်က ကျေနပ်မိပါတယ်။ ကျွန်တော့်အတွက် အထိုက်အလျောက် ဖြေသိမ့်စရာ ဖြစ်ခဲ့ရပါတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော်ဟာ ကဒူးမားအတွက် စိတ်အထိခိုက်ဆုံးဖြစ်ရတဲ့ ကျွန်တော့်သား "ဂျေဂျူနီယာ"ကို စိတ်ချမ်းသာစရာတစ်ခု လုပ်ပေးဖို့ ခေါင်းထဲမှာ ရုတ်တရက် အကြံပေါ်လာပါတယ်။ ပေါ်လာပုံက တစ်နေ့မှာ ကျွန်တော့်သားဟာ ဘာစိတ်ကူးပေါက်တယ် မသိဘူး။ 'ဖေဖေ ကျွန်တော် ငါးမျှားချင်တယ်'လို့ လွတ်ခနဲ ပြောလိုက်ပါတယ်။ သူ ဒီလိုပြောလိုက်တော့ ကျွန်တော်အရင်ကတည်းက အိမ်နောက်ဖေး တောကြီးမြက်မည်းထဲမှာ ရေအိုင်တစ်အိုင်လုပ်ဖို့ စိတ်ကူးထားတဲ့ ရည်ရွယ်ချက်ဟာ





ခေါင်းထဲမှာ ပြန်ပေါ်လာပါတယ်။ အဲဒီရေအိုင်သာလုပ်ဖြစ်ရင် ကျွန်တော့်သားဟာ ဝေးဝေးလံလံ မသွားရတော့ဘဲ အဲဒီရေအိုင်ထဲမှာပဲ အချိန်မရွေး ငါးမျှားလို့ရမယ်ဆိုတာ သေချာပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အိမ်နောက်ဖေးက တောထဲမှာပဲ ရေအိုင်ဖန်တီးဖို့အတွက် ပုံစံဒီဇိုင်းတစ်ခု ဆွဲကြည့်ပါတယ်။ ရေအိုင်ကို ရေအနက် ဘယ်လောက်ထားမယ်၊ ရေအိုင်ထဲကို ရေအမြဲရှိနေအောင် ဘယ်လိုလုပ်မယ်ဆိုတာတွေပါ စီမံကိန်းချခဲ့ပါတယ်။ ပြီးတော့မှ အဲဒီစီမံကိန်းနဲ့ ဒီဇိုင်းပုံစံကို ဗိသုကာတစ်ယောက်ဆီ သွားပြပါတယ်။

'ဒီပုံစံအတိုင်း ဒီစီမံကိန်းအတိုင်း ရေအိုင်တစ်ခုဖြစ်အောင် လုပ်မယ်ဆိုရင် ဘယ်လောက်ကုန်ကျမလဲ'လို့ ကျွန်တော်က ဗိသုကာကို မေးလိုက်ပါတယ်။

'ခင်ဗျားစိတ်က ဘယ်လောက်ကုန်မယ်လို့ ခန့်မှန်းထားသလဲ'

ဗိသုကာက ကျွန်တော့် ပြန်မေးလိုက်ပါတယ်။

'အကုန်အကျ အတော်ကလေးများမယ်ဆိုတာတော့ သိပါတယ်'

'အတော်ကလေး မဟုတ်ဘူး၊ အတော်ကြီးကို ကုန်လိမ့်မယ်၊ ခင်ဗျားဆွဲလာတဲ့ပုံစံနဲ့ စီမံကိန်းအတိုင်း မြေကွက်ဝယ်ဖို့ကိုက ငွေကို ပုံအောပြီး ပေးရလိမ့်မယ်။ ဒါပေမဲ့ ငွေသာ တတ်နိုင်ရင်တော့ ဘာမဆို ဖြစ်ပါတယ်'

'ဒီလိုဆိုရင် လုပ်သာလုပ်ဗျာ၊ ကုန်ချင်သလောက် ကုန်ပါစေ'

ဒီလိုနဲ့ အဲဒီဗိသုကာဟာ ကျွန်တော်ရဲ့ သဘာဝရေအိုင်တစ်ခု ဖြစ်မြောက်ရေးအတွက် အကောင်အထည် ဖော်တော့တာပါပဲ။

သူပြောတဲ့အတိုင်း ပထမဆုံး အိမ်နောက်ဖေးက မြေကွက်တွေနဲ့ အိမ်ကို ဝယ်ရပါတယ်။ ဒီလိုဝယ်ရာမှာ ကျွန်တော်ရှေ့နေနဲ့ အဲဒီဗိသုကာနဲ့ နှစ်ယောက်တိုင်ပင်ပြီး ကျွန်တော်ဝယ်တယ်ဆိုတာ ဘယ်သူမှမသိအောင် လျှို့ဝှက်ပြီး ဝယ်ရပါတယ်။ ကျွန်တော်ဝယ်တယ်ဆိုတာသိရင် အိမ်နားနီးချင်းတွေက လုံးဝရောင်းကြမှာ မဟုတ်ပါဘူး။ တစ်ခုတော့ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စမှာ ဗိသုကာဆရာပြောသလို 'ငွေသာ တတ်နိုင်ရင် ဘာမဆိုဖြစ်တယ်' ဆိုတဲ့ စကားအတိုင်း ငွေနဲ့ပေါက်ပြီး ဒီမြေကွက်တွေနဲ့ ပတ်ပတ်လည်က အိမ်တွေကို ဝယ်လိုက်တော့ရတာပါပဲ။ အိမ်ရော၊ မြေရော မူလတန်ဖိုးထက် တစ်ဆနှစ်ဆလောက် ပေးလိုက်တယ်ဆိုရင်ပဲ ဒီလူတွေ မနေနိုင်ပါဘူး။ တစ်ခါတည်း ထိုးရောင်းကြတာပါပဲ။ အဲဒီထဲမှာ ကျွန်တော်အကျေ နပ်ဆုံးက ကျွန်တော့်ဆင်ပေါက်ကလေး ကဒူးမားကို သတ်ပစ်ခဲ့တဲ့ ဟိုခွေးမသားအိမ်လည်း ကျွန်တော့်ရှေ့နေ ဝယ်လိုက်တဲ့အထဲမှာ ပါလာပါတယ်။

ဒီလိုနဲ့ အိမ်တွေ၊ မြေကွက်တွေကို နာမည်အမျိုးမျိုးနဲ့ တစ်ပတ်ခြား နှစ်ပတ်ခြား၊ တစ်လခြား၊ နှစ်လခြားဆိုသလို အချိန်ယူပြီး လူမသိ သူမသိအောင် တစ်အိမ်ပြီးတစ်အိမ်၊ မြေကွက်တစ်ခုပြီးတစ်ခု ဝယ်လာလိုက်တာ နောက်ဆုံးကျတော့ ကျွန်တော်လိုချင်တဲ့ အိမ်တွေ၊ မြေကွက်တွေအားလုံး တစ်ခုမကျန်ဝယ်လို့ ရခဲ့ပါတယ်။ အဲဒီလိုဝယ်ပြီးလို့ အိမ်အရောင်းအဝယ်၊ မြေအရောင်းအဝယ်စာချုပ်တွေလည်း တရားဝင်ချုပ်ပြီးလို့ ကျွန်တော့်လက်ထဲ အပိုင်ရောက်ပြီလဲဆိုရော ကျွန်တော်လည်း ကြာကြာဆိုင်းမနေတော့ဘဲ မြေညှိစက်ကြီးတွေ ငှားပြီး အဲဒီမြေကွက်ပေါ်က အိမ်တွေ၊ တဲတွေ၊ အဆောက်အအုံတွေအားလုံးကို နေ့ချင်း ညချင်း ဖြိုချပြီး ရှင်းပစ်တော့တာပါပဲ။ တစ်ရက်နှစ်ရက်အတွင်း ကျွန်တော့်အိမ်နောက်ဘက်နဲ့ ဘေးပတ်ဝန်းကျင်တွေမှာ အားလုံးပြောင်သလင်းခါ သွားတာပါပဲ။ ဒီအိမ်တွေ၊ ဒီမြေကွက်တွေမှာ နေသွားကြတဲ့ မူလပိုင်ရှင်တွေအနေနဲ့ကတော့ သူတို့အိမ်ကလေးတွေ ပြားပြားဝပ်ပြီး ပြိုကျပျက်စီးသွားတာကို မြင်ရလို့ စိတ်မကောင်းဖြစ်ချင် ဖြစ်ကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်အတွက်ကတော့ ဒီအိမ်တွေ၊ ဒီမြေကွက်တွေအတွက် သူတို့တောင်းသမျှ မတန်တဆပေးပြီး ဝယ်ခဲ့ရပေမယ့် နောက်နောင်ဆိုရင် ကျွန်တော် အင်မတန်ချစ်တဲ့ တိရစ္ဆာန်တွေကို ဘယ်သူမှ အန္တရာယ်လာမပေးနိုင်တော့ဘူး၊ ဘယ်သူမှ လာမသတ်နိုင်တော့ဘူးဆိုပြီး အကြီးအကျယ် ဝမ်းသာနေမိပါတယ်။ တကယ်ပါ။





အဲဒီနောက် ကျွန်တော်ဟာ ကျွန်တော့်အိမ်ပတ်ဝန်းကျင်ကို အခုမြင်ရတဲ့ အနေအထားအတိုင်း တိုးချဲ့လိုက်ပါတယ်။ ပြီးတော့ အိမ်နောက်ဖေးမှာလည်း အခုတွေ့နေရတဲ့ အာဖရိက တောတွင်းရွာကလေး ပုံစံအတိုင်းဖြစ်အောင် ဖန်တီးခဲ့ပါတယ်။ ကျွန်တော့်အချစ်တော် တိရစ္ဆာန်တွေအတွက် ပိုပြီး လုံခြုံမှုရှိအောင် ပိုပြီး သဘာဝကျကျ နေနိုင်အောင် လိုအပ်သမျှ အားလုံး လုပ်ပေးခဲ့ပါတယ်။ ပြီးတော့ အခုနောက်ဆုံး ဖန်တီးလိုက်တဲ့ ရေအိုင်အတွက် ရေအမြဲရနေအောင်နဲ့ ပိုပြီး သဘာဝကျတဲ့ ရှုခင်းတစ်ခုဖြစ်လာဖို့ ရေတံခွန်တစ်ခုကိုပါ အင်ဂျင်နီယာတွေ၊ ဗိသုကာတွေနဲ့ တိုင်ပင်ပြီး ဆောက်လုပ်ခဲ့ပါတယ်။ အခုတော ညဘက်လသာတဲ့ညများဆိုရင် တဝေါဝေါ သွန်ကျနေတဲ့ ရေတံခွန်နဲ့ တသွင်သွင် စီးဆင်းနေတဲ့ စမ်းချောင်းကလေးနဲ့ ကြည်လင်အေးမြတဲ့ ရေအိုင်ကလေးဟာ လရောင်အောက် ငွေရောင်တဖိတ်ဖိတ်တောက်နေပြီး ကြည်လို့မဝ၊ ရှုလို့မဝ အင်မတန် လှပတဲ့ ပန်းချီကားတစ်ချပ်လို ဖြစ်နေပါတယ်။ အခုနောက်ပိုင်းမှာ ဟိုးရပ်ဝေးက ပျံသန်းလာကြတဲ့ တောင်န်ရိုင်းတွေနဲ့ တောဘဲရိုင်းတွေဟာ သူ့ရာသီနဲ့သူ ကျွန်တော့် အိမ်နောက်ဖေးက ရေအိုင်ကို ရောက်လာနေကြပါပြီ။ အမျိုးအမည် စုံလှတဲ့ ငှက်ကလေးတွေရဲ့ သူ့သဘာဝနဲ့သူ သံစုံကြူးနေကြတဲ့ ဂီတသံကလေးတွေကတော့ နေ့ရောညပါ သာသာသာယာ ကြားနေခဲ့ရတာ ကြာပါပြီ။

ပူအိုက်တဲ့နွေရာသီ လသာတဲ့ညတွေမှာဆိုရင် ကျွန်တော်နဲ့ ကျွန်တော့်ဇနီးချောကလေး "လင်ဒါ"ဟာ အိမ်နောက်ဖေး တောစပ်ကိုထွက်ပြီး ရေသဖန်းပင်ကြီးအောက်မှာ ဒန်းစီးရင်း လရောင်ဖြန်းထားတဲ့ ရှုခင်းအလှသဘာဝကို ကြည့်ရတာ အင်မတန် ကြည်နူးစရာကောင်းပါတယ်။ အဲဒီလို သဘာဝအလှရဲ့ အရသာကို ခံစားကြည်နူးရင်း တစ်ညမှာ ကျွန်တော်ဟာ ထူးထူးဆန်းဆန်း အတွေးတစ်ခု ပေါက်လာခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော့်အနေနဲ့ ပတ်ဝန်းကျင် အိမ်နားနီးချင်းတွေရဲ့ မလိုမုန်းထား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြတဲ့ကြားထဲက သူတို့ရော ကျွန်တော်ပါ တစ်ဦးနဲ့ တစ်ဦး ရန်မီးတွေ မပွားတော့ဘဲ အာဃာတတရားတွေ ပပျောက်ပြီး အခုလို စိတ်ချမ်းသာ ကိုယ်ချမ်းသာနေရတဲ့ ဘဝ၊ နေနိုင်တဲ့ဘဝ ရောက်ရတာဟာ အင်မတန် ကုသိုလ်ထူးတာပဲဆိုတဲ့ အတွေးပါပဲ။ အထူးသဖြင့် ကျွန်တော် အင်မတန် ချစ်တဲ့ ကြံ့ဖြူကလေး "ဂပ်(ပ)"နဲ့ဆင်ပေါက်ကလေး "ကဒူးမား" တို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတဲ့ လူတွေအပေါ်မှာ လက်စား မချေလိုက်ရဘဲ အခုလို ကျွန်တော့်မိသားစုရော၊ ကျွန်တော်မွေးထားတဲ့ တိရစ္ဆာန်တွေပါ အေးအေးချမ်းချမ်း သာသာယာယာ နေနိုင်တာဟာ ကျွန်တော့်အတွက် တကယ့် 'ချမ်းသာသုခ'ပဲဆိုတာ အလေးအနက် သဘော ပေါက်မိပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော် တစ်ခါက ဖတ်ဖူးတဲ့ စာပိုဒ်ကလေး တစ်ပိုဒ်အတိုင်းပါပဲ။ အဲဒီစာပိုဒ်ကလေးကတော့ 'လက်စားချေရန် အမြဲတမ်း ကြံဆတွေးတောနေသူ၏ ဒဏ်ရာဒဏ်ချက်များသည် မည်သည့်အခါမျှ ပျောက်ကင်းလိမ့်မည်မဟုတ်' တဲ့။

■

## တရုတ်မလေး လင်ဒါနှင့် ချက်လက်မှတ်ဖူးစာ

နေ့စဉ် နံနက် ၄ နာရီတိတိတွင် ဂျေအားမီး၏ ခေါင်းအုံးအောက်မှ ဟီတာချီ နှိုးစက်သည် ဂျေအားမီးအား အချိန်မှန် နှိုးလေ့ရှိသည်။ သို့ဖြင့် သူသည် အိမ်ရာမှထကာ သူ့အတွက် တစ်နေ့တာ ၂၄ နာရီလုပ်ငန်းစဉ်များကို စတင် လုပ်ကိုင်ခဲ့သည်။

ရှေးဦးစွာ သူသည် မျက်နှာသစ်၍ ကိုယ်လက်သန့်စင်ပြီးနောက် အားကစားခန်းမရှိရာ တတိယထပ်သို့ တက်လာခဲ့သည်။ အဆိုပါ အားကစားခန်းမမှာ လေးဘက်လေးတန် မှန်များ ကာရံထားပြီး၊ စုစုပေါင်း ဒေါ်လာ ၉၀,၀၀၀မျှ အကုန်အကျခံ၍ နောက်ဆုံးပေါ် အားကစားပစ္စည်းများဖြင့် အပြည့်အစုံ တပ်ဆင်ထားသည့် ခေတ်မီအားကစားခန်းမကြီး ဖြစ်သည်။

ကျွမ်းဘားပစ္စည်းများ၊ လက်ဝှေ့အိတ်များ၊ လှေလှော်လေ့ကျင့်သည့် စက်များ၊ အလေးမပစ္စည်းကိရိယာများ၊ ဂျူဒိုကရာတေး ကစားသည့် အသုံးအဆောင်များ စသည့်ဖြင့် ကိုယ်ကာယ ကျန်းမာသန်စွမ်းရေး ကိုယ်ခံပညာ မှုလုံရေးအတွက် အစစ အပြည့်အစုံရှိနေပြီး ဖြစ်သည်။

ဂျေအားမီးသည် ဤခန်းမဆောင်ထဲတွင် ကျန်းမာရေးအားကစား လေ့ကျင့်ခန်းများ လေ့ကျင့်ပြုလုပ်ရာ၌ ဂျူဒိုကရာတေးဝတ်စုံကို ဝတ်ဆင်လေ့ရှိသည်။ သူသည် ဂျူဒိုကရာတေး လေ့ကျင့်ခန်းများနှင့် အခြားအားကစားနည်းများအပြင် နေ့စဉ်ဝမ်းလျှားမှောက်၍ လက်နှစ်ဖက်ထောက်ကာ ရှေ့တိုး

www.burmeseclassic.com



နောက်ငင် 'ဒိုင်ဗင်' ထိုးသည့် လေ့ကျင့်ခန်းကို အကြိမ်ပေါင်း ၁၈၀၀ တိတိ ပုံမှန်ပြုလုပ်ခဲ့သည်။ မှန်သည်။ နေ့စဉ်အကြိမ်ပေါင်း ၁၈၀၀ တိတိ ဝမ်းလျား မှောက် 'ဒိုင်ဗင်' လေ့ကျင့် ခန်းကို မပျက်မကွက် အမြဲတမ်း လေ့ကျင့်ခဲ့ခြင်း အားဖြင့် သံချိတ်ကြီးများ တပ်ဆင်ထားသော သူ၏ လက်နှစ်ဖက်သည် ရိုးရိုးသာမန်လူကောင်းထက် အဆပေါင်းများစွာ သန်မာတောင့်တင်းနေခြင်း ဖြစ်သည်။

ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ထိုသို့ တစ်နာရီတိတိ လေ့ကျင့်ပြီးနောက် ဂျေအားမီးသည် အပူဓာတ်ဖြင့် ရေနွေး ငွေ့လွှတ်ပေးသည့် အခန်းထဲသို့ဝင်၍ ချွေးထုတ်လေ့ရှိသည်။ ထို့နောက် ပေါ့ပါးသော ဝတ်စုံများ လဲလှယ်ပြီး သူ ဖွင့်လှစ်ထားသော "အလွတ် စုံထောက် စာပေးစာယူသင်တန်း"အတွက် ပို့ချချက်များကို နှုတ်မှပြောကာ အသံသွင်းတိတ်ခွေဖြင့် သွင်းခဲ့သည်။ တစ်ခါတစ်ရံ သင်တန်းပို့ချချက် များမရှိပါက နိုင်ငံတကာရှိသူ၏ ကိုယ်စားလှယ်များ၊ အဆက်အသွယ်များ နှင့် ယနေ့အဖို့ ဆက်သွယ်လုပ်ကိုင်ရမည့် အလုပ်များကို လုပ်ကိုင်လေ့ ရှိသည်။ ထိုသို့လုပ်ကိုင်ရာ၌ နောက်ဆုံးပေါ် လျှပ်စစ်လက်နှိပ်စက်များ၊ လျှပ်စစ်မိတ္တူကူးစက်များနှင့် ရေစိမ်ခံသည့် "ဝါးတာပရုဖ်" စက္ကူများကို အသုံးပြုခဲ့သည်။

ပြီးလျှင် ဂျေအားမီးသည် မြေအောက်သေနတ်ပစ်ခန်းထဲသို့ ဆင်း ကာ သေနတ်ပစ်လေ့ကျင့်သည်။ ထိုသို့လေ့ကျင့်ရာတွင် သူသည် သူ့ထံသို့ နောက်ဆုံး ရောက်ရှိလာသည့် နိုင်ငံတကာမှ နောက်ဆုံးပေါ် လက်နက် အသစ်အဆန်းများကို ဦးစားပေး လေ့ကျင့်လေ့ရှိသည်။ အကယ်၍ ယနေ့ အဖို့ရာ၌ လက်နက်အသစ်အဆန်းများ မရှိပါက သူ အမြဲတမ်း အသုံးပြုနေ သည့် ဒသမ ၃၈ပစ္စတိုသေနတ်ကို အနေအထား အမျိုးမျိုးဖြင့် ပစ်ခတ် လေ့ကျင့်ခဲ့သည်။ ထို့မှတစ်ဖန် ကွန်ပျူတာခလုတ်များဖြင့် ပစ်ခတ်သည့်





လေ့ကျင့်ခန်းများကို လေ့ကျင့်ပြန်သည်။ ထိုအခါမျိုး၌ သူသည် ကွန်ပျူတာ ခလုတ်များကို မျက်စိမှိတ်၍ နှိပ်လိုက်ပြီးမှ ပုံစံအမျိုးမျိုးနှင့် နေရာအမျိုး မျိုးတို့မှ ပေါ်ချင်သလို ပေါ်ထွက်လာသော ရန်သူ 'ပစ်မှတ်'ကို ထိမှန်အောင် ပစ်ခတ်လေ့ကျင့်လေ့ရှိသည်။ ထိုသို့တစ်နာရီတိတိ အဆက်မပြတ် သေနတ် ပစ်လေ့ကျင့်ရာ၌ သူ့အတွက် အခြားသူများထက် ပို၍ တစ်ပန်းသာသည့် အချက်မှာ သူ၏သံချိတ်ကြီးများ တပ်ထားသော လက်နှစ်ဖက်သည် မည်သည့်အခါမျှ ချွေးမထွက်ဘဲ ရှိနေခြင်းပေတည်း။

ထိုသို့ နံနက်စောစောပိုင်း သူ့အတွက် ပြုလုပ်မြဲဖြစ်သော လေ့ကျင့် ခန်း အမျိုးမျိုးကို ပြုလုပ်ပြီးစီးသွားသောအခါ သူသည် ရေပန်းများ တပ်ဆင် ထားသော ရေချိုးခန်းထဲသို့ ဝင်၍ မုတ်ဆိတ်မွေးပါးမြိုင်းမွေးများ ရိတ်ခြင်း၊ ရေချိုးခြင်းများကို ပြုလုပ်ခဲ့သည်။ ထို့နောက် အဝတ်အစားလဲသည့် အခန်းထဲ တွင် ယနေ့တစ်နေ့တာအတွက် သူ့စိတ်ကြိုက် အဝတ်အစားများကို ရွေးချယ် ဝတ်ဆင်ခဲ့သည်။ သူ့စိတ်ကြိုက်ဆိုသည်မှာ တကယ့်စိတ်ကြိုက် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဂျေအားမီး၏ အဝတ်အစားများမှာ များပြားလွန်းလှ သဖြင့် ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဘောင်းဘီများကို ချိတ်များဖြင့် ချိတ်ထား ပြီး၊ ကုန်ပဒေသာတိုက်ကြီးများမှ 'ရှိုးကေ့စ်'များကဲ့သို့ ဝယ်လိုသူ၏ မျက်စိ အောက်သို့ တစ်ထည်ပြီးတစ်ထည် ရောက်ရှိလာအောင် အလိုအလျောက် လည်ပတ်သည့် လျှပ်စစ်ခလုတ်များ တပ်ဆင်ထားရသည်။ ရှူးဖိနပ်များ ကိုလည်း အလားတူ အလိုအလျောက် လည်ပတ်နေသော "ကွန်ဗေယာ" ခါးပတ်ဖြင့် သူ့ရှေ့သို့ ရောက်လာသမျှထဲမှ တစ်နေ့လျှင်တစ်ရံ စိတ်ကြိုက် ရွေးချယ်၍ စီးလေ့ရှိသည်။ ဂျေအားမီးတွင် ကိုယ်ပိုင်ဝတ်စုံ ပေါင်း ၇၀၀ ကျော်မျှ ရှိနေသည်ဖြစ်ရာ ယနေ့ သူ ရွေးချယ် ဝတ်ဆင်လိုက်သော ဝတ်စုံကို နောက်တစ်နှစ်ကျော်ကြာသည်အထိ ဒုတိယအကြိမ် ထပ်မံ ဝတ်ဆင်လေ့ မရှိဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲပြီးနောက် သူသည် စားသောက်ခန်းထဲသို့ ဝင်၍ သူ၏ ဇနီးသားသမီးများနှင့်အတူ နံနက်စာ စားသောက်ခဲ့သည်။ ဂျေအားမီးသည် နံနက်စာအဖြစ် အသားကို များများစားလေ့ရှိပြီး ကော်ဖီ၊ လက်ဖက်ရည်များ လုံးဝမသောက်ဘဲ နေခဲ့သည်။ နံနက်စာ စားပြီးသည်နှင့် တစ်ပြိုင်နက် သူသည် လုပ်ငန်းခွင်သို့ ဝင်ရန် ပြင်ဆင်ခဲ့သည်။

ရှေးဦးစွာ သူသည် သူ၏ ဒသမ ၃၈ ပစ္စတိုသေနတ်ကို နောက်တစ်ဖန် ပြန်၍ ကြည့်ရှုစစ်ဆေးပြီး၊ ပခုံးသိုင်းစလွယ်အိတ်တွင် ထည့်လိုက်သည်။ ယနေ့အဖို့ရာ၌ အကြောင်းကိစ္စ တစ်စုံတရာ ပေါ်ပေါက်၍ လိုအပ်လာပါက ဤသေနတ်ကို အလွယ်တကူ လျင်မြန်ဖျတ်လတ်စွာ အသုံးပြုနိုင်ပြီ ဖြစ်သည်။ အဲလားတူပင် သံချိတ်ကြီးများ တပ်ထားသော 'လက်ယာဘက်လက်' ၏ လက်ကောက်ဝတ် သံမဏိအောက်ခြေတွင် လျှို့ဝှက်စွာ တပ်ဆင်ထားသည့် ဒသမ ၂၂ ပစ္စတိုသေနတ်ကိုလည်း အရေးအကြောင်းပေါ်လာလျှင် အဆင်သင့်ပစ်နိုင်ရန် ပြန်လည် စစ်ဆေးခဲ့သေးသည်။ ဤလျှို့ဝှက်သေနတ်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူ့အသက်ကို ကယ်တင်လိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားခဲ့သည်။

ထို့နောက် ဂျေအားမီးသည် သူ၏သက်တော်စောင့် "ဂျိုးဘရိဒ်လပ်ဖ်" အား အင်တာကွန်စကားပြောခွက်ဖြင့် လှမ်းခေါ်လိုက်သည်။ 'ဂျိုး'မှာ ခန္ဓာကိုယ် ကြီးမားတုတ်ခိုင်လှပြီး၊ ရက်ဒ်အင်ဒီးယန်ခေါ် အိန္ဒိယလူနီကပြား ဖြစ်ရာ သူ၏ ကိုယ်လုံးကိုယ်ပေါက်နှင့် မျက်နှာပေါက်ကို အကြောင်းပြု၍ အများက သူ့အား "လင်းယုန်နက်ကြီး ဂျိုး"ဟူ၍ ခေါ်ဝေါ်ကြသည်။ ခဏအကြာတွင် လင်းယုန်နက်ကြီး ဂျိုးသည် ရောမကားအနက်ကြီးဖြင့် ရောက်ရှိလာခဲ့ပြီး လျှပ်စစ်ခလုတ်ဖြင့် ဖွင့်ပေးလိုက်သောဂိတ်ဝမှ ဆရာတပည့်နှစ်ယောက်တို့ ကားဖြင့် မြို့တွင်းရှိ ရုံးခန်းသို့ ထွက်လာခဲ့ကြသည်။

ရုံးခန်းတွင် အတွင်းရေးမှူးမကလေး "ဂျူကစ်"က အဆင်သင့်ဆီး၍





ခရီးဦးကြိုပြုခဲ့သည်။ ဂျူကစ်၏ စီစဉ်ထားချက်အရ ဂျေအားမီး၏ အလုပ်စားပွဲပေါ်တွင် ကမ္ဘာအရပ်ရပ် အတိုင်းတိုင်း အပြည်ပြည်မှ ရောက်ရှိနေသောစာများကို သုံးမျိုးသုံးစား 'သူ့အကန့်နှင့်သူ' ခွဲခြားထားသည်ကို တွေ့ရသည်။ ပထမအမျိုးအစားမှာ 'ဂရုတစိုက် ဖတ်ရမည့်စာများ' ဖြစ်၍ ဒုတိယအမျိုးအစားမှာ 'အပေါ်ယံ ဖတ်ရမည့်စာများ'ဖြစ်သည်။ တတိယအမျိုးအစားမှာ အရေးမကြီးလှဘဲ 'ဖတ်ချင်မှ ဖတ်ရမည့်စာများ' ဖြစ်သည်။ တစ်ဆက်တည်းတွင် နိုင်ငံတကာတွင် ရှိနေကြသည့် ကိုယ်စားလှယ် အေးဂျင့်များနှင့် အဆက်အသွယ်များထံမှ အလုပ်ကိစ္စ၊ အမှုကိစ္စဖြင့် ပေးပို့ကြသည့် အစီရင်ခံစာများကိုလည်း ဤစားပွဲပေါ်တွင် တွေ့ရမည် ဖြစ်သည်။ ထို့ပြင် အလွတ်စုံထောက်ပညာသင် စာပေးစာယူသင်တန်းမှ ကျောင်းသားများ၏ မေးခွန်းနှင့် အဖြေလွှာများလည်း ရှိနေသေးသည်။

သို့ဖြင့် ဂျေအားမီးသည် ထိုစာရွက်ပုံကြီးဖြင့် တစ်နေ့ကုန် အလုပ်လုပ်ရတော့သည်။ အထူးသဖြင့် ယနေ့ချက်ချင်း လက်ငင်းလုပ်ရမည့် အလုပ်များကို ဦးစားပေး လုပ်ခဲ့သည်။ ရုံဖန်ရံခါ တစ်ဖက်ခန်းရှိ အတွင်းရေးမှူးမကလေး ဂျူကစ်ထံမှ လူကိုယ်တိုင် အရေးတကြီး တွေ့ဆုံရန် လာရောက်သူများ၊ တယ်လီဖုန်းဖြင့် စုံစမ်းမေးမြန်းသူများ၊ အရေးပေါ်မှုခင်းဖြစ်ပွားရာမှ အကူအညီတောင်းသူများအတွက် လိုအပ်သလို ဆောင်ရွက်ခဲ့ရသေးသည်။ ဤသို့ဖြင့် ဂျေအားမီးသည် တစ်နေ့ကုန် နေဝင်မိုးချုပ်သည်အထိ အလုပ်ထဲတွင် နစ်မြုပ်နေပြီး ညစာစားချိန် ည ၇ နာရီထိုးမှ အိမ်ပြန်ရောက်ခဲ့ရ၍ ဇနီးနှင့်သားသမီးများကို ပြန်တွေ့ရသည်။ သို့တိုင်အောင် မကြာခဏ အလွန့်အလွန်အရေးကြီးသည့် အမှုကိစ္စပေါ်လာပါက ဇနီးမယားနှင့် သမီးသားများ၏ မျက်နှာကို တစ်ရက်နှစ်ရက်မျှမက တစ်ပတ် နှစ်ပတ်၊ တစ်လနှစ်လကြာသည်အထိ မတွေ့ရ၊ မမြင်ရအောင် ခရီးရှည်ထွက်ခဲ့ရလေ့ရှိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

လင်ဒါရဲ့ တရုတ်နာမည်က 'အုံးတင်'လို့ ခေါ်ပါတယ်။ သူဟာ တရုတ်မိသားစုတစ်စုရဲ့ မွေးချင်းပေါက်ဖော် ရှစ်ယောက်ထဲမှာ အငယ်ဆုံးသမီးပါ။ သူ့မိဘတွေဟာ သားသမီးရှစ်ယောက်စလုံးကို မိရိုးဖလာ တရုတ်ထုံးစံလေ့အတိုင်း တောကျကျ ရှေးဆန်ဆန်ပဲ ကျွေးမွေးစောင့်ရှောက် ပြုစုလာခဲ့ပါတယ်။ သူတို့မောင်နှမတွေဟာ ကျောင်းမှာ ပညာသင်ရင်း လူမျိုးခြားတွေနဲ့ တွေ့ရောယှက်တင် နေခဲ့ထိုင်ခဲ့ ပေါင်းသင်းခဲ့ကြတာပါပဲ။ ဒါပေမဲ့အရွယ်ရောက်လာကြတဲ့ အချိန်မှာတော့ လူငယ်တို့ ဘာသာဘာဝ ပေါင်းသင်းဆက်ဆံရာမှာ သူတို့ တရုတ်အချင်းချင်းပဲ ပေါင်းသင်း ဆက်ဆံခဲ့ကြပါတယ်။ ဒါကြောင့် လင်ဒါရဲ့ အစ်ကိုအစ်မတွေဟာ သူတို့ မိဘများရဲ့ စီမံချက်အရ သူတို့တရုတ်လူမျိုး အချင်းချင်းပဲ အိမ်ထောင်ပြုခဲ့ကြရပါတယ်။ ဒါကတော့ ကျွန်တော်တို့ အယ်လ်ပါဆိုမြို့မှာရှိတဲ့ တရုတ်လူမျိုးတွေတင် မဟုတ်ပါဘူး၊ အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးမှာရှိတဲ့ တရုတ်မိသားစု၊ တရုတ်လူမျိုးအများစုဟာ ဒီလိုပဲ သူတို့အမျိုးသား အချင်းချင်း ရိုင်းပင်းပြီး၊ သူတို့လူမျိုးအချင်းချင်းပဲ အိမ်ထောင်ပြုလေ့ ရှိကြပါတယ်။

လင်ဒါရဲ့အမေ "မစ္စတာချူး"ဟာ အယ်လ်ပါဆိုမြို့ကို ကျွန်တော်မမွေးခင် ကျွန်တော့်မိဘများ လက်ထက်ကတည်းက ရောက်လာပြီး အခြေချခဲ့တဲ့လူပါ။ သူဟာ ကျွန်တော်တို့နေတဲ့ အိမ်နဲ့ မလှမ်းမကမ်းမှာ ကုန်မျိုးစုံဆိုင်တစ်ဆိုင်ဖွင့်ပြီး စီးပွားရှာလာခဲ့တာ ကြာပါပြီ။ လင်ဒါအပါအဝင် သူ့သားသမီးတွေဟာ ကျောင်းကထွက်ရင် သူ့ဆိုင်မှာဝင်ပြီး အလုပ်လုပ်ကြရပါတယ်။ ဒီလိုနည်းနဲ့ သူ့မိသားစု အိမ်ထောင်ရေးနဲ့ စီးပွားရေးကို ထိန်းသိမ်းလာခဲ့ပါတယ်။

ကျွန်တော် အလှတ်စုံထောက်ဘဝနဲ့ နာမည်ရလာခဲ့ပြီးတဲ့ နောက်ပိုင်းမှာ မစ္စတာချူးဟာ ကိစ္စတစ်ခုနှစ်ခုနဲ့ ကျွန်တော့်ဆီလာပြီး အကူအညီတစ်ခါနှစ်ခါ တောင်းဖူးပါတယ်။ သူတောင်းတဲ့ အကူအညီကတော့ ကြီးကြီး





ကျယ်ကျယ် မဟုတ်ပါဘူး။ သူတို့လို ကုန်စုံဆိုင်ကလေးတွေ၊ ဈေးဆိုင်ကလေးတွေမှာ မကြာခဏ ကြုံရတွေ့ရတတ်တဲ့ "ချက်လက်မှတ်အတု"နဲ့ ဈေးဝယ်သွားတဲ့ အမှုမျိုးတွေအတွက်ပါပဲ။ ဒါပေမဲ့ အဲဒီအချိန်က ကျွန်တော့်ရဲ့ "ချက်လက်မှတ်အတုအလိမ်များ အသေးစိတ်မှတ်တမ်း"ဆိုတဲ့ လုပ်ငန်း မလုပ်ရသေးခင်ဆိုတော့ ချက်လက်မှတ် အတုအလိမ်တွေနဲ့ ပစ္စည်းဝယ်တဲ့အမှုတွေဟာ အယ်လ်ပါဆိုမှာ မှိုလိုပေါက်နေပါတယ်။ အဲဒီတုန်းက ဒီအမှုတွေကို ရဲက ဂရုတစိုက်နဲ့ စုံစမ်းအရေးယူတာမျိုး သိပ်မရှိခဲ့ပါဘူး။ အပြင်က အလှတ်စုံထောက်တွေကလည်း ဒီအမှုမျိုးကို လိုက်ရပြီဆိုရင် ပြန်ရတဲ့ငွေအပေါ်မှာ အမှုသည်ဆီက ၅၀ ရာခိုင်နှုန်း အမှုလိုက်ခ ယူလေ့ရှိကြပါတယ်။ ဒါတောင် သိပ်တန်ဖိုးမများတဲ့ ချက်လက်မှတ် အတုအလိမ်ဆိုရင် ဘယ်အလှတ်စုံထောက်ကမှ ဒီအမှုကို မလိုက်ချင်ပါဘူး။ ဒါကြောင့် တချို့ကုန်စုံဆိုင်တွေ၊ စတိုးဆိုင်တွေဆိုရင် ချက်လက်မှတ်အတုတွေနဲ့ပဲ အလိမ်ခံရတာတွေ များပြီး ဆိုင်ပိတ်ပစ်လိုက်ရတာတွေတောင် ရှိခဲ့ပါတယ်။

လင်ဒါရဲ့ အမေဟာ အဲဒီလို ချက်လက်မှတ်အတုနဲ့ ပတ်သက်ပြီး ကျွန်တော့်ဆီ တစ်ခါနှစ်ခါလာဖူးသလို ကျွန်တော်ကလည်း သူတို့ရဲ့ ကုန်စုံဆိုင်ကို မကြာခဏ ရောက်ဖူးပြီး လင်ဒါကို မြင်ဖူး တွေ့ဖူးနေပါတယ်။ ဒီလိုနဲ့ လူချင်းရင်းနှီးလာခဲ့ကြရာက တစ်နေ့တော့ ကျွန်တော်က လင်ဒါကို ကျွန်တော်နဲ့ အပြင်လျှောက်လည်ဖို့ 'ဒိတ်'လုပ်ပါတယ်။ အဲဒီတော့ လင်ဒါက သူတို့မိသားစုမှာ ဒီလိုအစဉ်အလာ မရှိဘူး။ သူ့အမေကလည်း ဒါမျိုး ခွင့်ပြုမှာ မဟုတ်ဘူးလို့ ပြောလာပါတယ်။ ဒါနဲ့ ကျွန်တော်က ဒီအယူအဆ အတွေးအခေါ်တွေဟာ ခေတ်နောက်ကျနေပြီဆိုတဲ့အကြောင်းနဲ့ ဒီခေတ်လူငယ်တွေဟာ လူမျိုးမရွေး၊ ဘာသာ မရွေး၊ အသားရောင်မရွေး ဆက်ဆံပေါင်းသင်းပြီး အတူတူ သွားကြ လာကြတာပဲလို့ လင်ဒါကို အကျိုးအကြောင်း ရှင်းပြပါတယ်။

'ကျွန်မကတော့ ရှင်ပြောတာကို သဘောပေါက်ပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဖေဖေက သဘောပေါက်ဖို့က ပိုအရေးကြီးတယ်’လို့ လင်ဒါက ပြန်ပြောပါတယ်။

ကျွန်တော်ကလည်း လောကကြီးမှာ ဘာမဆို မဖြစ်နိုင်တာ မရှိပါဘူး။ အထူးသဖြင့် အလွတ်စုံထောက်တွေဟာ မဖြစ်နိုင်ဘူးလို့ ထင်ရတာကို ဖြစ်အောင် လုပ်နိုင်ပါတယ်။ ပြီးတော့ တစ်ခါတစ်ခါမှာ အင်မတန် ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်မျိုးတွေတောင် မမျှော်လင့်ဘဲ ဖြစ်လာတတ်ပါတယ်လို့ သူ့ကိုစောင်းပါးရိပ်ခြည် ပြောခဲ့တယ်။ ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက သူ့အဖေ မစ္စတာချူးဟာ သူ့သမီးတွေကို လူမျိုးခြားနဲ့ ဘယ်တော့မှ တွဲမသွားရဘူးလို့ ပညတ်ထားပေမယ့် တစ်နေ့ကျရင် ဒီပညတ်ချက်တွေဟာ ပျောက်ပျက်သွားရမှာပါလို့ ဆိုလိုတာပါပဲ။ ပြီးတော့ တစ်နေ့ကျရင် ဒီထက်အံ့သြစရာ ကောင်းလောက်အောင် သူ့သမီးဟာ လူမျိုးခြားနဲ့ အိမ်ထောင်ကျတဲ့အထိ ဖြစ်လာနိုင်တယ်ဆိုတာ လင်ဒါကို တစ်ဖက်လှည့်နဲ့ လှုပ်ဖြစ်ကားပြောလိုက်တာပါပဲ။ တကယ်လည်း ဝဲကယ်ပါ။ ကျွန်တော့် စိတ်ထဲမှာ လင်ဒါနဲ့ ပိုပြီး ခင်မင်ရင်းနှီးလာလေလေ၊ တစ်နေ့ကျရင် သူနဲ့ ကျွန်တော်ဟာ ဒီအခြေအနေအထိ ရောက်လာလိမ့်မယ်ဆိုတာ အလိုအလို သိနေပါတယ်။

ဒီလိုနဲ့ တစ်ညတော့ ကျွန်တော်ဟာ ကိစ္စတစ်ခုနဲ့ အပြင်သွားရာက မစ္စတာချူးတို့ဆိုင်ကို လမ်းကြုံလို့ ဝင်ခဲ့ပါတယ်။ အဲဒီအချိန်က မစ္စတာချူး ဟာ ငွေသိမ်းတဲ့ စားပွဲမှာ ရှိနေပါတယ်။ ဆိုင်ထဲ ကျွန်တော် ဝင်သွားသွားချင်း မစ္စတာချူးဟာ သူ့စားပွဲကထပြီး ကျွန်တော့်ဆီ တန်းတန်းမတ်မတ် လျှောက်လာရင်း ‘ဒီနေ့တော့ ကျုပ်အတွက် အားကြီး ကံဆိုးတဲ့နေ့ပဲ’လို့ ဆိုင်းမဆင့် ဗုံမဆင့် ညည်းညည်းညူညူ ပြောလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်က ‘ဘယ်လို ဖြစ်လို့လဲလို့ အကျိုးအကြောင်း မေးကြည့်တော့ သူက စိတ်ပျက်လက်ပျက်နဲ့ ရှင်းပြပါတယ်။ ဖြစ်ပုံက ဒီနေ့ သူတို့ဆိုင်ကို လူတစ်ယောက်လာပြီး စားတော်





သောက်ကုန်တွေ ဒေါ်လာ ၁၀၀ဖိုး ဝယ်တယ်။ ပြီးတော့ ဒေါ်လာ ၂၅၀ဖိုး တစ်ဆယ်တန်၊ ငါးကျပ်တန်တွေ လဲသွားတယ်။ အဲဒီလူထွက်သွားလို့ ကြည့်လိုက်တော့ သူပေးသွားတဲ့ ဒေါ်လာ ၃၅၀ တန် ချက်လက်မှတ်တွေဟာ အားလုံးအတုတွေ ဖြစ်နေတာ တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီလိုနဲ့ မစ္စတာချူးဟာ တစ်နေ့တည်း ဒေါ်လာ ၃၅၀ ထိသွားတာပါပဲ။

‘အဲဒီလူဟာ စစ်သားတစ်ယောက်ပဲ ရှင့်’

လင်ဒါက ဝင်ပြောလိုက်ပါတယ်။ ချက်လက်မှတ်အတုကို လက်ခံလိုက်တာက သူဖြစ်နေတာကိုး။

‘သူက သူ့ရဲ့ တပ်မတော် မှတ်ပုံတင်ကတ်တောင် ကျွန်မကို ထုတ်ပြသွားသေးတယ်’

‘ကျွန်တော် ဒီလူတွေကို တွေ့အောင် ရှာပေးရမလား’

ကျွန်တော်က အဘိုးကြီးမစ္စတာချူးကို မေးလိုက်ပါတယ်။

‘ဒါပေါ့၊ မင်း တွေ့အောင် ရှာပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့’

အဘိုးကြီးက ကျွန်တော့်ကို အကဲစမ်းသလို ပြောလိုက်ပါတယ်။

‘ဒါထက် မင်းက ဘယ်မှာရှာဖို့ စိတ်ကူးထားလို့လဲ’

‘ဖို့ထ်ဘလစ္စခံတပ်စခန်းမှာ ရှာမှာပေါ့’

‘ကောင်းပြီလေ...ဒီလိုဆိုလည်း လင်ဒါကိုပါ မင်းနဲ့အတူ ခေါ်သွားပေါ့။ သူက အဲဒီကောင်ကို မှတ်မိနေတာပဲ’

မစ္စတာချူးက မမျှော်လင့်ဘဲ ပြောလိုက်ပါတယ်။

ကျွန်တော့်ကို အယ်လ်ပါဆိုတစ်ဝိုက်မှာ တပ်စခန်းတွေ တော်တော်များများ ရှိနေပါတယ်။ အဲဒီထဲမှာ အနီးဆုံး တပ်စခန်းတွေက ဘစ်လေတပ်အခြေစိုက်စခန်းရယ်၊ ဖို့ထ်ဘလစ္စခံတပ် အရံတပ်မတော်စခန်းရယ်၊ ပြီးတော့ ဟော်လိုမန် လေတပ်သုတေသနနဲ့ ဖွံ့ဖြိုးရေးဌာနချုပ်စခန်းရယ်ဆိုတာတွေ ရှိပါသေးတယ်။ အဲဒါတွေနဲ့ မလှမ်းမကမ်းမှာ ဝှိုက်ဆင်းဒုံးပျံစခန်းနဲ့ အနုမြူ



www.burmeseclassic.com

www.burmeseclassic.com



သုတေသနစခန်းဆိုတာတွေ ရှိပါတယ်။ ဖို့ထ်ဘလစ္စဆိုတဲ့ ခံတပ်စခန်းက တော့ ၁၈၆၈ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တာပါ။ ကြာပါပြီ။ မူလတုန်းက တပ်သား တစ်ရာ လောက်နေဖို့အတွက် အဆောက်အအုံ ၅ ခု လောက်နဲ့စပြီး ဆောက်ခဲ့တဲ့ ခံတပ်စခန်းတစ်ခုပါပဲ။ အခုတော့ အဲဒီရှေးဟောင်း အဆောက်အအုံကြီးတွေဟာ ပြိုကျပျက်စီးပြီး ဒီထက် ပိုကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံတွေ၊ စစ်တန်းလျားတွေ၊ စစ်ရေးပြကွင်းတွေနဲ့ အင်မတန်နာမည်ကျော်တဲ့ တပ်စခန်းတစ်ခု ဖြစ်နေပါပြီ။

ဒါနဲ့ ကျွန်တော်လည်း လင်ဒါကိုခေါ်ပြီး အဲဒီဖို့ထ်ဘလစ္စစခန်းကို ကားနဲ့ ထွက်လာခဲ့ပါတယ်။ လမ်းတစ်လျှောက်လုံး လင်ဒါဟာ သူ့အဖေက အခုလို ကျွန်တော်နဲ့နှစ်ယောက်တည်း မထည့်စဖူး ထည့်လိုက်တာကို အံ့ဩမဆုံးအောင် ဖြစ်နေပါတယ်။ ကျွန်တော်နဲ့တင် မဟုတ်ပါဘူး။ သူ့သမီးကို ဘယ်သူနဲ့မှ အပြင်မထည့်ဖူးပါဘူး။ အခုတော့ ကျွန်တော်နဲ့ ထည့်လိုက်တာဟာ ပထမဆုံးအကြိမ်ပါ။ ဒါ့ကြောင့် ကျွန်တော်က 'အဘိုးကြီး အမြင်မှန်ရလာပြီ'လို့ ပြောလိုက်တော့ လင်ဒါက ပြုံးနေပါတယ်။

တပ်စခန်းရောက်တော့ သက်ဆိုင်ရာ ဂျူတီကျတဲ့ အရာရှိဟာ လင်ဒါပြောပြတဲ့ ဇာတ်လမ်းကို ဂရုတစ်စိုက်နဲ့ နားထောင်ပြီး 'ခင်ဗျားပြောတဲ့ လူပုံပန်းသဏ္ဍာန်အရဆိုရင် ဒီလိုအလားတူ ချက်လက်မှတ်အတု ပေးသွားလို့ ဆိုပြီး လာတိုင်သွားတဲ့ အခြားအမှုတစ်ခုအတွက် ကျွန်တော်တို့ လိုက်ရှာနေတဲ့ တရားခံနဲ့ အတူတူ တစ်ယောက်တည်း ဖြစ်မှာပဲ'လို့ ပြောပါတယ်။ ပြီးမှာ အံဆွဲတစ်ခုထဲက ဓာတ်ပုံကို ကြည့်ပြီး 'ဟုတ်ပါတယ် ဒီဓာတ်ပုံထဲက လူပါပဲ'လို့ ပြောလိုက်ပါတယ်။ ကျွန်တော်ယူကြည့်လိုက်တော့ အဲဒီဓာတ်ပုံအောက်မှာ 'အက်စ်ပီ/၅၊ အမည်–ခရစ္စရောဘတ်ဆင်၊ တပ်မှ ထုတ်ပစ်ခံရသည်'လို့ ရေးထားတဲ့စာကို တွေ့ရပါတယ်။

နောက်ပြီးတော့ အဲဒီဂျူတီကျတဲ့ အရာရှိရပြောပြလို့ သိရတာက





သူတို့ဟာ အဲဒီလူလိမ်တပ်ထွက် ရောဘတ်ဆင် နောက်ဆုံးနေသွားတဲ့ နေရပ်လိပ်စာကို အတိအကျသိရပေမယ့် အဲဒီနေရာကို သွားကြည့်တော့ သူ့ကို မတွေ့ရတော့ဘူးလို့ ဆိုပါတယ်။ ဒါနဲ့ ဒီကောင်ကို မေလစောစောပိုင်းကတည်းက လိုက်ရှာနေတာ အခု ဇူလိုင်လကုန်ခါနီးအထိ မတွေ့ရသေးဘဲ ဖြစ်နေတယ်လို့ သိရပါတယ်။ နောက်ဆုံး အဲဒီရောဘတ်ဆင်နဲ့ ပတ်သက်လို့ တခြားပြောစရာ ဆိုစရာတွေ ပြောဆိုပြီး၊ ဂျူတီကျတဲ့ အရာရှိက ဒီလူကို တွေ့တွေ့ချင်း ကျွန်တော့်ဆီ အမြန်ဆုံး အကြောင်းကြားပါမယ်လို့ ကတိပေးတာနဲ့ ကျွန်တော်နဲ့ လင်ဒါဟာ လာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြပါတယ်။

တကယ်တော့ လူငယ်လူရွယ်တိုင်း၊ လူပျိုကာလသားတိုင်းဟာ ကိုယ်ချစ်နေတဲ့ မိန်းကလေးရဲ့ မျက်စိအောက်မှာ ကိုယ့်ကို ရောမသူရဲကောင်းကြီးလို မြင်လာအောင် လုပ်ပြချင်ကြတာ မမှတာပါပဲ။ အဲဒီထဲမှာ ကျွန်တော်လည်း အပါအဝင်ဆိုပါတော့။ ဒါကြောင့်မို့လည်း ကျွန်တော်ဟာ အဲဒီဖို့ထ်ဘလစ္စစခန်းကအပြန် ကားပေါ်မှာ 'ဒီချက်လက်မှတ် လိမ်သွားတဲ့ အကောင်ကို အမြန်ဆုံး တွေ့အောင် ရှာဖမ်းပြီး ဒီငွေကို ပြန်မရရအောင် ကြိုးစားပေးမယ်'လို့ လင်ဒါကို ရဲရဲရင့်ရင့် အာမခံချက် ပေးခဲ့ပါတယ်။

အဲဒီအာမခံချက်အတိုင်း ကျွန်တော်ဟာ ၂၄ နာရီအတွင်းမှာကိုပဲ တရားခံကို မိအောင်ဖမ်းပြီး လင်ဒါတို့ဆိုင်က ဒေါ်လာ ၃၅၀ကို ရအောင် ပြန်ယူပေးနိုင်ခဲ့ပါတယ်။

တကယ်တော့ ရဲအရာရှိတွေ၊ အစိုးရစုံထောက်တွေနဲ့ ကျွန်တော်တို့ အလွတ်စုံထောက်တွေ အမှုတစ်ခုကို စုံစမ်းထောက်လှမ်းတဲ့နေရာမှာ အဓိက ခြားနားချက်က အချိန်ယူမှု၊ ကြိုးစားအားထုတ်မှုနဲ့ စိတ်ပါလက်ပါ ဆောင်ရွက်မှုတွေ ကွာသွားတာပါပဲ။ အထူးသဖြင့် အဲဒီအစိုးရစုံထောက်တွေ၊ ရဲအရာရှိတွေဟာ ရာဇဝတ်မှုတရားခံတွေကို မိအောင်ဖမ်းဖို့နဲ့ ရုံးတင်ပြီး ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးဖို့ပါပဲ။ ဒါပေမဲ့ ဒီတရားခံတွေ ဖမ်းမမိလို့



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သင့်တဲ့ အပြစ်ဒဏ်မကျလို့လည်း သူတို့တစ်တွေမှာ လစဉ်ပုံမှန်ရနေတဲ့ လခတွေ မရဘဲ မနေပါဘူး။ အချိန်ကျလို့ လကုန်ရင် လခရနေကြတာပါပဲ။ တကယ်လို့ သူတို့မျက်စိအောက်က ဒီတရားခံတွေ လွတ်သွားရင်လည်း 'ဒါတော့ မတတ်နိုင်ဘူး' ဆိုပြီး ပခုံးတွန့်ပြလိုက်ရုံနဲ့ ပြီးသွားတာပါပဲ။ အဲ..အဲဒီနောက် သူတို့မှာ တခြားအမှုတွေ တစ်ပုံတစ်ခေါင်းကြီး ရှိသေးတယ်ဆိုပြီး နောက်အမှုတစ်ခုကို လိုက်ပြန်တော့တာပါပဲ။

ကျွန်တော်တို့ အလွတ်စုံထောက်တွေကျတော့ ဒီလိုမဟုတ်ပါဘူး။ အထူးသဖြင့် ကျွန်တော်ဆိုရင် ဒီလိုဘယ်တော့မှ မဟုတ်ပါဘူး။ အမှုသည်က ယုံယုံကြည်ကြည်နဲ့ ငွေပုံပေးပြီး အားကိုးတကြီးနဲ့ အပ်လိုက်တဲ့ အမှုတစ်ခုကို ကျွန်တော်ကလည်း ကြိုးကြိုးစားစားနဲ့ စိတ်ရောကိုယ်ပါ အပင်ပန်းခံပြီး ကာယကံရှင်အမှု သည် မကျေနပ် ကျေနပ်အောင်၊ တရားခံအစစ်အမှန်ကို မပေါ်ပေါ်အောင် စုံစမ်းထောက်လှမ်းခဲ့တာချည်းပါပဲ။

အဲ...မှန်တာပြောရရင် အခု ဒီအမှုမှာတော့ ကျွန်တော်ဟာ ငွေရေးကြေးရေးကို အကြောင်းပြုပြီး ခုလိုအားကြိုးမာန်တက် ဆောင်ရွက်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော် လှိုက်လှိုက်လှဲလှဲချစ်နေတဲ့ လင်ဒါကလေးရဲ့ စိတ်ချမ်းသာမှု စိတ်ကျေနပ်မှုကို အဓိကထားပြီး အစွမ်းကုန်ကြိုးစားခဲ့တာပါ။ ဒါကိုတော့ ကျွန်တော် ရိုးရိုးသားသားနဲ့ ဝန်ခံပါတယ်။

ကျွန်တော်ဟာ ဖို့ထ်ဘာလစ္စခံတပ်စခန်းက တပ်မတော်အရာရှိ ပြောပြလိုက်လို့ သိခဲ့ရတဲ့ ချက်လက်မှတ်လူလိမ် ရောဘတ်ဆင် နောက်ဆုံးနေသွားတဲ့ အိမ်ကို လိုက်ရှာပါတယ်။ အဲဒီအိမ်ကို တွေ့ရပြီးတဲ့နောက် ထုံးစံအတိုင်း အိမ်ပတ်ဝန်းကျင်တစ်ဝိုက်မှာ လိုက်လံစုံစမ်းကြည့်ပါတယ်။ ဒီလိုနဲ့ ရောဘတ်ဆင်ရဲ့အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်က မြို့ထဲက မော်တော်ကားပြင်တဲ့ အလုပ်ရုံမှာ အလုပ်လုပ်နေကြောင်း သိခဲ့ရပါတယ်။ အဲဒီကမှတစ်ဆင့် အဲဒီမော်တော်ကားအလုပ်ရုံက မိတ်ဆွေတစ်ယောက်ရဲ့





သတင်းပေးချက်အရ ရောဘတ်ဆင်ဟာ စာတိုက်နားက အိမ်ကလေးတစ်အိမ်မှာ ပုန်းနေတယ်လို့ အတိအကျ သိခဲ့ရပါတယ်။

ဒါနဲ့ကျွန်တော်ဟာ မိနစ်မဆိုင်း၊ နာရီမဆိုင်းဘဲ အဲဒီစာတိုက်နားက အိမ်ကို ရောက်သွားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ရောဘတ်ဆင် အပြင်သွားနေလို့ သူပြန်မလာမချင်း အိမ်ပေါက်ဝက စောင့်နေခဲ့ပါတယ်။ အချိန်တန်တော့ သူ အိမ်ပြန်လာတာပါပဲ။ အဲဒီတော့မှ ကျွန်တော်က သူ့ကို အိမ်ပေါက်ဝက ဆီးပြီး စာရင်းရှင်းတော့တာပါပဲ။ ကျွန်တော်က ကျွန်တော် ဘယ်သူဘယ်ဝါဖြစ်ကြောင်း ပြောပြ၊ သူ့ကို ကျွန်တော့်အလုပ်အကိုင် မှတ်ပုံတင်ကတ်ပြားကိုပါ ထုတ်ပြပါတယ်။ ပြီးမှ မစ္စတာချူးဆိုင်မှာ ချက်လက်မှတ်အတုနဲ့ သူလိမ်သွားတဲ့ ဒေါ်လာ ၃၅၀ကိစ္စအတွက် ပြဿနာရှင်းရအောင် ကျွန်တော့်ကားနဲ့ တစ်ခါတည်း လိုက်ခဲ့ပါလို့ သူ့ကို ပြောလိုက်ပါတယ်။

'ဘာပြောတယ် ...ခင်ဗျားနဲ့ လိုက်ခဲ့ရမယ်၊ ဟုတ်လား'

သူက ခပ်တည်တည်နဲ့ အကြောင်ရိုက်နေပါသေးတယ်။

'နေပါဦး ...ခင်ဗျား ကျုပ်ကို လာအစ်နေတာလား'

'မင်း ...ဘာမှလျှာရှည်မနေနဲ့'

ကျွန်တော်က သူ့ကို အပြတ်ဟောက်လိုက်ပါတယ်။

'မင်းနဲ့ ငါနဲ့ စကားပြောမလား၊ ဒါမှမဟုတ် တပ်ထိန်းနဲ့ စကားပြောမလား၊ ငါ အခုပဲ ဖို့ထ်ဘာလစ္စခံတပ်ကို ရောက်ခဲ့ပြီးပြီး'

"ဖို့ထ်ဘာလစ္စခံတပ်"ဆိုတဲ့ စကားကို ကြားလိုက်ရတော့ သူဟာ မျက်နှာတစ်ချက် ပျက်သွားပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ ဣန္ဒြေပြန်ဆည်လိုက်ပါတယ်။

'ခင်ဗျား ကျုပ်ကို ဒီလိုလာဖိန့်လို့ ဘယ်ရမလဲဗျာ။ ကျုပ်ဟာ ဥပဒေဘောင်ထဲကလူ၊ ကျုပ်မှာ ပုဂ္ဂလိက အခွင့်အရေးရှိတယ်။ ခင်ဗျားခေါ်တိုင်း ကျုပ်က လိုက်ရမှာလား'



www.burmeseclassic.com

www.burmeseclassic.com



‘ဒီမှာ ရောဘတ်ဆင်...မင်း ငါနဲ့ လိုက်မလား မလိုက်ဘူးလား၊ တစ်ခွန်းတည်းပဲ ပြော။ မင်း ဘာလုပ်ခဲ့တယ်ဆိုတာ မင်းအသိဆုံး၊ မင်းအပြစ်ကို မင်း ဝန်ခံမလား ဝန်မခံဘူးလား၊ ဒါပဲ ငါသိချင်တယ်’

နောက်ဆုံးတော့ ရောဘတ်ဆင်ဟာ ကျွန်တော့်လေသံနဲ့ ဟန်အမူအရာကို ကြည့်ပြီး သူ့ကို အပြတ် ‘ချဲ’တော့မယ်ဆိုတာ ရိပ်မိသွားပုံရပါတယ်။ သူ့အပြစ်ကို သူ ဝန်ခံတော့တာပါပဲ။ ကျွန်တော်လည်း ကိစ္စမြန်မြန်ပြတ်အောင်ဆိုပြီး သူ့ကို မစ္စတာချူးဆီ တစ်ခါတည်း တန်းခေါ်လာခဲ့ပါတယ်။

ချက်လက်မှတ်လူလိမ် ရောဘတ်ဆင်နဲ့အတူ ကျွန်တော်တို့ နှစ်ယောက်တွဲပြီး ဆိုင်ထဲဝင်လာတာ မြင်လိုက်ရတဲ့ လင်ဒါဟာ မျက်လုံးကလေးပြူးပြီး ပါးစပ်အဟောင်းသားနဲ့ အံ့အားအသင့်ကြီး သင့်သွားရှာပါတယ်။

‘ဒီလူပဲ မဟုတ်လား’

ကျွန်တော်က လင်ဒါကို လှမ်းမေးလိုက်ပါတယ်။

‘ဟုတ်တာပေါ့’

လင်ဒါက ပြောပြောဆိုဆိုနဲ့ ဆိုင်အတွင်းခန်းထဲ ဝင်ပြေးပြီး သူ့အဖေကို သွားခေါ်ပါတယ်။ လူလိမ် ရောဘတ်ဆင်ရဲ့မျက်နှာဟာ ဒီအချိန်မှာ ဇီးရွက်လောက်ပဲ ရှိပါတော့တယ်။

ဒါနဲ့ မစ္စတာချူး ရောက်လာပြီး၊ ကျွန်တော်တို့အားလုံး တစ်ယောက်တစ်ပေါက် ပြောကြဆိုကြရာက နောက်ဆုံး လူလိမ်ရောဘတ်ဆင်ဟာ ဒီအမှုမှာ ဘယ်လိုမှငြင်းလို့ မရ၊ ရှောင်လို့တိမ်းလို့ မရတော့ဘူးဆိုတာ သိရတဲ့အတွက် သူ့ကို အမှုမလုပ်ပါနဲ့ ချက်လက်မှတ်အတုနဲ့ သူလိမ်သွားတဲ့ငွေကို ပြန်လျော်ပါမယ်လို့ တောင်းပန်လာပါတယ်။

‘ဒီလိုလုပ်ပါခင်ဗျာ ...အခု ကျွန်တော့်အိတ်ထဲမှာ ဒေါ်လာတစ်ရာ





ကျော် နှစ်ရာလောက် ပါလာပါတယ်။ အဲဒါ ကျွန်တော့် ပေးခဲ့ပါမယ်။ ကျန်တဲ့ငွေကိုလည်း မကြာခင် ကျွန်တော် ဆက်ဆက် ရှာပေးပါမယ်’

ရောဘတ်ဆင်က အဲသလို စေ့စပ်ရေးလုပ်တာကို မစ္စတာချူးကတော့ ရသလောက် အမြတ်ပဲဆိုပြီး လက်ခံချင် ပုံရပါတယ်။ ဒါပေမဲ့ ကျွန်တော်က သဘောမတူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်ထိဘာလစ္စခံတပ်က အရာရှိပြောလိုက်တဲ့ စကားအရ ဒီလူဟာ တခြားတစ်နေရာမှာလည်း ဒီလိုပဲ ချက်လက်မှတ်အတုနဲ့ လိမ်လာခဲ့တဲ့အမှု ရှိနေပါသေးတယ်။ တော်တော်ကြာ အဲဒီအမှုအတွက် အဖမ်းခံရရင် ကျွန်တော်တို့ နောက်ထပ် ရစရာရှိတဲ့ငွေ ထပ်မရတော့ဘဲ ဆုံးသွားမှာ စိုးရပါတယ်။ ရောဘတ်ဆင်ကလည်း လောလောဆယ် သူ့မှာ ပါသလောက်ပဲ ပေးခဲ့ပါရစေဆိုပြီး သူ့အိတ်ထဲက ရှိသမျှ ငါးပြားစေ့၊ ဆယ်ပြားစေ့ပါမကျန် ထုတ်ပေးပါတယ်။ ကောင်တာပေါ်မှာ သူ့အိတ်ထဲက ငွေတွေကို အားလုံးချပြီး တွက်ကြည့်လိုက်တော့ စုစုပေါင်းဒေါ်လာ ၁၈၀ ရပါတယ်။ သူက အခုလောလောဆယ် ဒါပဲ ပေးခဲ့ပါရစေလို့ တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဒါလောက်နဲ့ မကျေနပ်နိုင်ဘူး။ အားလုံးပြန်ရမှ ဖြစ်မယ်။ မရရင် တပ်ထိန်းလက်ကို အပ်ရလိမ့်မယ်လို့ အတင်းအဓမ္မ အကျပ်ကိုင်တော့မှ နောက်ဆုံး သူ့အိမ်က နောက်ထပ် ယူပေးပါမယ်၊ အဲဒီမှာ တွေ့သမျှ အားလုံးပေးပါမယ်လို့ ရောဘတ်ဆင်က ပြောလာပါတယ်။ ဒါနဲ့ ကျွန်တော် သူနဲ့အတူ သူ့အိမ်ကို လိုက်သွားတော့ သူ့အိပ်ရာအောက်က သံသေတ္တာလေးကို ဆွဲထုတ်လာပြီး အဲဒီထဲက ငွေ ၁၇၀ ထုတ်ပေးပါတယ်။ ကျွန်တော်လည်း သူ့သံသေတ္တာလေးထဲမှာ နောက်ထပ် ငွေဘယ်လောက်များများ ရှိနေသေးသလဲဆိုတာတောင် ဂရုစိုက်ပြီး ကြည့်နေတော့ပါဘူး။ သူပေးတဲ့ ဒေါ်လာ ၁၇၀ လည်းရရော၊ ချက်ချင်းပဲ ထပြန်လာခဲ့ပါတယ်။

သူ့အိမ်က ကားနဲ့ ထွက်လာခဲ့လို့ တစ်ဖာလုံလောက် ဝေးတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရောက်ရော၊ ကျွန်တော်ဟာ ကားကိုရပ်ပြီး လမ်းဘေး တယ်လီဖုန်းရုံကလေးထဲက ဖုန်းနဲ့ ဖို့ထ်ဘလစ္စခံတပ်စခန်းကို ဆက်ပြီး ချက်လူလိမ်ရောဘတ်ဆင်ဆိုတဲ့ တရားခံ အခု ဘယ်နေရာမှာ ရှိတယ်ဆိုတာ ဖုန်းနဲ့ သတင်းပေးလိုက်ပါတယ်။ ကျွန်တော် ဒီလိုလုပ်တာဟာ ရောဘတ်ဆင်အပေါ်မှာ သစ္စာမရှိဘူး၊ ရက်စက်တယ်လို့ ပြောကောင်း ပြောကြလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်ဟာ အစိုးရလခစား စုံထောက်တစ်ယောက် မဟုတ်ပေမယ့် အရပ်သား အလွတ်စုံထောက်တစ်ယောက်အနေနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အပြည့်အဝတာဝန်ရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယူဆထားပါတယ်။ အခုကိစ္စမှာ မစ္စတာချူးဆီက လိမ်သွားတဲ့ ဒေါ်လာ ၃၅၀ ပြန်ရရုံနဲ့ ကျွန်တော်က ကျေနပ်ပြီး သူ့ကို တရားဥပဒေအရ အရေးမယူဘဲ လွှတ်လိုက်မယ်ဆိုရင် တခြားလူတွေဆီက ငွေလိမ်လာခဲ့တာကို လျစ်လျူရှုလိုက်သလို ဖြစ်သွားမှာပေါ့။ ပြီးတော့ သူကို နောက်ထပ် ဒီလိုလိမ်လည်မှုတွေ ကျူးလွန်ဖို့ ခွင့်ပြုလိုက်သလို ဖြစ်သွားနိုင်ပါတယ်။ ဒီလိုဆိုရင် ကျွန်တော့်အနေနဲ့ ဘယ်တရားပါတော့မလဲ။ ‘မစ္စတာချူးနဲ့ လင်ဒါတို့သားအဖကို နောက်တစ်ခါမင်း လာမလိမ်နဲ့၊ တခြားလူတွေကိုတော့ လိမ်ချင်သလောက် သွားလိမ်’လို့ ရောဘတ်ဆင်ကို ခွင့်ပြုချက်ပေးလိုက်သလို ဖြစ်သွားမှာပေါ့။ ဒီနေရာမှာ တရားဥပဒေဆိုတာ နှစ်မျိုးမရှိဘူးဆိုတဲ့ စကားအတိုင်းပါပဲ။

ဘာပဲဖြစ်ဖြစ်၊ မစ္စတာချူးကတော့ သူ့အနေနဲ့ လုံးဝဆုံးပြီလို့ သဘောထားတဲ့ ဒေါ်လာ ၃၅၀ စလုံး တစ်ပြားမကျန် အကုန်ပြန်ရလိုက်တဲ့အတွက် ဝမ်းအသာကြီးသာပြီး ကျွန်တော့်ကို ကျေးဇူးတင်လိုက်ပုံကတော့ ပြောမနေနဲ့တော့ ဒီအမှုမှာ လူလိမ်ခံရလို့ ပါသွားတဲ့ ငွေတွေအားလုံး ပြန်ရတဲ့အတွက် အမှုလိုက်ခအနေနဲ့ ကြိုက်သလောက်ယူပါဆိုပြီး ငွေထုတ်ပေးပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီကိစ္စဟာ ဘာမှမဖြစ်လောက်ပါဘူး။ အမှုလိုက်ခ ယူစရာလည်း မလိုပါဘူး၊ နောက်အကြောင်းရှိမှ ကျွန်တော် အကူအညီလိုရင် တောင်းပါမယ်’ လို့ပဲ ပြန်ပြောရပါတယ်။





တကယ်တော့ ဒီစကားကို ကျွန်တော် အမှတ်တမဲ့ ပြောလိုက်ခဲ့ပေမယ့် ကျွန်တော့်မှာ မစ္စတာချူးဆီက ရောမအကူအညီကြီးတစ်ခု တောင်းဖို့အတွက် ရောမအကြောင်းကြီးတစ်ခု ရှိနေပါပြီ။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်ဟာ သူ့သမီး လင်ဒါကို လက်ထပ်ဖို့ စိတ်ပိုင်းဖြတ်ထားလို့ပါပဲ။ အမှန်အတိုင်းပြောရရင် ကျွန်တော်ဟာ နိုင်ငံတကာကို မကြာခဏ လှည့်လည်သွားလာနေရတဲ့ ဓလူတစ်ယောက်အနေနဲ့ အင်မတန် ချောတဲ့ လှတဲ့ အမျိုးသမီးတွေကို နိုင်ငံတိုင်း၊ တိုင်းပြည်တိုင်းမှာ တွေ့ဖူး မြင်ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်မျက်စိထဲမှာ လင်ဒါဟာ အဲဒီအမျိုးသမီးတွေရဲ့ အလှနဲ့မတူတဲ့ အလှတွေ ရှိနေတယ်ဆိုတာ သိနေပါတယ်။ ကိုယ်လုံးကိုယ်ပေါက် တောင့်တာ ဖြောင့်တာတွေ၊ မြင်သူတကာ ငေးလောက်အောင် ရက်ရက်စက်စက်လှတဲ့ မျက်နှာမျိုးတွေနဲ့ ယှဉ်လိုက်ရင် လင်ဒါဟာ သူတို့ကို မမီဘူးဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမဲ့ လင်ဒါရဲ့ အမြဲတမ်း ချိုနေတဲ့ မျက်နှာကလေးနဲ့ ရှက်စနိုး အမူအရာကလေးတွေ၊ နွေးထွေးတဲ့ ဖော့ဝတ်ကျေပြွန်မှုကလေးတွေ၊ တစ်ဖက်သားရဲ့ အလိုကို နားလည်လိုက်လျောမှုကလေးတွေဟာ ဘယ်မိန်းကလေးနဲ့မှ မတူတဲ့ သူ့အလှတွေပဲလို့ ကျွန်တော် မြင်နေပါတယ်။

ဒါနဲ့ တိုတိုပဲ ပြောကြပါစို့။ အဲဒီချက်လက်မှတ် လူလိမ် ရောဘတ်ဆင် အမှုကိစ္စပြီးတဲ့နောက် ကျွန်တော်နဲ့ လင်ဒါဟာ အရင်ကထက် ပိုပြီး ရင်းနှီးလာကြပါတယ်။ တယောက်နဲ့တစ်ယောက်လည်း မသိမသာ သံယောဇဉ် ဖြစ်လာကြပါတယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့ ရိုးသားတဲ့အချစ်နဲ့ စစ်မှန်တဲ့မေတ္တာကို တစ်နေ့တခြား သူ နားလည် သဘောပေါက်လာပါတယ်။ ဒီလိုနဲ့ နောက် သုံးလေးလအကြာမှာ သူ့မိဘတွေ နှစ်ယောက်စလုံး ဆန်ဖရန်စစ္စကိုမြို့ကို ကိစ္စတစ်ခုနဲ့ သွားနေတုန်း ကျွန်တော်နဲ့ လင်ဒါဟာ ပထမဆုံးအကြိမ် နှစ်ယောက်တွဲပြီး အပြင်က စားသောက်ဆိုင်တစ်ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ညစာစားခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်း သူ့မိဘတွေ ပြန်လာပြီးတဲ့နောက်လည်း သူနဲ့ ကျွန်တော်ဟာ မကြာခဏ လစ်ရင် လစ်သလို နှစ်ယောက်သားချိန်းတွေ့ခဲ့ကြပါတယ်။ ဒီလို မကြာခဏ တွေ့ကြရင်းက ကျွန်တော်တို့နှစ်ယောက်ဟာ ပျော်တပြုံးပြုံးနဲ့ မိုးမမြင် လေမမြင်ဖြစ်ပြီး နောက်ဆုံး 'သမီးရည်းစားမက လင်မယားမကျ'ဆိုတဲ့ ဘဝမျိုး ရောက်ခဲ့ကြတာပါပဲ။ အဲ... အဲဒီအချိန်မှာပဲ ကြမ္မာငင်ချင်တော့ ကျွန်တော်တို့နှစ်ယောက် အခုလို ခိုးကြောင်ခိုးဝှက် ချိန်းတွေ့နေကြတာကို တစ်ယောက်ယောက်က မျက်စိနဲ့တပ်အပ်မြင်လိုက်ရပြီး မစ္စတာချူးကို သွားပြောရာက နောက်ဆုံး မိုးမီးလောင်တော့တာပါပဲ။

မစ္စတာချူးဟာ တစ်ခါတည်း ရှူးရှူးရှဲရှဲဖြစ်ပြီး လင်ဒါကို ခါတိုင်းဆို ကုန်စုံဆိုင်မှာလည်း မထိုင်ရ၊ အိမ်ထဲက အိမ်ပြင်တောင် လုံးဝမထွက်ရဘူးဆိုပြီး တစ်ချက်လွှတ် အမိန့်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီကြားထဲကပဲ လင်ဒါတစ်ယောက် တမှိုင်မှိုင်တတွေတွေနဲ့ မစားနိုင်မသောက်နိုင် ဖြစ်နေတာတွေ့ရတော့ မစ္စတာချူးဟာ သူ့သမီးရဲ့အခြေအနေကို ပိုပြီး စိတ်မချတာနဲ့ လင်ဒါကို အယ်လ်ပါဆိုမြို့ကို ပို့ပစ်လိုက်ပါတယ်။ လင်ဒါဟာ ဒီကိစ္စမှာ သူ့အစ်ကို အစ်မတွေဆီက အကူအညီနဲ့ အကြံဉာဏ် တောင်းခံခဲ့ပါသေးတယ်။ ဒါပေမဲ့ အစ်မတွေ၊ အစ်ကိုတွေအားလုံးဟာ သူတို့တရုတ်လူမျိုးတွေရဲ့ မိရိုးဖလာ ထုံးတမ်းစဉ်လာကို လင်ဒါ့ထက်ပိုပြီး စောင့်ထိန်းလိုက်နာခဲ့ကြသူတွေဆိုတော့ အကူအညီမရတဲ့အပြင် ပိုလို့သာ အခြေအနေဆိုးဖို့ ဖြစ်လာခဲ့ပါတယ်။

နောက်ဆုံးတော့ လင်ဒါဟာ သူတို့မိသားစုရဲ့ ထုံးတမ်းစဉ်လာကို သတ္တိရှိရှိနဲ့ တော်လှန်ပစ်လိုက်ပါတယ်။ တော်လှန်ပုံကတော့ သူ့မှာ ကျွန်တော်နဲ့ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ကြပြီမို့ မကြာခင် လူ့လောကထဲ ရောက်လာမယ့် မြေးကလေးကိုပဲ လက်ခံမလား၊ ဒါမှမဟုတ် သမီးတစ်





ယောက်ကို အဆုံးခံမလားဆိုပြီး သူ့အဖေ မစ္စတာချူးနဲ့ သူ့အမေ မစ္စက်ချူးကို ဖြောင့်ဖြောင့်မေးလိုက်တာပါပဲ။ ဒါပေမဲ့ လူမျိုးရေးနဲ့ပတ်သက်ပြီး ရိုးရာမလေ့ထုံးစံနဲ့ ရှေးဟောင်းအတွေးအခေါ်တွေ ချုပ်ကပ်နေတဲ့ မစ္စတာချူးဟာ လင်ဒါရဲ့တော်လှန်ရေးကို လုံးဝလက်မခံဘဲ ပယ်ချခဲ့ပါတယ်။ ဒီလိုလူမျိုးခြားတစ်ယောက်နဲ့ လုံးဝမပေးစားနိုင်ဘူး။ မနေချင်ရင် အိမ်ပေါ်က ဆင်းသွား၊ ဒီနေ့ကစပြီး သူ့တို့မှာ "အုံးတင်" ဆိုတဲ့ သမီးတစ်ယောက် မရှိတော့ဘူးလို့ပဲ သဘောထားလိုက်မယ်ဆိုပြီး တန်ပြန်တော်လှန်ရေးဆင်နွှဲ တော့တာပါပဲ။

လင်ဒါကလည်း ပြတ်သားပါတယ်။ သူ့ကို သမီးတစ်ယောက်လို သဘောမထားတော့ဘူးဆိုတဲ့ မိဘနှစ်ပါးကိုလည်း သူက မိဘလိုသဘောမထားတော့ဘဲ အိမ်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာခဲ့တာပါပဲ။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ဟာ လင်ဒါကို တရားဝင် ကျကျနန လက်ထပ်ပြီး ယူခဲ့ပါတယ်။ ကျွန်တော်ရဲ့လက်ထက်ပွဲဟာ တခြားလက်ထပ်ပွဲတွေလိုပဲ စည်စည်ကားကား ရှိခဲ့တဲ့အပြင် အခြေအနေအရ ပိုလို့တောင် စိတ်ဝင်စားခဲ့ကြပါသေးတယ်။ လင်ဒါတစ်ယောက်ဟာ အတတ်နိုင်ဆုံး ဟန်လုပ်နေခဲ့ပေမယ့် တကယ့်တကယ်တော့ သူ့မိဘဆွေမျိုးတွေနဲ့ ဒီလိုအဆင်မပြေဖြစ်ရတာကို ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။ အငယ်ဆုံး အထွေးဆုံးသမီးနေနဲ့ မိန်းမသားပီပီ ခံစားမှုအပြည့် ရှိတာပေါ့။ ဒါကို သိထားတဲ့ ကျွန်တော်ကလည်း အတတ်နိုင်ဆုံး အားပေးပါတယ်။ မိဘဆွေမျိုးသားချင်းတွေနဲ့တကွ မိရိုးဖလာ အစဉ်အလာကြီးတစ်ခုလုံး တော်လှန်ပြီး ကျွန်တော့်ကို လက်ထပ်ခဲ့တာဟာ ကျွန်တော့်အပေါ် တကယ်နှစ်နှစ်ကာကာ ချစ်ရှာလို့ပဲဆိုပြီး၊ သူကလေးကို ပိုပြီး ကြင်နာယုယခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်ဟာ လင်ဒါကို သူ့မိသားစုနဲ့ပြန်ပြီး နီးစပ်ဖို့ လုံး၀ လက်မလျှော့ခဲ့ပါဘူး။ တစ်နေ့နေ့မှာ ဒီပြဿနာဟာ တစ်နည်းနည်းနဲ့ ပြေလည်ပြီး ကျွန်တော်တို့နှစ်ယောက်နဲ့ သူတို့မိသားစုတွေ ချစ်ချစ်ခင်ခင်



www.burmeseclassic.com

www.burmeseclassic.com



စည်းစည်းလုံးလုံး ပြန်ဖြစ်လာလိမ့်မယ်လို့ တစ်ထစ်ချ ယုံကြည်မျှော်လင့်ခဲ့ပါတယ်။ 'ဘာပဲဖြစ်ဖြစ် ချက်လက်မှတ်လိမ်သွားတဲ့ ရော်ဘတ်ဆင် အမှုတုန်းက မင်းအဖေ ငါ့ကို ပြောဖူးတာရှိတယ်၊ တစ်နေ့နေ့ကျရင် လိုတဲ့ အကူအညီ ပြောပါ၊ ကျေးဇူးဆပ်ပါ မယ်ဆိုတာလေ။ အခုတော့ အဲဒီကျေးဇူး ဆပ်တဲ့အနေနဲ့ ကျွန်တော်တို့လင်မယားကိုပြန်ပြီး လက်ခံပါလို့ ငါပြောရ မလိုဖြစ်နေပြီ'လို့ ကျွန်တော်က ချစ်ဇနီးကလေး လင်ဒါကို နောက်ပြီး ပြောမိပါသေးတယ်။

ကျွန်တော်မျှော်လင့်တဲ့အတိုင်း ကျွန်တော်တို့ လက်ထပ်ပြီးလို့ တစ်နှစ်ကျော်ကျော်လောက်လည်း ကြာရော မစ္စတာချူးတို့မိသားစုနဲ့ ကျွန်တော်တို့ လင်မယား ပြန်ပေါင်းထုတ်ကြတာပါပဲ။ ဘယ်နည်းဘယ်ပုံ ဘယ်လိုလုပ်ပြီး ပြန်ပေါင်းထုတ်သွားတယ်ဆိုတာ ရှည်ရှည်ဝေးဝေး ပြောနေစရာ မလိုပါဘူး။ လူ့လောကရဲ့ သဘာဝနဲ့ လူသားတိုင်းရဲ့ နိယာမတရားကြောင့်ပဲလို့သာ ပြောပါရစေ၊ကျွန်တော်ပြောတဲ့စကား၊ နည်းနည်းကြီးကျယ်သွားလို့ ရုတ်တရက် နားမလည်ဘဲ ဖြစ်သွားတယ်ထင်တယ် ဟုတ်လား။ ဒီလိုဆို လွယ်လွယ်နဲ့ နားလည်အောင် လိုရင်းတိုရှင်း ပြောရမယ်ဆိုရင် လင်ဒါလည်း ပထမဆုံး သားဦးကလေး မွေးပြီးရော၊ အဘိုးကြီးရော အဘွားကြီးပါ ဟန်လုပ်မနေနိုင်တော့ဘဲ မြေးကလေးကို မြင်ချင် တွေ့ချင်လှချည်ရဲ့ဆိုရာက ပြန်ပြီး ဇာတ်ပေါင်းခဲ့ကြတာပါပဲ။ ဒါတော့ ရှင်းပါတယ်။ "သားအချစ် မြေးအနှစ်"ဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး၊ လူသားတိုင်းအတွက် ထာဝစဉ် သွေးထွက်အောင် မှန်နေမယ့်စကား မဟုတ်လား။

အခုဆိုရင် ကျွန်တော်နဲ့ လင်ဒါဟာ သားနှစ်ယောက်၊ သမီးတစ်ယောက် ပေါင်းကလေးသုံးယောက်တောင် ရနေကြပြီဆိုတော့ အဘိုးကြီး မစ္စတာချူးဟာ မြေးတွေနဲ့ပျော်တပြုံးပြုံး လုံးလားထွေးလား ဖြစ်နေတော့တာ





ပါပဲ။ လင်ဒါဟာ အိမ်ထောင်ထိန်းသိမ်းရဟဲ့ အလုပ်တာဝန်တွေနဲ့ ကျွန်တော့်ကို ပြုစုရတဲ့ဝတ္တရားတွေနဲ့မို့ မအားအောင်ဖြစ်နေလို့ အခု "ထရေစီ" ဆိုတဲ့ သမီးအငယ်ဆုံးကလေးကို ထိန်းဖို့ ကလေးထိန်း နာနီတစ်ယောက် ငှားထားရပါတယ်။ အဲဒီကလေးထိန်း နာနီဟာ ပေါ်တူဂီလူမျိုးဆိုတော့ အကြီးကောင်ရျေနဲ့ မိုက်ကယ်တို့ဟာ နာနီဆီက ပေါ်တူဂီစကားတွေတောင် အတော်ကလေး ပြောတတ်နေကြပါပြီ။

ကျွန်တော့်သားနှစ်ယောက်ဟာ ပေါ်တူဂီစကားကို သူတို့တတ်ရုံနဲ့ အားမရလို့ တခြားလူတစ်ယောက်ကိုပါ သင်ပေးနေကြပါတယ်။ သူတို့ သင်ပေးတဲ့လူက တခြားသူ မဟုတ်ပါဘူး၊ သူတို့အဘိုး မစ္စတာချူးပါပဲ။ ဟုတ်ပါတယ်။ ကျွန်တော့် ယောက္ခမအထီးကြီးဟာ အခုဆိုရင် သူ့မြေးတွေက သင်ပေးတဲ့ ပေါ်တူဂီစကားတွေကို မပီကလာ ပီကလာပြောရင်းနဲ့ သူဟာ မကြာခင် ပေါ်တူဂီသီချင်းတစ်ပုဒ်ကို ပထမဆုံးဆိုတတ်တဲ့ တရုတ်လူမျိုး တစ်ယောက်ဖြစ်လာမှာ သေချာနေပါပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

# သူတို့ကျွန်တော့်ကို အခုပဲ သတ်ကြတော့မယ်

ကျွန်တော်ဟာ ငယ်ငယ်ကလေးတည်းက စုံထောက်ရုပ်ရှင်ဇာတ်ကားတွေ ကြည့်၊ စုံထောက်ဝတ္ထုတွေဖတ်ပြီး သိပ်သဘောကျခဲ့ပါတယ်။ အဲဒီစုံထောက် ရုပ်ရှင်တွေ၊ ဝတ္ထုတွေမှာ ဇာတ်လမ်းစစချင်း ထိပ်စရာလန့်စရာ လူသတ်မှု တစ်ခုခုဖြစ်ပြီး ဘယ်သူသတ်သွားမှန်းမသိတဲ့ အဲဒီလူသတ်မှုကို စုံထောက်က ခက်ခက်ခဲခဲ စွန့်စွန့်စားစားနဲ့ ပုံမှန်သောက်လှမ်းပြီး နောက်ဆုံး ဘယ်သူမှ မထင်တဲ့ လူတစ်ယောက်ကို လူသတ်မှုတရားခံအဖြစ် ဖမ်းပြလိုက်ပုံတွေဟာ အင်မတန် အံ့ဩစရာကောင်းပြီး ဒီရုပ်ရှင်ကြည့်ရတာ ဒီဝတ္ထုဖတ်ရတာ သိပ်အရသာရှိပါတယ်။ ကျွန်တော်ကြည့်ခဲ့ရသမျှ၊ ဖတ်ခဲ့ရမျှ စုံထောက်ရုပ်ရှင် ဝတ္ထုတွေ အားလုံးဟာ နောက်ဆုံးမှာ ဇာတ်လိုက် စုံထောက်က လူဆိုးတရား ခံကို မိအောင် ဖမ်းခဲ့တာချည်းပါပဲ။

ဒါပေမဲ့ အခုကိုယ်တိုင် စုံထောက်အလုပ်နဲ့ အသက်မွေးဝမ်းကြောင်း လာရတဲ့အခါမှာတော့ ရာဇဝတ်မှု တရားခံတွေကို စုံစမ်းသောက်လှမ်း ဖမ်းဆီးရတဲ့ အလုပ်ဟာ ရုပ်ရှင်နဲ့ ဝတ္ထုတွေထဲကလို မဟုတ်တော့ပါဘူး။ အင်မတန် ပင်ပန်းပြီး၊ အင်မတန် ဦးနှောက်ခြောက်ရပါတယ်။ တချို့အမှုတွေ မှာဆိုရင် အတော်စိတ် ဆင်းရဲခဲ့ရပါတယ်။ ဒီကြားထဲမှာ တစ်ခါတစ်ခါ ကိုယ် က နည်းနည်းပါးပါး ပေါ့ပေါ့လျော့လျော့ ဖြစ်သွားမိတဲ့အတွက် တစ်ဖက် လူမှာ အသက်အန္တရာယ် ထိခိုက်တဲ့အထိ ဖြစ်သွားပြီဆိုရင် အကြီးအကျယ် စိတ်ဆင်းရဲရပါတယ်။ အကြီးအကျယ် စိတ်မကောင်းဖြစ်ရပါတယ်။





ဥပမာ၊ "ကာလ်ဟွန်" ဆိုတဲ့ လူရဲ့အမှုမျိုး ဆိုပါတော့။

တကယ်တော့ ဒီအမှုကို 'အမှု' လို့တောင် ကျွန်တော် မသတ်မှတ် ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ 'အမှု' ရယ်လို့ သဘော မထားခဲ့ဘဲ ပေါ့ပေါ့ဆဆ လုပ်ခဲ့မိလို့ပါ။ ပြီးတော့ ကျွန်တော့်မှာ တစ်သက် နဲ့တစ်ကိုယ် ကျွန်တော့်ကြောင့် လူတစ်ယောက် အသက်ဆုံးရှုံးခဲ့ရတဲ့အဖြစ် ဟာ ဒါ ပထမဆုံးအကြိမ် ဖြစ်ခဲ့ရတာပါ။ တစ်မျိုးပြောရရင် ကျွန်တော်ဟာ သေသွားတဲ့ လူတစ်ယောက်အပေါ်မှာ ရာဇဝင်ကြွေး တင်သွားရတယ်လို့ လည်း ဆိုနိုင်ပါတယ်။

ဒီဇာတ်လမ်းကို အစက ပြန်ပြောရမယ်ဆိုရင် ဒီလိုပါ...။

တစ်ညမှာ မိတ်ဆွေတစ်ယောက်က ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်ပါ တယ်။ သူ့နာမည်က တက်ဂါရစ်တီလို့ ခေါ်ပါတယ်။ နယူးမက္ကစီကိုပြည် နယ် အယ်လ်ဘူကာကူမြို့က အစိုးရလက်ထောက် ရှေ့နေတစ်ဦးပါပဲ။ ဂါရစ်တီဟာ အစိုးရရှေ့နေဘဝနဲ့ လခစား အလုပ်လုပ်ရင်း၊ သူ့ကိုယ်ပိုင် ရှေ့နေလုပ်ငန်းတစ်ခု ဖွင့်ပြီး အမှုတွေ လက်ခံလုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော် ဟာ မကြာခဏအမှုတွေ တော်တော်များများမှာ သူ့ကို အကူအညီ ပေးခဲ့ရဖူး ပါတယ်။

အဲဒီညက တယ်လီဖုန်းထဲကနေပြီး ဂါရစ်တီက သူ့မှာ ပြဿနာ တစ်ခု ပေါ်နေတဲ့အကြောင်းနဲ့ အဲဒီပြဿနာကတော့ "ကာလ်ဟွန်" ဆိုတဲ့ လူတစ်ယောက်နဲ့ ပတ်သက်နေတယ်လို့ ပြောပါတယ်။

'ဒီမယ် ဂျေ...ကျွန်တော်တော့ အဲဒီကာလ်ဟွန်ဆိုတဲ့ လူဟာ ဘယ်လို လူလဲဆိုတာ စဉ်းစားလို့ကို မရဘူး'

ဂါရစ်တီက စစချင်း ပဟေဠိဆန်ဆန် ပြောလာပါတယ်။

'ဒီလူဟာ ဦးနှောက်ချောင်ပြီး စိတ်မနှံ့ဘဲ ဖြစ်နေသလား။ ဒါမှ မဟုတ် သူလိုကိုယ်လို လူကောင်းတစ်ယောက်ပဲလားဆိုတာ ကျွန်တော်တွေး



www.burmeseclassic.com

www.burmeseclassic.com



လို့မရဘဲ ဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်ကိုတော့ လောလောဆယ် ခဏခဏ ဒုက္ခလာပေးနေတာ အမှန်ပဲ၊ ကျွန်တော့်ရုံးခန်းကို မကြာမကြာ လာပြီး သူ့ကို တစ်ယောက်ယောက်က သတ်ဖို့ ကြိုးစားနေတယ်ဆိုတာ ပြောပြီးရင်း ပြောရင်း ဖြစ်နေတယ်။ သေသေချာချာ မေးကြည့်တော့လည်း သူ့ဟာက ဘာမှ ရေရေရာရာ မဟုတ်ဘူးဗျ'

ကျွန်တော် ဂါရစ်တီပြောတာကို နားထောင်ပြီး 'ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ။ ဘာအကူအညီပေးရမှာလဲ' လို့ ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်ပါတယ်။ သူပြောပြချက်အရ အခုလို ကာလ်ဟွန်ဆိုတဲ့လူဟာ သူ့ကို တစ်ယောက်ယောက်က သတ်ဖို့ ကြိုးစားနေပါတယ်ဆိုပြီး ခဏခဏ လာပြောနေတာဟာ ဘာတစ်ခုမှ ရေရေရာရာ ခိုင်ခိုင်လုံလုံ အထောက်အထားမရှိတော့ သူ့အနေနဲ့ ဘာမှအရေးမယူနိုင်ဘဲ ဖြစ်နေတယ်လို့ သိရပါတယ်။ ဒီနေရာမှာ အလွတ်စုံထောက်တစ်ယောက်အနေနဲ့ ဆိုရင်တော့ ဒီကိစ္စကို လိုအပ်သလို စုံစမ်းထောက်လှမ်းလို့ ဖြစ်နိုင်ပါတယ်။ အစိုးရစုံထောက်တွေ၊ ရဲအရာရှိတွေမှာက သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်စတဲ့ အထက်အာဏာပိုင် အဖွဲ့အစည်းတွေရဲ့ တရားဥပဒေ စည်းကမ်းတွေနဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေရှိတော့ လုပ်ရကိုင်ရတာ အလွတ်စုံထောက်တွေလောက် လွတ်လွတ်လပ်လပ် မရှိပါဘူး။ သူတို့အနေနဲ့ ရာဇဝတ်မှုတစ်ခုကို ကာယကံမြောက် ကျူးလွန်မှသာ ဖမ်းဆီးအရေးယူနိုင်ခွင့် ရှိပါတယ်။ ခိုင်လုံတိကျတဲ့ သက်သေအထောက်အထားမရှိဘဲ လူတစ်ယောက်ကို အခြောက်တိုက်သွားပြီး 'ခင်ဗျား လူသတ်မှုကျူးလွန်မလို့ ကြံစည်နေတယ် မဟုတ်လား' ဆိုပြီး ဖမ်းလို့ ဆီးလို့ မရပါဘူး။ ဒီလိုလုပ်ခွင့် မရှိပါဘူး။

အဲ...ဒါပေမဲ့ အလွတ်စုံထောက်တစ်ယောက်အနေနဲ့ကတော့ ဒီနေရာမှာ အစိုးရစုံထောက်တွေ၊ ရဲအရာရှိတွေထက် ပိုပြီး လုပ်နိုင် ကိုင်နိုင်ပါတယ်။





'ကျွန်တော့်ကို တစ်ယောက်ယောက်က သတ်ဖို့ ကြိုးစားနေပါတယ်။ အဲဒီ တစ်ယောက်ယောက်ထဲမှာ ဒီလူ ဒီလူတွေကို ကျွန်တော် မသင်္ကာပါဘူး။ ဒါကြောင့် ဒီကိစ္စ အမှန်အတိုင်း သိရအောင် စုံစမ်းပေးပါ၊ ကျွန်တော့်ကို အသတ်မခံရအောင် ကာကွယ်စောင့်ရှောက်ပေးပါ' ဆိုပြီး အလွတ်စုံထောက် တစ်ယောက်ကို သွားအကူအညီတောင်းခံရင် အဲဒီအလွတ်စုံထောက်က အကူအညီပေးပါလိမ့်မယ်၊ ပေးလည်း ပေးနိုင်ပါတယ်၊ ဒီလိုကူညီနိုင်တဲ့ အခွင့်အရေးလည်း အလွတ်စုံထောက်တွေမှာ ရှိနေပါတယ်။ အလွတ်စုံထောက်တွေရဲ့ အဓိကလုပ်ငန်းကလည်း ဒါတွေပဲ မဟုတ်လား။

အဲဒီတော့ အခု "ကာလ်ဟွန်"ဆိုတဲ့ လူရဲ့အမှုမှာလည်း ဒီသဘောပါပဲ။ သူ့ကိုတစ်ယောက်ယောက်က သတ်ဖို့ ကြိုးစားနေတယ်ဆိုတာ အလွတ်စုံထောက်တစ်ယောက်အနေနဲ့ ကျွန်တော်က စုံစမ်းထောက်လှမ်းပြီး၊ လိုအပ်ရင် ကာကွယ်ပေးဖို့ပါပဲ။ ကျွန်တော့်မိတ်ဆွေ ဂါရစ်တီက ကျွန်တော့်ဆီ ဖုန်းဆက်ပြီး အကူအညီတောင်းတာ ဒီကိစ္စပါပဲ။ ဒါပေမဲ့ သူ့ပြောပြချက်အရ ကာလ်ဟွန်မှာ ဘာတစ်ခုမှ ခိုင်လုံတဲ့ အထောက်အထားမရှိတော့ ဦးနှောက်ချောင်ပြီး၊ သူ့ဟာသူ အကြောက်လွန်နေတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ အဲဒီကာလ်ဟွန်ဆိုတဲ့ လူကို အယ်လ်ပါဆိုမြို့က "အလွတ်စုံထောက် ဂျေအားမီး"နဲ့ ဆက်သွယ်ပြီး ဒီအမှုအတွက် လိုအပ်တဲ့ အကူအညီ တောင်းပါလို့ ကျွန်တော့်မိတ်ဆွေ ဂါရစ်တီက လမ်းညွှန်လိုက်ပါတယ်။ အဲဒါကြောင့် မကြာခင် ကျွန်တော့်ဆီက ကာလ်ဟွန်က ဆက်သွယ်လိမ့်မယ်လို့ ဂါရစ်တီက ပြောပါတယ်။

'ခင်ဗျားဆီကို သူက လှမ်းဆက်လို့ သူနဲ့တွေ့ပြီးရင် အကျိုးအကြောင်း ဘယ်လိုဆိုတာ ကျွန်တော့်ကို ပြန်ပြောပါဦး'

ကျွန်တော့်မိတ်ဆွေက ထပ်ပြီးမှာနေပြန်ပါတယ်။

'သူပြောတဲ့ စကားတွေဟာ အမှန်ပဲလို့ ခင်ဗျားစိတ်ထဲက ယုံကြည်နေလို့လား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးကြည့်လိုက်ပါတယ်။

'အဲဒါ အတိအကျ မပြောနိုင်လို့ ခင်ဗျာ့ကို ဒီအမှု လွှဲလိုက်တာပေါ့ဗျ။ ဒါတော့ ခင်ဗျာ့ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ပေါ့'

ကျွန်တော့်မိတ်ဆွေဆီက အဲသလို ဖုန်းဆက်ပြီး ဘာမှမကြာလိုက်ပါဘူး။ နောက်တစ်နေ့မနက် ၁၁ နာရီလောက် ကျွန်တော်ရုံးခန်းမှာ ရှိနေတုန်း အတွင်းရေးမှူးမလေး ဂျူကစ်က မစ္စတာကာလ်ဟွန်ဆိုတဲ့ လူတစ်ယောက် ဆရာနဲ့တွေ့ချင်လို့ ဖုန်းဆက်နေပါတယ်လို့ သတင်းပို့လိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း ဖုန်းလိုင်းဆက်ပေးဖို့ ဂျူကစ်ကို ပြောလိုက်ပါတယ်။

'အခု စကားပြောတာ မစ္စတာအားမီးလား'

ကာလ်ဟွန်ရဲ့ အသံပါပဲ။

'ကျွန်တော့်ကို သူတို့သတ်ဖို့ ကြိုးစားနေတယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား'

ကာလ်ဟွန်ဆိုတဲ့လူဟာ ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ကျွန်တော့်ကို တဲ့တိုးကြီး ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူပြောတဲ့လေသံက သိပ်ပြီး အရေးတကြီးလေသံမျိုးတော့ မဟုတ်ပါဘူး။ 'ဒီနေ့ ဘာနေ့လဲ၊ ခင်ဗျားသိလား' လို့မေးတဲ့ လေသံမျိုး ခပ်အေးအေး ခပ်မှန်မှန်ပါပဲ။

ဒါနဲ့ ကျွန်တော်က သူ့ကိုသတ်ဖို့ ကြိုးစားနေတယ်ဆိုတဲ့ "သူတို့" ဆိုတာ ဘယ်သူတွေလဲလို့ မေးလိုက်ပါတယ်'

'အဲဒါ ကျွန်တော်မသိလို့ ခင်ဗျားကို စုံစမ်းပေးစေချင်တာပေါ့'

သူက ဒီတစ်ခါတော့ လေးနက်တဲ့အသံနဲ့ ပြန်ပြောလိုက်ပါတယ်။

'အဲဒီတော့ ဒီလူတွေဟာ ဘယ်သူတွေဆိုတာ ခင်ဗျားစုံစမ်းပြီး ဒီလူတွေရဲ့ အန္တရာယ်က ကျွန်တော့်ကို အစွမ်းကုန် ကာကွယ်ပေးစေချင်တယ်'





ဒီလိုတော့လည်း သူဟာ တကယ့်လူကောင်းတစ်ယောက်ပဲလို့ ကျွန်တော်တွေးလိုက်မိပါတယ်။ ဖြစ်နိုင်တာက သူဟာ အကြောင်းတစ်ခုခုကြောင့် သူ့ဟာသူ အကြောက်လွန်ပြီး စိတ်ခေတ်ချောက်ချားနေတာများလားလို့ စဉ်းစားကြည့်မိပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ အမေရိကမှာ တချို့လူတွေဟာ သူတို့ပြဿနာနဲ့သူတို့ မလုံမလဲဖြစ်ပြီး၊ သူတို့အိမ်က တယ်လီဖုန်းကို စီအိုင်အေက ကြားဖြတ်ပြီး နားထောင်နေတယ်လို့ ပြောလိုပြော၊ သူတို့သွားလေရာနောက်ကို အက်ဖ်ဘီအိုင်ကပဲ တကောက်ကောက်လိုက်နေသလိုလို၊ ကေဂျီဘီကပဲ ရှုဒိုးလုပ်နေသလိုလို၊ ဒါမှမဟုတ် မာဖီးယားဂိုဏ်းတစ်ဂိုဏ်းကပဲ သူ့ကို အပျောက်ရှင်းဖို့ စာရင်းတို့ထားသလိုလို အထိတ်ထိတ် အလန့်လန့်နဲ့ အမြဲတစေ သွေးလေချောက် ချားနေတဲ့ အမေရိကန်တွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ တကယ့် တကယ်တော့ ဒါတွေဟာ ဘာတစ်ခုမှ မရေရာပါဘူး။ ဘာမှ ခိုင်ခိုင်မြဲမြဲ အထောက်အထားလည်း မရှိပါဘူး။ သက်သက်မဲ့ ကိုယ့်အရိပ်ကို ကိုယ်ပြန်လန့်နေကြတာ ပါ။ အခု မစ္စတာကာလ်ဟွန်လည်း ဒီလိုလူစားမျိုးထဲကပဲလို့ ကျွန်တော် ထင်မိပါတယ်။

'ဒါ့ထက် မစ္စတာကာလ်ဟွန်၊ ခင်ဗျား အခုစကားပြောနေတာ ဘယ်ကလဲ'

'ကျွန်တော့် အိမ်နားမှာရှိတဲ့ တယ်လီဖုန်းရုံထဲက ပြောနေတာပါ။ ကျွန်တော့်မှာ တယ်လီဖုန်း မရှိပါဘူး'

ဒီလိုဆိုရင်တော့ သူဟာ တယ်လီဖုန်းတခွေ အခြောက်ခံနေရတဲ့လူ မဟုတ်ဘူးဆိုတာ သေချာပါတယ်။ ဒါနဲ့ ကျွန်တော်က သူ့ကို အယ်ဝ်ပါဆိုမြို့ကိုလာပြီး ကျွန်တော်နဲ့တွေ့ဖို့ ပြောကြည့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အမှုနဲ့ ပတ်သက်ပြီး သူနဲ့လူချင်းတွေ့ဖို့ လိုပါတယ်။ သူနဲ့နှစ်ယောက်ချင်းတွေ့ပြီး သူ့အခြေအနေကိုလည်း အကဲခတ်ရင်း အခြားလိုအပ်တဲ့ အချက်အလက်တွေ မေးချင် မြန်းချင်ပါသေးတယ်။ အဲဒီတော့ သူက



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန်လူချင်းတွေတော့လည်း အကျိုးအကြောင်း အပြည့်အစုံ ပြောပြပါမယ်။ အခုလည်း သိချင်တာရှိရင် မေးသာ မေးပါ။ တယ်လီဖုန်းထဲကပဲ ဖြေပါမယ်လို့ ကာလ်ဟွန်က ပြောပါတယ်။

ဒါနဲ့ ကျွန်တော်က သူ့မှာ ရန်သူလို မသင့်မတင့်ဖြစ်နေတဲ့လူ၊ ဒါမှမဟုတ် အကြီးအကျယ် ရန်ညှိုးထားနေတဲ့လူ ရှိမရှိ မေးကြည့်တော့ သူက ဒီလိုလူမျိုး သူ့မှာ လုံးဝမရှိပါဘူး။ တစ်ယောက်မှမရှိပါဘူးလို့ ပြတ်ပြတ်သားသားပဲ ဖြေပါတယ်။ အဲဒီကမှတစ်ဆင့် သူ့အကြောင်းကို သူ ပြောပြလို့ သိရတာက သူဟာ အခု အသက် ၃၆နှစ်ရှိပြီး အိမ်ထောင်နဲ့ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတဲ့အကြောင်း၊ စက်ပြင်ဆရာတစ်ယောက်အနေနဲ့ ဝင်ငွေကောင်းတဲ့အကြောင်း၊ သူ့ဇနီးကတော့ တခြားအလုပ်မလုပ်ဘဲ အိမ်မှုကိစ္စနဲ့ အိမ်ထောင်ထိန်းသိမ်းတဲ့ အလုပ်ပဲလုပ်နေကြောင်း စတဲ့အချက်တွေ သိရပါတယ်။ သူ့ကို စက်ပြင်တဲ့ အလုပ်ကလွဲပြီး တခြားဝါသနာပါတာ ဘာများရှိသလဲလို့ မေးကြည့်တော့ ဘာမှဝါသနာမပါဘူးလို့ ပြောပါတယ်။ အရက်ဆိုင်လည်းမထိုင်တတ်၊ ပျော်ပွဲရှင်ပွဲလည်း မသွားတတ်၊ ဟိုအိမ်ဒီအိမ်လည်း မလည်တတ်ဘဲ အလုပ်နဲ့အိမ်၊ အိမ်နဲ့အလုပ်ပဲ နေ့စဉ် အချိန်မှန် သွားတတ်လာတတ်တဲ့ လူတစ်ယောက် ဖြစ်နေပါတယ်။

နောက်ပြီးတော့ သူ့အိမ်တွင်းရေး၊ အိမ်ထောင်ရေး၊ သားရေး သမီးရေးနဲ့ ပတ်သက်လို့ ဘာပြဿနာများရှိသလဲ၊ သူတို့လင်မယားအကြားမှာ အဆင်မပြေတာများရှိသလားဆိုတော့ ဘာမှပြောပလောက်အောင် မရှိဘူးလို့ ဆိုပါတယ်။ အဲ...တစ်ခုရှိတာကတော့ အခုသူတို့နေတဲ့ အယ်လ်ဘူကာကူမြို့နဲ့မိုင် ၆၀လောက်ဝေးတဲ့ ရွာကလေးတစ်ရွာမှာ သူ့မိဘတွေရဲ့ လက်ငုတ်လက်ကျန်ဖြစ်တဲ့ လယ်ယာတွေ ရှိနေတယ်။ အဲဒါ သူ့မိန်းမက အဲဒီကိုသွားပြီး လယ်ယာတွေ လုပ်ချင်တယ်။ ဒါပေမဲ့ ကာလ်ဟွန်ကမြို့မှာ အခြေကျနေပြီးသား ဘာလို့ တောပြန်ရမှာလဲဆိုပြီး ဒီကိစ္စနဲ့ပတ်သက်လို့ သူနဲ့ သူ့မိန်းမ ကျိုစိနဲ့ နှစ်ခါစကားများဖူးတာတော့ ရှိတယ်လို့ သိရပါတယ်။ တယ်လီ





ဖုန်းထဲမှာ အဲဒီအကြောင်းတွေ တော်တော်လေး ပြည့်စုံအောင် ပြောခဲ့ကြပြီး ကာလ်ဟွန်က သူ နက်ဖြန်မနက် ကျွန်တော်နဲ့တွေ့ဖို့ အယ်လ်ပါဆိုကို လာခဲ့ပါမယ်လို့ နောက်ဆုံး ပြောသွားပါတယ်။

ကျွန်တော်လည်း တယ်လီဖုန်းချလိုက်ပြီး၊ ကာလ်ဟွန်အကြောင်းကို စဉ်းစားနေမိပါတယ်။ အခုအထိတော့ သူ့ကို ဘာရယ်လို့ ယတိပြတ်ပြောလို့ မဖြစ်သေးပါဘူး။ နက်ဖြန် လူချင်းတွေ့လိုက်ရရင်တော့ တိတိကျကျ အကဲခတ်လို့ ရလိမ့်မယ် ထင်ပါတယ်။ နောက်တစ်ခုရှိတာက တကယ်လို့ သူဟာ ဒီကိစ္စကို တမင်သက်သက် 'စတန့်'ထွင်နေတာ ဆိုရင်တော့ နက်ဖြန် မနက် သူ ကျွန်တော့်ဆီ လာမယ်တောင် မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အယ်လ်ပါဆိုနဲ့ သူနေတဲ့ အယ်လ်ဘူကာကူမြို့ဟာ အတော်ကလေး ခရီးလှမ်းပါတယ်။ ဒါလောက်ဝေးတဲ့ ခရီးကို သူ့အနေနဲ့ သက်သက်မဲ့ အချိန်ကုန်ခံပြီး လာမယ်မထင်ပါဘူး။

ဒါပေမဲ့ ကျွန်တော်ထင်တာတွေ တစ်ခုမှဖြစ်မလာဘဲ မထင်တာတွေ၊ မမျှော်လင့်တာတွေ ဖြစ်လာလို့ ကျွန်တော်တောင် အကြီးအကျယ် အံ့အားသင့်သွားခဲ့ရပါတယ်။

ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်အနေနဲ့ အရေးကြီးရင်ကြီးသလို ကျွန်တော့်ကို ဆက်သွယ်နိုင်အောင် ကျွန်တော့်တယ်လီဖုန်းကို တစ်နေ့မှာ ၂၄ နာရီစလုံး လူတစ်ယောက် အလှည့်ကျ အမြဲအစောင့်ထားပါတယ်။ ကျွန်တော် ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်မြို့၊ ဘယ်ရွာ ရောက်နေနေ ၂၄ နာရီ လုံးလုံး လူစောင့်ရှိနေတဲ့ ကျွန်တော့်ဖုန်းကို ဆက်လိုက်ရင်၊ အဲဒီဖုန်းကတစ်ဆင့် ကျွန်တော်ရှိနေတဲ့နေရာကို မိနစ်ပိုင်းအတွင်း ရောက်အောင် အကြောင်းကြားပေးပါတယ်။

အဲ ...အဲဒီ ဆက်သွယ်ရေးစနစ်အရ နက်ဖြန်မနက် ကျွန်တော်ဆီ ဆက်ဆက်လာပါမယ်လို့ ပြောသွားတဲ့ ကာလ်ဟွန်ဟာ အဲဒီညသန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကျော် တစ်နာရီခွဲလောက်မှာ ကျွန်တော့်ဆီကို အလန့်တကြား ဖုန်းဆက်တော့တာပါပဲ။

'မစ္စတာ အားမီးလား'

တယ်လီဖုန်းထဲက ကာလ်ဟွန်ရဲ့အသံက တုန်တုန်ယင်ယင်နဲ့ အထိတ်တလန့် ဖြစ်နေပါတယ်။ စကားကိုလည်း ခပ်တိုးတိုးပဲ ပြောပါတယ်။

'ဒီမယ်...အခု သူတို့ ဒီရောက်နေကြပြီ၊ ကျွန်တော့်ကို အခုပဲ သတ်ကြတော့မယ်'

'ဘာပြောတယ်...ဘယ်သူတွေရောက်နေတာလဲ၊ ခင်ဗျားကို ဘယ်သူက သတ်မှာလဲ'

ကျွန်တော်ကလည်း စိုးရိမ်တကြီးနဲ့ ပြန်မေးလိုက်ပါတယ်။

'နေပါဦး...သူတို့ဆိုတာ ဘယ်သူတွေလဲ'

'သူတို့ပဲ...'

'ခင်ဗျားက ဘယ်က စကားပြောနေတာလဲ'

'လမ်းဘေး တယ်လီဖုန်းရုံကပါ၊ ကျွန်တော့်အိမ်နဲ့ သိပ်မဝေးပါဘူး။ ကင်ဒီဂါရီလမ်းနဲ့ ဒုတိယလမ်းထောင့်မှာပါ။ ကျွန်တော် လမ်းလျှောက်ရာက ပြန်လာရင်း သူတို့ကို ရုတ်တရက်မြင်လိုက်ရလို့ တယ်လီဖုန်းရုံထဲ ပြေးဝင်လာပြီး ခင်ဗျားဆီ ဖုန်းဆက်လိုက်တာပဲ'

ကျွန်တော့် ဦးနှောက်ဟာ ချာချာလည်နေပါတယ်။ ဘယ့်နှယ်လုပ်မလဲ၊ ဘယ်လိုလုပ်ရမလဲ။ အခု သူ ဖုန်းပြောနေတဲ့ အယ်လ်ဘူကာကူမြို့ ဆိုတာ ကျွန်တော်နေတဲ့ အယ်လ်ပါဆိုမြို့နဲ့ မိုင်ပေါင်း ၂၅၀ လောက် ဝေးနေတော့ ကျွန်တော် လောလောဆယ် ဘာတတ်နိုင်မှာလဲ၊ သူ့ကို ဘယ်လိုလုပ်ပြီး အကူအညီပေးနိုင်မှာလဲ။

'ခင်ဗျား သူတို့ကားနံပါတ်ကို မြင်ရလား'

'မမြင်ရဘူး'





တအောင့်လေးနေပြီး သူက ဆက်မေးလိုက်ပါတယ်။

'ကျွန်တော် အခု ဘာဆက်လုပ်ရမလဲ'

'ခင်ဗျား သူတို့ကို လှမ်းမမြင်ရဘူးလား၊ မြင်ရရင် လူပုံပန်းသဏ္ဌာန် ဘယ်လိုနေတယ်ဆိုတာ ပြောပြပါလား'

'မမြင်ရဘူး မစ္စတာအားမီး၊ ဘယ်သူ့မှမမြင်ရဘူး၊ ဒါပေမဲ့ သူတို့ အဲဒီကားပေါ်မှာ ရှိနေတယ်ဆိုတာ သေချာပါတယ်။ ကျွန်တော့်ကို သတ်မလို့ လာကြတာပါ'

'ကဲ...ဒီလိုဆိုလည်း ခင်ဗျား ဖုန်းချလိုက်တော့။ ဖုန်းချပြီး ကိုးတစ်တစ်ကို လှည့်ပြီး ရဲကိုသာ အကြောင်းကြားလိုက်ပါ၊ ဒီကြားထဲမှာ ကျွန်တော်လည်း တစ်နည်းနည်းနဲ့ ခင်ဗျားကို ကူညီဖို့ ကြိုးစားပါမယ်'

ကျွန်တော်လည်း ပြောပြောဆိုနဲ့ ဖုန်းချလိုက်ပါတယ်။

တကယ်တော့ ကျွန်တော့်မှာ တခြားနည်းလမ်းမရှိပါဘူး။ ကျွန်တော့် မိတ်ဆွေ ဂါရစ်တီကို ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောဖို့ပဲ တတ်နိုင်ပါတယ်။ ဂါရစ်တီကလည်း သူ့ကို ညသန်းခေါင်ကျော် တစ်နာရီ နှစ်နာရီ အချိန်ကြီးမှာမှ ဖုန်းဆက်ရမလားလို့ သိပ်ကြည်ပုံမရပါဘူး။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။

'ခင်ဗျား ကျွန်တော့်ကို ပြောထားတဲ့ ကာလ်ဟွန်ဆိုတဲ့ လူကို မှတ်မိတယ် မဟုတ်လား'

ကျွန်တော်က စမေးလိုက်ပါတယ်။

'ဘယ်မမှတ်မိဘဲနေပါ့မလဲဗျာ၊ ကျွန်တော့်ကို အမြဲဒုက္ခပေးတဲ့လူပဲ၊ ကောင်းကောင်း မှတ်မိတာပေါ့'

ဂါရစ်တီက အခုမှ မျက်လုံးကျယ်သွားပုံ ရပါတယ်။

'ဘာလဲ၊ အခု ခင်ဗျားလည်း ကျွန်တော့်လိုပဲ 'ထိ' နေပြီ မဟုတ်လား'

သူပြောတဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားလည်လိုက်ပါတယ်။ သူဆိုလိုတာကတော့ အဲဒီကာလ်ဟွန်ဆိုတဲ့လူဟာ ဘာမှရေရေရာရာမရှိဘဲ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က သတ်ဖို့ ကြံစည်နေပါတယ်ဆိုပြီး ဂါရစ်တီဆီ ခဏခဏဖုန်းဆက်လိုက်၊ လူကိုယ်တိုင် လာပြောလိုက်နဲ့ သက်သက်မယ့် ဒုက္ခပေးနေရာက အခုကျွန်တော့်ကိုလည်း ဒီလိုဒုက္ခပေးနေပြီဆိုတဲ့ သဘောပါပဲ။ ကျွန်တော်ကလည်း သူပြောတဲ့အတိုင်း ကာလ်ဟွန်ဆိုတဲ့လူဟာ 'ဂယောင်'ပဲဆိုပြီး ခပ်စောစောက ကျွန်တော့်ဆီ အလန့်တကြား ဖုန်းဆက်ပြောတဲ့ကိစ္စကို ပြန်ပြောပါတယ်။ ဒါပေမဲ့ လိုလိုမယ်မယ် ရဲကို အကြောင်းကြားဖို့ အကြံပေးလိုက်တယ်လို့ ပြောလိုက်တော့ ဂါရစ်တီက ဘာပဲဖြစ်ဖြစ်သူလည်း အကျိုးအကြောင်း သိရအောင်တော့ စုံစမ်းကြည့်လိုက်ဦးမယ်၊ အကြောင်းထူးရင် ကျွန်တော့်ကို ပြန်ဆက်ပါမယ်လို့ ပြောပြီး ဖုန်းချသွားပါတယ်။

ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ နောက် တစ်နာရီလောက်နေတော့ ဂါရစ်တီက ကျွန်တော့်ကို ဖုန်းပြန်ဆက်တော့တာပါပဲ။ ဖုန်းထဲမှာ သူ့အသံဟာ အလောသုံးဆယ် ပျာယီးပျာယာ ဖြစ်နေပါတယ်။

'ဒီမယ် ဂျေ၊ ကျွန်တော် အခုရဲစခန်းကိုဆက်ပြီး ကာလ်ဟွန်အကြောင်း စုံစမ်းကြည့်တယ်။ ကာလ်ဟွန်မရှိတော့ဘူး၊ သေပြီ'

'ဘာပြောတယ်'

ကျွန်တော်လည်း နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို တုန်ခါသွားပါတယ်။

ဟုတ်ပါတယ်။ ကာလ်ဟွန်သေပြီဆိုတာ အမှန်ပါပဲ။ ဖြစ်ပုံက သူဟာ ကျွန်တော်ပြောတဲ့အတိုင်း အရေးပေါ် ဖုန်းနံပါတ် ကိုးတစ်တစ်ကိုဆက်ပြီး ရဲကို ခေါ်နေတုန်းမှာပဲ ပစ်အသတ်ခံလိုက်ရရှာပါတယ်။ ရဲတွေရောက်သွားတော့ တယ်လီဖုန်းစကားပြောခွက်ဟာ ကြိုးတန်းလန်းနဲ့ တွဲလောင်းကျပြီး 'တီ...' ဆိုတဲ့ အသံရှည်မြည်နေတုန်း ရှိပါသေးတယ်။ ကာဟ်ဟွန်ရဲ့အလောင်းဟာ တယ်လီဖုန်းရုံကလေးထဲက ကိုယ်တစ်ပိုင်း အပြင်ဘက်ရောက်ပြီး လဲကျနေပါတယ်။ ဒဏ်ရာကတော့ ခေါင်းမှာတစ်ချက်၊ ရင်ဘတ်မှာတစ်ချက် နှစ်ချက်စလုံး ချက်ကောင်းထိထားပါးတယ်။ လူသတ်သမားရဲ့ ခြေရာလက်ရာနဲ့ သဲလွန်စလည်း ဘာမှမတွေ့ရဘူးလို့ ဆိုပါတယ်။ ဂါရစ်တီက ကာဟ်ဟွန်ရဲ့မိန်းမနဲ့ ဆက်သွယ်ပြီး အကျိုးအကြောင်း စုံစမ်းကြည့်ဦးမယ်လို့ ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်လည်း တကယ်လို့ အကူအညီလိုရင် အကြောင်းကြားပါလို့ ပြောပြီး ဖုန်းချလိုက်ပါတယ်။

ကျွန်တော်ဟာ အဲဒီညက ပြန်အိပ်လို့ မရတော့ပါဘူး။ ညှိခန်းထဲမှာ ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်ရင်း ပူပူနွေးနွေးသေသွားတဲ့ ကာလ်ဟွန်အကြောင်းကိုပဲ စဉ်းစားနေမိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့်ကိုယ်ကျွန်တော်လည်း အပြစ်တင်လို့ မဆုံးအောင် ဖြစ်မိပါတယ်။ အထူးသဖြင့် ကျွန်တော်ဟာ ကာလ်ဟွန်ကို ဦးနှောက်ချောင်နေတဲ့ 'ဂယောင်' တစ်ယောက်ပဲလို့ ယူဆပြီး၊ သူ ပထမဆုံး ကျွန်တော့်ဆီ ဖုန်းဆက်ကတည်းက သူ့နှင့်လူချင်းသွား တွေ့သင့်ပါလျက်နဲ့ မတွေ့ဘဲ ပေါ့ပေါ့ဆဆ နေလိုက်မိတာ ကျွန်တော့်အမှားပါပဲ။ အခုတော့ ကျွန်တော်ရဲ့ပေါ့ဆမှုနဲ့ တာဝန်မဲ့မှုကြောင့် လူတစ်ယောက် မသေသင့်ဘဲ သေခဲ့ရပါပြီ။ တကယ်လို့ ကျွန်တော်သာ တာဝန်သိသိနဲ့ အလေးအနက် သဘောထားခဲ့ရင် ကာလ်ဟွန်ဟာ အခုလို အသေဆိုးနဲ့ သေရမှာမဟုတ်ပါဘူး။ တကယ်တော့ ကျွန်တော်ဟာ ကာလ်ဟွန်ရဲ့အမှုကို တရားဝင် လက်မခံရသေးပါဘူး။ သူနဲ့ လူချင်းတွေ့ပြီးမှ သူ့အမှုကို လက်ခံဖို့ စီစဉ်နေတုန်း၊ လူချင်းမတွေ့လိုက်ရဘဲ အခုလိုဖြစ်သွားရတာပါပဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒီကိစ္စ ဒီအမှုမှာ ကျွန်တော့် ပယောဂပါနေတဲ့အတွက် ကျွန်တော်ဟာ ကာလ်ဟွန်အသတ်ခံရတဲ့ အယ်လ်ဘူကာကူမြို့ကို လိုက်သွားပြီး လူသတ်တရားခံကို စုံစမ်းထောက်လှမ်းကြည့်မယ်လို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

ဒါနဲ့ နောက်တစ်နေ့မနက် ခပ်စောစော အယ်လ်ပါဆိုမြို့က ကားနဲ့






www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့ပါတယ်။ အယ်လ်ဘူကာကူမြို့ကို ရောက်တော့ ကျွန်တော်ဟာ တတိယလမ်းနဲ့ စတုတ္ထလမ်းအကြားမှာရှိတဲ့ မာကွက်ရိုပ်သာလမ်းက ရဲစခန်းကို ပထမဆုံးဝင်ပြီး စုံစမ်းကြည့်ပါတယ်။ အဲဒီရဲစခန်းမှာပဲ ကျွန်တော့်မိတ်ဆွေ ဂါရစ်တီက သေသွားတဲ့ ကာလ်ဟွန်နဲ့ ပတ်သက်ပြီး မှုခင်းဆရာဝန်ရဲ့ အစီရင်ခံစာအရ ကာလ်ဟွန်ကို လူသတ်သမား ဒသမ ၃၈ ပစ္စတိုနဲ့ အနီးကပ် ပစ်သတ်ခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ တခြားမသင်္ကာစရာ သဲလွန်စရယ်လို့ ဘာတစ်ခုမှ မတွေ့ရပါဘူး။ ကာလ်ဟွန်မသေခင် နောက်ဆုံး တယ်လီဖုန်းနဲ့ စကားပြောခဲ့ရတဲ့သူကတော့ ကျွန်တော်ပဲ ရှိပါတယ်။

ကာလ်ဟွန်မသေခင်က သူ့ကို တစ်ယောက်ယောက်က သတ်ဖို့ ကြိုးစားနေပါတယ်လို့ တဖွဖွ ပြောခဲ့ပေမယ့် ဘာတစ်ခုမှ ရေရေရာရာ အထောက်အထား မရှိခဲ့ပါဘူး။ ဒါပေမဲ့ အခု သူအသတ်ခံရပြီးတဲ့နောက် အဲဒီမြို့ကို ကျွန်တော် ရောက်သွားလို့ ဂရုတစိုက် စုံစမ်းကြည့်လိုက်တော့ မသင်္ကာစရာ အချက်အလက်တွေ တွေ့လာပါတယ်။ အဲဒါကတော့ တစ်ခါက ကာလ်ဟွန်တစ်ယောက်တည်း ကားမောင်းသွားရင်း မမျှော်လင့်ဘဲ သူ့ကားဟာ ဘရိတ်ချွတ်ယွင်းပြီး လမ်းဘေးထိုးကျသွားခဲ့ပါတယ်။ ဒါပေမဲ့ သူက အင်မတန် သတိကောင်းလွန်းလို့ အချိန်မီ ကားကို ထိန်းနိုင်သိမ်းနိုင်ပြီး ဘာတစ်ခုမှ ဒဏ်ရာအနာတရ မဖြစ်ခဲ့ပါဘူး။ အဲဒီတုန်းက သူ့စိတ်ထဲမှာ ကားဘရိတ်ပေါက်သွားတယ်လို့ ထင်ပြီး ဘရိတ်ကို စစ်ဆေးကြည့်လိုက်တော့ သူထင်သလို ရိုးရိုးသားသား မတော်တဆ ဘရိတ်ပေါက်သွားတာ မဟုတ်ဘဲ တစ်ယောက်ယောက်က ဘရိတ်ဝိုင်ယာတွေကို ဖြတ်ထားတာ တွေ့ရတယ်လို့ ဆိုပါတယ်။ နောက်ပြီးတော့ တစ်ခါတစ်ခါ သူဟာ အိမ်မှာ ညစာစားပြီး အိပ်ရာမဝင်ခင် အကြီးအကျယ် ခေါင်းမူးလို့ ဆရာဝန် နှစ်ခါ သုံးခါလောက် ခေါ်ရဖူးတယ်လို့ သိရပါတယ်။ ဆရာဝန်က အစားမှားလို့ အစာအိမ်အဆိပ်ဖြစ်တဲ့ သဘောပဲလို့ ပြောဖူးတယ်ဆိုတာလည်း သိခဲ့ရပါတယ်။





နောက်တစ်ခုက သူအသတ်မခံရခင် ဖလလောက်ကတည်းက၊ သူသွားလေရာ နောက်က သူ့ယောက်ဖနှစ်ယောက် အမြဲလိုက်နေတာ တွေ့ရတယ်လို့ ဆိုပါတယ်။ ပထမတော့ ကာလ်ဟွန်က သူနဲ့ သူ့ယောက်ဖတွေဟာ သွားရင်း လာရင်း လမ်းမှာ မတော်တဆ တွေ့ကြတယ်လို့ပဲ ထင်ခဲ့ပါတယ်။ ဒါပေမဲ့ သွားလေရာရာမှာ သူတို့နဲ့ အမြဲလိုလို တွေ့နေရတဲ့အပြင် မမျှော်လင့်တဲ့ နေရာတွေမှာ မမျှော်လင့်ဘဲ တွေ့နေရပြီး သူတို့မျက်နှာ အမူအရာတွေ ပျက်နေတာကို ကြည့်ရခြင်းအားဖြင့် သူ့ယောက်ဖတွေဟာ သူ့နောက်က နောက်ယောင်ခံပြီး လိုက်နေတယ် ဆိုတာ သေချာပေါက် သိခဲ့ရတယ်ဆိုလို့ ဆိုပါတယ်။ အဲဒါကို သူက မသင်္ကာလို့ ရဲကို နှစ်ကြိမ် သုံးကြိမ် အကြောင်းကြားခဲ့ပေမယ့် ရဲက ဘယ်လိုမှ အရေးမယူခဲ့ဘူးလို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ကာလ်ဟွန် မသေသင့်ဘဲ သေခဲ့ရတာဟာ ကျွန်တော့် ပယောဂ တစ်စိတ်တစ်ပိုင်းပါနေတယ်လို့ စိတ်ထဲမှာ အကျိတ်အခဲဖြစ်နေခဲ့တဲ့ ကျွန်တော်ဟာ ကာလ်ဟွန်နဲ့ ပတ်သက်လို့ ရသမျှ အချက်အလက်တွေကို စုံစမ်းထောက်လှမ်းပြီး သံသယဖြစ်စရာ၊ မသင်္ကာစရာတွေမှန်သမျှ ခြေရာခံကြည့်ပါတယ်။ အခုအတိုင်းဆိုရင် ကာလ်ဟွန်အသတ်ခံရတာဟာ အပြင်အပက လူစိမ်းသူစိမ်းရဲ့ လက်ချက်မဟုတ်ဘဲ ခာတ်သိအတွင်းလူတွေရဲ့ လက်ချက်ပဲလို့ ယူဆစရာ ဖြစ်နေပါတယ်။ ပြီးတော့ ဒီပြဿနာဟာ အိမ်တွင်းရေးမပြေလည်မှု၊ အိမ်ထောင်ရေး အဆင်မပြေမှုကစပြီးတော့ မီးခိုးကြွက်လျှောက် ဖြစ်လာတာများလားလို တွေးပြီး သူ့မိန်းမ 'ဂျူစီ' နဲ့ ပတ်သက်လို့လည်း အသေးစိတ် စုံစမ်းကြည့်ခဲ့ရပါတယ်။ ထုံးစံအတိုင်း အိမ်နားနီးချင်းတွေဆီက ရသမျှ သတင်းအချက်အလက်တွေ စုဆောင်းခဲ့ပါတယ်။ ပြီး ဒီအိမ်ကို မကြာခဏ ဝင်ထွက်သွားလာနေကြတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ၊ စာပို့သမားနဲ့ သတင်းစာပို့တဲ့ လူတွေက အစ ကာလ်ဟွန်နဲ့ စက်ရုံတစ်ရုံတည်းမှာ အတူလုပ်ခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဘက်တွေ နဲ့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲမှာ ကစားနေကြတဲ့ ကလေးတွေပါမကျန် တစ်ဖက်လှည့်နဲ့ မေးမြန်း စုံစမ်းကြည့်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ လူချင်းမတွေ့လိုက်ရဘဲ တယ်လီဖုန်းထဲက စကားပြောရုံသာ ပြောလိုက်ရတဲ့ ကာလ်ဟွန်အကြောင်းကို အတော်ကလေး ပြည့်ပြည့်စုံစုံ သိလာခဲ့ရပါတယ်။ ကာလ်ဟွန်ဆိုတဲ့ "ဂျိမ်းစ်ပက်ထရစ်ကာလ်ဟွန်" ကို ၁၉၃၅ ခုနှစ် ဇွန်လ ၂၂ရက်နေ့က မင်နီဆိုတာပြည်နယ်၊ ဒူလုသ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ သူဟာ အသက် ၂၀အရွယ် ၁၉၅၅ ခုနှစ် မေလထဲမှာ 'ဂျူစီ'လို့ခေါ်ကြတဲ့ 'ဂျူးဇက်ဖင်း ဘရက်ဒ်လေ'နဲ့ လက်ထပ်ခဲ့ပါတယ်။ ဂျူစီဟာ ကာလ်ဟွန်နဲ့မလိုက်အောင် ရုပ်ရည်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်။ ကာလ်ဟွန်ကလည်း ကြည့်လိုက်ရင် မျက်နှာပေါက်ဆိုးပေမယ့် သဘောကောင်းတဲ့နေရာမှာ နှစ်ယောက်မရှိဘူးလို့ ဆိုပါတယ်။ လူတိုင်းနဲ့တည့်အောင် ပေါင်းတတ်ပြီး၊ အလုပ်လည်း အင်မတန်ကြိုးစားပမ်းစားလုပ်ရင်း ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားနဲ့ ဖြစ်လာရုံတင်မကဘဲ ဒေါ်လာတစ်သိန်းတန် အသက်အာမခံထားနိုင်ခဲ့တဲ့အပြင် သူသေသွားတဲ့ အချိန်မှာ ဒေါ်လာ ၈၀၀၀ဘဏ်မှာ စုပြီး ဆောင်းပြီး ရှိနေတယ်လို့ သိရပါတယ်။

အဲဒီထဲမှာ အသက်အာမခံ ဒေါ်လာတစ်သိန်း ထားတယ်ဆိုတဲ့ အချက်ဟာ ကျွန်တော့်အတွက် ခြေရာခံရမယ့် သဲလွန်စတစ်ခုပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကာလ်ဟွန်ရဲ့ အသက်အာမခံငွေကို သူသေပြီးတဲ့နောက် ထုတ်ယူခံစားဖို့ တရားဝင်လွှဲထားခဲ့သူက ထုံးစံအတိုင်း သူ့ဇနီး ဂျူစီ ဖြစ်နေလို့ပါပဲ။

ဒါနဲ့ ဂျူစီရဲ့ သွားလာလှုပ်ရှားမှုကို ၂၄ နာရီ စောင့်ကြည့်ဖို့ စီစဉ်ခဲ့ပါတယ်။ နောက် ၂ ရက်ကြာတော့ ဂျူစီဟာ အိမ်က ထွက်သွားပြီး ဗဟိုရိပ်သာလမ်းက မိုတယ်တည်းခိုခန်းတစ်ခုမှာ အမျိုးသားတစ်ယောက်နဲ့ အချိန်အတော်ကြာအောင် နေခဲ့တယ်ဆိုတာ သိခဲ့ရပါတယ်။ အဲဒီအမျိုးသားကို





ခြေရာခံပြီး စုံစမ်းကြည့်လိုက်တော့ ဂျူစီနဲ့ တိတ်တိတ်ပုန်းဖြစ်နေတဲ့ လူပဲလို့ သိရပါတယ်။ အဲဒီလူကို ပထမတွေ့ပြီး၊ ဂျူစီနဲ့ ပတ်သက်တဲ့ကိစ္စကို ခိုင်လုံအောင် အထောက်အထား ယူလိုက်ပါတယ်။ ပြီးတော့မှ အဲဒီခိုင်လုံတဲ့ အထောက်အထားကို အပိုင်ကိုင်ပြီး ဂျူစီနဲ့ ပြောင်ပြောင်တင်းတင်းပဲ သွားတွေ့ပါတယ်။ ပထမတော့ ဂျူစီက "မုံလာဥ" လုပ်ဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်ဘက်က ဘယ်လိုမှ မငြင်းနိုင်အောင် အပိုင်ကိုင်ပြီးသားဆိုတော့ နောက်ဆုံး သူလည်း ဝန်ခံရတာပါပဲ။

ဂျူစီရဲ့ အစစ်ခံချက်အရ ကာလ်ဟွန်ကို အပျောက်ရှင်းဖို့အတွက် ဂျူစီဟာ သူ့အစ်ကိုနှစ်ယောက်ကို ငွေပေးပြီး ခိုင်းခဲ့တယ်ဆိုတာ အထင်အရှားပေါ်လာပါတယ်။ အဲဒီမှာ ဂျူစီရဲ့အစ်ကိုတစ်ယောက်ဟာ အရင်က ရာဇဝတ်မှုတစ်ခုနဲ့ ထောင်ကျဖူးတဲ့ ထောင်ထွက်တစ်ယောက်လို့ သိရပါတယ်။ "လောရင့်စ်"လို့ ခေါ်တဲ့ အဲဒီလူနဲ့ "တက်ဒီ"ဆိုတဲ့ အစ်ကိုနှစ်ယောက်ကို ကာလ်ဟွန်ကို သတ်ပေးရင် ဒေါ်လာ ငါးသောင်းပေးမယ်လို့ ဂျူစီက ကတိပေးခဲ့တယ်ဆိုတာ သိရပါတယ်။ အဲဒီ ဒေါ်လာငါးသောင်းဆိုတာလည်း ကာလ်ဟွန်ရဲ့ အသက်အာမခံ ဒေါ်လာတစ်သိန်းထဲက ခွဲပေးဖို့ စီစဉ်ထားပါတယ်လို့ ဂျူစီက ဝန်ခံပါတယ်။ ကာလ်ဟွန်ကို သေနတ်နဲ့ ပစ်ခဲ့တာကတော့ လောရင့်စ်ပဲလို့ သိရပါတယ်။ လောရင့်စ်နဲ့ တက်ဒီတို့နှစ်ယောက်ဟာ ကာလ်ဟွန်ကို ပစ်သတ်ခဲ့ကြပြီး အခုလောလောဆယ် လော့စ်အိန်ဂျလိစ်မြို့မှာ ပုန်းနေကြပါတယ်။ ကာလ်ဟွန်ရဲ့ အသက်အာမခံငွေထုတ်ပြီးမှ ဂျူစီနဲ့ လာတွေ့ဖို့ စီစဉ်ထားကြတယ်လို့ သိရပါတယ်။

ဒီအတိုင်းဆိုတော့ ဒီအမှုဟာ အစအဆုံး ရုပ်လုံးပေါ်နေပါပြီ။ အဲဒီတော့ ကျွန်တော်လည်း ကျွန်တော် စုံစမ်းထောက်လှမ်းလို့ရတဲ့ အချက်အလက်တွေ အားလုံးကို အထောက်အထားတွေ၊ သက်ဆိုင်ရာ ကာယကံရှင်တွေရဲ့ ဝန်ခံချက်တွေနဲ့တကွ သူတို့ရဲ့ နေရပ်လိပ်စာတွေနဲ့ နာမည်တွေ အားလုံးစုပြီး ကျွန်တော့် မိတ်ဆွေ အစိုးရလက်ထောက်ရှေ့နေ ဂါရစ်တီ



www.burmeseclassic.com

www.burmeseclassic.com



လက်ကို အပ်လိုက်ပါတယ်။ တရားဥပဒေအရ ကျန်တဲ့လိုအပ်တာတွေကို သူပဲ ဆက်လုပ်သွားပါလိမ့်မယ်။ ကျွန်တော် သိရသလောက် ဂါရစ်တီဟာ ပထမဆုံး ဂျိုစီနဲ့ သူ့အကောင်ကို ဖမ်းဝရမ်း ထုတ်ပါလိမ့်မယ်။ တစ်ဆက်တည်း လော့စ်အိန်းဂျလိစ်ကို ရောက်နေကြတဲ့ လူသတ်တရားခံနှစ်ယောက်ကို ဖမ်းဖို့ စီစဉ်ပါလိမ့်မယ်။ ပြီးမှ သူတို့အားလုံးကို သူတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုနဲ့ ထိုက်တန်တဲ့ အပြစ်တွေရအောင် တရားရုံးမှာ ကြိုးစားဖို့ပဲ ရှိပါတယ်။

အခုထိဆိုရင် ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ကတော့ အကျေနပ်ကြီး ကျေနပ်သွားခဲ့ပါပြီ။ အထူးသဖြင့် သေသွားတဲ့ ကာလ်ဟွန်နဲ့ ပတ်သက်ပြီး ကျွန်တော်တတ်နိုင်သလောက် ရာဇဝင်ကြွေး ဆပ်လိုက်ရတဲ့ အတွက် စိတ်ချမ်းသာသွားခဲ့ပါပြီ။

■

## သေဘေးမှ တစ်လက်မ၏ ၄ပုံ ၃ပုံ ကပ်လွဲခဲ့ရသူ

ဒီနေ့အထိ အလွတ်စုံထောက်တစ်ယောက်အနေနဲ့ ကျွန်တော်လိုက်ခဲ့ရတဲ့ အမှုတွေဟာ အရေအတွက်အားဖြင့် များပြားသလောက် အမျိုးအစားအားဖြင့်လည်း တော်တော်ကလေး စုံခဲ့ပါတယ်။ လူသတ်မှု၊ ခိုးပြမှု၊ ပြန်ပေးဆွဲမှုကအစ လုယက်မှု၊ လိမ်လည်မှုတွေအထိ မျိုးစုံပါခဲ့ပါတယ်။ အဲဒီထဲမှာ ပြန်ပေးမှုကတော့ အများဆုံးလို့ ဆိုရပါလိမ့်မယ်။ အထူးသဖြင့် ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး မာလွန်ဘရန်ဒိုရဲ့သားကလေး ပြန်ပေးဆွဲခံရတဲ့အမှုအကြောင်းပြုပြီး နောက်ပိုင်းမှာ ပြန်ပေးဆွဲမှုတွေ အတော်များများဟာ ကျွန်တော့်ဆီ ရောက်လာကြပါတယ်။ ကြာတော့ ပြန်ပေးဆွဲမှုတွေ လိုက်ရလွန်းအားကြီးတာနဲ့ ကျွန်တော်ဟာ ပြန်ပေးဆွဲမှုနဲ့ ပတ်သက်တဲ့ စုံထောက်ပါရဂူ ဖြစ်မှန်းမသိ ဖြစ်လာပါတယ်။

ဒီလိုပြောလိုက်လို့ ကိုယ့်ကိုယ်ကို ဘဝင်မြင့်ပြီး ဂုဏ်ယူဝင့်ကြွားနေတယ်လို့တော့ မထင်စေချင်ပါဘူး။ မှန်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်ဟာ ပြန်ပေးဆွဲမှုတွေကို လိုက်ရလွန်းလို့ တစ်ခါတစ်ခါ ကိုယ့်ဟာကိုယ် မကျေမနပ်နဲ့ ဒေါသတောင် ဖြစ်မိပါတယ်။ ဒီပြန်ပေးမှုတွေကြောင့် မကြာခဏ စိတ်ညစ်ခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော် စိတ်အညစ်ဆုံးက ဘာလဲဆိုတော့ ကျွန်တော့်ဆီ ရောက်လာတဲ့ ပြန်ပေးဆွဲမှုတွေထဲက အတော်များများဟာ တကယ်တမ်း သေသေချာချာ စုံစမ်းကြည့်လိုက်တော့ ပြန်ပေးဆွဲမှုမဟုတ်ဘဲ အိမ်ပြေးမှုတွေ ဖြစ်နေလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ ကျွန်တော့်ဆီကို မိဘတွေ အတော်များများဟာ သူတို့သားသမီးတွေ 'ပြန်ပေးဆွဲခံရလို့ပါ' ဆိုပြီး မကြာခဏ ရောက်လာတတ်ကြပါတယ်။ ဒါပေမဲ့ ဒီအမှုတွေနဲ့ပတ်သက်ပြီး အဲဒီမိဘတွေကို သေသေချာချာ စစ်စစ်ပေါက်ပေါက် မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးကြည့်လိုက်ပြီဆိုရင် သူတို့သားသမီးတွေဟာ တကယ်တော့ ပြန်ပေးဆွဲခံရတာ မဟုတ်ဘဲ အိမ်က ထွက်ပြေးကြတာပဲဆိုတာ ဘူးပေါ်သလို ပေါ်လာကြပါတယ်။

တကယ်တော့ လူငယ်လူရွယ်တွေဟာ နေရာတကာမှာ စွန့်စားချင်တယ်၊ အသစ်အဆန်းတွေကို မြင်ချင် တွေ့ချင်တယ်၊ မရောက်ဖူးတဲ့ အရပ်ဒေသကို ရောက်ဖူးချင်တယ်ဆိုတဲ့ ဆန္ဒတွေ အမြဲရှိနေကြပါတယ်။ ဒါမှမဟုတ် မြို့ကောင်ပေါက်အရွယ် ကောင်လေးတွေ၊ ကောင်မလေးတွေဆိုရင်လည်း သူတို့အသက်နဲ့ သူတို့ပတ်ဝန်းကျင်အရ ဘော်ဒါတွေ၊ အတွဲတွေနဲ့ နှစ်ယောက်သား ဆင်ကန်းတောတိုး ရောက်ရာပေါက်ရာ သွားချင် လာချင်ကြပါတယ်။ ဒီလိုအကြောင်းအမျိုးမျိုးနဲ့ အိမ်က ထွက်ပြေးကြတာကို မိဘတွေက သိလျက်သားနဲ့ သူတို့သား၊ သူတို့သမီး  အိမ်က ထွက်ပြေးကြပါတယ်လို့ မပြောဘဲ 'ပြန်ပေးဆွဲခံရပါတယ်' ဆိုပြီး ကျွန်တော်တို့ အလွှတ်စုံထောက်တွေကို ဒုက္ခလာ လာပေးကြပါတယ်။ ဒုက္ခလာပေးတယ်ဆိုလို့ ကျွန်တော်တို့ဟာ သူတို့သားသမီးတွေကို အခမဲ့မေတ္တာသက်သက် အပင်ပန်းခံပြီး လိုက်ရှာပေးရတာတော့ မဟုတ်ပါဘူး။ သူတို့သားသမီးတွေကို မတွေ့တွေ့အောင် ရှာပေးတဲ့အတွက် ကုန်ကျတဲ့ခရီးစရိတ်နဲ့ တခြား စရိတ်စကတွေအပြင် သီးခြားအမှုလိုက်ခနဲ့ အခကြေးငွေ ရကြပါတယ်။ ကျွန်တော်တို့ကို  ဒီလိုပြန်ပေးမှုတွေ လာအပ်ကြတဲ့ လူတွေကလည်း တကယ်ငွေကြေးတတ်နိုင်တဲ့  သူဌေးတွေ၊ သူကြွယ်တွေချည်းပါပဲ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီသူဌေး သူကြွယ်တွေဟာ သူတို့သားသမီးတွေ အိမ်က ထွက်ပြေးတယ်





ဆိုတာ လူသိသူသိ မခံချင်ကြပါဘူး။ ပြီးတော့ အိမ်က ထွက်ပြေးတယ်ဆိုတာထက် ပြန်ပေးဆွဲခံရတယ်ဆိုတာ ပိုပြီး သိက္ခာရှိတယ်၊ ဂုဏ်ရှိတယ်၊ သူတို့မိသားစုအတွက် ပိုပြီး နာမည်ကြီးစရာဖြစ်တယ်လို့ တွက်ထားကြပုံရပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့မှာက ရိုးရိုးအိမ်က ထွက်ပြေးတဲ့ အမှုကို ဇရာမ ပြန်ပေးဆွဲမှုကြီးတစ်မှုအနေနဲ့ 'ခရုကို ခါးတောင်းကျိုက် ဖမ်းသလို' လိုက်ဖမ်းရတာ သိပ်တော့ မနိုပ်ဘူးပေါ့ဗျာ၊ ပြီးတော့ တစ်ခါတစ်ခါ ပိုဆိုးတာက ဒီအိမ်ပြေးမှု တွေလိုက်ရတာဟာ ဇရာမလူသတ်မှုကြီးတစ်မှုကို စုံထောက်ရတာထက် ပိုပြီးပင်ပန်းတာမျိုးလည်း ကြုံရတတ်ပါတယ်။ အဲ ... တစ်ခါတစ်ခါများဆိုရင် ဒီ ဘာမဟုတ်တဲ့ အိမ်ပြေးမှုကို ကိုင်ရင်းက ကျွန်တော်တို့မှာ မမျှော်လင့်ဘဲ အန္တရာယ် ဆိုးဆိုးဝါးဝါး တွေ့ရတတ်ပါသေးတယ်။

ဒါနဲ့ပတ်သက်လို့ တစ်ခါက ထုံးစံအတိုင်း ပြန်ပေးမှုဆိုပြီး ကျွန်တော့်ဆီ ရောက်လာတဲ့ အိမ်ပြေးမှုတစ်မှုမှာ ကံကောင်းလို့ အသက်နဲ့ကိုယ်နဲ့အိုးစားမကွဲဘဲ ကျွန်တော့်ရင်ဘတ်မှာ သေရွာအထိ ပါသွားမယ့် သေနတ်ဒဏ်ရာရခဲ့တာကို ကောင်းကောင်း မှတ်မိနေပါသေးတယ်။

ဒီအမှုမှာလည်း ခါတိုင်းလိုပဲ "မာရီယန်မစ်လာ"ဆိုတဲ့ အမျိုးသမီးတစ်ယောက် ဆန်ဖရန်စစ္စကိုကနေ ဖုန်းဆက်လိုက်ရာက ဇာတ်လမ်းစခဲ့တာပါပဲ။ သူက သူ့သမီးကလေး ပြန်ပေးဆွဲခံရလို့ စုံစမ်းပေးပါဆိုပြီး ပြောလာပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း 'အင်း...လာပြန်ပြီ ပြန်ပေးဆွဲမှုတစ်ခု' လို့ အသံမထွက်ဘဲ စိတ်ထဲက ညည်းလိုက်ပြီး၊ ခါတိုင်းမေးနေကျမေးခွန်းတွေနဲ့ မေးကြည့်လိုက် ပါတယ်။ အဲ...နောက်ဆုံးတော့ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။ ပြန်ပေးဆွဲမှုလို့ အမည်တပ်ထားတဲ့ အိမ်ပြေးမှုတစ်မှုဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ်၊ မစ္စက်မစ်လာကတော့ ပြန်ပေးဆွဲခံရသည်ဖြစ်စေ၊ အိမ်က ထွက်ပြေးသည်ဖြစ်စေ သူ့သမီးကိုတွေ့အောင် ရှာပေးပါ



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ အင်မတန်ခင်တဲ့ မိတ်ဆွေရင်းချာ မစ္စတာဒစ်ဂေါက်ဟာ မစ္စက်မစ်လာနဲ့ အတူရှိနေတော့ ကျွန်တော့်အနေနဲ့ ဒီအမှုကို ဘယ်လိုမှ ငြင်းလို့မရဘဲ ဖြစ်ခဲ့ရပါတယ်။ နောက်ဆုံးတော့ အဲဒီမစ္စတာဒစ်ရဲ့ မျက်နှာကြောင့် ဒီအမှုကို ကျွန်တော် လက်ခံလိုက်ရပါတယ်။

ကျွန်တော်စောစောက ပြောခဲ့တဲ့အတိုင်းပါပဲ။ သမီး အိမ်က ထွက်ပြေးတာကို ပြန်ပေးဆွဲခံရပါတယ်ဆိုပြီး အမှုလာအပ်တဲ့ မစ္စက်မစ်လာနဲ့ သူ့ယောကျ်ား မစ္စတာမစ်လာတို့ဟာ ကျိကျိတက် ချမ်းသာတဲ့ သန်းကြွယ်သူဌေးလင်မယားပါ။ မစ္စတာမစ်လာဟာ ဆန်ဖရန်စစ္စကိုလိုမြို့ကြီးမှာ ရောမလျှပ်စစ်ကုမ္ပဏီကြီးတစ်ခုရဲ့ ချယ်ယာမင်ဖြစ်သလို၊ သူ့ဇနီး မစ္စက်မစ်လာဟာလည်း ဆန်ဖရန်စစ္စကိုမြို့တော်ရဲ့ မိခင်နဲ့ကလေးများ စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးကယ်ဆယ်ရေးအဖွဲ့၊ မိဘမဲ့ကလေးများဂေဟာ စတဲ့ သာရေးနာရေး၊ လူမှုရေးအသင်းအပင်း အဖွဲ့အစည်းလုပ်ငန်းတွေမှာ ရှေ့တန်းက ပါနေတဲ့ မြို့မျက်နှာဖုံးအမျိုးသမီးကြီးတစ်ယောက် ဖြစ်ပါတယ်။ အဲဒီလို အထက်တန်းလွှာ လူ့မလိုင်တွေဆိုတော့ မစ္စတာ မစ်လာတို့ ဇနီးမောင်နှံရဲ့ အနေအထိုင် အစားအသောက် အဆင့်အတန်းဟာ ထိပ်ဆုံးနဲ့ အပေါ်ဆုံးကချည်းပါပဲ။ စီးတော့လည်း မာစီဒီကားကြီးတွေမှ၊ သောက်တဲ့ အရက်ကလည်း အင်္ဂလန်၊ ပြင်သစ်၊ ရုရှားစတဲ့ နိုင်ငံခြားအရက်တွေမှ၊ ဆောင်းရာသီမှာ ရေခဲလျှောစီးဖို့ ဥရောပတိုက် သွားလိုက်ကြတာကလည်း နှစ်စဉ်နှစ်တိုင်းပဲ ဆိုပါတော့။ ဆင်ဖိုနီသံစုံတီးဝိုင်းကြီးတွေနဲ့ အော်ပရာဇာတ်ရုံကြီးတွေမှာဆိုရင်လည်း လာသမျှပွဲကို မလွတ်တမ်းကြည့်ဖို့ ကြိုတင်လက်မှတ်တွေကို "ဒရက်ဆာကယ်" ဆိုတဲ့ ဂုဏ်သရေရှိ အထူးတန်းဏ နှစ်လုံးပေါက် ဝယ်ထားကြသူတွေပါ။ ပြီးတော့ ဆန်ဖရန်စစ္စကိုမြို့တော်ဝန် မစ္စတာအလီယိုတို့နဲ့ ဘုရင်ခံ မစ္စတာရော်နယ်ရီဂင် (ယခု အမေရိကန်





သမ္မတဖြစ်နေသူ) စတဲ့ ရောမပုဂ္ဂိုလ်ကြီးတွေဆိုတာလည်း မစ္စတာမစ်လာတို့ ဇနီးမောင်နှံနဲ့ ဖက်လှဲတကင်း ပေါင်းသင်းနေကြတဲ့ မိတ်ဆွေကြီးတွေပဲပေါ့။

ဒီလိုနဲ့ အမှုကိစ္စအတွက် ဆန်ဖရန်စစ္စကိုကို ကျွန်တော်ရောက်သွားတော့ မစ္စက်မစ်လာက ကျွန်တော့်ကို ဘုရင့်နန်းတော်လို၊ သမ္မတအိမ်တော်လို အင်မတန် ကြီးကျယ်ခမ်းနားပြီး၊ အိမ်ထောင်ပရိဘောဂတွေ ဖိတ်ဖိတ်တောက်နေတဲ့ ရောမ ဧည့်ခန်းကြီးထဲမှာ ဧည့်ခံတွေ့ဆုံပါတယ်။ မစ္စက်မစ်လာဟာ အသက်လေးဆယ်လောက်ရှိပြီး အရုပ်အမောင်းက နွဲ့နွဲ့နှောင်းနှောင်း ကိုယ်လုံးကိုယ်ပေါက်က ပါးပါးလျားလျားနဲ့ ချောချောလှလှထဲကပါပဲ။ ရုတ်တရက် ကြည့်လိုက်ရင် ဟောလီဝုဒ် ရုပ်ရှင်မင်းသမီးတစ်ယောက်များလားလို့တောင် ထင်ရပါတယ်။ ပြောပုံဆိုဟန် အမူအရာကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရှိပြီး၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ပါပဲ။ အဲ...ဒါပေမဲ့ တစ်ခါတစ်ခါ ကျွန်တော့်ကို စိုက်ပြီး ကြည့်လိုက်တဲ့အကြည့်နဲ့ ပြောလိုက်တဲ့လေသံဟာ မသိမသာ အပေါ်စီးဆန်ပြီး၊ ကျွန်တော်ဟာ သူငွေပေးငှားထားတဲ့ စုံထောက်တစ်ယောက် ပိုက်ဆံပေးပြီး ခိုင်းထားတဲ့ အလုပ်သမားတစ်ယောက်ဆိုတဲ့ အမူအရာမျိုးပေါ်နေတာ အကဲခတ်လိုက်မိပါတယ်။ တကယ်တော့ ဒါဟာ မဆန်းပါဘူး။ မစ္စက်မစ်လာတို့လို လူ့မလိုင်တွေအတွက် လောကမှာ လူတန်းစားနှစ်မျိုးပဲ ရှိပါတယ်။ ပထမတစ်မျိုးက သူတို့နဲ့တန်းတူရည်တူ လူတန်းစားနဲ့ နောက်တစ်မျိုးက သူတို့က အခကြေးငွေပေးပြီး ငှားထားတဲ့ လူတန်းစားပါပဲ။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်အနေနဲ့ မစ္စက်မစ်လာရဲ့ မသိမသာအပေါ်စီးနဲ့ ဆက်ဆံပုံကို သိပ်ဘဝင်မကျပေမယ့် ကျွန်တော့်မိတ်ဆွေကြီး ဒစ်ဂေါက်မျက်နှာနဲ့ တတ်နိုင်သလောက် မျိုသိပ်အောင့်အည်းခဲ့ပါတယ်။

ခဏတစ်ဖြုတ် မိတ်ဆက်စကား ပြောကြပြီးတဲ့နောက် မစ္စက်မစ်လာက သူ့သမီး "ကာရိုလင်း"တစ်ယောက် အိမ်က ပျောက်သွားတဲ့ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်ကို ပြောပြပါတယ်။ အဖြစ်အပျက်ကတော့ ဘာမှထူးထူးခြားခြား မရှိလှပါဘူး။ အသက် ၁၅ နှစ် ရှိနေတဲ့ သူ့သမီး ကာရိုလင်းဟာ ခုခေတ်မြို့ ကောင်ပေါက်တွေ ဖြစ်နေတဲ့ပုံစံအတိုင်း ဒစ္စကိုအကာ၊ ဒစ္စကိုဂီတကို အင်မတန် ဝါသနာပါတယ်။ အထူးသဖြင့် ဒစ္စကိုဂီတသမားတွေနဲ့ အပေါင်းအသင်းများတယ်။ မြို့ထဲက ဒစ္စကို ပွဲမှန်သမျှ ဒစ္စကိုအဖွဲ့တွေနဲ့ အမြဲသွားတယ်။ အဲဒီလို သူ့ဘော်ဒါတွေ၊ အဖွဲ့တွေနဲ့သွားရင်း လာရင်းက တစ်နေ့တော့ အိမ်ပြန်ရောက်မလာဘဲ ပျောက်ချင်းမလှ ပျောက်သွားပါတယ်။ အဖြစ်ကတော့ ဒါပါပဲ။ ဒါကို သူ့သမီး အိမ်ပြန်မလာတဲ့အတွက် တစ်ယောက်ယောက်က ပြန်ပေးဆွဲသွားတယ်လို့ ယူဆပြီး ကျွန်တော့်ကို အကူအညီတောင်းတာပါပဲ။

ကျွန်တော်ကတော့ ဒီအမှုမျိုးတွေ ကြုံရ တွေ့ရဖန်များနေတော့ မစ္စက်မစ်လာက ဒါလောက် ပြောလိုက်ရုံနဲ့ အခြေအနေတစ်ခုလုံးကို ရိပ်မိလိုက်ပါပြီ။ တစ်ထွာပြရုံနဲ့ တစ်လံမကဘူး၊ နှစ်လံ သုံးလံမြင်လိုက်ပါပြီ။ ဒါ့ကြောင့်လည်း မစ္စက်မစ်လာကို ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတယ်။ အခု ဒီအမှုဟာ ပြန်ပေးဆွဲခံရတယ်ဆိုတာ ခိုင်လုံတဲ့ အထောက်အထား သက်သေသက္ခာယ ဘာမှမရှိတဲ့အကြောင်းနဲ့ ကာရိုလင်းရဲ့ အပေါင်းအသင်း ဒစ္စကိုတွေကိုလည်း မရေရာ မသေချာဘဲ အရမ်းသွားစွပ်စွဲလို့ မဖြစ်တဲ့အကြောင်း ကျွန်တော်က မစ္စက်မစ်လာကို အတိအလင်း ပြောပြလိုက်ပါတယ်။

'ကျွန်မ ဒါကို နားလည်ပါတယ်' မစ္စက်မစ်လာက သူ့စကားကို လက်မခံဘဲ သူ့ကိုကျော်ပြီး ပြောရမလားဆိုတဲ့သဘောနဲ့ ကျွန်တော့်ကို ခပ်တည်တည်ပြန် ပြောလိုက်ပါတယ်။ 'ဒါပေမဲ့ ကျွန်မသမီးကို ဒီ ဟစ်ပီတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်မှာ ကျွန်မ အစိုးရိမ်ဆုံးပဲ'

မစ္စက်မစ်လာဟာ သူ့စကားကို အတော်ကလေး ထိန်းပြီး ပြောနေ





တယ်ဆိုတာ ကျွန်တော် ရိပ်မိလိုက်ပါတယ်။ နောက်ဆုံးတော့ သူက သူ့သမီး အိမ်က ထွက်ပြေးတာပဲ ဖြစ်ဖြစ်၊ ပြန်ပေးဆွဲခံရတာပဲ ဖြစ်ဖြစ် သူ့သမီးကို မတွေ့တွေ့အောင်ရှာပြီး ပြန်ခေါ်လာဖို့ပဲ အဓိကပြောပါတယ်။ အဲဒီအတွက် ငွေဘယ်လောက်ပဲ ကုန်ကုန်၊ ကုန်ချင်သလောက် ကုန်ပါစေ။ အခြားလိုအပ်တာ မှန်သမျှလည်း အားလုံးပြည့်စုံအောင် လုပ်ပေးပါမယ်။ ကာရိုလင်းကိုသာ တွေ့အောင် ရှာပြီး၊ အိမ်အရောက် ပြန်ခေါ်ခဲ့ပေးပါလို့ ပြောလာပါတယ်။ သူ ပြောပုံဆိုပုံ စကားအသွားအလာအရ သူ့သမီးအတွက် ကျော်မကောင်း ကြားမကောင်း အရှက်တကွဲဖြစ်ရမှာ အတော်ကလေး စိုးရိမ်နေပုံရပါတယ်။ ကျွန်တော်ကတော့ ထုံးစံအတိုင်းပါပဲ။ 'ဂျေအားမီးဆိုတဲ့ အလွတ်စုံထောက်ဟာ အမှုတစ်ခုကို လက်ခံလိုက်ပြီဆိုရင် အမှုသည် ကျေနပ်ဖို့ အမြဲတမ်း အာမခံပါတယ်'ပေါ့။

ဒါပေမဲ့ လက်တွေ့ကျတော့ ထင်သလောက် မလွယ်လှဘူးဗျ။ ကာရိုလင်းဆိုတဲ့ ကောင်မလေးကို ခြေရာခံရတာ ကျွန်တော့်မှာ'တောင်ကူး မြောက်ပြေး' ရှာဆော်ကြီး ခွေးကျနေတာပါပဲ။ ကာရိုလင်းနဲ့ သူ့ဒစ္စကို အပေါင်းအသင်း ဟစ်ပီတွေဟာ "ဆော်စာလစ်တို"ဆိုတဲ့ ပင်လယ်ကမ်းခြေက တံငါရွာကလေးကို မကြာခဏ သွားတတ်ကြတယ်ဆိုလို့ အဲဒီရွာကလေးကို ပထမဆုံး လိုက်ရပါတယ်။ အဲဒီကမှ တစ်ခါ ဘာကယ်လေမြို့၊ ဘာကယ်လေက တစ်ခါ မြောက်ပိုင်းပင်လယ်ကမ်းခြေစခန်း၊ အဲဒီကမှ နောက်ဆုံး ဆန်ဖရန်စစ္စကို ပြန်ရောက်ခဲ့ပါတယ်။ သူတို့ဒစ္စကိုအဖွဲ့တွေဟာ လွတ်လွတ်လပ်လပ်နဲ့ ခြေဦးတည့်ရာလျှောက် သွားနေကြပုံရပါတယ်။

အဲဒီလို သူတို့နောက်ကို ခြေရာခံလိုက်ရင်းနဲ့ ကျွန်တော်စုံစမ်းကြည့်တော့ ကာရိုလင်းဟာ ဒစ္စကိုတီးဝိုင်းအဖွဲ့ထဲက ဒရမ်သမား "ဘတ်ဇ်"ဆိုတဲ့ ဟစ်ပီတစ်ယောက်နဲ့ အများဆုံးတွဲနေတယ်ဆိုတာ သိခဲ့ရပါတယ်။ ကာရိုလင်းဟာ "ဘတ်ဇ်"ပါတဲ့ "အင်ဒီပင်းဒင့်ရော့ခ်ဂီတအဖွဲ့"နဲ့ အတူ ဆန်ဖရန်



www.burmeseclassic.com

www.burmeseclassic.com



စစ္စကိုမြို့ "ကိုလံဘတ်စ်" ရိပ်သာလမ်းက ကပွဲရုံတစ်ရုံမှာ ရှိတယ်ဆိုလို့ လိုက်သွားတော့ ကျွန်တော် မရောက်ခင်ကလေးပဲ သူတို့နှစ်ယောက် လော့စ်အိန်ဂျလိစ်မြို့ကို ထွက်သွားကြပြီလို့ အတိအကျ သိလိုက်ရပါတယ်။ တစ်ဆက်တည်း ဘတ်ဇ်ဟာ လော့စ်အိန်ဂျလိစ်မြို့၊ ဟောလိဝုဒ်လမ်းမကြီးမှာ အိမ်ခန်းတစ်ခန်း ငှားထားတယ်ဆိုတာလည်း သိခဲ့ရပါတယ်။ ဒီသတင်းကို ကျွန်တော်ဟာ "အင်ဒီပင်းဒင်းရော့ခ် ဂီတအဖွဲ့ဝင်" တစ်ယောက်ဆီက ရခဲ့ပါတယ်။ အဲဒီလူနဲ့ မိတ်ဆွေဖွဲ့ပြီး ကလပ်တစ်ခုမှာ သူ့ကို အရက်ဖြပက်တီတီ တိုက်ပြီးတဲ့နောက် သူက 'ဘတ်ဇ်ဆိုတဲ့ကောင် အဲဒီမှာ ရှိတယ်ဆိုတာ ကျွန်တော် လောင်းကြေးစားကြေး ပြောရဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကောင်မလေးကာရိုက သူနဲ့ပါသွားတာဆိုတော့ ဒီကောင် တခြားဘယ်မှ သွားမှာ မဟုတ်ဘူး။ ဒီကောင်မလေးနဲ့ သူ့အခန်းထဲမှာပဲ ငြိမ့်နေမှာ ...'လို့ ပြောခဲ့ပါတယ်။ ကျွန်တော်လည်း ဒီစကား ကြားကြားချင်း နောက်ထပ် သူ့အတွက် တစ်ပက်ထပ်မှာပြီး အရက် ၇ ပက်ဖိုးလည်း ရှင်းပြီး ရော့ ဆိုင်ထဲက တစ်ချိုးတည်း လစ်လာခဲ့တာပါပဲ။

ကလပ်ထဲက ထွက်လာပြီး ကျွန်တော်ဟာ လေဆိပ်ကို တန်းလာခဲ့ပါတယ်။ အတော်ပါပဲ၊ လေဆိပ်မှာ လော့စ်အိန်ဂျလိစ်ကိုထွက်မယ့် လေယာဉ် အဆင်သင့် ရှိနေတာနဲ့ တက်လိုက်လာခဲ့ပါတယ်။ ဟိုရောက်တော့ တက္ကစီ တစ်စီးငှားပြီး ကျွန်တော့်ဆီမှာ ရှိနေတဲ့ လိပ်စာအတိုင်း လာခဲ့ပါတယ်။ အရေးထဲ လမ်းတစ်လျှောက်လုံး တက္ကစီသမားက ဒီခေတ်မှာ ပိုက်ဆံရှာရတာ အင်မတန် ခက်ခဲတဲ့အကြောင်း၊ တက္ကစီမောင်းသမားဘဝနဲ့ သူ့မိသားစုမှာ စားဝတ်နေရေး မဖူလုံတဲ့အကြောင်းတွေ ညည်းလာလိုက်တာ ချြုသံပါနေတာပါပဲ။ သူ ဒါလောက် ညည်းလာပုံထောက်တော့ တက္ကစီခအပြင် 'ဘောက်ဆူး'လေး၊ ဘာလေး ကျွန်တော့်ဆီကများ ရလိုရငြား မျှော်လင့်နေသလား မသိပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကတော့ တစ်ပြားမှ အပိုဘောက်ဆူး မပေးခဲ့ပါဘူး။ ကျသင့်သလောက်ပဲ အတိအကျပေးပြီး ကားပေါ်က ဆင်းလာ





ခဲ့ပါတယ်။ သူ့ကားကြီးကလည်း ဟောင်းနွမ်းစုတ်ပြတ်နေတော့ ဘောက်ဆူးပေးချင်စရာတောင် မကောင်းပါဘူး။

ကျွန်တော် အရက်ဒကာခံလိုက်ရတဲ့ ရော့ခ်ဂီတအဖွဲ့ဝင် ပေးလိုက်တဲ့ လိပ်စာအတိုင်း ရောက်သွားတော့ အဲဒီတိုက်ကြီးဟာ ဆွေးလှ အိုလှပါပြီ။ ယိုင်လဲပြိုကျတော့မတတ်ပါပဲ၊ အုတ်နံရံတွေဆိုလည်း အင်္ဂတေတွေ အဖတ်လိုက် ကွာကျနေပြီး၊ လှေကားထစ်တွေ ဝရံတာတွေကလည်း အကျိုးအပဲ့ အပေါက်အပြဲတွေနဲ့ တော်တော့်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီ။ လော့စ်အိမ်ဂျလိစ်လိုမြို့ကြီးက ဟောလိဝုဒ်လမ်းမကြီးပေါ်မှာ ဒီလောက်ဆွေးမြည့်စုတ်ပြဲနေတဲ့ အဆောက်အအုံမျိုး ရှိနေတယ်ဆိုတာ ကျွန်တော်ဖြင့် အံ့ဩလို့မဆုံးပါဘူး။

ဒါနဲ့ပေးလိုက်တဲ့ လိပ်စာအရ ဒုတိယထပ်ကို လှေကားအတိုင်း ခဲခဲယဉ်းယဉ်း ရင်တမမနဲ့ တက်သွားပြီး အခန်းနံပါတ် ၈၃ က တံခါးကို ကျွန်တော့်လက်က သံချိတ်ကြီးနဲ့ ခေါက်လိုက်တယ်။ ခဏနေတော့ အထဲက ခြေသံကြားရပြီး တံခါးဖွင့်လာပါတယ်။ ကြည့်လိုက်တော့ တံခါးဝမှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေနဲ့ ချေးအထပ်ထပ် ညစ်ပတ်ပေရေနေတဲ့ ဂျင်းဘောင်းဘီနဲ့အင်္ကျီ ဝတ်ထားပြီး ခြေထောက်မှာ ဖိနပ်မပါဘဲ လူတစ်ယောက် ရပ်နေတာ တွေ့လိုက်ရပါတယ်။ ပွင့်သွားတဲ့ တံခါးအလင်းရောင်နဲ့ အမှတ်တမဲ့ အခန်းထဲကို လှမ်းကြည့်လိုက်တော့ အခန်းအလယ် ခုတင်ပေါ်မှာ အကျအန စီးကရက်သောက်နေတဲ့ မိန်းကလေးတစ်ယောက်ကိုပါ လှမ်းမြင်လိုက်ရပါတယ်။ တစ်ခါမှ မမြင်ဖူးပေမယ့် မစ္စက်မစ်လာပေးလိုက်တဲ့ ဓာတ်ပုံထဲက "ကာရိုလင်း"ဆိုတာ မပြောဘဲနဲ့ သိလိုက်ပါတယ်။ ပြီးတော့ အခန်းထဲက ဆေးလိပ်မီးခိုးတွေနဲ့ရောပြီး ဆေးခြောက်နံ့ကလည်း ဟောင်နေတာပါပဲ။

'ကာရိုလင်း မစ်လာနဲ့ တွေ့ချင်လို့ပါ။ သူ ဒီမှာနေတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနဲ့ ကျွန်တော်က အခန်းထဲကို ခြေတစ်လှမ်းလှမ်းလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်လှမ်းလိုက်တဲ့ ခြေထောက်တစ်ဖက် အခန်းထဲမချလိုက်ရသေးခင် 'မသိဘူး၊ မသိဘူး' ဆိုတဲ့ အသံနဲ့အတူ ဂျင်းဝတ်စုံနဲ့လူက တံခါးကို ချိုင်းခနဲ ဆောင့်ပိတ်လိုက်ပါတယ်။ ကျွန်တော်လည်း ရုတ်တရက် အမှတ်တမဲ့ ခြေထောက်ကို ပြန်ရုပ်လိုက်မိပြီး ပိတ်သွားတဲ့ တံခါးချပ်ကို မျက်နှာအပ်လျက်သားအပြင်မှာ မတ်တတ်ကြီး တိုးလို့တန်းလန်း ဖြစ်သွားပါတယ်။ ဒါနဲ့ကျွန်တော်လည်း စိတ်ထဲက ထောင်းခနဲဖြစ်သွားပြီး တံခါးကို စောစောက ထက်ပိုပြီး ခပ်ပြင်းပြင်းကလေး တဒုံးဒုံးနဲ့ အဆက်မပြတ် ထုလိုက်ပါတယ်။

သိပ်မကြာလိုက်ပါဘူး။ နောက်တစ်ကြိမ် တံခါးဖွင့်လာပါတယ်။ စောစောက မုတ်ဆိတ်နဲ့လူပဲ ဖွင့်ပေးတာပါပဲ။ ဒါပေမဲ့ ဒီတစ်ခါတော့ တံခါးပွင့်သွားတာနဲ့ တစ်ပြိုင်နက် ဒသမ ၂၂ ပစ္စတိုသေနတ်ပြောင်းဝဟာ ကျွန်တော့်ရင်ဝကို တည့်တည့်ကြီး ချိန်လျက်သား လာထောက်ခံနေတာ တွေ့လိုက်ရပါတယ်။ ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ စက္ကန့်ပိုင်းအတွင်း ညာဘက်လက်က သံချိတ်ကြီးနဲ့ ကိုမုတ်ဆိတ်ရဲ့ နားထင်ကို တအားဖြတ်ပြီး ရိုက်ချလိုက်တာ ဂွပ်ခနဲဆိုတဲ့အသံနဲ့အတူ ကိုမုတ်ဆိတ်တစ်ယောက် ဝုန်းခနဲ ပုံလျက်သား လဲကျသွားပါတယ်။ သူ့လက်ထဲက ပစ္စတိုလည်း ကြမ်းပေါ် လွတ်ကျသွားပါတယ်။ ကိုမုတ်ဆိတ်ဟာ မထနိုင်ထံနိုင် ကုန်းကုန်းကြီး ထရင်း ကြမ်းပေါ်က သေနတ်ကို မမီမကမ်းနဲ့ လှမ်းကောက်ဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ မရပါဘူး။ ကျွန်တော့် ရှေ့မှာ ကုန်းကွကွကြီးဖြစ်နေတဲ့ သူ့မျက်နှာကို ညာဘက်သံချိတ်နဲ့ပဲ အားရပါးရ နောက်တစ်ချက် ထပ်ချလိုက်တာ သွေးတွေ ဖြာခနဲကျပြီး လူလည်း ခွေခနဲ ဖြစ်သွားတာပါပဲ။ တစ်ခါတည်း သတိကို မရတော့ပါဘူး။

ကျွန်တော်လည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပဲ ခွေခွေ





ကြီး လဲကျနေတဲ့ အဲဒီလူရဲ့ကိုယ်ပေါ်က ခွကျော်ပြီး ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့်နေတဲ့ ကာရိုလင်းကို ခုတင်ပေါ်က ဆွဲချလိုက်ပါတယ်။ စောစောက ရုတ်တရက်ကြောင်နေတဲ့ ရိုလင်းဟာ ခုမှ သတိရလာပြီး ကျွန်တော့်လက်က တအားဆောင့်ရုန်းရင်း 'ဟောဒီမှာ ကယ်ကြပါဦးရှင်၊ လူသတ်နေပါတယ်' လို့ အသံကုန်အော်တော့တာပါပဲ။ ကျွန်တော်လည်း သူ့ပါးစပ်ကို ပိတ်လို့မရတဲ့အတွက် 'ဟေ့ မအော်နဲ့...မအော်နဲ့၊ ငါ မင်းအမေ လွှတ်လိုက်လို့ မင့်ကို လာခေါ်တာ၊ ဒီမှာကြည့်' ဆိုပြီး သူ့အသံကို လွှမ်းအောင် သူနဲ့အပြိုင်အော်ရင်း ကျွန်တော်ရဲ့ အလွှတ်စုံထောက် မှတ်ပုံတင်ကတ်ပြားကို သူ့မျက်နှာနားကပ်ပြီး ပြရပါတယ်။ အဲဒီလို ကျွန်တော် တို့နှစ်ယောက် အပြန်အလှန် အော်ဟစ်ရင်း ဂူးဂူးဝါးဝါးနဲ့ ဝရုန်းသုန်းကား ဖြစ်နေတုန်းမှာပဲ ဖြန်းဆို အတွင်းဘက်က ပိတ်ထားတဲ့ အခန်းတံခါးဟာ ဝုန်းခနဲ ပွင့်သွားပြီး လူတစ်ယောက် တစ်ဟုန်ထိုး ထွက်လာတာ တွေ့လိုက်ရပါတယ်။ သူလည်း မုတ်ဆိတ်တွေ ပါးမြိုင်းမွေးတွေနဲ့ ဟစ်ပီပုံစံပါပဲ။ ဒါပေမဲ့ စောစောကလူထက် ပိုပြီး ထွားထွားကြိုင်းကြိုင်း တုတ်တုတ်ခိုင်ခိုင်နဲ့ တကယ့် ဟဲဗီးဝိတ်လက်ဝှေ့သမားကြီးတစ်ယောက်လိုပါပဲ၊

တကယ်တော့ ကျွန်တော်ဟာ အဲဒီလူကို ဖြူသလား၊ မည်းသလား ကွဲကွဲပြားပြားတောင် အကဲခတ်ဖို့ အချိန်မရလိုက်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီလူဟာ ကျွန်တော်ရှိရာကို တစ်ဟုန်ထိုး ဝင်လာရင်း သူ့လက်မှာ အသင့်ကိုင်လာတဲ့ ခြောက်လုံးပြူးနဲ့ ဝါးလုံးထိုး လှမ်းပစ်လိုက်လို့ပါပဲ။ ဒိုင်းခနဲ အသံနဲ့အတူ သူ့သေနတ်ပြောင်းဝက မီးတစ်ချက်ပွင့်သွားပြီး ကျွန်တော့်ရင်ဘတ်ထဲမှာ ပူခနဲဖြစ်သွားပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို မဟန်နိုင်ဘဲ ခုတင်ဘေးမှာ ဒူးထောက်ပြီး လဲကျသွားပါတယ်။ ဒါပေမဲ့ အဲဒီလို လဲကျသွားတာဟာ ကျွန်တော့်အတွက် အသက်နဲ့ ကိုယ်နဲ့ မြဲဖို့ ဖြစ်သွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ ခုတင်နဲ့ကွယ်သွားတဲ့အတွက် ဒုတိယသေနတ်သမားဟာ ကျွန်တော့်ကို ရုတ်တရက် နောက်တစ်ချက်ထပ်ပစ်ဖို့ အချိန်မရဘဲ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ လက်မလျှော့သေးပါဘူး။ ချက်ချင်းပဲ ရှေ့ကိုတိုးလာပြီး ကျွန်တော့်ကို နောက်တစ်ချက်ပစ်ဖို့ ကြိုးစားပါသေးတယ်။ ဒီတစ်ကြိမ်တော့ ကျွန်တော်က အလစ်မပေးတော့ပါဘူး။ စောစောက အငိုက်မိလိုက်ခဲ့ရပြီး ဒီလူဟာ နောက်တစ်ချက် ကျွန်တော့်ကို အသေပစ်သတ်တော့မယ်ဆိုတာလည်း သိလိုက်ရော ကျွန်တော်ဟာ ဒူးထောက်လျက် လဲနေရာက ကျွန်တော့် ညာဘက်လက်ကို မြှောက်ပြီး လက်ကောက်ဝတ်အောက်ခြေမှာ ထည့်ထားတဲ့ လျှို့ဝှက်သေနတ်နဲ့ မျက်နှာကိုချိန်ပြီး ပစ်ထည့်လိုက်ပါတယ်။

ဖောင်းခနဲ မြည်သံနဲ့ အတူ ဒုတိယသေနတ်သမားဟာ နောက်ကို ပက်လက်ကြီး လန်ကျသွားပါတယ်။ ကျွန်တော့်လက်ကောက်ဝတ်က သေနတ်သံနဲ့စာရင် ငုန်းခနဲ လဲကျသွားတဲ့ အသံကြီးက ပိုပြင်းထန်ပြီး တစ်ခန်းလုံး တုန်သွားပါတယ်။ ကျည်ဆံက သူ့မျက်လုံးနှစ်လုံးကြားကို တည့်တည့်ကြီး ပေါက်သွားတာဆိုတော့ နေရာတွင် ပွဲချင်းပြီးပါပဲ။ မလှုပ်နိုင်တော့ပါဘူး။ ခပ်စောစောက ကျွန်တော် သံချိတ်နဲ့ နှစ်ချက်တွယ်လိုက်တဲ့ ကောင်ကတော့ ကြမ်းပေါ်မှာ ခွေလဲနေရာက တအင်းအင်းနဲ့ ညည်းနေတုန်းပါပဲ။ ကာရိုလင်းတစ်ယောက်ကတော့ ခုတင်ဘေးမှာ ဒူးထောက်ရင်း ခုတင်ပေါ်ကို ကိုယ်တစ်ပိုင်းမှောက်လျက်သား ကြောက်ကြောက်လန့်လန့်နဲ့ ရှိုက်ကြီးငင်ကြီး ငိုနေပါတယ်။

ဒီအချိန်မှာ အခန်းဝမှာ လူတွေ တော်တော်များများ စုပြုံရောက်နေကြပါပြီ။ ဒါပေမဲ့ အခန်းထဲမှာ ဖြစ်နေတဲ့ အဖြစ်အပျက်ကို ကြည့်ပြီး ဘယ်သူမှ အထဲမဝင်ရဲဘဲ ပြူတစ်ပြူစုစ် လုပ်နေကြပါတယ်။ ဒါနဲ့ ကျွန်တော်လည်း 'ရဲကို အမြန်ခေါ် ပေးကြပါ'လို့ လှမ်းပြောလိုက်ရပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ဥပဒေဘက်တော်သားတစ်ယောက်အနေနဲ့ နောက်ဆက်တွဲ





ပြဿနာတွေကို ကြောက်စရာမလိုပါဘူး၊ ကြောက်လည်း မကြောက်ပါဘူး။ ရဲတွေ ရောက်လာရင် ကျွန်တော့် အသက်အန္တရာယ်ကို ထိပါးလို့ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ရင်း ဟိုလူကို မရှောင်သာ မလွှဲသာဘဲ သေနတ်နဲ့ပစ်လိုက်ရတယ်ဆိုတာ အမှန်အတိုင်း ရှင်းပြလိုက်ရုံပါပဲ။

ဒါပေမဲ့ တကယ့် တကယ်ကျတော့ လူတစ်ယောက်လက်ချက်နဲ့ တခြားလူတစ်ယောက် သေသွားရတယ်ဆိုတာ သာမန်ကိစ္စ မဟုတ်ပါဘူး။ ရုပ်ရှင်တွေ ရုပ်မြင်သံကြားဇာတ်လမ်းတွေထဲမှာလို သတ်ချင်တိုင်း သတ်ပြီး လွယ်လွယ်နဲ့ ပြီးသွားတာမျိုး မဟုတ်ပါဘူး။ ဒီလူကို ကျွန်တော် ဘာ့ကြောင့် ပစ်သတ်လိုက်ရတယ်၊ ကျွန်တော် ဒီနေရာကို ဘာ့ကြောင့် ရောက်လာရတယ်၊ ကျွန်တော်ဟာ ဘယ်သူဘယ်ဝါပါဆိုတာ အပြည့်အစုံ အခိုင်အမာ ရှင်းပြဖို့ လိုပါတယ်။

ဒါကြောင့် ရဲအရာရှိတွေ ရောက်လာတော့ ကျွန်တော်က အကျိုးအကြောင်း အသေးစိတ် ရေရေလည်လည် ရှင်းပြပါတယ်။ ကျွန်တော့်မှာ ပါလာတဲ့ စာရွက်စာတမ်း အထောက်အထားတွေလည်း အားလုံး ထုတ်ပြလိုက်ပါတယ်။ ဒီအချိန်မှာတော့ ကာရိုလင်းတစ်ယောက်လည်း သူ့မျက်စိအောက်မှာ ပစ်ကြခတ်ကြပြီး သွေးသံရဲရဲနဲ့ သေကြကြတာတွေကို မြင်လိုက်ရလို့ သူ့ကိုယ်သူ အတော်ကလေး နောင်တရသွားပုံ ပေါ်နေပါပြီ။ လန့်လည်း အတော်လန့်သွားပုံရပါတယ်။ 'ဒီလိုဖြစ်ရတာတွေဟာ ငါ့ကြောင့်ပဲ' လို့ တောင် တွေးကောင်း တွေးမိပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်၊ သူ့မိဘတွေက သူ့ကို ပြန်ခေါ်ခဲ့ဖို့ ကျွန်တော့်ကို အာဏာကုန်လွှဲလိုက်တဲ့ "ပါဝါလွှဲစာ'ကို ကျွန်တော်က ရဲအရာရှိတွေ ထုတ်ပြတော့ ကာရိုလင်းဟာ ဒီတစ်ခါ ဘာတစ်ခွန်းမှ ကလန်ကဆန် မပြောတော့ဘဲ ကျွန်တော်နဲ့အတူ သူ့မိဘတွေဆီ ကောင်းကောင်းမွန်မွန် ပြန်လိုက်ခဲ့ပါမယ်လို့ ကတိပေးပါတယ်။

ကျွန်တော်လည်း ရဲအရာရှိတွေနဲ့ ပြောစရာ ဆိုစရာရှိတာ လုပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်စရာ ရှိတာတွေ အားလုံး ပြောဆိုလုပ်ကိုင်ပြီးတဲ့နောက် လောလောဆယ် ကျွန်တော်နဲ့ ကာရိုလင်းကို ဒီမြို့က သွားခွင့်ပြုဖို့နဲ့ သက်ဆိုင်ရာရဲအဖွဲ့နဲ့ တရားရုံးက ဆင့်ခေါ်တဲ့အချိန်ကျရင် ဆက်ဆက်လာခဲ့ပါမယ်လို့ ရဲအရာရှိတွေကို ခွင့်တောင်းရပါတယ်။ သူတို့ကလည်း သူတို့သိသင့်သိထိုက်တဲ့ အဖြစ်အပျက်နဲ့ အချက်အလက်တွေအားလုံး သိရပြီးပြီဆိုတော့ အခြေအနေကို နားလည်သဘောပေါက်တဲ့အနေနဲ့ ကျွန်တော်နဲ့ ကာရိုလင်းကို ဆန်ဖရန်စစ္စကို ပြန်ခွင့်ပြုလိုက်ပါတယ်။

အဲဒီမှာ ပြဿနာတစ်ခု ကျန်နေပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော့်ရင်ဘတ်က သေနတ်ဒဏ်ရာပါပဲ။ ရဲအရာရှိတွေက ကျွန်တော့်ရင်ဘတ်က အဲဒီသေနတ်ဒဏ်ရာကို ကြည့်ပြီး စောစောက ကျွန်တော့်လက်ချက်နဲ့ သေကြေဒဏ်ရာရသွားတဲ့ ဟာစ်ပီတွေနဲ့အတူ ဆေးရုံလိုက်သွားပြီး ဆရာဝန်နဲ့ပြဖို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရင်ဘတ်က သေနတ်ဒဏ်ရာဟာ ကျွန်တော်ထင်သလောက် မပြင်းထန်ဘဲ ဖြစ်နေပါတယ်။ အောင့်ပြီး နာနေတာကလွဲလို့ သေလောက်တဲ့ဒဏ်ရာ မဟုတ်ဘူးဆိုတာ ကျွန်တော့်ကို ကျွန်တော် သိနေပါတယ်။ အဲဒီတော့ အခုချက်ချင်း မီတဲ့လေယာဉ်နဲ့ ဆန်ဖရန်စစ္စကို လိုက်သွားပြီး ဟိုကျမှ လိုအပ်သလို ဒဏ်ရာကို ဆေးထည့်ပါမယ်လို့ ပြောလိုက်ပါတယ်။ ရဲအရာရှိကတော့ ကျွန်တော့်ကို တော်တော်ပေတဲ့ တေတဲ့ လူပဲဆိုတဲ့ အမူအရာမျိုးနဲ့ကြည့်ပြီး ကျန်ရစ်ခဲ့ပါတယ်။

ကျွန်တော်လည်း ကာရိုလင်းကိုခေါ်ပြီး လေဆိပ်ကို ရဲကားနဲ့ပဲ လာခဲ့ကြပါတယ်။ လေဆိပ်ကျတော့ ဆန်ဖရန်စစ္စကို သွားမယ့်လေယာဉ်က ရုတ်တရက်မရှိဘဲ ဖြစ်နေပါတယ်။ နောက်ထပ် အနည်းဆုံး ၃ နာရီ ၄နာရီလောက် စောင့်ရဦးမယ်ဆိုတော့ ကျွန်တော်လည်း မစောင့်နိုင်ဘဲ လေယာဉ်အသေးစားတစ်စင်းကို စင်းလုံးငှားလိုက်ရပါတယ်။ အရေးကြီးတာက





ကာရိုလင်းကို သူ့မိဘတွေဆီ အမြန်ဆုံးရောက်အောင် ပြန်ပို့ဖို့ပဲ မဟုတ်လား။ ပြီးတော့ ကျွန်တော့်ရင်ဘတ်က အပေါက်ဟောင်းလောင်းနဲ့ သေနတ်ဒဏ်ရာကြီးကလည်း ရှိသေးတယ်လေ။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်အတွက်ကတော့ သေနတ်ဒဏ်ရာကြောင့် စိတ်ပူရမယ့်အစား ကာရိုလင်းတစ်ယောက် အမြင်မှန်ရလာတာကို တွေ့နေရလို့ အတော်ကလေး စိတ်ချမ်းသာနေမိပါတယ်။ ခပ်စောစောပိုင်းက သူ့ဘော်ဒါ ဒစ္စကိုအဖွဲ့ဝင် ဟာစ်ပီနှစ်ယောက်ကို အပြတ်ဆော်လိုက်တာနဲ့ သူ့ကို အနှောင့်အယှက်လာ ပေးရပါမလားဆိုပြီး ကျွန်တော့်ကို အတော်ကလေးမကြည်ဘဲ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ နာမည်တစ်လုံးနဲ့ အလွတ်စုံထောက်တစ်ယောက်ဖြစ်ပြီး ရင်ဘတ်က ဒဏ်ရာကိုတောင် ဂရုမစိုက်ဘဲ သူ့မိဘတွေဆီ အမြန်ဆုံးပြန်အောင် ကြိုးစားပမ်းစား လေယာဉ်စင်းလုံးငှား ပို့တာတွေ၊ ဘာတွေ တွေ့လာရတော့ ကျွန်တော့်အပေါ်မှာ အမြင်မှန်ရပြီး လေးလေးစားစား လိုက်လိုက်လျောလျောနဲ့ ဆက်ဆံလာခဲ့ပါတယ်။ ဒီလိုနဲ့ ဆန်ဖရန်စစ္စကိုကို လာခဲ့တဲ့ခရီးစဉ် တစ်လျှောက်လုံး လေယာဉ်ပေါ်မှာ ကာရိုလင်းဟာ သူဖြစ်ခဲ့၊ ပျက်ခဲ့သမျှတွေနဲ့ သူ့အဖွဲ့ဝင် ဟာစ်ပီတွေ မူးယစ်ဆေးဝါး မှောင်ခိုလုပ်ခဲ့ကြတာတွေပါမကျန် အားလုံး ကျွန်တော့်ကို ဖွင့်ပြောခဲ့ပါတယ်။

နောက်နှစ်နာရီ သုံးနာရီလောက်ကြာတော့ ကာရိုလင်းနဲ့ သူ့မိဘတွေ ပြန်ပေါင်းထုပ်ကြတော့တာပါပဲ။ ဒါပေမဲ့ အရင့်အရင်က ကျွန်တော် တွေ့ဖူးကြုံဖူးခဲ့သလို အိမ်ပြေးလေးတွေ၊ အိမ်ပြေးမလေးတွေ သူ့မိဘတွေနဲ့ ပြန်တွေ့ကြတဲ့အခါ အမေတွေ၊ အဖေတွေ သားသမီးတွေ ဖက်ကြ မွှေးကြ၊ ငိုကြ ယိုကြတာမျိုး အခုကာရိုလင်းတို့ ပြန်ပေါင်းထုပ်ရာမှာ မတွေ့ရပါဘူး။ အထူးသဖြင့် မစ္စက်မစ်လာဟာ သူကိုယ်သူ တကယ့်ကုန်ရွှေ သိင်္ဂြာရှင် ဘုရင်မကြီးတစ်ပါးလို မျက်နှာအမူအရာ တစ်ချက်မပျက်ဘဲ ရှိနေပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆိုတဲ့ ကျွန်တော်ကလည်း လူပေါင်းစုံနဲ့ တွေ့ကြုံ ပေါင်းသင်း ဆက်ဆံလာတဲ့လူဆိုတော့ မစ္စက်မစ်လာဟာ လူတွေရှေ့မှာလို့ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူပိုက်ဆံပေးငှားထားတဲ့ ကြေးစား အလွတ်စုံထောက်ရှေ့မှာမို့လို့ ဣန္ဒြေဆည်နေတယ်ဆိုတာ သူ့မျက်နှာကို ကြည့်လိုက်ရုံနဲ့ ကျွန်တော် ဒက်ခနဲ သိလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း လိုအပ်တဲ့ အချက်အလက် အကြောင်းအရာတွေကို အတိုချုံးပြောပြပြီး အလိုက်သိစွာနဲ့ သူတို့အိမ်က ထွက်လာခဲ့ပါတယ်။

အဲ…အဲဒီလို ကိစ္စဝိစ္စတွေ အားလုံးပြီးလို့ ကျွန်တော့် ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီးလည်း ကျသွားရော၊ အဲဒီကျမှ ကျွန်တော့်ရင်ဘတ်က သေနတ်ဒဏ်ရာဟာ စောစောကထက် ပိုပြီး အောင့်လာသလို နာလာသလို ဖြစ်လာပါတယ်။ မစ္စက်မစ်လာအိမ်ကအပြန် ဂိုးလ်ဒင်းဂိတ် တံတားကြီးပေါ် ရောက်တော့ ကျွန်တော့် ခေါင်းထဲမှာ ရိပ်ခနဲ ရိပ်ခနဲ မူးသလို မိုက်သလိုကြီး ဖြစ်ပြီး လည်ချောင်းထဲက ပူသလို အာခေါင်ထဲက ခြောက်သလိုလိုနဲ့ ရေလည်း အရမ်းငတ်လာပါတယ်။ ကျွန်တော် ချက်ချင်း သိလိုက်ပါပြီ။ ကျွန်တော်ဟာ သေနတ်ဒဏ်ရာကြောင့် တစ်ကိုယ်လုံးပူပြီး အဖျားတက်လာပြီဆိုတာ သေချာပါတယ်။

ဒါနဲ့ ကျွန်တော်လည်း တစ်ခုခုလုပ်ဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီး ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်ပါတယ်။ ပြီးတော့မှ ပလက်ဖောင်းပေါ်က တယ်လီဖုန်းရုံကလေးထဲဝင်ပြီး ဖုန်းနံပါတ် ၅၅၂–၂၁၅၅ကို လှည့်ပြီး ဒီနယ်မြေအက်ဖ်ဘီအိုင်ရုံးက ကျွန်တော့်သူငယ်ချင်း ဂျော်ဂါဆင်ကို ဆက်လိုက်ရပါတယ်။ သူ့ကို အကျိုးအကြောင်း အတိုချုံးပြောပြီး ကျွန်တော့်ရင်ဘတ်က သေနတ်ဒဏ်ရာကို လိုအပ်သလို ကုသဖို့အတွက် မြို့နယ်ပြည်သူ့ဆေးရုံကြီးမှာ ဆရာဝန်တစ်ယောက် အဆင်သင့်ဖြစ်အောင် ကြိုတင်ဖုန်းဆက်ထားပေးပါလို့ ပြောလိုက်ရပါတယ်။ ပြီးချက်ချင်းပဲ ကားပေါ်ပြန်တက်ပြီး ပြည်သူ့ဆေးရုံကြီးဘက်ကို မောင်းလာခဲ့ပါတယ်။

နောက် ၁၀ မိနစ်အကြာမှာတော့ ကျွန်တော်ဟာ ပြည်သူ့ဆေးရုံကြီးက ခွဲစိတ်ခန်းထဲ ရောက်နေပါပြီ။ ကျွန်တော်ရောက်ပြီး ၅ မိနစ်အတွင်း





ကျွန်တော့်ရင်ဘတ်က သေနတ်ဒဏ်ရာကို စမ်းသပ်စစ်ဆေးတဲ့ ဆရာဝန်က အရေးပေါ် အမြန်ဆုံး ခွဲရမယ်ဆိုပြီး ခွဲစိတ်ခန်းထဲ သွင်းလိုက်တာပါပဲ။ ဒါတောင် ကျွန်တော်က ဆရာဝန်ကို ကျွန်တော့်ဒဏ်ရာဟာ ခွဲစိတ်ရလောက်အောင် မဟုတ်ပါဘူး။ ကျွန်တော့်အခြေအနေ ကောင်းပါတယ်လို့ စောဒကတက်ခဲ့ပါသေးတယ်။

'တကယ်ပါဆရာ၊ ကျွန်တော့်ဒဏ်ရာက သိပ်ကြီးကျယ်ပုံ မရပါဘူး။ ပြီးတော့ လောလောဆယ် ကျွန်တော့်မှာ ဆေးရုံတက်ဖို့ အချိန်သိပ်မရပါဘူး။ အရေးကြီးတဲ့ အလုပ်တွေ ရှိနေပါသေးတယ်။ အဲဒီတော့ ဒီဒဏ်ရာကို မခွဲစိတ်သေးဘဲ ဆေးထည့်ပေးရုံ ထည့်ပေးလို့ မဖြစ်ဘူးလား ဆရာ'

'ဒီမယ်ကိုယ့်လူ၊ ခင်ဗျားဗိုက်ထဲက နှလုံးရဲ့အောက်နား တစ်လက်မရဲ့ လေးပုံသုံးပုံလောက်အကွာမှာ သေနတ်ကျည်ဆန်တစ်တောင့် စိုက်ဝင်နေတာကို အရေးမကြီးဘူးလို့ ထင်ရင်လည်း ခင်ဗျားသဘောပဲ'

ဆရာဝန်က စိတ်မရှည်တော့ဘဲ ကျွန်တော့်ကို ကရုဏာဒေါသောနဲ့ ခပ် ဆတ်ဆတ် ပြောလိုက်ပါတယ်။

'ကဲ…အဲဒီတော့ ခင်ဗျား လေဆိပ်သွားပြီး မီရာလေယာဉ်တစ်စီးနဲ့ ခင်ဗျားဘဝရဲ့ နောက်ဆုံး ၂၄ နာရီကို အပျော်ခရီးထွက်တဲ့အနေနဲ့ ထွက်ချေပေါ့ဗျာ၊ ဟုတ်လား'

ဆရာဝန်ရဲ့ စေတနာဗလပွနဲ့ ခြိမ်းခြောက် ဟိန်းဟောက်မှုကို ကျွန်တော် နောက်ထပ် ဘယ်လိုမှ အံတုလို့ မရတော့ပါဘူး။ တစ်ခါတည်း ခွဲစိတ်ခန်းထဲ တန်းဝင်ခဲ့ရတာပါပဲ။ ဟုတ်လည်း ဟုတ်ပါတယ်။ ဆရာဝန်ပြောတဲ့အတိုင်း သေနတ်ကျည်ဆန် ကျွန်တော့်လက်ဝဲဘက် ရင်ဘတ်ကို ဖောက်ဝင်သွားပြီး ကျွန်တော့်နှလုံးရဲ့အောက်ဘက် တစ်လက်မ မရှိတရှိလောက်နေရာမှာ စိုက်ဝင်နေပါတယ်။ တကယ်လို့သာ ဟိုခွေးမသား ဟစ်ပီက သေနတ်ကို နည်းနည်းလေးအပေါ်ကို ထောင်ပစ်လိုက်ရင်ပဲ ဖြစ်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူပစ်လိုက်တဲ့အချိန်မှာ ကျွန်တော်ကပဲ အောက်ကို အလန့်တကြားနဲ့ နည်းနည်းလေး ငုံ့လိုက်ရင်ပဲဖြစ်ဖြစ်၊ အဲဒီကျည်ဆန်ဟာ ကျွန်တော့်နှလုံးထဲကို တန်းခနဲ ဝင်သွားမှာ သေချာပါတယ်။ အခုတော့ သေချိန်မတန်သေးလို့လား မသိဘူး။ သေမယ့်ဘေးက သီသီကလေး တစ်လက်မရဲ့ လေးပုံသုံးပုံလောက်ပဲ ကပ်လွဲခဲ့ပါတယ်။

ကျွန်တော့်ခန္ဓာကိုယ်ထဲက ကျည်ဆန်ကို ခွဲထုတ်ရာမှာ အခက်အခဲမရှိလှပါဘူး။ ကြာလည်း မကြာလိုက်ပါဘူး။ နာရီပိုင်းလောက်ပါပဲ။ ဒါပေမဲ့ အနာကျက်အောင်ဆိုပြီး ဆေးရုံပေါ်မှာ ၁၂ ရက်တိတိ နေလိုက်ရပါသေးတယ်။ ကျွန်တော့်အတွက်တော့ တစ်သက်တာမှာ အမှတ်တရလို့ ဆိုရမှာပါပဲ။ အတွေ့အကြုံလည်း အများကြီး ရလိုက်ပါတယ်။ တစ်ခါတစ်ခါ ဘာမဟုတ်တဲ့ အသေးအဖွဲ အမှုကလေးပဲဆိုပြီး ပေါ့ပေါ့တန်တန် လုပ်လို့မရဘူးဆိုတာ ကောင်းကောင်းကြီး သင်ခန်းစာရလိုက်ပါတယ်။ ကျွန်တော့်မှာ အဲဒီလို အသက်နဲ့လဲပြီး သင်ခန်းစာယူလိုက်ရပေမယ့် ကာယကံရှင် အမှုသည် မစ္စက်မစ်လာအတွက်ကတော့ ငွေရှင်ကြေးရှင်ပီပီ ကျွန်တော့်အတွက် ကျသင့်ငွေပေးပြီး သူ့သမီးကလေး ကာရိုလင်း အိမ်ပြန်ရောက်လာတယ်ဆိုရင် ပြီးတာပါပဲ။ ကျွန်တော်လည်း ကျွန်တော့်အနေနဲ့ ဒီအမှုမှာ တခြားပြန်ပေးမှုအမည်ခံ အိမ်ပြေးမှုတွေလို ထုံးစံအတိုင်းပဲ အမှုလိုက်ခနဲ့ ကုန်ကျစရိတ်တွေ အတိအကျတွက်ပြီး ယူလိုက်ပါတယ်။

အဲ…အဲ…အဲဒီမှာ ကျွန်တော့်ရင်ဘတ်က ကျည်ဆန်အပေါက်ကလေးအတွက် ကျသင့်ငွေကိုတော င် ထည့်မတောင်းလိုက်မိပါဘူးဗျာ…တကယ်ပါ…။

■

# ပြိုင်ကားတစ်စီးနှင့် လူငယ်တစ်ယောက်

လက်နှစ်ဖက်ပြတ် အလွတ်စုံထောက် ဂျေအားမီးသည် အမေရိကန်ပြည်ထောင်စုအတွင်းမှ အမှုများသာမက ရံဖန်ရံခါ နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှ အမှုများကိုလည်း လက်ခံ၍ စုံစမ်းထောက်လှမ်းခဲ့ရသည်။ အချို့အမှုများမှာ ရိုးရိုးသာမန်အမှုများဖြစ်၍ အချို့အမှုများမှာမူ သပွတ်အူပမာ ရှုပ်ထွေးမွေလိသည့် အမှုများ ဖြစ်သည်။ ရံဖန်ရံခါ ကားပျောက်သည့်အမှုများကို လိုက်လံစုံစမ်းရသလို တစ်ခါတစ်ရံ အိမ်မှာ မွေးထားသည့် ခွေး၊ ကြောင်၊ သာလိကာစသည့် တိရစ္ဆာန်များ ပျောက်သွားသဖြင့် ကတ်သီးကတ်သတ် ထောက်လှမ်းရှာဖွေပေးခဲ့ရသည်။

အမှုလိုက်ခနှင့် စပ်လျဉ်း၍ ဂျေအားမီးသည် မည်သည့်အမှုတွင် မည်ရွေ့မည်မျှရသည်ကို မည်သည့်အခါမျှ ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ပေ။

'ဒါကတော့ ဒီလိုရှိတယ်လေ၊ အမှုလိုက်ခဆိုတာက အဲဒီအမှုရဲ့ အတိုင်းအတာ အတိမ်အနက် ဘယ်လောက်ရှိတယ်ဆိုတဲ့ အပေါ်မှာလည်း မူတည်ပါတယ်။ သာမန်အသေးအဖွဲအမှုလား၊ အင်မတန်ကြီးကျယ်တဲ့ အမှုလားဆိုတာ ခွဲခြားရပါတယ်။ ပြီးတော့ အရေးကြီးတာက အမှုကြီးတာသေးတာထက် အမှုအပ်တဲ့ ကာယကံရှင် အမှုသည်ရဲ့ အခြေအနေကလည်း အရေးကြီးပါတယ်။ ငွေကို ရေလို ဖြုန်းနိုင်တဲ့ အမှုသည်လား၊ တော်ရုံတန်ရုံ တတ်နိုင်တဲ့ အမှုသည်မျိုးလားဆိုတာလည်း တွက်ရပါသေးတယ်'

**ဇူးမွှင်းဝေဝေ**

www.burmeseclassic.com

www.burmeseclassic.com



ဂျေအားမီးက သူ၏အမှုလိုက်ခ မည်မျှရသည်ကို လျှို့ဝှက်ထားသော်လည်း မည်သို့သော အခြေခံမှုများဖြင့် အမှုလိုက်ခတောင်းယူသည်ကိုမူ အထက်ပါအတိုင်း ပြောကြားခဲ့သည်။ သို့သော် သည်ကြားထဲမှပင် အချို့သော အမှုသည်၏ အခြေအနေကို ကြည့်၍ အမှုလိုက်ခ တစ်ပြားတစ်ချပ်မျှ မယူသည့်ပြင် ခရီးစရိတ်အပါအဝင် အထွေထွေစရိတ်များကို သူ့အိတ်ထဲမှ စိုက်ထုတ်၍ပင် အကုန်အကျ ခံခဲ့သည်။ ရံဖန်ရံခါတွင်လည်း သာမန်အားဖြင့် ပြောပလောက်သည့်အမှု မဟုတ်သော်လည်း ကာယကံရှင်အမှုသည်များ၏ ငွေကြေးတတ်နိုင်မှုအပေါ် မူတည်ကာ အမှုလိုက်ခကို ခပ်မြက်မြက်ကလေး တောင်းယူခဲ့သည်ဟု ယူဆရသည်။

အချို့သော အမှုများတွင်မူ ငွေရေးကြေးရေးအရ ပြဿနာမပေါ်ဘဲ နှစ်ဖက်သဘောတူပြီး ဖြစ်ကြသော်လည်း ကန့်သတ်ချက်များ၊ တောင်းဆိုချက်များနှင့် စည်းကမ်းချက်များ သတ်မှတ်ရာတွင် တစ်ဖက်နှင့်တစ်ဖက် ချေစပ်ညှိနှိုင်း၍ မရသဖြင့် မလိုက်ဖြစ်ဘဲ 'လန်'သွားသည့် အမှုများလည်း ရှိခဲ့သည်။ ဤအမှုမျိုးနှင့် ပတ်သက်၍ သိသာထင်ရှားသည့် ဖြစ်ရပ်တစ်ခုကို ဥပမာပြရမည်ဆိုပါက ကမ္ဘာကျော် ပက်တီဟတ်စ်၏အမှုပင် ဖြစ်သည်။ ဂျေအားမီးကလည်း ဤအမှုကို လက်ခံ၍ စုံစမ်းထောက်လှမ်းရန် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နေစဉ် တစ်ဖက်မှ စည်းကမ်းသတ်မှတ်ချက်များနှင့် တောင်းဆိုချက်များ ပါလာသဖြင့် ဂျေအားမီးအား လက်မခံဘဲ ပြန်'လှန်'ပစ်ခဲ့ခြင်း ဖြစ်သည်။

ဤအဖြစ်အပျက်မှာ ရုပ်မြင်သံကြား ထုတ်လွှင့်သည့် "လီယွန်နက် ဖရီးမင်း"ဆိုသူက ဂျေအားမီးအား ဖုန်းဆက်၍ 'ပြန်ပေးဆွဲခံနေရသော ပက်ထရစ်ရှာဟတ်စ်ခေါ် ပက်တီဟတ်စ်အမှုကို လိုက်နိုင်၊ မလိုက်နိုင်' စုံစမ်းမေးမြန်းရာမှ ပထမဆုံး စတင်ခဲ့ခြင်း ဖြစ်သည်။ တကယ်တော့ ပက်တီဟတ်စ် ပျောက်ဆုံးသွားသည်မှာ အံ့သြဖွယ်ကောင်းသည်နှင့်အမျှ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သူမကို ပြန်ပေးဆွဲသွားသည်ဆိုသော "ဆင်ဘာယွန်နီ လွတ်မြောက်ရေးတပ်မတော်"က ဆန်ဖရန်စစ္စကိုမြို့ရှိ ဟစ်ဘာနီယာဘာဏ်တိုက်ကို ဝင်စီးသောသတင်းနှင့် ရုပ်မြင်သံကြား ပိတ်ကားပေါ်မှ ပက်တီဟတ်စ်၏ ဖျာများနေကြရှာသော မိဘများ၏ ရုပ်ပုံလွှာများသည် သူမ ပြန်ပေးဆွဲခံရသောသတင်းကို ကမ္ဘာ့သတင်းစာကြီးများ၏ မျက်နှာဖုံးသတင်း ဖြစ်စေခဲ့သည်။

ဂျေအားမီးက ပက်တီဟတ်စ်ကို တွေ့အောင်ရှာမည်ဟု သေချာပေါက်တုံ့ပြန်ခဲ့သည်။ ဤအမှုမှာ ပြောပလောက်အောင် ခက်ခဲရှုပ်ထွေးခြင်း မရှိဟု ယူဆထားသည်။ သို့ပါလျက် အစိုးရစုံထောက်များနှင့် ရဲများက သူမကို တွေ့အောင် မရှာနိုင်သည်မှာ ထုံးစံအတိုင်း ထူးလျက်နှင့် မဆန်းဟုသူ ပြောချင်သည်။ သို့ဖြစ်၍လည်း ယခုရုပ်မြင်သံကြားထုတ်လွှင့်သူ ဖရီးမင်းက 'ပက်တီဟတ်စ်ကို ရှာပေးနိုင်မလား'ဟု မေးလာသောအခါ ဂျေအားမီးက အက်ဖ်ဘီအိုင် စုံထောက်များ လုပ်ပုံကိုင်ပုံ မဟန်ကြောင်း ပြောကာ သူ့နည်းသူ့ဟန်ဖြင့် တွေ့အောင် ရှာနိုင်ကြောင်း ပြန်ပြောလိုက်သည်။ ဤတွင် ဖရီးမင်းက 'ဒီအမှုအတွက် ဘယ်လောက်ပေးရမလဲ'ဟု မေးပါသည်။

'ဒေါ်လာငါးသိန်း ပေးရမယ်'

ဂျေအားမီးက အပြတ်ပြောလိုက်သည်။

'တစ်ပြားမှ မလျှော့နိုင်ဘူး'

'သေချာပေါက်တွေ့မယ်ဆိုတာ ခင်ဗျား အာမခံမလား'

ဂျေအားမီးက အာမခံကြောင်းနှင့် ဒေါ်လာငါးသိန်းကိုပင် တွေ့မှပေး၊ မတွေ့လျှင် ပေးစရာမလိုဟု ရဲရဲကြီး ပြောလိုက်သည်။ တယ်လီဖုန်းထဲမှ ဖရီးမင်း၏ သက်ပြင်းချသံကို ကြားလိုက်ရသည်။

နောက် (၄) ရက်အကြာတွင် ဂျေအားမီးထံသို့ ဖရီးမင်း ရောက်လာသည်။ ဖရီးမင်း၏ ပြောပြချက်အရ ယခုကိစ္စတွင် သူသည် အမည်မဖော်





www.burmeseclassic.com

www.burmeseclassic.com



လိုသော မဂ္ဂဇင်းကြီးတစ်စောင်အတွက် ကြားလူအဖြစ် အောင်သွယ်ပေးနေသည်ဟု သိရသည်။ သို့ဖြစ်ရာ ထိုမဂ္ဂဇင်းကြီးမှ ပုဂ္ဂိုလ်များက လွှတ်လိုက်သဖြင့် ဂျေအားမီးနှင့် လူချင်းတွေ့၍ သေချာအောင် လာရောက်မေးမြန်းခြင်းဖြစ်သည်။ ဂျေအားမီးက ယခုကိစ္စတွင် မိမိသည် ပက်တီဟာတ်စ်ကို မုချတွေ့အောင် ရှာပေးမည်။ တွေ့လျှင် သူမ ဘယ်နေရာမှာ ရှိသည်။ သူမ၏ ကျန်းမာရေး ဘယ်လိုနေသည်။ (ဒဏ်ရာအနာတရ ရှိ၊ မရှိ)ကို ချက်ချင်း အကြောင်းကြားမည်။ တစ်ချိန်တည်းတွင် မိမိမှာ အစိုးရအမှုထမ်းမဟုတ်ဘဲ အလွတ်စုံထောက်ဖြစ်နေသဖြင့် ပက်တီဟာတ်စ်ကို ရှာဖွေတွေ့ရှိပြီ ဖြစ်ကြောင်း အစိုးရစုံထောက်အဖွဲ့ဖြစ်သော အက်ဖ်ဘီအိုင်ကို ချက်ချင်း သတင်းပို့ရမည်ဟု ဂျေအားမီးက ဖရီးမင်းအား ပြောပြသည်။ ဖရီးမင်းကလည်း ဤအချက်ကို သက်ဆိုင်ရာမဂ္ဂဇင်း တာဝန်ခံပုဂ္ဂိုလ်များအား အကျိုးအကြောင်း ပြောပြပါမည်ဟုဆို၍ နောက်ဆုံး၌ ဂျေအားမီးက ဤကိစ္စအတွက် လိုအပ်သည့် သဘောတူညီချက် တရားဝင် ကန်ထရိုက်စာချုပ်ချုပ်ရန် “အီတလီတောင်ကုန်း” ရပ်ကွက်တွင် ရုံးဖွင့်ထားသော မိမိ၏ ရှေ့နေ ဝီလျံဟေး နှင့် ဆက်သွယ်လုပ်ကိုင်ပါဟု ပြောလိုက်သည်။

နှစ်ရက် သုံးရက်ကြာသောအခါ ရှေ့နေ ဝီလျံဟေးက ဂျေအားမီးထံ ဖုန်းဆက်၍ ပက်တီဟာတ်စ် အမှုအတွက် မဂ္ဂဇင်းတိုက်ပိုင်ရှင်များထံမှ ကန်ထရိုက် စာချုပ်မိတ္တူ ယခုပင် ရောက်ရှိလာကြောင်းနှင့် စာချုပ်မှာ ၎င်းတို့အတွက် တစ်ဖက်သတ် ကျလွန်းနေကြောင်း ပြောဆိုသည်။

‘စာချုပ်ထဲမှာ သူတို့တောင်းဆိုထားတဲ့ အချက်တွေက သိပ်ပြီး တစ်ဖက်စီးနင်း နိုင်လွန်းနေပါတယ်။ ကျွန်တော် လက်မခံနိုင်သလို ခင်ဗျားလည်း လက်ခံနိုင်မယ် မထင်ပါဘူး။ သူတို့က ခင်ဗျားကို ပက်တီဟာတ်စ်ကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘဲ သူတို့မဂ္ဂဇင်းတိုက်က အယ်ဒီတာတွေ စာတ်ပုံဆရာတွေနဲ့သာ ပထမဆုံး တွေ့ခွင့်ပေးရမယ်။ အဲဒီမှာ ပက်တီဟာတ်စ်နဲ့





သူတို့အဖွဲ့နဲ့ အင်တာဗျူးလုပ်ပြီး စကားလုံးသုံးသောင်းရအောင် အမေးအဖြေလုပ်နိုင်ဖို့ စီစဉ်ပေးရမယ်လို့ စာချုပ်ထဲမှာ ပါနေတယ်’

ဤတွင် ဂျေအားမီးကိုယ်တိုင် မဂ္ဂဇင်းတိုက်ပိုင်ရှင်ထံ ဖုန်းဆက်၍ ကန်ထရိုက် စာချုပ်ထဲတွင် ပါဝင်သည့် အချက်အလက်များကို သူ လုံးဝ လက်မခံနိုင်ကြောင်း ပြောလိုက်သည်။ အထူးသဖြင့် ပက်တီဟာတ်စ်အား ၎င်းတို့နှင့် သီးခြား အင်တာဗျူးလုပ်ရန် ခွင့်မပြုနိုင်ကြောင်း၊ မိမိအနေဖြင့် တရားဥပဒေဘက်တော်သားပီပီ၊ ပက်တီဟာတ်စ်အား တွေ့လျှင် တွေ့ချင်း အက်ဖ်ဘီအိုင်သို့ အကြောင်းကြားရန် တာဝန်ရှိနေကြောင်း၊ အကယ်၍ ပက်တီဟာတ်စ်အား မဂ္ဂဇင်းအယ်ဒီတာများ၊ သတင်းထောက်များက တွေ့ဆုံမေးမြန်းလိုပါက အက်ဖ်ဘီအိုင် စုံထောက်များ ရှေ့မှောက်တွင်ပင် မေးမြန်းစေလိုကြောင်းနှင့်တကွ အကယ်၍ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က သီးခြား အင်တာဗျူးလုပ်မည်ဆိုပါက ထိုအချိန်အတောအတွင်း ပက်တီဟာတ်စ်၏ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိကြောင်းများကိုပါ အကျယ်တဝင့် ရှင်းလင်းပြောပြခဲ့သည်။

သို့သော် ဤအချက်ကို မဂ္ဂဇင်းတိုက်ပိုင်ရှင်များက လက်မခံနိုင်ဘဲ ဖြစ်နေကြသည်။ အထူးသဖြင့် သူတို့တစ်တွေမှာ စာနယ်ဇင်းသမားပီပီ ‘ဦးဦးဖျားဖျား ထူးထူးခြားခြား’ ဆိုသော ရောဂါစွဲကပ်နေကြသည်။ ပက်တီဟာတ်စ်သတင်းကို အခြားစာနယ်ဇင်းများထက် စော၍ သူတို့မဂ္ဂဇင်းထဲတွင် ဦးဦးဖျားဖျားပါအောင် ထည့်ချင်ကြသည်။ ဤနည်းဖြင့် အပွကြံရန် စီစဉ်ကြခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် ဤသတင်းကို တစ်ကမ္ဘာလုံးရှိ စာနယ်ဇင်းများသို့ ရောင်းစားရန်လည်း စီစဉ်ထားကြသည်။ အမှန်စင်စစ် သူတို့စီစဉ်သည့်အတိုင်း အကယ်၍ ထိုသတင်းကို ရောင်းဖြစ်ခဲ့ပါက ဂျေအားမီးကို ပေးမည်ဆိုသော ဒေါ်လာငါးသိန်းမှာ သူတို့ရသည့်ငွေနှင့် ယှဉ်လိုက်လျှင် “ကြက်စာဖိုး” လောက်သာ ရှိမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းပိုင်ရှင်များက ဂျေအားမီးအား ဤကိစ္စကို ထပ်မံစဉ်းစား၍ သူတို့ တောင်းဆိုချက်ကို လက်ခံရန် နားချခဲ့သည်။ ဆွဲဆောင်စည်းရုံးခဲ့သည်။ သို့သော် ဂျေအားမီးကလည်း 'ဗူး'ဆိုလျှင် 'ဖရုံ'မသိသည့် လူစားမျိုးဖြစ်သည်။ 'ကျုပ် အတွက် ဒါလောက်လည်း ငွေလိုနေတာ မဟုတ်ပါဘူး'ဟု ဂျေအားမီးက အပြတ်ချလိုက်သည်။ သူ့မှာ ဥပဒေစိုးမိုးရေးကို ဦးစားပေးရမည့် တာဝန်ရှိသည်ဟု သူက အခိုင်အမာရပ်တည်ခဲ့သည်။

ဤသို့ဖြင့် ပက်တီဟတ်စ်အမှုတွင် ဂျေအားမီးသည် ဒေါ်လာငါးသိန်းကို မျက်စိမှိတ်၍ ကျော်ခိုင်းခဲ့သည်။

နောက်ဆုံး၌ အားလုံးသိပြီး ဖြစ်ကြသည့်အတိုင်း ပက်တီဟတ်စ်ကို အက်ဖ်ဘီအိုင်စုံထောက်များက ရှာတွေ့ခဲ့ကြသည်။ ပက်တီဟတ်စ်အား အက်ဖ်ဘီအိုင်စုံထောက်များ ရှာဖွေတွေ့ရှိခဲ့သော နေရာသည် သူ ရှာဖွေစုံစမ်းထောက်လှမ်းရန် ကြံစည်ထားသောနေရာပင် ဖြစ်သည်ဟု နောက်ပိုင်းတွင် ဂျေအားမီးက ထုတ်ဖော်ပြောကြားခဲ့သည်။ ဤသည်ကို အချို့က ဂျေအားမီးအား 'အပြောကြီးသည်'ဟူ၍ လည်းကောင်း၊ 'အခြောက်တိုက် အသားယူလွန်းသည်'ဟူ၍ လည်းကောင်း၊ နှာခေါင်းရှုံ့ကြသည်။ သို့သော် လက်နှစ်ဖက်ပြတ်နေသော အလွတ်စုံထောက် ဂျေအားမီးသည် အက်ဖ်ဘီအိုင်စုံထောက်များထက် အမြဲတမ်း နှာတစ်ဖျားသာသည်ကတော့ အမှန်ပင်ဖြစ်သည်။ ဥပမာဆိုပါတော့...။

***

ကားလ်ဘောယားဟာ နယူးယောက်မြို့တော် ကုလသမဂ္ဂဌာနချုပ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဂျာမန်သံအရာရှိတစ်ဦး ဖြစ်ပါတယ်။ သူဟာ မြူးနစ်မြို့ဇာတိဖြစ်ပြီး ဘာဗေးရီးယန်း အမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ကျလို့ သားသုံးယောက်တောင် ရခဲ့ပါပြီ။ အဲဒီသားသုံးယောက်ထဲမှာ ဖရက်ဒရစ်ဆိုတဲ့





အကြီးဆုံး သားဟာ တက္ကသိုလ်က ဘွဲ့ရပြီးပါပြီ။ ဖခင်ဖြစ်တဲ့ မစ္စတာဘောယားက သားကြီး ဖရက်ဒရစ်ကို တက္ကသိုလ်က ဘွဲ့ရတဲ့အတွက် မာစီးဒီးပြိုင်ကားကလေးတစ်စီး လက်ဆောင်ဝယ်ပေးခဲ့ပါတယ်။ ဒါတင်မကပါဘူး။ သူ့သားရဲ့ဆန္ဒအတိုင်း အမေရိကန်ပြည်ထောင်စုကို အရှေ့ဖျားကနေ အနောက်ဖျားအထိ တစ်နံတစ်လျား ခရီးသွားဖို့ဆိုပြီး သုံးဖို့ စွဲဖို့ငွေ အလုံအလောက် ထုတ်ပေးခဲ့ပါတယ်။

ဖရက်ဒရစ်ကလည်း အင်မတန် လိမ္မာတဲ့သားတစ်ယောက်ပါ။ မိဘတွေကိုလည်း ချစ်ကြောက် ရိုသေပါတယ်။ ဒါ့ကြောင့် သူဟာ အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေကနေ ခရီးထွက်လာခဲ့ရာက သူ့မိဘတွေဆီကို နှစ်ရက်တစ်ခါ ရောက်ရာအရပ်က လှမ်းပြီး ဖုန်းနဲ့ အကြောင်းကြားခဲ့ပါတယ်။ အခု သူ ဘယ်မြို့ရောက်နေပြီး ဘာတွေ မြင်ရတွေ့ရတယ်။ ဒီမြို့ကနေ ဘယ်မြို့ကို ခရီးဆက်မယ်ဆိုတာ နှစ်ရက်တစ်ခါ မှန်မှန်ကြီး ဖုန်းဆက်ပြီး အသိပေးခဲ့ပါတယ်။ အဲဒီလို နေလာခဲ့ရာက တစ်ပတ်လောက်ကြာတော့ ဖုန်းခနဲ ဘာသံမကြား၊ ညာသံမကြားနဲ့ ဖရက်ဒရစ်ဆီက အဆက်အသွယ် ပြတ်သွားပါတယ်။ မစ္စတာဘောယားဟာ ၈ ရက်တိတိ စောင့်ကြည့်ပါသေးတယ်။ အဲဒီ ၈ ရက်လုံးလုံး သူ့သား ဆီက ဘာအဆက်အသွယ်မှ မရဘဲ ဖြစ်နေတော့ ကေ့စ် တစ်ခုခုဖြစ်ပြီဆိုပြီး စိုးရိမ်စိတ်နဲ့ အက်ဖ်ဘီအိုင်ကို အကြောင်းကြားခဲ့ပါတယ်။ ဖရက်ဒရစ်ဟာ သူ့အဖေဆီကို နောက်ဆုံး စန်အန်တိုနီယိုမြို့က ဖုန်းဆက်ခဲ့တယ်ဆိုတော့ အက်ဖ် ဘီအိုင်စုံထောက်တွေဟာ စန်အန်တိုနီယိုမြို့မှာ ဖရက်ဒရစ်ကို ပိုက်စိပ်တိုက်ပြီး ခြေရာခံ လိုက်လံစုံစမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ သတင်းအစအနမရဘဲ ဖြစ်နေကြပါတယ်။

မစ္စတာဘောယားနဲ့ သူ့ဇနီးတို့ကလည်း သူတို့သား ဖရက်ဒရစ်အတွက် စိတ်ပူသည်ထက်ပူပြီး အကြီးအကျယ် စိုးရိမ်လာမိကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖရက်ဒရစ်နဲ့ မစ္စတာဘောယားတို့သားအဖ နောက်ဆုံး စကားပြောခဲ့ကြရာမှာ ဖရက်ဒရစ်ဟာ မက္ကဆီကိုဘက်ကို ခရီးဆက်ဖို့ စီစဉ်ထားတယ်ဆိုတာ သိခဲ့ရပါတယ်။ အဲဒီစကားအရ အယ်လ်ပါဆိုမြို့အပါအဝင် မက္ကဆီကိုနယ်စပ်ကမြို့တွေမှာ စုံစမ်းကြည့်တော့လည်း ဖရက်ဒရစ်ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရဘဲ ပျောက်ခြင်းမလှ ပျောက်နေပါတယ်။ မစ္စတာဘောယားတို့ လင်မယားကတော့ စိုးရိမ်စိတ်များသည်ထက် များလာနေကြပါပြီ။ အထူးသဖြင့် မက္ကဆီကိုနယ်စပ်မှာရော၊ မက္ကဆီ ကိုနိုင်ငံမှာရော လူဆိုးလူမိုက်လူရမ်းကားတွေ အင်မတန်ပေါပြီး ပြား၅၀လောက်အတွက်နဲ့တောင် လူတစ်ယောက်ရဲ့အသက်ကိုသတ်ဖို့ ဝန်မလေးဘူးဆိုတာ သိထားရတော့ လင်မယားနှစ်ယောက်စလုံး ရင်တမမနဲ့ ဖြစ်နေကြပါတယ်။ ပြီးတော့ ဒီအရပ်ဒီဒေသမှာ လူတစ်ယောက်ကို အပျောက်ရှင်းပြီး အလောင်းကိုပါ ဖျောက်ဖျက်ပစ်ဖို့ဆိုတာ ငှက်ပျောသီး အခွံနွှာရတာထက်တောင် လွယ်သေးတယ်ဆိုတော့ ပိုပြီး စိုးရိမ်စရာ ဖြစ်နေပါတယ်။ အဲဒီလို လူတစ်ယောက်အသက်ကို ပုရွက်ဆိတ်လောက်တောင် တန်ဖိုးမထားဘဲ တစ်ပဲခြောက်ပြားနဲ့ သတ်ဖို့ဖြတ်ဖို့ လုယက်ဖို့ လက်မနှေးတဲ့ မက္ကဆီကိုနယ်ခြားဒေသမှာ ဖိတ်ဖိတ်တောက်နေတဲ့ အဖိုးတန်ပြိုင်ကားအသစ်ကလေးနဲ့ အဖော်မပါဘဲ တစ်ယောက်တည်း ခရီးသွားနေတဲ့ ဖရက်ဒရစ်လို နိုင်ငံခြားသား လူငယ်ကလေးကစ်ယောက်အတွက် အချိန်မရွေး အသက်အန္တရာယ်ဖြစ်နိုင်တယ် မဟုတ်လား။

မစ္စတာဘောယားနဲ့ အက်ဖ်ဘီအိုင်စုံထောက်တွေဟာ အယ်လ်ပါဆိုမြို့ ရဲစခန်းနဲ့ မက္ကဆီကိုပြည်နယ် ရဲအဖွဲ့ကိုသာမကဘဲ ဂျာမန်သံရုံးကိုပါ ဆက်သွယ်ပြီး အကူအညီ တောင်းခဲ့ကြပါတယ်။ နောက်ဆုံးတော့ မစ္စတာဘောယားဟာ သူကိုယ်တိုင် အယ်လ်ပါဆိုမြို့ကို လေကြောင်းခရီးနဲ့ လိုက်လာပြီး ကျွန်တော်နဲ့ တွေ့တော့တာပါပဲ။ မစ္စတာဘောယားဟာ ကျွန်တော့်ကို လူချင်းတစ်ခါမှ မမြင်ဘူး မတွေ့ဘူးပေမယ့် ကျွန်တော့်အကြောင်းကို ဂျာမန်





မဂ္ဂဇင်းတစ်စောင်ထဲမှ ဖတ်လိုက်ရဖူးပါတယ်။ အဲဒီတော့ တဖြည်းဖြည်း ရက်တွေ ကြာသည်ထက် ကြာလာပြီး သူ့သားအတွက် အကြီးအကျယ် စိုးရိမ်လာရာက အက်ဖ်ဘီအိုင် စုံထောက်တွေကို အားမလိုအားမရ ဖြစ်လာတာနဲ့ ဘာပဲဖြစ်ဖြစ် လက်နှစ်ဖက်ပြတ် အလွတ်စုံထောက်ကို အားကိုးကြည့်ဦးမှပဲဆိုပြီး ကျွန်တော့်ဆီ ရောက်လာတာပါပဲ။

'ခင်ဗျား ကျွန်တော့်သားကို တွေ့အောင် ရှာပေးစေချင်ပါတယ်'

မစ္စတာဘောယားက အင်္ဂလိပ်စကားကို ဂျာမန်သံဝဲဝဲနဲ့ ပြောပါတယ်။

'မှန်တာပြောရရင် တခြားလူတွေဟာ စကားကို ကြီးကြီးကျယ်ကျယ် ပြောသလောက် အလုပ်ကျတော့ ထိထိရောက်ရောက် မလုပ်ကြဘူးလို့ ကျွန်တော်ထင်တယ်'

မစ္စတာဘောယားက ကျွန်တော့်ကို သူ့သား ဖရက်ဒရစ် ပျောက်ဆုံးနေတဲ့အကြောင်းကို အသေးစိတ် အပြည့်အစုံပြောပြပြီး သူ့သားဓာတ်ပုံတွေလည်း ထုတ်ပေးပါတယ်။ ပြီးတော့ သူ့သား စီးသွားတဲ့ မာစီဒီးပြိုင်ကားကလေးနဲ့ ပတ်သက်လို့ သိသင့်သိထိုက်တဲ့အချက်တွေ အားလုံးပြောပြပါတယ်။ ပြီးတော့မှ သူ့သားဟာ အခုအထိ အသက်ရှင်နေသေးတယ်လို့ ထင်သလားဆိုပြီး သူက ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်ကလည်း အခုအချိန်အထိ သိရသလောက် ကြားရသလောက် ဆိုရင်တော့ သူ့သားဟာ အသက်မသေသေးဘူးလို့ ယူဆရကြောင်း ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့သား ဖရက်ဒရစ် ပျောက်သွားတယ်ဆိုတဲ့ ဒီရှစ်ရက် အတောအတွင်း ပိုင်ရှင်မရှိဘဲ လမ်းဘေးတစ်နေရာမှာ ပစ်ထားတဲ့ကားရယ်လို့ တစ်စီးမှ မတွေ့ရသေးတဲ့အကြောင်းနဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး ဘယ်သူဘယ်ဝါရယ်လို့ မမှတ်မိလောက်တဲ့ အလောင်းတစ်လောင်းမှ မတွေ့ရသေးလို့ပါပဲ။ ဒါတွေကြောင့် ဖရက်ဒရစ်ဟာ အခုအချိန်အထိ တစ်နေရာရာမှာ မုချအသက်ရှင်လျက် ရှိနေလိမ့်ဦးမယ်လို့ ယူဆရကြောင်း ပြောပြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျုပ်သားကို ခင်ဗျား ဘယ်တော့စပြီး ရှာနိုင်မလဲ'

ဘောယားက ကျွန်တော့် မျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်ပြီး မေးလိုက်ပါတယ်။ သူဟာ အသက်ငါးဆယ်လောက်ရှိပြီး ဝတ်စားထားပုံကတော့ ကျွန်တော်တို့ အယ်လ်ပါဆိုမြို့က ဘဏ်ဥက္ကဋ္ဌတစ်ယောက်လို သားသားနားနား သပ်သပ်ရပ်ရပ်ပါပဲ။ နားထင်နဲ့ နားရွက်နောက်တွေမှာ သူ့ဆံပင်ဟာ နည်းနည်းဖြူစ ပြုနေပါပြီ။ မျက်လုံးတွေ ချိုင့်ပြီး မျက်တွင်းတွေ သိသိသာသာကြီး ကျနေတာကို ကြည့်ရခြင်းအားဖြင့် အိပ်ရေးတော်တော်များများ ပျက်လာခဲ့တယ်ဆိုတာ ထင်ရှားနေပါတယ်။ သူက စကားပြောရင်း ဂနာမငြိမ် ဖြစ်နေပြီး စီးကရက်ဘူးထဲက စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်လိုက်၊ နှစ်ခါသုံးခါ လောက်ဖွာပြီး အဲဒီစီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်နဲ့ အတော်ကလေး စိတ်လှုပ်ရှားနေပုံ ရပါတယ်။

ကျွန်တော်က သူ့အမှုအရာကို မသိမသာ လေ့လာရင်းက ဖရက်ဒရစ်ကို ဒီနေ့ပဲစပြီး ရှာပါမယ်လို့ ပြန်ပြောလိုက်ပါတယ်။

တိုရှင်းလိုရင်းပြောရရင် ကျွန်တော်ဟာ ဖရက်ဒရစ်ကို ရနာရီအတွင်း တွေ့အောင် ရှာနိုင်ခဲ့ပါတယ်။ အဲဒီအတောအတွင်း အယ်လ်ပါဆိုမြို့က တစ်ဖဝါးမှ မခွာခဲ့ပါဘူး။ ဒီနေရာမှာ တစ်ခုထပ်ပြောချင်တာကတော့ ကျွန်တော်ဟာ အစိုးရစုံထောက်နဲ့ မတူဘူးဆိုတာပါပဲ။ တခြားအမှုတွေလို ဒီအမှုမှာလည်း ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ပြည်နယ်ဒေသဆိုင်ရာ ကိုယ်စားလှယ်တွေ အဆက်အသွယ်တွေနဲ့ အကူအညီကို ယူလိုက်တာပါပဲ။ အထူးသဖြင့် မက္ကဆီကိုမှာရှိတဲ့ ကျွန်တော့်လူတွေကို လိုအပ်သလို ညွှန်ကြားပြီး၊ အတိအကျ 'ဘယ်ကိုသွား၊ ဘယ်သူတွေနဲ့ တွေ့၊ ဘာတွေစုံစမ်း' ဆိုပြီး အသေးစိတ် ခိုင်းလိုက်တာနဲ့ ထိုင်ရာကမထ ကိစ္စပြီးသွားတာပါပဲ။

ပထမဆုံး ကျွန်တော့်ခေါင်းထဲမှာ သတိပြုလိုက်တဲ့ အချက်ကတော့ ဖရက်ဒရစ်ဟာ မက္ကဆီကိုဘက်ကို ဦးတည်ပြီးသွားမယ်လို့ သူ့အဖေက နောက်ဆုံး ပြောခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ အဲဒီတော့ ကျွန်တော့်စိတ်ထဲမှာ





သေချာပေါက်တွက်လိုက်တာက မက္ကဆီကိုနိုင်ငံဘက်ကို ကူးသွားကြတဲ့ တခြားကမ္ဘာလှည့် ခရီးသည်တွေလိုပဲ၊ သူလည်း မက္ကဆီကိုနိုင်ငံဘက်ကို မကူးခင်၊ နယ်စပ်တစ်နေရာက ဓာတ်ဆီဆိုင်တစ်ဆိုင်မှာ သူ့ကားကို ဘယ်နည်းနဲ့မဆို ဓာတ်ဆီဝင်ထည့်ရမယ်လို့ တွေးလိုက်မိပါတယ်။ အဲဒီတော့ ဒီတွေးလုံးကို အခြေခံပြီးတော့ သူစီးသွားတဲ့ မာစီးဒီးပြိုင်ကားအမှတ် ၃၅၀ ရဲ့ ဓာတ်ဆီနဲ့ မိုင်နှုန်းကို တွက်ကြည့်လိုက်ပါတယ်။ အဲဒီပြိုင်ကားလေးရဲ့ ဓာတ်ဆီတိုင်ကီဟာ ၂၁ ဂါလံဆန့်ပြီး၊ တစ်ဂါလံကို မိုင် ၂၀ လောက် မောင်းလို့ရတယ်ဆိုတာ သိရပါတယ်။ အဲဒီနှုန်းအရဆိုရင် သူဟာ တိုင်ကီထဲမှာ ဓာတ်ဆီအပြည့်ထည့်ပြီးတဲ့နောက် မိုင် ၄၀၀ လောက်မောင်းပြီးမှ နောက်တစ်ကြိမ် ဓာတ်ဆီထပ်ဖြည့်ရမယ့် သဘောရှိပါတယ်။ နောက်တစ်ခု စဉ်းစားဖို့ ရှိတာက ဒီသူငယ်ဟာ သူ့မိဘတွေဆီ ဖုန်းဆက်ပြီး အကြောင်းကြားလေ့ရှိတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ်၊ အတော်အတန်ခေတ်မီပြီး တယ်လီဖုန်းအဆက်အသွယ်ကောင်းတဲ့မြို့တွေအထိ သူ့ကားကို တောက်လျှောက် မောင်းလိမ့်မယ်လို့လည်း ယူဆရပါတယ်။

အဲဒီလို တွက်ချက်စဉ်းစားပြီးတဲ့နောက် အမေရိကန်ပြည်ထောင်စုနဲ့ မက္ကဆီကိုနိုင်ငံ နယ်စပ်ဒေသမြေပုံကို ချကြည့်လိုက်တော့ ဖရက်ဒရစ်ဟာ လမ်းခုလတ်မှာ တစ်ခုခုဖြစ်တယ်ဆိုရင် သူဟာ ချီဟွာဟွာမြို့နဲ့ တိုရီယွန်မြို့အကြားမှာပဲ ဖြစ်ရမယ်လို့ တွက်လိုက်ပါတယ်။ ဒါကြောင့် အဲဒီတွက်ကိန်းအရ အဲဒီမြို့နှစ်မြို့အကြားမှာရှိတဲ့ ဓာတ်ဆီဆိုင်တွေ၊ ကားပြင်တဲ့ အလုပ်ရုံတွေ၊ လမ်းဘေးစားသောက်ဆိုင်တွေနဲ့ တည်းခိုရိပ်သာလေးတွေပါမကျန် ပိုက်စိပ်တိုက်ပြီး စုံစမ်းကြည့်ကြဖို့ ကျွန်တော့်လူတွေကို တာဝန်ပေးလိုက်ပါတယ်။ တကယ်တော့ မက္ကဆီကိုဟာ အမေရိကန်ပြည်ထောင်စုနဲ့မတူဘူး။ အမေရိကန်ပြည်ထောင်စုမှာက မြို့တိုင်း၊ ရွာတိုင်း၊ နေရာတိုင်းမှာ နိုင်ငံခြားသား လူမျိုးပေါင်းစုံကို တွေ့နိုင်ပေမယ့် မက္ကဆီကိုမှာတော့ နိုင်ငံခြားသားဆိုတာ တွေ့ရခဲပါတယ်။ ဒါကြောင့် အဖြူရောင် မာစီးဒီးပြိုင်ကား အသစ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ ဂျာမန်လူငယ်လူရွယ်တစ်ယောက်ကို မြင်လိုက်ရရင် လူတိုင်းက သတိထားမိကြမှာ သေချာပါတယ်။ သူ မာတ်ဆီထည့်တဲ့ဆိုင်၊ သူ ကားရေဆေးတဲ့ရုံနဲ့ သူ တစ်ခုခုဝင်စားတဲ့ စားသောက်ဆိုင်တွေက သူ့ကို ကောင်းကောင်းကြီး မှတ်မိနေကြမှာပါ။

ကျွန်တော်တွက်တဲ့အတိုင်း မလွဲပါဘူး။ ဖရက်ဒရစ်ကို မကြာခင် တစ်နေရာမှာ ဘွားခနဲ သွားတွေ့တာပါပဲ။ ဖြစ်ပုံက သူဟာ သာမန်ခရီးဝေးသွားတဲ့ အဝေးပြေးကားတွေ မောင်းနေကျ လမ်းရိုးက မမောင်းဘဲနဲ့ ပိုပြီးရှင်းတဲ့ လမ်းက မောင်းလာခဲ့တာကိုး။ အဲဒီလမ်းက ကားအသွားအလာတော့ ရှင်းပါ့တယ်။ ဒါပေမဲ့ အဝေးပြေးလမ်းမကြီးလောက် လမ်းမကောင်းဘဲ။ ချိုင့်တွေ၊ ကျင်းတွေနဲ့ တော်တော်လေး ဆိုးပါတယ်။ အဲဒီတင် ဖရက်ဒရစ်ဟာ ကိုတီကာဆိုတဲ့ ရွာကလေးတစ်ရွာအနားမှာ ကားပျက်ပြီး ဒုက္ခရောက်နေခဲ့တာပါပဲ။ အဲဒီရွာကလေးက မြို့နဲ့လည်းမနီး၊ တယ်လီဖုန်းတို့ ဘာတို့ အဆက်အသွယ်ကလည်း မရှိ၊ ပြီးတော့ ကားပြင်တတ်တဲ့လူလည်း လုံးဝမရှိတော့ အနီးဆုံးဖြစ်တဲ့ တိုရီယွန်မြို့ကို လူတစ်ယောက်လွှတ်ပြီး ကားပြင်ဆရာ အခေါ်ခိုင်းခဲ့ရတယ်လို့ ဆိုပါတယ်။ အဲဒီမှာဖြစ်ချင်တော့ "နွားရာဝဲစွဲလဲရာသူခိုးထောင်း"ဆိုတဲ့ စကားလို ဖရက်ဒရစ်ဟာ ကားပြင်ဆရာကို အဲဒီရွာကနေပြီး ညအိပ်စောင့်ရင်းနဲ့ ညဘက်ကျတော့ မမျှော်လင့်ဘဲ ဝမ်းကိုက်ရောဂါ အကြီးအကျယ် ဖြစ်တော့တာပါပဲ။ လမ်းတစ်လျှောက်လုံး ကြုံရာဆိုင်မှာ တွေ့ရာဝင်စားခဲ့ပြီး၊ သောက်ရေကလည်း မသန့်တော့ ဝမ်းကိုက်ရောဂါဖြစ်တဲ့ လက္ခဏာပါပဲ။ နောက်ဆုံး ကျွန်တော့်ကိုယ်စားလှယ်ဟားဘတ်ဆိုတဲ့ စုံထောက်ရောက်သွားတော့ ဖရက်ဒရစ်ဟာ ဝမ်းကိုက်ရောဂါကြောင့် အလူးအလဲဖြစ်ပြီး အိမ်ရာထဲကတောင် မထနိုင်ဘဲ ခွေခွေကလေး လဲနေရှာပါတယ်။ ဟားဘတ်က အကျိုးအကြောင်းပြောပြတော့ ဖရက်ဒရစ်ဟာ သူ့အတွက် ဒါလောက်တောင် ဖြစ်နေကြပါလားဆိုပြီး ဝမ်းနည်းဝမ်းသာ ဖြစ်နေရှာတယ်လို့ ဆိုပါတယ်။

ဗူးပွင့်ဝေဝေ



ဒါနဲ့စုံထောက်ဟားဘတ်က ဖရက်ဒရစ်ကို တိုရီယွန်မြို့ကို ကားနဲ့ ချက်ချင်းတင်ခေါ်လာခဲ့ပြီး ကျွန်တော့်ဆီ အကျိုးအကြောင်း ဖုန်းဆက်လိုက်ပါတယ်။ ကျွန်တော်လည်း ကျွန်တော်ပိုင် လေယာဉ်ကလေးလွှတ်ပြီး သူ့ကို အယ်လ်ပါဆိုမြို့ကို အမြန်ဆုံး ခေါ်လာခိုင်းလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူ့မိဘတွေရှိတဲ့ နယူးယောက်ကို ဖုန်းဆက်ပြီး ဖရက်ဒရစ်ကို တွေ့ပြီဆိုတဲ့အကြောင်း ချက်ချင်း သတင်းပို့လိုက်ပါတယ်။

အဲဒီနောက်တော့ သိပ်မကြာလိုက်ပါဘူး။ ဝမ်းကိုက်ရောဂါကြောင့် မျက်တွင်းတွေ ဟောက်ပက်ကြီးဖြစ်နေတဲ့ ဖရက်ဒရစ်နဲ့ သူ့မိဘနှစ်ပါး ဖြစ်ကြတဲ့ မစ္စတာ ကားလ်ဘောယားနဲ့ မစ္စက်ဘောယားတို့ မျက်ရည်စမ်းစမ်းနဲ့ ပြန်တွေ့ကြတာပါပဲ။

'ကျုပ်အနေနဲ့ ဒီလို လက်တစ်ဖက်ပြတ်၊ ဒါမှမဟုတ် လက်နှစ်ဖက်ပြတ်နေတဲ့ စုံထောက်ဇာတ်လမ်းတွေကို ရုပ်မြင်သံကြားမှာတော့ ခဏ ခဏ ကြည့်ဖူးပါတယ်။ ဒါပေမဲ့ ဒါမျိုးဟာ အပြင်မှာ တကယ်မဖြစ်နိုင်ဘူး။ တကယ်လည်း မရှိနိုင်ဘူးလို့ ထင်နေတာ၊ အခု ကိုယ်တွေ့ကြုံမှပဲ တကယ်ပါလားဆိုတာ ယုံရပါတော့တယ်'

မစ္စတာ ဘောယားက အားရဝမ်းသာ အံ့သြတဲ့မျက်နှာနဲ့ ကျွန်တော့်ကို ကြည့်ပြီး ပြုံးပြုံးကြီး လှမ်းပြောလိုက်ပါတယ်။ ကျွန်တော့်မျက်စိထဲမှာတော့ သူဟာ သူ့သား ပျောက်သွားတုန်းက ကျွန်တော့်ဆီ ရောက်လာပြီး ကျွန်တော်နဲ့ ပထမဆုံးတွေ့တုန်းက မျက်နှာမျိုး မဟုတ်တော့ဘဲ ၁၀ နှစ်လောက် ငယ်သွားတယ်လို့ ထင်ရပါတယ်။ ပြီးတော့မှ တစ်ခုခု စဉ်းစားမိတဲ့ လက္ခဏာနဲ့ ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်ရင်းနဲ့ပဲ ထပ်ပြောလိုက်ပါတယ်။

'ဩော်၊ ကျုပ် တစ်ခုမေ့သွားတော့မလို့၊ နက်ဖြန်မနက်ကျရင် ဟောဒီ အယ်လ်ပါဆိုက အက်ဖ်ဘီအိုင်အဖွဲ့နဲ့ တွေ့ဖို့ ကျုပ် ချိန်းထားတာ ရှိပါတယ်။ အဲဒါ တစ်ဆိတ် ကျေးဇူးပြုပြီး အဲဒီအစီအစဉ် ဖျက်လိုက်တဲ့အကြောင်း သူတို့ကို ခင်ဗျားပဲ ကျွန်တော့်ကိုယ်စား အကြောင်းကြားပေးပါလား ခင်ဗျား'

■

www.burmeseclassic.com

www.burmeseclassic.com

# စိန်ကုန်သည်ဘဝ ရောက်ခဲ့စဉ်က

ဂျေအားမီးနှင့် ပတ်သက်၍ ထူးခြားသည်ဟူ၍ လည်းကောင်း၊ ချီးကျူးဖွယ်ရာ ကောင်းသည်ဟူ၍ လည်းကောင်း ဆိုရမည့်အချက်မှာ သူသည် အမှုသည်များ အကြောင်းကို ဖြစ်စေ၊ သူစုံစမ်းထောက်လှမ်းခဲ့သည့် အမှုများအကြောင်းကို ဖြစ်စေ သို့မဟုတ် သူ၏ စွန့်စားခန်းများနှင့် သူ့အား ချောင်းမြောင်းလုပ်ကြံခဲ့ကြသည့် အဖြစ်အပျက်များကို လျှို့ဝှက်ထားရန် လိုအပ်ပါက လုံးဝ ထုတ်ဖော်ပြောကြား ခြင်း မရှိသည့်အချက်ပင် ဖြစ်သည်။ အထူးသဖြင့် အချို့ အချို့သော အမှုများနှင့် အဖြစ်အပျက်များသည် တစ်စုံတစ်ယောက်အား ထိခိုက်နစ်နာဖွယ်ရာ ရှိနေပါက သူသည် ဤအမှု ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟ ပြောကြားခြင်းမပြုဘဲ ရေငုံနှုတ်ပိတ်နေခဲ့သည်။

အကယ်၍သာ သူသည် နှုတ်စောင့်စည်းသူတစ်ဦး မဟုတ်ဘဲ သူ၏ ထင်ပေါ်ကျော်ကြားမှု တစ်ခုတည်းကိုသာ ရှေ့ရှုခဲ့ပါက တစ်ခါက သူ၏ အမှုသည်များဖြစ်ခဲ့သော အဲလ်ဗစ္စပရက်စလေ၊ အဲလီဇာဘက်တေလာ၊ ဖရင့်ဆင်နာထရာစသည့် ကမ္ဘာကျော် ရုပ်ရှင်မင်းသား မင်းသမီးများ၏ အတွင်းရေးများသည်လည်းကောင်း၊ တောင်အမေရိကတိုက် သမ္မတနိုင်ငံတစ်နိုင်ငံမှ သမ္မတကြီးတစ်ဦး၊ အမေရိကန် ပြည်ထောင်စုမှ နာမည်ကျော် ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦး၊ ဥရောပတိုက်မှ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦး စသည်စသည်တို့၏ ကန့်လန့်ကာ နောက်ကွယ်မှ ဖြစ်ရပ်များသည်လည်းကောင်း၊ ဤအကြောင်း၊ ထိုအကြောင်းများသည် ကမ္ဘာ့စာနယ်ဇင်းများတွင်





ပြူးခနဲ ပြဲခနဲ ဖော်ပြပါရှိခဲ့ပြီး ဖြစ်နေပေလိမ့်မည်။ သို့သော် ဂျေအားမီးသည် တာဝန်သိသိ သစ္စာရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော အလွတ်စုံထောက်တစ်ဦးဖြစ်ရာ သူ့အပေါ်၌ ယုံကြည် စိတ်ချ၍ အစစအရာရာ ပုံအပ်ထားသူများအား မည်သည့်အခါမျှ ထိခိုက်နစ်နာ သိက္ခာကျအောင် ပြုလုပ်ခဲ့ခြင်း မရှိပေ။

'ဒီလိုသာ သစ္စာမရှိဘဲ ကျွန်တော်လိုက်ခဲ့ရတဲ့ အမှုတွေအားလုံးရဲ့ လျှို့ဝှက်တဲ့ အတွင်းရေးတွေကို အမေရိကန်ပြည်ထောင်စု တနံတလျား ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းတွေမှာ ဖော်ပြထုတ်လွှင့်ရမယ်ဆိုရင် ကျွန်တော့်အပေါ်မှာ ဘယ်သူက လာပြီး အယုံအကြည်ရှိတော့မှာလဲဗျာ၊ တကယ်တော့ ကျွန်တော်တို့လို အလွတ်စုံထောက်တစ်ယောက်အတွက် အရေးအကြီးဆုံးက အမှုသည်ရဲ့ အကျိုးစီးပွားနဲ့ ဂုဏ်သိက္ခာကို ပထမဆုံး ဦးစားပေးဖို့ မဟုတ်လား'

ဂျေအားမီးက သူ့ခံယူချက် သဘောထားကို အထက်ပါအတိုင်း အတိအလင်း ပြောကြားခဲ့သည်။ သို့ဖြစ်၍လည်း တစ်ခါက ဂျေအားမီး စုံစမ်းထောက်လှမ်းခဲ့ရသော ဆော်ဒီအာရေဗီးယားမှ ဘုရင်ဖေဆယ်၏ အမှုမှာ အလွန်အရေးကြီးသော နန်းတွင်း အရေးတော်ပုံတစ်ခုဖြစ်သည်ဟူ၍ အကြမ်းဖျင်းအားဖြင့် ကျွန်ုပ်တို့ သိရှိခဲ့ရပြီး သည့်ထက်ပို၍ အသေးစိတ် ဘာမျှမသိခဲ့ကြရပေ။ အလားတူပင် မက္ကဆီကိုနိုင်ငံ အကျဉ်းထောင်တစ်ခုမှ အရေးကြီးသော အကျဉ်းသားတစ်ဦး ရဟတ်ယာဉ်ဖြင့် ထွက်ပြေးလွတ်မြောက်သွားသောအမှုနှင့် ပတ်သက်၍လည်း ဂျေအားမီးထံမှ အသေးစိတ် လုံးဝမသိခဲ့ကြရဘဲ ထိုအဖြစ်အပျက်ကို နမူနာယူ၍ BREAK OUT ရုပ်ရှင်ဇာတ်ကားတွင် မင်းသားကြီး ချားလ်ဘရွန်ဆင်က ထိုသို့အတုယူ သရုပ်ဆောင်သွားသည်ကို သိခဲ့ကြရသည်။

ထို့ပြင် ကုလသမဂ္ဂဌာနချုပ်မှ စိန်ရွှေရတနာ ပျောက်ဆုံးမှု၊ ယပ်



www.burmeseclassic.com

www.burmeseclassic.com



စကြာဝဠာနှင့် ပတ်သက်သည့် ခြိမ်းခြောက်မှု၊ ကျူးဘားနိုင်ငံတွင်းသို့ ဂလိုက်ဒါစက်မဲ့ယာဉ်ဖြင့် ဆင်းသက်မှု စသည့် စသည့် အမှုများအကြောင်းကိုသာ အပြည့်အစုံ ဖော်ပြရမည်ဆိုပါက အချို့သောပုဂ္ဂိုလ်များ၏ အသက်အန္တရာယ်ပင် ထိခိုက်ဖွယ်ရာ ရှိနေသည်ဟု သိရသည်။

'ဒီအဖြစ်အပျက်တွေ ဒီအမှုတွေနဲ့ ပတ်သက်လို့ အခုလောလောဆယ် ဖွင့်မပြောနိုင်သေးပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ဖွင့်ပြောနိုင်ပါလိမ့်မယ်။ အခု လောလောဆယ် ဖွင့်ပြောလိုက်ရင် လူတွေ အတော်များများ ထိခိုက်နစ်နာစရာရှိပါတယ်' ဟူ၍ ဂျေအားမီးက ပြောပြသည်။ ထိုသို့ ထိခိုက်စရာရှိသည့်အထဲတွင် ဂျေအားမီးရော ပါပါသလားဟု မေးကြည့်ရာ သူက 'သေချာပေါက်ပါတာပေါ့။ ဒါတွေ ဖွင့်ပြောလိုက်ရင် ကျွန်တော့်အတွက်လည်း အန္တရာယ်ဖြစ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က ဒီလိုအန္တရာယ်ဖြစ်အောင် လုပ်ခဲ့တာကိုး'ဟု သူက ပခုံးတွန့်၍ ပြောလိုက်သည်။

***

ဂျူဒစ်ကာဆဲလ်တန်ဟာ အင်မတန်ကျက်သရေရှိပြီး ခန့်ချောချောတဲ့ အမျိုးသမီးကြီးတစ်ဦးပါပဲ။ သူ့အသက် ၇၅ နှစ် ရှိနေပေမယ့် လမ်းမှာ တွေ့လို့ ရုတ်တရက် ကြည့်လိုက်ရင် ၆၀ မကျော်သေးဘူးလို့ ထင်ရပါတယ်။ အထူးသဖြင့် မစ္စက်ကာဆဲလ်တန်ရဲ့မျက်နှာဟာ ပြင်သစ်အမျိုးသမီးတွေရဲ့ ယဉ်ကျေးမှုနဲ့ ကျက်သရေရှိမှုတွေကို ပေါင်းစပ်ရောမွှေထားတဲ့ မျက်နှာမျိုးပါပဲ။ သည်ကြားထဲက ချမ်းသာကြွယ်ဝတဲ့ မိဘမျိုးရိုးက ဆင်းသက်လာတာဆိုတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ တည်ကြည်ခန့်ညားမှုတွေက ရောစွက်လို့ နေပါသေးတယ်။

မစ္စက်ကာဆဲလ်တန်ရဲ့ အဖေဟာ တောင်အာဖရိကတိုက်က ကမ္ဘာပေါ်မှာ အကြီးဆုံး စိန်တွင်းကြီးတစ်တွင်းရဲ့ အုပ်ချုပ်ရေးမှူးတစ်ယောက်





ဖြစ်ခဲ့ဖူးပါတယ်။ အဘိုးကြီးဟာ အလုပ်က အငြိမ်းစားယူပြီး အမေရိကန်ပြည် ဂျော့တောင်းမြို့မှာ အင်မတန်လှပတဲ့ အိမ်ကြီးတစ်ဆောင်နဲ့ အဲဒီအိမ်မှာပဲ အသက်ထက်ဆုံး နေသွားခဲ့ပါတယ်။ သူမသေခင် တောင်အဖရိက စိန်တွင်းကြီးမှာ အလုပ်လုပ်ခဲ့တုန်းက အမြတ်တနိုးနဲ့ ဝယ်ယူစုဆောင်း သိမ်းဆည်းလာခဲ့တဲ့ ပထမတန်းစား စိန်တွေဟာ သူသေပြီးတဲ့နောက် တစ်ဦးတည်းသောသမီးဖြစ်တဲ့ မစ္စက်ကာဆဲလ်တန်က အမွေရခဲ့ပါတယ်။ အဘိုးကြီးသေတဲ့ အချိန် (၁၉၄၀ ပြည့်နှစ်)မှာ ကျန်ရစ်ခဲ့တဲ့ စိန်လက်စွပ်၊ စိန်နားကပ်၊ စိန်လည်တုံစတဲ့ လက်ဝတ်ရတနာတွေဟာ အခုလို ငွေကြေးဖောင်းပွမှုတွေ မဖြစ်ခင်က ဈေးနှုန်းနဲ့ကို ကာလပေါက်ဈေး ဒေါ်လာနှစ်သိန်းခွဲ၊ သုံးသိန်းနီးပါးလောက် တန်တယ်လို့ သိရပါတယ်။

ဂျူဒစ်ဟာ တစ်ဦးတည်းသောသမီးအနေနဲ့ အဘိုးကြီးရဲ့ အမွေတွေကို ရလိုက်ပြီးတဲ့နောက် အရှေ့အလယ်ပိုင်းဒေသက သံအရာရှိတစ်ဦးရဲ့ သားနဲ့ အိမ်ထောင်ကျပြီး ဝါရှင်တန်မှာ ပြောင်းနေခဲ့ပါတယ်။

အဲဒီနောက် သူ့ခင်ပွန်း မစ္စတာကာဆဲလ်တန်ဟာ သူ့အဖေကွယ်လွန်သွားခဲ့ရာက အဖေ့ခြေရာနင်းပြီး သံတမန်တစ်ဦးအဖြစ်နဲ့ နှစ်ပေါင်းများစွာ တာဝန်ထမ်းရွက်ခဲ့ပါတယ်။ အခုဆိုရင် အသက်ကြီးလာလို့ ပင်စင်ယူခဲ့ကြပြီးတဲ့နောက် မစ္စတာနဲ့ မစ္စက်ကာဆဲလ်တန်တို့ ဇနီးမောင်နှံဟာ ဝါရှင်တန်နဲ့ပါရီကို ကူးချည် သန်းချည် လုပ်နေခဲ့ကြပါတယ်။ အဲဒီကြားထဲက ငွေကြေးတတ်နိုင်သူတွေပီပီ၊ နွေရာသီကျရင် ပြင်သစ်နိုင်ငံတောင်ပိုင်း မြေထဲပင်လယ်ကမ်းခြေက မင်တွန်ဆိုတဲ့ မြို့ကလေးမှာ အပန်းဖြေ သွားနေလေ့ရှိကြပါတယ်။ အဲ...အဲဒီလို နွေရာသီ အားလပ်ရက် ပင်လယ်ကမ်းခြေကို အနားယူသွားနေကြတုန်း အမေရိကန်ပြည်ထောင်စု ဂျော့တောင်းမြို့က အိမ်မှာ ကျန်ရစ်ခဲ့တဲ့ လက်ဝတ်လက်စား စိန်ရတနာတွေ အခိုးခံလိုက်ရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ကာဆဲလ်တန်ဟာ သူ့လက်ဝတ်လက်စားတွေ အခိုးခံရတယ်ဆိုတာ နွေရာသီအပန်းဖြေခရီးထွက်ရာက ပြန်ရောက်မှ သိရပါတယ်၊ သိလည်း သိလိုက်ရရော အကြီးအကျယ် စိတ်ထိခိုက်ပြီး သက်ဆိုင်ရာရဲအဖွဲ့ကို ချက်ချင်း အကြောင်းကြားလိုက်ပါတယ်။ ရဲအဖွဲ့ကလည်း မစ္စက်ကာဆဲလ်တန်ရဲ့ နေအိမ်ကို ရောက်လာပြီး အမှုနဲ့ပတ်သက်လို့ လိုအပ်တဲ့ အချက်အလက်တွေကို စုံစမ်းမေးမြန်းပါတယ်။ တစ်ချိန်တည်းမှာပဲ အခိုးခံရတဲ့ လက်ဝတ်လက်စားတွေရဲ့ အရွယ်အစား၊ အလေးချိန် စတဲ့ အမှတ်အသားတွေကိုပါ မေးမြန်းမှတ်သားပါတယ်။ အဲဒီအချိန်က ဂျော့တောင်းမှာ ဒီလိုအဖိုးတန်ပစ္စည်း ဖောက်ထွင်းခိုးယူမှုတွေဟာ နေ့စဉ်နဲ့အမျှ ဖြစ်ပွားနေတာဆိုတော့ ရဲတွေအတွက် ဒီအမှုဟာ သိပ်ပြီး အရေးကြီးလှတယ်လို့ မဟုတ်ပါဘူး။ ဖြစ်ရိုးဖြစ်စဉ်တွေထဲက အမှုတစ်ခုပါပဲ။ ဒါ့ကြောင့် ဒီအမှုမှာ ခြေရာလက်ရာ သဲလွန်စရယ်လို့ လုံးဝရှာမတွေ့ဘဲ မသင်္ကာစရာလူဆိုလို့လည်း ဘယ်သူ့ကိုမှ ရေရေရာရာ မစွပ်စွဲနိုင်အောင် ဖြစ်နေခဲ့ပါတယ်။

ဒီလိုနဲ့ ဒီအမှုဟာ တဖြည်းဖြည်း ရက်ကြာပြီး မျှော်လင့်ချက် မရှိသလောက် ဖြစ်လာတော့ မစ္စတာနဲ့ မစ္စက်ကာဆဲလ်တန်တို့ရဲ့ သားအကြီးဆုံး ဝါရှင်တန်မှာနေတဲ့ ဂျိမ်းစ်ကာဆဲလ်တန်ဟာ မကျေမနပ်နဲ့ ဂျော့တောင်းမြို့ကို လိုက်လာပြီး တစ်နည်းနည်းနဲ့ တစ်မျိုးတစ်ဖုံစီစဉ်ဖို့ သူ့မိဘတွေကို တိုက်တွန်းပါတယ်။ နောက်ဆုံးကျတော့ သူတို့မိသားစု မျက်နှာစုံညီ အကြိတ်အနယ် တိုင်ပင်ဆွေးနွေး ကြပြီး 'အယ်လ်ပါဆိုမြို့က လက်နှစ်ဖက်ပြတ်နေတဲ့ အလွတ်စုံထောက် ဂျေအားမီးကို ငှားရအောင်' ဆိုပြီး ဂျိမ်းစ်ကာဆဲလ်တန်ဟာ ကျွန်တော့်ဆီ ရောက်လာတာပါပဲ။

'ဒီမယ် မစ္စတာအားမီး၊ အခု ဒီအမှုမှာ အခိုးခံရတဲ့စိန်တွေရဲ့ တန်ဖိုးက အကြောင်းမဟုတ်ပါဘူး'

ဂျိမ်းစ်က ကျွန်တော့်ကို စပြောပါတယ်။

'ဒီစိန်တွေဟာ သူ့တန်ဖိုးနဲ့သူ မသေးဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့





ကျွန်တော်တို့အနေနဲ့ ဒါကို အစားပြန်ဝယ်မယ်ဆိုရင် ဝယ်နိုင်တဲ့ အခြေအနေရှိပါတယ်။ သို့သော်လည်း အစားပြန်ဝယ်တဲ့ စိန်တွေနဲ့ ပျောက်သွားတဲ့ စိန်တွေဟာ ဘယ်လိုမှ မတူနိုင်ပါဘူး။ ကျွန်တော်ဆိုလိုတာက ငွေကြေးတန်ဖိုးကို ပြောတာမဟုတ်ပါဘူး။ မိသားစုအစဉ်အဆက် အမြတ်တနိုးထားရမယ့် တန်ဖိုးကို ဆိုလိုတာပါ။ အထူးသဖြင့် ကျွန်တော့်အမေဟာ သူငယ်ငယ်ကတည်းက တောင်အာဖရိကမှာ သူ့အဖေက သူ့အတွက် ရည်စူးပြီး အနှစ်နှစ် အလလ စုဆောင်းလို့ရတဲ့ ငွေနဲ့ ဝယ်ထားတဲ့ပစ္စည်းမို့ ဘယ်လိုမှ ငွေနဲ့ကြေးနဲ့ တန်ဖိုးဖြတ်လို့ မရတဲ့ပစ္စည်းတွေ ဖြစ်နေပါတယ်'

ဂျိမ်းစ်ကာဆဲလ်တန်က ကျွန်တော့်ကို အမှုအပ်ရင်းနဲ့ သူတို့မိသားစုရဲ့ သဘောထားကို အကျယ်တဝင့် ရှင်းပြပါတယ်။ ဟုတ်ပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့တော့ ကာလပေါက်ဈေးနဲ့ ၈ သိန်းလောက်တန်တဲ့ လက်ဝတ်လက်စားတွေကို မီးအာမခံသေတ္တာထဲမှာ နှစ်ပေါင်း ငါးဆယ်တစ်ရာကြာအောင် သော့ခတ်ပြီး အမြတ်တနိုး သိမ်းထားနိုင်တဲ့ အင်အားမရှိပါဘူး။ ဒါပေမဲ့ အခု မစ္စတာဂျိမ်းစ်ပြောတဲ့ "ဆွေစဉ်မျိုးဆက် အမြတ်တနိုး တန်ဖိုးထားခဲ့တဲ့ပစ္စည်း" ဆိုတာ တော့ နားလည်သဘောပေါက်ပါတယ်။ ဒီမြတ်နိုးမှုအတွက် သူတို့စိတ်ထဲမှာ ဘယ်လောက် ခံစားနေရတယ်ဆိုတာလည်း ကိုယ်ချင်းစာမိပါတယ်။

ဒါနဲ့ ကျွန်တော်က သူခိုးခိုးခံရတဲ့ လက်ဝတ်လက်စားတွေနဲ့ ပတ်သက်ပြီး အရွယ်အစား အလေးချိန် အမှတ်အသားနဲ့ ပုံသဏ္ဌာန်တွေကို တစ်ခုချင်း မေးကြည့်ပါတယ်။ မစ္စတာဂျိမ်းစ်ကလည်း သူ့မှာ အသင့်ပါလာတဲ့ အာမခံကုမ္ပဏီက ရာဖြတ်တစ်ဦးရဲ့ မှတ်တမ်းစာရွက်ကို ထုတ်ပေးပါတယ်။ ဒီလက်ဝတ်ရတနာ တွေဟာ အာမခံလုပ်ထားတဲ့ ရတနာတွေဆိုတော့ လက်ဝတ်လက်စားတစ်ခုစီရဲ့ အသေးစိတ်မှတ်တမ်းတွေ အသင့်ရှိပြီးသား ဖြစ်ပါတယ်။ အဲဒီမှတ်တမ်းစာရွက်အရ ၇ ရတီရှိတဲ့ စိန်လက်စွပ်တစ်ကွင်း၊



www.burmeseclassic.com

www.burmeseclassic.com



၅ ရတီရှိတဲ့ လက်စွပ်တစ်ကွင်း၊ ပလက်တီနံကွင်းထားတဲ့ ဘဲဥပုံ စိန်လက်စွပ်တစ်ကွင်းနဲ့ တခြားစိန်ဆွဲကြိုး၊ စိန်လက်ကောက်၊ စိန်လည်တုံ စတဲ့ လက်ဝတ်ရတနာတွေရဲ့ စာရင်းကို တွေ့ရပါတယ်။

အဲဒီနောက် အိမ်ကို သူခိုးက ဘယ်လို ဖောက်ထွင်းဝင်ရောက်ပြီး ဘယ်လိုခိုးတယ်ဆိုတာ အသေးစိတ် မေးကြည့်တော့ ဂျိမ်းစ်ရဲ့ပြောပြချက်အရ အိမ်တံခါးမကြီးနဲ့ ပြတင်းပေါက်တွေမှာ ဘာမှကျိုးပဲ့ပျက်စီးနေတာ မတွေ့ရဘူးလို့ သိရပါတယ်။ နောက်တစ်ခု ထူးဆန်းတာက အိမ်ထဲမှာ တခြား အဖိုးတန်တဲ့ ငွေထည်ပစ္စည်းတွေ၊ အဖိုးတန်လှသုံးကုန်ပစ္စည်းတွေနဲ့ အဖိုးတန် ပန်းချီကားတွေ ရှိနေပေမယ့် အဲဒီပစ္စည်းတွေအားလုံး တစ်ခုမှ ခြေရာလက်ရာ မပျက်ဘဲ ရှိနေတယ်ဆိုတဲ့ အချက်ပါပဲ။ ဒါနဲ့ ကျွန်တော်က ဒီအိမ်ကို မကြာခဏ ဝင်ထွက်သွားလာတတ်ကြတဲ့ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းတွေရဲ့စာရင်းကို လိုချင်ပါတယ်ဆိုတော့ ဂျိမ်းစ်က အဲဒီလိုသာ စာရင်းပေးရမယ်ဆိုရင်တော့ လူနာမည်တွေဟာ ရာနဲ့ချီပြီး ရှိနေလိမ့်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်ကလည်း အရေအတွက် ဘယ်လောက်ပဲများများ အရေးမကြီးပါဘူး။ အရေးကြီးတာက အဲဒီစာရင်းထဲမှာ တစ်ယောက်မှ မေ့မကျန်ခဲ့ဖို့ပါပဲလို့ ပြောရတယ်။

ဒါပြီးတော့ ကျွန်တော်လိုချင်တာက ဒီအိမ်မှာ အမြဲနေကြတဲ့ အိမ်သားတွေနဲ့ အမြဲတစေ ဝင်ထွက်သွားလာနေကြတဲ့ ဆွေမျိုးသားချင်းတွေရဲ့ စာရင်းကို သီးခြားလုပ်ပေးဖို့နဲ့ အဲဒီဆွေမျိုးသားချင်းတွေ အိမ်သူအိမ်သားတွေထဲက ဒီလက်ဝတ်ရတနာတွေ ဘယ်မှာရှိတယ်၊ ဘယ်မှာသိမ်းထားတယ်ဆိုတာ သိတဲ့လူတွေကိုလည်း ကျွန်တော့်ကို ပြောပြဖို့ပါပဲ။ ဂျိမ်းစ်ကာဆဲလ်တန်ဟာ ကျွန်တော်က အဲဒီလို ပြောလိုက်တော့ အတော်ကလေး အံ့အားသင့်သွားပြီး မျက်နှာကွက်ခနဲ ပျက်သွားပါတယ်။ သူက သူတို့မိသားစုတွေနဲ့ ဆွေမျိုးစဉ်ဆက်တွေဟာ ဘာသာရေးကို အင်မတန် ရှိသေကိုင်းညွှတ်ကြပြီး





မိသားစု ဆွေမျိုးအချင်းချင်း တစ်ဦးတစ်ယောက်ရဲ့ပစ္စည်းကို တခြား တစ်ယောက်က ခိုးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ကြောင်းနဲ့ စဉ်းစားလို့တောင် မရတဲ့ အကြောင်း ခါးခါးသီးသီး ပြန်ပြောပါတော့တယ်။

ကျွန်တော်ကလည်း သူ့စိတ်ထဲမှာ ဘယ်လိုခံစားလိုက်ရတယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမဲ့ ခက်တာက ကျွန်တော် တွေ့ဖူး ကြုံဖူးတဲ့ ဒီလို အမှုတွေ အတော်များများမှာ ကာယကံရှင် အမှုသည်တွေဟာ ဒီလိုမျိုးချည်ပါပဲ။ ဒီအမှုမှာဖြင့် ဘယ်သူ့ကိုတော့ ဘယ်လိုမှ သံသယဖြစ်စရာ မရှိပါဘူး။ ဘယ်သူဟာတော့ ဘယ်နည်းနဲ့မှ တရားခံမဖြစ်နိုင်ဘူး၊ ဘယ်ပုဂ္ဂိုလ်ကတော့ လုံးဝ ယုံကြည်စိတ်ချ ရပါတယ်ဆိုတဲ့ စကားမျိုးတွေကို အနိုင်အမာ ပြောလာခဲ့ကြပြီး နောက်ဆုံးကျတော့မှ 'ဒီလူ ဘယ်လိုများဖြစ်သွားတာပါလိမ့်၊ ဒီအမျိုးသမီးအစက ဒီလိုမဟုတ်ပါဘူး'ဆိုတဲ့ စကားလုံးတွေနဲ့ အံ့ဩလို့ မဆုံးအောင် ဖြစ်သွားခဲ့ကြပါတယ်။

ဒါ့ကြောင့် ကျွန်တော်ဟာ ဒီအမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ စုံစမ်းထောက်လှမ်းချင်ပါတယ်။ ဒီလိုမှ စုံစမ်းထောက်လှမ်းခွင့်မရရင် ဒီအမှုကို လက်မခံပါရစေနဲ့လို့ အပြတ်ပြောရပါတယ်။ ပြီးတော့ ကျွန်တော်ဟာ ဒီအမှုနဲ့ ပတ်သက်လို့ ဆွေမျိုးသားချင်းတွေကို အခြောက်တိုက် သံသယဖြစ်ပြီး အသားလွတ် စွပ်စွဲချင်လို့ မဟုတ်ပါဘူး။ သူတို့နဲ့ပတ်သက်လို့ ကျွန်တော့်စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း ဖြစ်သွားစေချင်လို့ပါဆိုပြီး ရှင်းပြရပါတယ်။ အဲဒီတော့မှ ဂျိမ်းစ်ဟာ ကျွန်တော်ပြောတာကို သဘောပေါက်လက်ခံပြီး ကျွန်တော်လိုချင်တဲ့ စာရင်းတွေ အားလုံး ပေးပါမယ်လို့ ကတိပေးပါတယ်။

ဒါပေမဲ့ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင် အခုအထိ ကျွန်တော် စုံစမ်းလေ့လာ သိရှိထားရတဲ့ အချက်အလက်တွေအရ ဒီအမှုဟာ အတွင်းလူတစ်ယောက်ယောက်ရဲ့ လက်ချက်ပဲလို့ ကျွန်တော့်စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထစ်ချ ယူဆနေမိပါတယ်။ အထူးသဖြင့် အိမ်ထဲကို တစ်စုံတစ်ယောက် ဖောက်ထွင်းဝင်ရောက်တဲ့ လက္ခဏာမျိုး လုံးဝမတွေ့ရတာကို ထောက်ခြင်း အားဖြင့် ဒီလက်ဝတ်ရတနာတွေအကြောင်းကို အတွင်းသိ အစင်းသိထားတဲ့ မစ္စက်ကာဆဲလ်တန်နဲ့ နီးစပ်သူတစ်ယောက်က ခိုးသွားတာပဲဆိုတာ ထင်ရှား နေပါတယ်။ နောက်ပြီးတော့ အပြင်အပကလာတဲ့ သူခိုးဆိုရင် ဘယ်နည်း နဲ့မဆို ဒီစိန်လက်စွပ်၊ စိန်လက်ကောက်စတဲ့ လက်ဝတ်လက်စားတွေထားတဲ့ နေရာကို 'ဒက်ထိ' သိစရာအကြောင်း မရှိနိုင်ပါဘူး။ ထုံးစံအတိုင်း တခြားခိုးမှု ဖောက်ထွင်းမှုတွေလို ဗီရိုတွေ အံဆွဲတွေ သေတ္တာတွေကို အကုန်မွှေနှောက် ရှာဖွေပြီး တွေ့သမျှ အဖိုးတန်ပစ္စည်းတွေကို ယူသွားဖို့ ရှိပါတယ်။ အခုတော့ ဒီလိုခြေရာ လက်ရာမပျက် တခြားဘာပစ္စည်းမှလည်း ပါမသွားဘဲ လက်ဝတ် လက်စားတွေချည်းသက်သက် ရွေးယူသွားတယ်ဆိုတာ အင်မတန် စဉ်းစား စရာကောင်းပါတယ်။

ဒီလိုနဲ့ မကြာခင် ဂျိမ်းစ်ကာဆဲလ်တန် ကျွန်ုပ်တော် တောင်းထားတဲ့ စာရင်းတွေ လာပေးပါတယ်။ ကျွန်တော်လည်း အဲဒီစာရင်းထဲမှာပါတဲ့ လူတွေရဲ့နာမည်တွေနဲ့ အလုပ်အကိုင်တွေကို တစ်ယောက်ချင်း အသေးစိတ် လေ့လာပြီး အုပ်စုနှစ်စု ခွဲလိုက်ပါတယ်။ ပထမအုပ်စုထဲမှာ ဒီအိမ်ကို မကြာ ခဏ လာလည်ကြတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ၊ အိမ်နားနီးချင်းတွေ ပါပါတယ်။ ဒီအုပ်စုကို QC/1လို့ သတ်မှတ်လိုက်ပါတယ်။ အဓိပ္ပာယ်က တော့ ဒီလူတွေကို တစ်ယောက် အနည်းဆုံး ၁၀ မိနစ် အများဆုံး တစ်နာရီ လောက်ပဲ အချိန်ယူပြီး အမြန်လေ့လာ ကြည့်ရှုဖို့ Quick Check လုပ်ဖို့ပါပဲ။

ဒုတိယအုပ်စုကိုတော့ DC/24's လို့ သတ်မှတ်လိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ ဒီအုပ်စုထဲမှာပါတဲ့ လူတွေကို အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ပြီး လေးလေးနက်နက် အကဲခတ်ဖို့ Deep Check လုပ်ဖို့ပါပဲ။ ဒီအုပ်စုထဲမှာတော့ မစ္စက်ကာဆဲလ်တန်ရဲ့ ဆွေမျိုးသားချင်းတွေ ပါဝင်ပါ





တယ်။ အားလုံး ၁၀ ယောက် ရှိပါတယ်။ ဒါပေမဲ့ ပထမအကြိမ် စာရွက်ပေါ် က နာမည်နဲ့ အလုပ်အကိုင်တွေကို ကြည့်လိုက်ရုံနဲ့တော့ သူတို့တစ်တွေ အားလုံးဟာ မသင်္ကာစရာတစ်ယောက် မှ မရှိသလောက် ဖြစ်နေပါတယ်။ ဆွေမျိုးသားချင်းတွေ အားလုံးဟာ တစ်ယောက်မကျန် ချမ်းသာကြွယ်ဝတဲ့ လူတွေဖြစ်ပြီး လောလောဆယ် ဝင်ငွေကောင်းတဲ့ စီးပွားရေးသမားတွေချည်း ဖြစ်နေတာ တွေ့ရပါတယ်။

ဒါပေမဲ့ ကျွန်တော်ကတော့ စိတ်ထဲက မကျေနပ်သေးပါဘူး။ ဒါကြောင့် ကျွန်တော့်ကိုယ်စားလှယ် အလွှတ်စုံထောက်တွေနဲ့ အဆက် အသွယ်တွေကို အတိအကျ တာဝန်ပေးလိုက်ပါတယ်။ အထူးသဖြင့် ဆွေမျိုး သားချင်း ၁၀ ယောက်နဲ့ ပတ်သက်လို့ သူတို့ရဲ့ နောက်ကြောင်းရာဇဝင်တွေ၊ လက်ရှိစီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးအခြေအနေတွေနဲ့ နောက်ဆုံး သူတို့ရဲ့ သွားလာလှုပ်ရှားမှုတွေပါ လေ့လာစုံစမ်း ထောက်လှမ်းဖို့ တာဝန်ပေး လိုက်ပါတယ်။ မကြာခင် တစ်ရက်နှစ်ရက်အတွင်းမှာပဲ ကျွန်တော့်လူတွေ ဆီက စုံစမ်းထောက်လှမ်းလို့ ရသမျှ အချက်အလက် အစီရင်ခံစာတွေ ရောက်လာပါတယ်။ ဒီအစီရင်ခံစာတွေထဲမှာလည်း ပြောပလောက်အောင် မသင်္ကာစရာ အချက်အလက်ရယ်လို့ မတွေ့ရသလောက် ဖြစ်နေပါတယ်။

ဒါပေမဲ့ အဲဒီထဲကပဲ ကျွန်တော့်အနေနဲ့ သံသယဖြစ်မယ်ဆိုရင် ဖြစ် စရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို အမှတ်မထင်သွားပြီး သတိပြု လိုက်မိပါတယ်။ သူကတော့ တခြားမဟုတ်ပါဘူး။ "ဂျူန်းဟိသ်ကိုဘီ"ဆိုတဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ အဲဒီမိန်းကလေးဟာ မစ္စက်ကာဆဲလ်တန် မြေးတော်ပြီး အသက်ကတော့ ၂၀လောက်ပဲ ရှိပါလိမ့်မယ်။ ပြီးတော့ ဂျူန်း ဟာ ကျော့တောင်းတက္ကသိုလ် ကျောင်းသူတစ်ဦးဖြစ်ပြီး ပါရီမြို့ကိုလည်း မကြာခဏ အလည်အပတ် သွားလေ့ရှိတယ်လို့ အစီရင်ခံစာထဲမှာ တွေ့ရပါ တယ်။ အဲဒါအပြင် ဂျူန်းဟာ အဘွားကြီး မစ္စက်ကာဆဲလ်တန်နဲ့ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိပြီး သူ ပါရီကို အလည်သွားတဲ့အခါ မစ္စက်ကာဆဲလ်တန် ဝယ်ထားတဲ့အိမ်မှာပဲ တည်းတယ်လို့ သိရပါတယ်။

မစ္စဂျုန်းနဲ့ ပတ်သက်လို့ ကျွန်တော် အမှတ်မထင် သံသယ ဖြစ်စရာ တွေ့လိုက်ရတာက သူဟာ ဂျော့တောင်းမြို့မှာ သူ့အဘွား မစ္စက်ကာဆဲလ်တန်ရဲ့အိမ်ကို မကြာခဏ လာတတ်တယ်ဆိုတဲ့ အချက်ရယ်၊ အထူးသဖြင့် သူဟာ အဘွားကြီး ဥရောပကို နွေရာသီအားလပ်ရက် ခရီးထွက်သွားပြီးတဲ့နောက် မကြာခင်ကလေးမှာပဲ အဘွားကြီးအိမ်ကို ရောက်ခဲ့တယ်ဆိုတဲ့ အချက်တွေပါပဲ။ ကျွန်တော် ရှင်းအောင်ပြောရမယ်ဆိုရင် အဘွားကြီး မစ္စက်ကာဆဲလ်တန်တို့ ပြင်သစ်ကို ထွက်သွားပြီးနောက် သူ့အိမ်ကို ဆွေမျိုးထဲက ပထမဆုံးရောက်လာသူဟာ မစ္စဂျုန်း ဖြစ်နေပါတယ်။ အဲ...နောက်တစ်ခု ထူးခြားတာကတော့ အခုစိန်တွေပျောက်လို့ အဘွားကြီး ခေါင်းတောက်နေတဲ့အချိန်မှာ ဂျုန်းဟာ ဂျော့တောင်းမှာမရှိဘဲ ပါရီကို ရောက်နေတယ်လို့ သိရပါတယ်။

ဒါနဲ့ ကျွန်တော်လည်း ချက်ချင်းပဲ ပါရီမှာရှိတဲ့ ကျွန်တော့်အဖွဲ့ဝင် အလွတ်စုံထောက်တစ်ယောက်ကို ဂျုန်းနဲ့ ပတ်သက်လို့ စုံစမ်းထောက်လှမ်းပေးဖို့ အကြောင်းကြားလိုက်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်လူကို အတိအကျ ညွှန်ကြားရပါတယ်။ အဲဒီဂျုန်းဆိုတဲ့ ကောင်မလေးအကြောင်းကို စုံစမ်းရာမှာ သိပ်အလောတကြီးနဲ့ 'ပေါ်တင်ကြီး' ဖြစ်အောင်မလုပ်ဖို့နဲ့ အမြန်ဆုံး သိရအောင်လည်း ကြိုးစားဖို့ပါပဲ။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်ရဲ့ မှန်းဆထင်မြင်ချက်နဲ့ ကြိုးပမ်းဆောင်ရွက်ချက်ဟာ ဒီတစ်ချီမှာလည်း 'ဒက်ထိ' သွားတိုးနေတာ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက် ၂၄ နာရီကြာတဲ့အခါမှာ ကျွန်တော် တာဝန်ပေးထားတဲ့ ပါရီက အလွတ်စုံထောက်ရဲ့ စုံစမ်းထောက်လှမ်းချက်အရ ဂျုန်းဟာ ပါရီမှာ ပြတိုက်တွေနဲ့ စာကြည့်တိုက်တွေ လျှောက်သွားပြီး စိန်ဖြတ်တဲ့လုပ်ငန်းနဲ့ စိန်သွေးတဲ့





လုပ်ငန်းတွေကို လေ့လာစုံစမ်းနေတယ်ဆိုတာ အတိအကျ အခိုင်အမာ သိလိုက်ရလို့ပါပဲ။

အဲဒီအတောအတွင်းမှာပဲ ကျွန်တော်ဟာ ဂျော့တောင်းမှာရှိတဲ့ ကျွန်တော့်လူ အလွတ်စုံထောက်တစ်ယောက်ရဲ့ အကူအညီနဲ့ ဂျုန်းရဲ့ TBC ဆိုတဲ့ **Total Background Check** နောက်ကြောင်းရာဇဝင် အပြည့်အစုံ မှတ်တမ်းတစ်ခု ရခဲ့ပါတယ်။ အဲဒီမှတ်တမ်းထဲမှာ ဂျုန်းရဲ့ ဝါသနာပါတဲ့ လုပ်ငန်းတွေ၊ သူ့ရဲ့ စရိုက်လက္ခဏာတွေ၊ သူ့မိတ်ဆွေ အပေါင်းအသင်းတွေ၊ ပညာသင်ကြားရေးမှတ်ချက်တွေ၊ သူစိတ်ဝင်စားတဲ့ ဘာသာရပ်တွေ၊ သူ နေ့စဉ်လုပ်နေကျ အလုပ်တွေအပြင် သူငယ်ငယ်တုန်းက ဖြစ်ခဲ့ဖူးတဲ့ ရောဂါတွေပါမကျန် အပြည့်အစုံပါပါတယ်။ ကျွန်တော်ဟာ ဂျုန်းရဲ့ အဲဒီကိုယ်ရေးရာဇဝင်မှတ်တမ်းကိုကိုင်ပြီး ဝါရှင်တန်မှာရှိတဲ့ ဂျိမ်းစ်ကာဆဲလ်တန်နဲ့ သွားတွေ့ပါတယ်။ သူနဲ့ တွေ့တွေ့ချင်း ကျွန်တော်က သူ့ကို ဒီစိန်တွေ ပျောက်ဆုံးမှုနဲ့ ပတ်သက်လို့ တရားဥပဒေအရ လိုအပ်သလို ဆောင်ရွက်ဖို့ သူတို့မိသားစုက ကျွန်တော့်ကို အာဏာကုန်လွှဲတဲ့ "ပါဝါလွှဲစာ" တစ်စောင် ရေးပေးဖို့ ပြောလိုက်ပါတယ်။ သူလည်း ရုတ်တရက်တော့ ကြောင်သွားပါတယ်။ နောက်မှ ကျွန်တော့်ရဲ့ လေးနက်တည်ကြည်တဲ့ မျက်နှာကို ကြည့်ပြီး "ပါဝါလွှဲစာ"ကိုရအောင် လုပ်ပေးပါမယ်။ ဒါပေမဲ့ အချိန်တော့ စောင့်ရမယ်လို့ ပြန်ပြောပါတယ်။ ကျွန်တော်ကလည်း ဒီနေ့ညပဲ အရေးတကြီး ခရီးသွားစရာရှိလို့ လေယာဉ်မထွက်ခင် ည ၉ နာရီအတွင်း ရအောင် စီစဉ်ပေးဖို့ လောဆော်လိုက်ရပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်သွားမယ်၊ ဘာကိစ္စနဲ့ သွားမယ်ဆိုတာတော့ သူ့ကို လုံးဝ ဖွင့်မပြောခဲ့ပါဘူး။

အဲဒီနောက် ကျွန်တော်ဟာ ဝါရှင်တန်မြို့တော်က စိန်ရောင်းဝယ်ရေး ဌာနတစ်ခုကို သွားပြီး အဲဒီမှာရှိတဲ့ ကျွန်တော့် မိတ်ဆွေတစ်ယောက်ဆီက အကူအညီတစ်ခု တောင်းခဲ့ပါတယ်။ ကျွန်တော်တောင်းတဲ့ အကူအညီက တခြားမဟုတ်ပါဘူး။ စိန်အရောင်းအဝယ်သမားတွေကိုင်တဲ့ လက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကလေးတစ်လုံးနဲ့ အဲဒီထဲမှာ ပထမတန်းစား စိန်နမူနာကလေးတွေ ထည့်ပေးဖို့ပါပဲ။ တကယ်တော့ ကျွန်တော်ဟာ ဒီစိန်နမူနာတွေကို ဝယ်တာ မဟုတ်ပါဘူး။ ခေတ္တခဏ ငှားရံ ငှားခဲ့တာပါ။ ကျွန်တော်ဟာ အဲဒီ စိန်ရောင်း ဝယ်ရေးဌာနမှာပဲ တစ်နေကုန်ခဲ့ရပြီး ညနေ ၄ နာရီထိုးမှ ကျွန်တော် လိုချင် တာတွေ ရခဲ့ပါတယ်။ အဲဒီဆိုင်က ထွက်လာတဲ့အချိန်မှာတော့ ကျွန်တော်ဟာ စိန်အရောင်းအဝယ်သမားတွေကိုင်တဲ့ လက်ဆွဲသေတ္တာကလေးကို ကျွန်တော့် လက်ယာဘက်မှာ သော့ခတ်ထားတဲ့ သံကြိုးကလေးတွဲလောင်းနဲ့ တကယ့်စိန် ကုန်သည်တစ်ဦး ဖြစ်လာခဲ့ပါပြီ။ အရေးထဲမှာ ကျွန်တော့်မိတ်ဆွေ လီယွန်က သတိပေးလို့ ကျွန်တော့် စိန်သေတ္တာကလေးထဲက နမူနာ စိန်ကလေးတွေရဲ့ ဈေးနှုန်းကို စာရွက်နဲ့ ရေးမှတ်ခဲ့ရာမှာ သုညတွေ မမှားအောင် အတော်သတိ ထားခဲ့ရပါသေးတယ်။

ဂျိမ်းစ်ကာဆဲလ်တန်ဟာ သူ့ကတိအတိုင်း လေဆိပ်ကို အချိန်မီ ရောက်လာပြီး သူတို့မိသားစုရဲ့ တရားဝင်ကိုယ်စားလှယ်လွှဲစာကို ကျွန်တော့် လက်အရောက် သူကိုယ်တိုင် ပေးလာပါတယ်။ သူ့မျက်နှာမှာ အံ့သြပြီး မဖေခွဲနိုင်တဲ့ အမူအရာတွေ အထင်းသားပေါ်နေပေမယ့် သူဟာ ကျွန်တော့်ကို ဘာတစ်ခွန်းမှ မမေးဘဲ နေပါတယ်။ ဒီလိုနဲ့ နောက်ဆုံး ည ၉ နာရီတိတိမှာ ကျွန်တော်ဟာ အပြည်ပြည်ဆိုင်ရာ ဒါးလက်စ်လေဆိပ်ကနေပြီး ၇၄၇ ဂျက် လေယာဉ်ကြီးနဲ့ ပြင်သစ်နိုင်ငံ ပါရီမြို့ကို လိုက်ပါခဲ့ပါတယ်။

နောက်တစ်နေ့မနက်ကျတော့ ကျွန်တော်ဟာ ပါရီမြို့တော်ကို ဆိုက် ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါတယ်။ ရောက်ရောက်ချင်းပဲ အဘွားကြီး ကာဆဲလ်တန် ဝယ်ထားတဲ့အိမ်ကို ဖုန်းလှမ်းဆက်ပြီး "ဂျူန်းဟိသ်ကိုဘီ" ဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ရပါစေလို့ ခွင့်တောင်းလိုက်ပါတယ်။ ကျွန်တော် သတင်းရထားတဲ့အတိုင်း အဲဒီအိမ်မှာတည်းနေတဲ့ ဂျူန်းနဲ့ တစ်ခါတည်း တန်းတွေ့တာပါပဲ။ ဒါနဲ့ ကျွန်တော်ကပဲစပြီး ကျွန်တော်ဟာ နယူးယောက်





ကလာတဲ့ စိန်ကုန်သည်တစ်ဦးဖြစ်တဲ့အကြောင်း၊ ကျွန်တော့်မိတ်ဆွေ ဂျွန်ကလပ်ဆိုတဲ့လူက ပြောလိုက်လို့ မစ္စဂျူန်းနဲ့ တွေ့ချင်တဲ့အကြောင်း ဖုန်းထဲက ပြောလိုက်ပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ဒီ 'လုံကြွတ် ဓာတ်လမ်း'အတွက် အဘက်ဘက်က ကြိုတင် လေ့လာပြင်ဆင်ပြီးသားပါ။ ကျွန်တော်ပြောတဲ့ ဂျွန်ကလပ်ဆိုတဲ့လူဟာ ဂျူန်းရဲ့သူငယ်ချင်း ဂျော့တောင်း တက္ကသိုလ် ကျောင်းသားတစ်ယောက်ဖြစ်ပြီး လောလောဆယ် ဂျွန်ကလပ် ဟာ သူ့မိသားစုနဲ့ အားလပ်ရက် ခရီးရှည်ထွက်နေတယ်ဆိုတာ သိထား ပြီးသားပါ။ အဲဒီတော့ ကျွန်တော့်ကိုယ်ကျွန်တော် ဂျွန်ကလပ်ရဲ့မိတ်ဆွေ နယူးယောက်မြို့တော် "ရတနာကုမ္ပဏီ" က စိန်အရောင်းကိုယ်စားလှယ် "ဂျေအာမက်တစ်"ပါလို့ ပြောလိုက်တာကို ဂျူန်းအနေနဲ့ ဟုတ်မဟုတ် မှန်မမှန်ပြန်ပြီး စစ်ဆေးမေးမြန်းနေဖို့ အချိန်မရဘူးဆိုတာ ကျွန်တော် သိနေပါတယ်။ ဒါကြောင့် ဒီလုံကြွတ်ဓာတ်လမ်းကို စောစောကတည်းက ခေါင်းထဲမှာ အကွက်ရိုက်ထားပြီးသားပါ။

အခု ကျွန်တော် မျှော်လင့်ထားတဲ့အတိုင်း ဂျူန်းဟာ ကျွန်တော့်ဓာတ် ကွက်ထဲ တည့်တည့်ကြီး ဝင်လာပါပြီ။ တယ်လီဖုန်းထဲမှာ သူ့အသံဟာ ဖော်ဖော်ရွေရွေနဲ့ သွက်သွက်လက်လက်ပါပဲ။ ကျွန်တော်က အလုပ်ကိစ္စ တစ်ခုအတွက် အေးအေးဆေးဆေး စကားပြောရအောင် ဒီနေ့ နေ့လယ်စာ စားဖို့ ဖိတ်ချင်ပါတယ်ဆိုတော့ ဂျူန်းက ဝမ်းသာအားရနဲ့ ကျွန်တော့် ဖိတ် ကြားချက်ကို လက်ခံလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်က နေ့လယ် ၁၂နာရီ တိတိမှာ လာခေါ်ပါမယ်လို့ ချိန်းလိုက်ပါတယ်။ ချိန်းထားတဲ့အတိုင်း နေ့လယ် ၁၂ နာရီတိတိအချိန်မှာ ကျွန်တော်ဟာ အင်မတန် ခန့်ညားတဲ့ ရိုးလ်စ်ရွိုက်စ်ကားကြီးနဲ့ ဂျူန်းရဲ့အိမ်ရှေ့ကို အသင့်ရောက်နေခဲ့ပါတယ်။ အဲ...အဲဒီကားကြီးကို ဒရိုက်ဘာယူနီဖောင်း စမတ်ကျကျဝတ်ပြီး မောင်းလာ တဲ့ ကားသမားကတော့ တခြားမဟုတ်ပါဘူး။ ပါရီက ကျွန်တော့် ကိုယ်စား လှယ် အလွတ်စုံထောက် ကလော်ဒီပါပဲ ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဓာတ်ကွက်ကတော့ ဝင်ပြီးရင်း ဝင်ရင်းပါပဲ။ မစ္စဂျုန်းဟာ အပေါ်ထပ်က ဆင်းလာပြီး တကယ့်ဂုဏ်သရေရှိ အထက်တန်းလွှာ သန်းကြွယ်သူဌေးတွေမှ စီးလေ့ရှိတဲ့ ရိုးလ်စ်ရွိုက်စ် ခိုမ်ခ်ကားကြီးကို ရုတ်တရက် အံ့သြတဲ့မျက်နှာနဲ့ တစ်ချက်ကြည့်လိုက်ပြီး ကားထဲက "စိန်ကုန်သည်" ကျွန်တော့်ကိုလည်း အထင်ကြီးသွားတဲ့ အမူအရာနဲ့ပြုံးပြရင်း ကားပေါ်ကို တက်လိုက်ပါတယ်။ ကျွန်တော်ကလည်း ဂျုန်းကို အချိုသာဆုံး၊ အယဉ်ကျေးဆုံးမျက်နှာနဲ့ပြန်ပြုံးပြရင်း ကျွန်တော့်ဒရိုင်ဘာကို 'လီယွန်နေ့စ် မောင်းပါ'လို့ အမိန့်ပေးလိုက်ပါတယ်။ "လီယွန်နေ့စ်" ဆိုတာ အားလုံး သိကြတဲ့အတိုင်း ပါရီရွှေမြို့တော်မှာ အကောင်းဆုံး စားသောက်ဆိုင်ကြီးပါပဲ။ ဒီလိုနဲ့ ကားကြီးပေါ်မှာ နှစ်ယောက်သားငြိမ့်လာရင်း နဲ့ ကျွန်တော်ဟာ ဂျုန်းကို မသိမသာ အကဲခတ်လာခဲ့ပါတယ်။

တကယ်တော့ ဂျုန်းဟာ မိန်းမချောလေးတစ်ယောက်ပါ။ မျက်နှာသွယ်သွယ်နဲ့ နှုတ်ခမ်းကလေးတွေ ရဲတွတ်နေပြီး ရှည်လျားပျော့ပျောင်းတဲ့ ငွေရောင်ဆံပင်ဖားလျားကြားက သူ့မျက်နှာကလေးဟာ ရွှေမင်းသမီးကလေးတစ်ပါးလို နုနယ်သိမ်မွေ့လှပါတယ်။ သူကလည်း ကျွန်တော့်ကို လေးစားတဲ့ အမူအရာနဲ့ ပြန်အကဲခတ်ရင်း သူ့သူငယ်ချင်း ဂျွန်ကလပ်က "ဂျေအာမစ်တစ်"ဆိုတဲ့ မိတ်ဆွေတစ်ယောက်အကြောင်း တစ်ခါမှပြောသံမကြားဖူးလို့ အခုလို ရုတ်တရက် တွေ့လိုက်ရတော့ အံ့အားသင့် ဝမ်းသာရပါတယ်လို့ ယဉ်ယဉ်ကျေးကျေး ပြောလာပါတယ်။ ကျွန်တော်ကလည်း ဂျွန်ကလပ်ဟာ ကျွန်တော့်အကြောင်းကို ပြောတော့ ပြောဖူးမှာပါ။ မစ္စဂျုန်းက မမှတ်မိလို့ နေပါလိမ့်မယ်လို့ ပြောရိုးပြောစဉ် ပြန်ပြောလိုက်ရပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော် တစ်ကွက်မှားသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျုန်းက 'တခြားလူတွေကို မမှတ်မိဘူးဆိုတာ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ လက်နှစ်ဖက်စလုံး ပြတ်နေပြီး သံချိတ်ကြီးတွေနဲ့ လက်အတုတပ်ထားရတဲ့ မိတ်ဆွေတစ်ယောက်အကြောင်း ပြောဖူးရင်တော့





ကျွန်မ မမှတ်မိစရာ မရှိပါဘူး'လို့ ပြန်ပြောလိုက်ပါတယ်။ ကျွန်တော်လည်း အဲဒီကျမှ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်သတိရပြီး တခြားအကြောင်းအရာတစ်ခုကို စကားပြောင်းလိုက်ရပါတယ်။ တော်ပါသေးရဲ့ အဲဒီအချိန်မှာပဲ စားသောက်ဆိုင်ရှေ့ ရောက်လာပြီး စကားလည်း ပြတ်သွားကြပါတယ်။

လီယွန်နေ့စ်စားသောက်ဆိုင်ကလည်း နာမည်ကြီးသလောက် အစားအသောက်တွေက အပျံစားချည်းပါပဲ။ အစားအသောက်တွေက အရသာရှိသလောက် စားပွဲထိုးခေါင်းဆောင် မွန်စီယာပိုင်အိုလက်ရဲ့ မျက်နှာကလည်း အချိုပေါ် သကာလောင်းထားသလိုပါပဲ။ ကျွန်တော်ကလည်း အထက်တန်းအကျဆုံး စားသောက်ဆိုင်က အထက်တန်းအကျဆုံး အစားအသောက်တွေနဲ့ အထက်တန်းအကျဆုံး ပတ်ဝန်းကျင်မှာ အကျေနပ်ကြီး ကျေနပ်ပြီး ပီတိတွေဖြာနေတဲ့ ဂျုန်းရဲ့ မျက်နှာကိုကြည့်ရင်း၊ ကျွန်တော့် လံကြွတ်ဓာတ်လမ်းကိုပဲ ဆက်ပြီး ဓာတ်ကွက်ရိုက်ခဲ့ပါတယ်။ ကျွန်တော်ဟာ ကမ္ဘာကျော် "လီဗင်သာ ရတနာကုမ္ပဏီကြီး"ရဲ့ ဥရောပဆိုင်ရာ အထက်တန်း အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့အကြောင်း၊ အခုလောလောဆယ် ပါရီမှာ လက်လီလက်ကား စိန်အရောင်းအဝယ်ကိစ္စနဲ့ သုံးလေးရက်လောက်နေပြီး ဗူးရစ်၊ ဂျီနီဗာ၊ မာဆေး၊ မက်ဒရစ် စတဲ့ မြို့တွေကို အလုပ်ကိစ္စနဲ့ ခရီးဆက်စရာရှိတဲ့အကြောင်း စီကာပတ်ကုံး မစ္စဂျုန်းကို ပြောပြပါတယ်။

'ပါရီလိုမြို့မျိုးမှာ ရှင် သုံးလေးရက်ပဲ နေမယ်ဆိုတာတော့ နာတာပေါ့'

ဂျုန်းက ကျွန်တော့်ကို အားမလိုအားမရတဲ့ လေသံနဲ့ ရင်းရင်းနှီးနှီးပဲ ပြောလိုက်ပါတယ်။

'တကယ်လို့ ရှင်နေနိုင်မယ်ဆိုရင် ကျွန်မ ရှင့်ကို ဟိုဟိုသည်သည် လိုက် ပြချင်ပါတယ်။ တကယ်ပါ'

ကျွန်တော်ကလည်း ကျွန်တော့်မှာ အလုပ်ကိစ္စတွေက အရေးကြီးနေလို့ အလုပ်ကိုပဲ ဦးစားပေးနေရတဲ့အကြောင်းနဲ့ ဘာပဲဖြစ်ဖြစ် ပါရီမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သုံးလေးရက်ရှိနေတုန်း ဖြစ်နိုင်ရင် မစ္စဂျူန်းအားတဲ့နေ့မှာ ညစာ ဖိတ်ပြီး ကျွေးမွေးပြုစုပါရစေလို့ မေတ္တာရပ်ခံလိုက်ပါတယ်။ ဒီအချိန်မှာ ကျွန်တော့်ဘက်က ပိုင်ပြီးသားဆိုတာ ကျွန်တော် သိနေပါပြီ။ မပိုင်လို့လည်း မဖြစ်ဘူးလေ။ ဂျူန်းဟာ ကျွန်တော်စီးလာတဲ့ ရိုးလ်စ်ရွိုက်ဓိမ်ခံကားကြီးကို သဘောအကျကြီး ကျနေသလို ကျွန်တော်ခေါ်လာတဲ့ စားသောက်ဆိုင်ကို လည်း အကျေနပ်ကြီး ကျေနပ်နေပြီ မဟုတ်လား။ ပြီးတော့ ဒီလိုအထက် တန်းကျကျ နေနိုင် ထိုင်နိုင်တဲ့ ကျွန်တော့်ကိုလည်း အထင်ကြီး တစ်ခွဲသားနဲ့ ဖြစ်နေပြီဆိုတာ သေချာနေပါပြီ။ အဲဒီထဲမှာ သူ့အတွက် လောလောဆယ် အံ့ဝင်ခွင်ကျအဖြစ်ဆုံးကတော့ ကျွန်တော်ဟာ 'ဥရောပတိုက်လုံးဆိုင်ရာ စိန်အရောင်းကိုယ်စားလှယ်တစ်ဦး' ဖြစ်နေတာပါပဲ။

အဲဒီအချက်ဟာ စားသောက်ဆိုင်ကအပြန် ကားပေါ်မှာကျတော့ မအောင့်နိုင်တော့ဘဲ သူ့ပါးစပ်က ပွင့်ပွင့်လင်းလင်းနဲ့ ဘွင်းဘွင်းကြီး ထွက် လာပါတော့တယ်။ ဘယ်လိုလဲဆိုတော့ အခု ပါရီကို လာခဲ့ရာမှာ ကျွန်တော်နဲ့ အတူ စိန်နမူနာတွေများ ပါမလာခဲ့ဘူးလားလို့ ရုတ်တရက် ကောက်ခါငင်ခါ မေးလိုက်တာပါပဲ။ အဲဒီတော့ ကျွန်တော်ကလည်း 'စိန်နမူနာတွေ ပါပါ တယ်။ ဒါပေမဲ့ လောလောဆယ် အဲဒါတွေကို စိတ်ချရအောင် ပဋ္ဌမမြောက် ဂျော့ဘုရင်ဟိုတယ်က အာမခံဌာနမှာ အပ်ထားပါတယ်'လို့ ခပ်အေးအေး ခပ်မှန်မှန် ပြန်ပြောလိုက်ပါတယ်။

'အို...ဒီလိုဆိုရင် အဲဒီစိန်တွေကို ကျွန်မ ကြည့်ချင်လိုက်တာ'ဂျူန်းရဲ့ အသံနဲ့အမူအရာဟာ တကယ့် ကလေးလေးတစ်ယောက်လို ဟန်ဆောင်မှု မပါဘဲ မြူးကြွနေပါတယ်။

'ကျွန်မ စိတ်ထဲမှာ အခု ရှင် လုပ်နေတဲ့ စိန်ကုန်သည်အလုပ်ဟာ ကမ္ဘာပေါ်မှာ စိတ်ဝင်စားစရာ အကောင်းဆုံးလို့ ထင်တာပါပဲ'

'ဟုတ်ပါတယ်။ လောလောဆယ် ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုပဲ





ခံစားနေမိပါတယ်'လို့ ကျွန်တော်က ပြန်ပြောလိုက်ပါတယ်။ တကယ်ပါ၊ ကျွန်တော့်အနေနဲ့ ဒီစကားကို ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် အမှန်အတိုင်း စိတ်ထဲရှိ သလောက် ပြောလိုက်တာပါ။

'ဒါဖြင့် အဲဒီ နမူနာစိန်တွေကို ကျွန်မ ကြည့်လို့ မဖြစ်ဘူးလား'

ဂျူန်းက မေးလာပါတယ်။

ကျွန်တော်ကလည်း 'ဖြစ်ပါတယ်...ရပါတယ်'လို့ ပြန်ပြောလိုက်ပါ တယ်။

'ဒီလိုဆိုရင် ထမင်းစားဖိတ်တဲ့ ညကျတော့ ယူခဲ့မယ်လေ'လို့ ဆို တော့ ဂျူန်းဟာ တအောင့်လောက် စဉ်းစားသလို လုပ်နေပြီးမှ 'ကောင်းသား ပဲ'လို့ ပြောလိုက်ပါတယ်။ ပြီးတော့ တစ်ဆက်တည်း 'အဲဒီညကျရင် ကျွန်မ ဘာတွေ ဝတ်လာရရင် ကောင်းမလဲ'လို့ ရုတ်တရက် ကောက်မေးလိုက်ပါ တယ်။

'ဟာ...အဲဒီညကျရင်တော့ ရှိုးအကျဆုံး ဖြစ်အောင်သာ ဝတ်လာ ခဲ့ပေတော့ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ သွားမယ့်နေရာက ပါရီမှာ တကယ့်ထိပ်တန်းအကျဆုံး နေရာမို့လို့ပါ'

ဒါနဲ့ တိုတိုပဲ ပြောကြပါစို့။

အဲဒီနေ့ ညနေ ၇ နာရီတိတိအချိန်မှာ ဂျူန်းရဲ့တိုက်ခန်းရှေ့ကို ကျွန်တော် စီးလာတဲ့ ဓိမ်ခံကားကြီး ငြိမ့်ခနဲ ထိုးရပ်လိုက်တာနဲ့ ဂျူန်းကလည်း တိုက်ပေါ်က ငြိမ့်ခနဲ ဆင်းလာလိုက်တာ တကယ့်ကို ကိန္နရာမလေး ပျံဝဲလာ တဲ့ အတိုင်းပါပဲ။ အောက်ထပ်က အိမ်စေမလေးတစ်ယောက်ဆိုရင် ဂျူန်းကို ကားပေါ်တက်တဲ့အထိ ပြတင်းပေါက်က လိုက်ကာကလေးကို မပြီး ချောင်း ကြည့်နေတာ တွေ့ရပါတယ်။ ကြည့်လည်း ကြည့်ချင်စရာပါပဲ။ ဂျူန်းဟာ ပါရီမှာ အဲဒီအချိန်က အင်မတန်ခေတ်စားနေတဲ့ အဖြူရောင် ဆာတင်ဂါဝန် ရှည်ကြီးနဲ့ ဆင်စွယ်နှစ်လို ဖြူဖွေးနေတဲ့ သူ့ပခုံးသားကလေးတွေကို ဖော်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆင်မယဉ်သာလှမ်းသလို တစ်လှမ်းချင်း လှမ်းလာလိုက်တာများ တကယ် ငေးကြည့်စရာပါပဲ။ ပြီးတော့ သူ့နားနှစ်ဖက်မှာ တလက်လက် ဝင်းနေတဲ့ စိန်ခြယ်နားဆွဲကလေးတွေနဲ့ သူ့လက်ဝဲဘက်လက်ကောက်ဝတ်က စိန်လက်ပတ်ကလေးကလည်း သူနဲ့ အင်မတန် ပန်ရပြီး တကယ့်ဘုရင်မတစ်ပါး ကြွမြန်းလာလေသလားလို့တောင် အထင်မှားလောက်ပါတယ်။ ဟုတ်ပါတယ်။ ဒီနေ့ညအတွက်တော့ ဂျုန်းဟာ စွဲမက်စရာကောင်းတဲ့ မိန်းကလေး တစ်ယောက် မဟုတ်တော့ဘဲ ရင်သပ်ရှုမောစရာ အချောအလှတွေ စုဝေးနေတဲ့ တကယ့်အမျိုးသမီးတစ်ယောက် ဖြစ်နေပါတယ်။

'ကျွန်မတို့ ဘယ်သွားကြမလဲ'

ဂျုန်းက ကားထဲရောက်မှ ဣန္ဒြေရရနဲ့ မေးလိုက်ပါတယ်။

'ရောက်တော့ သိမှာပေါ့လေ၊ အဲဒီကျတော့ ဂျုန်း အံ့သြသွားပါလိမ့်မယ်'

ပါရီရဲ့ ညနေခင်းဟာ အင်မတန်လှပြီး နွေဦးရာသီမို့ နွေးနွေးထွေးထွေး ဖြစ်နေပါတယ်။ ကျွန်တော့် ဒရိုင်ဘာကလော်ဒီဟာ အလိုက်သိစွာနဲ့ ရှုးဒီးရီပိုလီ လမ်းမကြီးအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းလာခဲ့ရာက ဂျော့ပေါမီလမ်းကို ဖြတ်ကျော်ပြီး ပွန့်နူဖ်လမ်းဘက်ကို ချိုးဝင်လာခဲ့ပါတယ်။ ခပ်လှမ်းလှမ်းက ဒူးဗာ့ဂဲလန့်ပန်းခြံနံဘေးက ချောင်းကလေးမှာ ကမ္ဘာကျော် စာရေးဆရာကြီး အားနက်စ်ဟမ်းမင်းဝေး ငယ်ငယ်တုန်းက ငါးမျှားခဲ့တဲ့ နေရာကလေးကိုတောင် ကျွန်တော် တစ်ချက် လှမ်းကြည့်လိုက်မိပါသေးတယ်။ အဲဒီကမှတစ်ခါ ကျွန်တော်တို့ရဲ့ ဓိမ်ခံကားကြီးဟာ တစ်ဆစ်ချိုးကွေ့လိုက်ပြီး "လက်ဝဲဘက် ကမ်းနားလမ်း" ဘေးကနေ မီးရောင်တွေ ဖြာနေတဲ့ နာမည်ကျော် နော်တီဒိမ်းဘုရားရှိခိုးကျောင်းရှေ့ မလှမ်းမကမ်း တစ်နေရာမှာ ငြိမ့်ခနဲ ထိုးရပ်လိုက်ပါတော့တယ်။

'ကွင့်ဓိလာတိုနယ်လီပါ ခင်ဗျား'





ကားဆရာ "ကလော်ဒီ" က သံနေသံထားနဲ့ ဒွာန်ကရိဏ်းကျကျ ကြေညာလိုက်ပါတယ်။

ဟုတ်ပါတယ်။ အခု ကျွန်တော်နဲ့ ဂျုန်းဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးလို့ မဆိုနိုင်ရင်တောင် ပြင်သစ်နိုင်ငံမှာ အကောင်းဆုံးလို့ အသိအမှတ်ပြုထားရတဲ့ "ကွင်ဓိလာတိုနယ်လီ" စားသောက်ဆိုင်ကြီးရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေကြပါပြီ။ စိန့်မြစ်ရဲ့ သာယာလှပတဲ့ရှုခင်းနဲ့ နော်တီဒိမ်းဘုရားရှိခိုးကျောင်းရဲ့ စုလစ်မွန်းချွန်တွေက ဒီစားသောက်ဆိုင်ရဲ့ အရှိန်အဝါကို ပိုပြီး နာမည်ကြီးအောင် ဖန်တီးဖြည့်စွက်ပေးနေသလိုပါပဲ။

ကျွန်တော်ဟာ ကြိုတင်ပြီး "ဘွတ်ကင်" လုပ်ထားတဲ့အပြင် ပြတင်းပေါက်နဲ့ အနီးဆုံးထောင့်နားက စားပွဲဆီကို ဂျုန်းနဲ့အတူ ခပ်ဖြည်းဖြည်းတွဲလျှောက်သွားပါတယ်။ ရှေ့ပြတင်းပေါက်က မြင့်ရတဲ့ ပါရီမြို့ရဲ့ ဆည်းဆာအလှဟာလည်း ကျွန်တော်တို့အတွက် ဦးနှောက်အာဟာရတစ်ခု ဖြစ်နေပါတယ်။ ပထမဆုံး မှာလိုက်တဲ့ ယမကာကတော့ ရှန်ပိန်ပါပဲ။ ပြီးတော့မှ စားပွဲထိုးလုလင်ရဲ့ စီမံအကြံပေးချက်အရ ဝိုင်နဲ့ စားစရာတွေ တစ်ခုပြီးတစ်ခု ရောက်လာပါတယ်။ ပါရီတစ်မြို့လုံးမှာ ဒီတစ်ဆိုင်သာ ရနိုင်တဲ့ ငါးကောင်လုံးကြော်နဲ့ အင်မတန် နူးညံ့တဲ့ ဘဲပေါင်းဟာ လျှာပေါ်တွင် အရည်ပျော်သွားသလို အောက်မေ့ရပါတယ်။ ဝိုင်အရက်က လည်း ပထမတန်းစားပါပဲ။ ဒါပေမဲ့ ကျွန်တော့်မှာ 'အလုပ်တာဝန်'နဲ့မို့ ဝိုင်မသောက်ပါရစေနဲ့လို့ မစ္စဂျုန်းကို ကြိုတင် တောင်းပန်ထားရပါတယ်။ ဂျုန်းကတော့ ငယ်သူပီပီ စားလည်း စားနိုင် သောက်လည်း သောက်နိုင်ပါတယ်။ အစားအသောက်တွေကလည်း ပထမတန်းစားတွေချည်းပဲ မဟုတ်လား။ ဝိုင်အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေတဲ့ ဂျုန်းကို မသိမသာကြည့်ရင်း ကျွန်တော် ပြောချင်တဲ့ အကြောင်းအရာကို ရောက်အောင် စကားကို သွယ်ဝိုက်သိုင်းဝိုင်း နေရပါတယ်။

ဂျုန်းတစ်ယောက် အတော်ကလေးအရှိန်ရလို့ အချိန်လည်းကျရော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရေလာမြောင်းပေးတဲ့ မေးခွန်းတစ်ခုနဲ့ ဂျူန်းကို စကားခေါ်လိုက်ပါတယ်။ ကျွန်တော်က ဂျူန်းဟာ စိန်ရွှေရတနာ လက်ဝတ်လက်စားတွေကို အတော်ကလေး စိတ်ပါဝင်စားပုံရတယ်လို့ စကားပလ္လင်ခံပြီး အခုသူဝတ်လာတဲ့ စိန်နားဆွဲနဲ့ စိန်လက်ပတ်ကလေးဟာ ဘယ်တုန်းက ဘယ်မှာဝယ်ခဲ့တာလဲလို့ မေးလိုက်ပါတယ်။ အဲဒီတော့ သူကလည်း စိတ်ပါလက်ပါနဲ့ ဒီလက်ဝတ်ရတနာတွေကို ဘယ်ကမှ ဝယ်တာမဟုတ်ပါဘူး၊ သူ့အဘွားဆီက အမွေရတာပါလို့ ပြန်ပြောပါတယ်။ ပြီးမှ တစ်ဆက်တည်း သူ့အဘွားဆီက စိန်တွေဟာ ပထမတန်း အကောင်းစားစိန်တွေ ဖြစ်ပေမယ့် ဟိုရှေးခေတ်က လက်ရာတွေမို့ ခေတ်နောက်ကျပြီး "ပုံမလာ" တော့တဲ့အတွက် ဒီစိန်တွေကိုပဲ ခေတ်မီမီ ပုံသစ်ပုံဆန်းဖြစ်အောင် ပြန်လုပ်ဖို့ စိတ်ကူးနေတဲ့အကြောင်း စီကာပတ်ကုံး ပြောလာပါတယ်။

ဒီအချိန်မှာ ကျွန်တော်ဟာ ကိုယ့်အကြံနဲ့ကိုယ်ဆိုတော့ ဂျူန်းရဲ့စကားကို သိပ်ပြီးစိတ်ဝင်စားပုံမပြဘဲ သာမန်ကာရှန်ကာ နားထောင်သလိုပဲ နားထောင်နေခဲ့ပါတယ်။ ဒီလိုနဲ့ တခြားဟိုအကြောင်း သည်အကြောင်းတွေ လျှောက်ပြောကြရင်းက ယမကာနဲ့ စားစရာတွေ စားသောက်ပြီးလို့ ကော်ဖီချိန်ရောက်လာတဲ့အခါကျတော့မှ ကျွန်တော်က စားပွဲထိုးလုလင်တစ်ယောက်ကိုခေါ်ပြီး အပြင်က ကားပေါ်မှာ စောင့်နေတဲ့ ကျွန်တော့် ဒရိုင်ဘာကို ကျွန်တော့်ရဲ့စိန်နမူနာ လက်ဆွဲသေတ္တာကလေး ယူခဲ့ပါလို့ စာကလေး တစ်ကြောင်းရေးပြီး လွှတ်လိုက်ပါတယ်။ ခဏနေတော့ "ကလော်ဒီ" ဟာ လက်ဆွဲသေတ္တာကလေးနဲ့ ရောက်လာပြီး ကျွန်တော့်ကို တရိုတသေနဲ့ အဲဒီသေတ္တာကလေး လှမ်းပေးလိုက်ပါတယ်။ ပြီးတော့မှ တကယ့် "ပရပ်ရှင်းစစ်သား" တစ်ယောက်ပုံစံမျိုး သတိအနေအထားနဲ့ ခြေစုံရပ်လိုက်ရာက ခြေဖနောင့်နှစ်ဖက်ကို 'ဂွပ်' ခနဲ ရိုက်လိုက်ပြီးမှ အရိုအသေပေးပြီး ဟန်ပါပါနဲ့ ချာခနဲ လှည့်ထွက်သွားပါတယ်။ ကျွန်တော်ကတော့ သန်းကြွယ်သူဌေးရဲ့





ကားကို မောင်းနေတဲ့ ဒရိုင်ဘာတစ်ယောက်လို အိုက်တင်အပြည့် လုပ်သွားတဲ့ ကလော်ဒီကို ကြည့်ပြီး မရယ်မိအောင် အတော်သတိထားလိုက်ရပါတယ်။

ကလော်ဒီထွက်သွားပြီးတဲ့နောက် ကျွန်တော်က လက်ဆွဲသေတ္တာကလေးကို တယုတယနဲ့ ခပ်ဖြည်းဖြည်း ဖွင့်လိုက်ပြီး အထဲမှာ သူ့အကန့်နဲ့သူ တစ်လုံးချင်း တစ်လုံးချင်း စီထားတဲ့ စိန်တုံးကလေးတွေ ဂျူန်းကို ပြလိုက်ပါတယ်။ ဂျူန်းတစ်ယောက်ကတော့ မျက်လုံးကလေးတွေ ဝိုင်းဝိုင်းလည်ပြီး တအံ့တဩ ဖြစ်နေရှာပါတယ်။ ထိန်လင်းဝင်းလက်နေတဲ့ မီးရောင်အောက်မှာ သူ့မျက်လုံးတွေဟာ စိန်တုံးကလေးတွေနဲ့အပြိုင် တဖျပ်ဖျပ် တောက်ပနေပါတယ်။ တအောင့်လောက်နေတော့မှ ဂျူန်းဟာ သတိပြန်ရသလို ဖြစ်လာပြီး စိန်တွေကို ဈေးနှုန်း ဖြတ်တတ်သလားလို့ ကျွန်တော့်ကို မေးလိုက်ပါတယ်။

'ကျွန်တော့်အနေနဲ့ စိန်တွေကို အာမခံထားတဲ့နေရာမှာ အတတ်နိုင်ဆုံး နီးစပ်အောင် ဈေးနှုန်းဖြတ်ပေးခဲ့ရဖူးပါတယ်'

ကျွန်တော်က လေသံခပ်မှန်မှန်နဲ့ ခပ်အေးအေးပဲ ဖြေလိုက်ပါတယ်။

'ဘာလဲ၊ မစ္စတာဂျူန်းအနေနဲ့ စိန်တွေ အာမခံထားစရာ ကိစ္စရှိနေလို့လား'

သူဟာ ကျွန်တော့်မေးခွန်းကို ပါးစပ်က ပြန်မဖြေဘဲ သူ့လက်ပွေ့အိတ်ကို အသာဖွင့်ပြီး အထဲက စိန်လက်စွပ်တစ်ကွင်းကို ထုတ်ယူလိုက်ပါတယ်။ ဂျူန်းဟာ စိန်လက်စွပ်ကလေးကို လက်မနဲ့ လက်ညှိုးကြားမှာ ခပ်ဖွဖွကလေး ကိုင်ထားပြီး မသိမသာ လှုပ်ကစားပြလိုက်ပါတယ်။ အင်မတန်အကွက်လှလှ ဖော်ထားတဲ့ စိန်တုံးကလေးဟာ တဖျပ်ဖျပ် တောက်ပနေလိုက်တာ နေရောင်အောက်က ရေခဲတုံးကလေးတစ်တုံးလိုပါပဲ။

'တကယ်လှတာပဲ၊ စိန်ကတော့ အစစ်ပါပဲနော်'

ဂျူန်းဟာ ကျွန်တော့်ကို စိန်လက်စွပ်ကလေး လှမ်းပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ကျွန်တော့် လက်ဆွဲအိတ်ထဲက မှန်ဘီလူးကလေး ထုတ်ယူပြီး စိန်လက်စွပ်ကလေးကို ဘယ်ပြန်ညာပြန် ဖင်ပြန်ခေါင်းပြန်နဲ့ တကယ့်စိန်ကုန်သည် စိန်ပွဲစားကြီးတစ်ယောက်လို ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မျက်စိဟာ ဒီနေရာမှာ စိန်ကုန်သည် စိန်ပွဲစားတစ်ယောက် မျက်စိမျိုးမဟုတ်ဘဲ စုံထောက်တစ်ယောက်ရဲ့ မျက်စိမျိုးနဲ့ ကြည့်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း အခု ကျွန်တော့်လက်ထဲက စိန်လက်စွပ်ကလေးဟာ ဂျော့တောင်းမြို့က ပျောက်သွားတဲ့ စိန်လက်စွပ်ကလေးပဲဆိုတာ ချက်ချင်း သိလိုက်ပါတယ်။ ဂျိမ်းကာဆဲလ်တန် ကျွန်တော့်ကို ပြလိုက်တဲ့ အာမခံအမှတ်အသားတွေက တထေရာတည်း ဖြစ်နေပါတယ်။

'အဲဒီလက်စွပ်ကလေးကို ရှင် ဘယ်လောက် တန်တယ်လို့ ခန့်မှန်းမလဲ'

ဂျူန်းက မေးလိုက်ပါတယ်။

'ခန့်မှန်းခြေ ပြောရမလား၊ ဒေါ်လာတစ်သိန်းလောက်တော့ တန်မှာပေါ့။ ဒါ ကျွန်တော့်အထင် ပြောတာနော်'

'ဒါပဲလား'

ဂျူန်းက ဘဝင်မကျတဲ့ လေသံနဲ့ ပြန်ပြောလိုက်ပါတယ်။

'ကျွန်မက ဒီထက်မက တန်လိမ့်မယ် ထင်နေတာ'

ဟုတ်ပါတယ်။ သူ့အသံက အတော်ကလေး စိတ်ပျက်သွားတဲ့ အသံမျိုးပါပဲ။ ဒါကြောင့် ကျွန်တော်က လက်ဝတ်လက်စားဆိုတာ မူလတန်ဖိုးနဲ့ ပြန်ရောင်းတဲ့ တန်ဖိုးချင်းကွာတတ်တဲ့ သဘောကို ပြောပြရပါတယ်။ အခု ကျွန်တော်ပြောတာက မစ္စဂျူန်းနေနဲ့ ဒီစိန်လက်စွပ်ကို ပြန်ရောင်းရင် ရနိုင်မယ့်ဈေးကို ပြောတာပါလို့ လျှော့ချလိုက်ရပါတယ်။ ဒါပေမဲ့ သူဟာ ကျွန်တော့်စကားကို ကျေနပ်ဟန် မတူသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့လက်ပွေ့အိတ်ထဲက နောက်ထပ်ပစ္စည်းတစ်ခုကို ထုတ်လိုက်လို့ပါပဲ။





အဲဒီတစ်ခါထွက်လာတဲ့ ပစ္စည်းကတော့ ဘဲဥပုံ စိန်လက်စွပ်ကလေးတစ်ကွင်းပါပဲ။

'ဒါကလေးကကော ဘယ်လိုလဲ'

ဂျူန်းက ထပ်မေးလိုက်ပြန်ပါတယ်။ ဒီတစ်ခါတော့ သူ့အသံဟာ စိုးရိမ်တဲ့ လေသံမျိုးပေါက်နေပါတယ်။

ကျွန်တော်လည်း ခပ်စောစောကလိုပဲ ဟန်ပါပါနဲ့ လက်စွပ်ကလေးကို ဟိုကလှည့်ကြည့်၊ ဒီကလှည့်ကြည့်လုပ်ပြီးမှ ပြန်ပေးလိုက်ရင်း ဒါကလေးကတော့ ဒေါ်လာ ၇ သောင်းခွဲနဲ့ တစ်သိန်းကြားလောက်တန်မယ်လို့ ခန့်မှန်းရကြောင်း ပြောလိုက်ပါတယ်။ ဒါပေမဲ့ အခုလို ဘဲဥပုံသွေးထားတဲ့ စိန်မျိုးဟာ ရှားတဲ့အတွက် ဈေးနှုန်းကို အတိအကျပြောလို့ မရကြောင်းနဲ့ တစ်ခါတစ်ရံ ဒီလိုပုံမျိုးကိုမှ လိုချင်ပါတယ်ဆိုတဲ့ လူနဲ့တွေ့ရင် ဈေးပိုရတတ်ကြောင်း ဆက်ပြောလိုက် ပါတယ်။

'ကဲ..ဒီတစ်ခါတော့ မစ္စဂျူန်းကို ကျွန်တော်က ပစ္စည်းတစ်ခု ပြန်ပြရဦးမယ်' ပြောပြောဆိုဆိုနဲ့ ကျွန်တော်ဟာ အိတ်ထဲက ပစ္စည်းတစ်ခုကို အသာကလေး ထုတ်ပြီး သူ့ရှေ့က စားပွဲပေါ်မှာ တင်လိုက်ပါတယ်။ မစ္စဂျူန်းဟာ ကျွန်တော် ပြလိုက်တဲ့ပစ္စည်းကို အမှတ်မထင်ကြည့်ရင်းနဲ့ မြွေဟောက်တစ်ကောင်ကို မြင်လိုက်ရသလို တစ်ကိုယ်လုံး တုန်သွားပြီး နောက်ကို တွန့်ခနဲ ဖြစ်သွားပါတယ်။ တကယ်တော့ သူ့အနေနဲ့ အဲဒီပစ္စည်းဟာ မြွေဟောက်တစ်ကောင်ထက် ကြောက်စရာ ကောင်းနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ထုတ်ပြလိုက်တဲ့ ပစ္စည်းဟာ တခြားမဟုတ်ပါဘူး။ ကျွန်တော်ရဲ့ အလွတ်စုံထောက် မှတ်ပုံတင်ကတ်ပြား ဖြစ်နေလို့ပါပဲ။

'စုံထောက် ဟုတ်လား'

သူ့ပါးစပ်က လွှတ်ခနဲ အသံကျယ်ကျယ်ကလေး ထွက်သွားပါတယ်။

'ရှင်ဟာ... အလွတ်စုံထောက်တစ်ယောက်ပေါ့ ...ဟင်... ဟုတ်လား'



www.burmeseclassic.com

'ဟုတ်ပါတယ် ဂျူန်း'

ကျွန်တော်က အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်ပါတယ်။

'အဲဒီတော့ ကျွန်တော် ဘာရည်ရွယ်ချက်နဲ့ ဒီကတ်ပြားကို ထုတ်ပြလိုက်တယ်ဆိုတာ မစ္စဂျူန်း သိပါလိမ့်မယ်၊ သိတယ် မဟုတ်လား'

ဂျူန်းဟာ ဘာစကားမှ ပြန်မပြောနိုင်ဘဲ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ဖြစ်နေပါတယ်။ သူ့မျက်နှာဟာ လုံးဝသွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး တစ်ခဏချင်းမှာပဲ မျက်ရည်စတွေဟာ ပါးပြင်ပေါ်ကို တလိမ့်လိမ့်နဲ့ ကျလာပါတယ်။ တစ်ခုကောင်းသွားတာက ကျွန်တော်တို့ အခုထိုင်နေတဲ့ စားပွဲဟာ တခြားစားပွဲတွေနဲ့ ခပ်ဝေးဝေး အစွန်ဆုံးထောင့်နားမှာဆိုတော့ ကျွန်တော်တို့နှစ်ယောက် ဘာတွေ ပြောနေကြတယ်၊ ဘာတွေဖြစ်နေကြတယ်ဆိုတာ တခြား စားပွဲတွေက ရုတ်တရက် မကြားနိုင်၊ မသိနိုင်ကြပါဘူး။

'ကဲ… အဲဒီတော့ တခြား လက်ဝတ်လက်စားတွေ ဘယ်မှာထားသလဲ ဂျူန်း'

ကျွန်တော်က ညင်ညင်သာသာနဲ့ အပိုင်မေးလိုက်ပါတယ်။ သူက ကျွန်တော့်မျက်နှာကို မျက်မှောင်တစ်ချက်ကြုတ်ပြီး ပြန်မော့ကြည့်လိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ 'ဒီပစ္စည်းတွေ ကျွန်မ ယူသွားတယ်ဆိုတာ ရှင် ဘယ်လိုလုပ်ပြီး သိတာလဲ' ဆိုတဲ့ သဘောပါပဲ။ ကျွန်တော်ကလည်း ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပါတယ်။ 'ဒါက အရေးမကြီးပါဘူး'ပေါ့လေ။

'တကယ်တော့ ဒီလက်ဝတ်လက်စားတွေ အခုလို ထုတ်ဝတ်လာအောင် ကျွန်မကို ရှင်ပဲ သွေးဆောင်ခဲ့တာပါ'

ဂျူန်းက ကျွန်တော့်ကို 'သစ္စာဖောက်တစ်ယောက်'လို အကြည့်မျိုးနဲ့ကြည့် လိုက်ပါတယ်။

'တကယ်ပါ ကျွန်မဟာ ဒီပစ္စည်းတွေကို ကျွန်မလက်ထဲရောက်ကတည်းက တစ်ခါမှ ထုတ်မကြည့်ခဲ့ပါဘူး။ ရှင့်ကြောင့် အခုလို ဝတ်လာမိတာပါ'





သူက အဲသလိုပြောလိုက်တော့ ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကို 'တယ်တော်တဲ့ ငါပါလား'လို့ သွေးနားထင်ရောက်စရာ ဖြစ်သွားပါသေးတယ်။ ဒါပေမဲ့ တစ်ဖက်သားမှာ လဲသေချင်လောက်အောင် စိတ်ညစ်နေတာမို့ ဒီစိတ်မျိုးမထားသင့်ဘူးဆိုပြီး မနည်းသတိနဲ့ ထိန်းလိုက်ရပါတယ်။ ဟုတ်ပါတယ်၊ ကျွန်တော်တို့ အလွှတ်စုံထောက်တွေထဲမှာ အမှုတစ်ခုကို ပေါ်အောင် စုံစမ်းနိုင်ပြီဆိုရင် များသောအားဖြင့် ခြေဖျားထောက်ပြီး ဘဝင်မြင့်သွားတတ်ကြပါတယ်။ ဒါပေမဲ့ ဒီလူစုထဲမှာ ကျွန်တော် မပါပါဘူး။

ကျွန်တော်က ဂျူန်းကို သူယူသွားတဲ့ လက်ဝတ်လက်စားတွေ အားလုံးပြန်အပ်ဖို့ ပြောလိုက်ပါတယ်။ သူကလည်း ဒီပစ္စည်းတွေ ပြန်ပေးလိုက်ရလို့ ဝမ်းမနည်းတဲ့အပြင် ဝမ်းတောင် သာမိပါသေးတယ်လို့ ပြန်ပြောပါတယ်။

'ကျွန်မ တကယ်ပြောတာပါ။ ဒီပစ္စည်းတွေ ယူခဲ့မိတဲ့အတွက် ကျွန်မမှာ ဘယ်လောက် စိတ်ဆင်းရဲခဲ့ရတယ်ဆိုတာ ရှင်သိမှာ မဟုတ်ပါဘူး'

ကျွန်တော်က ဘာမှပြန်မပြောဘဲ နေလိုက်ပါတယ်။ ကျွန်တော်တွေ့ရ ကြုံရသလောက် ပစ္စည်းတစ်ခု ခိုးသွားတဲ့လူတိုင်း ဒီလိုပဲ ပြောတတ်ကြပါတယ်။ ဒါပေမဲ့ ဒီစကားမျိုးကို ပြောတာဟာ ပြန်မိတဲ့အချိန်ကျမှ ပြောကြတာပါ။

'ကျွန်မ ဒီပစ္စည်းတွေ အားလုံး ပြန်အပ်ပါ့မယ်။ ဒါပေမဲ့…'

ဂျူန်းက တစ်ခုခု မဝံ့မရဲဖြစ်နေတဲ့ မျက်နှာအမူအရာနဲ့ ပြောလိုက်ပါတယ်။

'ဒါပေမဲ့ ဒီကိစ္စကို ကျွန်မမိဘတွေနဲ့ ကျွန်မအဘွား မသိအောင် တတ်နိုင်သလောက် ဖုံးဖိထားစေချင်ပါတယ်။ သူတို့…သူတို့သာ သိသွားရင် ကျွန်မဘဝဟာ ခွေးလုံးလုံးဖြစ်ဖို့ပဲ ရှိပါတော့တယ်ရှင့်၊ အဲဒီတော့ တဆိတ်ကျေးဇူးပြုပြီး'

'ဒါကတော့ ကျွန်တော် ဝမ်းနည်းပါတယ် မစ္စဂျူန်း၊ ကျွန်တော့်အနေ

www.burmeseclassic.com



နဲ့ဒီကိစ္စမှာ ဘယ်သူ့လက်ချက်လဲဆိုတာ အတိအလင်း ဖွင့်ပြောရပါလိမ့်မယ်။ ကျွန်တော့်မှာ ဝတ္တရားရှိနေပါတယ်’

‘မလုပ်ပါနဲ့ရှင်၊ ဒါတော့ မလုပ်ပါနဲ့ ကျွန်မ တောင်းပန်ပါရစေ’

ဂျူန်းဟာ ထိတ်ထိတ်ပျာပျာ ဖြစ်နေရှာပါတယ်။

ကျွန်တော်ကလည်း သူပြောသလို မဖြစ်နိုင်ကြောင်း အထပ်ထပ်အခါခါ ပြောရင်းနဲ့ စားပွဲထိုးလုလင်ကိုခေါ်ပြီး ကျသင့်ငွေကို ရှင်းပေးလိုက်ပါတယ်။ ပြီးမှ မစ္စဂျူန်းကို ပြန်ဖို့ အချိန်တော်ပြီလို့ ပြောပြီး စားသောက်ဆိုင်ထဲက တွဲခေါ်လာခဲ့ပါတယ်။ ကားပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် ဂျူန်းဟာ မအောင့်နိုင်တော့ဘဲ ချုံးပွဲချငိုတော့တာပါပဲ။ ကျွန်တော်က ကလော်ဒီကို မစ္စဂျူန်းတည်းတဲ့ တိုက်ခန်းကို မောင်းဖို့ အမိန့်ပေးလိုက်ပါတယ်။ ခဏကြာတော့ ဂျူန်းဟာ ကျွန်တော့် ဘက်ကို လှည့်ပြီး လေသံခပ်တိုးတိုးနဲ့ ပြောပါတယ်။

‘ဒီမယ် မစ္စတာအားမီး၊ ဖြစ်နိုင်ရင် ဒီကိစ္စကို ဘယ်သူ့မှ မပြောပါနဲ့လား ရှင်၊ ကျွန်မတစ်သက်လုံး ရှင်ခိုင်းသမျှ ဘာမဆိုလုပ်ပါမယ်။ ကျွန်မ်ခံရမယ်ဆိုရင်တောင် ခံပါ့မယ်။ ဒါမှမဟုတ်လို့ ငွေလိုချင်ရင်လည်း လိုသလောက် ကျွန်မ ပုံပေးပါမယ်။ ကျွန်မအမေ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ရှင်လည်း သိမှာပါ။ ဟုတ်လားဟင် ကျွန်မပြောတာ ဘယ့်နဲ့လဲ’

နောက်ဆုံးတော့ ကျွန်တော်က သူ့အပေါ်မှာ အတော်ကလေး ကရုဏာသက်သွားပြီး ကျွန်တော့်ကို ငွေပေးစရာ မလိုပါဘူး။ ဘာမှလည်း ပေးစရာမလိုပါဘူး။ ဒါပေမဲ့ ပစ္စည်းပိုင်ရှင်တွေဟာ ဆွေမျိုးအရင်း ခေါက်ခေါက်ကြီးတွေ ဖြစ်နေတဲ့အတွက် အမှုမလုပ်အောင် ရုံးမှာ တရားစွဲတာမျိုး မလုပ်အောင် ကျွန်တော် တာဝန်ယူပြီး ပြောပေးပါမယ်လို့ ကတိပေးလိုက်ပါတယ်။ ဂျူန်းဟာ ကျွန်တော့်စကားကို လက်ခံလို့ပဲလား၊ စဉ်းစားရခက်နေလို့ပဲလား မသိဘူး။ လုံးဝစကားမပြောတော့ဘဲ ကားပေါ်မှာ ငြိမ်ပြီး လိုက်လာခဲ့ပါတယ်။





ဂျူန်းတည်းတဲ့ တိုက်ခန်းရောက်တော့ ကျွန်တော်က ‘ဒရိုင်ဘာ’ ယောင်ဆောင်လာတဲ့ စုံထောက် ကလော်ဒီကို ကျွန်တော်နဲ့အတူ တိုက်ပေါ်ကို ခေါ်လာခဲ့ပါတယ်။ အပေါ်ထပ်က ဂျူန်းနေတဲ့ အခန်းကိုရောက်တော့ ကျွန်တော်ဟာ ဂျူန်းနဲ့အတူ ဂျူန်းအိပ်တဲ့ အခန်းထဲကို ဝင်လိုက်သွားပါတယ်။ အဲဒါကို ကြည့်ပြီး ဂျူန်းရဲ့ အိမ်ဖော်မကလေးဟာ မျက်လုံးအဝိုင်းသားနဲ့ တအံ့တသြ ဖြစ်နေရှာပါတယ်။ ဂျူန်းအိပ်တဲ့ အခန်းထဲက မှန်တင်ခုံပေါ်မှာ ကတ္တီပါစ ဖုံးထားတဲ့ သေတ္တာလုလှကလေးတစ်ခု ရှိပါတယ်။ ဂျူန်းက အဲဒီကတ္တီပါသေတ္တာကလေးကို လှမ်းပေးလိုက်တဲ့အတွက် ကျွန်တော်လည်း ဆွဲယူပြီး ဖွင့်ကြည့်လိုက်ပါတယ်။

သေတ္တာကလေးထဲမှာတော့ လက်ဝတ်လက်စားတွေဟာ သူ့နေရာနဲ့သူ သူ့အကန့်နဲ့သူ စနစ်တကျ လှလှပပ ထည့်ထားတာ တွေ့ရပါတယ်။ အားလုံး စိန်တွေချည်းပါပဲ။ စိန်လက်စွပ်၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်ဆွဲကြိုး စတဲ့ စိန်တစ်ဆင်စာပွဲ ဆိုပါတော့။ ကျွန်တော်က ပိုပြီးသေချာအောင် ဂျိမ်းစ်ကာ ဆဲလ်တန်ပေးလိုက်တဲ့ စာရင်းကိုထုတ်ပြီး ပစ္စည်းတွေ တစ်ခုချင်း စစ်ကြည့်ပါတယ်။ အားလုံး အပြည့်အစုံပါပဲ။ တစ်ခုမှ မလျော့ပါဘူး။ ပိုလည်း မပိုပါဘူး။

‘ကဲ...ရှင်လိုချင်တဲ့ ပစ္စည်းတွေ ရပြီ မဟုတ်လား၊ အဲဒီတော့ ကျွန်မကို ဟိုဟိုသည်သည် ခေါ်ဖို့ မလိုတော့ပါဘူး၊ ဟုတ်လား မစ္စတာ အားမီး’

‘ဒီလိုမဟုတ်သေးဘူးလေ ဂျူန်း၊ ဒီတိုင်းဆိုရင် ကျွန်တော့်အနေနဲ့ တာဝန်မဲ့ရာကျမှာပေါ့။ ပြီးတော့ ကျွန်တော်ဟာ စုံထောက်အတုဖြစ်နေပြီး ဒီပစ္စည်းတွေကို ပုံမှားရိုက်သွားတာမျိုးဆိုရင် ဂျူန်း ဘယ်လိုလုပ်မလဲ၊ အဲဒီတော့ ဂျူန်းကို သက်ဆိုင်ရာ ကာယကံရှင်တွေနဲ့တွေ့ပြီး ဒီကိစ္စကို ပြေပြေလည်လည်ဖြစ်အောင် လုပ်ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိနေပါသေးတယ်။ အဲဒီတော့ တကယ်လို့သာ ဂျူန်းဟာ ကျွန်တော်ခေါ်ရာကို မလိုက်ဘူးဆိုရင်တော့ မလိုအပ်ဘဲနဲ့ ကျွန်တော် ဂျူန်းကို လက်ထိပ်ခတ် ခေါ်သွားရပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒီလိုခေါ်ဖို့အတွက် ကျွန်တော့်မှာ သက်ဆိုင်ရာ ဂျုန်းရဲ့မိသားစု ဆွေမျိုးတွေဆီက ပါဝါလွှဲစာ ပါပြီးသားပါ’

ကျွန်တော်က သူနားလည်သဘောပေါက်ပါစေဆိုတဲ့ ဆန္ဒနဲ့ အကျယ်တဝင့် ရှင်းပြပြီး တစ်ဆက်တည်း ကျွန်တော့်အိတ်ထဲမှာ အသင့်ပါလာတဲ့ ပါဝါလွှဲစာကိုပါ ထုတ်ပြလိုက်ပါတယ်။ ဒါတောင် ဂျုန်းက ပြောလိုက်ပါသေးတယ်။

‘အခု ရှင်လုပ်လိုက်တဲ့အတွက် ကျွန်မမှာ ဘယ်လောက် စိတ်မချမ်းမသာ ဖြစ်ရတယ်ဆိုတာ ရှင် သိမှာမဟုတ်ဘူး’

‘ဒီလိုဆိုရင် ခင်ဗျားလုပ်ခဲ့တဲ့ လုပ်ရပ်ကြောင့် ခင်ဗျာ့အဘွား ဘယ်လောက် စိတ်ထိခိုက်ခဲ့ရတယ်ဆိုတာလည်း ခင်ဗျားသိမှာ မဟုတ်ပါဘူး’

နောက်ဆုံးတော့ ဂျုန်းဟာ ကျွန်တော့်ကို ဘယ်လိုမှ တောင်းပန်လို့မရတော့ဘူးဆိုတာ သိသွားပြီး မျက်ရည်စက်လက်ကျရင်း ကျွန်တော်နဲ့အတူလိုက်ဖို့အတွက် သူ့အဝတ်အစားတွေကို လက်ဆွဲအိတ်တစ်လုံးထဲ ဆောင့်ကြီးအောင့်ကြီးနဲ့ ပစ်ထည့်နေပါတယ်။ ဒီလိုနဲ့ တစ်နာရီလောက်ကြာတော့ ကျွန်တော်တို့ဟာ အဲဒီတိုက်ခန်းက ထွက်လာခဲ့ကြပါတယ်။ တစ်ခု အံ့ဩစရာကောင်းတာကတော့ ဒီအချိန်မှာ ဂျုန်းဟာ စောစောကလို ခေါင်းငုံ့ပြီး တရှုပ်ရှုပ် ငိုမနေတော့ဘဲ သူ့မျက်နှာဟာ ခပ်တည်တည် ခပ်တင်းတင်းဖြစ်လာပါတယ်။ သူ့အမူအရာကလည်း နိုင်ငံတော်သစ္စာဖောက်မှုနဲ့ သေဒဏ်အမိန့်ကျပေမယ့် ခေါင်းဖြတ်စက်ရှိရာကို ရင်ကော့ခေါင်းမော့ပြီး သွားခဲ့တဲ့ ပြင်သစ်ဘုရင်မကြီး မာရီအင်တိုနက်လို “လုပ်ရဲရင် ခံရဲရမယ်”ဆိုတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

ကျွန်တော် စောစောကတည်းက ကြိုတင် စုံစမ်းစီစဉ်ထားတဲ့အတိုင်း ပါရီမြို့တော် အော်လီလေဆိပ်မှာ အဲဒီညက လစ္စဘွန်းမြို့ကို ပျံသန်းမယ့် လေယာဉ်တစ်စင်း ည ၁၂ နာရီတိတိမှာ ထွက်ဖို့ ရှိနေပါတယ်။ ကျွန်တော်ဟာ ဂျုန်းကို အဲဒီလေယာဉ်နဲ့ပဲ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ကို ခေါ်လာခဲ့ပြီး အဲဒီကမှတစ်ဆင့် ပဲန်အမ်လေကြောင်းခရီးနဲ့ နောက်တစ်နေ့မနက်စောစော





အမေရိကန်ပြည်ထောင်စုကို တောက်လျှောက် ခရီးဆက်ခဲ့ပါတယ်။ အဲ၊ နောက်တစ်နေ့ မွန်းလွဲသာသာ ညနေပိုင်းအချိန်လောက်ကျတော့ ကျွန်တော်တို့စီးလာတဲ့ ဂျက်လေယာဉ်ကြီးဟာ ဝါရှင်တန်လေဆိပ်ကို ချောချောမောမော ရောက်လာခဲ့ပါတယ်။ ကျွန်တော် ကြိုတင် အကြောင်းကြားထားချက်အရ ကျွန်တော့်အဖွဲ့ဝင် အလွတ်စုံထောက် စတီဖ်ဒင်းဟာ လေဆိပ်မှာ ကျွန်တော်တို့ကို အဆင်သင့် လာကြိုနေပါတယ်။

လေယာဉ်ပေါ်မှာ တစ်လမ်းလုံး စကားမပြောဘဲ ငြိမ်ပြီး လိုက်ပါခဲ့တဲ့ ဂျုန်းကို စတီဖ်ဒင်းလက်ထဲအပ်လိုက်ပြီး လေဆိပ်က သီးသန့်အခန်းတစ်ခုထဲမှာ စောင့်နေဖို့ သူတို့နှစ်ယောက်ကို ပြောလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်ကိုယ်တိုင် အဲဒီအခန်းနဲ့ကပ်နေတဲ့ သီးသန့်အခန်းထဲကနေ ဂျိမ်းစ်ကာဆဲလ်တန်ကို ကျွန်တော်နဲ့ အမြန်ဆုံးလာတွေ့ဖို့ ဖုန်းဆက်လိုက်ပါတယ်။ နောက် မိနစ် ၂၀ လောက်ကြာတော့ ဂျိမ်းစ်ရောက်လာပြီး ကျွန်တော့်အခန်းတံခါးကို လာခေါက်ပါတယ်။ ကျွန်တော်လည်း တံခါးထဖွင့်ပေးပြီး အခန်းထဲကို ဂျိမ်းစ်ရောက်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်လက်ဆွဲအိတ်ထဲက သေတ္တာကလေးကို ထုတ်ပြီး စားပွဲပေါ်မှာ ဖွင့်ပြလိုက်ပါတယ်။ ဂျိမ်းစ်ကာဆဲလ်တန်ဟာ ရုတ်တရက် စကားတစ်လုံးမှ မပြောနိုင်ဘဲ ပါးစပ်ကြီးအဟောင်းသားနဲ့ စိတ်ညှို့ခံထားရတဲ့ လူတစ်ယောက်လို စားပွဲပေါ်က စိန်တွေကို ကြည့်ရင်း ကြက်သေသေနေပါတော့တယ်။

‘ခင်ဗျား...ဒါတွေကို ပြန်ရလာခဲ့ပြီ ဟုတ်လား...ဟင်...အကုန်လုံး ရလာခဲ့ပြီပေါ့’

‘ဟုတ်ကဲ့...ရခဲ့ပါပြီ။ ဒါပေမဲ့ ဒီပစ္စည်းတွေ ဟုတ်မဟုတ် မှန်မမှန်နဲ့ ပစ္စည်းအားလုံး စုံတယ်မစုံဘူးဆိုတာသိဖို့ ခင်ဗျာ့ကို ခေါ်ပြတာပါ’

ကျွန်တော် ဣန္ဒြေရရ ပြန်ပြောလိုက်ပါတယ်။

‘ဟုတ်ကဲ့...ဟုတ်ကဲ့ပါ’

ဂျိမ်းစ်ဟာ စိန်ရတနာတွေကို တစ်ခုချင်း ယူကြည့်လိုက်၊ ပြန်ထားလိုက်နဲ့ လုပ်နေရင်းက–



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့…ဟုတ်ကဲ့ခင်ဗျာ၊ ဒါတွေပါပဲ၊ ဟုတ်ပါတယ်။ ဒီပစ္စည်းတွေ ပါပဲ။ အို…ကျွန်တော်ဖြင့် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ခင်ဗျားကိုလည်း တောင်းပန်စရာရှိပါသေးတယ်'

'ဘာပြောတယ်'

'ဩော်…ကျွန်တော့်အနေနဲ့ မစ္စတာအားမီးကို လိုက်လိုက်လဲ့လဲ့ တောင်းပန်စရာတစ်ခု ရှိနေလို့ပါ'

'ဘာတောင်းပန်မှာလဲ၊ ဘာအတွက် တောင်းပန်ရမှာလဲ'

ဒီမှာတင် ဂျိမ်းစ်ကာဆဲလ်တန်ပြောပြလို့ သိရတာက အခု ဒီအမှုနဲ့ ပတ်သက်လို့ ကျွန်တော့်ကို သူတို့ဌားတာဟာ အဘွားကြီး မစ္စက်ကာဆဲလ်တန်အနေနဲ့ စိတ်ကျေနပ်ပါစေတော့ဆိုပြီး ဌားရုံ ဌားလိုက်တာပါ။ တကယ်တော့ ဒီပစ္စည်းတွေကို ပြန်ရလိမ့်မယ်လို့ သူတို့ လုံးဝမမျှော်လင့်တော့ပါဘူး။ ကျွန်တော့်လို လက်နှစ်ဖက်ပြတ် အလွတ်စုံထောက်တစ်ယောက်အနေနဲ့လည်း ဒီလက်ဝတ်လက်စားတွေကို ဘယ်လိုနည်းနဲ့မှ ပြန်တွေ့အောင် ရှာပေးနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ ခုလောက်ကြာမှတော့ ဒီစိန်တွေဟာ လက်ပြောင်းလက်လွှဲများပြီး တခြားလက်ဝတ်တန်ဆာတွေအဖြစ်နဲ့ ဖြတ်တောက်ပြုပြင်လုပ်ကိုင်ထားလို့ ဘယ်နည်းနဲ့မှ ခြေရာခံလို့ မရနိုင်တော့ဘူးဆိုပြီး တထစ်ချ ယူဆထားကြပါတယ်။ အခုလို လုံးဝမထင်ဘဲ လုံးဝမမျှော်လင့်ဘဲ ဒီပစ္စည်းတွေအားလုံး တစ်ခုမကျန် အမြန်ဆုံး ပြန်ရလာခဲ့တာ တွေ့လိုက်ရတော့ အံ့ဩဝမ်းသာပြီး ကျွန်တော့်အပေါ်မှာ အထင်သေးခဲ့မိတဲ့အတွက် အနူးအညွတ် တောင်းပန်ပါတယ်လို့ ဂျိမ်းစ်က ပြောပြပါတယ်။ ပြီးမှ သူက–

'ခင်ဗျား ဒီပစ္စည်းတွေ ခိုးသွားတဲ့လူကော တွေ့ခဲ့ရဲ့လား'လို့ ဆက်မေးလိုက်ပါတယ်။

ကျွန်တော်က ဒီစိန်တွေကို ခိုးသွားတဲ့လူကိုပါ တွေ့ခဲ့တဲ့အကြောင်း၊ အဲဒီသူခိုးဟာ ခင်ဗျားတို့ မိသားစုထဲကပါပဲလို့ ပြန်ပြောလိုက်ပါတယ်။

'အို…မဖြစ်နိုင်တာဗျာ၊ ဒါတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး'-





'ကျွန်တော်လည်း မဟုတ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့လို့ ဆုတောင်းတာပါပဲ၊ ဒါပေမဲ့ ဒီအတိုင်းပဲ ဖြစ်နေပါတယ် မစ္စတာဂျိမ်းစ်'

ကျွန်တော်ဟာ ပြောပြောဆိုဆိုနဲ့ မစ္စတာဂျိမ်းစ်ကို တစ်ဘက်သီးသန့်ခန်းထဲ ခေါ်သွားပြီး တရှုပ်ရှုပ်ငိုနေတဲ့ မစ္စဂျူန်းကို ပြလိုက်ပါတယ်။ အဲဒီကျမှ ဂျိမ်းစ်ဟာ အကြီးအကျယ် အံ့အားသင့်သွားပါတယ်။ ကျွန်တော်ဟာ အဲဒီအခန်းထဲမှာ ဂျူန်းနဲ့အတူရှိနေတဲ့ အလွတ်စုံထောက် စတီဖင်ဒင်းကို မျက်ရိပ်မျက်ခြည်နဲ့ အပြင်ကို ခေါ်ထုတ်လာခဲ့ပြီး ဂျူန်းနဲ့ ဂျိမ်းစ်ကာဆဲလ်တန်တို့ တူဝရီးနှစ်ယောက် ပြောချင်တာ ပြောနိုင်အောင် အခန်းထဲမှာ လွှတ်လွှတ်လပ်လပ် ထားပစ်ခဲ့ပါတယ်။

ကျွန်တော်ဟာ အခန်းအပြင်ဘက်က စောင့်နေရင်း သူတို့နှစ်ယောက် အခန်းထဲမှာ ဘာတွေပြောကြမယ်၊ ဘယ်လိုဖြစ်ကြမယ်ဆိုတာ အလိုလိုသိနေပါတယ်။ ထုံးစံအတိုင်း ဂျိမ်းစ်က ကရုဏာဒေါသောနဲ့မေးတဲ့ မေးခွန်းတွေကို ဂျူန်းက မျက်ရည်စက်လက်နဲ့ ဖြေမယ်။ မေးခွန်းတွေ တစ်ခုပြီးတ[illegible]ခု မေးလာတာနဲ့ အမျှ ဂျူန်းဟာ ရှိုက်ကြီးတငင် ငိုကြီးချက်မ ဖြစ်လာမယ်။ နောက်ဆုံး ဂျိမ်းစ်အနေနဲ့ ယူကျုံးမရ ဒေါသဖြစ်သလို ဂျူန်းအနေနဲ့လည်း အရှက်ကြီး ရှက်ပြီး နောင်တရလို့ မဆုံးအောင် ဖြစ်မယ်။ သူတို့အဖြစ်က ဒါပါပဲ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီကိစ္စမှာ ဘာမှဝင်စွက်ဖက်လို့ မဖြစ်ပါဘူး။ စွက်ဖက်စရာလည်း မလိုဘူးလို့ ထင်ပါတယ်။ တစ်ခါတစ်ခါတော့ လူတွေဟာ ဒီလိုပါပဲ။ တစ်ခါတစ်ခါ တစ်ယောက်အကြောင်းကို တစ်ယောက်က တကယ့်အဖြစ်မှန် သိသွားကြတဲ့အခါ အင်မတန် အံ့ဩစရာ၊ ရင်နာစရာအဖြစ်မျိုးတွေနဲ့ ကြုံရတတ်ပါတယ်။

အဲဒီနောက် ကျွန်တော်ဟာ မစ္စဂျူန်းကို ကတိပေးခဲ့တဲ့အတိုင်း ဒီအမှုနဲ့ ပတ်သက်လို့ တရားစွဲလား၊ တိုင်ချက်ဖွင့်လား မလုပ်ဖို့ ဂျိမ်းစ်ကို အနူးအညွတ် မေတ္တာရပ်ခံခဲ့ပါတယ်။ ဒါတင်မကပါဘူး၊ ဖြစ်နိုင်ရင် ဒီကိစ္စကို ဂျူန်းရဲ့မိဘတွေ မသိအောင် ဖုံးလို့ ဖိလို့ရရင် ဖုံးဖိထားပေးဖို့ပါ၊ ကျွန်တော်က အရဲစွန့်ပြီး ဂျိမ်းစ်ကို မေတ္တာရပ်ခံကြည့်ပါတယ်။ အထူးသဖြင့် ဒီရုတ်နာ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေအားလုံး တစ်ခုမကျန် အပျောက်အရှ အပျက်အစီးမရှိဘဲ ပြန်ရခဲ့တဲ့အတွက် တစ်ကြိမ်တစ်ခါ မလိမ္မာသေးလို့ မိုက်မိတဲ့အတွက် ဂျုန်းကို ခွင့်လွှတ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဂျိမ်းစ်ဟာ ကျွန်တော့်စကားကို နာ ထောင်ပြီး ဘာတစ်ခွန်းမှ ပြန်မပြောရှာဘဲ ခေါင်းကိုသာ တွင်တွင်ညိတ်နေပါတယ်။

နောက်ဆုံးတော့ သူတို့မိသားစုဟာ ဂျုန်းကို လုံးဝ အမှုမလုပ်ကြပါဘူး။ ဒါကိုတော့ ကျွန်တော် အခိုင်အမာ အတိအကျ သိခဲ့ရပါတယ်။ ဒါပေမဲ့ ဒီအမှုကို သူတို့မိသားစုအတွင်း ဘယ်လိုဖြေရှင်းခဲ့ကြတယ်၊ ဘယ်လို အဆုံးသတ်ခဲ့ကြတယ် ဆိုတာတော့ ကျွန်တော် မသိခဲ့ပါဘူး၊ သိအောင်လည်း မကြိုးစားတော့ပါဘူး။ သိလည်း မသိချင်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဂျုန်းအပေါ်မှာ အမှုမလုပ်ဘဲနေခဲ့တဲ့အတွက် သူ့မိသားစုက သူ့ကို ခွင့်လွှတ်လိုက်ကြပြီလို့ပဲ ကျွန်တော် နားလည်ယူဆခဲ့ပါတယ်။ ဒီလိုခွင့်လွှတ်ခဲ့ကြတဲ့အတွက် ဂျုန်း တစ်ယောက် အရှက်တကွဲ အကျိုးနည်းဖြစ်ရမယ့်ဘဝက လွတ်မြောက်သွားခဲ့ပြီလို့ ယုံကြည်ခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော့် ယုံကြည်ချက်နဲ့ ယူဆချက်ဟာ တကယ်တကယ်စင် လွဲခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ နောက် ၇ လလောက်အကြာမှာ မစ္စဂျုန်းဟာ အိပ်ဆေးတွေ အလွန်အကျွံသောက်ပြီး ကိုယ့်ဘဝကိုယ် အဆုံးစီရင်သွားတယ် ဆိုတဲ့သတင်းကို ကြားလိုက်ရလို့ပါပဲ ခင်ဗျာ...။

■

**လင်းယုန်မောင်မောင်**

၁၉၈၃၊ ဇွန်လ ၁၂ ရက်။

၁၃၄၅၊ နယုန်လဆန်း ၂ ရက်

(ခေတ္တ) ရွှေညောင်

BURMESE CLASSIC .com

www.burmeseclassic.com